အထက်မြန်မာပြည်၊ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊

ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မဟာနာယက

ဆဋ္ဌသင်္ဂါယနာပဋိဝိသောဓက ပြဲသာနသောဓေယျက ပါဠိပဒ–ပိဋကကျမ်းညွှန်းနှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုဥက္ကဋ္ဌ၊

နိုင်ငံတော်ဩဝါဒါစရိယ ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊

ပရိယတ္တိ သာသနဟိတ (သကျသီဟ) ဓမ္မာစရိယ သီးခြားစာချ

# နယားဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် သက်တော်ရှည် ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်မြတ်၏

# တစ်ဘဝသာသနာ မြတ်ကျမ်းစာ



၁၂၇၃–ခုနှစ်၊ ကဆုန်လဆန်း(၇)ရက်၊ (4.5.1911)ကြာသပတေးနေ့၊ ညနေ(၄)ချက်တီးကျော်၊
စက်(၇)နာရီ၊ (၄၀)မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။

၇–ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၂)ရက်၊ (5.5.2005) ကြာသပတေးနေ့၊ နံနက်(၁)နာရီ(၃၅)မိနစ်အချိန်
သက်တော်(၉၄)နှစ်၊ သိက္ခာဝါတော်(၇၄)ဝါ အရတွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသည်။

ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)

တာဝန်ခံစုဆောင်းစီစဉ်ပူဇော်မှတ်တမ်းတင်သည်။

အမရပူရကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ
မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း ပါရှိသည်။

သာသနာ – ၂၅၅၂ ခုနှစ်   ကောဇာ – ၁၃၇၀ ခုနှစ်   ခရစ် –၂၀၀၉ ခုနှစ်

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူဟူသမျှတွင် ဓမ္မဒါနအလှူသည် အမြတ်ဆုံး, အသာဆုံး ဖြစ်၏။

သို့

---------------------------

---------------------------

---------------------------


သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၄၇၉၈
ရက်စွဲ ၂ . ၁၂ . ၀၈
သုတေသနစာကြည့်တိုက်


ဓမ္မဒါန (နိဗ္ဗုတ) မေတ္တာလက်ဆောင်မွန် ပေးပို့ပါသည်။

ဓမ္မဒါနံ၊ စေတနာသန့်၍၊ လှူရန်ပုည၊ ကုသလကြောင့်၊ ဘဝသံသာ၊ ကျင်လည်ရာဝယ်၊ အပါယ်ကင်းလွတ်၊ ဆင်းရဲဝဋ်မှ၊ ထွက်မြောက် ရ၍၊ ဗုဒ္ဓမြတ်စွာ၊ ပစ္စေကာတို့၊ ပျော်ရာအမှန်၊ ပြည်နိဗ္ဗာန်သို့၊ အမြန် ရောက်ကြောင်း၊ ဆုပန်တောင်းသည်၊ အပေါင်းနတ်, လူ သာဓု ခေါ်စေသော်။

မေတ္တာလက်ဆောင်ရှင်

---------------------------

---------------------------

ရက်စွဲ ---------------------------

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်ကြီးများ၏ ကြိုတင်ခွင့်ပြုချက်အရ – ဓမ္မမိတ်ဆွေ, သူတော်စင် ဒါယကာ, ဒါယိကာမများ အတွက်သာ **ဓမ္မဒါန** ကန့်သတ်ရိုက်နှိပ်သည်။

သာသနာတော်နှစ် – ၂၅၅၂ ခုနှစ်၊
မြန်မာသက္ကရာဇ် – ၁၃၇၀ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်။
ခရစ်နှစ် – ၂၀၀၈ ခုနှစ်။

**မှတ်ချက်** ။ ။ နယားဆရာတော်ကြီး သက်တော် (၉၄)နှစ် ၊ သိက္ခာတော် (၇၄)ဝါ အရ ၊ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီး၊ လေးနှစ်အကြာတွင် **"ရာပြည့်အကြို အထိမ်းအမှတ်"** ထုတ်ဝေပါသည်။

- အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ( Ph. D, B.A ၊ ဒုတိယပါမောက္ခချုပ် သင်ကြား၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့၊ အောက်မြန်မာပြည်) က ပြင်ဆင် တည်းဖြတ်သည်။
- လှရတနာ ဆရာတော် (ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်)၊ ရန်ကုန်မြို့ နှင့် တကောင်းဆရာတော် (ပဒ္မောတာရာမ တကောင်းကျောင်းတိုက်) မန္တလေးမြို့ တို့က လိုအပ်ရာရာ ဖြည့်စွက်ပံ့ပိုး ကူညီသည်။
- ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စုစည်းတင်ပြ စိစဥ်ပူဇော် မှတ်တမ်းတင်ထုတ်ဝေသည်။

# ဩဝါဒကထာ
## ကျက်သရေရှိအောင်လုပ်ပါ

**အတ္တနာကုရုတေ လက္ခိံ ၊ အလက္ခိံ ကုရုတေတ္တနာ။**
**နဟိ လက္ခိံ အလက္ခိံစ ၊ အညော အညဿ ကာရကော။**

| | | |
|---|---|---|
| **အတ္တနာ** | = | မိမိသည်ပင်လျှင်။ |
| **လက္ခိံ** | = | ဘုန်းကံကျက်သရေကို။ |
| **ကုရုတေ** | = | ပြု၏ ။ |
| **အတ္တနာ** | = | မိမိသည်ပင်လျှင်။ |
| **အလက္ခိံ** | = | ဘုန်းကံမဲ့မွဲ ကျက်သရေမရှိအောင်။ |
| **ကုရုတေ** | = | ပြု၏ ။ |
| **ဟိသစ္စံ** | = | ထိုစကားမှန်၏ ။ |
| **အညော** | = | မိမိမှတစ်ပါး အခြားသောသူသည်။ |
| **အညဿ** | = | မိမိမှတစ်ပါး အခြားသောသူအတွက်။ |
| **လက္ခိံစ** | = | ဘုန်းကံကျက်သရေကိုလည်းကောင်း။ |
| **အလက္ခိံစ** | = | ဘုန်းကံမဲ့မွဲ ကျက်သရေမရှိအောင်လည်းကောင်း။ |
| **နကာရကော** | = | မပြုတတ်။ |

အဲဒီ --- ဘုရားဟော ဒေသနာအတိုင်းပဲ ဘုန်းကံကျက်သရေရှိအောင်, ဘုန်းကံမဲ့မွဲ ကျက်သရေမရှိအောင် တစ်စုံတစ်ယောက်သောသူက မပြုလုပ်ပါ။ မိမိကသာလျှင် ပြုလုပ်ပါတယ်။

ထို့ကြောင့်၊ ကိုယ့်ကိုယ်ကို ဘုန်းကံမဲ့မွဲ ကျက်သရေနည်းအောင် မပြုလုပ်ဘဲ၊ ဘုန်းကံကျက်သရေ တိုးတက်စေဖို့ သီလအစ စင်ကြယ်စေကာ၊ သမာဓိအလယ် ငြိမ်သက်တွယ်၍၊ ပညာအဆုံး ဘာဝနာကုထုံးဖြင့် ကိလေသာအနာရောဂါ ကင်းစင်ကွာအောင် နေရောညည့်ပါ အားထုတ်ကြလျက်၊ အရဟတ္တဖိုလ်တည်းဟူသော ဘုန်းကံကျက်သရေကို ရယူတော်မူနိုင်ကြပါစေကုန်သတည်း။

**မှတ်ချက်** ။ ။ မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတအသင်း၊ နှစ်တစ်ရာပြည့် အမှတ်စောင် (မြန်မာသက္ကရာဇ် ၁၂၆၀-၁၃၆၀)ပြည့်နှစ်၊ စာမျက်နှာ-၅(က) မှ ကောက်နုတ် ဖော်ပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

( သာသနာပြု အဆင့်မြင့် )

ဗုဒ္ဓသာသနာတော် တိုးတက် ပြန့်ပွားရေးကို အထူး ဆောင်ရွက်တော်မူခြင်း ဝိသိဋ္ဌ ဗုဒ္ဓသာသနဝုမိကရဂုဏ်၊ ဗုဒ္ဓ သာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း ဝိသိဋ္ဌ ဗုဒ္ဓသာသနဟိတရဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူး စောင့်ရှောက်တော်မူခြင်း ဝိသိဋ္ဌ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း ဝိသိဋ္ဌ မဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌ သီလ သမာဓိ ပညာဂုဏ် တို့နှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ နယားကျောင်း

ဆရာတော် အရှင်သူမြတ် ဘဒ္ဒန္တ မေဓိယာဘိဝံသ အား

## အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်၊

ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
သာသနာတော်နှစ် ၂၅၄၂ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် (၂)ရက် (၄-၁-၉၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်

အဂ္ဂမဟာပဏ္ဍိတလဉ္ဆလဉ္ဆနဂုဏ်၊ ရဋ္ဌညူမဟာနာယကဂုဏ်၊ ဂန္ထန္တရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်၊ ဘုရားကြီးတိုက်၊ နယ်သားကျောင်း

## နိုင်ငံတော်သံဃမဟာနာယက

## ဆရာတော်ဘဒ္ဒန္တ ဖေမိယာဘိဝံသ

အရှင်မြတ်အား သာသနာတော်နှစ် - ၂၅၃၄၊ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅-ရက်၊ (၁၉၉၁-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်) သောကြာနေ့တွင် **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို** ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်

သာသနာတော်နှစ် ၂၅၃၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက် (၁၉၉၅-ခုနှစ်၊ မတ်လ ၁၂-ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပသော စတုတ္ထအကြိမ် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်အဖြစ် ရွေးချယ်တော်မူချက်အရ ........................ ပြည်နယ်/တိုင်း၊ ........................ မြို့၊ ........................ ရပ်ကွက်/ကျေးရွာ၊ ........................ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော်( )နှစ် သိက္ခာတော်( )ဝါရှိ ဆရာတော် ဘဒ္ဒန္တ........................ အား နိုင်ငံတော် ဩဝါဒါစရိယလက်မှတ်ကို ဆက်ကပ်ပါသည်။

ဘဒ္ဒန္တသောဘိတ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
အကျိုးတော်ဆောင်ဆရာတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်။
၁၉၉၅-ခုနှစ်၊ မတ်လ ၁၂-ရက်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် သံဃမဟာနာယက ဆရာတော်

သာသနာတော်နှစ် ၂၅၃၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၁-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက် (၁၉၉၀-ပြည့်နှစ်၊ မတ်လ ၇-ရက်) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော တတိယအကြိမ် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက နိုင်ငံတော် သံဃမဟာနာယက အဖြစ် ရွေးချယ်တော်မူချက်အရ မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်၊ နယားကျောင်း၊ ဘုရားကြီးတိုက်၌ သီတင်းသုံးတော်မူသော သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါရှိ ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အား နိုင်ငံတော်သံဃမဟာနာယက လက်မှတ်ကို ဆက်ကပ်ပါသည်။

(ဒုတိယ ဗိုလ်ချုပ်ကြီးဘုန်းမြင့်)
ဝန်ကြီး
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
ပြည်ထောင်စု မြန်မာနိုင်ငံတော်

၁၃၅၁-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက်။
၁၉၉၀-ပြည့်နှစ်၊ မတ်လ ၇-ရက်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော် သံဃမဟာနာယက ဆရာတော်

သာသနာတော်နှစ် ၂၅၂၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် ( ၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက် )ကြာသပတေးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဒုတိယအကြိမ် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက နိုင်ငံတော် သံဃမဟာနာယကအဖြစ် ရွေးချယ်တော်မူချက်အရ မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်၊ နယားကျောင်း၊ ဘုရားကြီးတိုက်၌ သီတင်းသုံးတော်မူသော သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅) ဝါရှိ ဆရာတော် ဘဒ္ဒန္တ ဓမဝီယာဘိဝံသ (သကျသီဟ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ) အား နိုင်ငံတော် သံဃမဟာနာယက လက်မှတ်ကို ဆက်ကပ်ပါသည်။

( ဦးမင်းဂေါင် )

ဝန်ကြီး

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်။

၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ပိဋကတ္တယဆောကဂုဏ်၊ ဂန္ထရစ္စဝဟာဂုဏ်၊ မဟာထေရဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မန္တလေးတိုင်း၊ မန္တလေး အရှေ့တောင်မြို့နယ်၊ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်၊ နာယက ဆရာတော် **ဘဒ္ဒန္တဖေမိယာဘိဝံသ** အရှင်မြတ်အား သာသနာတော်နှစ် - ၂၅၂၈၊ ကောဇာ သက္ကရာဇ် ၁၃၄၆-ခုနှစ်၊ ပြာသိုလဆန်း ( ၁၄ ) ရက်၊ (၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ ၄ -ရက်) သောကြာနေ့တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ဝိနည်းဓိုရ်ဆရာတော်

◆◆◆◆◆◆◆◆◆◆◆◆◆◆◆

သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၇-ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့ သိရီမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိနည်းဓိုရ်ဆရာတော်အဖြစ် ရွေးချယ်တော်မူချက်အရ ................ ပြည်နယ်/တိုင်း၊ ................ မြို့နယ်၊ ................ မြို့၊ ................ ၌ သီတင်းသုံးတော်မူသော သက်တော် ........ နှစ်၊ သိက္ခာတော် ........ ဝါရှိ ဆရာတော် ဘဒ္ဒန္တ ................ အား ဝိနည်းဓိုရ် ဆရာတော်လက်မှတ်ကို ဆက်ကပ်ပါသည်။

ဘဒ္ဒန္တကုမာရာဘိဝံသ<br>အဘိဓဇမဟာရဋ္ဌဂုရု<br>ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ<br>တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု<br>အကျိုးတော်ဆောင်ဆရာတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၁၃........ခုနှစ်၊ ................ ရက်နေ့။

၁၉........ခုနှစ်၊ ................ ရက်နေ့။

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်းကြီး

၁၂၆၀ - ၁၃၆၀

## နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်
## ဂုဏဝိသိဋ္ဌဘွဲ့ပုံတော်လက်မှတ်

အမှတ်စဉ် ( ၂ )

မန္တလေး တိုင်း / ပြည်နယ်၊ မန္တလေး မြို့၊

နယ်သား[illegible]ကြီး ကျောင်းတိုက်၊ သက်တော် – (၈၈) နှစ်၊

သိက္ခာတော် (၆၈) ဝါရှိ၊ **ဘဒ္ဒန္တ** ဓမ္မိယာဘိဝံသ

[illegible]

သည် ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချပေးတော်မူသဖြင့် ဤအသင်းကြီး၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဆရာတော်အရှင်သူမြတ်အား **ပရိယတ္တိသာသနဟိတရေ** ဂုဏဝိသိဋ္ဌ ဘွဲ့ပုံတော်လက်မှတ်ကို ဆက်ကပ်လှူဒါန်းပါသည်။

(အေးကို)
အတွင်းရေးမှူး

(ဟန်ထွန်း)
ဥက္ကဋ္ဌကြီး

၁၃၆၀ – ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၄) ရက်၊ ၁၉၉၉ – ခု၊ ဇန်နဝါရီလ (၃၀) ရက်။


မန္တလေးချမ်းသာကြီးဆန်လှူသင်းကြီး
သီရိမာလာအနောက်၊ ၂၆ – ဘုရင့်နောင်လမ်း
ပွဲကုန်း – မန္တလေးမြို့

သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ

[illegible]

ရှင်တော်မြတ်ဘုရားကြီး၏ သဗ္ဗညုသုံးဖြာ သာသနာသုံးရပ်
အရှန့်ရှည်ကြာတည်တံ့ပါစေခြင်းငှာရည်သန်၍
မန္တလေးချမ်းသာကြီး ဆန်လှူအသင်းကြီး၏

[illegible]

အတွက် လှူဒါန်းပါသဖြင့် –
"ဤမွန်မြတ်သောကုသိုလ်ကောင်းမှုကို ထာဝစဉ်
သတိရသွက် ကုသိုလ်တရားပွားများနိုင်ပါစေသော်"

ဥက္ကဋ္ဌ
မန္တလေးချမ်းသာကြီးဆန်လှူသင်းကြီး

ကော်ဇာ [illegible] ခုနှစ်၊ [illegible] လ၊ ( ၂ ) ရက်

၁၃၃၂-ခုနှစ် တောင်တည်ထောင်သည်။



မန္တလေးမြို့။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ ပုဂ္ဂိုလ်ဘွဲ့ပုံလက်မှတ်။

ဘွဲ့ပုံလက်မှတ်နံပါတ် (၁၁၁)

မန္တလေးမြို့ ... တိုက်၊ ... ကျောင်း၌သီတင်းသုံးနေတော်မူသော ... ဆရာ ... ၏ တပည့်ဖြစ်သော၊ သက်တော် (၂၆) နှစ်၊ ဝါတော် (၆) ဝါရှိ ... သည် ဤအသင်းက ကျင်းပသော ၁၂၈၇ ခုနှစ်၊ စာမေးပွဲကြီးတွင်၊ ... ပုဂ္ဂိုလ်အတန်းကိုအောင်မြင်၍ ... အသင်းဥပဒေရည်သန့်ချက် (ခ) အရ၊ ... ပုဂ္ဂိုလ်အဖြစ်ရတော်မူပြီးလျှင်၊ ယခု ၁၂၈၈ ခုနှစ် ကျင်းပသော စာမေးပွဲကြီးတွင် အသင်းဥပဒေရည်သန့်ချက် (က) အရ ... ပုဂ္ဂိုလ်အတန်းသတ်မှတ်ပြဌာန်းသည့် အဋ္ဌကထာကျမ်းကြီးများကို ပြည့်စုံစွာ ... အောင်မြင်ပြီးဖြစ်သောကြောင့်၊ ... ပရိယတ္တိသာသနဟိတဓမ္မာစရိယ ပုဂ္ဂိုလ်ဘွဲ့ပုံလက်မှတ်ကို ၁၂၈၈ ခုနှစ် ... ရက်နေ့၊ မန္တလေးမြို့၊ အသင်းသုံးဓမ္မာရုံကြီးတွင်၊ ... သဘင်ကျင်းပ၍ ... ဆက်ကပ်လှူဒါန်းပါသည်။

ဦး ... အသင်းဥက္ကဋ္ဌကြီး

မဟာထေရ်တော်ကြီးတို့၏ လက်မှတ်များ



ထိုးမြဲလက်မှတ် ဦး ...

ဘွဲ့တော် ဘဒ္ဒန္တမေဓိယာဘိဝံသ

တာဝန် ... အမှုဝင်

သာသနာဝင်

မှတ်တမ်းအမှတ် ၉/မရတ(သ)၀၀၀၁၂၆၆

စာအုပ်အမှတ် ... ၀၂၃၂၄၂ ...

သိတင်းသုံးရာဌာန နယားကျောင်း

ဘုရားကြီးတိုက်၊ မန္တလေး

အရှေ့တောင်မြို့နယ်

(ပျောက်ဆုံးပါက ဗဟိုသို့ အကြောင်းကြားရန်။)

ဥက္ကဋ္ဌ အကျိုးတော်ဆောင်

---

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဒုတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်

သက်တမ်းကုန်နေ့၊ ၁၃၅၂-ခုနှစ်၊ နယုန်လပြည့်နေ့။

ဘဒ္ဒန္တကုမာရ (ဘဒ္ဒန္တကုမာရာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်







ဘဒ္ဒန္တမေဓိယာဘိဝံသ

ဓါတ္ထုဗဒပိဋကကျမ်းညွှန်း

နှင့်

တိပိဋက ဓါတ္ထုမြန်မာ အဘိဓာန် ကျမ်းပြုအဖွဲ့

ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓဇ မဟာရဋ္ဌဂုရု

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်ဩဝါဒါစရိယ

နယားကျောင်း၊ ဘုရားကြီးတိုက်

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့









စဉ် ——— အကြောင်းအရာ ——— စာမျက်နှာ

**ချိုးမြင့်ရေးသား အမှာစကား**


* **အမှာစာ စကားပြေများ**

၁။ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ အတုလကာရီ
ဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ၏ သန္ဒေသကထာ --- ၁

(၁) နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ ပုံနှိပ်ထုတ်ဝေခွင့်
တောင်းခံလာခြင်း --- ၁

(၂) အချိုပေါ်သကာရောက် နှစ်သက်လွန်ဝမ်းမြောက် --- ၁

(၃) ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်တော်များ --- ၂

(၄) လိုအပ်ရာရာ ကူညီပါ --- ၂

(၅) ကတညုတ ကတဝေဒီ ကျေးဇူးတင်မဆုံးပြီ --- ၃

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာသဒ္ဓမ္မ
ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ မဟာထေရ်၏ သမ္မောဒနီယ ဩဝါဒကထာ --- ၄

၃။ နှစ်သက်ရွှင်လန်း ပီတိပန်း (ဇမ္ဗူအေးဆရာတော် ဘဒ္ဒန္တ နန္ဒိယ) --- ၈

၄။ ဆန္ဒရှိလျှင် အရာရာပြီးနိုင်သည် (စုစည်းစီစဉ်ပူဇော်သူ) --- ၁၀

(၁) မြင့်မြတ်သူတို့၏ ပါရမီကို ကျမ်းမြတ်တစ်ဆူ သမိုင်းထူ၏ --- ၁၀

(၂) နယားဆရာတော်ကြီး၏ တစ်ဘဝသာသနာပေါ်ထွက်လာရန် အခြေအနေပေးလာပြန် --- ၁၁

(၃) သာသနာဝင်မှတ်တမ်း လျင်မြန်စွာပေါ်ထွက်ရေး ဆရာတော်ကြီးများ ဝိုင်းဝန်းကူညီပေး --- ၁၂

(၄) ဩဝါဒကထာ ဆုံးမစာ၊ လိုက်နာကျင့်သုံး ကြစေရာ --- ၁၃

(၅) စုစည်းတင်ပြသူ၏ ခံယူချက် --- ၁၄

(၆) ဖြည့်စွက်ရေးရန် များစွာကျန် --- ၁၅

* **ဂါထာများနှင့် နိဿယများ**

၁။ မဟာထေရ ဂုဏဝိသိဋ္ဌပူဇာ ထုတိဝေဒလ္လဂါထာတော် (မင်္ဂလာဗိမာန် ဆရာတော်) --- ၁၆

၂။ အနုမောဒနာ ဥယျောဇန ဓမ္မကထာ (မင်္ဂလာဗိမာန် ဆရာတော်) --- ၂၂

၃။ (၁) ထေရဂုဏ်ရည် လျှောက်တင်ချီ (ဘဒ္ဒန္တ အဂ္ဂညု၊ ဒက္ခိဏာရာမိက ဂဏဝါစက) --- ၂၄

(၂) တင့်တယ်စေသွား ထေရ်နယား (ဘဒ္ဒန္တ အဂ္ဂညု၊ ဒက္ခိဏာရာမိက ဂဏဝါစက) --- ၂၅

၄။ အာသီသပတ္ထနာဂါထာ (မင်္ဂလာဗိမာန် ဆရာတော်) --- ၂၆

## နယားဆရာတော်ကြီး၏ ထေရုပ္ပတ္တိ

၁။ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် နာယကဆရာတော်)
(၁) နယားဆရာတော်ဘုရားကြီး၏ ဇာတာခွင်၊ ဒသာစဉ်ပုံ နှင့် ထူလဒသာစဉ်ပုံ --- ၂၇
(၂) ထူလနှင့် အန္တရဒသာတွဲပုံ --- ၂၈
(၃) ရှိသေလေးမြတ်ထိုက်သော နယားကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တမေဓိယာဘိဝံသ၏ ဟောစာတမ်း (မြန်မာသက္ကရာဇ် ၁၂၇၃–၁၃၆၇ ခုနှစ်) --- ၂၉
(၄) ဆရာတော်၏ သာသနာပြုဆောင်ရွက်ချက်များ အောင်မြင်မှု ရှိ/မရှိ --- ၃၂
(၅) ဆရာတော်၏ သက်တော်မည်မျှလောက်ရှည်မည်နည်း? --- ၃၂
(၆) ဆရာတော်၏ ကျန်းမာရေး ကောင်း/မကောင်း --- ၃၂
(၇) (က) ယောက်ျားဇာနည် ရခဲသည် --- ၃၃
(ခ) သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို --- ၃၄
၂။ အကျွန်ုပ်သိသော နယားဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အကျဉ်း) (ဂုဏဝတီဆရာတော် ဘဒ္ဒန္တကုသလာစာရာဘိဝံသ) --- ၃၄
(၁) ဇာတိချက်ကြွေမွေးရပ်မြေ (ဖွားမြင်တော်မူခြင်း – မန္ဒဒသကအရွယ်) --- ၃၄
(၂) သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ (ရှင်အဖြစ်သို့ရောက်ခြင်း – ခိဍ္ဍာဒသကအရွယ်) --- ၃၄
(၃) ကျောင်းသား၊ သာမဏေအဖြစ်နှင့် စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း --- ၃၄
(၄) အာစရိယမုဋ္ဌိ လက်ကိုင်ရရှိ --- ၃၅
(၅) ဥပသမ္ပဒပဗ္ဗဇ္ဇမင်္ဂလာ (ရဟန်းအဖြစ်သို့ရောက်ခြင်း – ဝဏ္ဏဒသကအရွယ်) --- ၃၅
(၆) စာမေးပွဲသဘင် အောင်ပွဲဆင် --- ၃၆
(၇) အလယ်အုတ်ကျောင်းမှ ပုခန်းကျောင်းသို့ --- ၃၆
(၈) အမျိုး, ဘာသာ, သာသနာ အကျိုးကိုဆောင်ရွက်တော်မူခြင်း ---- ၃၆
(က) ကျောင်းတိုက်အကြီးအကဲများက ကျောင်းအပ်နှံခြင်း --- ၃၆
(ခ) ပညာရဲရင့် ပွဲလယ်တင့် --- ၃၇
(ဂ) နယားကျောင်းဆရာတော် တဖြစ်လဲ သံဃဦးသျှောင်ဆရာတော်ကြီး --- ၃၇
(ဃ) သာသနာ့ ကမ္ဗည်းမော်ကွန်း ရေးထိုးရန်၊ ဆဋ္ဌသင်္ဂါယနာပွဲ ပါဝင်ဆင်နွှဲပြန် --- ၃၇
(င) သာသနာ့ဥယျာဉ်မှူးကြီး --- ၃၈
(စ) စာပေကျမ်းဂန် ရေးသားပြုစုတော်မူခြင်း --- ၃၈
(ဆ) သုတ်သင်တည်းဖြတ် ပုံနှိပ်ဖြန့်ချိခဲ့သည့် ကျမ်းများ --- ၃၉
(ဇ) ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ --- ၃၉
(ဈ) အရွယ်ဆယ်ပါး (ကဗျာ) --- ၄၀
(ည) မြင့်မြတ်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော် (ဝဏ္ဏဒသကအရွယ်မှ မောမူဒသကအရွယ်ထိ) --- ၄၀
(ဋ) အတိတ်သမိုင်းက မြင့်မြတ်ဘွဲ့တံဆိပ်တော် --- ၄၄
(ဌ) သာသနာ့အကျိုးမျှော် မြင့်မြတ်ဘွဲ့တံဆိပ်တော် ဂုဏ်ပြုပူဇော် --- ၄၄

(ဃ) မြင့်မြတ်ဂုဏ်စုံ ဘွဲ့တံဆိပ်ကုံလုံ --- ၄၅
(င) ကျောင်းပဒ္ဓေသာ ဂုဏ်ပြုပွဲတော် --- ၄၆
(ဏ) ကံထပ်မင်္ဂလာ ပြုခဲ့ကြသော ဒါယကာ၊ ဒါယိကာမများ --- ၄၇
(တ) ဗုဒ္ဓ၏ ဩဝါဒတော်နှင့်အညီ မြတ်ဆရာတော်အားပူဇော် --- ၄၇
(၉) အဖဘက်မှ ဆွေမျိုးစဉ်ဆက် --- ၄၉
(၁၀) အမိဘက်မှ ဆွေမျိုးစဉ်ဆက် --- ၅၀
(၁၁) (က) ကြည်ညိုဖွယ်ကောင်းသော ဆရာတော်နှင့် ပါရမီဖြည့်ဖက်
ဒကာတော် ဆိစက်ပိုင်ရှင် မိသားစု --- ၅၂
(ခ) မေ့မပျောက် – ကျေးဇူးတင်လွှာ --- ၅၂
၃။ (၁) နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝခန္ဓာ – သာသနာမှတ်တမ်း (အကျဉ်း)
(သာသနာတော်နှစ် ၂၄၅၄–၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၇၃–၁၃၆၇ ခုနှစ်၊
ခရစ်နှစ် ၁၉၁၁–၂၀၀၅ ခုနှစ်)ထိ (စုစည်းစီစဉ်ပူဇော်သူ) --- ၅၄
(၂) နရား – နဂါး – တရုတ်နဂါး – ကိုမိုဒိုနဂါး အဓိပ္ပာယ် (တည်တောဆရာတော်) --- ၅၆
၄။ (၁) ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူကြောင်း အကြောင်းကြားလွှာပါဘုရား --- ၅၇
(၂) မရဏတရား ဘာဝနာပွား (နန်းတော်ရှေ့ ဘဒ္ဒန္တပဝရ) --- ၅၈
(၃) သုတကုံလုံ ဉာဏ်စွယ်စုံ ရွှေဘုံနိဗ္ဗာန်ရောက်စေဖို့ (နန်းတော်ရှေ့ ဘဒ္ဒန္တပဝရ) --- ၅၈
* ပတ်ဝန်းကျင်မှ အမြင်များ
၁။ တရားမဟောနဲ့၊ တရားဟောလျှင် လူမုန်းများတယ် (သဇ္ဈနောဒယဆရာတော်) --- ၅၉
၂။ ဆရာနှင့် ဩဝါဒ (ဒုတ်ကန်တောရဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ) --- ၆၃
(၁) ဆရာ --- ၆၃
(က) ဆရာအမျိုးအစားများ --- ၆၆
(ခ) ဆရာ့ကျင့်ဝတ် --- ၆၇
(၂) ဩဝါဒ --- ၆၇
၃။ ကျောင်းအလှူရှင်ပေါ်ကာ ပို၍ထင်ရှားလာ နယားကျောင်းဆရာတော်ပါ(စီစဉ်သူ) --- ၇၀
၄။ ပေါက်မြိုင်ဆရာတော်၏ အတွေးအမြင် (ပေါက်မြိုင်ဆရာတော်ကြီး) --- ၇၁
၅။ ခေါင်းပါးစွာ ကျင့်မှုမှာ စံတင်စရာဆရာတော် (လှရတနာ ဆရာတော်) --- ၇၃
(၁) (က) မျက်မမြင် ဒါယိကာမကြီး သဒ္ဓါတရား --- ၇၃
(ခ) မျက်မမြင် အဖွားကြီးကပင် ကြည်ညိုရသည့် ဆရာတော် --- ၇၄
(၂) (က) နယားဆရာတော်နှင့် ဆုံဆည်းမှုများ --- ၇၄
(ခ) မေတ္တာပို့ပြီးမှ လှူပါ --- ၇၅
(ဂ) ဘုရားဂုဏ်တော် ဆင်ခြင်ပြီးမှ လှူပါ --- ၇၆
(ဃ) အကျိုးကြီးမားအောင် ပုဂ္ဂလိကလှူဒါန်းနည်း --- ၇၆
(င) ဆောက်တည်အဓိဋ္ဌာန်ချက်ဖြင့် ဘုရားရှိခိုးပါ --- ၇၇
(စ) အမြဲပရိတ်ရွတ်ပွားပါ --- ၇၈
(၃) (က) အင်္ဂုလိမာလသုတ် အမြဲရွတ်ပွားသည့် ဆရာတော် --- ၇၈
(ခ) နံရံ၌ ပရိတ်တော် စာကပ်သည့် ဆရာတော် --- ၇၉

(ဂ) ဓဂ္ဂသုတ် အာသီသ လင်္ကာ --- ၈၁
(၄) အထူးတန်ခိုးကြီးသော ပရိက်တော်များ --- ၈၁
(၅) အယင်စသူ ဘယ်သူလဲ? --- ၈၂
(၆) (က) ဂုဏ်ပြုပွဲ အလုပ်မခံသော ဆရာတော် --- ၈၃
(ခ) မွေးနေ့ပွဲ မလုပ်သော ဆရာတော် --- ၈၃
(ဂ) ဆရာတော် နှင့် ရေခဲသေတ္တာ --- ၈၄
(ဃ) ထေရ်ကြီး, ဝါကြီး ဆရာတော်ကြီးများကပင် ကြည်ညိုရသူ --- ၈၄
(၇) တူသော အကျိုးကိုပေးခြင်း --- ၈၅
၆။ ဆရာတော်၏ ရဟန်းဒါယိကာမ ဖြစ်ရကျိုး ကုသိုလ်များ (ရဟန်းအစ်မ ဒေါ်လှဲ့လှဲ့ဝင်း) --- ၈၆
(၁) ဆရာတော်အား စတင်ဖူးမြော်ကြည်ညိုခွင့် ရခြင်း --- ၈၆
(၂) ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်သော နယားဆရာတော်ဘုရား --- ၈၇
(၃) ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင် ကုသိုလ်ပြုခွင့်ရခြင်း --- ၈၉
(၄) ရှာပနကာလအတွင်းမှ အံ့သြစရာ ထူးခြားမှုဖြစ်စဉ် --- ၉၃

* စည်းကမ်းဥပဒေ

၁။ (၁) နယားကျောင်း စည်းကမ်းဥပဒေ --- ၉၄
(၂) နယားကျောင်းနေ သံဃာများလိုက်နာရန် --- ၉၅

* ဆရာစဉ်ဆက်မှတ်တမ်း

၁။ ဆရာစဉ်ဆက်မှတ်တမ်း (အကျဉ်း) (စုစုပေါင်း ၄၁–ဆက်) --- ၉၅
* ပုဂံခေတ် တပည့်စဉ်ဆက် – ကိုးပါး --- ၉၇
* အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်၏ တပည့်စဉ်ဆက် – တစ်ဆယ့်တစ်ပါး --- ၉၇
* မဇ္ဈိမဒေသ – ငါးပါး --- ၉၇

သြဝါဒကထာ ဆုံးမစာ

၁။ နယားဆရာတော်၏ သြဝါဒကထာ ဆုံးမစာ --- ၉၈
(၁) ဘုရားရှိခိုး --- ၉၈
(၂) တရားတော်ရှိခိုး --- ၉၈
(၃) သံဃာတော်ရှိခိုး --- ၉၈
(၄) မေတ္တာပို့ --- ၉၈
(၅) ဆုတောင်း --- ၉၉
(၆) အမျှပေးဝေ --- ၉၉
(၇) မေတ္တာခံယူပုံ --- ၉၉
(၈) ဘုရားရှိခိုး အကျိုးလင်္ကာ --- ၉၉
(၉) တရားတော်ရှိခိုး အကျိုးလင်္ကာ --- ၉၉
(၁၀) သံဃာတော်ရှိခိုး အကျိုးလင်္ကာ --- ၁၀၀
(၁၁) ကာယဂတာသတိ အကျိုးလင်္ကာ --- ၁၀၀
(၁၂) ကရုဏာပွား အကျိုးလင်္ကာ --- ၁၀၀

(၁၃) မေတ္တာပို့ အကျိုးလက်ာ --- ၁၀၀
၂။ ပုတီးစိပ်၍ ရှာန်အဘိဉာဉ် ရနိုင်/မရနိုင် --- ၁၀၁
၃။ ကောင်းသော အကျင့် (မြတ်) သည်သာ ပဓာန၊ အာမိကပူဇာသည် သာမည --- ၁၀၂
၄။ နယားဆရာတော်၏ အဆုံးအမ (လှရတနာဆရာတော်) --- ၁၀၃
(၁) ထင်းခွေသားအဖဝတ္ထု --- ၁၀၃
(၂) ဘီလူးများ စောင့်ရှောက်ကြပုံ --- ၁၀၄
(၃) မိမ္ဗိသာရမင်း ချီးမွမ်းကြပုံ --- ၁၀၅
(၄) ဘုရားရှင် ချီးမွမ်းကြပုံ --- ၁၀၅
နယားဆရာတော်မှတ်စု (သို့) ဗဟုသုတပကာသနီ
၁။ ပဏာမ --- ၁၀၇
(၁) ကမ္ဘာဦးက မင်းမွမ်းကြပုံ --- ၁၀၇
(၂) ဒုလ္လဘ ငါးမျိုး --- ၁၀၈
(၃) (က) ဘုရားအလောင်းများ ပညာကြီးပုံ --- ၁၀၉
(ခ) ဘုရားအလောင်း နိုးသူကြီးဖြစ်ရပုံ --- ၁၀၉
(၄) မြတ်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် နှင့် သမိုင်းဝင်ဌာနများ --- ၁၀၉
(က) သံဝေဇနီယဌာန --- ၁၀၉
(ခ) အဝိဇဟိတဌာန --- ၁၀၉
(ဂ) မဟာဗောဓိ၌ ကြည်ညိုရန် --- ၁၁၀
(ဃ) အာနန္ဒာဗောဓိ --- ၁၁၀
(င) သတ္တဌာန --- ၁၁၀
(စ) မိဂဒါဝုန် --- ၁၁၁
(ဆ) သာဝတ္ထိ --- ၁၁၁
(ဇ) ရာဇဂြိုဟ် --- ၁၁၁
(ဈ) ကုသိနာရုံ --- ၁၁၁
(ည) ဝေဠုဝန်ဉယျာဉ်လှူပုံ --- ၁၁၂
(ဋ) ရာဇဂြိုဟ်သူဌေး လျှောက်ထားပုံ --- ၁၁၂
(ဌ) မြတ်စွာဘုရား ဖြေကြားပုံ --- ၁၁၂
(ဍ) ရာဇဂြိုဟ်သူဌေး လှူဒါန်းပုံ --- ၁၁၂
(ဎ) နိဂြောဓာရုံကျောင်း --- ၁၁၂
(ဏ) ဓုဝဝါသအနဋ္ဌာပနိယ ကျောင်းထိုင်နာယက တင်မွမ်းကြနည်း --- ၁၁၃
(တ) မြတ်စွာဘုရားအား ပထမဗောဓိနှစ် - နှစ်ဆယ်အတွင်း မြဲသောအလုပ်အကျွေးမရှိ --- ၁၁၃
(ထ) ဘုရား၏ နောက်ဆုံး ဩဝါဒတော် --- ၁၁၃
(ဒ) နာလန္ဒမြို့ --- ၁၁၄
(ဓ) ပါဋလိပုတ်မြို့တော် --- ၁၁၄
(၅) ရှေးမထေရ်ကြီးများစကား --- ၁၁၄
(၆) ဝိနယလက္ခဏာ --- ၁၁၄

(၇) ကျောင်းစသည်၌ မတပ်မက်ရ --- ၁၁၄
(၈) ပစ္စည်း၌ စွဲလမ်းမှု အပြစ် --- ၁၁၅
(၉) (က) နိဿယ အမုစ္စန ဘိက္ခု --- ၁၁၅
(ခ) နိဿယ မုစ္စန ဘိက္ခု --- ၁၁၅
(၁၀) အင်္ဂါသန စသည်ကို ထိုက်သောသူ --- ၁၁၅
(၁၁) အစိုးရပုံ --- ၁၁၅
(၁၂) ပယောဂသမ္ဘွတ္တိ --- ၁၁၆
(၁၃) အဆောင်ငါးပါး --- ၁၁၆
(၁၄) အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့် --- ၁၁၆
(၁၅) နိဿ --- ၁၁၆
(၁၆) သပ္ပာယခုနစ်ပါး --- ၁၁၇
(၁၇) ဂတိမြဲသူ --- ၁၁၇
(၁၈) ဒသဘာဂပေးပုံ --- ၁၁၇
(၁၉) ဘာဏဝါရ --- ၁၁၇
(၂၀) ကုသိုလ်တရား၏ အစွမ်းသတ္တိ --- ၁၁၈
(၂၁) သံဃိက ဝေဘင်္ဂယဘဏ္ဍာသုံးစွဲပုံ --- ၁၁၈
(၂၂) အကုသိုလ်ပြုပြီးနောက် ပြုသည့်ကုသိုလ် အကျိုးမကြီးပုံ --- ၁၁၈
(၂၃) အာယုဝဍ္ဍန ကာရဏာနိ --- ၁၁၈
(၂၄) (က) အပလောကနကံ --- ၁၁၉
(ခ) အပလောကနကံ ကို ဗုဒ္ဓသိမ်၌ ပြုသင့်သည် --- ၁၁၉
(ဂ) ကံထပ်သင့်ကြောင်း --- ၁၁၉
(၂၅) (က) အဓမ္မိက သံဃသာမဂ္ဂီ, ဓမ္မိက သံဃသာမဂ္ဂီ --- ၁၁၉
(ခ) သံဃဘေဒကံ အပြစ်ကြီးပုံ --- ၁၁၉
(ဂ) သံဃသမဂ္ဂကံ အကျိုးကြီးပုံ --- ၁၂၀
(ဃ) အဓိဋ္ဌာန်ပြုသည့်ကံ --- ၁၂၀
(၂၆) ဝိ၊ ၄၊ ၂၂၇ – ၈ ၌ လာသောစကားရပ် --- ၁၂၀
(၂၇) (က) အဓမ္မကံပြု၍ ဆုံးဖြတ်သော ဝိနည်းမိုရ်၏ အပြစ်ကြီးပုံ --- ၁၂၀
(ခ) အဓမ္မကမ္မကို တားမြစ်ရမည် --- ၁၂၁
(၂၈) (က) အဓမ္မိက ကတိကဝတ် မပြုကောင်း --- ၁၂၁
(ခ) ဓမ္မိက ကတိကဝတ် ပြုကောင်းသည် --- ၁၂၂
(၂၉) ရွှေ, ငွေ --- ၁၂၃
(၃၀) လူသားတစ်ခွန်း၊ ရှင်အာနန္ဒာရှစ်ခွန်း --- ၁၂၃
(၃၁) အရှင်အာနန္ဒာအား အပြစ်တင်ကြပုံ --- ၁၂၃
(၃၂) အပ္ပမာဒအရ – --- ၁၂၄
(၃၃) သူတစ်ပါးစကားကို မဆင်မခြင်း ယူဆကြသဖြင့် ပင်ပန်းဆင်းရဲကြပုံ --- ၁၂၄
(၃၄) ဗဟုဘဏ္ဍာရဟာန်း ပျံလွန်ကြောင်းကို လျှောက်ထားရာ ဘုရားရှင်ဆုံးဖြတ်ချက် --- ၁၂၅

(၃၅) (က) စေတီသုံးမျိုး --- ၁၂၆

(ခ) တည်ထားကိုးကွယ် စေတီလေးသွယ် --- ၁၂၆

(၃၆) ဘုရားရှိခိုးနည်း --- ၁၂၇

(၃၇) (က) သရဏဂုံ အကျိုး (၁) --- ၁၂၇

(ခ) သရဏဂုံ အကျိုး (၂) --- ၁၂၇

(၃၈) (က) ကိုယ်နှင့်ပတ်သက်သော အကျိုးငါးပါး --- ၁၂၇

(ခ) အဝတ်တန်ဆာ ဘုံဗိမာန်နှင့် သက်ဆိုင်သော အကျိုးငါးပါး --- ၁၂၇

(၃၉) (က) မိမိအသက်ကို စွန့်၍လှူဒါန်းခြင်း --- ၁၂၈

(ခ) ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးက၊ ဘဝဆက်ဆက် ကုသိုလ်တက်၏ --- ၁၂၈

(ဂ) ဒါနတရားလင်္ကာ --- ၁၂၉

(၄၀) (က) သီလအကျိုး --- ၁၃၀

(ခ) လင်းနို့ဝတ္ထု --- ၁၃၀

(ဂ) ဖားနတ်သားဝတ္ထု --- ၁၃၁

(၄၁) (က) ဗုဒ္ဓါနုဿတိကို ပွားများအပ်သည်ရှိသော် --- ၁၃၁

(ခ) ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်၍ ဗုဒ္ဓါနုဿတိအောက်မေ့လျက် ကူးကြောင်း --- ၁၃၁

(ဂ) ဗုဒ္ဓါနုဿတိ ဘာဝနာအကျိုး (သုဘူတိမထေရ်) --- ၁၃၁

(ဃ) တိသရဏ ဂမနိယ မထေရ်အကြောင်း --- ၁၃၂

(င) ပဥ္စသီလ သမဒါနိယ မထေရ်အကြောင်း --- ၁၃၃

(၄၂) သံဃာတော်အား လှူဒါန်းပါ --- ၁၃၃

(၄၃) (က) ရေကန်အလှူ --- ၁၃၄

(ခ) ရေအကျိုးဆယ်ပါးလင်္ကာ --- ၁၃၄

(ဂ) အသက်ရှည်ကြောင်းခြောက်ပါး --- ၁၃၄

(ဃ) သက်ရှည်ကျန်းမာ မြတ်ဂါထာ --- ၁၃၅

(၄၄) ဖိနပ်၊ ထီး, ဖိနပ် လှူရသောအကျိုး --- ၁၃၅

(၄၅) (က) သင်ကြားဖူးသော အတတ်ပညာက ကျေးဇူးပြုပုံ --- ၁၃၆

(ခ) ဂုတ္တိလစောင်းဆရာကြီး စောင်းအတတ် တစ်ဘက်ကမ်းရောက် တတ်မြောက်ခြင်း --- ၁၃၆

(၄၆) စုပေါင်း၍ ကောင်းမှုပြုသဖြင့် နတ်ပြည်ရောက်ရခြင်း --- ၁၃၇

(၄၇) (က) သင်္ကန်းကြီးစသည် သုံးစွဲနည်း --- ၁၃၇

(ခ) သင်္ကန်းရုံနွယ်, ဒုကုဋ်တင်နွယ် နှစ်မျိုး --- ၁၃၇

(၄၈) ကောသလမင်းအိပ်မက် တစ်ဆယ့်ခြောက်ချက် --- ၁၃၈

(၄၉) ဗန္ဓုလစစ်သူကြီးနှင့် ကောသလမင်းအကြောင်း --- ၁၃၉

(၅၀) (က) ကစ္စည်းကျမ်း ရေးသားပုံနှင့် အပဒါန် အဋ္ဌကထာကို အလေးအမြတ်ပြုသင့်ပုံ --- ၁၃၉

(ခ) ဉာဏ်ဆရာ စသည်တို့ ကစ္စည်းကျမ်းကို ထောက်ခံပုံ --- ၁၄၀

(ဂ) ကျမ်းပြုဆရာတော်တို့ နေရပ်စသည် --- ၁၄၁

(၅၁) (က) ဆရာစဉ်ဆက် --- ၁၄၁

(ခ) ရေးဆရာတော်များ၏ လင်္ကာ --- ၁၄၃

၂။ မေတ္တာပို့ --- ၁၄၃

(၁) မေတ္တာပို့နည်း --- ၁၄၃

(၂) နယားဆရာတော်ကြီး၏ မေတ္တာပို့နည်း (တစ်နည်း) --- ၁၄၄

(၃) (က) မိဖုရားစောလုံအကြောင်း --- ၁၄၅

( ခ ) စလေဦးပုည အသတ်ခံရကာနီး ဆိုသောစာပိုဒ် --- ၁၄၆

( ဂ ) အနန္တသူရိယ အသတ်ခံရကာနီး ဆိုသောစာပိုဒ် --- ၁၄၆

၃။ ဆုတောင်း --- ၁၄၆

(၁) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့
ဆုတောင်းသည့်အတိုင်းရနိုင် --- ၁၄၆

ပေးစာ, ပြန်စာများ နှင့် အထွေထွေကဏ္ဍ

၁။ ( ၁ ) ဘုရားရှင်သာသနာ နှင့် သင်္ဂါယနာ --- ၁၄၈

( ၂ ) ဆဋ္ဌသင်္ဂါယနာအကြောင်း (၁) --- ၁၄၈

( ၃ ) ဆဋ္ဌသင်္ဂါယနာအကြောင်း (၂) --- ၁၄၉

( ၄ ) နိုင်ငံတော် သံဃမဟာနာယကအား လျှောက်ထားလွှာ --- ၁၅၀

( ၅ ) ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ထံ ဆက်ကပ်လွှာ --- ၁၅၁

( ၆ ) ပရိယတ္တိသာသနာတော် သန့်ရှင်းစင်ကြယ်ရေးကို ရေးရှုလျက် မေတ္တာရပ်ခံလွှာ --- ၁၅၂

( ၇ ) ဓမ္မသာကစ္ဆာအဖွဲ့, ဝိနိစ္ဆယခုံအဖွဲ့များကို ဖွဲ့စည်းပေးပါရန် --- ၁၅၃

( ၈ ) ဦးသိန်းမောင် (နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ ဥက္ကဋ္ဌဟောင်း) ထံ ပေးစာ --- ၁၅၅

( ၉ ) ဦးလှမောင် (စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်) ထံ ပေးစာ --- ၁၅၆

(၁၀) မစိုးရိမ်ဆရာတော်ကို ဥက္ကဋ္ဌပြု၍ စည်းဝေးသော ဝန်ဆောင်သံဃာအစည်းအဝေး၌
လျှောက်ထားတောင်းပန်လွှာ --- ၁၅၇

(၁၁) စုံစမ်းစစ်ဆေးရေးကော်မတီ အတွင်းရေးမှူးထံ ပေးစာ --- ၁၅၈

(၁၂) လျှောက်လွှာ, မေတ္တာရပ်ခံစာ ပေးပို့ခြင်း (အကျဉ်း) နှင့် မစိုးရိမ်ဆရာတော်ကြီးက
ကျေးဇူးတင်လွှာ --- ၁၅၈

(၁၃) ရိုးရာမပျက် အမှန်ချစ်၍ စိစစ်ဆုံးဖြတ်သောကျမ်းဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်၊
မြစ်သားတောရကျောင်းဆရာတော် ၏ ထောက်ခံလျှောက်ထားလွှာ --- ၁၆၀

(၁၄) သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားလွှာ --- ၁၆၂

(၁၅) ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင် စာရင်းတမ်း --- ၁၆၂

(၁၆) သက္ကထာနလောမ မပြင်ရ --- ၁၆၃

(၁၇) မိမိ (နယားဆရာတော်) က ဦးဝိစိတ္တသာရာဘိဝံသအား မကျေနပ်သောအချက်များ --- ၁၆၄

(၁၈) အရှင်ဗုဒ္ဓဃောသအကြောင်း --- ၁၆၄

(၁၉) (က) ပခန်းဆရာတော် မိန့်ဆိုချက် စာခက် စစ်ဆေးနည်း --- ၁၆၄

( ခ ) စာကြံနည်း, ယူဆနည်း --- ၁၆၅

( ဂ ) ဝိနိစ္ဆယချနည်း --- ၁၆၅

(ဃ) စာတတ်လက္ခဏာ --- ၁၆၅

( င ) စာတတ်သည်ကို စာတတ်မှန်းမသိသော မထေရ် --- ၁၆၅

(၂၀) သံဃိကကျောင်းများမှ အန္တောသိမဌာက ရဟန်းနှင့် ရက္ခိကဂေါပိတ ရဟန်းတော်များကို ဖယ်ရှားပေးရန် နှင်ထုတ်ရာ၌ ဝိနည်းဒေသနာတော်နှင့်အညီ မှတစ်ရပ်ချမှတ်ထားရန် တင်ပြခြင်းကိစ္စပါ ဘုရား --- ၁၆၆
(၂၁) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက်တော်မူပါရန် လျှောက်ထားခြင်း --- ၁၇၂
(၂၂) ဝဇီရ (၅၀၀) နှင့် ဝိ၊ ၄၊ ၂။ ၂၃၁။ တို့ကို မှိုင်မြင်းပြ၍ ပြုလုပ်အပ်သော စတုရက္ခိတ ဂေါပိတစာတမ်း --- ၁၇၄
(က) ကတိကဝတ်စာတမ်း --- ၁၇၅

အမရပူရကျောင်း ဆရာတော်၏ ထေရုပ္ပတ္တိ

၁။ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ မဟာထေရ် (ကောဇာ ၁၂၆၉–၁၃၄၃ ခုနှစ်) ၏ ထေရုပ္ပတ္တိအကျဉ်း (နယားဆရာတော် မှတ်တမ်း) --- ၁၇၆
နောက်ခံသမိုင်း – ရေမြည်းသင့်မှ ရမည်းသင်းသို့ --- ၁၇၆
– လှူဦးရေ နှင့် ထွက်ကုန် --- ၁၇၆
– သာသနာသင်္ကေတ စေတီ, ပုထိုး, ကျောင်းတိုက်များ --- ၁၇၆
– သံဃာဦးရေ --- ၁၇၇
– အုတ်ဖိုရွာကြီး --- ၁၇၇
(၁) မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း (မန္ဒသကအရွယ်) --- ၁၇၇
(၂) ရှင်သာမဏေအဖြစ်သို့ရောက်ခြင်း (ခိဍ္ဍသကအရွယ်) --- ၁၇၇
(က) ပညာသင်ကြားဆည်းပူးတော်မူခြင်း --- ၁၇၈
(၃) ရဟန်းအဖြစ်သို့ရောက်ခြင်း (ဝဏ္ဏဒသကအရွယ်) --- ၁၇၈
(၄) စာပေပရိယတ္တိ ဆက်လက်ဆည်းပူးတော်မူခြင်း (ဗလဒသကအရွယ်) --- ၁၇၈
(၅) အသင်းကျောင်းလက်ခံရာ အမရပူရဆရာတော်ဟု ထင်ရှားလာ (ပညာဒသကအရွယ်) --- ၁၈၀
(၆) ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ --- ၁၈၀
(၇) ကမ္ဘာကျော်မည့် အဘိဓာန်ကျမ်း ရေးသားဦးဆောင် (ဟာနိဒသကအရွယ်) --- ၁၈၁
(၈) မဟာနာယကအဖြစ် နှစ်ပါးပူးတွဲ အုပ်ချုပ်တော်မူခြင်း (ပဗ္ဘာရဒသကအရွယ်, ဝင်္ကဒသကအရွယ်) --- ၁၈၁
(၉) ထင်ပေါ်ကျော်ကြား မျိုးဆက်သစ်ပညာရှိတပည့်များ --- ၁၈၂
(၁၀) ဆရာတော်ရေးသားပြုစုခဲ့သော ကျမ်းများမှာ – --- ၁၈၄
(၁၁) မမြဲတရား ထာဝရပွား --- ၁၈၅
(၁၂) အမရပူရ ဆရာတော်ဘုရားကြီး၏ တစ်ဘဝခန္ဓာ သာသနာမှတ်တမ်း အကျဉ်း --- ၁၈၆
(၁၃) အမရပူရ ဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယား --- ၁၈၆

ဒက္ခိဏာရာမဘုရားကြီးတိုက် သမိုင်းအကျဉ်း

၁။ ဒက္ခိဏာရာမဘုရားကြီးတိုက်အကြောင်း သိကောင်းစရာ --- ၁၈၉
(၁) ဘုရားကြီးတိုက် --- ၁၈၉
(၂) ဒက္ခိဏဝိဟာရ (သို့) ဒက္ခိဏာရာမဟု တွင်ခြင်း --- ၁၈၉
(၃) (က) ဒက္ခိဏာရာမတိုက် သံဃကတိကဝတ် ဥပဒေသတော် --- ၁၉၀

(ခ) ကျောင်းထိုင်ဆရာတော်များ အရေးအခွင့် --- ၁၉၀

(ဂ) စာသင်သားများ အရေးအခွင့် --- ၁၉၁

(၄) အလယ်တိုက်ကြီးအပေါ်ထပ် ကျောင်းထိုင်ဘုန်းတော်ကြီးများ အစည်းအဝေးက အညီအညွတ်ပြဌာန်း အတည်ပြုကြသည့် ကတိကဝတ်များ (ကောဇာသက္ကရာဇ် ၁၃၂၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်နေ့) --- ၁၉၂

(၅) ဒက္ခိဏာရာမတိုက် အနှစ်တစ်ရာပြည့်သဘင်ကြီး (ကောဇာ ၁၂၀၉-၁၃၀၉ ခုနှစ်) --- ၁၉၃

(၆) နှစ်တစ်ရာပြည့်သဘင်ပွဲ ဆောင်ရွက်ရေး သံဃသမ္မုတိယ ဆရာတော်တစ်ဆယ့်နှစ်ပါး --- ၁၉၄

(၇) ဩဝါဒစကား မြွက်ကြားတော်မူကြ --- ၁၉၄

(၈) မဇ္ဈိမတိုင်ကျေးရွာ ... ပူဇော်ကြ --- ၁၉၄

(၉) မင်္ဂလာဩဘာစာတမ်း ဖတ်လျှောက်ခြင်း --- ၁၉၅

(၁၀) အထိမ်းအမှတ် သံဃာဆေးပေးတိုက် --- ၁၉၅

(၁၁) ဒက္ခိဏာရာမ တိုက်သက်တစ်ရာ မင်္ဂလာဩဘာစာတမ်း --- ၁၉၅

(၁၂) ဒက္ခိဏာရာမ ဘုရားကြီးတိုက် အာရာမာဓိပတိ သံဃဦးစီးနာယက အစဉ်အဆက် ဆရာတော်ကြီးများ --- ၁၉၆

(၁၃) ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ကျောင်းဆောင်အမည်များနှင့် အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ (သာသနာတော်နှစ် ၂၅၅၁-ခုနှစ်) (လုရတနာ ဆရာတော်) --- ၁၉၈

(၁၄) ကျောင်းပေါင်းခြောက်ဆယ်ကျော်ရှိသည့် ဒက္ခိဏာရာမ ဘုရားကြီးတိုက် (သာသနာတော်နှစ် ၂၅၂၅-ခုနှစ်) --- ၂၀၀

(၁၅) ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ကျောင်းဆောင်အမည်များနှင့် အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ (သာသနာတော်နှစ် ၂၄၉၁-ခုနှစ်) --- ၂၀၁


ကျမ်းမျိုးစုံ၏ နိဒါန်းအသွယ်သွယ်


၁။ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်မှ ပြုစုသော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်း အ-ဝဂ် အတွဲ (၁၇) နိဒါန်း --- ၂၀၄

(၁) တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းများ --- ၂၀၄

(၂) သာသနာတော်အရေး ဒို့အရေး --- ၂၀၆

(၃) နိရုတ္တိနည်း ဆယ်နည်း ထည့်သွင်းထားပုံ --- ၂၀၇

(၄) ဘာသာန္တရပုဒ်များ ထည့်သွင်းပြထားခြင်း --- ၂၁၀

(၅) ဗျဉ္ဇနန္တဘာသာန္တရများကို သတိပြုအပ်ခြင်း --- ၂၁၀

(၆) ကမ္ဘာမှာမရှိ --- ၂၁၁

(၇) မဟာဗျာကရဏ = ပါဏိနိ သဒ္ဒါကျမ်းကြီး --- ၂၁၂

(၈) မဟာကပ္ပဒ္ဒုမ နှင့် ဝါစပ္ပတိ အဘိဓာန်ကျမ်းကြီး --- ၂၁၃

(၉) ဗုဒ္ဓဘာသာကပြား သက္ကတအဘိဓာန် --- ၂၁၃

(၁၀) ဆာမောနီယာဝီလျံ၏ သက္ကတ အင်္ဂလိပ် အဘိဓာန်ကျမ်းကြီး --- ၂၁၃

(၁၁) မဥ္ဇူသာကနတ်ပန်းပင်ပမာ အဘိဓာန်ကျမ်းမဟာ --- ၂၁၅

(က) ဂန္ဓမာတောင် --- ၂၁၅

(ခ) နန္ဒမူလိုဏ် --- ၂၁၅

(ဂ) ပန်းမျိုးစုံလင် နတ်ပန်းပင် --- ၂၁၅
(ဃ) ဥပုသ်တန်ဆောင်း --- ၂၁၅
(၁၂) သာယာစေသည့် လေအမျိုးမျိုး --- ၂၁၅
(၁၃) လှုံအဖွဲ့၏ အကူအညီကို ရယူခြင်း --- ၂၁၆
၂။ ပိဋကဝိသောဓနိကျမ်း နိဒါန်း (ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ) --- ၂၁၇
(၁) သာသနာနှောင်ရေး --- ၂၁၇
(၂) သာသနာသုံးရပ် --- ၂၁၇
(၃) ခေတ်အဆက်ဆက် သာသနာ့ဝန်ဆောင် မထေရ်များ --- ၂၁၇
(က) သာသနာ့စောင့်ကြပုံ --- ၂၁၈
(ခ) သာသနာပြုအာဇာနည်များ --- ၂၁၈
(၄) လိုအပ်နေသော အဆုံးအဖြတ်ကျမ်းတစ်စောင် --- ၂၁၉
(က) ပိဋကအတွက် ကြိုးပမ်းချက် --- ၂၁၉
(ခ) ပိဋကဝိသောဓနီ ပေါ်လာရပုံ --- ၂၁၉
(ဂ) စာမူကွဲများရှိနေခြင်း --- ၂၁၉
(ဃ) ဆရာတော်ကြီးများ၏ တိုက်တွန်းချက် --- ၂၂၀
(၅) ကျမ်းစာရေးသားပြုစုပုံ --- ၂၂၀
(က) အခြေခံမူကြီးခြောက်ချက် --- ၂၂၀
(ခ) တိုက်ဆိုင်ညှိနှိုင်းပုံ --- ၂၂၁
(ဂ) အစဉ်အလာကိုထိန်းသိမ်း --- ၂၂၁
(ဃ) ဘာသာန္တရများနှင့်လည်း မလွတ်စေရ --- ၂၂၁
(င) ဆင်တူယိုးမှား ပါဌ်များ --- ၂၂၂
(စ) တိုက်တွန်းရခြင်း အကြောင်းရင်း --- ၂၂၃
(ဆ) ဗုဒ္ဓ၏ ဆုံးဖြတ်နည်း --- ၂၂၃
(ဇ) တစ်လုံးမှားလည်းအရေးကြီး --- ၂၂၄
(ဈ) အမှားပြင်၍ အကျိုးတွေ့ --- ၂၂၅
(ည) မောင်းထောင်ဆရာတော် --- ၂၂၅
(ဋ) မဏိမဥ္ဇူ ထုံးကိုမူ --- ၂၂၆
(ဌ) ဆရာတော်ဦးဗုဒ် --- ၂၂၆
(၆) အဖိုးအနဂ္ဃ ထိုက်တန်သော အဆုံးအဖြတ်များ --- ၂၂၇
၃။ ဝိနိစ္ဆယကထာကျမ်း နိဒါန်း (ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒာစရိယ၊ ဘဒ္ဒန္တနန္ဒိယ) --- ၂၂၈
(၁) မြန်မာပြန် --- ၂၂၉
(၂) အကျဉ်းချုပ် မြန်မာပြန် --- ၂၂၉
၄။ သံဝဏ္ဏနာ နိယာမ်အဖြေသစ်ကျမ်းနိဒါန်း (ဦးစိုးတင့် သ.စ.အ ဓမ္မာစရိယ) --- ၂၃၁
* နလုံးသည်းပွတ်ထဲမှ ကျေးဇူးတင်လွှာ ကမ္ပည်းစာ --- ၂၃၂
* မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ --- ၂၃၅
* ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ --- ၂၃၇
* ဆက်လက်ထုတ်ဝေမည့် စာအုပ်များ၊ ထုတ်ဝေပြီး ဓမ္မပူဇာတေး ကက်ဆက်နှင့် ဗီဒီယိုတိတ်ခွေ --- ၂၃၈
* မ, တည် အလှူရှင်များစာရင်း --- ၂၃၉



အသစ်ဆောက်လုပ်ပြီးနယားကျောင်းဘုရားခန်းမြင်ကွင်း



နယားဆရာတော်ကြီးနားနေခန်း၊ စာဝါပို့ချရာတွင် အသုံးပြုခဲ့သော စားပွဲ နှင့် ကုလားထိုင်



နယားဆရာတော်ကြီး



နယားဆရာတော်ကြီး သီတင်းသုံးခဲ့ရာ နားနေခန်းနှင့်ကုဋင်




ဒုတိယအကြိမ် သံဃမဟာနာယကအဖွဲ့
ဒုတိယအဖွဲ့ခွဲဝင် ဆရာတော်ကြီးများ
(၁၉၈၇) ခုနှစ်





(ဝဲမှယာသို့)
ဘဒ္ဒန္တ ကောသလ္လ၊ ဘဒ္ဒန္တ ကဝိန္ဒ၊
ဘဒ္ဒန္တ ပြဘာသာဘိဝံသ၊
ဘဒ္ဒန္တ ကုသလာစာရာဘိဝံသနှင့်
ဘဒ္ဒန္တ နန္ဒာစရိယ တို့က
နယားဆရာတော်ကြီး ၏
တစ်ဘဝသာသနာမြတ်ကျမ်းစာ
သာသနာဝင်စာအုပ်ကြီး
ပုံနှိပ်ထုတ်ဝေရန် – ဤကျမ်းစာစီစဉ်ပူဇော်သူဦးအောင်မြင့်ထွန်း (B.Ag) အားခွင့်ပြုပေးစဉ်၊ ကိုကျော်အေး (မိုးကုတ်၊ ဘော်ပတန်းရွာ)။

* အမှာစာ စကားပြေများ

၁။ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊

## အတုလကာရိ ဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ ၏ သန္ဒေသကထာ

## (၁) နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ ပုံနှိပ်ထုတ်ဝေခွင့် တောင်းခံလာခြင်း

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)သည် သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်၊ ခရစ်နှစ်၊ ၁၁-၁၀-၂၀၀၆ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် မိမိသီတင်းသုံး နေထိုင်ရာ အတုလကာရိဆင်မင်းကျောင်းသို့ ကြွရောက်လာပါသည်။ ထိုစဉ်က၊ ဘုန်းကြီးသည် မြို့ထဲသို့ ဆွမ်းစားကြွနေ၍ မင်္ဂလာဗိမာန်ဆရာတော်နှင့် မတွေ့လိုက်ရပါ။

ဆရာတော်က စာတစ်စောင်ရေးသားထားခဲ့သဖြင့် ယင်းစာကို ဖတ်ရှုကြည့်ရာ -

- ( က ) ဆရာတော် ဦးသြဘာသ .... ဒါယကာ ဦးအောင်မြင့်ထွန်းက မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ပဓာန နာယက နယားဆရာတော်ဘုရားကြီး ဘဒ္ဒန္တမေဓိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သြဝါဒါစရိယ) ၏ခုံညားထည်ဝါသော **"မဟာထေရုပ္ပတ္တိကထာ၊ တစ်ဘဝသာသနာ - မြတ်ကျမ်းစာ"** စာအုပ်ကြီးကို ရေးသားပူဇော် ပုံနှိပ်ထုတ်ဝေခွင့်ပြုပါရန်နှင့်
- ( ခ ) ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သော သာသနာ ပြုစာအုပ်စာတမ်းများကို ရှာဖွေစုဆောင်းပေးပါရန် လျှောက်ထားလာပါသည်ဘုရား။

ဒါယကာ ဦးအောင်မြင့်ထွန်းလည်း မကြာမီရက်ပိုင်းအတွင်း အရှင်ဘုရားထံ ရောက်ရှိလာပါလိမ့်မည်။ ဆရာတော်က ပုံနှိပ်ထုတ်ဝေ ခွင့်ပြုရန်နှင့် လိုအပ်သည့်ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါရန် ဟု မေတ္တာရပ်ခံထားကြောင်း ဖတ်ရှုရသဖြင့် အတိုင်းမသိ ဝမ်းမြောက်မိပါသည်။ ကျေးဇူးလည်းအထူးတင်ပါသည်။

## (၂) အချိုပေါ် သကာရောက် နှစ်သက်လွန်ဝမ်းမြောက်

ထို့နောက် မျှားမကြာမီ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်၊ ခရစ်နှစ် ၁၇-၁၀-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့တွင်ဒါယကာ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)သည် မင်္ဂလာဗိမာန်ဆရာတော် ဘဒ္ဒန္တ ပညာသိရီဘိဝံသ၏ စာနှင့်တကွ မိမိထံရောက်ရှိလာပါသည်။ ဦးအောင်မြင့်ထွန်း သည် သူရေးသားထုတ်ဝေခဲ့သော **"ကိုလုံဆရာတော် ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ (သက်တော် ၉၆ နှစ်)၊ ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း (သက်တော် ၉၉ နှစ်)၊ တုနိုင်းမဲ့ဗုဒ္ဓခြေတော်ရာ စာအုပ်ကြီးသုံးအုပ် နှင့် အခြားစာအုပ်ငယ်များ"** ကို မိမိနှင့်တကွ ဂုဏဝတီကျောင်း ဆရာတော် ဘဒ္ဒန္တကုသလာစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ နယားကျောင်းဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တနန္ဒာစရိယ (အစိုးရမွှာစရိယ)နှင့် ဘဒ္ဒန္တကောသလ (ခေါ်) ဦးဖိုးဆိုး တို့အား အသီးသီးဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ဘုန်းကြီးသည် နိုင်ငံခြားဖြစ်စက္ကူအကောင်းစားဖြင့် ရောင်စုံဓာတ်ပုံများစွာပါဝင် ပုံနှိပ်ထားသော စာအုပ်ထူကြီးများကို ကြည့်၍၊ ငါတို့၏ကျေးဇူးတော်ရှင် **"နယားကျောင်းဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာ"** စာအုပ်ကြီးကိုလည်း၊ ဤသို့ထပ်တူထပ်မျှ အဆင့်အတန်းမြင့်မြင့် ထုတ်ဝေပေးနိုင်လျှင် ကောင်းလေစွဟု တောင့်တမိပါသည်။

ဦးအောင်မြင့်ထွန်းသည် ဘုရားကြီးတိုက် နာယကဆရာတော်ကြီးများက အခွင့်ပြု တာဝန်ပေးအပ်ခဲ့ပါလျှင် **"နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ"** စာအုပ်ကြီးကို ဂုဏ်နှင့်ဂုဏေး အသေးညီညီ ခံ့ထည်စွာ ရေးသားပူဇော် ထုတ်ဝေမည် ဖြစ်ပါကြောင်း အကြောင်းအကျိုးပြည့်စုံစွာ လျှောက်ထားလာသဖြင့်၊ နှစ်ထောင်းအားရစွာ ရေးသားထုတ်ဝေခွင့်ပြုလိုက်ပါသည်။ အချိုးရာစဥ် သကာတွေ့သကဲ့သို့ ဖြစ်ပါသည်။

## (၃) ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်တော်များ

ဘုန်းကြီးတို့၏ ကျေးဇူးတော်ရှင် နယားဆရာတော် ဘုရားကြီးသည် –

( က ) သီလ, သမာဓိ, ပညာ သိက္ခာ သုံးပါးနှင့် ပြည့်စုံတော်မူခြင်း၊

( ခ ) သာသနာပြု စိတ်ဓာတ်အပြည့်အဝရှိခြင်း၊

( ဂ ) ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ဝိနည်းတော်နှင့်အညီ ရိုသေလေးစားစွာ သုံးစွဲတော်မူခြင်း၊

( ဃ ) တပည့်ရဟန်း, သာမဏေများကို လိမ္မာယဉ်ကျေးမှု ရှိစေရန် သွန်သင်ဆုံးမ ဩဝါဒပေးတော်မူခြင်း၊

( င ) ဒါယကာ, ဒါယိကာမများကို ဘာသာရေး ဗဟုသုတ ပြည့်ဝစေရန် တရားဓမ္မ ဟောပြောပြသပေးတော်မူခြင်း၊

( စ ) တပည့်ကြီးများအား ပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိ အစရှိသည့် ကျမ်းကြီးများကို အာစရိယမုဋ္ဌိ ရရှိအောင် စနစ်တကျ သင်ပြပေးတော်မူခြင်း၊

( ဆ ) ဝိနိစ္ဆယပေါင်း များစွာတို့ကို ရေးသားတော်မူခဲ့ခြင်း စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေသည်။

## (၄) လိုအပ်ရာရာ ကူညီပါ

ဘုန်းကြီးသည် ဦးအောင်မြင့်ထွန်းအား ကျေးဇူးတော်ရှင် နယားဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ကျမ်းစာအုပ်များ၊ ဆရာတော်ဘုရားကြီးနှင့် ပတ်သက်ဆက်နွယ်သော စာအုပ်စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများကို အတတ်နိုင်ဆုံး ရှာဖွေစုဆောင်း၍ အကူအညီ ပေးခဲ့ပါသည်။ လိုအပ်သည့် မှတ်တမ်းဓာတ်ပုံများကိုလည်း ရိုက်ယူရန် ခွင့်ပြုပေးခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ စာအုပ်ကြီးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ရန်ကုန်မြို့၊ ညောင်တုန်းကျောင်းတိုက်၊ လုရတနာကျောင်းဆရာတော် အရှင်နာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ သ–စ–အ)နှင့် ဆရာတော် ဘုရားကြီး၏ ရဟန်းဒကာများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် + ဒေါက်တာတင်လင်းမြင့် နှင့် ဦးလှသောင်း + ဒေါ်လှဲလှဲတို့၏ အထံတို့သို့လည်း မိတ်ဆက်စာများ ရေးသား၍ အကူအညီတောင်းခံ မေတ္တာရပ်ပေးခဲ့ပါသည်။

## (၅) ကတညုတ ကတဝေဒီ ကျေးဇူးတင်မဆုံးပြီ

မန္တလေးမြို့၊ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပဓာနနာယက နယားကျောင်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူစဉ်က နယားဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်းကို ရေးသားပူဇော်ခဲ့သော မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မာဓိပတိကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒကာလင်္ကာရာဘိဝံသနှင့် စာအုပ်အလှူရှင် ဦးဝင်းစိန်+ဒေါ်ဝင်းကြည်တို့အားလည်းကောင်း၊ ယခုတစ်ဖန် နယားဆရာတော်ဘုရားကြီး၏ ခံ့ညားထည်ဝါသော မဟာထေရုပ္ပတ္တိကထာ တစ်ဘဝသာသနာ မြတ်ကျမ်းစာ စာအုပ်ကြီးကို ရေးသား ပူဇော်ထုတ်ဝေသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ အမှတ် (၁၀၀)၊ ပထမထပ်၊ အခန်း (၉)နေ ဦးအောင်မြင့်ထွန်း(B.Ag) နှင့် မိသားစုဝင်များအားလည်းကောင်း၊ စာအုပ်ကို ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မရတနာ အဖြစ် မ, တည် ထည့်ဝင်လှူဒါန်း ဖြန့်ဝေပေးကြသော သာသနာပြုအလှူရှင်များအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။ ကျေးဇူးတော်ရှင် သက်တော်ရှည် နယားဆရာတော်ဘုရားကြီး၏ သာဓုကီဠာန အန္တိမဈာပနပူဇော်ပွဲမှ ကျပ်ငွေ ငါးသိန်းတိတိကို ဤတစ်ဘဝသာသနာစာအုပ် အောင်မြင်ရေးအတွက် နဝကမ္မ မ, တည် ထည့်ဝင်လှူဒါန်း လိုက်ပါသည်။



ဦးအောင်မြင့်ထွန်း နှင့်တကွ ဓမ္မမိတ်ဆွေများသည် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာစွာ နယားဆရာတော် ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ၏ တစ်ဘဝ သာသနာ မြတ်ကျမ်းစာကို အောင်မြင်စွာ ရေးသားပြုစု ထုတ်ဝေ ဖြန့်ချိနိုင်ပါစေကြောင်း၊ ဆက်လက်၍ ဆထက် ထမ်းပိုးတိုးကာ သာသနာပြု နိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်း လျက် ရှိနေပါတော့သည်။

ဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု
တိပိဋကဓရ ဩဝါဒါစရိယ
ပညာရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ
အတုလကာရီ ဆင်မင်းကျောင်း၊
ဒက္ခိဏာရာမဘုရားကြီးတိုက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
မန္တလေးတိုင်း၊ အထက်မြန်မာပြည်။
ဖုန်း– ၀၉ ၂၀ ၂၁၆၇၃။

သာသနာတော်နှစ် – ၂၅၅၀ ပြည့်နှစ်၊
မြန်မာသက္ကရာဇ် – ၁၃၆၈ ခုနှစ်၊
နတ်တော်လဆန်း (၂)ရက်၊
ခရစ်နှစ် – ၂၁–၁၁–၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့။

## ၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ် ၏ သမ္မောဒနီယ ဩဝါဒကထာ

ယခုလို သိရီမင်္ဂလာအခါတော် ကြုံကြိုက်ဆိုက်ရောက်သည့်အချိန်ဝယ် မုနိန္ဒဓမ္မရာဇ် ဘုန်းလျှံသစ်သည့် ရှင်ချစ်မြတ်စွာ သာသနာတော် တိုးတက်ရေးကို ရေးရှုထောက်ထား၍ သမ္မောဒနီယ ဩဝါဒစကား ညွှန်ကြားပြောဆိုလိုသည်မှာ –

သုံးလောကသင်းကျစ် ဓမ္မရာဇ်ထွဋ်ထား မြတ်ဘုရား၏ ပရိယတ်, ပဋိပတ်၊ ပဋိဝေဓ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်တွင် ပထမာဓိက မူလရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာ လွန်စွာခိုင်မြဲ ပွားစီးတည်တံ့ အရှည်ခံမှသာ ပဋိပတ္တိသာသနာဟူသော ပင်စည်ကိုင်းခက် ရွက်အလက်တို့ တိုးတက်စည်ပင်ကာ ပဋိဝေဓသာသနာ ဟူသော မဂ်ပွင့်, ဖိုလ်ပွင့်၊ မဂ်သီး, ဖိုလ်သီးတို့ နိုင်ဖြိုးဖွံ့ဖြိုး ပွားတိုးရင့်သန်လျက် နိဗ္ဗာန်အမတ သန္တိသုခအရသာ မြိန်ရှက်စွာသုံးဆောင်ခံစားကြရမည်ကို သိမြင်တော်မူကြသည့် အရှင်မဟာကဿပ အမှူးရှိသည့် ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလအလွန် လေးလမြောက် ရောက်သောအခါဝယ် ရာဇဂြိုဟ်ပြည့်ရှင် **"ဘုရင်အဇာတသတ်မင်း"** ကို အမှီပြု၍ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော၊ ဓမ္မဝိနယဟု ဆိုအပ်သော ပရိယတ်တရားတော်များကို **ရဟန္တာငါးရာဖြင့် ပထမသင်္ဂါယနာတင်** တော်မူကြပြီးလျှင် –

(၁) ဝိနည်းပိဋကကို အရှင်ဥပါလိထေရ်မှစ၍– အရှင်ဥပါလိ ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၂) ဒီဃနိကာယ်ကို အရှင်အာနန္ဒာထေရ်မှစ၍– အရှင်အာနန္ဒာထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၃) မဇ္ဈိမနိကာယ်ကို ဓမ္မသေနာပတိ– အရှင်သာရိပုတြာမထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၄) သံယုတ္တနိကာယ်ကိုအရှင်မဟာကဿပထေရ်မှစ၍– အရှင်မဟာကဿပ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၅) အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓထေရ်မှစ၍– အရှင်အနုရုဒ္ဓထေရ်၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၆) အရှင်ဝင်္ဂီသ၊ အရှင်ပုဏ္ဏ၊ အရှင်ကုမာရကဿပ၊ အရှင်မဟာကစ္စာယန၊
(၇) ဇာတ်, နိဒ္ဒေသ စသော ခုဒ္ဒကနိကာယ်ဝင်ကျမ်းကို ဆရာအဆက်ဆက်, တပည့်အဆက်ဆက်တို့ကလည်းကောင်း၊
(၈) အဘိဓမ္မာပိဋကကို– အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း စဉ်ဆက်မပြတ် ပို့ချသင်ယူ ဆောင်တော်မူခဲ့ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် – နှစ်(၁၀၀)မြောက်၌ အရှင်မဟာယသထေရ်၊ အရှင်ရေဝတထေရ်၊ အရှင်သဗ္ဗကာမိထေရ် တို့ အမှူးရှိသော (၇၀၀)သော ရဟန္တာအရှင်မြတ်တို့သည် ဝေသာလီပြည့်ရှင် **"ဘုရင်ကာဠာသောကမင်း"** ကို အမှီပြုကာ **ဒုတိယသင်္ဂါယနာ** တင်တော်မူကြ၍လည်းကောင်း၊

သာသနာတော် (၂၃၅)နှစ်မြောက်၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ အရှင်မဇ္ဈန္တိကထေရ်၊ အရှင်မဟာဒေဝထေရ် တို့ အမှူးရှိသည့် (၁၀၀၀)သော ရဟန္တာအရှင်မြတ်တို့သည် ပါဋလိပုတ်ပြည့်ရှင် **"ဘုရင်အာသောကမင်း"** ကို အမှီပြုကာ **တတိယသင်္ဂါယနာ** တင်တော်မူကြ၍လည်းကောင်း ပရိယတ်တရားတော်များကို မကွယ်ပျောက်အောင် ပို့ချသင်ယူ ဆောင်တော်မူခဲ့ကြပါသည်။

သာသနာတော် (၄၃၀) ပြည့်နှစ်တွင် သီရိလင်္ကာ (ခေါ်) သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးဖြစ်သောအခါ မိုး, လေဝသ ခေါင်းပါး၍ အစာအာဟာရ ရှားပါးလေရာ ရဟန်းတော်အရှင်မြတ်တို့သည် သီဟိုဠ်ကျွန်းတောင်ပိုင်း မလယဇနပုဒ်သို့ သွားရောက်ကြ၍၊ သစ်ဥ, သစ်ဖု, သစ်မြစ်, သစ်ရွက်တို့ဖြင့် ကိုယ်ကိုမျှတစေလျက်၊ ပိဋကသုံးပုံကို နှုတ်ဖြင့်သရဇ္ဈာယ်ကာ မပျောက်ပျက်အောင် ဆောင်ရွက်ထိန်းသိမ်းတော်မူခဲ့ကြပါသည်။ ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြ၍ နှုတ်ဖြင့်မရွတ်ဖတ် (မသရဇ္ဈာယ်) နိုင်သောအခါ သဲစိုများကို စုပုံ၍ ဝမ်းအောက်ကထားပြီးလျှင် တစ်ခုသောအရပ်၌ ဦးဆိုက်ကြလျက် ပိဋကတော်များ မေ့လျော့မသွားအောင် စိတ်ဖြင့် ဆင်ခြင်၍ နေတော်မူကြရပါသည်။ ဤသို့၊ **ဆင်းရဲပင်ပန်းစွာ (၁၂)နှစ် ကာလပတ်လုံး** အဋ္ဌကထာနှင့်တကွ ပိဋကတော်များ မကွယ်ပျောက်အောင် စောင့်ရှောက်တော်မူခဲ့ကြရပါသည်။

သာသနာတော် (၄၅၀) ပြည့်နှစ် ဝဋ္ဋဂါမဏိမင်းလက်ထက်၌ ရဟန္တာအရှင်မြတ် (၅၀၀)တို့သည် သီရိလင်္ကာ (ခေါ်) သီဟိုဠ်ကျွန်း၊ မလယဇနပုဒ် အာလောကလိုဏ်၌ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေထက်၌ အက္ခရာရေးသား၍ တင်ထားတော်မူကြပါသည်။ ဤသို့ ပေထက်အက္ခရာတင်ထားသည်ကို "**စတုတ္ထသင်္ဂါယနာ**" ဟု ခေါ်ဆိုကြပါသည်။

မြန်မာနိုင်ငံတော်၌လည်း ပုဂံခေတ်ဝယ် အရှင်အရဟံထေရ်သည် ပုဂံပြည့်ရှင်ဘုရင် အနော်ရထာမင်းကို အမှီပြု၍ ပရိယတ်ကို အရင်းမူလျက် ပဋိပတ်, ပဋိဝေဓ **သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို လွန်စွာထွန်းလင်း စေတော်မူခဲ့ပါသည်။** ထိုပုဂံခေတ်မှစ၍ ပင်းယခေတ်၊ အင်းဝခေတ်, ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံ–မန္တလေးခေတ် တိုင်အောင် သာသနာ့ဦးသျှောင် ဆရာတော်အဆက်ဆက်တို့သည် ထိုထိုသာသနာပြုမင်းကောင်း, မင်းမြတ် တို့ကို အမှီပြု၍ ဗုဒ္ဓမြတ်စွာသာသနာတော် စည်ပင်, ထွန်းကား, ပြန့်ပွား, တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ရတနာပုံ–မန္တလေးခေတ် မင်းတုန်းမင်းတရားကြီး၏ အထောက်အပံ့ဖြင့် ပိဋကသုံးပုံ "**ပဉ္စမသင်္ဂါယနာတင်ပွဲသဘင်**" ဆင်ယင်ကျင်းပကာ ပရိယတ္တိသာသနာတော်ကို လွန်စွာထွန်းလင်းစေလျက် စည်ပင်, ပြန့်ပွားခြင်းသို့ ရောက်ခဲ့ပါသည်။ သာသနာတော်နှစ် ၂၄၀၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်တည် ဆရာတော် "**ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု**" အမှူးရှိသော သံဃာတော် (၂၄၀၀) တို့က ငါးလနှင့် သုံးရက်ကြာမျှ ပဉ္စမသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ဆက်လက်၍၊ သာသနာတော်နှစ် ၂၄၀၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့မှ သာသနာတော်နှစ် ၂၄၁၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ထိ ခုနစ်နှစ်နှင့်ခြောက်လတိုင် စကျင်ကျောက်ပြားရေပေါင်း (၇၂၉) ချပ်တို့ဖြင့် ကုသိုလ်တော်ဘုရား ပရဝုဏ်အတွင်း၌ "**သေလက္ခရာ ရောပနာသင်္ဂီတိ**" (ခေါ်) ကျောက်ထက်အက္ခရာတင်ခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟုပင် တင်စားခေါ်ဆိုရလောက်အောင် သာသနအံ့ဖွယ်တစ်ခုအဖြစ် ကမ္ဘာအလယ် ဝံ့ကြွားထည်ဝါစွာ သမိုင်းဝင် မော်ကွန်းတင်လျက် ရှိနေပေပြီ။

သားတော် သီပေါမင်းသည်လည်း မိမိ၏လက်ထက်၌ ခမည်းတော်မင်းတရားကြီး၏ ထီးမွေ, နန်းမွေ ဟူသော လောကီအမွေကိုသာမက "**သာသနာပြု ဓမ္မအမွေကိုပါ ခံယူတော်မူလျက်**" ခမည်းတော် လက်ထက်ကကဲ့သို့ပင် သာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့ခဲ့ခြင်းကြောင့် ရဟန်းတော်အရှင်မြတ်တို့ ပစ္စည်းလေးပါးဖြင့် မငြိုငြင် မပင်ပန်းဘဲ၊ ပရိယတ်ကျမ်းဂန်ကို သင်အံပို့ချ ဆောင်ရွက်နိုင်ကြသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်သည် လွန်စွာစည်ကားပြန့်ပွား တိုးတက်ခဲ့ပါသည်။

သို့ရာတွင်၊ ကောဇာသက္ကရာဇ် ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့၌ မြန်မာနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှ အစိုးရတို့က အနိုင်အထက် နိုပ်စက်သိမ်းပိုက်ခဲ့သဖြင့် အမိမြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ရကာ ဗုဒ္ဓမြတ်စွာသာသနာလည်း သာသနာပြုမင်းနှင့် ကင်းကွာ၍ လွန်စွာ ညှိုးမှိန်ခဲ့ရလေသည်။

မြန်မာနိုင်ငံတော်၌ ပုဂံခေတ်မှစ၍ ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် လင်းလက်တောက်ပခဲ့သော ဘုရားမြတ်စွာ သာသနာတော်သည် နယ်ချဲ့ ဗြိတိသျှအစိုးရတို့ လက်ထက်၌ ဆုတ်ယုတ်ညှိုးမှိန်သွားရသည်ကို

မျက်ဝါးထင်ထင် တွေ့မြင်ကြရသော မန္တလေး မြို့တော်သူ, မြို့တော်သား၊ ဒါယကာ, ဒါယိကာမ အများတို့သည် – **"ရှေးရှေးသော သာသနာပြု မင်းကောင်း, မင်းမြတ်တို့သည် သသနာ့ဝန်ဆောင် ရဟန်းတော်အရှင်မြတ်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင်မပင်ပန်းဘဲ သာသနာပြုနိုင်ကြစေရန်ရည်သန်လျက် ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုတော်မူကြသကဲ့သို့ ငါတို့အရှင်သခင် ဘုရင်မင်းမရှိသော်လည်း၊ ငါတို့ကိုယ်တိုင်ပင် မင်းတုန်းမင်း, သီပေါမင်း တို့လက်ထက်ကကဲ့သို့ ဆရာတော်, သံဃာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းဘဲ ပရိယတ်ကျမ်းဂန် သင်အံ ပို့ချမှုကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြစေခြင်းငှာ၊ ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကြမည်"** ဟု စေတောပဏိဓိ ရည်သန်ရင်းရှိကြ၍၊ မြန်မာသက္ကရာဇ် ၁၂၆၀–ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ **"ပရိယတ္တိသာသနာ ဟိတ အသင်းကြီး (မန္တလေး)"** ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ထိုအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၆၄–ခုနှစ်ထိ စာမေးလျှောက်ပွဲများ မကျင်းပသေးဘဲ၊ **"ပရိယတ္တိဝန်ဆောင်မူလစာချဆရာတော်များ"** ကို ရွေးချယ်၍ ကိုးကွယ်ထောက်ပံ့ခဲ့ကြပါသည်။ မြန်မာသက္ကရာဇ် ၁၂၆၅–ခုနှစ်မှစ၍ – **"သီးခြားစာသင်တန်း စာမေးလျှောက်ပွဲ"** ကို လည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၂၆၇–ခုနှစ်မှစ၍ – **"သီးခြားစာချတန်း စာမေးလျှောက်ပွဲ"** ကို လည်းကောင်း၊ ၁၃၁၁–ခုနှစ်မှစ၍ – **"သာသနာလင်္ကာရ သာမဏေကျော်"** စာမေးလျှောက်ပွဲကိုလည်းကောင်း၊ ၁၃၃၁–ခုနှစ်မှစ၍ – **"နိကာယ်ငါးရပ် ပိဋကသုံးပုံ စာတော်ပြန်ပွဲ"** ကိုလည်းကောင်း ကျင်းပလျက် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ထောက်ပံ့လာခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၌ **"ပရိယတ္တိသာသနာ့ဟိတ အသင်းကြီး"** ၏ သာသနာပြုသက်တမ်းသည် နှစ်ပေါင်းတစ်ရာ ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ ထို **နှစ်တစ်ရာပြည့်အခမ်းအနားကို** အောင်မြင်စွာကျင်းပနိုင်ခဲ့ကြပါသည်။

ဤအသင်းကြီးမှ နှစ်ပေါင်းတစ်ရာအတွင်း မွေးထုတ်ခဲ့သော – **"အဘိဝံသ"** ဘွဲ့တော်ရ သာသနာ့သူရဲကောင်း၊ သာသနာ့အာဇာနည်၊ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ် တို့ ရာပေါင်းများစွာပေါ်ထွက်ခဲ့၍ ဘုရားမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ကြပြီး၊ ရွက်ဆောင်တော်မူကြဆဲ, ရွက်ဆောင်တော်မူကြလတ္တံ့ ဖြစ်ပါသည်။

တိပိဋကဓရ, ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသသည် မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးမှ သီးခြားစာချတန်း အဋ္ဌကထာကြီး သုံးကျမ်းကို နှစ်မခြားဘဲ ဆက်တိုက်ထူးကဲစွာ အောင်မြင်တော်မူသဖြင့် **"ပရိယတ္တိသာသနာ့ဟိတ အဘိဝံသ ဓမ္မာစရိယ(ဝဋံသကာ) ဦးစိုက်ပန်း"** ဘွဲ့ထူးနှင့် ရွှေတံဆိပ်တော်ကို ပထမ ဦးဆုံး ရရှိခဲ့ကြောင်း ကြည်ညိုမှတ်သားရပါသည်။

နယားဆရာတော်ဖြစ်လာမည့် လောင်းလျာဘဝ – ဦးမေဓိယသည်လည်း ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးမှ ကျင်းပပြုလုပ်သော စာမေးပွဲကို အောင်မြင်သဖြင့် **"ဦးမေဓိယာဘိဝံသ"** ဟု ခေါ်တွင်သည်။ နောင်တွင် **ပရိယတ္တိ သာသနာ့ဟိတ ဓမ္မာစရိယ (သီးခြားစာချ)** ဖြစ်သည်။ လိုအပ်၍ စာမေးပွဲ မေးခွန်းပုစ္ဆာများအတွက် တောင်းပန် လျှောက်ထားသည့်အခါ – ရေးသားချီးမြှင့်ပေးခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၄၉–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးကြီးမှ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသအား **"အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီး"** အဖြစ်ချီးမြှင့်သည်။ မြန်မာသက္ကရာဇ် ၁၃၁၆–၁၃၁၈ ခုနှစ် တွင် ကျင်းပသော ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ကြီးတွင် **"ဆဋ္ဌသင်္ဂါယနာ ပါဠိ ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်"** ဖြစ်တော်မူသည်။

နယားဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (မြန်မာသက္ကရာဇ် ၁၂၇၃–ခုနှစ်မှ ၁၃၆၇–ခုနှစ်ထိ)၊ (ခရစ်နှစ် ၁၉၁၁–ခုနှစ်မှ ၂၀၀၅–ခုနှစ်ထိ) (၉၄)နှစ်တိုင်တိုင် ရာစုနှစ် တစ်စုနီးပါး သာသနာပြုလုပ်ငန်းများကို ကြိုးပမ်း အားထုတ်ခဲ့သော ဆောင်ရွက်ချက်များသည် –

**"ယောခေါ အာနန္ဒမယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သောဝေါမမစ္စယေန သတ္ထာ"**

ဟူ၍ ဓမ္မဝိနိယအားဖြင့် နှစ်ပါးပြားသော ဘုရားရှင် စကားတော်မြတ်ပရိယတ်ကို ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီးနောက်၊ ကိုယ်တော့်အရာ၌ မိန့်မှာမြွက်ကြားထားတော်မူခဲ့သည်ကို လည်းကောင်း။

**"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏ"** ဟူ၍ သာသနာတော်အရှည်ခံ့တည်တံ့နိုင်ရေးအတွက် ပရိယတ်သည်သာ လိုရင်းပဓာန ဖြစ်ကြောင်း အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုခဲ့သည်ကိုလည်းကောင်း၊ အသီးသီးထောက်ဆ၍ ပိဋကသုံးသွယ်, နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟု ဆိုအပ်သော ပရိယတ္တိသဒ္ဓမ္မ ထွန်းပထိန်လင်းလျက် ဘုရားရှင်ကိုယ်တော်စား သတ္တဝါအများတို့အား ဟောကြားညွှန်ပြ သြဝါဒပေးနိုင်ရေး၊ သတ္တဝါအများတို့ နည်းမှန်, လမ်းမှန်, အကျင့်မှန် တို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များ ဖြစ်သည့်အပြင်၊ ဗုဒ္ဓမြတ်စွာသာသနာတော် အရှည်ခံ့၍တည်တံ့ပြန့်ပွား ထွန်းကားတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသာဖြစ်၍ စင်စစ် ဝမ်းမြောက်ဖွယ်ရာ သာသနာပြုကောင်းမှု ကုသိုလ်ထူးကြီးဖြစ်ကြောင်း၊ ပညာရှိသူတော်ကောင်းတိုင်း နှစ်ထောင်းအားရချီးကျူးကြရမည့် နိဗ္ဗာန်ဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်နိုင်ကြောင်း အားကောင်းသော ဥပနိဿယ်ပစ္စည်း အထောက်အပံ့ ဖြစ်ပေသည်။

ထို့ကြောင့်၊ သာသနာတော်အရှည်ခံ့၍ တည်တံ့ပြန့်ပွား ထွန်းကားရေးကို အားပေးလိုသော ကုသိုလ်ဆန္ဒ အပြည့်အဝရှိကြသည့် သာသနာ့ဒါယကာ, သာသနာ့ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည် –

**"ငါတို့သည်ကား ဘုရားမြတ်စွာသာသနာတော်အရှည်တည်ကြောင်း ကောင်းမွန်မြင့်မြတ်သည့် ပရိယတ္တိ သာသနာပြုလုပ်ငန်း ကိစ္စကို လေးဝသောဝီရိယဖြင့် အဆပေါင်းများစွာ တိုး၍, တိုး၍ ကြိုးပမ်း အားထုတ် ကြရမည်"** ဟု အဓိဋ္ဌာန်ပြုလျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်, ဝမ်းသာ ဆရာနှင့်ဒကာ တိုင်ပင်ကာဖြင့်

**သာဂါရာ အနာဂါရာ စ ၊ ဥဘော အညောညနိဿိတာ။**
**ပဂ္ဂဏှန္တု မုနိန္ဒဿ ၊ တိဗ္ဗိဓံ သာသနံ ဝရံ။**

| | | |
|---|---|---|
| **သာဂါရာ** | = | အိမ်ရာတည်ထောင် လူတို့ဘောင်ဝယ် ခေါင်းဆောင်ရှေ့သွား ဒကာ, ဒကာမ အများတို့သည်။ |
| **အနာဂါရာ စ** | = | အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား ဆရာတော်ဘုရားတို့သည် လည်းကောင်း။ |
| **ဥဘော** | = | ဆရာ, ဒကာ ညီညာပေါင်းရုံး နှစ်ဦးစလုံးတို့သည်။ |
| **အညောညနိဿိတာ** | = | ကျွန်းကိုင်းမှီ– ကိုင်းကျွန်းမှီသို့ ပ, မည်မယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ |
| **မုနိန္ဒဿ** | = | မုနိထွတ်တင် ဘုရားရှင်၏။ |
| **တိဗ္ဗိဓံ** | = | ပရိယတ်, ပဋိပတ်, ပဋိဝေဓ အားဖြင့် သုံးပါးအပြားရှိသော။ |
| **သာသနံ ဝရံ** | = | ထွတ်မြတ်လှစွာ သာသနာတော်ကို။ |
| **ပဂ္ဂဏှန္တု** | = | ယခု, နောက်သား အကျိုးများအောင် နှစ်ငါးထောင်သာမကပါဘဲ၊ ရှည်ကြာတည်ထွန်း နေစကြဝဠာသို့ ရွှန်းရွှန်းဝေဖြာ ထွန်းလင်းသာအောင် ညီညာဝမ်းမြောက် ကူပင့်ဆောင်လျက် ချီးမြှောက်နိုင်ကြပါစေကုန်သတည်း။ |



ဘဒ္ဒန္တ ကုမာရ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ – ဥက္ကဋ္ဌ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ သြဝါဒါစရိယ၊
ရန်ကုန်မြို့၊ အောက်မြန်မာပြည်။

## ၃။ နှစ်သက်ရှင်လန်း ပီတိပန်း

သာသနာတော်နှစ် ၂၅၅၀–ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈–ခုနှစ်၊ တပို့တွဲလဆန်း (၃)ရက်၊ ခရစ်နှစ် ၂၀–၁–၂၀၀၇ ခုနှစ်၊ စနေနေ့၊ နံနက် (၈း၀၀)နာရီခန့် အချိန်တွင် ဒကာ ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ)သည် အကယ်ဒမီ ရွှေသန့်စင် ဦးသူတော် + (ဒေါ်ခင်စိန်) သာသနာပြုမိသားစု၏ ဆက်သွယ်လမ်းညွှန်ပြသမှုဖြင့် မန္တလေးတောင်ခြေရှိ အဘယာရာမ မိုးထိတိုက်၊ ဓမ္မာအေးပရိယတ္တိစာသင်ကျောင်း ဘုန်းကြီး (ဤစာရေးသူ)ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ပြီး၊ သူ ရေးသားထုတ်ဝေခဲ့သော – ကုလုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ (သက်တော်–၉၆ နှစ်)၊ တောင်ငူမြို့၊ ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း (သက်တော်–၉၉ နှစ်)၊ တုန္နိုင်းမဲ့ဗုဒ္ဓခြေတော်ရာ အစရှိသော ဘာသာရေး စာအုပ်များကို လှူဒါန်းခဲ့ပါသည်။

ဘုန်းကြီးသည် နယားဆရာတော်ကြီး၏ တပည့်ရင်းချာ အန္တေဝါသိက တစ်ဦးဖြစ်၍၊ နှစ်ပေါင်းလေးဆယ်ခန့် နယားဆရာတော်ကြီးနှင့် အတူနေထိုင်ခဲ့ဖူးပါသည်။ သို့ဖြစ်ရာ ကျောင်းကိုပင် လွှဲအပ်ခြင်းခံရသူတစ်ဦးဖြစ်သည်။ နယားဆရာတော်ကြီးနှင့် ပတ်သက်၍ **"တစ်ဘဝသာသနာ မြတ်ကျမ်းစာ"** အမည်ရှိ သာသနာဝင်မှတ်တမ်းကို ထုတ်ဝေရန်စီစဉ်နေကြကြောင်း ဘုန်းကြီး၏ တပည့် ဒကာ, ဒကာမများထံမှ မကြာမီက ကြားသိသိရှိနေခဲ့ပြီး ဖြစ်ပါသည်။

ယခု ဤစာအုပ်စီစဉ်သူ ဦးအောင်မြင့်ထွန်း ကိုယ်တိုင် နယားဆရာတော်ဘုရားကြီး၏ အကြောင်း အရာများနှင့်ပတ်သက်၍ မိမိထံမှ သိရှိလိုသဖြင့် ကံစွမ်းရှိသမျှ, ဉာဏ်စွမ်းရှိသမျှ အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ မိန့်ကြားပေးပါဟု လိုလိုလားလား လျှောက်ထားလာခဲ့ပါသည်။ ဘုန်းကြီးအထူးပင် အံ့ဩဝမ်းမြောက်သွားပါသည်။ အကြောင်းမှာ ဘုန်းကြီးထံတွင် ဆရာတော်ကြီးနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာက စုဆောင်းလာခဲ့သော အကြောင်းအရာ အချက်အလက် မှတ်တမ်းများစွာရှိနေပါသည်။ နယားဆရာတော်ကြီး၏ သာသနာဝင် မှတ်တမ်းကို အမှန်တကယ်ပြုစု သင့်သူများမှာ တပည့်ရင်းချာများ၏ တာဝန်သာဖြစ်ပေသည်ဟု ဘုန်းကြီးက ခံယူထားပါ၏။ သို့သော် ဆရာတော် ကြီး၏ တပည့် ကြီး– ငယ် အသီးသီးတို့သည် ကိုယ်စီ, ကိုယ်စီ စာပေကျမ်းဂန်များ ပို့ချပေးနေကြရခြင်း၊ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းများပြုစုနေကြရခြင်း၊ အခြား, အခြားသော ကျောင်းတိုက်တာဝန်၊ ဒကာ, ဒကာမများ၏ သာရေး, နာရေးကိစ္စ အစရှိသည်တို့ဖြင့် မအားလပ်ရအောင်ပင် သာသနာပြုတာဝန်များ ဆောင်ရွက်နေကြရသည်။ ဦးအောင်မြင့်ထွန်းသည် သမိုင်းအတွက် အမှန်တကယ် လိုအပ်ချက်တစ်ခုကို ပါရမီဖြည့်ဆည်းပေးသည်ဟု နားလည် မိသည်။

သူတော်စင် ဒကာ– စာရေးဆရာ ဦးအောင်မြင့်ထွန်းက နယားဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ဓမ္မပူဇာ၊ ဓမ္မရတနာ၊ ဓမ္မဒါန အဖြစ် အောင်မြင်အောင် တာဝန်ခံစီစဉ်ပူဇော်ထုတ်ဝေမည်ဟု ဆိုလာသည်ကိုပင် အထူး ကျေးဇူးတင်၍ မဆုံးနိုင်ပါ။ နယားဆရာတော်ကြီး၏ အကြောင်းအရာကို ပြုစုရာတွင် မှန်ကန်တိကျရန်၊ ဓမ္မဝိနယ နှင့် အညီဖြစ်ရန် အထူးအရေးကြီးပါသည်။ ဆရာတော်ကြီး ကိုယ်တိုင်ကလည်း မှန်မှန်ကန်ကန် တိတိကျကျ ဓမ္မ ဝိနယနှင့်အညီ တစ်သဝေမတိမ်း ဆောင်ရွက်ခြင်းကိုသာ လိုလားနှစ်သက်တော်မူပါသည်။ အသစ်အဆန်းထွင်ခြင်းကို မကြိုက်၊ မနှစ်သက်ပါ။ သာသနာတော်နှင့် ပတ်သက်၍ အရေးကြုံလာ ပြီဆိုလျှင် မည်သည့်ပုဂ္ဂိုလ်၏ မျက်နှာကိုမျှ မထောက်၊ အမှန်ဘက်ကရပ်တည်ကာသာ ပြောဆို, ထောက်ခံ, ဆွေးနွေးပါသည်။ ဘုရားဟော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကိုပင် သင့်၏, မသင့်၏ ချင့်ချိန်စဉ်းစား ပြင်ဆင်မှတ်တမ်းတင်သော ထူးခြားသော စွမ်းရည်ရှိသည့် ဆရာတော် ကြီးတစ်ပါး ဖြစ်သည်။ **"ပိဋကဝိသောဓနီကျမ်း"** တစ်ခုတည်းကို လေ့လာကြည့်ခြင်းဖြင့်ပင် ကောင်းစွာ သိရှိနိုင် ပါသည်။

သမိုင်းအဆက်ဆက်, ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ပြီဖြစ်၍ ပေစာများ ရေးကူးရာတွင် ချို့ယွင်းခြင်း၊

ပုံနှိပ်တိုက်များက ရိုက်နှိပ်ရာတွင်အက္ခရာချွတ်ချော် တိမ်းပါးခြင်း စသည့်တို့ကြောင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အချို့၌ အမှားအယွင်းများ ဖြစ်ပေါ်လာခဲ့ရသည်။ ထိုအမှားအယွင်းများကို နယားဆရာတော်ကြီး၏ သီလ, သမာဓိ, ပညာစွမ်းဖြင့် ယုံမှားသံသယကင်းလွတ်အောင်ပင် ကြိုးစားပမ်းစား ပြင်ဆင်ပေးနိုင်ခဲ့သည်။ ထိုအောင်မြင်မှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် အများပြည်သူ ဒကာ, ဒကာမများက အလွန်လေးစားကြည်ညို သဒ္ဓါတရားပွားကြရပါသည်။ နှစ်သက်ရွှင်လန်းခဲ့ကြရပါသည်။ ကမ္ဘာ့နိုင်ငံသူ, နိုင်ငံသား အသီးသီးကလည်း အလွန်အံ့ဩဝမ်းမြောက်စွာ သာဓုခေါ်ဆိုခဲ့ကြရပါသည်။

ထို့ပြင်၊ နယားဆရာတော်ကြီးသည် အနယ်နယ်အရပ်ရပ်က ပေးပို့သော သံသယဖြစ်ဖွယ်ကိစ္စရပ်များ၊ အမေးပြဿနာရပ်များကို ဓမ္မဒါနအဖြစ် ကရုဏာ မေတ္တာရှေ့ထားကာ အမှန်အတိုင်းဖြစ်အောင် ဝမ်းမြောက်, ဝမ်းသာဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

**ပုစ္ဆိတပဉှံ ဝိဿဇ္ဇေတိ** (သံ၊ ၄၊ ၁။ ၇၉)။

အဋ္ဌကထာအကျဉ်း ကောက်နုတ်ချက် ဖြစ်သည်။ **"နာနာပဉှ ဗျာကရဏီကျမ်း"** ကို ကြည့်၍ သိရှိနိုင်ပါသည်။ ဘုရားဟောကျမ်းစာများတွင် သက္ကတ–မာဂဓ၊ သက္ကတနုလောမ, မာဂဓာနုလောမ နှစ်မျိုးရှိရာ မာဂဓကို အထူးလေးစား၍ **"ဓိနဝစနာ၊ မာဂဓာ၊ ကာလ မြင့်ရှည်တည်ပါစေ"** ဟု ရေးသားခဲ့သည်။

ဤစာရေးသူက နောက်ဆုံးအနေဖြင့် မိန့်ကြားလိုသည်မှာ – နယားဆရာတော်ကြီး၏ တစ်ဘဝဖြစ်စဉ်သာသနာအကြောင်းအရာများကို ဒကာ–ဦးအောင်မြင့်ထွန်းက စာအုပ်အဖြစ် စုစည်းထုတ်ဝေ ပုံနှိပ်ဖြန့်ချိသည်ကား

**"အမတံဒဒေါစ သော ဟောတိ၊ ယော ဓမ္မ မနုဿသတိ"** (၁။ သံ၊ ၁။ ၂၉။)

စာပေရေးသား တရားဟောစာချ၊ ဓမ္မသဘင်၊ ပြုဆင် ယင်၍၊ စာစဉ်ဓမ္မ၊ ဖြန့်ဝေငှလျှင်၊ အမတအလှူပေးသူမည်၏– ဟု စာလာ, ပေလာ ရှိသောကြောင့် နိဗ္ဗာန်အလှူ ပေးလှူသည်ဟုသာ ဆိုချင်ပါပေတော့သတည်း။

သာသနာတော်နှစ် – ၂၅၅၀ ပြည့်နှစ်၊
ကောဇာသက္ကရာဇ် – ၁၃၆၈ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊
ခရစ်နှစ် – ၂၄–၁–၂၀၀၇ ခုနှစ်၊ ဗုဒ္ဓဟူးနေ့။



ဘဒ္ဒန္တ နန္ဒိယ
နယားဆရာတော်ကြီး၏ အန္တေဝါသိကတပည့်
ဂဏဝါစက၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊
တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု၊
ဇမ္ဗူအေးပရိယတ္တိ စာသင်ကျောင်း၊
အဘယာရာမ မိုးထိတိုက်၊ မန္တလေးတောင်ခြေ၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

## ၄။ ဆန္ဒရှိလျှင် အရာရာပြီးနိုင်သည်



### (၁) မြင့်မြတ်သူတို့၏ ပါရမီကို ကျမ်းမြတ်တစ်ဆူ သမိုင်းထူ၏

**"အလွန်အပြောကျယ်လှသော ပင်လယ်ပြင်ကြီးဝယ် မျောချင်တိုင်းမျောနေသော ထမ်းပိုးတုံးကြီး၏ တစ်ခုတည်းသော အပေါက်နှင့်၊ ပင်လယ်ပြင်အောက်တွင် ကျက်စား၍ အနှစ်တစ်ရာကြာမှ တစ်ကြိမ်သာပေါ်လာလေ့ရှိသော လိပ်ကန်းကြီး၏ ဦးခေါင်းတို့ တန်းတန်းမတ်မတ် အံကျစွပ်မိဖို့ထက်၊ တစ်ကြိမ်ဂတိလွဲမှားသူအတွက် လူ့ဘဝရရှိဖို့က ပို၍ခဲယဉ်းသည်"** ဟု မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။ ဤရခဲလှသော လူ့ဘဝကို မြတ်နိုး, တန်ဖိုးထားတတ်သူများကသာ၊ ထိုဘဝကို အရင်းတည်၍ မြင့်မြတ်သောလုပ်ငန်းများကို ပါရမီဖြည့်သည့်အနေဖြင့် အဓိပ္ပာယ်ရှိရှိ ကြိုးစားလုပ်ကိုင်ကြလေ့ရှိပေသည်။ ပါရမီကုသိုလ်ထုပ်ကိုလည်း ကြီးသည်ထက်ကြီးအောင် ရင်းနှီးမြှုပ်နှံ ပေးဆပ်ကြလေ့ရှိကြကုန်၏။ မြင့်မြတ်သူတို့၏ ပါရမီလုပ်ငန်းဆိုသည်မှာ – အတ္တနှင့် ပရ, လောကနှင့် သံသရာ နှစ်ဖြာကောင်းကျိုးကို ဆောင်ရွက်ကြခြင်းသာဖြစ်ပေသည်။

**"ကမ္မလက္ခဏော ပဏ္ဍိတော၊ အပဒါန သောဘနီ ပညတ္တိ"**

ပညာရှိပုဂ္ဂိုလ်မွန်၏ အမှတ်အသားမှာ – သူ၏ဆောင်ရွက်ချက်များပင်ဖြစ်သည်။ ထိုဆောင်ရွက်ချက်များကောင်းလျှင်ကောင်းသလောက် ပညာရှိဟုထင်ပေါ်လာသည်။ ပညာရှိပုဂ္ဂိုလ်မွန်တို့၏ ဂုဏ်ရနံ့သည် ကမ္ဘာအလယ်တွင် ထာဝစဉ်သင်းပျံ့မွှေးကြိုင် စွဲကျန်ရစ်လေ့ရှိ၏။ သူ၏ လုပ်ဆောင်ချက်များနှင့် ဆုံးမဩဝါဒများသည် ဘဝမီးရှူးတန်ဆောင်ကြီးများအဖြစ် ထိန်လင်းထွန်းတောက် တည်ကျန်ရစ်ခဲ့ကြ၏။ ထိုပညာရှိပုဂ္ဂိုလ်သီလမွန်တို့၏ အကြောင်းဖြစ်ရပ်များကို လွယ်လွယ်ကူကူနှင့် မမေ့ရက်နိုင်ကြပေ။ ပြောစမှတ်ပြုကြရပေသည်။ သို့ဖြစ်ရာ – ထိုပညာရှိ ပုဂ္ဂိုလ်သီလမွန်တို့၏ တစ်ဘဝခန္ဓာအတွင်း လုပ်ဆောင်ချက်ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိတို့ကို ခရေစေ့တွင်းကျ လေ့လာမှတ်သားမှတ်တမ်းတင်ကြရခြင်းသည် အမှန်တကယ်လုပ်ဆောင်သင့်သော တာဝန်ကြီးတစ်ရပ် ဖြစ်ပေ၏။ ထိုသူတို့၏ သမိုင်းကား စာပေနယ်တွင် တိမ်ဖုံးသောလပမာ တိမ်မြုပ်ပျောက်ကွယ်ခြင်း ကွက်လပ်ကျန်နေခြင်း မဖြစ်သင့်, မဖြစ်ထိုက်, မဖြစ်အပ်ပါပေ။ မှတ်တမ်းဟူသည် ရှေးဟောင်းပစ္စည်းတစ်ခုကဲ့သို့ အချိန်ကြာလေတန်ဖိုးမြင့်တက်လာလေသာဖြစ်ပေသည်။ မှတ်တမ်းတင်ခြင်းသည် အနာဂတ်ကာလအတွက် အလွန်အကျိုးပြု၏။ မှတ်တမ်းရေးခြင်းသည် ရေးသူကို စိတ်အေးငြိမ်းချမ်းသာမှု ရရှိစေသည့်အပြင် သာသနာပြုခြင်းတစ်မျိုးလည်း မည်ပေ၏။ ဖတ်သူအတွက်လည်း ယူတတ်လျှင် **"ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍၊ ကောင်းမှုအထွေထွေ ရစေနိုင်ပေသည်။"**

ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းတွင် သမိုင်းတင်, သမိုင်းဝင် ကမ္ပည်းမော်ကွန်း ရေးထိုးမှတ်တမ်းတင်ရလောက်အောင်ပင် နယားဆရာတော်ဘုရားကြီး (ကောဇာသက္ကရာဇ် ၁၂၇၃–၁၃၆၇) သည် သာသနာ့အတွက်ဆိုရင် အသက်ကိုပင် ပေးရန်ဝန်မလေးဘဲ၊ ရဲရဲဝံ့ဝံ့သတ္တိရှိရှိ ပြောင်မြောက်စွာ မှန်မှန်ကန်ကန် လုပ်ဆောင်ခဲ့ကြောင်း ဆောင်ရွက်ချက်များက သက်သေသာဓကပြလျက် ရှိနေပေသည်။

**"ဆရာများ၏၊ ကြိုးစားလုပ်ရပ်၊ အတ္ထုပ္ပတ်ကို၊ ကျမ်းမြတ်တစ်ဆူ၊ သမိုင်းထူ၏၊ မိုလ်လူအများ၊ ဤယောက်ျားကို၊ စံထားသမှု၊ ပမာပြု၍၊ လူ့ဘသာသနာ၊ ထွန်းစိမ့်ငှာဟု၊ ဒေသစာစက်၊ ခုဖြန့်ကျက်လော့၊ အခက်အခဲ၊ ရှိစမြဲတည့်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျင်၊ သုခအကျိုး၊ ဆယ်ဆတိုးလိမ့်"**။

(မြောင်းမြ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိက)

## (၂) နယားဆရာတော်ကြီး၏ တစ်ဘဝသာသနာပေါ်ထွက်လာရန် အခြေအနေပေးလာပြန်

ဤစုစည်းတင်ပြသူသည် ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင်သာသနာ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန မဟာနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်သက်တော်ရှည် ပထမဆီးဖြူပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်းကို သာသနာတော်နှစ် ၂၅၅၀–ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈–ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ ခရစ်နှစ် ၂၀၀၇–ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်၊ သောကြာနေ့ (ရာသက်ပန် ဘေးမဲ့သားလွှတ်ဆရာတော်ကြီး၏ သက်တော် (၉၈)နှစ်ပြည့် မွေးနေ့ ဝိဇာတမင်္ဂလာ)၊ သက်တော် (၉၉)နှစ်၊ သိက္ခာတော် (၄၉)ဝါ ထဲအရောက်တွင် ထုတ်ဝေရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေဆဲကာလ – ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ ဝဋံ့သကာ၊ ပါဠိပါရဂူ၊ **သ.စ.အ** ဓမ္မာစရိယ)က ဗုဒ္ဓခြေတော်ရာရေစက်နှင့်ပတ်သက်၍ အမှာစာရေးသားချီးမြှင့်ပေးခဲ့ရာ

(က) စက်လက္ခဏာပိုင်ရှင်၊
(ခ) တွေ့မြင်ဖူးချင်သော ဆရာတော်နှင့်ပုံတော်၊
(ဂ) ဒေါက်တာသေလာ၏ ခြေတော်ရာစာတမ်း၊
(ဃ) ခြေတော်ရာသာသနာပြုကြိုပုံ၊
(င) ခြေတော်ရာကြည်ညိုသော ဆရာတော်ကြီး၊
(စ) ခြေတော်ရာကြည်ညိုသော မိသားစု၊
(ဆ) ဖူးမြင်ရသော ဆီးဖြူပင်ဆရာတော်ကြီး၊
(ဇ) ဆရာတော်ကြီးထံမှ တရားနာကြားရခြင်း၊
(ဈ) ခြေတော်ရာရေစက်ဖြင့် တွေ့ဆုံကြသူများ၊
(ည) မှတ်တမ်းတင်စာအုပ် တန်ဖိုး ဟူ၍ အပိုဒ်ငယ်ဆယ်ခုပါရှိလာပါသည်။







ဆရာတော်က မိမိအား ထိုအမှာစာချီးမြှင့်ပေးခဲ့သည့် အချိန်ကား – သာသနာတော်နှစ် ၂၅၅၀–ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈–ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်၊ ခရစ်နှစ် ၂၀၀၆–ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်၊ အင်္ဂါနေ့ည (၈း၀၀)နာရီ ဖြစ်သည်။ မိမိကအမှာစာကို ချက်ခြင်းဖတ်ကြည့်ရာ (က)မှ (ဈ)ထိ ကောင်းစွာနားလည်းသဘောပေါက်ရှင်းလင်းသော်လည်း၊ (ည)နှင့်ပတ်သက်၍ ညွှန်နစ်သော ပတ္တမြားအလား ကဲ့သို့ မရှင်းမလင်းဖြစ်နေပါသဖြင့် မည့်သည့်အကြောင်းကြောင့် ရေးသားရသည်ကို အမိန့်ရှိတော်မူပါဘုရားဟု လျှောက်ထားမိပါသည်။

ဆရာတော်ကလည်းရှင်းလင်းဖြေကြားမိန့်တော်မူပါသည်။ အပြည့်အစုံမှာ – **"ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ မည်မျှပင်ပေါ်ထွန်းလာပါသော်လည်း၊ ထိုပုဂ္ဂိုလ်တို့၏ ဒကာ, ဒကာမများ မည်မျှပင် သဒ္ဓါတရား ရှိကြပါသော်လည်း မှတ်တမ်းတင်မည့်သူများ မရှိခဲ့လျှင်၊ စာအုပ်အဖြစ် တိတိကျကျမှတ်တမ်းတင် မကျန်ရစ်နိုင်ပေ။ စာအုပ်အဖြစ် မှတ်တမ်းတင်မကျန်ရစ်ခဲ့လျှင် ထိုပုဂ္ဂိုလ်ထူးများ ကွယ်လွန်, ပြန်လွန်တော်မူသွားသည်နှင့် မကြာမြင့်မီပင် ထိုပုဂ္ဂိုလ်ထူးတို့၏ ကြည်ညိုဖွယ်ရာဂုဏ်များ၊ အားကျအတုယူဖွယ်ရာများ၊ လိုက်နာကျင့်သုံးစရာ ဩဝါဒများလည်း ပျောက်ကွယ်သွားကြသဖြင့် လွန်စွာဝမ်းနည်းဖွယ်ပင်ဖြစ်သည်။"**

ဤအမှာစာရေးသူသည် မှတ်တမ်းတင်စာအုပ်တန်ဖိုးကို ထိုကဲ့သို့အကျယ်တဝင့် ရှင်းပြရခြင်းမှာ – စာရေးသူက ကိုယ်တိုင်ခံစားချက်အပြည့်ရှိသောကြောင့် ဖြစ်ပါသည်။ ယခုမူ၊ သက်တော်ထင်ရှားရှိဆဲမှာပင် ဆီးဖြူပင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းကို စာရေးဆရာဒကာ ဦးအောင်မြင့်ထွန်းက စာအုပ်အဖြစ် သာသနာဝင် မှတ်တမ်းတစ်စောင် တင်လိုက်နိုင်သဖြင့် – **"အရှည်မကြာ၊ ကိုယ်ခန္ဓာကား၊ တစ်ရာအနှစ်၊**

**ကိုယ်၌ဖြစ်သား၊ ပြန်စစ်နိုင်းလျော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်စမ်း၊ ကမ္ဘာကျွမ်းလည်း၊ လူပြည်နတ်ရပ်၊ ပွဲတင်ထပ်လိမ့်"** - ဟူသော ဝိဇ္ဇာရှိ့လာအရ ဆီးဖြူပင်ဆရာတော်ကြီး၏ သြဝါဒသာသနာကား အရှည်တည်တံ့လျက် ကာလကြာမြင့်စွာ တည်ရှိနေမည် ဖြစ်ပါတော့သည်။

ထို့အတူ၊ မိမိတို့၏ ဆရာ့ ဆရာဖြစ်တော်မူသော နယားဆရာတော်ဘုရားကြီးကိုလည်း ဤသို့ပူဇော်ခွင့် ရရှိလိုသောဆန္ဒပြင်းပြတော်မူနေပါသည်ဟု ဤ စာရေးသူ ဒကာ- ဦးအောင်မြင့်ထွန်း အား မိန့်ကြားလာပါသည်။

အထက်ဖော်ပြပါ ရှင်းလင်းချက်ကြောင့် လုရတနာဆရာတော်၏ အလိုဆန္ဒလည်း ပြည့်ဝသွားစေ၊ ဤ စုစည်းတင်ပြသူကလည်း ကျေးဇူးဆပ်ပြီးသား ဖြစ်ပါစေ၊ နယားဆရာတော်ဘုရားကြီး၏ သီလရနံ့လည်း ကမ္ဘာအနှံ့ သင်းပျံ့မွှေးပါစေဟု စေတနာထား၍ - **"နယားဆရာတော်ကြီး၏ တစ်ဘဝသာသနာမြတ်ကျမ်းစာ"** သာသနာဝင် သမိုင်းမှတ်တမ်း စုစည်းတင်ပြပေါ်ထွက်လာစေရန် စတင်သန္ဓေတည်လာခဲ့သည့် အကြောင်းရင်းတစ်ခု ဖြစ်ပေသည်။

## (၃) သာသနာဝင်မှတ်တမ်း လျင်မြန်စွာပေါ်ထွက်ရေး ဆရာတော်ကြီးများ ဝိုင်းဝန်းကူညီပေး

ဤစုစည်းတင်ပြသူသည် ကောဇာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ခရစ်နှစ် ၆-၁၀-၂၀၀၆ ခုနှစ်၊ သောကြာနေ့တွင် အထက်မြန်မာပြည်၊ မန္တလေးတိုင်း၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဘဒ္ဒန္တ ပညာသိရီဘိဝံသ (သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ) ထံ **"နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာမြတ်ကျမ်းစာ"** ကိစ္စနှင့် ပတ်သက်၍ လျှောက်ထားတင်ပြမိပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်၊ မင်္ဂလာဗိမာန်ဆရာတော်နှင့် ဤစာရေးသူသည် ဆရာ- ဒကာအရင်း ဖြစ်ကြသည့်အားလျော်စွာ အစွမ်းကုန် ကူညီပေးပါမည်ဟု မိန့်ကြားလာပါသည်။

ထို့နောက်၊ များမကြာမီ ဤစာရေးသူသည် မင်္ဂလာဗိမာန်ဆရာတော်ထံ ထပ်မံရောက်ရှိခဲ့ရာ - ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ဆင်မင်းဆရာတော်ကြီးအား နယားဆရာတော်ကြီး၏ တစ်ဘဝသာသနာကို ဒကာ ထုတ်ဝေမည် ဆိုလျှင် ခွင့်ပြုပေးပါရန်နှင့် လိုအပ်သော မှတ်တမ်း, မှတ်ရာများကို ရှာဖွေစုဆောင်းပေးပါရန် စီစဉ်ခဲ့ပြီးဖြစ်သည်။ စာရေးသူအား ဆင်မင်းဆရာတော်ကြီးထံ အမြန်ဆုံးဆက်သွယ်ကာ သွားရောက်ဖူးမြော် လျှောက်ထားရန် မိန့်ကြားလာပါသည်။ ဆက်လက်၍၊ **"နယားဆရာတော်ဘုရားကြီး၏ မဟာထေရ ဂုဏဝိသိဋ္ဌပူဇာ ထုတိ ဝေဒလင်္ကာတော်"** လည်း တစ်ပါတည်း ချီးမြင့်ပေးလိုက်ပါသည်။

တစ်ဖန်၊ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ ဘီအေ) ကလည်း ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ဂုဏဝတီကျောင်းဆရာတော်ကြီးထံ ဆက်သွယ်ပေးကာ သွားရောက်ဖူးမြော် လျှောက်ထားရန် မိန့်ကြားလာပါသည်။

ဤသို့ဖြင့်၊ သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်၊ ခရစ်နှစ် ၁၇-၁၀-၂၀၀၆ ခုနှစ်၊ အင်္ဂါနေ့တွင် ဒက္ခိဏာရာမဘုရားကြီးတိုက်ရှိ ဆရာတော်ကြီးများထံ သွားရောက်ဖူးမြော်ကာ နယားဆရာတော်ကြီးကိစ္စနှင့်ပတ်သက်၍ အစီအစဉ်များကို လျှောက်ထားတင်ပြခဲ့ပါသည်။ ဤ စာရေးသူစီစဉ်ပူဇော်ထုတ်ဝေခဲ့သော - ကုံလုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြိုတစ်ဘဝသာသနာ၊ ဆီးဖြူပင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ သြဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း၊ မန္တလေးမြို့ တကောင်းကျောင်း တိုက်၏ အရပ်ာ ရန်အောင်ဘုန်းပွင့် စေတီတော် သမိုင်းမှတ်တမ်း၊ မဟာမုနိဣစ္ဆာသယ ဆုတောင်းပြည့် ပန်းပေါင်း ဘုရားနှင့် တုနှိုင်းမဲ့ ဗုဒ္ဓခြေတော်ရာ စာအုပ်များ အသီးသီးလှူဒါန်းခဲ့ပါသည်။

သာသနာတော်နှစ် ၂၅၅၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆)ရက်၊ ခရစ်နှစ် ၂၆-၁၀-၂၀၀၆ ခုနှစ်၊ ကြာသပတေးနေ့တွင် ဘုရားကြီးကျောင်းတိုက်ရှိ ဆင်မင်းဆရာတော်ကြီး ဘဒ္ဒန္တ သြဘာသာ

ဘိဝံသ၊ ဂုဏဝတီဆရာတော်ကြီး ဘဒ္ဒန္တကုသလာစာရာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒာစရိယ နှင့် ဘဒ္ဒန္တ ကောသလ (ခေါ်) ဦးဖိုးဆိုး သံဃာစုံညီအဖွဲ့မှ **"နယားဆရာတော်ကြီး၏ တစ်ဘဝသာသနာမြတ်ကျမ်းစာ"** သာသနာဝင်မှတ်တမ်းကို ထုတ်ဝေရန် လက်မှတ်ရေးထိုး ခွင့်ပြုပေးခဲ့ကြပါသည်။

ထို့နေ့မှာပင်၊ နယားဆရာတော်ဘုရားကြီးနှင့် ပတ်သက်သော ဘွဲ့တံဆိပ်တော်များ၊ မှတ်တမ်း၊ မှတ်ရာများ၊ သိတင်းသုံးတော်မူခဲ့သည့်အဆောင်၊ အခန်း၊ ပရိဘောဂများ စသည့်တို့ကို ရီရီဓာတ်ပုံတိုက်မှ ပညာရှင်တစ်ဦး၏ အကူအညီဖြင့် မှတ်တမ်းရယူခဲ့ကြပါသည်။

## (၄) ဩဝါဒကထာ ဆုံးမစာ၊ လိုက်နာကျင့်သုံးကြစေရာ

နယားဆရာတော်ဘုရားကြီးထံ အနယ်နယ်အရပ်ရပ်ရှိ တပည့်ဒကာ၊ ဒကာမ များက စာမေးလျှောက်ပွဲ၊ စာပြန်ပွဲ၊ ကျောင်းတိုက်ပွဲများ၊ ပူဇော်ပွဲများနှင့် အစည်းအဝေးပွဲများတွင် ဩဝါဒများ ချီးမြှင့်ပေးသနားရန် လျှောက်ထားတောင်းခံခဲ့လေ့ ရှိကြပါသည်။ ဆရာတော်ကြီးကလည်း အခါအားလျော်စွာ ဓမ္မရေးရာ ဩဝါဒကထာ ဆုံးမစကား၊ ဆုံးမစာများ ချီးမြှင့်တော်မူခဲ့လေ့ ရှိပါသည်။

ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများသည် လိုက်နာမှတ်သားဖွယ်ရာ ဓမ္မအရသာ၊ အနှစ်သာရတို့ဖြင့် ထာဝစဉ်ပြည့်နှက်လျက်ရှိနေပေသည်။ လူကြီး၊ လူရွယ်၊ လူငယ်မရွေး ဘာသာယဉ်ကျေးမှု၊ သာသနာယဉ်ကျေးမှု၊ လူမျိုးတိုးတက်မှု စသည့်တို့အပြင် စားတတ်၊ ဝတ်တတ်၊ နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ် ရှိစေရန် အတွက်လည်း သွန်သင်ပြသ လမ်းညွှန်ဆုံးမပေးတော်မူခဲ့ပါသည်။ **"သမာဓိအပျက်မခံ၊ သဒ္ဓါဓာတ် ထက်ထက်သန်သန်ဖြင့် ရိုးရိုးမှန်မှန် – မြင့်မြင့်ကြံကာ"** ဟောပြတော်မူခဲ့ပါသည်။ ကိုယ့်အတွက်ကောင်းကျိုး – **အတ္တဟိတ** နှင့် အများအတွက်ကောင်းကျိုး – ပရဟိတ လုပ်ငန်းနှစ်ဖြာ၊ ညီညာဖျဖျ ပြုကျင့် ဆောင်ရွက်တတ်သောပုဂ္ဂိုလ်များ ထွန်းကား လာစေရန် ရည်သန်တောင့်တတော်မူပါသည်။

လောကသားတို့၏ ခန္ဓာကိုယ်ကြီးကို ဇရာနှင့် ဗျာဓိ တရားတို့ စက္ကန့်မလပ် အမြဲဖိစီးနှိပ်စက်နေကြပုံ၊ ရဟန်းတော်များ ရှင်သာမဏေများ အနေဖြင့် ကုသိုလ်များများရအောင် ကြိုးစားအားထုတ်တတ်ရန် အရေးကြီးပုံ၊ ထေရဝါဒ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ရန်အတွက် စာပေပရိယတ် အလွန်အရေးကြီးပုံ၊ ထူးခြားသောတရားအရသာကို ရရှိခံစားကြ၍ ဓမ္မရတိပုဂ္ဂိုလ်အဖြစ် တရားဖြင့်သာ မွေ့လျော်နိုင်ကြရန် အရေးကြီးပုံတို့ကိုလည်း မြတ်စွာဘုရားရှင်၏ ဒေသနာတော်နှင့်အညီ မိန့်ကြားထားသည်မှာ ရဟန်းရှင်လူအားလုံး မဖြစ်မနေ လိုက်နာကျင့်သုံးကြစေရန် ဆလိုက် မီးမောင်းထိုးပြထားသည့်နယ် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် လူတိုင်း၊ လူတိုင်းအား ဆဝါလာတလူစား သူသေကောင်ဖုတ် ထင်းမီးစာများဘဝအဖြစ်မှ အမှန်တကယ် ကင်းဝေးစေလိုသော ဆန္ဒရှိသည်။ **"ရဟန်းတို့ အစွန်းနှစ်ဖက်မီးလောင်၍ အလယ်၌မစင်လူးသော သူသေကောင်ဖုတ်ထင်းမီးစသည် ရွာ၌လည်း သစ်သားဖြင့်ပြုအပ်သော ကိစ္စကို မပြီးစီးနိုင်၊ တော၌လည်း သစ်သားဖြင့်ပြုအပ်သော ကိစ္စကို မပြီးစီးနိုင်သကဲ့သို့၊ အကြင်ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတစ်ပါးအကျိုးစီးပွား အလို့ငှာလည်း မကျင့်၊ ဤပုဂ္ဂိုလ်ကို သူသေကောင်ဖုတ် ထင်းမီးစနှင့် တူ၏ဟူ၍ ငါဘုရားဆို၏"**။ (အင်္ဂုတ္တရ နိကာယ၊ စတုက္ကနိပါတ်၊ ဆဝါလာတသုတ်) (အံ ၁။ ၄၀၈။)

ဆရာတော်ဘုရားကြီး၏ စိတ်နှလုံးတော်တွင် သူတစ်ပါးအကျိုးကို လိုလားတောင့်တတော်မူသော မေတ္တာဓာတ်နှင့် ကြီးပွားတိုးတက်စေလိုသော ဖြူစင်မွန်မြတ်သည့်စေတနာဓာတ်တို့ ပေါင်းစပ်ကိန်းဝပ်နေသည်။ ဤ မေတ္တာ၊ စေတနာတို့မှ အခြေခံဖြစ်ပေါ်လာသော ဒေသနာတရားများနှင့် ဩဝါဒကထာ ဆုံးမစာများသည် နာကြားရသူ၊ ဖတ်ရှုရသူတို့အဖို့ ထူးခြားကောင်းမွန်သော အကျိုး၊ အကျိုးဆက်တရားများကိုသာ ဖြစ်ထွန်းစေမည် အမှန်ဖြစ်ပါသည်။

စိစဉ်သူအနေဖြင့် ဆရာတော်ကြီး၏ ဆုံးမစကား, ဆုံးမစာတို့ကို ပြန်လည်လိုက်လံရှာဖွေ စုဆောင်းရသည်မှာ လွယ်ကူသောကိစ္စတစ်ခုမဟုတ်ပါ။ အခက်အခဲပေါင်းများစွာ တွေ့ကြုံခဲ့ရပါသည်။ နေရာဒေသအသီးသီးသို့ သွားရောက်လေ့လာ မေးမြန်းစုံစမ်း ပြီးကာမှသာ အတော်အသင့် စုံလင်စွာ စုဆောင်းရရှိခဲ့ခြင်းဖြစ်ပါသည်။ **"စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ၊ ပြုရန်သာသနာ"** ဟူသော ဆောင်ပုဒ်ကို သံမှိုစွဲသကဲ့သို့ လက်ကိုင်ထားခဲ့ရပါ၏။

ဆရာတော်ကြီး၏ လောကကောင်းကျိုးပြုလုပ်ငန်းများကို မဆုတ်မနစ်တမ်း ကြိုးပမ်းအားထုတ်မှု နောက်ဆုံးတွင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန်ရည်ရွယ်လုပ်ဆောင်ချက်အားလုံးတို့သည် ဝိမုတ္တိနယ်ဘက်ကိုသာ လက်ညိုးညွှန်ပြလျက် ရှိနေပေသည်။ ထိုလုပ်ဆောင်ချက်များကို ရည်ရော်မှန်းဆ အတုယူအားကျ ကြည်ညိုလေးစားကြရပါသည်။ သိရှိလေလေ- ကြည်ညိုလေလေ ဖြစ်ကြရပါသည်။ ကြည်ညိုလေလေ- ကုသိုလ်ဇောထက်သန်လေလေ၊ ကုသိုလ်ဇော ထက်သန်လေလေ- အကျိုးပေးထက်သန်လေလေသာ အမှန်ဖြစ်သည်။ ဘုန်းကြီးဆိုတာ ဘုရားသားတော်ဖြစ်သည်။ ထို့ကြောင့် ဘုရားလောက်မြင့်မြတ်တာ ဘာမျှမရှိနိုင်တော့ပါ။

ဤနယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာမြတ်ကျမ်းစာ စာအုပ်သည် ဆရာတော်ဘုရားကြီးကို ကြည်ညိုကြသော ရဟန်းရှင်လူအပေါင်းတို့၏ လွမ်းဆွတ်တ, သ သတိရကြမှုကို အတိုင်းအတာတစ်ခုအထိ ကျေနပ်အားရ ဖြေသိမ့်မှုကို ပေးစွမ်းနိုင်ပါလိမ့်မည်။ ဆရာတော်ကြီးသည် လောကလူ့ရွာအတွက် အတတ်နိုင်ဆုံးဖြည့်စွမ်းကာ အသက်ရှည်ကျိုးနပ်၍ အလွန်တာဝန် ကျေပွန်တော်မူခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါလား? ဟု အံ့သြချီးမွမ်းဖွယ် မှတ်ရှုမှတ်သား ခံစားကြရလိမ့်မည် ဟုလည်း ယုံကြည်မိပါသည်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့တိုင် ပေါက်ရောက်နိုင်သော တရားကောင်းများချည်းသာ ဖြစ်သောကြောင့်လည်း စိတ်ဝင်တစား လေ့လာဖတ်ရှုကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

မြန်မာပြည်တစ်ဝှမ်းရှိ နယားကျောင်းဆရာတော်ကြီး၏ တပည့်တပန်း ရဟန်းတော်များသည် တစ်ဦးတည်းသော်လည်းကောင်း၊ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း၊ စိတ်ကူးပေါ်မိကြတိုင်း, စကားစပ်မိကြတိုင်း စာအုပ် ထုတ်ဝေကြရန် ကြိုးစားလာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့လှပါပြီ။ သို့သော် ကာယကံမြောက် အောင်မြင်မှုတိုင် မရောက်ရှိနိုင်ခဲ့ကြပါ။ ဝစီကံ, မနောကံ (ဆန္ဒ)သာ ရှိခဲ့ကြရပါသည်။ ထိုပုဂ္ဂိုလ်များစွာထဲမှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းကျောင်းတိုက်၊ လုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသသည် ဤ စာအုပ် အောင်မြင်စွာ ထွက်ပေါ်ရေး အတွက် ထူးထူးခြားခြား စွမ်းစွမ်းတမံ ကြိုးစားခဲ့သူ တစ်ဦးဖြစ်ပါသည်။ ယခု လုရတနာဆရာတော်၏ အလိုဆန္ဒပြည့်ဝသွားရပေပြီ။

## (၅) စုစည်းတင်ပြသူ၏ ခံယူချက်

ဤစုစည်းတင်ပြသူသည် ဆရာတော်ဘုရားကြီး၏ အနှစ် (၉၀)ကျော်သက်တမ်းအတွင် တွေ့ကြုံဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များ၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ စသည့်ဆရာတော်၏ အကြောင်းအရာအတ္ထုပ္ပတ္တိတို့ကို ကိုယ်စွမ်းရှိသမျှ, ဉာဏ်စွမ်းရှိသမျှ ရှာဖွေစုဆောင်း တင်ပြထားပါသည်။ ဆရာတော်ကြီး၏ တစ်ဘဝခန္ဓာ တစ်သက်တာအတွင်း လုပ်ဆောင်ခဲ့သော အဖိုးတန်သမိုင်းဝင် မှတ်တမ်းများ မပျောက်ပျက်စေလိုခြင်း၊ မှန်ကန်တိကျစွာ တစ်စုတစ်စည်းတည်း တွေ့ရှိဖူးမြင်စေလိုခြင်း၊ နှစ်ပေါင်းရှည်ကြာစွာ ကျန်ရစ်စေလိုခြင်း၊ **ဗုဒ္ဓ၏ဩဝါဒတရားတော်များ တည်ရှိနေသရွေ့ ကာလပတ်လုံး ငါဘုရား သက်တော်ထင်ရှားရှိနေဆဲပင်ဖြစ်သည်ဟု လာရှိသည်နှင့်အညီ** ဆရာတော် ဘုရားကြီး၏ တရားတော်များ တည်ရှိနေသရွေ့ ကာလပတ်လုံး ဆရာတော်ဘုရားကြီး၏သာသနာ တည်တံ့ခိုင်မြဲ ရှင်သန်နေသည်ဟု ယုံကြည်ခြင်းတို့ကြောင့် မှတ်တမ်း, မှတ်ရာအချို့ကို တစ်ပါတည်း ထည့်သွင်းဖော်ပြထားပေးပါသည်။ စာဖတ်သူများအနေဖြင့် ကျမ်းလေးသည်ဟု ယူဆမိပါက သည်းခံခွင့်လွှတ် နားလည်ပေးစေလိုပါသည်။

ဆရာတော်ကြီး၏ စွမ်းဆောင်ချက်များမှာ အလွန်များပြားလှပါသဖြင့် စုစည်းတင်ပြသူ လေ့လာသိရှိပြီးသည်တို့ကိုပင် ကုန်စင်အောင် မှတ်တမ်းတင်ခြင်းငှာ မစွမ်းဆောင်နိုင်ပါ။ အစွမ်းကုန်ကြိုးစား၍ အကောင်းဆုံးဖြစ်နိုင်

သမျှဖြစ်အောင် ကြိုးစားစီစဉ် တင်ဆက်ထားပါသည်။ စာဖတ်သူများအနေဖြင့် လုံးဝဥသုံ ပြီးပြည့်စုံနေပါပြီဟု မယူဆစေလိုပါ။ လိုအပ်နေဦးမည်သာ ဖြစ်ပါသည်။

**"ပုထုဇဉ်တစ်ဦးအနေဖြင့် ငါ–ဘုရား၏ ဂုဏ်ရည်တို့ကို ချီးကျူးပြောဆိုသည် ဖြစ်အံ့။ အနည်းငယ်မျှသော သီလကလေးလောက်ကိုသာ ချီးကျူးနိုင်ပေသည်။ ပုထုဇဉ်များ လက်လှမ်း မမီနိုင်လောက်အောင် နက်ရှိုင်းလှသော ဂုဏ်ရည်တို့ကား အများအပြားပင် ကျန်ရှိနေသေးသည် အမှန်ဖြစ်၏" –** ဟု ဟောတော်မူထားသကဲ့သို့ပင်၊ ဤမျှထူးချွန် ပညာရှိပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်ဖြစ်သော နယားဆရာတော်ကြီးကို ဤ စာရေးသူတို့ လက်လှမ်းမမီ မြင်နိုင်ခက်ခဲသော အကြောင်းအရာဂုဏ်ရည်တို့ကား များစွာပင်အမှန်တကယ် ကျန်ရှိနေနိုင်ပါသေးသည်။ စေတနာ၊ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာတို့ဖြင့် ထောက်ပြည့်နိုကြား ပေးမည်ဆိုပါက အတိုင်းထက် အလွန်ပင် လေးနက်ဝမ်းမြောက်စွာ ခံယူမည်သာ ဖြစ်ပါသည်။

## (၆) ဖြည့်စွက်ရေးရန် များစွာကျန်

နယားဆရာတော်ဘုရားကြီးကဲ့သို့ပင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ သာသနာ့ဝန်ဆောင်ဆရာတော် (ပညာရှင်) များ များစွာကျန်ရှိပါသေးသည်။ ထိုဆရာတော်ဘုရားကြီးများ၏ ဗုဒ္ဓသာသနာ့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော သမိုင်းမှတ်တမ်း အချက်အလက်တို့သည်လည်း လွန်စွာများပြားလှပေသည်။ ထို့ထက်ပို၍၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၏ သာသနာဝင်သည် အလွန်ပင်ကြီးမားကျယ်ပြန့် နက်ရှိုင်းရကား စိတ်ဝင်စားဖွယ်၊ လေ့လာ သုတေသနပြုဖွယ် ကောင်းလှပါပေသည်။ အချို့ကို သိမြင်ထင်လွယ်စေရန် ဤစာအုပ်တွင် စေတနာကောင်းဖြင့် ကောက်နုတ်ထည့်သွင်းဖော်ပြ ပေးထားပါသည်။

ဤစီစဉ်သူအနေဖြင့် နောက်ဆုံးတင်ပြလိုသည်မှာ – ဗုဒ္ဓမြတ်စွာ၏ နှုတ်မြွက်ဒေသနာ ဓမ္မက္ခန္ဓာမှန်သမျှကို တရားဘဏ္ဍာစိုး အရှင်အာနန္ဒာမထေရ်က ဆောင်ယူထိန်းသိမ်းထားခဲ့သောကြောင့်၊ ယခုကာလ၊ နောင်ကာလဝယ် သာသနာဝင် သူတော်စင် အစဉ်အဆက်တို့ **"ဓံမေသုတံ"** နိဒါန်းပျိုးကာ ဗုဒ္ဓမြတ်စွာ၏ တရားများကို နာယူခွင့်ရကြဘိသကဲ့သို့၊ ဤစုဆောင်းတင်ပြသူကလည်း နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ အကြောင်းပြစာတမ်းဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို ကြည်ညိုပူဇော် ကျေးဇူးဆပ်ခွင့် ရရှိခဲ့ပါသည်။ စီစဉ်တင်ပြသူနည်းတူပင် ဓမ္မမိတ်ဆွေသူတော်စင်များအား သူတော်ကောင်းဓာတ် တရားမြတ်များကို မျှဝေခံစားရင်း၊ အကြိမ်ကြိမ်ဆင်ခြင်စဉ်းစား ဝိပဿနာ ဘာဝနာပွားများကာ အမှန်တကယ်ပင် ဖြစ်သမျှ ပျက်ရသည်ဟု သိရှိနိုင်သော ကိလေသာမြူ အညစ်အကြေးကင်းစင်သည့် တရားမျက်စိဖြစ်ပေါ်နိုင်ကြပါစေ၊ မိမိကိုယ်တိုင်လည်း တစ်မဂ်တစ်ဖိုလ် အမြန်ဆုံးရနိုင်ပါစေဟု တောင်းဆုခြွေ မေတ္တာပို့သ နိဂုမ်းကမ္ပတ် အဆုံးသတ်လိုက်ရပါသတည်း။

သာသနာတော်နှစ် – ၂၅၅၁–ခုနှစ်၊
ကောဇာသက္ကရာဇ် – ၁၃၆၉–ခုနှစ်၊
တော်သလင်းလကွယ် (၁၅)ရက်၊
ခရစ်နှစ် – ၁၁–၁၀–၂၀၀၇ ခုနှစ်၊ ကြာသပတေးနေ့၊
နံနက် (၉း၀၀)နာရီ။

တာဝန်ခံ စုဆောင်းစီစဉ်တင်ဆက်သူ –
ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)
အုပ်ချုပ်မှုဒါရိုက်တာ
Green Group Co. Op; Ltd.
ရန်ကုန်မြို့၊ မြန်မာပြည်။
ဖုန်း– ၀၉ ၈၅၅ ၀၈၁၉

## * ဂါထာများနှင့် နိဿယများ

### ၁။ မဟာထေရ ဂုဏဝိသိဋ္ဌပူဇာ ထုတိဝေဒလဂါထာ

(၁)

(ဘဒ္ဒန္တ) မေဓိယာဘိဝံသော၊
(မေဓိယာ) ဘိသိရိန္ဒရော။
(ဘိဝံ) သော ဘဂျသမ္ဗန္ဓော၊
(သ) သီဝ ဘာတိ ဘာကရော။

**မေဓိယာ ဘိသိရိန္ဒရော**

သီလမြေအထု, မေရု သမာစိန်, ပညာ ဝရဇိန်ခွဲဖောက်, ရဲရဲတောက်ပါရမီ, သာသနာ့အာဇာနည်, သက်တော်ရှည်ဟု, ကမ္ဘာပြည်ခေါင်ထိပ်, အောင်တံဆိပ်တို့ဖြင့်, ရောင်ဖိတ်လက်ဝေ, မက်မပြေအောင်, ကျက်သရေဝင်းပြောင်, ကမ္ဘာ့ကျက်သရေဆောင်, သာသနာ့ကျက်သရေဆောင် ဖြစ်တော်မူပေထသော။ (ဝါ)

ပိဋကဝိသောဓနီကျမ်း, သံဝဏ္ဏနာနိယာမ်အဖြေသစ်ကျမ်း, ပါဠိပဒ ပိဋကကျမ်းညွှန်း, တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်း, ဝိနိစ္ဆယကထာကျမ်း, နာနာပဥှာဗျာကရဏကျမ်း, ဓမ္မဘဏ္ဍာဂါရိကာဒိ ဝိနိစ္ဆယကျမ်း စသော ကျမ်းများကို ရေးသားစီရင် ပညာရှင်အားလုံးတို့၏၊ ထိပ်ဆုံးသရဖူ၊ ပိဋကတ္တယပါရဂူ၊ ဓမ္မူထိပ်သီး၊ ပဏ္ဍိတ်ကြီးဖြစ်၍၊ အံ့ချီးမကုန်, ကျက်သရေဂုဏ်တို့နှင့် ပြည့်စုံပေထသော။

**အဘိဝံသော**

ဘုရားရှင်ရှေ့လက်ထက်က၊ ဇုတင် တေရသဘက်၌၊ တေဒဂ်ရထိပ်ခေါင်တင်၊ ပဥ္စမသင်္ဂါယနာတင် ၊ အရှင်မဟာကဿပထေရ်အရှင်တို့မှ၊ အစဉ်ဆက်နွယ်၊ မပျက်ပြယ်ဘဲ၊ စင်ကြယ်မြင့်မြတ်, သာသနာ့အနွယ်ဇာတ် ရှိတော်မူပေထသော။ (ဝါ)

ဒက္ခိဏာရာမဘုရားကြီးတိုက် အလယ်အုဋ္ဌကျောင်းဆရာတော် ဘဒ္ဒန္တ ဥေ ယျထေရ်၊ သာသနာ့ ဇောတိကာရုံ အုဋ္ဌကျောင်းဆရာတော် ဘဒ္ဒန္တ နာရဒထေရ်၊ အသောကာရာမတိုက် သာသနာ့ဇောတိကာရုံအုဋ္ဌကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယထေရ်၊ ဘုံကျော်တိုက် ဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဃောသိတထေရ်၊ ဘုရားကြီးတိုက် အမရပူရ အုဋ္ဌကျောင်းဆရာတော် နောင်တော် ဘဒ္ဒန္တဥက္ကံသာဘိဝံသထေရ် စသော ကမ္ဘာကျော်ကြား, ဆရာတော်ဘုရားတို့၏ တပည့်သား အဆက်အနွယ်, စင်ကြယ်မြင့်မြတ်ပေထသော။

**ဘဂျသမ္ဗန္ဓော**

လက်ဝဲတော်ရံ, ဘွဲ့ထူးခံ၍, မိုးပျံမြေလျှိုး, အဘိညာဉ်အမျိုးမျိုးတို့ဖြင့်, တန်ခိုးတောက်လျှံ, အရှင်မဟာမောဂ္ဂလာန်ကဲ့သို့, နိုင်ငံမဆုံ, ကမ္ဘာနှံ့အောင်, သင်းပျံ့ဘုန်းဟုန်, တန်ခိုးဂုဏ်ရှိပေထသော။ (ဝါ)

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်အပိုင်, ဂုဏ်လှိုင်ဝေဆာ, အုတ်ဖိုရွာတွင်, တေဇာထင်ပေါ်, ခမည်းတော် မြန်မာသမားတော်ကြီး ဦးစံခိုင် + မယ်တော် ဒေါ်အိမ်မင်း မိဘနှစ်ပါးတို့မှ ပေါက်ဖွားဇာနည်, ပါရမီဘုန်းဟုန်း, တန်ခိုးဂုဏ် ရှိတော်မူသော။

### ဘဒ္ဒန္တ မေဓိယာဘိဝံသော

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ပဓာန မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ရထင်ပေါ် နယားဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသသည်။

### သသီဝ

ကမ္ဘာသူကမ္ဘာသား, လူအများတို့, ရှုစားမဝ, ရောင်အေးမြသည့်, ထွန်းပရောင်ရွှန်း, လပြည့်ဝန်းကြီး ကဲ့သို့ လည်းကောင်း။

### ဘာကရောဝိယစ

ကမ္ဘာတိုက်ဘောင်မှာ, အမိုက်မှောင်ဟူသမျှကို, မြူမှုံမကျန်, တွန်းလှန်ပယ်ခွင်း, ရှင်နေမင်းကြီးကဲ့သို့ လည်းကောင်း။

### သဒါ

လင်းရာကိုရှာ, လင်းရာကိုကြိုက်, သောင်းတိုက်နေသူ, များဗိုလ်လူတို့အား, ဖေးကူရောင်လွှမ်း, အမြဲတမ်း သာလျှင်။

### ဘာဝတိ

ကမ္ဘာ့ဘောင်အတွင်း, သာသနာ့အရောင်အလင်းတို့ဖြင့်, ပြောင်ဝင်းတောက်ပတော် မူပါပေသတည်း။

### ဘာဝတိ

သာသနာ့ထက်ကောင်းကင်မှာ, စက်ဒေါင်းယာဉ်နေလတစ်နှန်းကဲ့သို့၊ တစ်ကမ္ဘာလုံးထက်ဗွေ၊ သမ္ဘာဘုန်းလက်ဝေ, အသာဆုံးကျက်သရေ, ကျက်သရေ အညွန့်အဖူးတို့ဖြင့်, ကွန့်မြူးတောက်ပတော်မူပါပေသတည်း။

(၂)

(အဘိ) ဓဇော ယတိဿရော
(ဓဇ) ဂ္ဂေါ သံဃသောဘနော
(မဟာ) တေဇော မဟာထေရော
(ရဋ္ဌဂုရု) သုပါကဋော

### အဘိဓဇော

သီလ, သမာဓိ, ပညာ၊ သာသနာဝယ်၊ သိက္ခာသုံးရပ်၊ ဂုဏ်သကတ်ကြောင့်၊ ဂုဏ်ဓာတ်ရောင်လျှံ၊ သာသနာ့ အောင်လံကို နဘံမိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ဝင့်တလူလူ၊ လွှင့်ထူတော်မူနိုင်ပေထသော။

### ယတိဿရော

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၏ မကိုင့်ထိပ်ဆောင်း, သံဃာတော်အပေါင်းတို့၏၊ ဦးခေါင်းညွှတ်လျှိုး, ရှိခိုးပူဇော်ထိုက်ရာ, သံဃပိတာ, သံဃပရိနာယက၊ သံဃပရိနာယက၊ သံဃဥက္ကဋ္ဌတစ်ဆူ ဖြစ်တော်မူပေထသော။

**ဓဇဂ္ဂေါ**

သီလ, သမာဓိ, ပညာ၊ သာသနာ၀ယ်၊ သိက္ခာသုံးတန်၊ သာသနာ့အောင်လံကို၊ နဘံမိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ၀င့်တလူလူ၊ လွှင့်ထူတော် မူနိုင်ပါပေထသော။

**သံဃသောဘနော**

တပည့်များစွာ၊ ကြယ်တာရာတို့ဖြင့်၊ ရောင်ဝါထိန်လင်း၊ ရွှေလမင်းကဲ့သို့၊ ဂုဏ်ဝင်းလျှံပ၊ စံမရနိုင်သည့်၊ သံဃဦးသျှောင်၊ သာသနာ့ကျက်သရေဆောင် ဖြစ်တော်မူပေထသော။

**မဟာထေရော**

မန္တလေးမြို့၊ ဘုရားကြီးတိုက်၏ မကိုဋ်ထွဋ်ထီး ဦးစီးပဓာနမဟာနာယက ဘဒ္ဒန္တမေဓိယာဘိဝံသ နိုင်ငံတော် သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌဆရာတော် မဟာထေရ် သက်တော်ရှည် အရှင်မြတ်ကြီးသည်။

**မဟာတေဇော**

ကမ္ဘာထက်ဗွေ၊ ကနက်မြေဝယ်၊ ကျက်သရေရှိနံ့ဝါ၊ ထိန်ထိန်သာ၍၊ ဝတီသာလော၊ နိမ္မာလောဟု၊ တွေးတောယုံမှား၊ စိတ်ဝင်စားလောက်အောင်၊ ဝင့်ကြွားဖိတ်လျှံ၊ ကျောင်းဗိမာန်တို့ကို၊ စီမံတည်ဆောက်၊ ရွှေတောင်ပေါက်သလို၊ ထွန်းတောက်ဘုန်းဟုန်၊ တန်ခိုးဂုဏ်ကြီးတော်မူသည်။ ဟုတ္တာ – ဖြစ်၍။

**ရဋ္ဌဂုရုတိ**

ပြည်တောင်စုဖွား၊ တိုင်းရင်းသားအားလုံး၊ ကြည်ညိုလို့မဆုံးနိုင်အောင်၊ ညွတ်ရုံးဦးခိုက်၊ ပူဇော်ထိုက်သည့်၊ မကိုဋ်ထွဋ်တင်၊ ပြည်ထောင်စု ဆရာရှင်ဟူ၍။

**သုပါကဋ္ဌော**

သာသနာ့ထက်ဝေဟင်မှာ၊တက်နေသွင်လတစ်နှန်းကဲ့သို့၊ တစ်ကမ္ဘာလုံး ထက်ဗွေ၊ သမ္ဘာဘုန်းလက်ဝေ၊ အသာဆုံးကျက်သရေ၊ ကျက်သရေမြင့်မား၊ အစဉ်အားဖြင့်၊ ထင်ရှားကျော်ကြားတော်မူပါပေသတည်း။

(၃)

| | |
|---|---|
| (အဘိဒ္ဓဇ) | ရဋ္ဌာစရော |
| (အဂ္ဂမဟာ) | သိရိဒ္ဓရော |
| (သဒ္ဓမ္မဇောတိ) | ဟိ ဇောတေန္တော |
| (က)လာနိဓိ၀ | ပါကဋ္ဌော |

**အဘိဒ္ဓဇော**

သီလ, သမာဓိ, ပညာ၊ သာသနာဝယ်၊ သိက္ခာသုံးရပ်၊ ဂုဏ်သကတ်ကြောင့်၊ ဂုဏ်ဓာတ်ရောင်လျှံ၊ သာသနာ့အောင်လံကို နဘံမိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ၀င့်တလူလူ၊ လွှင့်ထူတော်မူနိုင်ပေထသော။

**အဂ္ဂမဟာသိရိန္ဓရော**

ကမ္ဘာ့တိုင်းတစ်ခွင်၊ သာသနာ့သမိုင်းအစဉ်၌၊ နှိုင်းယှဉ်စရာ မကြုံဘူးအောင်၊ ဂုဏ်ထူးလက်ဝေ၊ မက်မပြေအောင်၊ ကျက်သရေဂုဏ်တို့နှင့် ပြည့်စုံပေထသော။

**ရဋ္ဌာဝစေရော**

ပြည်ထောင်စုဖွား၊ တိုင်းရင်းသားအားလုံး၊ ကြည်ညိုလို့မဆုံးနိုင်အောင်၊ ညွှတ်ရုံးဦးခိုက်၊ ပူဇော်ထိုက်သည့်၊ မကိုင့်သရဖူ၊ ပိဋကတ္တယပါရဂူ၊ ဇမ္ဗူကျော်ကြား၊ နယားကျောင်း ဆရာတော်ဘုရားကြီးသည်။ (ဝါ)

မန္တလေးမြို့၊ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဘုရားကြီးတိုက် ပါဠိမြန်မာ အဘိဓာန်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော် သံဃနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တမေဓိယာဘိဝံသ နယားကျောင်း ဆရာတော်ဘုရားကြီးသည်။

**သဒ္ဒမ္မဇောတိဟိ**

သီလမှာ အသာမရှိ၊ သမာဓိမယှဉ်သာ၊ ပညာမှာမနှိုင်းယှဉ်အပ်၊ တိုင်းရပ်ပြည်ကျော်၊ ကမ္ဘာကျော်၍၊ သမ္မာတော်လျှံပ၊ စံမရနိုင်သည့်၊ အနန္တဂုဏ်ရည်၊ သာသနာ့ လင်းရောင်ခြည်တို့နှင့်။

**ဇောတေန္တော**

ပြဟ္မာနတ်အရောင်၊ ရတနာနဝရတ်အရောင်တို့ထက်၊ အခေါင်ထိပ်မိုး၊ အောင်တန်ခိုးဖြင့်၊ ရောင်ဖြိုးမြင့်ကြွယ်၊ တင့်တယ် တောက်ပတော်မူသည်ဖြစ်၍။

**ကလာနိမိဝ**

ကမ္ဘာသူ ကမ္ဘာသား၊ လူအများတို့၊ ရှုစားမဝ လွန်အေးမြသည့်၊ ကမ္ဘာ့တန်ဆာ၊ လစန်းရတနာကြီးကဲ့သို့။

**ပါကဋော**

သောင်းတိုက် စကြာဝဠာ၊ ကမ္ဘာအတွင်း၊ ပြဟ္မာချဉ်းလောက်အောင်၊ ဂုဏ်သတင်းမြင့်မား၊ အစဉ်အားဖြင့်၊ ထင်ရှားကျော်ကြားတော်မူပါပေသတည်း။

**ပါကဋော**

ကမ္ဘာတိုင်းတစ်ခွင်၊ သာသနာ့သမိုင်းအစဉ်၌၊ နိုင်းယှဉ်စရာ မကြုံဘူးအောင်၊ ဂုဏ်ထူးမြင့်မား၊ အစဉ်အားဖြင့်၊ ထင်ရှားကျော်ကြားတော်မူပါပေသတည်း။

(၄)

**ဂုဏာကရော မဟာထေရော၊ ရဋ္ဌိသာရေဟိ ပူဇိတော။**
**ဒီဃာယုကာ ဘိပဗ္ဗဇ္ဇိတွာ၊ ကရောမသေ မယံမဟာ။**

**ဂုဏာကရော**

သီလဂုဏ်ကလည်းစင်ကြယ်၊ သမာဓိဂုဏ်ကလည်းတင့်တယ်၊ ပညာဂုဏ်ကလည်းမြင့်ကြွယ်၊ အကျယ်ဝယ်စံပြ၊ စံမရနိုင်အောင်၊ အနန္တအဖုံဖုံ၊ ဂုဏ်ပေါင်းစုံတို့၊ ခိုလှုံပြည့်ဝ၊ ဂုဏ်ပေါင်းခပေထသော။

**မဟာထေရော**

မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌မကိုင့်ထင်ပေါ်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်၏ သက်တော်ရှည် ဆရာတော်ဘုရားကြီးကို။

**ရဋ္ဌသာရေဟိ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်ထောင်စုသေဌ်နင်း၊ နိုင်ငံတော်အစိုးရ မင်းတို့သည်။

**ပူဇိတော**

အဘိဓဇမဟာ႒ဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက သာသနာ့ခေါင်ထိပ်၊ အောင်တံဆိပ်တို့ဖြင့် ခပ်နိုပ်ကော်ရော်၊ ပူဇော်အပ်ပါပေ၏။

**တသ္မာ**

ထိုသို့လျှင် ပြည်တောင်စုသေဌ်နင်း၊ အစိုးရမင်းတို့က အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်တို့ဖြင့်၊ ဆက်ကပ်ကော်ရော် ပူဇော်ခြင်းခံယူရပါသောကြောင့်။

**မယံ**

ထေရ်ရှင့်ဂုဏ်ရည်၊ စုံအညီကို၊ ယုံကြည်လေးမြတ်၊ သဒ္ဓါစာတ်ဖြင့်၊ ဆည်းကပ်ကော်ရော်၊ ပူဇော်လိုငြား၊ တပည့် တော်များတို့သည်။

**ဒီဃာယုက**

တက်သစ်စနေဝန်း၊ ထွန်းသစ်စလစန်း၊ ပွင့်သစ်စပန်းကဲ့သို့၊ အေးချမ်းရွှင်ပျော်၊ သက်တော်ရာကျော် ရှည်တော် မူခြင်းကို။

**အဘိပတ္ထေန္တာ**

သပြေအနု၊ ငွေခရုဖြင့်၊ တောင်းဆုပန်ဆင်၊ အမှန်ပင် လိုလားကြကုန်သည်ဖြစ်ပါ၍။

**မဟံ**

တစ်သက်မှာတစ်ခါကြုံ၊ ရတနာပုံ အထူးဆိုက်ပြီမို့၊ ဖူးထိုက်သူအားလုံး၊ ကြည်ညိုလို့မဆုံးနိုင်ကြဘဲ၊ ညွှတ်ရုံ ကော်ရော်၊ အတူပျော်၍၊ ပူဇော်ဆင်နွှဲ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏဝိသိဋ္ဌမင်္ဂလာ၊ သာသနာ့ ပူဇော်ပွဲကို။

**ကရောမ**

သက်တော်ရာကျော် ရှည်ပါစေကြောင်း၊ အောင်ဆုတောင်း၍၊ စုပေါင်းကော်ရော်၊ ပူဇော်ကြပါကုန်၏ အရှင် ဘုရား။

**ကရောမ**

ထူးလှသည့်ဆရာရှင်၊ ဖူးမဝထာဝစဉ်၊ ဦးချပဏာတင်၊ မြူးကြွသဒ္ဓါရွှင်၊ သဒ္ဓါရွှင်ရွှင်ကြည်ဖိတ်လျှံပြီး၊ ပြည်နိဗ္ဗာန် အတူ မြန်းရန်မို့၊ လှူဒါန်းပြုလုပ်ကြပါကုန်သည် အရှင်ဘုရား။

(၅)

**အဘိဒ္ဓဇမဟာရဋ္ဌဂုရု သဒ္ဓမ္မဇောတိကော၊**
**အနာကုလော သတာယုကော၊ ဇယတံ သာသနဒ္ဓရော၊**

## အဘိဒ္ဓဇမဟာရဋ္ဌဂုရု သဒ္ဓမ္မဇောတိကော

ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ပြောင်ကာထွန်းဖို့၊ ရည်ညွှန်းမပျက်၊ သာသနာ တိုးတက်အောင်၊ ဆောင်ရွက်တော်မူသဖြင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သာသနာပြုဘွဲ့ထူးဂုဏ်ထူး၊ ဆွတ်ခူးခေါင်ထိပ်၊ အောင်တံဆိပ်ရရှိခဲ့ပေသော။

## မဟာထေရော

မြဟ္မာ သီကြား၊ နတ်အများတို့၊ ခစားဝန်းရံ၊ ထေရ်ရှင်ထံ၌၊ အမှန်ဦးခိုက်၊ ပူဇော်ထိုက်သည့်၊ မကိုဋ်ထင်ပေါ်၊ ကမ္ဘာကျော်ကြား၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ သံဃမဟာထေရ် သက်တော်ရှည်ဆရာတော် ဘုရားကြီးသည်။

## အနာကုလော

ကိုးဆယ့်ခြောက်ဖြာ၊ ဘေးဘယာတို့၊ ဝေးကွာကင်းလျက်၊ အနှောင့်အယှက်မရှိဘဲသာလျှင်။

## သာသနဒ္ဓရော

သာသနာတော် အရှည်ခံ၍၊ တည့်တံ့သန့်ရှင်း၊ ပြန့်ပွားတိုးတက်ခြင်းကို၊ ဘေးကင်းရန်ကွာ၊ သက်ရှည်ကာလျှင်၊ ကောင်းစွာ ဆောင်ရွက်တော်မူနိုင်သည်ဖြစ်၍။

## ဇယတံ ဇယတု

သာသနာ့ဗိုလ်ချုပ်၊ ခေါင်းဆောင်လုပ်၍၊ တိုက်ထုတ်အောင်မြင်၊ အောင်ပလင်၌၊ အောင်မြင့်ထူးကဲ၊ မြတ်အောင်ပွဲကို၊ ဆင်နွှဲရွှင်ပျော်၊ အောင်မြင်တော်မူနိုင်ပါစေသတည်း။

## ဇယတု

ပဌမသင်္ဂါယနာတင်၊ ကဿပထေရ်အရှင်တို့လို၊ ကမ္ဘာတွင် သာသနာဝင် ခရီးရောက်အောင်၊ ချီးမြှောက်မြှင့်တင်၊ အောင်မြင်တော်မူနိုင်ပါစေသတည်း။

ဘဒ္ဒန္တ ပညာသိရီဘိဝံသ
သကျသီဟ နှင့် အစိုးရမွှောစရိယ၊ ပါဠိပါရဂူ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
မန္တလေးတိုင်း၊ အထက်မြန်မာပြည်။
ဖုန်း - (၀၂)၃၀၀၄၉

| | | |
|---|---|---|
| သာသနာနှစ် | - | ၂၅၅၀ ပြည့်နှစ် |
| ကောဇာသက္ကရာဇ် | - | ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့။ |
| ခရစ်နှစ် | - | ၆-၁၀-၂၀၀၆ ခုနှစ်၊ သောကြာနေ့၊ နံနက် (၈း၀၀)နာရီ။ |

## ၂။ အနုမောဒနာ ဥယျောဇန ဓမ္မကထာ

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ၊
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ၊
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

(ဝိသုဒ္ဓိ၊ ၁၊ ၄၆)

| | | |
|---|---|---|
| ဗဟုဿုတံ | = | ပရိယတ်, ပဋိပတ်၊ နှံ့စပ်ဘက်စုံ၊ ပညာဂုဏ်ပြည့်ဝ၊ ဗဟုသုတရှိပေသော။ |
| ဓမ္မဓရံ | = | ခန္ဓာရုပ်, နာမ်ရုပ်၊ ဖြစ်–ပျက်ဟန်ကို၊ အဖန်ဖန်, အထပ်ထပ်၊ ရှုမှတ်ပွားများ၊ ဝိပဿနာ အမြတ်တရားကို ဆောင်ထားနိုင်ပေသော။ |
| သပ္ပညံ | = | လောကီ, လောကုတ္တရာ မြတ်ပညာတို့နှင့် ကောင်းစွာပြည့်စုံကြွယ်ဝ တတ်မြောက်ပေထသော။ |
| ဗုဒ္ဓသာဝကံ | = | မြတ်စွာဘုရား ကိုယ်တော်စားဟု အားထားမှီခိုကြည်ညိုဦးခိုက် ပူဇော်ထိုက်သည့် မကိုဋ်ထင်ပေါ် သံဃာတော်ကို။ |
| ကော | = | ဗြဟ္မာ, နတ်, လူ အဘယ်သူသည်။ |
| နိန္ဒိတုံ | = | ဂုဏ်ကို ချိုးဖဲ့ ကဲ့ရဲ့ခြင်းငှာ။ |
| အရဟတိ | = | ထိုက်ပါအံ့နည်း။ |
| န အရဟတိ | = | မထိုက်ပါပေ။ |
| ဇမ္ဗောနဒဿ | = | သိင်္ဂီရွှေစစ် ဇမ္ဗူရာဇ်၏။ |
| နိက္ခံ | = | ပိဿာချိန်ဆ တစ်နိက္ခကို။ |
| နိန္ဒိတုံ | = | ဂုဏ်ကို ချိုးဖဲ့ ကဲ့ရဲ့ခြင်းငှာ။ |
| န အရဟတိဝိယ | = | မထိုက်သကဲ့သို့။ |
| တံ | = | ပရိယတ်, ပဋိပတ်၊ နှံ့စပ်ဘက်စုံ၊ ပြည့်စုံကြွယ်ဝ ထိုသာသနာ့အာဇာနည် ပါရမီရှင်ကို။ |
| နိန္ဒိတုံ | = | ဂုဏ်ကို ချိုးဖဲ့ကဲ့ရဲ့ခြင်းငှာ။ |
| န အရဟတိ | = | မထိုက်ပါပေ။ |
| နံ | = | ထို ပရိယတ်, ပဋိပတ်၊ နှံ့စပ်ဘက်စုံ၊ ပြည့်စုံကြွယ်ဝ ထိုသာသနာ့အာဇာနည်ပါရမီရှင်ကို။ |
| ဒေဝါပိ | = | ထက်ပြည်နေတုံ အသရေစုံသည့် ရွှေဘုံစံစား နတ်, သိကြားတို့သည်။ |
| ပသံသန္တိ | = | လွန်စွာအထူး ချီးကျူး ဂုဏ်ပြုကြလေကုန်၏။ |
| ဗြဟ္မုနာပိ | = | တန်ခိုးထိန်လင်း မဟာဗြဟ္မာမင်းကြီးသည်လည်း။ |
| ပသံသိတော | = | သာဓုနမော်၊ ကြိမ်ကြိမ်ခေါ်၍ ကော်ရော်ဦးခိုက် ပူဇော်ထိုက်ပါပေသတည်း။ |

ယေတွာယံ ။ ။ အောင်သူတကာတို့၏ အဓိပတိ၊ အောင်မုနိတကာတို့၏ ထွဋ်တင်အောင်ဘုရင်တကာတို့၏ မကိုဋ်၊ သုံးတိုက်လုံးမျက်ရှု၊ သဗ္ဗညုထွဋ်ထား၊ ရှင်တော်မြတ်ဘုရားသည် **"ယော စေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"** ဟူ၍ မိန့်ခွန်းတော်မှာခဲ့ပြီးလျှင် ချစ်သား အာနန္ဒာ ငါ ဘုရားသခင်သည်၊ သုတ္တန်, ဝိနည်း, အဘိဓမ္မာ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ တရားဒေသနာတော်တို့ကို၊ ကောင်းစွာဟောကြားအပ်ခဲ့ပေ၏။

ထို တရားဒေသနာတော်တို့သည် ငါဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော နောက်ကာလ၌ သင်တို့၏ အားထားကိုးကွယ်ရာ ဆရာတစ်ဆူ, ဘုရားတစ်ဆူ ဖြစ်ပေလိမ့်မည်ဟု ဒီဃနိကာယ်၊ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်တွင် ဘုရားရှင်ကိုယ်တော်စား ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူ၍ သာသနာသုံးရပ် သတ်မှတ် ထားရှိခဲ့ပေသည်။

ထို ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သာသနာသုံးရပ်တို့တွင် ပရိယတ်, ပဋိပတ် နှစ်ရပ်ဘက်စုံ ပြည့်ဝကြွယ်ဝသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကို ရွှေစင်ဇမ္ဗူရောင် မြူမညစ်ဘဲ ဖြူသစ်ဝင်းပ ရွှေစင်တစ်နိက္ခကို ရွှေအမျိုးအစားအားဖြင့်လည်းကောင်း၊ ရွှေပိဿာအရေအတွက် အချိန်ပမာဏအားဖြင့်လည်းကောင်း၊ ဂုဏ်ကိုချိုးဖဲ့ ကဲ့ရဲ့စရာမလိုသကဲ့သို့ သာသနာတော်၌ ပရိယတ်, ပဋိပတ် နှံ့စပ်ဘက်စုံ ပြည့်စုံကြွယ်ဝသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကို မကဲ့ရဲ့ထိုက်၊ ချီးကျူးဂုဏ်ပြု ပူဇော်ထိုက်ပါပေ၏။

လူ့ပြည် လူ့လောကရှိ လူသားအားလုံးတို့သည်သာမကဘဲ၊ နတ်ပြည်, ဗြဟ္မာပြည်ရှိ ဗြဟ္မာ, သိကြား, နတ်အများတို့ကပါ လေးစားကော်ရော် ပူဇော်ထိုက်ပါပေ၏။

**မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ နယားကျောင်း ပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၏ ဦးစီးပဓာန မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ကျေးဇူးတော်ရှင်၊ သက်တော်ရှည်၊ နယားကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်မြတ်သည် နိကာယ်ငါးရပ်၊ ပိဋကတ္တယပါရဂူဖြစ်တော်မူသည့်အပြင် ဝိပဿနာတရားအလုပ် အားထုတ်တော်မူသည်မှာလည်း အရိုးပဲကြေကြေ, အရေပဲစုတ်စုတ် အသက်ဇီဝိန်ပြုတ်ပါစေ၊ နောက်မဆုတ်တမ်း အားထုတ်တော်မူသဖြင့် ပြိုင်တူဘက်ရှား ထင်ရှားကျော်ကြား လှပါသည်။**

ထို့ပြင်မက၊ နယားဆရာတော်ကြီးသည် သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ တိုင်အောင် ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ၊ သီလ၊ သမာဓိ၊ ပညာဂုဏ်ပြည့်စုံထင်ရှား ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်ပါ၍ ကြည်ညိုဦးခိုက် ပူဇော်ထိုက်လှပါပေတော့သတည်း။

ဘဒ္ဒန္တ ပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
တိပိဋက ပါဠိ–မြန်မာ
အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊
မင်္ဂလာ ဗိမာန်ကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့၊ မန္တလေးတိုင်း။



ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊
နယုန်လပြည့်နေ့ သာသနာရေး
◀ ဝန်ကြီးဌာန ဂုဏ်ပြုပူဇော်ပွဲ

## ၃။ (၁) ထေရဂုဏ်ရည် လျှောက်တင်ရှိ



**သီတာ မေတ္တာ ဆာယာဝ ဝေါ၊**
**ဥဇ္ဇော မေရုဝ ဥဿုဟော။**
**ပညာဒီပေါ သူရိယောဝ၊**
**ဇာလိတော စ နဘင်္ဂမော။**

**ဘန္တေ** = သာသနာဝယ် ဂုဏ်ရည်ကြွယ်လျက် ပေါ်ထွက်ထင်ရှား နယားဆရာတော် အရှင်သူမြတ်ကြီးဘုရား။

**ဝေါ–တုမှာကံ** = သာသနဝေဟင်မှာ ငွေစန္ဒာ လတစ်စင်းကဲ့သို့ ပဝင်းထင်ရှား အရှင်ဘုရားတို့၏။

**မေတ္တာ** = ပြည်နယ်အသွယ်သွယ် တိုင်းနယ်အရပ်ရပ်မှိကပ်ခိုလာ များစွာထောင်သောင်း တပည့် အပေါင်းတို့အတွက် တိုးတက်စေကြောင်း စိတ်ထားကောင်းဖြင့် သွန်းလောင်းပေးအပ် မေတ္တာဓာတ်သည်။

**ဆာယာဝ** = "သစ်တပင်ကောင်းလေတော့ ငှက်တစ်သောင်းရယ်တဲ့ နားကာခို" လောကဆို ထိုစကား နှင့်အညီ နေခြည်မဖိတ် သစ်ပင်ရိပ်ကဲ့သို့။

**သီတာ** = ပညာလိုလား တပည့်များတို့ တိုးပွားပညာ ရရှိတာကြောင့် ပမာခိုင်းဖွယ် နှိုင်းမလွယ်၍ တင့်တယ်လွန်းစွ သြချရအောင် ဂုဏ်ရောင်ပျံ့မွှေး သြော် . . . . အလွန့်အလွန်ပင် အေးမြတော်မူပါပေ၏။

**ဝေါ–တုမှာကံ** = နိုင်ငံတော်မဟာနာယက ရဋ္ဌဂုရု အစပြုလျက် စုစုဖုံဖုံ ဘွဲ့မျိုးဂုဏ်တို့ ပြည့်စုံထင်ရှား အရှင်ဘုရားတို့၏။

**ဥဿုဟော** = နွေ၊ မိုး၊ ဆောင်း ဟု ဥတုသုံးလီ ရာသီစက်ဝိုင်းလှည့်လည်တိုင်းဝယ် မဆိုင်းမတွ ပို့ချ သင်အပ် ပရိယတ်တာဝန် ကျေပွန်လွန်းစွမြတ်လုံ့လသည်။

**မေရုဝ** = ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့် အခေါင်မင်းဆို တောင်မြင်းမိုရ် ကဲ့သို့။

**ဥဇ္ဇော** = နှစ်ပေါင်းများမြောင် ကျင့်ကြံဆောင်၍ ထက်ခေါင်မြင့်မား ဖွံ့ဖွံ့ထွားလျက် သြော် . . . . လွန်စွာပင်မြင့်မားတော်မူလှပါပေ၏။

**ဝေါ–တုမှာကံ** = မန်းရွှေမြို့တောင်ပြင်ဝယ် တော်ဝင်မကိုဋ် ဘုရားကြီးတိုက်၏ ဂုဏ်ထိုက်ပေလှ "နာယက" ဟု ထွန်းပထင်ရှား အရှင်ဘုရားတို့၏။

**ပညာဒီပေါ** = သမထဝိပဿနာပွားရှုမှတ်လျက် ပိဋကတ်အစုံ မပြတ်ထုံ၍ ဖုံဖုံဇဝန တိက္ခဂမ္ဘီ ဉာဏ်ရည် ကျော်ဟည်း ပညာတည်းဟူသော ဆီမီးတိုင်ကြီးသည်။

**နဘင်္ဂမော** = အဇ္ဈောပြင် ထက်ကောင်းကင်ဝယ် လှည့်လည်မှန်စွာ သွားလာ၍နေသော။

**သူရိယောဝ** = ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး ပြစ်မျိုးငါးလိမ် ကင်းကွာချိန်၌ လင်းဖြာထိန်ဝင်း ရှင်နေမင်းဘို့ မယွင်းရည်မှန်း အကြည်သန်းအောင်
သြော် . . . . ပွင့်လန်း တောက်ပြောင်တော်မူလှပါပေသတည်း . . . . ။

## ၃။ (၂) တင့်တယ်စေသွား ထေရ်နယား

**ဗိမ္ဗကာရော ကဋ္ဌေ လောကံ၊ ဗိမ္ဗေဟိ၀ ဝိရောစနံ။**
**ထေရော သောဓေတွာ ဒုပါဋ္ဌေ၊ သုဒ္ဓပါဋ္ဌေဟိ သာသနံ။**

**ဗိမ္ဗကာရော** = ရှုမြင်သူများ အံ့သြသွားအောင် ဆန်းပြားထွေလာ သူ့ပညာဖြင့် ထုကာတီထွင်ဖန်တီးချင်၍ မည်တွင်သညာ ပန်းပုဆရာသည်။

**ကဋ္ဌေ** = တော, တောင်ထွေထွေနေရာတွေက တွေ့လေများစွာ အကာ, အနှစ်, အထစ်, အကောက် ထင်းခြောက်သဖွယ် မတင့်တယ်ငြား သစ်တုံး, သစ်သားများကို။

**သောဓေတွာ** = အကာရယ်တဲ့ဖြတ်ကာပစ် အထစ်, အဖုရယ်တံ လွှင့်ကာပယ် သွယ်သွယ်ပြစ်များ ကင်းစင်သွားအောင် ရွက်ဆောင်ခုတ်ထွင်း သုမ်သင် ရှင်းလင်းပြီး၍။

**ဗိမ္ဗေဟိ** = ကိန္နရာ, ကိန္နရီ က ဟန်ချီမှန်း လုဇာတ်လမ်းနှင့် မြပန်း, မြခက် နှစ်သက်ဖွယ်ရာ အဖြာဖြာပေါင်းစု အနု, အလှ, ကြွ, ရွ ပေတောင်း ရုပ်ထုကောင်းတို့ဖြင့်။

**လောကံ** = တစ်နေ့တခြား လွန်းဆန်းပြားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့ ပြည့်စုံဖန်တီး လောကကြီးကို။

**ဝိရောစနံ ဣ၀** = မြင်ရသူများ ရွှင်လန်းသွား၍ ဝင့်ကြွားစေဘိ ပီတိအဟုန် ဇွေ့ဇွေ့ခုန်လျက် ဖုံဖုံကျက်သရေ တင့်တယ်စေသကဲ့သို့။

**ထေရော** = ဘုရားကြီးတိုက် မကိုဋ်တော်ဝင် ပေါ်လွင်ညီမ့်ငြောင်း နယားကျောင်း၌ ကိန်းအောင်း စံလျက် လွန်မွေ့လျော်၍ "နယားဆရာတော်" ထင်ပေါ်ကျော်ကြား ထေရ်ဘုရားသည်။

**ဒုပါဋ္ဌေ** = အနက်, အဓိပ္ပာယ် လွဲမှားလွယ်၍ ဉာဏ်ဝယ်တိမ်ဝှက် အသိခက်လှ ဖြစ်နေကြဘိ မကောင်းသော ပါဠိတို့ကို။

**သောဓေတွာ** = ဉာဏ်နှင့် လုံ့လ အသုံးချ၍ ဆန္ဒထန်ပြင်း ကောင်းမွန်စွာ သုမ်သင်ရှင်းလင်းပြီး၍။

**သုဒ္ဓပါဋ္ဌေဟိ** = အနက်လည်းမှန် ကျင့်စဉ်မှန်၍ နိဗ္ဗာန်ရောက်ရန် ကေန်တည်အပ် စင်ကြယ်သော ပါဠိရုပ်တို့ဖြင့်။

**လောကဥ္စ** = သာသနာကို ကြည်ညိုလေးစားလွန်အားထားသူ နတ်, လူ, ဗြဟ္မာ သတ္တဝါခေါ်ဆို လောကကိုလည်းကောင်း။

**သာသနဥ္စ** = ဘုန်းကံကြီးမား စောဘုရားက ဝါလေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်အောင် ဟော, ညွှန်ဆောင်ထား သုံးပါးသိက္ခာ မြတ်သာသနာကို လည်းကောင်း။

**ဝိရောစေတိ** = ရွှေကလာပ်တွင် စိန်ကျောက်တင်သို့ ပေါ်လွင်အသရေ ဩဘ် . . . . တင့်တယ်စေတော် မူပါပေသတည်း . . . . ။

| | | | |
|---|---|---|---|
| သာသနာတော်နှစ် | – | ၂၅၅၀ ပြည့်နှစ် | ဘဒ္ဒန္တ အဂ္ဂည |
| ကောဇာသက္ကရာဇ် | – | ၁၃၆၈ ခုနှစ်၊ | ဒက္ခိဏာရာမိကဂဏဝါစက |
| | | ပြာသိုလပြည့်ကျော်(၄)ရက်၊ | ဂုဏဝတီတိုက်ကျောင်း၊ |
| ခရစ်နှစ် | – | ၆–၁–၂၀၀၇ ခုနှစ်၊ စနေနေ့၊ | ဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| | | နေ့လည် (၃း၀၀) နာရီ။ | မန္တလေးတိုင်း၊ အထက်မြန်မာပြည်။ |

## ၄။ အာသီသပတ္ထနာဂါထာ

**ဝိပဿနာ နယံ ဓမ္မံ၊**
**မဟာထေရေန ဒေ သိတံ။**
**သုတွာန ဒုက္ခာ မုစ္စန္တု၊**
**သုခေန္တု သဗ္ဗာနာ သဒါ။**

**မဟာထေရေန** = မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဩျာင်ရပ်ကွက် တွင် နယားကျောင်း၊ ပရိယတ္တိစာသင်တိုက်ဟု၊ ဂုဏ်လှိုင်ဝေဆာ၊ တေဇာထွန်းပြောင်၊ ဂုဏ်ရောင်ကျော်ဟည်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ကြီး၏၊ ဥူးစီးပဓာန၊ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဘဒ္ဒန္တမေဓိယာဘိဝံသ၊ ကျေးဇူးရှင် သက်တော်ရှည် နယားဆရာတော်ဘုရားကြီးသည်။

**ဒေသိတံ** = ကမ္ဘာသူ, ကမ္ဘာသား ချမ်းသာပွားဖို့ ဟောကြားတော်မူအပ်ပေထသော။

**ဝိပဿနာနယံ ဓမ္မံ** = နိဗ္ဗာန်ခရီး တစ်ကြောင်းတည်းဖြင့်၊ အပြီးရောက်ရန် အသိမြန်သည့် သတိပဋ္ဌာန်ခေါ် တရားတော်ကို။

**သုတွာန** = တစ်သက်မှာတစ်ခါကြုံ ရတနာပုံအခါဆိုက်ရောက်သကဲ့သို့၊ ကုသိုလ်ရတနာသိုက် အရတူး ကာ အထူးမှတ်သား နာကြားရလေသောကြောင့်။

**သဗ္ဗနာ** = ဝိပဿနာ, ဘာဝနာ တရားအလုပ် အားထုတ်ပျော်ရွှင် သူတော်စင်တို့သည်။

**သဒါ** = အခါခပ်သိမ်း။

**ဒုက္ခတော** = ဘဝဖန်ခါ သံသရာဝယ် အို, နာ, သေ ရေး ဒုက္ခဘေးမှ။

**မုစ္စန္တု** = သစ္စာလေးအင် အမှတ်မြင်၍ ဉာဏ်စဉ်တက်လှမ်း မဂ်စခန်းဖြင့်၊ အထက်တန်းရောက် လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

**သုခေန္တု** = ကိုယ်, စိတ် နှစ်ဖြာ လိုက္ခဏာနှင့် ချမ်းသာလုံးစုံ ဣဋ္ဌာရုံတို့ဖြင့် ကုံလုံပြည့်ဝ ချမ်းသာနိုင် ကြပါစေကုန်သတည်း။

**သုခေန္တု** = သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍၊ လိုရာဆန္ဒ၊ ကြံသမျှတို့၊ အမြန်ခဏပြီးမြောက်၊ သိဒ္ဓိ ပေါက်ကာ၊ ဝမ်းမြောက်, ဝမ်းသာ နန်းအမတ စခန်းသာ၍ ချမ်းသာနိုင်ကြပါစေ ကုန်သတည်း။



ဘဒ္ဒန္တ ပညာသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
မင်္ဂလာဗိမာန်ကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့၊ မန္တလေးတိုင်း၊
အထက်မြန်မာပြည်။

# ၁။ နယားဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ

**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် နာယကဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)**

## (၁) နယားဆရာတော်ဘုရားကြီး၏ ဇာတာခွင်၊ ဒသာစဉ်ပုံ – ထုလဒသာစဉ်ပုံ

သာသနာတော်နှစ် ၂၄၅၄–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၇၃–ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ ခရစ်နှစ် ၄–၅–၁၉၁၁ ခုနှစ်၊ ကြာသပတေးနေ့၊ ညနေ (၄)ချက်တီးကျော်၊ စက် (၇း၄၀)နာရီအချိန်တွင် နယားဆရာတော် လောင်းလျာကို ဖွားမြင်တော်မူသည်။

### ဇာတာခွင်




| လဂ် | စန်း | ဝင် |
|---|---|---|
| ၀၇ | ၀၃ | ၀၇ |
| ၀၆ | ၀၄ | ၀၀ |
| ၅၂ | ၅၀ | ၀၇ |
| ၄၃ | ၄၂ | ၂၄ |
| ၅၀ | ၃၀ | ၁၁ |

### ဒသာစဉ်ပုံ – ထုလဒသာစဉ်ပုံ

| | | | |
|---|---|---|---|
| ၀၀၀၈ | ၀ | ၀ | |
| –၀၀၀၇ | ၀ | ၇ | |
| ၀ | ၃ | ၈ | |
| ၁၄ | ၃ | ၀ | |
| + ၂ | ၆ | ၁၂ | |
| ၁၆ | ၉ | ၁၂ | |
| +၁၉၁၁ | ၅ | ၄ | |
| ၁၉၂၈ | ၂ | ၁၆ | ⊃ စနေထုလ |
| + ၁၇ | | | |
| ၁၉၄၅ | ၂ | ၁၆ | ⊃ ၄– ဟူးထုလ |
| + ၇ | | | |
| ၁၉၅၂ | ၂ | ၁၆ | ⊃ ကိတ်ထုလ |
| + ၂၀ | | | |
| ၁၉၇၂ | ၂ | ၁၆ | ⊃ ၆– ကြာထုလ |
| + ၆ | | | |
| ၁၉၇၈ | ၂ | ၁၆ | ⊃ ၁– နွေထုလ |
| + ၁၀ | | | |
| ၁၉၈၈ | ၂ | ၁၆ | ⊃ ၂– လာထုလ |
| + ၇ | | | |
| ၁၉၉၅ | ၂ | ၁၆ | ⊃ ၃– ဂါထုလ |
| + ၁၀ | | | |
| ၂၀၁၃ | ၂ | ၁၆ | ⊃ ရာဟုထုလ |

## (၂) ထူလ နှင့် အန္တရဒသာတွဲပုံ

| | | | | | |
|---|---|---|---|---|---|
| | ၁၉၈၈ | ၂ | ၁၆ | ⊃ | တနင်္လာထူလ |
| + | ၀ | ၄ | ၂၇ | | |
| | ၁၉၈၈ | ၇ | ၁၃ | ⊃ | အင်္ဂါအန္တရ |
| + | ၁ | ၀ | ၁၈ | | |
| | ၁၉၈၉ | ၈ | ၁ | ⊃ | ရာဟုအန္တရ |
| + | ၀ | ၁၁ | ၆ | | |
| | ၁၉၉၀ | ၇ | ၇ | ⊃ | ၅- တေးအန္တရ |
| + | ၁ | ၁ | ၉ | | |
| | ၁၉၉၁ | ၈ | ၁၆ | ⊃ | စနေအန္တရ |
| + | ၀ | ၁၁ | ၂၇ | | |
| | ၁၉၉၂ | ၈ | ၁၃ | ⊃ | ၄- ဟူးအန္တရ |
| + | ၀ | ၄ | ၂၇ | | |
| | ၁၉၉၃ | ၁ | ၁၀ | ⊃ | ကိတ်အန္တရ |
| + | ၁ | ၂ | ၀ | | |
| | ၁၉၉၄ | ၃ | ၁၀ | ⊃ | ၆- ကြာအန္တရ |
| + | ၀ | ၄ | ၆ | | |
| | ၁၉၉၄ | ၇ | ၁၆ | ⊃ | ၁- နွေအန္တရ |
| + | ၀ | ၇ | ၀ | | |
| | ၁၉၉၅ | ၂ | ၁၆ | ⊃ | ၂- လာအန္တရ |
| + | ၂ | ၈ | ၁၂ | | |
| | ၁၉၉၇ | ၁၀ | ၂၈ | ⊃ | ရာဟုအန္တရ |
| + | ၂ | ၄ | ၂၄ | | |
| | ၂၀၀၀ | ၃ | ၂၂ | ⊃ | ၅- တေးအန္တရ |
| + | ၂ | ၁၀ | ၆ | | |
| | ၂၀၀၃ | ၁ | ၂၈ | ⊃ | စနေအန္တရ |
| + | ၂ | ၆ | ၁၈ | | |
| | ၂၀၀၅ | ၈ | ၁၆ | ⊃ | ၄- ဟူးအန္တရ |
| + | ၁ | ၀ | ၁၈ | | |
| | ၂၀၀၆ | ၉ | ၄ | ⊃ | ကိတ်အန္တရ |
| + | ၃ | ၀ | ၀ | | |
| | ၂၀၀၉ | ၉ | ၄ | ⊃ | ၆- ကြာအန္တရ |
| + | ၀ | ၁၀ | ၂၄ | | |
| | ၂၀၁၀ | ၇ | ၂၈ | ⊃ | ၁- နွေအန္တရ |
| + | ၁ | ၆ | ၀ | | |
| | ၂၀၁၂ | ၁ | ၂၈ | ⊃ | ၂- လာအန္တရ |
| + | ၁ | ၀ | ၁၈ | | |
| | ၂၀၁၃ | ၂ | ၁၆ | ⊃ | အင်္ဂါအန္တရ |



နယားဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ မေဓိယာဘိဝံသ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်
ဒက္ခိဏာရာမဘုရားကြီးတိုက်
နာယကဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ထို့ကြောင့်၊ ဤဟောစာတမ်း ရေးဆဲကာလ သည် အင်္ဂါထူလ - တနင်္လာ အန္တရဒသာ ဖြစ်ပါသည် ဘုရား။ ခရစ်နှစ် ၁၆-၂-၁၉၉၅ ခုနှစ် မှကျော်လျှင် ရာဟုထူလ ရာဟုအန္တရသို့ ရောက်ပါမည် ဘုရား။

## (၃) ရှိသေးလေးမြတ်ထိုက်သော နယားကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တမေဓိယာဘိဝံသ၏ဟောစာတမ်း (မြန်မာသက္ကရာဇ် ၁၂၇၃–၁၃၆၇ ခုနှစ်)

နယားဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၇၃–ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ ခရစ်နှစ် ၄–၅–၁၉၁၁ ခုနှစ်၊ ဖွား ၅–တေးသားဇာတာ၌ ဖွားဓာတ်တွင်စန်းသည် ကသစ်အဖြစ် မိတ်နဝင်းတွင် စီးလျက်တည်နေခဲ့သည်။ မွေးနံ ၅–တေးသည် ဖွားဓာတ်၌ မိမိနဝင်းတွင်စီးလျက် တည်နေသည်။ တနင်္ဂနွေ, ဗုဒ္ဓဟူး, သောကြာ, စနေဂြိုဟ် လေးလုံးတို့သည် မြင်ကြ၏။ အထူးသဖြင့် ဖွားဓာတ်အိမ်ရှင် မွေးနံသခင်ဖြစ်သော သောကြာဂြိုဟ်သည် မြင်ခဲ့၏။ တနင်္ဂနွေသည် ဥစ်အဖြစ်နှင့်လည်း မြင်သေး၏။ မွေးနံသည် "ဒိသာဗလအား" နှင့် ပြည့်စုံ၏။

ပြဆိုခဲ့ပြီးသော စကားတို့တွင် ဖွားဓာတ်၌ စန်းမိတ်နဝင်း၌ စီးလျက် ကသစ်အဖြစ်နှင့် တည်ခြင်းသည် လည်းကောင်း၊ ကြာသပတေးဂြိုဟ် မိမိနဝင်း၌စီးလျက် ဖွားဓာတ်တွင် ဥစ်ကမြင်လျက် ဒိသာဗလနှင့် ပြည့်စုံစွာတည်ခြင်းသည် လည်းကောင်း၊ ဖွားဓာတ်အရှင်က မြင်ခြင်းသည်လည်းကောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဇာတာဖြစ်ကြောင်း သိနိုင်ရာ၏။

ဤသို့ တည်ခြင်းအတွက် လူဖြစ်က– မင်း, သူဌေး၊ ရဟန်းဖြစ်က – ဂဏာစရိယ၊ ဂဏပါမောက္ခ (သို့မဟုတ်) ဥက္ကဋ္ဌ၊ နာယက၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် စသည့်ဖြစ်ရန် ပုံသေနေသော ဇာတာဖြစ်သည်။

၅–တေးသည် မိမိနဝင်းစီးလျက် ၎င်းသခင် ဥစ်ဂြိုဟ်, ကသစ်ဂြိုဟ်တို့ မြင်ခြင်းအတွက်၊ လူဖြစ်က – နန်းရင်းဝန်၊ ပညာရှိ သုခမိန်၊ ရဟန်းဖြစ်က – ကျမ်းတတ်ပေတတ်အကျော်အမော် ဖြစ်နိုင်၏။

မွေးနံကို ပါပ, သောမ အများမြင်ခြင်းအတွက် လူဖြစ်က – အမိုက်, အလိမ္မာ များစွာသော အခြံအရံရှိအံ့၊ ရဟန်းဖြစ်က တပည့်ကောင်း, တပည့်ဆိုး နှစ်မျိုးနှစ်ဖုံ အစုံခြံရံရသည်။ အဆိုး, အကောင်း သောင်းပြောင်းဝမ်းလှည့် တပည့်တို့၏ ဆရာဖြစ်အံ့။ "အား" အမျိုးမျိုးတို့တွင် ကြာသပတေးသည် ဒိသာဗလနှင့် ပြည့်စုံသောကြောင့်လည်း ဇာတိဖြစ်သောအရပ်၌ မနေလို။ ပဝတ္တိဖြစ်သော အရပ်၌သာ ချဉ်းကပ်မွေ့လျော် နေပျော်ခြင်းရှိအံ့။

ကမ္မဿရ အိမ်ရှင်သည် ဥစ်အိမ်၌တည်နေသော တနင်္ဂနွေဖြစ်သောကြောင့် လူဖြစ်လျှင် – တက္ကသိုလ်ဆရာ ဒိသာပါမောက္ခဆရာဖြစ်၍ အဝေးအနီး တပည့်ကြီးငယ်တို့ အနယ်နယ်က လာရောက်ခစားအံ့။ ရဟန်းဖြစ်လျှင် – ရဟန်းသာမဏေ ဥပါသကာ, ဥပါသိကာ ဝမ်းလှည့်ခစား၍ များပြားသောတပည့်တို့၏ ဆရာဖြစ်အံ့။ တပည့်တပန်း, ရဟန်းသာမဏေတို့အား စာပေပို့ချ, ပြသသင်ကြားခြင်းဖြင့် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ဖြစ်အံ့။

ဖွားဓာတ်၌တည်သော မွေးနံကို ၎င်းအိမ်ရှင်က ကသစ်တြိကုံအဖြစ်နှင့် ပထနီဘာဝမှ မြင်ခြင်းကြောင့် လူဖြစ်က မယားကောင်း, သားကောင်း ရ၍၊ ကြီးကျယ်ခမ်းနား၊ သားနားသပ်ရပ်, ဘုံပြာသာဒ်တို့၌ နေရအံ့။ ရဟန်းဖြစ်က – ကြီးကျယ်ခမ်းနားသော တိုက်တာ, မဟာဝေယံ, ဘုံဗိမာန်တို့နှင့် မွေ့လျော်ရအံ့။ ထူးထွေဆန်းပြား၍ အဖိုးအနဂ္ဃ ထိုက်သော၊ အဝတ်အထည် အသွယ်သွယ်သော ခုဋင်ညောင်စောင်း အသုံးအဆောင်ကောင်းတို့နှင့် ပြည့်စုံအံ့။

အာရိတွင် တနင်္ဂနွေဥစ်အဖြစ်နှင့် နေခြင်းကြောင့်လည်းကောင်း၊ ဤရာသီ၏လည်း ဥပစီးအိမ်ဖြစ်သောကြောင့် လည်းကောင်း စနေနိစ်ကြောင့် ရောက်လာမည့်ကောင်းကျိုးကို နှိမ်ချိုးဖျက်ဆီးစေကာမူလည်း၊ တနင်္ဂနွေဥစ်ကြောင့် သူ့ဒဏ် သူပြန်ဟူသကဲ့သို့ ရန်သူထံ ရန်သူခံရသည် များတတ်၏။

အာရိတွင် ပါပဂြိုဟ်တွေ စုပြီးနေသည့်အပြင် မွေးနံကိုလည်းမြင်သေးသောကြောင့် ရအပ်သော ဂုဏ်ထူး, ဘွဲ့ထူး ရှင်မြူးနှစ်သက်ဖွယ်သော စီးပွားချမ်းသာ ပေါ်ပေါက်လာသော အခြံအရံတပည့် ဝမ်းလှည့်နေသော ပရိသတ်တို့၌ အစဉ်သဖြင့် အနှောင့်အယှက်နှင့် မကင်းရောပြွမ်း ရှုပ်ထွေးခြင်းရှိရာချေသည်။ မူးဝေခေါင်းကိုက် မိန်းမိုက်မှုန်ရီ၊ မကြည်နောက်ကျုသောအနာ, ဦးရေနာ, ဦးရေပွလျက် ဦးရေမူး၊ အနာပေါက်တတ်ခြင်းစသော ရောဂါများ ရရှိတတ်၏။

စန်း၏ကမ္မတွင် ပါပဂြိုဟ်သုံးလုံးယှဉ်ခြင်း၊ ၎င်းအရှင်အင်္ဂါဖြစ်ခြင်း၊ လဂ်ကမ္မဿရ ဂြိုဟ်လည်း တနင်္ဂနွေဖြစ်ခြင်း၊ အင်္ဂါဂြိုဟ်သည် လဂ်၏ကမ္မကိုမြင်ခြင်း စသည်တို့ကိုထောက်ရှုခြင်း အားဖြင့် ဓာတ်သတ္တုလုပ်ငန်း, စက်လုပ်ငန်း,

စစ်လုပ်ငန်း စသည်တို့ကို မှီ၍လည်းကောင်း၊ ရန်– ကုန်းတိုက်၍ ကြမ်းကြုတ်ခက်ထန်သော သူတို့ကိုလည်းကောင်း၊ ရန်သူတို့ကို လည်းကောင်း မှီ၍ ဥစ္စာရခြင်း၊ ကြမ်းတမ်းစေသော အတတ်၊ မိုက်မဲသော တပည့်များကိုမှီ၍ လည်းကောင်း၊ ဘုန်းတန်း တေဇာ အာဏာကြီးခြင်း လူအများလေးစားခံရခြင်းရှိအံ့။

ဇာတာရှင်၌ အချုပ်အားဖြင့် အတတ်ပညာတို့ကိုလည်းကောင်း၊ တပည့်ပရိသတ်တို့ကိုလည်းကောင်း၊ အမှီသဟဲ ပြု၍ ကြီးပွားအံ့, ထင်ရှားကျော်စောအံ့။

ဤဇာတာ၌ ပါပဂြိုဟ်များသည် ဥပစည်အိမ် အာရိဘာဝတွင် စုဝေးပြီးလျှင် ဗျယတွင်ရှိ မွေးနံ မွေးဂြိုဟ်ကို မြင်ခြင်း၊ စန်းကမ္ဘိသရဂြိုဟ် အင်္ဂါသည် မိမိနဝင်းတွင်စီးနင်းခြင်းရှိနေသောကြောင့် အသည်းနှလုံး ဖြုန်းဖြုန်းကြွေပြတ်၊ ရင်ဘတ်နှစ်ခြမ်း ဖြန်းဖြန်းကွဲမှု၊ အဆင်းရဲခံ၊ ပြင်းထန်သော မဟုသာဟ ထကဲလုံ့ဖြင့် – ပညာရှာမှီး၊ တပည့်ကြီးငယ်ရဲ့ အခြေအရံတွေစုံ ရွှေဘုံစံကျောင်းတို့ကို ရတတ်သော ဇာတာဖြစ်သည်။

ဝီရိယအဟုတ် အားမထုတ်ဘဲ ရတ်ချည်းပေါ်ပေါက် လက်ရောက်ရပြီး၊ တက်ကစီးခံစားရသော ဇာတာမျိုး မဟုတ်ခဲ့ချေ။ **ဆင်းရဲသားမင်းဖြစ်၊ ဖွတ်နှစ်အားခဲ၊ ကိုယ်တိုင်ကြံမှ အောင်ပွဲရတတ်သော ဇာတာဖြစ်၏။**

စည်တပစ်, ဘိုးရာဇာ, ပညာကျော်ဦးပေါ်ဦး ထူးသောပညာရှင်တို့ကဲ့သို့ အတတ်ပညာတည်းဟူသော စွမ်းရည်ကို မှီလျက်၊ ရာထူးဂုဏ်သိန်ကို ခံစားရသောဇာတာ ဖြစ်၏။ ရွှေလင်ပန်းနှင့် အချင်းဆေး မင်းမွေး၍ကြီး၊ ရွှေနန်းထဲမှာအိပ် ထီးဖြူရိပ်အောက်မှာ အသာနေရင်းဖြင့် မင်းအဖြစ်သို့ရောက်ရသော ဇာတာမျိုးမဟုတ် ဟူလို။

(က) အားထုတ်ကရနိုင်သော ဇာတာ၊

(ခ) အားမထုတ်က မရနိုင်သော ဇာတာ၊

(ဂ) အားမထုတ်သော်လည်း ရနိုင်သော ဇာတာ၊

(ဃ) အားထုတ်သော်လည်း မရနိုင်သော ဇာတာ ဟူ၍ လေးမျိုးတွင်– ဇာတာရှင်သည် ပထမအမျိုးအစား၌ ပါဝင်၏။

မြန်မာသက္ကရာဇ် ၁၃၁၃–ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်နေ့တွင် အာယုစန်းနက္ခတ်သည် ၁၀–လုံး၊ သုညပါဒ် ၁၀–ဃဋီတွင် ဥပါဒ်စုတ် ကြိုက်လျက်ရှိ၏။ နက္ခတ်ဒ္ဒိကဒသာကား – အင်္ဂါမူလ၊ ကြာသပတေးထူလ၊ သောကြာအန္တရ စားလျက်ရှိ၏။

နေသဂ္ဂိကဒသာကား – ၅–တေးတွင်ပင် စားဆဲရှိ၏။ မဟာဘုတ်ဒသာကား ၅–တေးမူလ၊ သောကြာထူလ၊ အင်္ဂါအန္တရ စားဆဲဖြစ်၏။ အာယုစန်းစလာခဲ့သော ခရီးစဉ်ကိုကြည့်ရလျှင် လွန်ခဲ့ပြီး ၂၄–နှစ် မှ ၄၁–နှစ် အထိ၊ **စုတ်နက္ခတ်, ပုညနက္ခတ်, ဣဿရိယနက္ခတ်, ထီးနက္ခတ်, ဆင်နက္ခတ် တို့နှင့် တစ်ခုပြီးတစ်ခု ယှဉ်ကာလာခဲ့သည်။** နက္ခတ္တိက ဒသာလည်း ၅–တေးထူလ၊ ရာဟု သောကြာ အန္တရ စားခဲ့ရသည်တို့ကို ထောက်ဆဆင်ခြင်ကြည့်လျှင် ၂၄–နှစ်လောက်ကစ၍၊ ၄၁–နှစ်အထိ ဂုဏ်ထူး, ဘွဲ့ထူး, ကျက်သရေထူးများ တိုးတက်၍ တက်သစ်စနေဝန်း၊ ထွန်းသစ်စ လ တို့ကဲ့သို့ တစ်မျိုးပြီးတစ်မျိုး၊ ရာထူးဂုဏ်ထူးတို့ တန်ခိုးကြီးမားလာခဲ့သည်။ သို့သော် ၂၈–နှစ် မှ ၃၀–ကျော် အတွင်းလောက်၌ အကြီးအကျယ် ပျက်စီးခဲ့ရဖူးသည်။ မင်းဖြစ်လျှင် နန်းကျ, ရဟန်းဘဝနေလျှင် – လူထွက် အထူး ပြုပျက်ခဲ့ရမည်။

ပြီးခဲ့သောသုံးနှစ်မှ ယခုဤစာရေးဆဲ နှစ်အတွက်လည်း ဂုဏ်ထူး, ဘွဲ့ထူး တိုးတက်၍၊ တန်ခိုးပိုမိုထွက်ခဲ့ရမည်။ ယခုလည်း၊ ဘုန်းတန်းတေဇာ အာဏာတန်ခိုး တိုးတက်နေဆဲပင်ဖြစ်၏။ ယခုလမှ လာမည့်ကဆုန်လအထိ အရှိန်အဝါတိုးတက်နေဆဲပင်ဖြစ်၏။ မင်းလောင်းဖြစ်က ထီးနန်းရကိန်းပင်ဖြစ်၍၊ တိုင်းပြည်နိုင်ငံ တိုးတက်ရေးကိန်း, ဆင်ဖြူရတနာဝင်ကိန်း ဆိုက်နေဆဲ၊ ရဟန်းဖြစ်က ဂုဏ်ထူးဘွဲ့ထူးတိုးတက်၊ ဘုန်းတန်းတေဇာ အရှိန်အဝါ ပြောင်နေဆဲ နိုက်အခါနှင့် ကြုံဆဲဖြစ်၏။ ကျောင်းသစ်, ကန်သစ် တိုးတက်ဆဲ၊ တပည့်ပရိသတ် များပြားဆဲ၊ တိုးပွားဆဲ၊ ဘုန်းကံ ကြီးမားနေဆဲဟု ဆိုရပေမည်။

ခေတ်ဆိုး, အခါဆိုးတွင် ဖြစ်ပါငြားလည်း လဂ်ပေါ်စန်းပေါ် ပါပဂြိုဟ်များ အစီးအနင်းကင်းခြင်း၊ လဂ်သခင်, စန်းသခင်တို့လည်း အနေအရပ်ကောင်းခြင်း၊ ဖွားနဝင်း စားနဝင်းတို့လည်း အသွားမှန်ခြင်း၊ အာယုစန်းလည်း အထွန်းသို့

တက်လာခြင်း၊ ဥပါဒ်ကြီးမှလွတ်ခြင်း စသောအချက်တို့ကို ထောက်ခြင်းအားဖြင့် ဘေးအန္တရာယ်များမှ ပပျောက် ကင်းကွာခြင်း၊ မထိမပါးခြင်းရှိအံ့၊ ဘေးပျောက်ရန်ကွာ ချမ်းသာတိုးပွားခြင်းရှိအံ့၊ ဇာတာ၌ ကသစ်နှစ်ပွင့် ဥစ်တစ်ချပ်ရခြင်း၊ မွေးနံစန်းတို့ ဇာတ်ဆန်းဖျက် ရာသီကွက်တွင် တည်ခြင်း၊ မွေးနံမှာ ဥစ်ကသစ်တို့မြင်ခြင်း၊ မိမိနဝင်း၌ရှိခြင်း၊ ဒိသာဗလ ရှိခြင်း၊ ဖွားဇာတ်အရှင်မြင်ခြင်း၊ ဂြိုဟ်အများမြင်ခြင်း စသည်တို့မှာ ဗေဒင်အလို ဤကိုယ်ဘဝတွင် အလွန်ထင်ရှား ကျော်စောမည်သူ ဖြစ်အံ့မလွဲပေ။

မွေးနံဇူယတည်ခြင်း၊ ဥပစ္စည်းတွင်ပါပဂြိုဟ် အများစုဝေးခြင်း စသည်တို့မှာ ကောင်းကျိုးကိုဖျက်ဆီးချေမှုန်းသော အချက်တစ်ခုရှိသည်။ ဖွားဇာတ်၌ စန်းလဂ်မွေးနံ တနင်္ဂနွေလေးစုံရှိရမည်ကို နှစ်ခုတည်းရှိခြင်းမှာလည်း ထက်ဝက် အကျိုးကို ဖြစ်စေပါသည်။ စန်းမွေးနံတို့ကို ပါပဂြိုဟ် အမြင်များခြင်းမှာ ရန်ကိုတိုက်ခိုက်အောင်မြင်ပြီးမှ စံစားရခြင်းရှိမည်။ အလိုအလျောက်ရှင်ဘုရင်တောထွက်သဖြင့် နန်းဆက်အမွေခံရသလိုမဟုတ်ဘဲ၊ အနိုင်အထက်တိုက်ဖျက်လုပ်ကြံမှ သူ့နိုင်ငံသိမ်းပိုက်ရသကဲ့သို့၊ အခြေအရံ ဉာဏ် ဝီရိယ ဗလ အမျိုးမျိုးတို့ဖြင့် လွှမ်းမိုးဖိညှပ် ကြေပြတ်ချေမှုန်း အားလုံး အကြွင်းအကျန်မရှိသည်ကို ပြုပြီးမှအောင်ပွဲရ၍ စံစားရသောဇာတာမျိုးဖြစ်၏။

ပညာကိုမှီ၍ ကြီးပွားရသော ဇာတာ၊ ဥစ္စာကိုမှီ၍ ကြီးပွားရသောဇာတာ အမျိုးကိုမှီ၍ ကြီးပွားရသောဇာတာ၊ စသည်တို့တွင် ဇာတာရှင်သည် ပညာကိုမှီ၍ ကြီးပွားရသောဇာတာမျိုးဖြစ်၏။

အထူးမွေးနံမှာ –

(က) ဒိသာဗလအားရှိခြင်း၊

(ခ) ဂြိုဟ်အများမြင်ခြင်း၊

(ဂ) မိမိနဝင်း၌စီးခြင်း၊

(ဃ) ဖွားဇာတ်၌တည်ခြင်း၊

(င) ဖွားဇာတ်အိမ်ရှင် (ဒုက္ခ) အန္တ ၅၀–ခန့်မြင်ခြင်း၊

(စ) လဂ်အရှင်, စန်းကမ္ဘအရှင် ဗန္ဓ၌တည်ခြင်း

စသည်တို့ကိုထောက်လျှင် ကြွယ်ပေါင်းခသော လအထူး ဝေနီးတပည့် ဝမ်းလှည့်စံစား များပြားသောသူတို့ အပူဇော်ကိုခံရတတ်ပါသည်။ ယခုခေတ် လူဖြစ်လျှင်– အမတ်၊ ရဟန်းဖြစ်လျှင်– စာချ, နာယက, တိုက်အုပ်, တိုက်ကြပ်, တိုက်ပိုင်, ဆရာတော်, ဂဏာစရိယ, ဂိုဏ်းချုပ်, ဂိုဏ်းစည်း, အကြီးအကဲ ဆရာတော်ဖြစ်တတ်ပါသည်။

ယင်းသို့ပင်ဟောရငြားလည်း ခေတ်ကြီးကပျက်၊ စစ်မက်ကထူ၊ ဗလောင်ဆူ၍ သူတစ်လူငါတစ်မင်းဟု ရန်ခင်းကာ အမျက်ပွားလို့ ပျက်ပြားချင်တိုင်းပျက်ပြား၊ စစ်မီးပွားတောက်လောင်လျက် တိုင်ဘောင်မှာ ချောက်ချားပြီး အများဒုက္ခ ရောက်နေကြတဲ့အခါမှာ– အရင်းအစက ဖော်ပြရာပါ စကားအကျသတိရ၍ တိကျစွာမမှန် အတော်အတန် ချို့ယွင်း သည်ကို အပြစ်တင်ခြင်းမှ ကင်းကုန်ရာသည်။

**စကားချုပ် ။** ။ ဇာတာရှင် နယားဆရာတော်ဘုရားကြီးသည် သာသနာတော်နှစ် ၂၅၄၈–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၇–ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၂)ရက်၊ ခရစ်နှစ် ၅–၅–၂၀၀၅ ခုနှစ်၊ ကြာသပတေးနေ့ နံနက် (၁း၃၅)နာရီအချိန်တွင်၊ သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါအရ၌ ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူခဲ့သည်။

**မှတ်ချက် ။** ။ နယားဆရာတော်ဘုရားကြီး၏တပည့် – ဘဒ္ဒန္တ နန္ဒိယ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏဝါစက၊ ဓာချ၊
ဓမ္မာစရိယ၊ တိပိဋကပါဠိ– မြန်မာ အဘိဓာန်ကျမ်းပြု၊
ဓမ္မာအေးပရိယတ္တိ စာသင်ကျောင်းတိုက် (မိုးထိတိုက်)၊
မန်းတောင်ခြေ၊ မန္တလေးမြို့ ထံမှ ဤဆောင်းပါးမူရင်းကို ရရှိပါသည်။

## (၄) ဆရာတော်၏ သာသနာပြုဆောင်ရွက်ချက်များ အောင်မြင်မှု ရှိ– မရှိ?။

ဆရာတော်ဘုရားကြီး၏ မေးခွန်းများကို ဘုရားတပည့်တော် ခြေတော်စုံဦးခိုက်၍ ရိုသေစွာ ပြန်ကြား လျှောက်ထား အပ်ပါသည်ဘုရား။

အကျင့်သီလနှင့်ပတ်သက်သော လောကုတ္တရာဆိုင်ရာဂြိုဟ်မှာ စနေဂြိုဟ်ဖြစ်ပါသည်။ ၎င်းစနေဂြိုဟ်မှာ လေးတန့်သခင်ဖြစ်သည်။ လေးတန့်သခင်အနေဖြင့် ခြောက်တန့်သခင်အင်္ဂါနှင့် အိမ်ခြင်းလဲ၍၊ ပရိဝတ္တနယုဂ်ရ၏။ ထိုယုဂ်ရရှိခြင်းကြောင့် လောကုတ္တရာဆိုင်ရာ သာသနာပြုလုပ်ငန်းများကို ပြုလုပ်နိုင်ခြင်းဖြင့်လည်း အောင်မြင်နိုင်ပါသည်။

မိဿရာသီ၌ ဂြိုဟ်လေးလုံးတို့ ပူးကြ၏။ ဤသို့ပူးခြင်းမှာလည်း ယောဂီယုဂ်ကိုရ၏။ ဤသို့ ယောဂီယုဂ်ရခြင်းမှာ– သူတော်စင်ဘဝနှင့် ဇာတ်သိမ်းရမည်ကို ထင်ရှားစွာပြ၏။ ရာသီစက်၌သာမဟုတ်၊ နဝင်းစက်၌လည်း၊ လဂ်နှင့်တကွ ဂြိုဟ်လေးလုံးတို့ပူးနေကြသောကြောင့် ယောဂီယုဂ်သည် ပို၍ခိုင်မြဲ၏။

ရာဟုဂြိုဟ်သည် ရာသီစက်နှင့် ဘာဝစက်တွင် မိတ်သာရာသီခြောက်တန့် ဘာဝ၌ရပ်၏။ ဤသို့ရပ်တည်မှုအတွက် ရှေးပညာရှိများက ရာဟုထီးဆောင်းသည်ဟု အမည်ပေးထား၏။ **"ရာဟုထီးဆောင်း၊ အပေါင်းသူငါ၊ မှီခိုရာ၏"** ဟူ၍ လင်္ကာစပ်ဆို ရေးသားထားကြ၏။ ထို့ကြောင့်၊ ရဟန်းပရိသတ်များ, လူပရိသတ်များတို့၏ မှီခိုအားထားရာ ဖြစ်လိမ့်မည်ဟု ဂြိုဟ်ရပ်တည်မှုရှိသောကြောင့် စာပေနှင့်ဆိုင်သော သာသနာပြုဆောင်ရွက်ချက်များလည်း အောင်မြင်မှုရှိပါလိမ့်မည်ဘုရား။ အထူးသဖြင့်၊ တစ်ဆယ်တန့်သခင် တနင်္ဂနွေဂြိုဟ် ဥစ်မှုသောကြောင့် အောင်မြင်ရုံမျှသာမဟုတ်၊ ထင်ပေါ်ကျော်စောမှုကိုပါ ရရှိပါလိမ့်မည်။ ၎င်းတနင်္ဂနွေသည် နဝင်းစက်၌ နိစ်မှု၏။ ဤသို့ နိစ်မှုသောကြောင့် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထင်ပေါ်ကျော်ကြားမှု မလိုလား၍ စွန့်လွှတ်သည့်အထိ သာသနာရေး ဆောင်ရွက်ချက်များ အောင်မြင်၍ နေပါလိမ့်မည်။

## (၅) ဆရာတော်၏သက်တော် မည်မျှလောက်ရှည်မည်နည်း?။

ရှစ်တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်၊ ခြောက်တန့်ဘာဝ၌ ရပ်၏။ ဤသို့ရပ်တည်မှုမှာ ဝိပရိသရာဇယောဂ ယုဂ်ကိုရရှိ၏။ ထို ဝိပရိသရာဇယောဂယုဂ်သည် အကြီးအကဲမှုချဖြစ်ရမည်ဟူသော အကျိုးတရားရရှိခြင်း၊ အခက်အခဲဟူသမျှကို အောင်မြင်ကျော်လွှားနိုင်ခြင်း၊ အသက်ရှည်နိုင်ခြင်း စသည်တို့ဖြစ်၏။

ဘာဝစက်အနေအထားအားဖြင့် အားကောင်းသော သောကြာသည် ခြောက်တန့်၌ရပ်၍ အသက်ရှည်နိုင်ခြင်းကို ပြ၏။ နောက်တစ်ချက်မှာ – စနေဂြိုဟ် ရှစ်တန့်ဘာဝအား သုံးတန့်အနေဖြင့် မြင်ခြင်းမှ အသက်ရှည်စေနိုင်ခြင်းကိုပြ၏။ သို့သော်၊ သောကြာဂြိုဟ် နိစ်နဝင်းစီးခြင်း၊ စနေဂြိုဟ်နိစ်အိမ်၌ရပ်ခြင်း စသောအချက်တို့က အသက်အရွယ်တော်နှင့် မလိုက်အောင် အလုပ်လုပ်ခြင်း၊ အားအင်ရှိသည်ထက်ပို၍ အလုပ်လုပ်ခြင်း စသည်တို့ကြောင့် ရောဂါတစ်ခုခု စွဲကပ်တတ်ကြောင်းကိုပြ၏။ ထို့ကြောင့်၊ အသက်အရွယ်တော်နှင့် မညီမျှသော သာသနာပြုလုပ်ငန်းကိုလုပ်ခြင်း၊ အားအင်မညီမျှသော သာသနာပြုလုပ်ငန်းကိုလုပ်ခြင်း စသည်တို့ကို ဆင်ဆင်ခြင်ခြင်ပြုလုပ်ပါက အသက်ရှည်နိုင်ခြင်းကိုပြ၏။

ဒသာအနေဖြင့်၊ ကြည့်ပြန်လျှင်လည်း ခရစ်နှစ် ၂၆–၂–၉၄ မှ ၂၀–၇–၉၆ ခုနှစ် အတွင်းသည် ရာဟု, ထုလ ကြာသပတေး အန္တရဒသာ အတွင်းရှိသောကြောင့် သက်တော်ကိုထိခိုက်နိုင်လောက်အောင် ကျန်းမာရေးမှာ မည့်ဖျင်းနိုင်ပါ။

## (၆) ဆရာတော်၏ ကျန်းမာရေး ကောင်း– မကောင်း?။

အထက်တွင် လျှောက်ထားခဲ့သည့်အတိုင်း ခရစ်နှစ် ၂၆–၂–၉၅ မှ ၂၀–၇–၉၆ ခုနှစ်အထိ၊ ဆရာတော် သက်တော် (၈၅)နှစ်၊ ၂–လ၊ ၁၆–ရက် အထိ ကျန်းမာရေးများ ကောင်းနေပါလိမ့်မည်။ ထိုနှစ်ပိုင်းများအတွင်း အရာရာတို့၌

# ကျေးဇူးတော်ရှင် သက်တော်ရှည် နယားကျောင်းဆရာတော်ကြီး
# ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်မြတ်



အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ
ဆဋ္ဌသင်္ဂါယနာ ပဋိပုစ္ဆကဝိသောဓက ဩသာနသောဓကမေယျကပါဠိပဒ-ပိဋကကျမ်းညွှန်း နှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုဥက္ကဋ္ဌ၊
ပရိယတ္တိ သာသနဟိတ(သကျသီဟ) မဟာ့စရိယ သီးခြားစာချ၊ ပဓာနနာယက ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့။



နယားဆရာတော်ကြီး (ပြန်လွန်တော်မမူမီ) နောက်ဆုံးသီတင်းသုံးခဲ့သည့် နယားကျောင်းအတွင်းရှိ ဘုရားခန်း

နယားဆရာတော်ကြီး နှင့် ထုတ်ဝေခဲ့သည့် ဓမ္မပူဇာဓမ္မရတနာ စာပေများ







နယားဆရာတော်ကြီး(ပြန်လွန်တော်မမူမီ) နောက်ဆုံးသီတင်းသုံးခဲ့သည့်နယားကျောင်းတော်

နယားဆရာတော်ကြီး အသုံးပြုခဲ့သည့်မော်တော်ယဉ်ပ/၈၅၉၄

သတိထားနေနိုင်ရန်အတွက်၊ အသေးစိတ် လျှောက်ထားလိုက်ပါသည်ဘုရား -

* ခရစ်နှစ် ၇-၁၁-၉၄ မှ ၉-၃-၉၅ ခုနှစ်ထိ အတွင်းသည် ဖျားနာတတ်ခြင်း၊ အရေပြားပေါ်၌ အဖုအပိန့် အနာပေါက်ခြင်း၊ သလိပ်ထူပြောခြင်း၊ သွေးအားနည်းခြင်း စသည်တို့ ဖြစ်ပွားတတ်၏။ သို့သော်၊ အနေ အထိုင်ကောင်းခြင်း, ဆေးဝါးမှီဝဲခြင်းဖြင့် အလွယ်တကူရောဂါပျောက်ကင်းနိုင်ပါသည်။
* ခရစ်နှစ် ၉-၃-၉၅ မှ ၂၉-၄-၉၅ ခုနှစ်ထိ အတွင်းသည် အနည်းငယ် ကိုယ်လက်မအီမသာ ဖြစ်တတ်ခြင်း၊ ကြမ်းတမ်းခက်ရော်ခြင်းများ ဖြစ်တတ်၏။ သို့သော်၊ အသက်ဘေးအန္တရာယ် ဖြစ်နိုင်သည်ထိ မရှိပါ။
* ခရစ်နှစ် ၂၉-၄-၉၅ မှ ၂၃-၉-၉၅ ခုနှစ်ထိ အတွင်းသည် ဆီးနှင့်ပတ်သက်၍သော်လည်းကောင်း၊ ကိုယ်ရောင် ဖျော့တော့ခြင်းသော်လည်းကောင်း၊ သွေးအားနည်းခြင်းသော်လည်းကောင်း၊ ရိုက်နှံ့ထုံကျင်ခြင်းသော်လည်းကောင်း ကျန်းမာရေးထိခိုက်တတ်၏။ သို့သော်၊ သတိထား၍နေပြီး ကြိုတင်၍ဆေးစစ်ခြင်း၊ ဆေးဝါးမှီဝဲခြင်း စသည့် ပြုလုပ် ထားမည်ဆိုပါက အသက်ဘေးအန္တရာယ် ကျရောက်သည်ထိ ဖြစ်မလာနိုင်ပါ။
* ခရစ်နှစ် ၂၃-၉-၉၅ မှ ၆-၁၁-၉၅ ခုနှစ်ထိ အတွင်း ပထမ ၂၂-ရက်သည် ကျန်းမာရေးကောင်းမည်။ ဒုတိယ ၂၁-ရက်၌ ဖျားနာခြင်း၊ အရိုးကို ထိခိုက်တတ်ခြင်းများ ဖြစ်လာနိုင်ပါသည်။
* ခရစ်နှစ် ၆-၁၁-၉၅ မှ ၁၈-၁-၉၆ ခုနှစ်ထိ အတွင်းသည် ကျန်းမာရေးနှင့်တကွ အဖက်ဖက်တို့၌ အားလုံး အထူးကောင်းမွန်ပါသည်။ ခရီးသွားလာခြင်းများ များစွာရှိလာနိုင်ပါ၏။
* ခရစ်နှစ် ၁၈-၁-၉၆ မှ ၈-၃-၉၆ ခုနှစ်ထိ အတွင်းသည် အသေးအဖွဲထိခိုက်တတ်သည့် သဘောလက္ခဏာရှိ၏။ သို့သော်၊ မည်သည့် အန္တရာယ်မှ ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်မလာနိုင်ပါ။
* ခရစ်နှစ် ၈-၃-၉၆ ခုနှစ် မှ ၂၁-၇-၉၆ ခုနှစ်ထိ အတွင်းသည် အကောင်း- အဆိုး အနည်းငယ် ရောထွေး နေတတ်၏။ ကျန်းမာရေးနှင့်ပတ်သက်၍သာ ဤသို့လျှောက်ထားခြင်း ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းများ အတွက်မူကား အထွတ်အထိပ်သို့ ရောက်သည့်တိုင်အောင် အောင်မြင်ပါလိမ့်မည်။

မည်သို့ပင်ဆိုစေ၊ နယားဆရာတော်ကြီးသည် သက်တော်ကြီးရှင့်လာပြီဖြစ်သည့်အတွက် အောက်ပါယတြာများကို ပြုလုပ်သင့်ကြောင်း အကြံပြုလျှောက်ထား တင်ပြအပ်ပါသည်။

(က) မိမိထက် အသက်အရွယ်ကြီးရင့်သူများနှင့် မကျန်းမာသူများကို ဖူးရည်လှူဒါန်းပေးပါ။ ထို့ပြင်၊ မြတ်စွာဘုရားထံ ဂန္ဓမာပန်းနှင့် မေမြို့ပန်းများကို ကပ်လှူပူဇော်သင့်ပါသည်။

(ခ) ရာဟုထောင့်တွင် မိမိ၏မွေးနံ့ဖြစ်သော ကြာသပတေးနံ့ သစ်ပင်များ စိုက်ပျိုးပေးသင့်ပါသည်။ စိုက်ပျိုးရာတွင် အပေါ်၌ အမိုးအကာမရှိဘဲ၊ အပင်များအုပ်မိုးခြင်းမရှိသောနေရာတို့၌ စိုက်ပျိုးပေးပါက အထူးကောင်းမွန်ပါသည်။ ပေါက်ပင်, ပေါက်ပန်းဖြူပင်, ပျဉ်းမပင် စသည့် ကြာသပတေးနံ့ သစ်ပင်များ အပါအဝင်၊ အခြား မည်သည့် ကြာသပတေးနံ့ သစ်ပင်မျိုးကိုမဆို စိုက်ပျိုးပေးနိုင်ပါသည်။

## (၇) (က) ယောကျ်ားဇာနည် ရခဲသည်

**ဒုလ္လဘော ပုရိသာ ဇညော** = ယောကျ်ား အာဇာနည်ပုဂ္ဂိုလ်များ ရနိုင်ခဲပါသည်။
**န သော သဗ္ဗတ္ထ ဇာယတိ** = ထိုယောကျ်ား အာဇာနည်ပုဂ္ဂိုလ်မျိုးသည် အရပ်ဒေသတိုင်း၌ မဖြစ်ထွန်းနိုင်ပါ။
**ယတ္ထသော ဇာယတိ ဓီရော** = အကြင်အရပ်၌ ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုး မွေးဖွားလာ၏။
**တံကုလံ သုခမေဓတိ** = ထိုအမျိုး, ထိုဒေသ, ထိုမြို့- ရွာ တို့သည်၊ လောကီ, လောကုတ္တရာ၊ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာ ကောင်းကျိုးချမ်းသာကို စေန်ရနိုင်ပါသည်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၂။ ၁၆၁။)

## (၇) (ခ) သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနို

ကျမ်းဂန်များတွင် သားသုံးမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့မှာ –

**အတိဇာတ** = မိဘထက် စိတ်နေစိတ်ထားအားဖြင့်လည်းကောင်း၊ အသိဉာဏ်, အလိမ္မာ အစစအရာရာအားဖြင့် လည်းကောင်း သာလွန်သော သားထူး, သားမြတ်။

**အနုဇာတ** = အကျင့်စာရိတ္တ စိတ်နေသဘောထားမှစ၍ မိဘနှင့်တူညီသော အလယ်အလတ်သား။

**အဝဇာတ** = အကျင့်စာရိတ္တ စိတ်နေသဘောထားမှစ၍ မိဘထက်ယုတ်လျော့သောသား တို့ အသီးသီး ဖြစ်ကြသည်။

ယခု နယားဆရာတော်ဘုရားကြီးသည် မိဘထက် စိတ်နေစိတ်ထားအားဖြင့်လည်းကောင်း၊ အသိဉာဏ်, အလိမ္မာ အစစအရာရာ အားဖြင့်လည်းကောင်း၊ သာလွန်သော သားထူး သားမြတ် **အတိဇာတသားမျိုး** ဖြစ်သည်ဟုပင် ဆိုရချေမည်။ သို့ဖြစ်၍၊ **သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနို** ဟူသော ဆိုရိုးစကားလာအတိုင်း၊ ဒါယကာ, ဒါယိကာမ အများက အားကိုးမှီခိုနေကြရပါသည်။ ဆွေမျိုး အသိုင်းအဝိုင်းမှလည်း ကြောက်ချစ်ရိုသေ လေးစားကြရ ပါသည်။ မြန်မာနိုင်ငံသူ – နိုင်ငံသား၊ ကမ္ဘာ့နိုင်ငံသူ – နိုင်ငံသားများကလည်း ကြည်ညိုကြရပါသည်။

# ၂။ အကျွန်ုပ်သိသော နယားဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အကျဉ်း)
(ဂုဏဝတီ ဆရာတော် ဘဒ္ဒန္တ ကုသလစာရာဘိဝံသ)

## (၁) ဇာတိချက်ကြွေမွေးရပ်မြေ (ဖွားမြင်တော်မူခြင်း – မန္ဒသကအရွယ်)

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ရမည်းသင်းမြို့၏ မြောက်ဘက် ခြောက်မိုင် အကွာရှိ အုတ်ဖိုရွာ (ဆူးတပ်အုတ်ဖိုကျေးရွာ) ခမည်းတော် မြန်မာသမားတော်ကြီး ဦးစံခိုင်၊ မယ်တော် ဆရာကတော် ဒေါ်အိမ်မင်း တို့မှ သာသနာတော်နှစ် ၂၄၅၄–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၇၃–ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်၊ ကြာသပတေးနေ့ ညနေ လေးချက်တီးကျော် စက် ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ဖွားမြင်တော်မူသော တတိယ သားရတနာဖြစ်၍ ငယ်နာမည်မှာ မောင်မြသန်း ဖြစ်သည်။

## (၂) သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ (ရှင်အဖြစ်သို့ရောက်ခြင်း – ခိဍ္ဍသကအရွယ်)

ဆရာတော်လျောင်းလျာသည် ၁၅– နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ထန်းတောကျောင်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍၊ ရှင်သာမဏေအဖြစ်သို့ ရောက်သဖြင့် ယင်းဥပဇ္ဈာယ် ဆရာတော်က ရှင်ပညာစက္ကဟု ဘွဲ့အမည် ပေးတော်မူသည်။

## (၃) ကျောင်းသား၊ သာမဏေအဖြစ်နှင့် စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် လေးနှစ်၊ ငါးနှစ်သားအရွယ် နောင်တော်များနှင့်အတူ ကျောင်းလိုက်နေရာ လေးနှစ်ခန့်ရှိသောအခါ မိခင်ဖြစ်သူက ကျောင်းမှနုတ်၍ အိမ်မှုကိစ္စများကို ကူညီကာ မိခင်နှင့်အတူ လုပ်ရသည်။ ၁၁–နှစ်သားအရွယ်ရောက်မှ မိခင်, ဖခင်များက ထန်းတောကျောင်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံ ကျောင်းအပ်နံ

ကြသည်။ ထိုအခါ၊ ညီဖြစ်သူ– မောင်ထွန်းယုံမှာ ပရိတ်ကြီး, ရတနာသုတ် ကို သင်ယူဆဲဖြစ်၍၊ ဆရာတော်လောင်းလျာမှာ၊ သင်ပုန်းကြီးမှစ၍ စာသင်ရသော်လည်း၊ ပရိတ်ကြီးကုန်သောအခါ ညီဖြစ်သူ– မောင်ထွန်းယုံနှင့် အတူတူကုန်သည်။ စာဖတ်လက်ရေးသင်အနေအားဖြင့် မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ် နှစ်စောင်ကို ညီအစ်ကို နှစ်ယောက် အတူတူသင်ရသည်။ ဇာတ် နှစ်စောင်အနက် သုဝဏ္ဏသာမဇာတ်ကို သင်ယူသောအခါ၊ ဆရာတော် လောင်းလျာက ဆရာ့အနေအားဖြင့် ညီဖြစ်သူကို သင်ပေးရသည်။ ငယ်ရွယ်စဉ်ကပင် ကျောင်းသားများ ရေခပ်, ရေထမ်း လွယ်ကူစေရန် ရေပုံးကြိုး ကျစ်ပေးခြင်း၊ ဆိုင်းလုပ်ပေးခြင်း စသော သူတစ်ပါး၏အကျိုးကို ဆောင်ရွက်လေ့ရှိသည်။

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝဖြင့်ပင် ထန်းတောကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ထံတွင် ကစ္စည်းသဒ္ဒါစသော အခြေခံကျမ်းစာများကို သင်ကြားခဲ့သည်။ ထို့နောက် မြန်မာသက္ကရာဇ် ၁၂၈၈–ခုနှစ်၊ ပထမဝါဆိုလဆန်း (၈)ရက် နေ့တွင် နောင်တော် ဦးဇောတိပါလကို အမှီပြုကာ ကျောင်းသားဝတ်ဖြင့် မန္တလေးမြို့၊ ဘုရားကြီးတိုက် အလယ်အုတ်ကျောင်းကြီးနေ ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မထံမှောက် ပညာသင်ရန် ရောက်ရှိခဲ့သည်။ ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မသည် ဒုတိယအကြိမ်၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်ပြီး၊ ရှင်မေဓိယ ဟု ဘွဲ့အမည်ကိုလည်း ပေးတော်မူသည်။

သာမဏေဘဝဖြင့်ပင် နောင်တော်များဖြစ်ကြသည့် အရှင်ဇောတိပါလ၊ အရှင်ဥက္ကံသနှင့် ပိဋကတ္တယဆေက၊ ဂန္ထန္တရဗဟုသုတ ဖြစ်တော်မူသည့် ဘဒ္ဒန္တ သဒ္ဓမ္မမဟာထေရ် တို့ထံမှ ကစ္စည်းသဒ္ဒါကျမ်း၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ သံဝဏ္ဏနာနည်းလေးဆယ်၊ ရူပသိဒ္ဓိကျမ်း၊ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဝိဘတျတ္ထ ဝါစ္စဝါစက ဂန္ထာဘရဏ၊ သဒ္ဒတ္ထဘေဒစိန္တာ ကစ္စာယနသာရ သဒ္ဒါငယ်ကျမ်း စသော ပရိယတ္တိအခြေခံ ကျမ်းဂန်များကို သင်ယူခဲ့သည်။ ပိဋကတ္တယဆေက၊ ဂန္ထန္တရ ဗဟုသုတ ဖြစ်တော်မူသော (နောင်အခါ– မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားတောင်ခြေ၊ ဆင်ဆင်းရွာတွင် သီတင်းသုံးသည့်) ဘဒ္ဒန္တ ပညိဿရမဟာထေရ်ထံမှ မာတိကာ ဓာတုကထာ စသော ညဝါဘက်ဆိုင်ရာ ကျမ်းဂန်အားလုံးကိုလည်း သင်ယူခဲ့သည်။

## (၄) အာစရိယမုဋ္ဌိ လက်ကိုင်ရရှိ

ဘုရားကြီးတိုက် အလယ်အုတ်ကျောင်းကြီး၌ အာစရိယဝတ်၊ သေနာသနဝတ်အကျင့်တို့ကို ဖြည့်ကျင့်ပြီး နေရာ၊ အထူးအားဖြင့် ဒုတိယ ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မအား သီတင်းနေ့တိုင်းဝတ်ဖြည့်ကျင့်ခဲ့သည်။ ယင်းသို့ ဝတ်ကို ဖြည့်ကျင့်သဖြင့် ဆရာစဉ်ဆက် ပြောဆိုဆုံးဖြတ်ခဲ့သော –

(က) ရွှေကျောင်း အပ်– မအပ် ကိစ္စ၊

(ခ) ကမ္ဗဝါတွင် ဝါဒကွဲရာ၌ တစ်မျိုးစီ အစမှအဆုံးတိုင်အောင် ဖတ်ရခြင်းကိစ္စ၊

(ဂ) မောင်းထောင်ဆရာတော်နှင့် တောင်ငူမင်းသားတို့ အမှုကိစ္စ၊

(ဃ) ဆရာတော် ဦးဗုဓ် ခုဒ္ဒသိက္ခာနိဿယရေးရာ– သတ္တုပုဟု ရေးသင့်သည်ကို သတ္တုပုဟု ရေးမှားမိသဖြင့် တပည့်ဦးဖင်းက လျှောက်ထားရာ သက်န်းတစ်စုံ ညဏ်ပူဇော်ပြီး နောင်အမှားတွေ့လျှင် ပြောကြားပါဘိဟု ဖိတ်ခြင်းကိစ္စ စသော ဩဝါဒကထာနှင့် ဝိနိစ္ဆယများစွာကိုလည်း အာစရိယမုဋ္ဌိ လက်ကိုင် ရရှိခဲ့ပေသည်။ ဆရာတော်လောင်းလျာသည် မြန်မာသက္ကရာဇ် ၁၂၉၂–ခုနှစ်တွင်၊ ပရိယတ္တိသာသနာ့ဟိတ (သကျသီဟ) စာသင်တန်းအောင်မြင်ခဲ့သည်။

## (၅) ဥပသမ္ပဒပဗ္ဗဇ္ဇမင်္ဂလာ (ရဟန်းအဖြစ်သို့ရောက်ခြင်း – ဝဏ္ဏဒသကအရွယ်)

မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြန်မာသက္ကရာဇ် ၁၂၉၃–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ စနေနေ့ နံနက် (၇)နာရီ (၂၀)မိနစ် (၁၄)ဖဝါး အချိန်တွင် အုတ်ဖိုရွာအနီး သိမ်ကုန်းခေါ် နိဗ္ဗာနသောပါဏာစဏ္ဍာသိမ်၌

ရမည်းသင်းခရိုင် ဆူးတပ်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။

## (၆) စာမေးပွဲသဘင် အောင်ပွဲဆင်

ရဟန်းဖြစ်ပြီးနောက် ဖော်ပြခဲ့ပြီးသော ကျေးဇူးရှင်ဆရာတော်များအပြင်၊ ထိုစဉ်အခါက စာချအကျော် ဆရာတော်များဖြစ်ကြသည့် -

(က) ဒက္ခိဏာရာမဘုရားကြီးတိုက် အလယ်အုတ်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည့် ဘဒ္ဒန္တ ဥေ ယျထေရ်၊

(ခ) ၎င်းတိုက် သာသနဇောတိကာရုံ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တ နာရဒထေရ်၊

(ဂ) အာသောကာရာမတိုက် သာသနဇောတိကာရုံ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇနိယထေရ်၊

(ဃ) ဘုံကျော်တိုက် ဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဃောသိတထေရ် စသော ဆရာတော်တို့ထံမှ ပါဠိအဋ္ဌကထာ ဋီကာတို့ကို သင်ယူခဲ့သည်။ ထိုသို့ သင်ယူခဲ့သဖြင့်၊ မြန်မာသက္ကရာဇ် ၁၂၉၈–ခုနှစ်တွင် သီလက္ခန် နှင့် အဋ္ဌသာလိနီ၊ မြန်မာသက္ကရာဇ် ၁၂၉၉– ခုနှစ်၊ ရဟန်းခြောက်ဝါအရတွင် သကျသီဟစာချတန်းကို အောင်မြင်ခဲ့၍ **"ပရိယတ္တိ သာသနဟိတဓမ္မာစရိယ"** (သီးခြားစာချ) ဘွဲ့တံဆိပ်ကို ဆက်ကပ်လျက် ဆွမ်းဆန်တော် ထောက်ပံ့ ကိုးကွယ် ခံယူရရှိတော်မူခဲ့သည်။

## (၇) အလယ်အုတ်ကျောင်းမှ ပုစန်းကျောင်းသို့

နောင်တော်ကြီး ဘဒ္ဒန္တ ဇောတိပါလ (လူအမည်– ဦးစိန်ထွန်း) ပရိသုဒ္ဓိပြုသွားသောအခါ၊ (အမရပူရကျောင်း ဆရာတော်ဟု ထင်ရှားလာမည့်) နောင်တော်အငယ် ဘဒ္ဒန္တ ဥက္ကံသ နေထိုင်ရာ ပုစန်းကျောင်း (ယခု – အတုလကာရီ ဆင်မင်းကျောင်း) သို့ မိဘများ၏ ဆန္ဒအရ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထို ကျောင်း၌ နေထိုင်စဉ် သံဃာအားလုံးနှင့် သက်ဆိုင်သော သောက်ရေ၊ သုံးဆောင်ရေ တည်ခြင်းစသော သံဃကိစ္စ အဝဝကို အမြဲဆောင်ရွက်ခဲ့သည်။

## (၈) အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ဆောင်ရွက်တော်မူခြင်း

ထိုစဉ်အခါက၊ ဘုရားကြီးတိုက်တွင်ရှိ လယ်ပေါ်ကျောင်း ဆရာတော်ဘုရားကြီးသည် ကုဋီသန့်သက်ရေ တည်ထားခြင်းကိစ္စကို တာဝန်ယူ၍ ကျောင်းနေ သာမဏေရဟန်းများနှင့်အတူ သီတင်းနေ့တိုင်း သန့်သက်ရေ ထမ်းကာ ကောင်းမှုထမ်းလျက်ရှိသည်။ နယားဆရာတော်လောင်းလျာ– ဦးမေဓိယာဘိဝံသ သည် သံဃကိစ္စကို ဆောင်ရွက်ရန် ဆန္ဒပြင်းထန်သည့်အတွက် လယ်ပေါ်ကျောင်း ရဟန်းသာမဏေများနှင့်အတူ ပါဝင်ထမ်းဆောင်ခဲ့ကြောင်း သိရှိရသည်။

သကျသီဟစာမေးပွဲ အောင်မြင်ပြီးနောက်၊ အခြားစာမေးပွဲများကို ဝင်ရောက်ဖြေဆိုခြင်းထက် စာပေပို့ချခြင်း၊ စာသင်ခြင်းကိစ္စ နှစ်ဌာနကို ဆောင်ရွက်ပြုလုပ်ခြင်းက၊ မိမိအတွက်ရော သာသနာတော်အတွက်ပါ ကျေးဇူးများမည် ဟူသော ရည်ရွယ်ချက်ဖြင့်၊ စာသင်၊ စာချ နှစ်ဌာနကိုသာ ဆောင်ရွက်ခဲ့လေသည်။

ဂျပန်ခေတ်ကာလ ပခုက္ကူမြို့၊ မန္တလေးတိုက်၌ နေထိုင်စဉ် ဆန်း၊ အလင်္ကာစသော ကျမ်းဂန်များကို ပို့ချခဲ့သည်။ ပခုက္ကူမြို့ပေါ်သို့ ဗုံးအကြီးအကျယ် ကြဲချသောအခါ– ဆရာတော်၏ ခွင့်ပြုချက်အရ၊ ငါးလန်ရွာ ဒက္ခိဏာရာမ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ခုဒ္ဒသိက္ခာ လက်သန်းအဋ္ဌကထာကို ပို့ချတော်မူခဲ့သည်။ တစ်ဖန်၊ မိမိ၏ ခမည်းတော် ဘိုးဘွားများ နေထိုင်ရာ တောင်သာမြို့နယ်၊ တဲကြီးကုန်းရွာ၌ သုံးနှစ် ဝါကပ်၍၊ ဝိနည်းပါဠိတော်များကို ပို့ချခဲ့သေးသည်။

## (၉) ကျောင်းတိုက်အကြီးအကဲများက ကျောင်းအပ်နှံခြင်း

ထို့နောက်၊ ဘဒ္ဒန္တ မေဓိယာဘိဝံသသည် မန္တလေးမြို့၊ ဘုရားကြီးတိုက်သို့ ပြန်လည်သီတင်းသုံး နေထိုင်သည်။ မြန်မာသက္ကရာဇ် ၁၃၀၉–ခုနှစ်တွင် ဘုရားကြီးတိုက် သံဃာများက နယားကျောင်း၌ ဓုဝေါသအဖြစ်ဖြင့် နေထိုင်ရန်

ကျောင်းကို ရက္ခိတဂေါပိတအဖြစ် အပ်နှံကြသည်။ဤ အချိန်မှစ၍ နယားကျောင်းဆရာတော်ဟု အမည်တွင်လာခဲ့ရပါတော့သည်။

## (ခ) ပညာရဲရင့် – ပွဲလယ်တင့်

၁။ ပါဠိတက္ကသိုလ်ခေတ်၌၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပါဠိတက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးချက်အရ – ပါဠိတက္ကသိုလ် ကထိကအဖြစ်ဖြင့် သတ်မှတ်ပြဋ္ဌာန်းအပ်သည့် အဋ္ဌကထာကျမ်းကြီးများကို သင်ကြား ပို့ချပေးခြင်း။

၂။ ပရိယတ္တိသာသနဟိတအသင်း စသော သာသနာရေးအသင်းများက တောင်းပန် လျှောက်ထားသည့် စာမေးပွဲမေးခွန်းပုစ္ဆာများကို ရေးသားချီးမြှင့်ပေးခြင်း။

* **ရဟန်းတော်များနှင့် သက်ဆိုင်သည့် အဓိကရဏ်း မှုခင်းများကို စီရင်ဆုံးဖြတ်ပေးခြင်း။**

၃။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဒေါ်မြင့်အုတ်ကျောင်း ဝိဝါဒါဓိကရဏ်းမှုကို ဆုံးဖြတ်ပေးခြင်း။

၄။ မန္တလေးမြို့၊ ဘုရားကြီးတိုက် ပျော်ဘွယ်အုတ်ကျောင်း ဝိဝါဒါဓိကရဏ်းမှုကို ဆုံးဖြတ်ပေးခြင်း၊

၅။ အမရပူရမြို့နယ်၊ ဝိပဿနာသဏ္ဌိသုခကျောင်း အရှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)၏ အနုဝါဒါဓိကရဏ်းမှုကို ဆုံးဖြတ်ပေးခြင်း။

၆။ ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်– ဒေါင်းစပါးကျေးရွာအုပ်စု၊ ဂမုန်းစုတောရကျောင်းနေ ဦးသောဘဏသည် ဘုရားမဟုတ်ပါလျက် တပည့်များအား **"ဧဟိဘိက္ခု"** ခေါ်ကာ ရဟန်းပြုပေးခြင်းကြောင့် ပကာသနီယကံ အပြုခံရသည့်အတွက် ဖြစ်ပေါ်လာသော အနုဝါဒါဓိကရဏ်းမှုကို ဆုံးဖြတ်ပေးခြင်း၊

၇။ သာသနာ့ဇောတိကာရုံ အုတ်ကျောင်းဆရာတော် ဘဒ္ဒန္တ နာရဒထေရ် စေခိုင်းချက်အရ – ၎င်းဆရာတော်အား မေးမြန်းသော အမေးပုစ္ဆာပြဿနာများကို ဝိနိစ္ဆယရေးသားပေးခြင်း စသော သာသနာတော်နှင့် စပ်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်အားထုတ်ခဲ့သည်။

## (ဂ) နယားကျောင်းဆရာတော် တဖြစ်လဲ သံဃဦးသျှောင်ဆရာတော်ကြီး

မြန်မာသက္ကရာဇ် ၁၃၂၇–ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တွင် ဒက္ခိဏာရာမဘုရားကြီးတိုက် သံဃအစည်းအဝေးကြီး၌ သံဃာတော်များဆန္ဒအရ နယားဆရာတော်ကြီးကို **"သမ္မုတိ နာယက"** ဆရာတော်အဖြစ် သဘောတူ တင်မြှောက်ကြသည်။ အမရပူရ ဆရာတော်၊ နောင်တော်ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်၊ မြန်မာသက္ကရာဇ် ၁၃၄၃–ခုနှစ်မှစ၍ **"တိပိဋက ပါဠိပဒ ကျမ်းညွှန်းနှင့် တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်း (အ–ဝဂ်) ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ"** ဖြစ်လာခဲ့သည်။ နိုင်ငံတော် သံဃမဟာနာယက အဖြစ်ဖြင့်လည်း သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၁၃၅၄–ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်နေ့တွင် နယားဆရာတော်ကြီးသည် ဘုရားကြီးတိုက် သံဃမဟာနာယက **သံဃဦးသျှောင်(တိုက်အုပ်)** အဖြစ်ကိုလည်း ထပ်မံလက်ခံရပြန်ရာ၊ ဖော်ပြခဲ့ပြီးသော သာသနာရေး ကိစ္စများအပြင်၊ ကျောင်းတိုက်နှင့် စပ်ဆိုင်သည့် ကိစ္စများကိုပါ မအားလပ်ရအောင်ပင် ဆောင်ရွက်တော်မူရပြန်သည်။

## (ဃ) သာသနာ့ ကမ္မည်းမော်ကွန်း ရေးထိုးရန်၊ ဆဋ္ဌသင်္ဂါယနာပွဲ ပါဝင်ဆင်နွဲပြန်

ထို့ပြင်၊ နယားဆရာတော် လောင်းလျာသည် ဆဋ္ဌသင်္ဂါယနာမတင်မီ၊ ပဉ္စမသင်္ဂါယနာတင် ကျောက်စာမူနှင့် စာအုပ်မူကို တိုက်ဆိုင်သည့်နေ့မှစ၍ သင်္ဂါယနာ ပြီးဆုံးသည့်တိုင်အောင် သက်ဆိုင်ရာမှ ပေးအပ်သည့်တာဝန်ကို

ကဏ္ဍအမျိုးမျိုးမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဆဋ္ဌသင်္ဂါ ယနာခေတ်၌လည်း –

* **မူလစိသောဓက** အဖွဲ့ဝင်အဖြစ်ဖြင့် – ပါဠိတော်ပါဠိတော်ကို သုစ်သင်ဆုံးဖြတ်ပေးခြင်း၊
* **ပဋိစိသောဓက** အဖွဲ့ဝင်အဖြစ်ဖြင့် – ပါဠိတော် ပါဠိတော်၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီမူလဋီကာ၊ဓမ္မသင်္ဂဏီအနုဋီကာ၊ ဝိဘင်္ဂ မူလဋီကာ၊ ဝိဘင်္ဂအနုဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ (၃)။
* **ဩဝါဒနသောဓက** အဖွဲ့ဝင်အဖြစ်ဖြင့် – သီလက္ခန္ဓဝဂ္ဂဋီကာဟောင်း၊ သီလက္ခန္ဓဝဂ္ဂဋီကာသစ်(ပ, ၃)၊ မဟာဝဂ္ဂဋီကာ၊ ပါထိကဝဂ္ဂဋီကာ။
* **ဩဝါဒနအဖွဲ့တွင် ခေါင်းဆောင်အဖြစ်ဖြင့်** – ဝိနယဝိနိစ္ဆယဋီကာ စသည့် ပါဠိအဋ္ဌကထာ ဋီကာတို့ကို၊ သက်ဆိုင်ရာမှ တာဝန်ပေးချက်အရ အသက်ကိုပင် မငဲ့ကွက်ဘဲ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## ( င ) သာသနာ့ဥယျာဉ်မှူးကြီး

ထို့ပြင်၊ နယားဆရာတော်ကြီးသည် မန္တလေးမြို့၊ ချမ်းသာကြီး ဆန်လှူအသင်း၏ ဩဝါဒါစရိယ၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးမြို့ – ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ၊ ဘုရားကြီးတိုက် – ပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယက (အဖွဲ့ဝင်) နှင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပြန်ပါသည်။

## (စ) စာပေကျမ်းဂန် ရေးသားပြုစုတော်မူခြင်း

ဆရာတော်သည် တစ်ဘက်က စာပေပို့ချခြင်းနှင့် သာသနာရေးကိစ္စများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရင်း ဖော်ပြလတ္တံ့ပါ ကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့ရာ –

၁ ။ ပိဋကဝိသောဓနီကျမ်း၊
၂ ။ သံဝဏ္ဏနာနိယာမ်အဖြေသစ်ကျမ်း၊
၃ ။ ပါဠိပဒပိဋကကျမ်းညွှန်းလေးအုပ် (စာမျက်နှာ လေးထောင်ကျော်ရှိ)၊
၄ ။ တိပိဋကပါဠိ–မြန်မာ အဘိဓာန်ကျမ်း၊
၅ ။ ဝိနိစ္ဆယကထာကျမ်း၊
၆ ။ နာနာပဥ္စဇ္ဈာကရဏီကျမ်း၊
၇ ။ **ဓမ္မဘဏ္ဍာဂါရိကာဒိဝိနိစ္ဆယ** –
  * အရှင်အာနန္ဒာအား ဓမ္မဘဏ္ဍာဂါရိကဘွဲ့ပေးသော ပုဂ္ဂိုလ် – ဝိနိစ္ဆယ၊
  * အထက်ပါဘွဲ့ကို ယခုအခါ လူတို့က ပေးကြရာ လက်ခံသင့်– မသင့် ဝိနိစ္ဆယ၊
  * စက်ကြီးတစ်ဆယ့်သုံးပါးနှင့် ပတ်သက်သော အမေး – ဝိနိစ္ဆယ၊
  * ပုတီးစိပ်၍ ဈာန်အဘိညာဉ်ရနိုင်– မရနိုင် ဝိနိစ္ဆယ၊

၈ ။ သောတာပန်ရဟန်း လူထွက်– မထွက် ဝိနိစ္ဆယ (သောတာပန္န ဟီနာယဝတ္တန ဝိနိစ္ဆယ)၊
၉ ။ ရဟန်းလူထွက် ရဟန်းဖြစ်စဉ်က ပစ္စည်းများကို အစိုးရ– မရ ဝိနိစ္ဆယ၊
၁၀။ သီမာနိမိတ္တကိတ္တန ဝိနိစ္ဆယ၊
၁၁။ ဂန္ဓသံသန္ဒန ဝိနိစ္ဆယ၊
၁၂။ ကထိန်အလှူခံရာဌာန နှင့် ပတ်သက်သော ကထိန ဝိနိစ္ဆယ၊
၁၃။ ဝတ္တကမြေ၌ သိမ်သမုတ်သင့်– မသင့် ဝိနိစ္ဆယ၊
၁၄။ ဝိဿာသဂ္ဂါဟဝိနိစ္ဆယ၊
၁၅။ ဒွိသန္တကလုပ်ပုံ ဝိနိစ္ဆယ
၁၆။ အန္တရာပတ္တိ ပဋိသံယုတ္တ ဝိနိစ္ဆယ တို့ အသီးသီး ဖြစ်ကြပါသည်။

## ( ဆ ) သုတ်သင်တည်းဖြတ် ပုံနှိပ်ဖြန့်ချိခဲ့သည့် ကျမ်းများ




၁။ ဗန်းမော်ဆရာတော် ဝိနိစ္ဆယ နှင့်
ပခန်းဆရာတော် ဝိနိစ္ဆယများကို စုပေါင်းထားသော ဝိနိစ္ဆယကထာကျမ်း။

၂။ ခန္ဓာဝေဒဝိဘာဝနီကျမ်း။

၃။ ပါဠိပါရဂူကျမ်း။

၄။ ရွှေရေးဆောင်နိယာမ် အဖြေသစ်ကျမ်း။

ရှေးဆရာတော်များ ရေးသားပြုစုခဲ့သော ကျမ်းများအနက် မူလနိယာမ်စာကိုယ်၌ မှားယွင်းသောပုဒ်, အက္ခရာတို့ကို လည်းကောင်း၊ မပြည့်စုံသောအရာ၌ ပြည့်စုံအောင် ဖြည့်စွက်၍လည်းကောင်း၊ သံဝဏ္ဏနာဆိုင်ရာ နိယာမ်အသစ်များကို ထပ်မံရေးသား၍ လည်းကောင်း ပျို့မျစ်နနယ် စာသင်ငယ်တို့ အကျိုးငှာ၊ ကောဇာသက္ကရာဇ် ၁၃၃၂-ခုနှစ်၌ ပို့ချစဉ် တပည့်ရှင်ဝိပုလ ရေးမှတ်ထားသည်ကို မူကြမ်းပြုလျက်- **"သံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်း"** ကို သာသနာတော်နှစ် ၂၅၃၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ ခရစ်နှစ် ၁၉၉၄-ခုနှစ် တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ပါသည်။

(ပိဋကဝိသောဓနီကျမ်း စာမျက်နှာ- ၄၃၂)

## ( ဇ ) ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ

နယားဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသသည် ဝိနည်းတော်ကို အလွန်လေးစားပြီး၊ တည်ငြိမ် ရင့်ကျက်သော ဣန္ဒြေတော်နှင့် ပြည့်စုံတော်မူသည်။ စကားများများပြောလေ့မရှိဘဲ၊ ပြောသင့်ပြောထိုက်သောအခါ တည်ငြိမ် ပြတ်သားစွာ ပြောလေ့ရှိသည်။ ရောက်လေရာအရပ်၌ စာပေကို မပြတ်ကြည့်ရှုတော်မူသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်အပေါ်၌ မကြည်ညိုသေးသူတို့ ကြည်ညိုလာကြစေရန်၊ ကြည်ညိုပြီး သူတို့လည်း ခိုင်မြဲစွာ ပိုမိုတိုးတက် ကြည်ညိုလာကြစေရန် လက်တွေ့ကျင့်သုံးနေထိုင်ခြင်း၊ ဟောပြောခြင်း၊ လမ်းညွှန်ဆုံးမ ဩဝါဒပေးခြင်းတို့ကို မနားမနေ ဆောင်ရွက်တော်မူသည့်အတွက် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ် တော်မြတ်ကြီးကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။ ဆရာတော် ဘုရားကြီး၏ ဝိသိဋ္ဌ ဗုဒ္ဓသာသန ဂုမိကရဂုဏ်၊ ဝိသိဋ္ဌ ဗုဒ္ဓသာသန ဟိတရေဂုဏ်၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ ဝိသိဋ္ဌမဟာနာယကဂုဏ်၊ ဝိသိဋ္ဌ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုကဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ, ဥဋ္ဌာနဂုဏ် စသော ဂုဏ်ကျေးဇူးတော်များ ဖော်ကျူး၍ပင် ကုန်အံ့မထင်ပါ။

ဆရာတော်ကြီးသည် သံဃာ့ကိစ္စ၊ သာသနာ့ကိစ္စများ၌ ကျရာတာဝန်ကို ဦးလည်မသုန် တည်ငြိမ်လေးနက်စွာ ဆောင်ရွက်တော်မူသည်။ ခန္တီဂုဏ်၊ သလေခဂုဏ်၊ သန္တုဋ္ဌိဂုဏ် တို့နှင့်လည်း ပြည့်စုံတော်မူသည်။ ထို့ပြင် ကမ္ဘာ့ဗုဒ္ဓ သာသနာ့သမိုင်း, မြန်မာ့ဗုဒ္ဓသာသနာ့သမိုင်း, ဒက္ခိဏာရာမဘုရားကြီးတိုက်- နယားကျောင်းကြီး၏ သာသနာ့သမိုင်းတို့ကို နေ-လ အသွင် အစဉ်ထွန်းလင်းတောက်ပစေရန် ကြိုးပမ်းဆောင်ရွက်တော်မူခြင်းတို့ကြောင့်လည်း ရဟန်းရှင်လူအပေါင်း တို့၏ ကြည်ညိုလေးစားမှုကို အထူးခံယူရရှိတော်မူပါသည်။

ဤ သို့လျှင်၊ ဗုဒ္ဓမြတ်စွာသာသနာတော်၏ အကျိုးကို ထက်သန်သောလုံ့လ ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော် မူခြင်း၊ ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆန စသောဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထန္တရဗဟုဿုတဂုဏ်၊ လောကဗဟုပကာရ ဂန္ထရစနာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကြောင့်လည်း **"အဘိဓဇ မဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကြီးကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။

ဒက္ခိဏာရာမဘုရားကြီးတိုက်၏ သံဃဦးသျှောင် တာဝန်ကို ဆောင်ရွက်သည်မှစ၍ တိုက်တွင်းသံဃာတော် များအား ဩဝါဒပေး၊ တရားပြော- ဟော ဆုံးမခြင်း၊ ဘာသာရေး, သာသနာရေး အခမ်းအနားတို့၌လည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခြင်း၊ စသော သာသနာ့တာဝန် အစားစားတို့ကို မနားမနေ ကြိုးစားဆောင်ရွက်တော်မူသည်။

ပရိယတ္တိဆေက၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ် တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

**"လေးကျွန်းသနင်း စကြာမင်း၏ ပတ္တမြားအရောင်သည် နောက်ကျူနေသော ရေဟူသမျှတို့ကို ကြည်လင်စေတတ်၍၊ ထူးကဲသော အလင်းရောင်ကို ပေးတတ်သကဲ့သို့"** သုံးလောကသနင်း တရားမင်းဘုရား၏ သားရင်းစင်စစ် ဖြစ်တော်မူသော ကျေးဇူးတော်ရှင်နယားဆရာတော်ဘုရားကြီးသည်လည်း ထူးကဲသောအသိဓာတ် အကျင့်မြတ်ပြည့်စုံ၊ ပရိယတ်၊ ပဋိပတ်တို့နှင့် ပြည့်စုံတော်မူကာ ပြည်တွင်းပြည်ပ၊ မြို့၊ ရွာ ထက်– အောက်၊ ကြွရောက်မနား၊ ကရုဏာပွားလျက်၊ တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင်– လောဘ, ဒေါသ, မောဟ စသောကိလေသာမြူ အနည်တို့ဖြင့်၊ နောက်ကျူနေကြသော ရှင်လူအပေါင်းတို့၏ စိတ်အစဉ်ကို ကြည်လင်စေကာအသိ ဉာဏ်အလင်းရောင်ကို ပေးတော်မူတတ်သောကြောင့် **"စကြာမင်း၏ ပတ္တမြားရတနာနှင့်တူတော်မူပါပေသတည်း"**။

## (ဈ) အရွယ်ဆယ်ပါး (ကဗျာ)

၁ ။ မန္ဒသကာ၊ ဆယ်နှစ်မှာ၊ စားကာ, ငိုကာ ဖြုန်းခဲ့တယ်။
၂ ။ နှစ်– နှစ်ဆယ်မှာ ပျော်ခ်ိဍ္ဍာ၊ စိတ်ပါ, ကိုယ်ပါ ပြုံးခဲ့တယ်။
၃ ။ ဝဏ္ဏပဘာ၊ ဒသကာ၊ လှစွာ, ယဉ်စွာ သုံးခဲ့တယ်။
၄ ။ ဗလဒသကာ၊ ထကြွကာ၊ အားပါ, အင်ပါ ရှုန်းခဲ့တယ်။
၅ ။ ဉာဏဒသကာ၊ အရာရာ, ဉာဏ်ပညာနှင့် သုံးခဲ့တယ်။
၆ ။ ဟာနိဒသကာ၊ ငါးပဍ္ဍာ၊ မသိမသာ ရှုံးတော့တယ်။
၇ ။ ပဗ္ဘာရမှာ၊ ကိုင်း၍လာ၊ သွားရာ, လာရာ နှုံးတော့တယ်။
၈ ။ ဝင်္ကဒသကာ၊ ရှစ်ဆယ်မှာ၊ (ကွေး၍လာ) ခါးပါ, တင်ပါ ကုန်းတော့တယ်။
၉ ။ မောမူဟမှာ၊ ဒသကာ၊ ပြောကာ, ဆိုကာ လုံးတော့တယ်။
၁၀။ သယနမှာ၊ ဒသကာ၊ မထနိုင်ရှာ ရှုံးတော့တယ်။
* ရုပ်– နာမ် အလုပ်၊ ပြောင်းလဲချုပ်၊ အဟုတ်ငါ့မှာ မပိုင်တယ်။
(ဇာတက ပါ ၁၊ ၃၁၃။ ဋ၊ ၃၊ ၉၇။ မဃဒေဝလင်္ကာသစ် ခက်ဆစ်အဖြေ ဒုတိယတွဲ နှာ– ၂၈၅။)

## (ည) မြင့်မြတ်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်
### (ဝဏ္ဏဒသကအရွယ်မှ မောမူဒသက အရွယ်ထိ)

ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသသည် -

* **မောမူဒသကအရွယ်**

၁ ။ သာသနာတော်နှစ် ၂၅၄၂–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၄)ရက်၊ ခရစ်နှစ် ၃၀–၁–၁၉၉၉ ခုနှစ်၊ စနေနေ့တွင် မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးက အသင်း၏နှစ်တစ်ရာပြည့် မြန်မာသက္ကရာဇ် (၁၂၆၀ – ၁၃၆၀) ပြည့်နှစ် အထိမ်းအမှတ်အဖြစ် **"ပရိယတ္တိ သာသနဟိတရေ ဝုဍ္ဍာစိသိဋ္ဌ"** ဘွဲ့တော် ဆက်ကပ်လှူဒါန်းရရှိတော်မူသည်။ (သက်တော်– ၈၇ နှစ်၊ သိက္ခာတော်– ၆၇ ဝါ)

၂ ။ သာသနာတော်နှစ် ၂၅၄၂–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်၊ ခရစ်နှစ် ၄–၁–၁၉၉၉ ခုနှစ်၊ တနင်္လာနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် သာသနာပြုအဆင့်မြင့် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (သက်တော်– ၈၇ နှစ်၊ သိက္ခာတော်– ၆၇ ဝါ)

၃ ။ သာသနာတော်နှစ် ၂၅၃၈– ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၆– ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ ခရစ်နှစ်

၁၂-၃-၁၉၉၅ ခုနှစ်၊ တနင်္ဂနွေနေ့ နေ့လည် (၂း၄၅)နာရီ အချိန်တွင် ဗဟိုသံဃဝန်ဆောင် အစည်းအဝေးမှ **"နိုင်ငံတော် ဩဝါဒါစရိယ"** ဆရာတော်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။
(သက်တော်- ၈၃ နှစ်၊ သိက္ခာတော်- ၆၃ ဝါ)

၄ ။ သာသနာတော်နှစ် ၂၅၃၆- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၄- ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ ခရစ်နှစ် ၂၉-၁-၁၉၉၃ ခုနှစ်၊ သောကြာနေ့တွင် ဒက္ခိဏာရာမဘုရားကြီးတိုက် **"ပဓာနသံဃမဟာနာယက သံဃဦးသျှောင်"** ဆရာတော်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။(သက်တော်- ၈၁ နှစ်၊ သိက္ခာတော်- ၆၁ ဝါ)
မှတ်ချက် - ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ လက်ထက်တွင် တိုက်တွင်း ပဋိပက္ခ ညီညွတ်မှုရရှိသည်။

* **ဝက် ဒသကအရွယ်**

၅ ။ သာသနာတော်နှစ် ၂၅၃၄- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၂- ခုနှစ်၊ ပြာသိုလပြည့်ကျော် (၅)ရက်၊ ခရစ်နှစ် ၄-၁-၁၉၉၁ ခုနှစ်၊ သောကြာနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ - နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ အဖွဲ့) က ဆက်ကပ်လှူဒါန်းသော **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။
(သက်တော်- ၇၉ နှစ်၊ သိက္ခာတော်- ၅၉ ဝါ)

၆ ။ သာသနာတော်နှစ် ၂၅၃၃- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၁- ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ ခရစ်နှစ် ၇-၃-၁၉၉၀ ပြည့်နှစ်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၊ သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော တတိယအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးပွဲကြီးက **"နိုင်ငံတော်သံဃမဟာနာယက"** ဆရာတော်အဖြစ် ထပ်မံ ရွေးချယ်တင်မြှောက်ခြင်း ခံရတော်မူသည်။ (သက်တော်- ၇၉ နှစ်၊ သိက္ခာတော်- ၅၉ ဝါ)

၇ ။ သာသနာတော်နှစ် ၂၅၃၁- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၉- ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉)ရက်၊ ခရစ်နှစ် ၂၁-၅-၁၉၈၇ ခုနှစ်၊ ကြာသပတေးနေ့ နေ့စွဲပါစာဖြင့် **"ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဩဝါဒါစရိယ"** ဖြစ်တော်မူသည်။ (သက်တော်- ၇၆ နှစ်၊ သိက္ခာတော်- ၅၆ ဝါ)

၈ ။ သာသနာတော်နှစ် ၂၅၃၀-ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၈-ခုနှစ်၊ တော်သလင်းလဆန်း (၆)ရက်၊ ခရစ်နှစ် ၉-၉-၁၉၈၆ ခုနှစ်၊ အင်္ဂါနေ့တွင် **"သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ"** အဖြစ်လျှောက်ထားချက်ကို လက်ခံတော်မူသည်။ (သက်တော်- ၇၅ နှစ်၊ သိက္ခာတော်- ၅၅ ဝါ)

၉ ။ သာသနာတော်နှစ် ၂၅၂၉- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၇- ခုနှစ်၊ နယုန်လပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၃-၆-၁၉၈၅ ခုနှစ်၊ တနင်္လာနေ့ နေ့စွဲပါစာဖြင့် သာသနာရေးဝန်ကြီး ဦးမင်းဂေါင်က **"မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ"** အဖြစ်ခန့်အပ်လာသည့်စာကို ဆက်ကပ်သည်။
(သက်တော်- ၇၅ နှစ်၊ သိက္ခာတော်- ၅၅ ဝါ)

၁၀။ သာသနာတော်နှစ် ၂၅၂၉- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၇- ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ ခရစ်နှစ် ၃၀-၅- ၁၉၈၅ ခုနှစ်၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဒုတိယအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးပွဲကြီးက **"နိုင်ငံတော်သံဃမဟာနာယက"** ဆရာတော်အဖြစ် ဆက်လက်ရွေးချယ်တင်မြှောက်ခြင်း ခံရတော်မူသည်။ (သက်တော်- ၇၅ နှစ်၊ သိက္ခာတော်- ၅၅ ဝါ)

၁၁။ သာသနာတော်နှစ် ၂၅၂၉-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်၊ ခရစ်နှစ် ၂၉-၅-၁၉၈၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ တွင် **"နိုင်ငံတော်ဗဟိုဝန်ဆောင်"** အဖြစ်ရွေးချယ်ခံရသည်။
(သက်တော်- ၇၅ နှစ်၊ သိက္ခာတော်- ၅၅ ဝါ)

၁၂။ သာသနာတော်နှစ် ၂၅၂၈–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၆–ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်၊ ခရစ်နှစ် ၄–၁–၁၉၈၅ ခုနှစ်၊ သောကြာနေ့တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ– နိုင်ငံတော်ကောင်စီက **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို နယားဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းရန် ကြေငြာခြင်း ခံရတော်မူသည်။ မြန်မာသက္ကရာဇ် ၁၃၄၇–ခုနှစ်၊ နယုန်လပြည့်နေ့၊ ခရစ်နှစ် ၂–၆–၁၉၈၅ ခုနှစ်၊ တနင်္ဂနွေနေ့တွင် သာသနာရေးဝန်ကြီး ဦးမင်းဂေါင်က **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူသည်။

၁၃။ သာသနာတော်နှစ် ၂၅၂၈–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၆–ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်၊ ခရစ်နှစ် ၄–၁–၁၉၈၅ ခုနှစ်၊ သောကြာနေ့တွင် **"မန္တလေးမြို့၊ ချမ်းသာကြီးဆန်လှူအသင်း၏ ဩဝါဒါစရိယ"** အဖြစ်ဖြင့် ကိုးကွယ်ခံရသည်။ (သက်တော်– ၇၃ နှစ်၊ သိက္ခာတော်– ၅၃ ဝါ)

၁၄။ နောင်တော် အမရပူရဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ (သက်တော်– ၇၅ နှစ်၊ သိက္ခာတော်– ၅၅ ဝါ) ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်– သာသနာတော်နှစ် ၂၅၂၆–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၄–ခုနှစ်၊ နယုန်လပြည့်နေ့၊ ခရစ်နှစ် ၆–၆–၁၉၈၂ ခုနှစ်၊ တနင်္ဂနွေနေ့ မှစ၍၊ **"တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့တွင် ဥက္ကဋ္ဌ တာဝန်"** ကို သာသနာတော်နှစ် ၂၅၄၁–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၉– ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၁)ရက်၊ ခရစ်နှစ် ၂၇–၉–၁၉၉၇ ခုနှစ်၊ စနေနေ့ထိ သာသနာ့အရေး– ဒို့အရေးဟုခံယူကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။ ကောဇာသက္ကရာဇ် ၁၃၄၄–ခုနှစ်တွင် **"သံဃဦးစီးနာယက"** ဖြစ်တော်မူသည်။

၁၅။ သာသနာတော်နှစ် ၂၅၁၂–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၃၀–ပြည့်နှစ်၊ နယုန်လပြည့်နေ့၊ ခရစ်နှစ် ၁၀–၆–၁၉၆၈ ခုနှစ်၊ တနင်္လာနေ့မှ သာသနာတော်နှစ် ၂၅၂၆–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၄–ခုနှစ်၊ တော်သလင်းလဆန်း (၂)ရက်၊ ခရစ်နှစ် ၁၉–၉–၁၉၈၂ ခုနှစ်၊ တနင်္ဂနွေနေ့ထိ **"တိပိဋကပါဠိပဒ ကျမ်းညွှန်းနှင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်"** အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။
(သက်တော်– ၇၁ နှစ်၊ သိက္ခာတော်– ၅၁ ဝါမှ သက်တော်– ၈၆၊ သိက္ခာတော်– ၆၆ ဝါထိ)

- **ပဗ္ဗာရ ဒသကအရွယ်**

၁၆။ သာသနာတော်နှစ် ၂၅၂၄–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ ခရစ်နှစ် ၂၇–၅–၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၊ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက– ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ **"ဝိနည်းဓိုရ်"** ဆရာတော်အဖြစ် ရွေးချယ်တော်မူခြင်းခံရသည်။

- **ဟာနိ ဒသကအရွယ်၊ ပညာ ဒသကအရွယ်**

၁၇။ သာသနာတော်နှစ် ၂၄၉၈ – ၂၅၀၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၆ – ၁၃၁၈ ခုနှစ်၊ ခရစ်နှစ် ၁၉၅၄ – ၁၉၅၆ ခုနှစ်အတွင်း ကျင်းပသော ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ကြီးတွင် ပါဝင်ဆောင်ရွက်တော် မူကြသည့် သင်္ဂီတိကာရက ဆရာတော်များစာရင်း စာအုပ်တွင်၊ **"ဆဋ္ဌသင်္ဂါယနာ ပါဠိ ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များ စာရင်း"** ပါ စာမျက်နှာ (၉) ၌ ဦးရေ (အမှတ်စဉ်) (၂၉၂)၊ ဘွဲ့တော်– ဆရာတော် **ဦးမေဓိယ၊** သက်တော် (၄၃)နှစ်၊ သိက္ခာတော် (၂၃)ဝါ၊ ကျောင်းတိုက်– **နယားကျောင်း၊** ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မြို့နယ်– မန္တလေး၊ ခရိုင်– မန္တလေး ဟု ဖော်ပြပါရှိပါသည်။

- **ဗလ ဒသကအရွယ်၊ ဝဏ္ဏ ဒသကအရွယ်**

၁၈။ သာသနာတော်နှစ် ၂၄၈၁–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၉၉–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၀)ရက်၊ ခရစ်နှစ် ၁၈–၆–၁၉၃၇ ခုနှစ်၊ တနင်္ဂနွေနေ့ တွင် **"ပရိယတ္တိ သာသနဟိတ (သီးခြား) ဓမ္မာစရိယ"** ဘွဲ့တော်ကို ရရှိတော်မူခဲ့ပါသည်။ (သက်တော်– ၂၆ နှစ်၊ သိက္ခာတော်– ၆ ဝါ)



နယားဆရာတော်



နယားဆရာတော်ကြီး



နယားဆရာတော်ကြီးအား
အဂ္ဂမဟာပဏ္ဍိတ
ဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့စဉ်က



နယားဆရာတော် နှင့်
တိုင်းအုပ်ကျောင်းဆရာတော်
ဘဒ္ဒန္တ ဇဝိန္ဒ တို့အား
ဦးစိန်ထွန်း သာယာနာမြို့ မိသားစု တို့မှ
ဆွမ်းကပ်လှူခဲ့စဉ်

## ( ၄ ) အတိတ်သမိုင်းက မြင့်မြတ်ဘွဲ့တံဆိပ်တော်

လောကၦ ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးသော ဘုရားသဗ္ဗညု အဆူဆူတို့သည် ဗုဒ္ဓသာသနာတော်တွင် အများတကာတို့ထက် ထူးခြားသာလွန်သည့် ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသော ရဟန်းယောကျာ်း, ရဟန်းမိန်းမ၊ ဥပါသကာ, ဥပါသိကာမ တို့အား ယင်းဂုဏ်ထူးဝိသေသများအလိုက် **"သာသနာတော်ဆိုင်ရာ အမြင့်မြတ်ဆုံး (ဧတဒဂ်) ဘွဲ့"** ဂုဏ်ထူးများကို ဘုရားရှင်တို့ ကိုယ်တော်တိုင်ပင် ချီးမြှင့်ပေးအပ်ခဲ့တော်မူကြောင်း ပိဋကတ်စာပေ ကျမ်းဂန်များ၌ ထင်ရှားစွာ ဖော်ပြထားပေသည်။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့် နောက်ပိုင်းတွင်လည်း မြတ်ဗုဒ္ဓ၏သာသနာတော်ကို စဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ထောက်ပံ့သည့်အနေဖြင့် ဗုဒ္ဓဘာသာနိုင်ငံအသီးသီးရှိ မင်းအစိုးရ အဆက်ဆက်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း **"သာသနဝံသ ကျမ်း"** များအရ သိရှိမှတ်သားရပေသည်။ ယင်းတို့အနက် သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံဘုရင် မင်းအဆက်ဆက် တို့သည် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများအား **"သံဃရာဇာ၊ သံဃဂုရု၊ ကဝိစက္ကဝတ္တိ"** အစရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင်လည်း ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် **"အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂါပဏ္ဍိတ၊ ဒီသာပါမောက္ခ၊ သိရီမဟာစတုရင်္ဂဗလ၊ သုဓမ္မ မဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇ ဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ"** အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသော ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှား၊ ထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာ ရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဆရာတော်များ ကိုပါ **"အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်"** များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းလျက် ရှိနေကြသည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါပေသည်။

## ( ၅ ) သာသနာ့အကျိုးမျှော် မြင့်မြတ်ဘွဲ့တံဆိပ်တော် ဂုဏ်ပြုပူဇော်

သာသနာတော်နှစ် ၂၅၄၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်၊ ခရစ်နှစ် ၄–၁–၁၉၉၉ ခုနှစ်၊ တနင်္လာနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (  ) ဖြင့် **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းအမိန့်** ကို ထုတ်ပြန်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာတွင် သာသနာပြုဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၏ စာရင်းတွင် ကျေးဇူးတော်ရှင် သက်တော်ရှည်နယား ဆရာတော်ကြီး ၏ ဘွဲ့အမည်ကိုလည်း ဖော်ပြထားပေသည်။ သာသနာတော်နှစ် ၂၅၄၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၊ တပေါင်းလပြည့်၊ ခရစ်နှစ် ၃–၁–၁၉၉၉ ခုနှစ်၊ တနင်္လာနေ့တွင် ရန်ကုန်မြို့၊ သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်အတူ၊ နယားဆရာတော်ဘုရားကြီးအား **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်** ကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၏ အဓိပ္ပာယ်မှာ –**

**အဘိ** = ထူးကဲသာလွန်သော။
**ဓဇ** = အလံတံခွန်သဖွယ်ဖြစ်သော။
**အဂ္ဂ** = အမြတ်ဆုံးဖြစ်သော။
**မဟာ** = ကြီးကျယ်မြင့်မြတ်သော။
**သဒ္ဓမ္မ** = ဘုရားဟောတရားတော်တို့ကို။
**ဇောတိက** = ထွန်းလင်းတောက်ပအောင် ပြုလုပ်တတ်သောပုဂ္ဂိုလ် ဟု ဆိုလိုသည်။

သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ သုမတုအောင်ထူးချွန်စွာဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်အား ဤ ထိပ်တန်းဘွဲ့တံဆိပ်တော်မြတ်ကို လှူဒါန်းဆက်ကပ်ခြင်းဖြစ်သည်။

သာသနာတော်နှစ် ၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ တပေါင်းလပြည့်၊ ခရစ်နှစ် ၂၇–၂–၁၉၉၁ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၊ သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အဘိဓဇ မဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်အတူ နယားဆရာတော်ဘုရားကြီးအား **"အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်"** ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့)– ယခု နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ၏ အဓိပ္ပာယ်မှာ –**

**အဘိ** = ထူးကဲသာလွန်သော။
**ဓဇ** = အလံတံခွန်သဖွယ်ဖြစ်သော။
**မဟာ** = ကြီးကျယ်မြင့်မြတ်သော။
**ရဋ္ဌ** = တိုင်းနိုင်ငံ, တိုင်းပြည်၏။
**ဂုရု** = အလေးအမြတ်ပြုအပ်သော ဆရာတော်ကြီး။
**အဘိဓဇ** = အမြင့်ဆုံးအလံတော်ပမာ။
**မဟာရဋ္ဌဂုရု** = လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်က အလေးအမြတ်ပြုအပ်သော ဆရာတော်ကြီး ဟု ဆိုလိုသည်။

## ( ၃ ) မြင့်မြတ်ဂုဏ်ရုံ ဘွဲ့တံဆိပ်ကုံလုံ

**ဗုဓေဟိ လဒ္ဓလဉ္ဆနံ၊ ဇကော သေသောပိ နတ္ထိစ။**
**ထေရဿုတ္တရိပိ + တော ဓေ၊ လဉ္ဆေတ္ထိ တမ္ပိ သော လဘေ။**

**ဗုဓေဟိ** = ပိဋကတ်တော်တွင် ကျွမ်းကျင်မြင်, သိ ပညာရှိတို့သည်။
**လဒ္ဓလဉ္ဆနံ** = သီလ စသည့် စုံညီအကျင့် ဂုဏ်ရည်မြင့်၍၊ ရသင့်ရထိုက်သော ဘွဲ့တံဆိပ်တော်တို့တွင်။
**ထေရဿ** = ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဟုမကိုင်ရွှထင်ပေါ် ပြည်တွင်း, ပြည်ပ နှစ်ဖြာ ဌာနၺ် ကျော်ကြားလှသည့် သက်တော်ရှည် နယားဆရာတော်ဘုရားကြီးအား။
**(ဝါ)** = မထေရ် မြတ်ကြီးအတွက်။
**သေသော** = ရဖို့ရန် ကြွင်းကျန်သေးသော။

| | | |
|---|---|---|
| ဧကောပိ | = | တစ်စုံတစ်ခုသော ဘွဲ့တံဆိပ်တော်သည်လည်း။ |
| နတ္ထိစ – နတ္ထိဧဝ | = | တံဆိပ်စုံ အကုန်ပြည့်သည်မို့ မရှိတော့သည်သာလျှင်တည်း။ |
| ထေရဿ | = | ကျေးဇူးတော်ရှင် နယားဆရာတော် မထေရ်မြတ်ကြီးအဖို့။ |
| ကွေတောပိ | = | ဤရအပ်ပြီးသော ဘွဲ့တံဆိပ်တော်တို့ထက်လည်း။ |
| ဥတ္တရိစေအတ္ထိ | = | အကယ်၍များ ရှိခဲ့ငြားအံ့။ |
| တမ္ပိ | = | ထိုမြင့်သည်ထက်မြင့် တစ်ဆင့်တက်သော ဘွဲ့တံဆိပ်တော်ကိုလည်း။ |
| သော | = | နယားဆရာတော်ဟု ထင်ပေါ်ကျော်ကြား ထိုကျေးဇူးတော်ရှင် မထေရ်မြတ်ကြီးသည်။ |
| လဘေ–လဘေယျ | = | ရစေသမှု မပြုမလုပ် အားမထုတ်ဘဲ မုချမသွေ ရပေရာသတည်း။ |

## (ပ) ကျင်းပပူဇော် ဂုဏ်ပြုပွဲတော်

၁။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ နယုန်လပြည့်၊ခရစ်နှစ် ၂–၆–၁၉၈၅ ခုနှစ်၊ တနင်္ဂနွေနေ့တွင် သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီး ဦးမင်းဂေါင်က ဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ခဲ့၏။

၂။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ ခရစ်နှစ် ၉–၆–၁၉၈၅ ခုနှစ်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ရှိ မန္တလေးအသင်း က ဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ခဲ့ကြသည်။

၃။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်၊ ခရစ်နှစ် ၁၀–၆–၁၉၈၅ ခုနှစ်၊ တနင်္လာနေ့တွင် ကော့မှူးမြို့ နိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ နေမိန္ဒ အမှူးပြုသော ဒကာ, ဒကာမများက ဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ခဲ့ကြသည်။

၄။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၈)ရက်၊ ခရစ်နှစ် ၁၀–၇–၁၉၈၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ်၊ ပူဇော်ပွဲ ကျင်းပရေးကော်မတီမှ ဂုဏ်ပြု ပူဇော်ပွဲ ပြုလုပ်ခဲ့ကြသည်။

၅။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်၊ ခရစ်နှစ် ၆–၁၁–၁၉၈၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် ပရိယတ္တိသာသနာ့ဟိတ အသင်းမှ ပစ္စည်း ဆယ်မျိုး (ပရိက္ခရာ ရှစ်ပါးစုံ) တို့ဖြင့် ဂုဏ်ပြု ပူဇော်ပွဲ ပြုလုပ်ခဲ့ကြသည်။

၆။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ ခရစ်နှစ် ၁၂–၁၁–၁၉၈၅ ခုနှစ်၊ အင်္ဂါနေ့တွင် ရန်ကုန်တိုင်း၊ ထန်းတစ်ပင်မြို့နယ်၊ လှည်းဆိပ်ကျောင်းဆရာတော် ဘဒ္ဒန္တ ကုသလ အမှူးပြုသော ဒကာ, ဒကာမများက ဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ခဲ့ကြသည်။

၇။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇– ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက်၊ ခရစ်နှစ် ၁၆–၄–၁၉၈၆ ခုနှစ်၊ ဗုဒ္ဓဟူးနေ့တွင် (ပထမအကြိမ်)။

၈။ သာသနာတော်နှစ် ၂၅၃၁– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၉– ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ ခရစ်နှစ် ၁၄–၅–၁၉၈၇ ခုနှစ်၊ ကြာသပတေးနေ့တွင် (ဒုတိယအကြိမ်) ထန်းတောကျောင်းဆရာတော် အမှူးပြုသော ဒကာ, ဒကာမများက ဂုဏ်ပြုပူဇော်ပွဲ နှစ်ကြိမ်တိုင် ပြုလုပ်ခဲ့ကြသည်။

၉။ သာသနာတော်နှစ် ၂၅၂၉– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၈– ခုနှစ်၊ နှစ်ဆန်း (၁)ရက်၊ တန်ခူးလဆန်း(၈)ရက်၊ ခရစ်နှစ် ၁၇–၄–၁၉၈၆ ခုနှစ်၊ ကြာသပတေးနေ့တွင် အုတ်ဖိုရွာကျောင်း ဆရာတော်နှစ်ပါးနှင့် ပျော်ဘွယ်မြို့ ပရိယတ္တိမာမက ဆရာတော်တို့ အမှူးပြုသော အုတ်ဖိုရွာ ဒကာ, ဒကာမများက ဂုဏ်ပြုပူဇော်ပွဲများ အသီးသီး ပြုလုပ်ခဲ့ကြသည်။ (ပိဋကဝိသောဓနီကျမ်း စာမျက်နှာ– ၄၃၀ နှင့် ၄၃၁။)

## (ထ) ကံထပ်မင်္ဂလာ ပြုခဲ့ကြသော ဒါယကာ, ဒါယိကာမများ

ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသအား အောက်ဖော်ပြပါမိသားစုများက ကံထပ်မင်္ဂလာပြုခဲ့ကြပါသည်။

၁ ။ မိုးကုတ်မြို့၊ ဖော်ဗဒါန်းရွာ ကိုကျော်အေး + မသန်းရွှေ မိသားစု။

၂ ။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင် (၅၀၅)ရပ်ကွက် ကိုအောင်ကြည် + မအမာစီ မိသားစု **(ပထမအကြိမ်)**။

၃ ။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင် (၅၀၅)ရပ်ကွက် ကိုအောင်ကြည် + မအမာစီ မိသားစု **(ဒုတိယအကြိမ်)**။

၄ ။ (က) ကျောင်းဒါယကာ ဦးထွန်းအောင် + ကျောင်းဒါယိကာမ သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်အုပ် (ကြယ်နီ မိသားစု)။

(ခ) ဦးဘရင် + ဒေါ်နန်း (နန်းချယ်ရီမိသားစု)။

(ဂ) ဦးထိန်ဝင်း + ဒေါ်လှဝင်း (သိင်္ဂီဝင်း တည်းခိုခန်း မိသားစု)။

(ဃ) ဦးစိုင်းထွန်းရင် + ဒေါ်ချိုချိုခိုင် သမီး နန်းယဥ်မင်းထွန်း နှင့် ညီအစ်ကို တစ်စု တောင်ကြီးမြို့။

၅ ။ ဒေါ်ကြည်ညွန့် နှင့် ဆွေမျိုးတစ်စု။

၆ ။ ရန်ကုန်မြို့၊ ဦးထွန်းနိုင် + ဒေါ်စန်းစန်းနွယ် မိသားစု။

၇ ။ ရန်ကုန်မြို့၊ ကိုဝင်းနိုင် ညီမ မခင်အေးမွန် မောင်နှစ်မတစ်စု။

၈ ။ ရန်ကုန်မြို့၊ ဦးလှသောင်း + ဒေါ်လှဲ့လှဲ့ဝင်း၊ သား– မောင်သိန်းဇော်ဝင်း၊ သမီး– မသီတာခင်မျိုးသောင်း မိသားစု **(ပထမအကြိမ်)**။

၉ ။ ရန်ကုန်မြို့၊ ဦးလှသောင်း + ဒေါ်လှဲ့လှဲ့ဝင်း၊ သား– မောင်သိန်းဇော်ဝင်း၊ သမီး– မသီတာခင်မျိုးသောင်း မိသားစု **(ဒုတိယအကြိမ်)**။

၁၀။ မန္တလေးမြို့၊ မဟာဗောဓိကမ္မဋ္ဌာန်း ဆရာကြီး ဦးမြင့်စိန်။

၁၁။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် (တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်) ယခုကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် + ဒေါက်တာ ဒေါ်တင်လင်းမြင့် **(ပထမအကြိမ်)**။

၁၂။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် (တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်) ယခုကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် + ဒေါက်တာ ဒေါ်တင်လင်းမြင့် **(ဒုတိယအကြိမ်)**။

၁၃။ ရန်ကုန်မြို့၊ ဦးလှမောင် + ဒေါ်ခင်နှင်းဝေ မိသားစု။

အသီးသီးတို့က ကံထပ်မင်္ဂလာပြုခဲ့ကြပါသည်။

— (ဗဟုသုတပကာသနီ စာမျက်နှာ– ၈၄၊ ၈၅။)

## (တ) ဗုဒ္ဓ၏ ဩဝါဒတော်နှင့်အညီ မြတ်ဆရာတော်အားပူဇော်

ဗုဒ္ဓရတနာကို အဘယ်ကဲ့သို့ ပူဇော်ရာရောက်သနည်း၊ဟူမူ –

၁။ **သဗ္ဗာ သမ္ဗုဒ္ဓ** = သဗ္ဗညု မြတ်စွာဘုရား။

၂။ **ပစ္စေက ဗုဒ္ဓ** = ဘုရားတစ်ဆူနှင့် တစ်ဆူကြား ပွင့်တော်မူသော ပစ္စေကဗုဒ္ဓ။

၃။ **စတုသစ္စ ဗုဒ္ဓ** = သစ္စာလေးပါး သိမြင်တော်မူကြသော ရဟန္တာပုဂ္ဂိုလ်များနှင့်။

၄။ **သုတ ဗုဒ္ဓ** = နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်သိမြင် ပညာရှင်ပုဂ္ဂိုလ်များ ဟူ၍ ဗုဒ္ဓလေးဆူ ရှိတော်မူပေသည်။

ကျေးဇူးတော်ရှင် သက်တော်ရှည် နယားဆရာတော်ဘုရားကြီးသည် ဝိပဿနာစခန်း ပဋိပတ်ကမ္မဋ္ဌာန်း ဝိပဿနာ အလုပ်စခန်းတို့ကို မဆုတ်မနစ်တမ်း ကြိုးပမ်းအားထုတ်၍ တရားချစ်ခင်သူတော်စင်တို့ကို သစ္စာလေးပါးသိမြင်အောင်

ဟောကြားတော်မူခဲ့သည်။ ကိုယ်တော်တိုင်လည်း ပရိယတ္တိတရားတော်များကို နှလုံးသားမှာ ဆောင်ထားသဖြင့် ဓမ္မစေတီ ထိုက်၏။

**ဓမ္မရတနာ ပူဇော်ရာမည်ပုံမှာ** – ကျေးဇူးရှင် နယားဆရာတော်ဘုရားကြီး၏ သန္တာန်တော်ဝယ် တည်ရှိနေကြသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာသော ဓမ္မက္ခန္ဓာစေတီ တို့ကို ပူဇော်သကဲ့သို့ ဖြစ်သောကြောင့် ဓမ္မရတနာကို ပူဇော်သည် မည်ပါပေ၏။

**သံဃာရတနာ ပူဇော်ရာမည်ပုံမှာ** – နယားဆရာတော်ဘုရားကြီးသည် သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ၊ ကာလပတ်လုံး ကျင့်သုံးတော်မူခဲ့သော အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ် ကုဋေကိုးထောင့်တစ်ရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင် များမြောင်လှစွာသော သီလ, သမာဓိ, ပညာ သိက္ခာသုံးစုံ အကျင့်ဂုဏ်တို့နှင့် ကုံလုံပြည့်ဝခဲ့သော ထေရ, စိရပဗ္ဗဇိတ၊ သံဃပိတာ၊ သံဃပရိနာယက ဖြစ်တော်မူခဲ့ခြင်းကြောင့်လည်း သံဃာရတနာကို ပူဇော်ရာ မည်ပါပေသည်။

**ဗုဒ္ဓ၏ ဩဝါဒတော်များ တည်ရှိနေသရွေ့ကာလပတ်လုံး၊ ငါ – ဘုရားသက်တော်ထင်ရှား ရှိနေဆဲပင် ဖြစ်သည်ဟု လာရှိသည်နှင့်အညီ** – နယား ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်များ ရောက်ရှိပျံ့နှံ့သည့် ဒေသအသီးသီးတွင် ဩဝါဒများတည်ရှိနေသရွေ့၊ ဒကာ, ဒကာမ များက လိုက်နာ, ကျင့်ကြံ, ပွားများ အားထုတ်နေသရွေ့ ကာလပတ်လုံး ဆရာတော်ဘုရားကြီးကိုယ်တိုင် နီးနီးကပ်ကပ်ကြွရောက်ချီးမြှင့် ဩဝါဒပေးနေသည်နှင့် အတူတူပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

များမြောင်လှစွာသော သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ဝိနည်းတော်နှင့်အညီ ပြည့်ကျင့်သာသနာပြုတော်မူခဲ့သည့် **နယားဆရာတော်ကြီး၏** သာသနာတော်သည်၊ ဗုဒ္ဓသာသနာတော်ကြီး တည်ရှိနေသမျှကာလပတ်လုံး၊ အစွန့်ရှည် တည်တံ့နိုင်မြဲပါစေခြင်းငှာ – ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) ၏ စုစည်းတင်ပြမှုဖြင့် **"နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ–မြတ်ကျမ်းစာ"** သာသနာဝင် မှတ်တမ်းစာအုပ် ပေါ်ထွက် လာခဲ့ရပါပြီ။ ထိုသို့ ပုံနှိပ်လှူဒါန်းခြင်းသည် **"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"** ဘုရားဟော ပါဠိတော်မြတ်အရ ဒါနအရာ အလှူတကာ အားလုံးတို့တွင် အသာဆုံး, အမြတ်ဆုံး၊ ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မရတနာ အလှူတော်ကြီးပင် ဖြစ်ပါသည်။

နယားဆရာတော်ကြီး ဘဝနတ်ကျောင်းပြောင်း၍ တော်မူပြီး သုံးနှစ်အတွင်း၊ ယခု – နယားဆရာတော်ကြီး၏ အဖိုးတန်ရတနာ ဩဝါဒစကားလုံးများကို စနစ်တကျ တစ်စုတစ်စည်းတည်း အဖိုးတန်ရတနာပန်းကုံးတစ်ကုံးအသွင် လှေလာတင်ပြထားသည်မှာ တန်ဖိုးဖြတ်၍ မရနိုင်လောက်အောင် အဖိုးအနဂ္ဃ ထိုက်တန်လှပါသည်။ သို့ဖြစ်ပါ၍၊ ဤ ဆောင်းပါးရှင်သည် အထက်တွင်ရှင်းလင်းပြဆိုခဲ့သည့်အတိုင်း သီလ, သမာဓိ, ပညာ စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသည့် နယားဆရာတော်ဘုရားကြီး၏ ဓာတ်ပုံတော်မြတ်ကို၊ နေ့စဉ်, နေ့တိုင်း သတိတရဖူးမြော်ပြီး၊ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်အပေါင်းကို အောက်မေ့တသ ပူဇော်ကန်တော့နေမိပါကြောင်း ရေးသားမှတ်တမ်းတင် ဂုဏ်ပြုတင်ဆက်လိုက်ရပေသတည်း။

ဘဒ္ဒန္တ ကုသလာစာရာဘိဝံသ
သာသနဓဇ ဓမ္မာစရိယ၊
ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
ဂဏဝါစကစာချ၊ ဂုဏဝတီတိုက်ကျောင်း၊
ဒက္ခိဏာရာမဘုရားကြီးတိုက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

သာသနာတော်နှစ် – ၂၅၅၀ ပြည့်နှစ်၊
မြန်မာသက္ကရာဇ် – ၁၃၆၈ ခုနှစ်၊
တပို့တွဲလပြည့်ကျော် (၃)ရက်၊
ခရစ်နှစ် – ၄–၂–၂၀၀၇ ခုနှစ်၊
တနင်္ဂနွေနေ့၊
နေ့လည် (၁း၀၀) နာရီ။



တိပိဋကပါဠိ မြန်မာ အဘိဓာန် ဒုတိယအဖွဲ့တွင် နယားဆရာတော်ကြီးအား ဖူးမြင်နိုင်ပါသည်။

မြန်မာသက္ကရာဇ်၁၃၄၇ - ခုနှစ်၊ နယုန်လပြည့်နေ့တွင် သာသနာရေးဝန်ကြီးဌာနမှ နယားဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ



ရွှေဂါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသန မှ နယားဆရာတော်ကြီးအား ဂါရဝ ပြုနေစဉ်





အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရစဉ်က ကော့မှူးမြို့နယ်ဂုဏ်ပြုပူဇော်ပွဲ

နယားဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် ဝိဇာတ မွေးနေ့ မင်္ဂလာတွင် ဘုရား၊ သိမ်၊ ကျောင်းဒကာ ဦးသုတော် (အကယ်ဒမီရွှေသန့်စင်) မိသားစုမှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်



ပရိယတ္တိအသင်း နှစ်(၁၀၀)ပြည့်ပွဲတွင် နယားဆရာတော်ကြီးအား ဖူးမြင်ရစဉ်





မြန်မာသက္ကရာဇ် ၁၃၄၇ - ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက်၊ ရန်ကုန်မြို့ (မန္တလေးအသင်း) ဂုဏ်ပြုပူဇော်ပွဲ





နယားဆရာတော်ကြီး
ဘဒ္ဒန္တ
မေဓိယာဘိဝံသ



မြန်မာသက္ကရာဇ် ၁၃၄၇ - ခုနှစ်၊ နယုန်လဆန်း(၁၄)ရက်၊ စနေနေ့တွင်လှုရတနာ ဆရာတော်လေး (ဘဒ္ဒန္တ နာရဒါဘိဝံသ)မှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်

မြန်မာသက္ကရာဇ် ၁၃၄၇ - ခုနှစ်၊ ပထမဝါဆိုလဆန်း(၂)ရက်တွင် နယားဆရာတော်ကြီးမှ ပရိယတ္တိသာသနဟိတ အသင်းနှင့် ချမ်းသာကြီးဆန်လှူအသင်းအား လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲ



## (၉) အဖဘက်မှ ဆွေမျိုးစဉ်ဆက်

ရတနာပူရအင်းဝမြို့၌ အုပ်စိုးခဲ့သော ညောင်ရမ်းမင်းတရားကြီးလက်ထက် ညီတော် ကျောက်ဆောက် မြို့စား သမန္တရာဇာ ဦးထွန်းဦး – ဇနီး မညွန့်တို့မှ ပေါက်ဖွားသော (စံ) အမည်ပါ သားသမီးတို့၏ အနွယ်များ မှတ်တမ်း ပုရပိုက်မှုရင်း –

**စံ ကိုး စံ**

၁။ ဦးစံဝက် ၂။ ဦးပါစံ ၃။ ဦးစံထား
၄။ ဦးစံထွေး ၅။ ဦးစံအိုး ၆။ ဦးစံလှ
၇။ ဦးစံထူး ၈။ ဦးစံပွင့် ၉။ ဦးစံပေါ်

---

**ရင်း ကိုးယောက်တို့တွင် ဦးပါစံ မှ –**

(က) ၁။ ဦးရွှေခြား ၂။ ဦးရွှေကောင်း ၃။ မနော်ဇာ တို့ကို ပေါက်ဖွားသည်။

---

**ရင်း သုံးယောက်တို့တွင် ဦးရွှေကောင်း မှ –**

(ခ) ၁။ ဦးရ ၂။ ဦးဝက် တို့ကို ပေါက်ဖွားသည်။

---

**ရင်း နှစ်ယောက်တို့တွင် ဦးရ မှ –**

(ဂ) ၁။ ဦးရှင် ၂။ မနှင်းမိ ၃။ မနှင်းမွေး ၄။ ဦးမြတ်ဥ တို့ကိုပေါက်ဖွားသည်။

---

**ရင်း လေးယောက်တို့တွင် မနှင်းမွေး မှ –**

(ဃ) ၁။ ဦးချမ်းခိုင် ၂။ မမညီး ၃။ ဦးမာ ၄။ ဦးထာ
၅။ မမညို ၆။ မလှပ် တို့ကို ပေါက်ဖွားသည်။

မှတ်ချက် – တဲကြီးကုန်းရွာအနီး ဦးထာ တည်ထားကိုးကွယ်သော ဘုရား ယခုတိုင်ရှိသည်။

---

**ရင်း ခြောက်ယောက်တို့တွင် ဦးထာ မှ –**

(င) ၁။ ဦးရွှေဖျင် ၂။ ဦးစံနိုင် ၃။ ဒေါ်တပဲ ၄။ ဒေါ်ရွေး ၅။ ဦးစံထား
တို့ကို ပေါက်ဖွားသည်။

---

**ရင်း ငါးယောက်တို့တွင် ဦးရွှေဖျင် မှ –**

(စ) ၁။ ဦးနေအေး ၂။ ဦးမြစံ ၃။ ဦးမြညွန့် ၄။ ဒေါ်ရွှေယုံ ၅။ ဒေါ်စောမြင့်
၆။ ဒေါ်ငွေလွန်း ၇။ ဒေါ်အငယ် တို့ကို ပေါက်ဖွားသည်။

---

**ဦးစံနိုင် မှ –**

(ဆ) ၁။ ဦးစိန်ထွန်း ၂။ **ဦးအောင်ချိန်** (အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ)
၃။ **ဦးမြသန်း** (အဘိဓဇ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ) (ယခုကျမ်းစာရှင်ဖြစ်သည်)
၄။ ဦးထွန်းယုံ ၅။ ဦးဒါန ၆။ ဒေါ်သိန်းရင် ၇။ ဒေါ်အေးမိ
တို့ကို ပေါက်ဖွားသည်။

**ဦးတုပ်ပု (ကံတော်သူကြီး) – အဘွား မမညိုးတို့ မှ –**

(ဇ) ၁။ မပြန့် ၂။ မထယ် ၃။ မမိလေး ၄။ မသူငွေး
၅။ ဦးစော်ဘွား ၆။ ဦးစံလှိုင် စသော သားသမီးအဆက်အနွယ်များ ရှိသည်။
* အကျယ်အပြည့်အစုံကို ဦးအောင်သူ (သံမဏိမောင်မောင်) ရေးသော စံ ကိုး စံ ဆွေမျိုးများ၏ စာရင်းကိုကြည့်ပါ။

---

## (၁၀) အမိဘက်မှ ဆွေမျိုးစဉ်ဆက်

မန္တလေးမြို့နေ – မင်းသား ဦးမောင်ကြီးနှင့် မိတ္ထီလာမြို့နယ် – နေ ဒေါ်ဘုတ်ဆုံတို့ ဒုတိယ ဇနီးမောင်နှံမှ ဖွားမြင်သော သားသမီးများမှာ –

၁။ သမီး မရွှေဥ
၂။ သား မောင်ရွှေန (ကွယ်လွန်ပြီ) ဟူ၍ သားသမီး နှစ်ယောက် ဖွားမြင်သည်။
(ရမည်းသင်းမြို့နယ် အုတ်ဖိုရွာ တောင်ကျောင်း၌ ဒေါ်ဘုတ်ဆုံ တည်ထားကိုးကွယ်သောဘုရား ယခုတိုင်ရှိသည်။)

---

(က) မရွှေဥသည် အုတ်ဖိုရွာမှ အမည်မမှတ်မိ ယောကျ်ားတစ်ယောက်နှင့် အိမ်ထောင်ကျ၍ –
၁။ မရင်းတော် ၂။ မောင်ထောင်ဘို ၃။ မောင်မှန်းကြီး ၄။ မအိမ်မင်း
ဟူ၍ သားသမီး လေးယောက် ဖွားမြင်သည်။

---

* မရင်းတော် သည် အုတ်ဖိုရွာသား မောင်သာရောက်နှင့် အိမ်ထောင်ကျ၍ –
၁။ မောင်စိန်တိုင် ၂။ မောင်အောင်လှိုင် ၃။ မောင်ထွန်းဝင်း
ဟူ၍ သားသုံးယောက် ဖွားမြင်သည်။

---

* **မောင်ထောင်ဘို** သည် အုတ်ဖိုသူ မသီနှင့် အိမ်ထောင်ကျ၍ – သား
၁။ မောင်ကျောက်ဒိုး ၂။ မောင်အောင်ဖြိုး ဟူ၍ သားနှစ်ယောက် ဖွားမြင်သည်။

---

* **မောင်မှန်းကြီး** သည် အုတ်ဖိုသူ မဂျမ်းနှင့် အိမ်ထောင်ကျ၍ – သား
၁။ မောင်သာဖံ ဟူ၍ သားတစ်ယောက် ဖွားမြင်သည်။

---

** မောင်သာဖံ သည် အုတ်ဖိုရွာသူ မစိန်ဥနှင့် အိမ်ထောင်ကျ၍ –
၁။ မသင်းလှိုင် ၂။ မငွေတင် ၃။ ကိုလှသောင် ၄။ မောင်ထွန်းလှ(ကွယ်လွန်)၊
၅။ မတင်အေး ဟူ၍ သားသမီး ငါးယောက် ဖွားမြင်သည်။

---

* မအိမ်မင်း သည် တောင်သာမြို့နယ်၊ တဲကြီးကုန်းရွာသား မောင်စံခိုင် နှင့် အိမ်ထောင်ကျ၍ –
၁။ မောင်စိန်ထွန်း ၂။ မောင်အောင်ချိန် ၃။ မောင်မြသန်း ၄။ မောင်ထွန်းယုံ
၅။ မောင်ဒေါနု ၆။ မသိန်းရင် ၇။ မအေးမိ
ဟူ၍ သားသမီးခုနစ်ယောက်ဖွားမြင်သည်။

* **မောင်စိန်ထွန်း** သည် ရဟန်းဝတ် (ဦးဓေတိပါလ– အမည်)နှင့် ခုနစ်ဝါထိအောင်နေပြီး လူထွက်သည်။ ၎င်းသည် အုန်းသီးကွဲ ရွာသူ မသန်းခင်နှင့် အိမ်ထောင်ကျ၍ –

၁။ မခင်လှ(မညွန့်ရီ) ၂။ မခင်အုန်းမြင့် ၃။ မကြည်ရွှေ ၄။ မမြင့်မြင့်သန်း(ကွယ်လွန်)၊ ၅။ မောင်ဇော်သိန်း ၆။ မောင်အောင်ကျော်ဦး ဟူ၍ သားသမီး ခြောက်ယောက် ဖွားမြင်သည်။

* **မောင်အောင်ရှိန်** သည် ရဟန်းအဖြစ်ဖြင့် သာသနာ့ဝန် ထမ်းဆောင်သည်။ ရဟန်းဘွဲ့မှာ ဘဒ္ဒန္တ ဥက္ကံသ ဖြစ်သည်။ (အမရပူရ ဆရာတော်ဟု မည်တွင်သည်) ဂုဏ်ထူး– ပရိယတ္တိသာသနာ့ဟိတ ဓမ္မာစရိယ (မူလစာချ) ဘုရားကြီး တိုက် တိပိဋက ပါဠိပဒကျမ်းညွှန်း နှင့် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃာ့ မဟာနာယက ဖြစ်သည်။ ဘဒ္ဒန္တ ဥက္ကံသာဘိဝံသသည် နိုင်ငံတော် မဟာသံဃနာယက အဖွဲ့ဝင်အဖြစ် သာသနာ့ဝန် ထမ်းဆောင်နေစဉ် မြန်မာသက္ကရာဇ် ၁၃၄၃–ခုနှစ်၊ သက်တမ်း (၇၅)နှစ်အရွယ်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသည်။

**ပြုစုခဲ့သော ကျမ်းများမှာ –**

၁။ တိပိဋကပါဠိပဒကျမ်းညွှန်း လေးအုပ် ၂။ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း ၃။ ဝိမတိစ္ဆေဒနီကျမ်း ၄။ ပါဠိပါရဂူကျမ်း ၅။ ရွှေရေးဆောင်နိယံ အဖြေသစ်ကျမ်း တို့ အသီးသီးဖြစ်ကြသည်။

* **မောင်မြသန်း** သည် ရဟန်းအဖြစ်ဖြင့် သာသနာ့ဝန် ထမ်းဆောင်ခဲ့ပါသည်။ ရဟန်းဘွဲ့မှာ ဘဒ္ဒန္တမေဓိယ ဖြစ်သည်။ နယား ဆရာတော်ဟု မည်တွင်သည်။ (ယခု ဤ ကျမ်းစာအုပ်ရှင် ဖြစ်ပါသည်။)

**ဂုဏ်ထူး** – ပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ ကျင်းပပြုလုပ်သော စာမေးပွဲကို အောင်မြင်ခဲ့သဖြင့် ဘဒ္ဒန္တ မေဓိယာဘိဝံသဟု ခေါ်တွင်သည်။ နောင်တော်, အမရပူရဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်၊ ၁၃၄၃–ခုနှစ်မှစ၍ တိပိဋကပါဠိပဒကျမ်းညွှန်းနှင့် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ နိုင်ငံတော် သံဃမဟာနာယကအဖြစ်ဖြင့် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။

* **မောင်ထွန်းယုံ** သည် ကံအောက်သူ မဖွားချစ်နှင့် အိမ်ထောင်ကျ၍ –

၁။ မတင်မြ ဟူ၍ သမီး တစ်ယောက် ဖွားမြင်သည်။

* **မောင်ဒါန** သည် အုတ်ဖိုရွာသူ မသိန်းဟန်နှင့် အိမ်ထောင်ကျ၍ –

၁။ မောင်စန်းလွင် ၂။ မောင်သာလှ ၃။ မောင်သာမြ ၄။ မောင်အောင်သင်း ၅။ မရွှေပု ၆။ မောင်အောင်ဝင်း ၇။ ရွှေကြည်မ ဟူ၍ သားသမီး ခုနစ်ယောက် ဖွားမြင်သည်။

* **မသိန်းရင်** သည် ရွှေဘိုမြို့နယ် မူးမန္တလေးရွာသား ကိုကံမြင့်နှင့် အိမ်ထောင်ကျ၍ –

၁။ မောင်ပေါက်စ ၂။ မောင်စိန်သောင်း ၃။ မောင်ဝတုတ် ဟူ၍ သားသုံးယောက် ဖွားမြင်သည်။

* **မအေးမိ** သည် အုတ်ဖိုရွာသား မောင်အောင်တင်နှင့် အိမ်ထောင်ကျ၍ –

၁။ ကိုသန်းမြင့် ၂။ ကိုမောင်ကို ၃။ မတင်လှ ၄။ မမြဌေး ၅။ မမြသွယ် ၆။ မခင်ညွှန့် ၇။ မောင်သန်းလှ ၈။ မညွှန့်ရီ ဟူ၍ သားသမီး ရှစ်ယောက် ဖွားမြင်သည်။

**မှတ်ချက်** ။ ။ ဒေါ်ဘုတ်ဆုံသည် ဒုတိယဇနီး ဖြစ်သည်။

ပထမဇနီး အကြောင်းကို ပြည့်ပြည့်စုံစုံ မသိရသော်လည်း ထိုဇနီးနှင့် ရရှိခဲ့သော သမီးမှာ –

၁။ ဒေါ်စိုးမင်း ကို ဖွားမြင်သည်။

ဒေါ်စိုးမင်းသည် ဦးသာနှင့် အိမ်ထောင်ကျ၍ –

၁။ သား ဦးဖွန် ၂။ သမီး ဒေါ်ကြင် ဤမျှသာ ပထမဇနီးနှင့် ပတ်သက်၍ သိရသည်။

**(၁၁) (က) ကြည်ညိုဖွယ်ကောင်းသော ဆရာတော်နှင့် ပါရမီဖြည့်ဘက် ဒကာတော် ဆိစက်ပိုင်ရှင်မိသားစု**

ဆရာတော်အမိန့်ရှိ၍ ကြားသိခဲ့ရသော ဆရာတော်ဘဝကြောင်းရာ တစ်စိတ်တစ်ဒေသမှာ– မိဘနှစ်ပါးမှအပ အခြားသူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းခံကြသော ပုဂ္ဂိုလ်တို့အနက်၊ အချို့ပုဂ္ဂိုလ်မှာ ရဟန်း ဒါယကာ, ဒါယိကာမတို့နှင့် အချို့ကအဆင်ပြေ၍၊ အချို့ကအဆင်မပြေသည်ကို တွေ့ရှိရပေသည်။ အချို့ပုဂ္ဂိုလ်တို့မှာ ရဟန်း ဒါယကာ, ဒါယိကာမ တို့နှင့် အဆင်ပြေသည်ဆိုသော်လည်း၊ ယင်းတို့၏ ပင့်လျှောက်ချက်အရ – သာရေး, နာရေး ကိစ္စ အဝဝ၌ သွားလာရ သဖြင့် စာသင်ပျက်ရသည်ကိုလည်း တွေ့မြင်ရပေသည်။ ထို့ကြောင့်၊ အခြားပုဂ္ဂိုလ်တို့၏ ရဟန်းခံခြင်း၌ အပြစ်များစွာ တွေ့ရ၍၊ အခြားပုဂ္ဂိုလ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းခံခြင်းကို နယားဆရာတော် လောင်းလျာကနှစ်သက်တော်မမူချေ။ (**စကားချပ်** ။ ။ အလွန်ကြည်ညိုဖွယ်၊ မှတ်သားအတုယူဖွယ် ကောင်းလှပါသည်။) (စုစည်းတင်ပြသူ)

ဆရာတော်လောင်းလျာ သာမဏေဘဝပင် မန္တလေးမြို့၊ မှန်တန်းရပ်နေ – ဦးဖောင် + ဒေါ်ထယ် တို့က ပင့်လျှောက်သဖြင့် သူတို့တိုက်၌ နေ့စဉ်ထိုင်၍ ဆွမ်းခံရလေသည်။ အသက်နှစ်ဆယ်ပြည့်ခါနီးအချိန်တွင် ဒါယိကာမ ကြီးဒေါ်ထယ်က အသက်ကိုမေးမြန်းပြီး၊ ရဟန်းခံလိုကြောင်း လျှောက်ထားရာ – **"ရဟန်းဒါယကာရှိနေသည်"** ဟု ပြောဆို ပယ်ချလိုက်လေသည်။ ၎င်း ဦးဖောင် + ဒေါ်ထယ် တို့မှာ ဆိစက်ပိုင်ရှင်ဖြစ်၍၊ သမီး– ဒေါ်ဆင်ဆင် တစ် ယောက်သာရှိသည်။ ယင်းသို့ ပယ်ချလိုက်သောအခါ၊ ပစ္စည်းလေးပါးဒါယကာ ခံယူ၍၊ အစစအရာရာလှူဒါန်းသည်။ ရဟန်းသုံးဝါ ရသည့်အချိန်တွင် သပိတ်ထဲ၌ ဟင်းလျာနည်းပါးနေသည်ကို တွေ့မြင်ရသောကြောင့် **"ဦးဇင်း အရှင် ဘုရား ဘယ်မှဆွမ်းခံမကြွနှင့်၊ တပည့်တော်တို့ ပြည့်စုံအောင် ဆွမ်းလောင်းမည်"** ဟု လျှောက်ထားပြီး၊ နေ့စဉ် ပြည့်စုံအောင် ဆွမ်းလောင်းလှူကြသည်။ မိုးရွာသော်၊ တပည့်တော်တို့တိုက်သို့ကြွ၍၊ အမြဲဆွမ်းဘုဉ်းပေးပါဟု လျှောက်ထားချက်အရ – မိုးရွာလျှင် သူတို့တိုက်သို့ ကြွရောက်ဆွမ်းစားရသည်။

နယားဆရာတော်လောင်းလျာက၊ သူ၏ တစ်သက်တာတွင် ကျေးဇူးအများဆုံး ဒါယကာ, ဒါယိကာမ များ ဖြစ်ကြသည်ဟု ခံယူထားသည်။ ထို့ပြင်၊ သူတို့ကို ဒုတိယမိခင်, မိခင်, ဖခင် ဖြစ်သည်ဟုလည်း သတ်မှတ်ထားလေသည်။ (နယားဆရာတော် စီရင်ပို့ချအပ်သော သံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်း၊ နိဂမနကထာ စာမျက်နှာ – ၁၀၉၊ ၁၁၀)

## (၁၁) (ခ) ဓမ္မပူဇာ ကျေးဇူးတင်လွှာ

**"ပိဋက ဝိသောဓနီ"** ကျမ်း စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီကြသော –

၁။ ပုသိမ်ဆရာတော် **ဘဒ္ဒန္တ သီလာစာရ**၊
၂။ ဗန်းမော်ဆရာတော် **ဘဒ္ဒန္တ ကုမာရာဘိဝံသ**၊ (ယခု နယားဆရာတော်၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ တည်းဖြတ်သူ)
၃။ အမရပူရကျောင်း **ဘဒ္ဒန္တ ကိတ္တိစရ**၊
၄။ နယားကျောင်း **ဘဒ္ဒန္တ သုနန္ဒ, ဘဒ္ဒန္တ နန္ဒောဘာသ, ဘဒ္ဒန္တ နန္ဒာစရိယ**၊
၅။ မူငါးမူ ရိုက်ရန်အတွက် လက်နှိပ်စက်သုံး စက္ကူသုံးထုပ် လှူဒါန်းကြသည့် **ဦးလှိုင်ကြီး + ဒေါ်ခင်ဘမ်း** မိသားစု တို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

အဗလပဋိသရဏ, သာသနမာမက, သာသနပါလ, မဟာကာရုဏိက, ဒီဃဒဿီ – စသော ဂုဏ်တို့၏ တည်ရာ ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးအား လည်းကောင်း၊ ဓမ္မာစရိယ ဩဝါဒါစရိယ ဆရာတော်များအားလည်းကောင်း ဤ ဓမ္မဒါနကျမ်းစာဖြင့် ပူဇော်ပါ၏ ။ ဆရာတော်များ ရောက်ရာဘုံဘဝမှာ ချမ်းသာတော်မူကြပါစေ။ (ပိဋကဝိသောဓနီကျမ်း စာမျက်နှာ (ယ) မှ ကောက်နုတ်ဖော်ပြသည်။)

ကောဇာသက္ကရာဇ် ၁၃၃၈–ခုနှစ်၊ တော်သလင်းလပြည့်နေ့။ ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ



▲ ဆဋ္ဌသင်္ဂါယနာ
တင်နိုင်ရေးအတွက်
နယားဆရာတော်အပါအဝင်
ဆရာတော်သံဃာတော်များက
စာမူများတိုက်ဆိုင်စစ်ဆေးစဉ်



တိပိဋက ပါဠိမြန်မာ
အဘိဓာန်ကျမ်းပြု
ဆရာတော်များ ►
ဘုရားကြီးတိုက်၊
မန္တလေးမြို့။



ပုခန်းဆရာတော်ကြီးဘဒ္ဒန္တ သုန္ဒရ၊
တမွဝတီကျောင်းဆရာတော်
ဘဒ္ဒန္တ အရိယာဘိဝံသ။
နယားကျောင်း ဆရာတော် တို့
အမှူးပြုသော
◄ ဆရာတော်
သံဃာတော်များအမှတ်တရ

## ၃။ (၁) နယားဆရာတော် ဘုရားကြီး၏ တစ်ဘဝစနွာ – သာသနာမှတ်တမ်း (အကျဉ်း)

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာတော်ဝါ |
|---|---|---|---|---|---|
| * | ၂၅၄၈ – ခုနှစ် | ၁၃၆၇ – ခုနှစ် | ၂၀၀၅ – ခုနှစ် | ၉၄ – နှစ် | ၇၄ – ဝါ |
| ၁ ။ | ၂၅၄၂ – ခုနှစ် | ၁၃၆၀ – ခုနှစ် | ၁၉၉၉ – ခုနှစ် | ၈၈ – နှစ် | ၆၈ – ဝါ |
| ၂ ။ | ၂၅၄၂ – ခုနှစ် | ၁၃၆၀ – ခုနှစ် | ၁၉၉၉ – ခုနှစ် | ၈၈ – နှစ် | ၆၈ – ဝါ |
| ၃ ။ | ၂၅၃၈ – ခုနှစ် | ၁၃၅၆ – ခုနှစ် | ၁၉၉၅ – ခုနှစ် | ၈၄ – နှစ် | ၆၄ – ဝါ |
| ၄ ။ | ၂၅၃၆ – ခုနှစ် | ၁၃၅၄ – ခုနှစ် | ၁၉၉၃ – ခုနှစ် | ၈၂ – နှစ် | ၆၂ – ဝါ |
| ၅ ။ | ၂၅၃၄ – ခုနှစ် | ၁၃၅၂ – ခုနှစ် | ၁၉၉၁ – ခုနှစ် | ၈၀ – နှစ် | ၆၀ – ဝါ |
| ၆ ။ | ၂၅၃၃ – ခုနှစ် | ၁၃၅၁ – ခုနှစ် | ၁၉၉၀ – ခုနှစ် | ၇၉ – နှစ် | ၅၉ – ဝါ |
| ၇ ။ | ၂၅၃၁ – ခုနှစ် | ၁၃၄၉ – ခုနှစ် | ၁၉၈၇ – ခုနှစ် | ၇၆ – နှစ် | ၅၆ – ဝါ |
| ၈ ။ | ၂၅၃၀ – ခုနှစ် | ၁၃၄၈ – ခုနှစ် | ၁၉၈၆ – ခုနှစ် | ၇၅ – နှစ် | ၅၅ – ဝါ |
| ၉ ။ | ၂၅၂၉ – ခုနှစ် | ၁၃၄၇ – ခုနှစ် | ၁၉၈၅ – ခုနှစ် | ၇၄ – နှစ် | ၅၄ – ဝါ |
| ၁၀။ | ၂၅၂၉ – ခုနှစ် | ၁၃၄၇ – ခုနှစ် | ၁၉၈၅ – ခုနှစ် | ၇၄ – နှစ် | ၅၄ – ဝါ |
| ၁၁။ | ၂၅၂၉ – ခုနှစ် | ၁၃၄၇ – ခုနှစ် | ၁၉၈၅ – ခုနှစ် | ၇၄ – နှစ် | ၅၄ – ဝါ |
| ၁၂။ | ၂၅၂၈ – ခုနှစ် | ၁၃၄၆ – ခုနှစ် | ၁၉၈၅ – ခုနှစ် | ၇၄ – နှစ် | ၅၄ – ဝါ |
| ၁၃။ | ၂၅၂၈ – ခုနှစ် | ၁၃၄၆ – ခုနှစ် | ၁၉၈၅ – ခုနှစ် | ၇၄ – နှစ် | ၅၄ – ဝါ |
| ၁၄။ | ၂၅၂၆ – ခုနှစ် | ၁၃၄၄ – ခုနှစ် | ၁၉၈၂ – ခုနှစ် | ၇၁ – နှစ် | ၅၁ – ဝါ |
| ၁၅။ | ၂၅၂၄ – ခုနှစ် | ၁၃၄၂ – ခုနှစ် | ၁၉၈၀ – ခုနှစ် | ၆၉ – နှစ် | ၄၉ – ဝါ |
| ၁၆။ | ၂၄၁၂ – ခုနှစ် | ၁၃၃၀ – ခုနှစ် | ၁၉၆၈ – ခုနှစ် | ၅၇ – နှစ် | ၃၇ – ဝါ |
| ၁၇။ | ၂၄၉၈ – ခုနှစ် | ၁၃၁၆ – ခုနှစ် | ၁၉၅၄ – ခုနှစ် | ၄၃ – နှစ် | ၂၃ – ဝါ |
| ၁၈။ | ၂၄၈၁ – ခုနှစ် | ၁၂၉၉ – ခုနှစ် | ၁၉၃၇ – ခုနှစ် | ၂၆ – နှစ် | ၆ – ဝါ |
| * | ၂၄၇၅ – ခုနှစ် | ၁၂၉၃ – ခုနှစ် | ၁၉၃၁ – ခုနှစ် | ၂၀ – နှစ် | ၁ – ဝါ |
| * | ၂၄၅၄ – ခုနှစ် | ၁၂၇၃ – ခုနှစ် | ၁၉၁၁ – ခုနှစ် | စတင်ဖွားမြင်သည်။ | |

## ၃။ (၂) နယားဆရာတော် ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယား

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာတော်ဝါ |
|---|---|---|---|---|---|
| ၁ ။ | ၂၄၆၆ – ခုနှစ် | ၁၂၈၄ – ခုနှစ် | ၁၉၂၂ – ခုနှစ် | ၁၁ – နှစ် | ရှင်သာမဏေ |
| ၂ ။ | ၂၄၇၀ – ခုနှစ် | ၁၂၈၈ – ခုနှစ် | ၁၉၂၆ – ခုနှစ် | ၁၅ – နှစ် | ရှင်သာမဏေ |
| ၃ ။ | ၂၄၇၅ – ခုနှစ် | ၁၂၉၃ – ခုနှစ် | ၁၉၃၁ – ခုနှစ် | ၂၀ – နှစ် | ပထမဝါ |
| ၄ ။ | ၂၄၈၁ – ခုနှစ် | ၁၂၉၉ – ခုနှစ် | ၁၉၃၇ – ခုနှစ် | ၂၇ – နှစ် | (၀၂) ဝါမှ(၀၇) ဝါထိ |
| ၅ ။ | – ခုနှစ် | ဂျပန်ခေတ် | ဂျပန်ခေတ် | – နှစ် | (၀၈)ဝါမှ (၁၂) ဝါထိ |
| ၆ ။ | – ခုနှစ် | ဂျပန်ခေတ် | ဂျပန်ခေတ် | – နှစ် | (၁၃) ဝါမှ (၁၅)ဝါထိ |
| ၇ ။ | ၂၄၉၁ – ခုနှစ် | ၁၃၀၉ – ခုနှစ် | ၁၉၄၇ – ခုနှစ် | ၃၆ – နှစ် | (၁၆) ဝါမှ |
| ၈ ။ | ၂၅၄၈ – ခုနှစ် | ၁၃၆၇ – ခုနှစ် | ၂၀၀၅ – ခုနှစ် | ၉၄ – နှစ် | (၇၄) ဝါထိ |

(သာသနာတော်နှစ် ၂၄၅၄–၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၇၃–၁၃၆၇ ခုနှစ်၊ ခရစ်နှစ် ၁၉၁၁–၂၀၀၅ ခုနှစ်ထိ)

| ရောက်ရှိနေသည့်အရွယ် | ရရှိခဲ့သည် ဘွဲ့တံဆိပ်တော်များ |
|---|---|
| သယန ဒသက | ၅–၅–၂၀၀၅၊ ကြာသပတေးနေ့ နံနက် (၁း၃၅)နာရီတွင် ဘဝနတ်ကျောင်းပြောင်းရွှေ့သည်။ |
| မောဟမူ ဒသက | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက (အဆင့်အမြင့်ဆုံး သာသနာပြု) ဘွဲ့တံဆိပ် ရရှိသည်။ |
| မောဟမူ ဒသက | ပရိယတ္တိသာသနာ့ဟိတရေ ဂုဏဝိသိဋ္ဌ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည်။ |
| မောဟမူ ဒသက | နိုင်ငံတော်ဩဝါဒါစရိယ ဖြစ်တော်မူသည်။ |
| မောဟမူ ဒသက | ပဓာနသံဃမဟာနာယကသံဃဦးဆောင် (ဒက္ခိဏာရာမဘုရားကြီးတိုက်)ဖြစ်တော်မူသည်။ |
| ဝင်္က ဒသက | အဘိဓဇမဟာရဋ္ဌဂုရု (အဆင့်အမြင့်ဆုံး သာသနာပြု) ဘွဲ့တံဆိပ်တော်ရရှိတော်မူသည်။ |
| ဝင်္က ဒသက | နိုင်ငံတော်သံဃမဟာနာယက အဖြစ် (ဆက်လက် ရွေးချယ်ခံရသည်)။ |
| ဝင်္က ဒသက | ပရိယတ္တိသာသနာ့ဟိတ အသင်းကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသည်။ |
| ဝင်္က ဒသက | သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသည်။ |
| ဝင်္က ဒသက | မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဖြစ်တော်မူသည်။ |
| ဝင်္က ဒသက | နိုင်ငံတော်သံဃမဟာနာယက အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ |
| ဝင်္က ဒသက | နိုင်ငံတော်ဗဟိုဝန်ဆောင် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ |
| ဝင်္က ဒသက | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည်။ |
| ဝင်္က ဒသက | မန္တလေးမြို့၊ ချမ်းသာကြီးဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူသည်။ |
| ဝင်္က ဒသက | တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ ဖြစ်တော်မူသည်။ |
| ပဗ္ဘာရ ဒသက | နိုင်ငံတော် ဝိနည်းဓိုရ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ |
| ပဗ္ဘာရ ဒသက | တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဆရာတော် ဖြစ်တော်မူသည်။ |
| ဟာနိ ဒသက၊ ပညာ ဒသက | ဆဋ္ဌသင်္ဂါယနာ ပါဠိပဋိဝိသောဓ အဖွဲ့ဝင် ဆရာတော် ဖြစ်တော်မူသည်။ |
| ဗလ ဒသက၊ ဝဏ္ဏ ဒသက | ပရိယတ္တိသာသနာ့ဟိတ သီးခြား (ဓမ္မာစရိယ) ဘွဲ့တံဆိပ်တော်ရရှိတော်မူသည်။ |
| ခိဍ္ဍ ဒသက | ၁၅–နှစ် တွင် ရှင်သာမဏေဖြစ်ပြီး၊ ၂၀–နှစ်တွင် ရဟန်းဖြစ်တော်မူသည်။ |
| မန္ဒ ဒသက | ဖွားမြင်သည်မှ အသက် (၁၀)နှစ်သားထိ လူ့ဘဝအမည် မောင်မြသန်းဖြစ်၏။ |

| ဝါဆို သီတင်းသုံးရာဒေသ |
|---|
| (ရှင်သာမဏေဖြစ်ရာ) ထန်းတောကျောင်း၊ ရမည်းသင်းခရိုင်။ |
| (ရှင်သာမဏေဖြစ်ရာ) အလယ်အုဋ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| (ရဟန်းဖြစ်ရာ) သိမ်ကုန်း (ခေါ်) နိဗ္ဗာန သောပါဏစင်္ကြာသိမ်၊ ဆူးတပ်တောင်ကျောင်း၊ အုဋ်ဖိုရွာ၊ ရမည်းသင်းခရိုင်။ |
| မန္တလေးတိုက်ကျောင်း၊ ပခုက္ကူမြို့။ |
| ဒက္ခိဏာရာမတိုက်ကျောင်း၊ ငါးလန်ရွာ၊ (ပခုက္ကူခရိုင်)။ |
| တံကြီးကုန်းရွာ၊ တောင်သာမြို့နယ်။ |
| ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့သည်ထိသီတင်းသုံးတော်မူခဲ့ပါသည်။ |

**၃။ (၃) နရား – နဂါး – တရုတ်နဂါး – ကိုမိုဒိုနဂါး အဓိပ္ပာယ် (တည်တောဆရာတော်)**

**“နရားကောင်”** ရယ်လို့ ကျမ်းဂန်များမှာ မတွေ့ဘူး။ ပန်းချီဆရာ, ပန်းပု ဆရာများက နဂါးရုပ်ကို လှပအောင်ခြေထောက်တပ်ပေးလိုက်တာနှင့် နရားလို့ ဖြစ်လာဟန် တူပါတယ်။ ဒီနေရာမှာ – **နဂါးအကြောင်း** နည်းနည်းပြောကြဦးစို့ကွဲ့။ ခန္ဓဝဂ္ဂသံယုတ် ပါဠိ၊ ၂၀၂၊ ဋ၊ ၃၁၉ မှာ – ဖြစ်ပုံကိုစွဲပြီး နဂါးလေးမျိုးပြထားတယ်။

(က) **အဏ္ဍဇနာဂ** = အဥမှပေါက်သော နဂါး။

(ခ) **ဇလာဗုဇနာဂ** = ကလလ ရေကြည်မှဖြစ်သော နဂါး။

(ဂ) **သံသေဒဇနာဂ** = အညှီအဟောက်ကို စွဲမှီ၍ဖြစ်သော နဂါး နှင့်

(ဃ) **ဩပပါတိကနာဂ** = ဥပပါတ် နဂါး ဟူ၍ ပေါင်းလေးမျိုးပြထားပါသည်။

အပဒါန အဋ္ဌကထာ ပ၊ ၂၆၇ မှာတော့ တည်ရာကိုစွဲပြီး နဂါးငါးမျိုးပြထားတယ်။

(က) **မဇ္ဈေရိကနာဂ** = မဇ္ဈေရိက နဂါးပြည်မှာ နေတဲ့နဂါး။

(ခ) **ဘူမိဂတနာဂ** = မြေကြီးထဲမှာနေတဲ့ နဂါး။

(ဂ) **ပဗ္ဗတဋ္ဌနာဂ** = တောင်ထဲမှာနေတဲ့နဂါး

(ဃ) **ဂင်္ဂါဝ ဟေယျနာဂ** = မြစ်ထဲမှာနေတဲ့နဂါး နှင့်

(င) **သာမုဒ္ဒိတနာဂ** = သမုဒ္ဒရာထဲမှာနေတဲ့ နဂါး ဟူ၍ ပေါင်း ငါးမျိုးပြထားပါသည်။

သုတ္တ ဋ၊ ပ၊ ၁၂ မှာတော့ –

(က) **ကာမရူပီ** = အလိုရှိရာဖန်ဆင်းနိုင်သောနဂါးနှင့်

(ခ) **အကာမရူပီ** = အလိုရှိရာ မဖန်ဆင်းနိုင်သော နဂါး ရယ်လို့ ပေါင်းနှစ်မျိုးသာ ပြထားသည်။

အဲဒီနှစ်မျိုးအနက် – အလိုရှိရာ ဖန်ဆင်းနိုင်တဲ့ ကာမရူပီနဂါးဟာလည်း၊ ရေမှာဖြစ်တဲ့ **“ ဇလဇနဂါး”** နှင့် ကုန်းမှာဖြစ်တဲ့ **“ထလဇ နဂါး”** ရယ်လို့ နှစ်မျိုး ပြားပြန်သတဲ့။ သည်အားလုံးဟာ ခြေမပါဘဲ ဝမ်းဗိုက်ဖြင့် သွားတတ်လို့ **“ဥရဂ”** အမည်ရတဲ့ မြွေမျိုးတွေချည်းဖြစ်တယ်။

သည်နေရာမှာ စဉ်းစားစရာတစ်ခုက၊ ဘုရားရှင် ဗောဓိပင်နှင့် ရွှေပလင်အောင်မြင်တော်မူခါနီးမှာ ကာဠနဂါးမင်းဟာ နဂါးကချေသည်ပေါင်း၊ ရှစ်သောင်းအခြံအရံနှင့် ထုတိမင်္ဂလာဂါထာများ ရွတ်ပွား သီဆိုရင်း ဘုရားလောင်းကို ရှိခိုးပူဇော်နေဆဲ စစ်သည်ဗိုလ်ပါအခြံအရံနှင့် မာရ်နတ်ရောက်လာတော့ ကြောက်ကြောက်ရွံ့ရွံ့နှင့် နဂါးကချေသည်များကို စွန့်ပစ်ပြီး၊ မြေထဲငုပ်လျှိုးပြေးဝင်ကာ သူရဲ့နေရပ် ယူဇနာ ငါးရာရှိတဲ့ မဇ္ဈေရိက နဂါးပြည် အရောက်ပြေးသွားတယ်။ နဂါးပြည်ရောက်တော့ နဂါးဘုံဗိမာန်အတွင်းမှာ လက်ဖြင့် မျက်နှာပိတ်ပြီး အိပ်သတဲ့ကွယ်။

သည်အကြောင်း ဗုဒ္ဓဝံသ၊ ဋ၊ ၃၃၈ မှာ –

**“ကာဠော နာဂရာဇာ သဗ္ဗနာဋကာနိ ဆဍ္ဍေတွာ ပထဝိယံ နိမုဇ္ဇိတွာ**

**ပဉ္စယောဇနသတိကံ မဇ္ဈေရိက နာဂဘဝနံ ဂန္တွာဟတ္ထေန မုခံ ပိဒဟိတွာ နိပ္ပန္နိ”**

လို့ ပြဆိုထားတယ်။ ကာဠနဂါးမင်းဟာ လက်ဖြင့်မျက်နှာပိတ်ပြီး အိပ်တယ်ဆိုတော့ ကာဠနဂါးမင်းမှာ လက်, ခြေ ပါတယ်လို့ ယူဆဖွယ်ရှိပါတယ်။ သို့သော်လည်း ကာဠနဂါးမင်းဟာ ကာမရူပီ နဂါးမျိုးမို့ ဖန်ဆင်းတာဖြစ်ချင်လည်း ဖြစ်နိုင်လို့ နဂါးမှာ လက်, ခြေ ရှိတယ်လို့ ကောန်မပြောနိုင်ဘူးပေါ့။

စာပေကျမ်းဂန်များမှာ – နဂါး၌ လက်, ခြေ ပါတယ်လို့ ဖွင့်ဆိုခြင်းမရှိသော်လည်း တရုတ်နဂါးမှာတော့ လက်, ခြေ ပါတယ်။ လက်, ခြေ မကဘူး။ ဦးခေါင်းမှာတောင် ဦးချိုပါသေးသတဲ့။ တရုတ်နဂါးအကြောင်းကို ဟန်မင်းဆက်မှာ ထင်ရှားတဲ့တရုတ်စာဆိုကြီး ဝန်းဖူး က “နဂါး၏ ဦးခေါင်း၌ ဦးချိုသဏ္ဍာန်ရှိသည်။ ကုလားအုပ်၏ ဦးခေါင်းနှင့်တူသော ဦးခေါင်းရှိသည်။ နတ်မိစ္ဆာမျက်လုံးကဲ့သို့ ဝင်းတောက်သော မျက်လုံးလည်းရှိသည်။ လည်ပင်း၌ မြွေကဲ့သို့ ပါးပျဉ်းရှိသည်။ နဂါး၏ ဝမ်းသည် ပြန့်ကားနေသည်။ ငါးကြင်းကဲ့သို့ ကိုယ်၌ အကြေးများရှိသည်။

လင်းယုန်ငှက်ကဲ့သို့ ထက်မြက်သော လက်သည်းရှိသည်။ ကျား၏ ဖဝါးကဲ့သို့ ဖဝါးရှိသည်။ နွား၏ နားရွက်နှင့်တူသော နားရွက်သဏ္ဌာန်ပါသည်လို့." – မှတ်တမ်းတင်ထားခဲ့တယ်ကွယ်။

**သည် – တရုတ်နဂါး က ဘယ်မှာရှိသလဲဘုရား?။**

တရုတ်နဂါးကြီး ရှိတဲ့အင်းကို **နောင်ချယ်** လို့ ခေါ်သတဲ့ကွယ်၊ အင်္ဂလိပ်လိုတော့ (Nan Cho) လို့ ရေးတယ်။ မြန်မာလိုပြန်တော့ **နန်းရျို– နန်းချောက်– နန်းချောင်– နန်းကျောက်– နံ့ကျောက်ရယ်** လို့ အမျိုးမျိုး ပြန်ဆိုကြတယ်။ နောင်ချယ်ဟာ ရှမ်းလူမျိုးများရဲ့ မူလဌာနဖြစ်တဲ့ ယူနန်နယ်နှင့် တရုတ်ပြည်မကြီးရဲ့ အကြားမှာ တည်ရှိတယ်။ နောင်ချယ်ဆိုတဲ့ရှမ်းစကားမှာ – **နောင်** ဆိုတာက အင်းအိုင်ကိုခေါ်ပြီး၊ **ချယ်** ဆိုတာက မိကျောင်းလို အခြေ လေးချောင်းပါတဲ့ **နရားကောင်** ကို ခေါ်တယ်။ အခြေလေးချောင်းပါတဲ့ နယားကောင်တွေနေတဲ့အင်းဖြစ်လို့ **နောင်ချယ်** ခေါ်တာတဲ့။ အဲသည်အင်းအနီးမှာ တည်တဲ့မြို့ကိုလည်း **နောင်ချယ်မြို့** လို့ ခေါ်တယ်။ ရှမ်းလူမျိုးများရဲ့ မူလမြို့ကြီးပေါ့၊ နောင်ချယ်အင်းမှာ နေတဲ့နရားကြီးကို ဝန်းဖူးက သရုပ်ဖော်ပြီး မှတ်တမ်းတင်ထားတာတဲ့။

**သည် – နရားမျိုး အခုရှိပါသေးသလား ဘုရား?။**

အခုလဲ ရှိပါတယ်။ တောင်ပစ္စိဖိတ် သမုဒ္ဒရာအတွင်းမှာ – **"ကိုမိုဒို"** အမည်ရှိတဲ့ ကျွန်းစုရှိတယ်။ အဲသည် ကျွန်းစုအနီး သမုဒ္ဒရာအတွင်းမှာ နေကြလို့ **ကိုမိုဒိုနဂါး** လို့ ခေါ်ကြတယ်။ ပုံသဏ္ဌာန်ကတော့ **ဖွတ်ကြီး** နဲ့တူတယ်။ ဝန်းဖူးရဲ့မှတ်တမ်းလို ဦးခေါင်းမှာတော့ ဦးချိုမရှိပါဘူး။ အကောင်ကြီးလာလျှင် ဦးခေါင်းက အမြီးဖျားအထိ သုံးမီတာ ရှည်သတဲ့။ အလေးချိန်ကတော့ ၁၅၀–ကီလိုအထိ ကြီးမားပြီး ကုန်းပေါ်ကျက်စားတဲ့ ဝက်တို့, သမင်တို့, ကျွဲနွား တို့ကိုတောင် ကုန်းပေါ်တက်ပြီး ဖမ်းယူစားသောက်သတဲ့။ သည်အကောင်တွေဟာ အမှန်တော့ နဂါးမျိုးမဟုတ်ကြပါဘူး။ ဖွတ်မျိုး, မိကျောင်း မျိုးတွေသာ ဖြစ်ကြတယ်။ သို့သော်လည်း **နရားကောင်** လို့ ခေါ်မည်ဆိုလျှင် ခေါ်နိုင်တာကြောင့် လက်, ခြေ ပါတဲ့ နရားဆိုလျှင် **ကိုမိုဒိုနဂါးသာ** ရှိတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်။

**နရား** အကြောင်းနှင့် ပတ်သက်ပြီး တော်တော်ပြည့်ပြည့်စုံစုံ သိရလို့ အထူးပဲ ဝမ်းမြောက်စွာ ကျေးဇူးတင် သာဓုခေါ်ဆိုပါတယ် ဘုရား။

**မှတ်ချက်** – ထီးချိုင့်မြို့၊ တည်တောဆရာတော် (နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ)၏ ယနေ့ ဗုဒ္ဓ ဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၃)၊ စာမျက်နှာ– ၄၄ မှ ၄၇ ထိကို ကောက်နုတ် ဖော်ပြပါ၏။

နရား = terrible ဘယာနက, intimidates = တာသေတိ တြာသယတိ

အများသုံး မြန်မာ– အင်္ဂလိပ်– ပါဠိ အဘိဓာန် နှာ– ၄၀၁။

The Universal Burmese - English - Pali First Edition

## ၄။ (၁) ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူကြောင်း အကြောင်းကြားလွှာပါဘုရား

**(နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ)**

**နယားဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ၊ နယားဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ သည် သာသနာတော်နှစ် ၂၅၄၈–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇–ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၂)ရက်၊ ခရစ်နှစ် ၅–၅–၂၀၀၅ ခုနှစ်၊ ကြာသပတေးနေ့၊ နံနက် (၁း၃၅) အချိန်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီး ဖြစ်ပါကြောင်း အကြောင်းကြား လျှောက်ထားပါသည်ဘုရား။

ဘုရားကြီးတိုက် တပည့်များနှင့် ဒကာ, ဒကာမများ

## ၄။ (၂) မရဏတရား ဘာဝနာပွား



နယားဆရာတော်ကြီး

- ✱ သီလသမာ၊ ဣန္ဒြေရင့်၊
သိရ်သရေတင့်၊ မြတ်ဆရာ။
နှိမ်ခြွေအခွင့်၊ တစ်ရပ်သာတယ်၊
အထပ်တစ်ရာ၊ ရှိညွတ်တွား။
ထူးလှမြူးကြွ၊ ဖူးမရပုံနှယ်၊
ဦးချမကုန်၊ ကြည်စိတ်သဒ္ဓါပွား။
- ✱ သော်တာလမင်း၊ ညခင်းချိန်မှာ၊
ပဝင်းထိန်ဝါ၊ ပမာထား။
လှဆင်းသိင်္ဂါ၊ ရောင်ဝါကြွားချိန်မှ၊
မရဏတရား၊ တိမ်မဲညို။
ဖုံးအုပ်ကွယ်ကာ၊ ပူပင်ပွားလို့၊
လူရှင်အများ၊ စီးကျမျက်ရည်ယို။
- ✱ ရုပ်နာမ်နှစ်ဝ၊ ခန္ဓာကိုယ်သည်၊
အမှန်သာဆို မတည်မြဲလို့။
သေကွဲ ရှင်ကွဲ၊ ကွဲရ ပရိဒေ၊ မြဲပသတိဖွေ။
အသေလွတ်တဲ့၊ နိဗ္ဗာန်မြေကို၊
စိတ်သန်မသွေ၊ တက်လှမ်းနိုင်ကြလေး။
- ✱ နယားထေရ်ဘုန်း၊ များတပည့်တွေမှာ၊
ပွားပရိဒေ၊ ငိုပွဲဆင်ကြလေး။
နယားဆုံးမ၊ ဩဝါဒအမွန်ကို၊
ဟောကာပြည့်ွန်၊ ကျင့်သုံးပါစို့လေး။

(နန်းတော်ရှေ့ - အရှင်ပဝရ)

## ၄။ (၃) သုတကုံလုံ ဉာဏ်စွယ်စုံ ရွှေဘုံနိဗ္ဗာန်ရောက်စေဖို့



- ✱ နယားထေရ်ရ၊ ဘိဓဇ၏၊ တစ်ဘဝတာ၊ မြတ်ကျမ်းစာကို၊
ပူဇော်ရာ၌၊ လိုအပ်ရာရာ၊ မွန်မြတ်သဒ္ဓါ၊ စေတနာဖြင့်၊
ပါဝင်ကူညီ၊ ကုသိုလ်ယူသည်၊ ဘုရားသာသနာ၊ ရှည်ကြောင်းတည်း။
- ✱ ဘုရားတည်၊ စာချ၊ မအားရလည်း၊ ဓမ္မအလှူ၊ မြတ်ဆုံးဟူ၍၊
ကြည်ဖြူစိတ်သန်၊ အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်ရည်မျှော်၊ ရေးပူဇော်သည်၊
ဘုန်းတော်နေဝန်း၊ ထွန်းစေသော်။
- ✱ ဓမ္မဒါန၊ ပါဝင်ရ၍၊ သုတကုံလုံ၊ ဉာဏ်စွယ်စုံဖြင့်၊ ပွားထုံဘာဝနာ၊
မဂ်လမ်းသာသည်၊ ခေမာအထွဋ်၊ တိုင်စေသော်။

(နန်းတော်ရှေ့ -- အရှင်ပဝရ)

## * ပတ်ဝန်းကျင်မှ အမြင်များ

## ၁။ တရားမဟောနဲ့၊ တရားဟောလျှင် လူမုန်းများတယ်

**"ရှေ့သို့"** မဟုတ်ဘဲ အတိတ်ကို တစေ့တစောင်း ပြန်ပြောင်း၍ နောက်ပြန်ကြည့်ခဲ့သော် လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်ခန့်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် လှရတနာ သုံးထပ်တိုက်ကျောင်း အပေါ်ဆုံးထပ်၌ ဆရာတော်၏ ရဟန်းဒကာ, ရဟန်းဒကာမများအမှူးရှိသော ပရိသတ်က နယားဆရာတော်ဘုရားကြီး အား လှူဖွယ်ဝတ္ထု အမျိုးမျိုးတို့ဖြင့် ပူဇာသဘင် ဆင်ယင်ကျင်းပသည်ကို မြင်ယောင်ယောင် ထင်လာခဲ့လေသည်။

ထိုပူဇော်ပွဲ၌ ပင့်သံဃာမများလှပါ၊ ဤစာရေးသူ- မိမိနှင့် ကျောင်းရှင် လှရတနာဆရာတော်လေးရယ် ပေါင်း နှစ်ပါးသာ ပါဝင်သည်။

ဆရာတော်ကြီးကိုယ်တိုင် သီလပေးရေစက်ချ တရားချီးမြှင့်တော်မူသည်။ အခမ်းအနားပြီးသည်နှင့် တစ်ပြိုင်နက် စာရေးသူ- မိမိ၏အသိ ဒကာတစ်ယောက် လာရောက်နှုတ်ဆက်စကား လျှောက်ထားသဖြင့် မိမိကလည်း သုံးလေးခွန်းတုံ့ပြန်ပြောလိုက်မိသည်။

ထိုအခါ၊ နယားဆရာတော်က **"ဦးသဒ္ဓနလား"** ဒါတောင် ကျုပ်ကိုတောင် အသိမပေးဘူး။

တင်ပါ့ဘုရား၊ အခမ်းအနားပြီးမှ ဆရာတော်အားကန်တော့တော့မည်ဟု စိတ်ကူးထား၍ အနားကို မရောက် သေးတာပါဘုရား။

နေပါဦး၊ ခင်ဗျား စစ်ကိုင်းရောက်တော့ မန္တလေးမှာနေတုန်းကလို စာချသေးလား၊ တရားဟောနေသေးလား?။

တရားမဟောပါဘုရား၊ မလွဲမရှောင်သာလို့ ချောင်ပိတ်မိတဲ့အခါမျိုးဆိုလျှင်တော့ အသင့်အတင့်တော့ ဟောပါတယ် ဘုရား။

အေး **"တရားမဟောတာက ကောင်းတယ်၊ တရားဟောလျှင် လူမုန်းများတယ်"** ဟု ဆရာတော်က မိမိအား မိန့်တော်မူလိုက်လေသည်။

သာမန်ဆရာတော်တစ်ပါးက မိန့်တော်မူသည်မဟုတ်၊ စာတတ်ပေတတ် အကျော်အမော် သံဃာတစ်ထောင် ကျော်ရှိ စာသင်တိုက်ကြီးကို အုပ်ချုပ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ဆရာ တော်ကြီးက မိန့်တော်မူတဲ့ ဩဝါဒဆိုတော့ **"ဘာပြုလို့ပါလိမ့်? ဘာပြုလို့ပါလိမ့်?"** ဟု မစဉ်းစားဘဲ မနေနိုင်တော့ပေ။

ဘုရားကိုယ်တိုင် **"ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ"** = ငါဘုရားကိုယ်တိုင် ကမ္ဘာပေါင်းများစွာ ဆင်းရဲငြိုငြင်ခံမှ သိရှိလာရတဲ့ တရားကို၊ **"ရာဂဒေါသ ပရေ တေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော"** = လောဘ, ဒေါသ, မောဟ တို့ဖြင့် အလွန်တစ်ရာသောင်းကျန်းနေတဲ့ သတ္တဝါတွေကို တရားဟောလဲ ပိုနေမှာပဲ မောရုံရှိမှာပဲ စသည်ဖြင့် ဆင်ခြင်စဉ်းစားနေတုန်း (မဆုံးဖြတ်ရသေးခင်) သဟမ္ပတိဗြဟ္မာကြီးက **"နဿတိ ဝတဘော လောကော၊ နဿတိ ဝတဘော လောကော"** = လောကကြီးတော့ ပျက်စီးပါပေါ့၊ လောကကြီးတော့ ပျက်စီးပါပြီ။ **အန္ဓိဘူတော အယံ လော ကော** = ဤလောကကြီးဟာ မိုက်မှောင်အတိကျပြီ ဘာမျှသိရ မြင်ရတော့မှာ မဟုတ်ဘူး။ **ဓမ္မံ ဒေသေ တု ဘန္တေ** = တရားဟောတော်မမူဘဲ မနေတော်မူပါနဲ့ဘုရား၊ ဟောတော်မူပါမည့်အကြောင်း ဦးခိုက်ရှိကျိုး ရှိခိုးလျှောက် ထားပါသည် ဘုရားဟု တောင်းပန်၍ ၄၅-ဝါ ကာလပတ်လုံး ဘုရားရှင်တရားဟောတော်မူခဲ့သည်ကို လည်းကောင်း။

နောက်ဆုံး၊ ပရိနိဗ္ဗာန်စံလုလုအချိန်ထိ **"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယ ဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ = ဟင် . . . ချစ်သားတို့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ တစ်ပျက်တည်းပျက်နေကြတာ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ သတိတရား အမြဲလက်ကိုင်ထားကြ"** ဟု ဟောတော်မူသွားသည်ကို လည်းကောင်း။

**"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ – အလှူတကာ့ အလှူတို့တွင် တရားအလှူဟာ အမြင့်ဆုံး၊ အမြတ်ဆုံး"** စသည့် ဟောတော်မူ သည်ကိုလည်းကောင်း နယားဆရာတော်ဘုရားကိုယ်တိုင် သိတော်မူပြီးဖြစ်ပါလျက် –

**"ဥုးသဇ္ဈန တရားဟောသေးလား?၊ မဟောနဲ့ ဟောလျှင်လူမှန်းများတယ်"** ဟု မိန့်တော်မူခြင်းဟာ သာမန် ပုဂ္ဂိုလ်များ မသိနိုင်တဲ့ နက်နဲထူးဆန်းသော အကြောင်းတရားရှိလိမ့်မည်။ ဒီအကြောင်းတရားဟာ ဘာပါလိမ့်? ဟု သို့လော၊ သို့လော တွေးတောစရာဖြစ်လာသည်။ ဖြစ်သည့်အတိုင်း အောက်ပါအတိုင်း မိမိကြားဖူးနားဝရှိသမျှ စဉ်းစားမိပါသည်။

အင်္ဂလိပ်လက်ထက်က နာမည်ကြီး လူရွှင်တော် ဦးဓာတ်ခိုး နှင့် ဦးသခေါ် တို့၏ ဟာသပျက်လုံးကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရဖူးတာကို သတိရမိလေသည်။

အငြိမ့်ကတော့မည်ဆိုလျှင် လက်ျာဖက်လူရွှင်တော်က တောဘွဲ့၊ တောင်ဘွဲ့ဖြစ်စေ၊ မယ်ဘွဲ့၊ မောင်ဘွဲ့ ကထိန်ရှင်ပြု ဘုရားပွဲ ဘုန်းကြီးပျံပွဲနှင့်စပ်သည့် အဖွဲ့အနွဲ့ဖြစ်စေ ခွန်းတောက်တစ်ခုခုကို ဆိုကြသည်။

ယင်းသို့ဆိုတာလဲ အကြောင်းမဲ့မဟုတ်၊ စင်ပေါ်ကဆိုမည့်ကမည့်သူနှင့် စင်အောက်က တီးမည့်ဆိုင်းတို့အထက်– အောက် အသံညှိသည့် အနေအားဖြင့်လည်းကောင်း၊ ဧည့်ပွဲလာပရိသတ်တို့အား အငြိမ့်စပါပြီခင်ဗျားဆိုတဲ့ သဘောအားဖြင့်လည်းကောင်း ခွန်းတောက်ဆိုကြသည်။

ဦးဓာတ်ခိုက **"မြူနိုးရယ်မှောင် ဟို တောင်ကျော့ခပန်း၊ ရွှေဥဒေါင်းငယ်တို့ မြိုင်စောင်းမှာ တွန်သံချိုလှတယ် (အိုကွယ်) လွမ်းဘွဲ့စခန်း"** . . . ဟု ဟန်နဲ့ပန်နဲ့ သံနေသံထားနှင့် ဆိုလိုက်သည်။

ဦးသခေါ်က ဟေ့ ဓာတ်ခိုး တောအော်၊ တောင်အော်နဲ့ မင်းဘာတွေ လျှောက်အော်နေတာလဲ? ငါဆိုတဲ့ ခွန်းတောက်သံကို မင်းမကြားဘူးလား?။

ကြားလို့မေးတာပေါ့ကွ၊ မင်းရော ကိုယ့်အသံကို ပြန်မကြားဘူးလား?။

ငါ ဆိုတဲ့ ခွန်းတောက်သံ ငါမကြား ပဲနေပါ့မလား?၊ ကြားတာပေါ့ကွာ။

မင်းကွာ၊ ကိုယ့်အသံကိုယ်ကြားရင်လဲ ကိုယ့်ထွင်းကိုယ်စားပြီး လူမှန်းမခံချင်စမ်းပါနဲ့ . . . ဟု အဲလို ဦးသခေါ်က အုပ်လိုက်သောအခါ ပွဲကြည့်ပရိသတ်က ဝါကနဲ့ရယ်ကြသည်။

ဦးဓာတ်ခိုးနဲ့ ဦးသခေါ်တို့ အချီအချပြောပုံကို သတိရတော့၊ ဥုးသဇ္ဈနရယ် ကိုယ့်ဆွမ်းကိုယ်စားပြီး အလကား လူမှန်းအောင် တရားမဟောချင်ပါနဲ့၊ မန္တလေးမှာနေတုန်းကလို စာသာ အေးအေးဆေးဆေးချပါ . . . ဟု ဆိုလိုတာလား?။ (သို့မဟုတ်) နယားဆရာတော်၏ နောင်တော်အရင်းဖြစ်သော အမရပူရဆရာတော်ဟု ထင်ပေါ်ကျော်ကြားသည့် ဆရာတော် ဥုးဥက္ကံက၊ ဆင္ဍခေတ် ကမ္ဘာအေး ဓမ္မဒီပကျောင်းဆောင်၌ အတူနေစဉ်က၊ အောက်ပါတကယ့် အဖြစ်အပျက်တစ်ခုကို မိမိအား မိန့်တော်မူဖူးသည်။

အင်္ဂလိပ်လက်ထက်က၊ (တချို့လဲခုချိန်ထိ) တောသူတောင်သား လယ်ယာကိုင်းကျွန်းသမားတွေက ကိုယ်လယ်ယာမှ အသီးအနှံ ပိုပိုလျှံလျှံရလျှင်၊ နှစ်ဦး၊ သုံးဦး တိုင်ပင်ပြီး ရွာတကာ့ရွာ လှည့်လည်ပြီး လှည်းနဲ့ ပဲနမ်း၊ ထန်းလျက် စသည့်ရောင်းချကြသည်။ ရောက်ရာရွာ၌ ထမင်းဆိုင်၊ လဘက်ရည်ဆိုင်ရယ်လို့ မရှိတော့ ကိုယ့်ပါတာလေးတွေကို ဖြစ်သလို ချက်ပြုတ်၍ဖြစ်စေ၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ကျောင်း၌ဝင်ရောက်တည်းခို၍ ကျောင်းမှကျွေးသော ထမင်းကျန်၊ ဟင်းကျန်ဖြစ်စေ၊ ရွာထဲ၌ သာမှု၊ နာမှု တစ်ခုခုနှင့်ကြုံလျှင် – သာမှု၊ နာမှု သို့ သွား၍ဖြစ်စေ၊ စားရေး၊ သောက်ရေး ပြဿနာကိုဖြေရှင်းရသည်မှာ ထိုခေတ်က ထုံးစံတစ်ခုဖြစ်လေသည်။

တစ်ခါက၊ လှည်းသုံးစီး အရောင်းအဝယ်ဖြင့် ရွာတစ်ရွာသို့ရောက်လာကြသည်။ ထိုရွာ၌ နာမှုတစ်ခုနှင့် ကြုံကြိုက်နေသည်။ သို့ဖြစ်၍၊ နာမှုရှိရာသို့ လှည်းသုံးစီးရောက်သွားရာ ရောက်ရာရွာကလည်း ဒီဧည့်သည်တွေအား ထမင်းကျွေးရမည်ဆိုတာကို တောထုံးစံအတိုင်း မပြောဘဲနဲ့သိသည်။ သိသည့်အတိုင်း ထမင်းခေါ်ကျွေးသည်။ ထမင်းစားပြီးသောအခါ ရွာမှ ရွာလူကြီးတစ်ယောက်က၊ မောင်ရင်တို့အထဲမှာ စာလေး၊ ပေလေး အသင့်အတင့် ဟောတတ်၊ ပြောတတ်တဲ့ ပုဂ္ဂိုလ်များ မပါဘူးလား?။ ဒီဈာပန၌ ဧည့်ခံရန်စာပြောဆရာ ငှားဖို့ရာကလည်း မလွယ်ဘူး၊

အနီးအပါးမှာ မရှိဘူး။ ဒီရွာမှာလည်း ဟောတတ်ပြောတတ်တဲ့သူ မရှိဘူး။ မောင်ရင်တို့ ဧည့်သည်ထဲမှာ တစ်ယောက်, ယောက်များပါလျှင်၊ စာပြောဆရာအနေဖြင့် ဒီနေ့ညဟောဖို့ ကျွန်တော်တို့ တောင်းပန်ပါတယ်ဟု ဖိတ်ခေါ်လိုက်တယ်။

ဟန်ရ, ပန်ရ တော့မဟုတ်ဘူး။ မရှိသုံးအနေဖြင့် ဟောစေချင်လျှင် ပုဂ္ဂိုလ်တစ်ယောက်တော့ ပါ, ပါတယ်။ ဟာဟန်ကျလိုက်လေ၊ ဝမ်းသာလိုက်တာ။ ဒီလိုဆိုခုပဲ စီစဉ်လိုက်တော့မယ်။ စာပြောဆရာ မည်သူက ယနေ့ည ဟောမြော မည့်အကြောင်း ရွာဆော်ကိုခေါ်ပြီး၊ ဗျို့ – ဟစ်ခိုင်းလိုက်တော့မယ်။ ပြောတဲ့အတိုင်း ဗျို့ – ဟစ်လေတော့၏။ ပရိသတ်တွေ တော်တော်များများ ဝမ်းသာရွှင်ပျ ရောက်လာကြတော့၏။

ဧည့်သည်စာပြောဆရာကလည်း၊ ဟန်နဲ့, ပန်နဲ့ သံနေသံထားအမျိုးမျိုး အဆွဲအငင်အဖုံဖုံ အာသံ, လျှာသံ, ရင်ခေါင်းသံ စသည်တို့ကို နားမလည်ဘဲ ကြားဖူးနားဝနဲ့ အော်ကာ, ဟစ်ကာ အစွမ်းကုန်ကြံ, အစွမ်းကုန်ဟဲလေသည်။

နာရီဝက်ခန့်ရှိသောအခါ၊ ပရိသတ်တစ်ဝက် ထပြန်ကြ၏။ နာရီသုံးမတ်လောက်ရှိသောအခါ တစ်ယောက်သာ ကျန်တော့သည်။ ဒါပေမယ့် စာပြောဆရာက ပရိသတ်တွေအထဲမှာ အိုက်လို့, ပူလို့နဲ့ တုတယ်။ အဝေးမှ နားထောင် နေကြတယ် အထင်ဖြင့် သူ့ရှိသမျှ သံသေး, သံညောင် ကိုသုံးကာ အဟောမပျက်, အပြောမပျက်ပေ။ နာရီ ငါးမတ်လောက် ရှိမှ တရားဟောအပြီးသတ်လိုက်သည်။ ဟောပြောပြီးသည်နှင့် တစ်ပြိုင်နက် တစ်ယောက်တည်းသာ ကျန်ရစ်တော့သော တရားနာပရိသတ်အား ကျွန်တော်ဟောတဲ့တရား ဘကြီးကဘာတွေသဘောကျလို့လဲ ?။ ကျွန်တော့တရားဆုံးအောင် နာတာကို ဝမ်းသာပါတယ်ဟူ၍ ကျေးဇူးတင်စကား ပြောကြားလိုက်လေသည်။

အင်း – မောင်ရင်မေးတော့လည်း ဖြေရတော့မှာပေါ့ကွယ်။ မောင်ရင့် ရုပ်ရည်ဥပဓိကလည်း သူလိုကိုယ်လိုပါပဲ။ သူများထက်ညံ့လျှင် ညံ့ဖို့သာရှိသည်။ သူများထက်မသာဘူး။ အသံကလည်း ကြောင်သံလိုလို, ပုဇင်းရင်ကွဲသံလိုလိုမို့ လွမ်းစရာမရှိပါဘူး။ အသံမကောင်းပေမယ့် လေယူလေသိမ်းက တော်သလားဆိုတော့ စည်းလွတ်, ဝါးလွတ် ပလွတ်ရွတ်တွတ်၊ တောမရောက်, တောင်မရောက်ကွယ်၊ ပြောတဲ့ဟောတဲ့အထဲမှာလည်း မှတ်သားစရာ တစ်လုံးတစ်လေမှ မပါဘူး။ အဖက်ဖက်မှ ကိုယ့်ရှိတဲ့ အဖျင်း, အညံ့နဲ့ အားမရလို့ အခြားပုဂ္ဂိုလ်တို့ရဲ့ထံမှ အဖျင်း, အနံ့, ဗလချာ ကိုတောင် လယ်ငှားရမလောက်ညံ့တဲ့ ပုဂ္ဂိုလ်က – ယခုလို ပရိသတ်အလယ်မှာ စင်ပေါ်တက်ပြီး စာပြောဆရာအနေနဲ့ တက်ဟောတာလေးတစ်ခုကိုတော့ ဘုရားလက်ထက်က – မဟာဗန္ဓုလစစ်သူကြီး၊ ဘကြီးတော်(ခေါ်) စစ်ကိုင်းမင်းကြီး ခေတ်က– ဗန္ဓုလစစ်သူကြီး၊ ပုဂံခေတ်က – ငထွေရူး, ငလုံးလက်ဖယ်၊ အင်းဝခေတ်က – မင်းရဲကျော်စွာ စသော သူရဲ ကောင်းတွေရဲ့ သတ္တိထက် မောင်ရင်ရဲ့အဖြစ်မရှိဘဲနဲ့ ဟောပြောဝံ့တဲ့သတ္တိကို ပိုပြီးတော့ အထင်လည်းကြီးပါတယ်။ ချီးလည်းချီးကျူးပါတယ်ဟု ရပ်ရွာလူကြီးက စာပြောဆရာကို ချီးကျူးသလို၊ ချီးကျူးခံရမှာစိုးလို့ . . . **"ဥူးသစ္စန တရားမဟောနဲ့ တရားဟောလျှင် လူမုန်းများတယ်"** ဟု ဩဝါဒစကား မိန့်ကြားတော်မူလေသလား ?။

(သို့မဟုတ်) ဘုရားပရိနိဗ္ဗာန်စံပြီးနောက် မကြာမီ၊ သုဘဒ်ရဟန်းကြီးကို အကြောင်းပြု၍ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာအရှင်မြတ်ကြီးတို့သည် သင်္ဂါယနာတင်ရန် တိုင်ပင်စည်းဝေးတော်မူကြသည်။ အစည်းဝေးဆုံး ဖြတ်ချက်အရ – ရှင်မဟာကဿပမထေရ်ကြီးက သင်္ဂါယနာအမေး၊ ရှင်အာနန္ဒာက သင်္ဂါယနာအဖြေ အဖြစ်ဖြင့် ဆောင်ရွက်ရမည် ဆိုတဲ့သတင်းကို ဝဇ္ဇီပုတ္တမထေရ်ကြားတော်မူသည်။

ထိုအခါ၊ **"ဂေါတမနွယ်ဝင် အာနန္ဒာထေရ်အရှင်၊ ဒကာ, ဒကာမတို့အား ဗလစ် ဗလစ်နဲ့ တပြစ်ပြစ် တရားဟော ပြောနေခြင်းသည် ရှင်အာနန္ဒာအား မည်သည့်အကျိုးထူး ရရှိနိုင်မှာလဲ?။ တရားမဟောနဲ့၊ မရရှိသေးသော အထက်မဂ်, အထက်ဖိုလ် ရရှိရေးအတွက် သမထ ဝိပဿနာ တရားအားထုတ်ဖို့ ကောင်း တယ်။ အားထုတ်ပါ"** ဟု မိန့်တော်မူ လိုက်လေသည်။ ဝဇ္ဇီပုတ္တမထေရ်က ရှင်အာနန္ဒာအား မိန့်တော်မူသကဲ့သို့၊ တတ်သ၍, မှတ်သ၍ စာပေချပို့၍ ရဟန်း တရားအားထုတ်တာက ကောင်းပါပေတယ်။ လူမုန်းများအောင် တရားမဟော ချင်စမ်းပါနဲ့လို့ ဆိုလိုလေသလား ?။

(သို့မဟုတ်) ဓမ္မပဒပါဠိတော်၌၊ ဘုရားရှင်ကိုယ်တိုင် **"အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ . . . မိမိက အခြားတစ်ယောက်ကို အကူအညီပေးခြင်းကြောင့် တစ်ဘက်သား၌ သိန်းပေါင်းမြောက်များစွာ**

**စည်းစိမ်ရရှိစေကာမူ၊ ကိုယ်ကျိုး, ကိုယ့်စီးပွား အပျက်မခံပဲ ရှာဖွေခြင်းကြောင့်၊ တစ်ရာ, တစ်ထောင်ရမည် ဆိုလျှင်– အဲဒီ ကိုယ်ရမည့် အကျိုး စီးပွားကိုလည်း လက်လွတ်မခံနဲ့၊ လက်လွတ်မခံသင့်ဘူး”** ဟု ပေးတော်မူသည့် ဒေသနာရှိသည်။

ထို့အတူ၊ ဦးသဇ္ဇန၏ တရားနာရလို့ ဒကာ, ဒကာမတွေ ဘာသာရေးဗဟုသုတ သာသနာရေး, လောကရေးဗဟုသုတတွေ မည်မျှရစေကာမူ ဦးသဇ္ဇန၏ စာပေပို့ချကာ တရားအားထုတ်ခြင်းကြောင့်ရရှိမည့် အကျိုးစီးပွားကို လက်လွတ်မခံပါနဲ့ဟု ဆိုလိုတာလား?။ စသည်ဖြင့် အမျိုးမျိုးတွေးတော စဉ်းစားစရာဖြစ်နေပေသည်။

သာမန်ဆရာတော်တစ်ပါးက မိန့်သည့်ဩဝါဒဆိုလျှင် ဤမျှလောက်စဉ်းစားလိမ်မည့်မဟုတ်ပါ။ ကိုရင် (၁၇)နှစ်အရွယ်မှစ၍ သိခဲ့သည့်အပြင်၊ ဆဋ္ဌခေတ် ဇမ္ဗူဒီပကျောင်းဆောင်မှာလည်း နှစ်နှစ်ခန့် အတူနေခဲ့သည် ကလည်းတစ်ကြောင်း၊ အဘိဝံသ ဘွဲ့ရ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် (၉၀) ကျော်ဆရာတော်ကြီးက မိန့်တော်မူသည့် ဩဝါဒလည်းဖြစ်တာက တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ဟိုလိုတစ်မျိုး, ဒီလိုတစ်ဖုံ အမျိုးမျိုးတွေးတော စဉ်းစားနေမိခြင်း ဖြစ်ပေသည်။

မိမိ၏ အမျိုးမျိုးစဉ်းစားချက် တစ်ခုခုနှင့် ဆရာတော်ကြီး၏ ရည်ရွယ်ချက်တိုက်ဆိုင်ချင်လည်း တိုက်ဆိုင်ပေမည်။ မည်သည့်စဉ်းစားချက်နှင့်မျှ မတိုက်ဆိုင်သည့်တိုင်အောင်၊ ဤစာရေးသူအပေါ်၌ ကရုဏာမေတ္တာကြီးမားစွာဖြင့် **“ထိုင်နေရင်အကောင်းသား၊ ထသွားမှအကျိုးမှန်းသိတယ်”** ဆိုတာလိုဖြစ်မှာစိုးလို့ **“ဦးသဇ္ဇန တရားမဟောနဲ့၊ တရားဟောလျှင် လူမုန်းများတယ်”** ဟူသော ဩဝါဒကို ပေးသနားတော်မူသည်ကား မြေကြီးလက်ခတ်မလွဲဟု ယုံကြည်မိပါသည်။

ထို့ကြောင့်၊ ဆရာတော်ဘုရားကြီးဩဝါဒကို မပျက်မကွက် ဦးထိပ်ထက်ပန်ဆင်လျှက် တစ်သက်လုံးလိုက်နာပါမည့်အကြောင်း၊ ပဋိညာဉ်ဝန်ခံစကား လေးမြတ်စွာလျှောက်ထားရင်း တပည့်တော်စကား လက်စသတ်လိုက်ပါပြီ၊ ရေးသားခဲ့သမျှ စကားအရပ်ရပ်ကို နိဂုမ်းခါးပတ် **သတ်လိုက်ပါသတည်း။**

**မှတ်ချက်** –

စုစည်းတင်ပြသူသည်
ဤစာကိုလက်ခံရရှိပြီးမကြာမီ၊
သာသနာတော်နှစ် ၂၅၅၁–ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၆၉–ခုနှစ်၊
ကဆုန်လဆန်း (၉)ရက်၊
ခရစ်နှစ် ၂၀၀၇–ခုနှစ်၊
ဧပြီလ(၂၄)ရက်၊အင်္ဂါနေ့တွင်
ဤဆောင်းပါးရှင် ဆရာတော်ကြီး
ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူသွားကြောင်း
သတိသံဝေဂယူဖွယ် သတင်းကြား သိရပါသည်။



အရှင်သဇ္ဇနာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
သဇ္ဇနောဒယဆရာတော်
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း။

## ၂။ ဆရာနှင့် ဩဝါဒ

**ဝန်ခံချက်** ။ ။ ဤစာရေးသူသည် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမေဓိယာဘိဝံသ အထံတော်ဝယ် ငါးနှစ်ကြာနေထိုင်ပြီး ပရိယတ္တိပညာများနှင့် နည်းနာဆုံးမဩဝါဒတို့ကို သင်ကြား နာယူကာ နေထိုင်ခဲ့ပါသည်။

ခရစ်နှစ် ၂၂-၁၁-၂၀၀၆၊ ဗုဒ္ဓဟူးနေ့ တွင် ပြန်လွန်တော်မူခဲ့သော မုံရွာမြို့နယ်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဇောဓိတစ်ထောင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ နာရဒ ၏ အန္တိမဈာပနပွဲတွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်မှ သူငယ်ချင်းမိတ်ဆွေများဖြစ်ကြသော ဦးဩဘာသာဘိဝံသ(ဆင်မင်း)၊ ဦးပညောဘာသ(ဓမ္မဂုဏ်ရည်)၊ ဦးကုသလ (ဂုဏဝတီကျောင်း)၊ ဦးကဝိန္ဒ(အမရပူရကျောင်း)တို့နှင့် ဆုံတွေ့ကြရာ ၎င်းတို့က – **"အရှင်ဘုရား နယားကျောင်း ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး စာအုပ်ထုတ်ကြဖို့ အစီအစဉ်ရှိပါတယ်၊ ဆောင်းပါးတစ်ပုဒ်လောက် ရေးသား ပေးပါ"** ဆိုလာသဖြင့် **"တပည့်တော် ဆောင်းပါးဆို ဘာတစ်ပုဒ်မှ မရေးဖူးပါ၊ တပည့်တော်တိုက်က စာချဘုန်းကြီးဦးမာနိတတော့ ရေးပါတယ်။"** **"ဟာ မဟုတ်တာ၊ အရှင်ဘုရား ရေးပါဘုရား၊ တပည့်တော် တို့က အရှင်ဘုရားဘွဲ့နာမည်နဲ့ပဲ လိုချင်ပါတယ်"** ဆိုလာသဖြင့် အခက်ကြုံရ၏။ သို့သော် မရေးပါကလည်း မဖြစ်ပေ။

ထို့ကြောင့် **"ဆရာနှင့် ဩဝါဒ"** ဟူသော အမည်ဖြင့် ဤစာကို ရေးသားရခြင်း ဖြစ်ပါသည်။

### (၁) ဆရာ

ဆရာဟူသည် **သိဿာနံ ဟိတံ သုခံ အာစရတီတိ အာစရိယော၊** တပည့်တို့၏ အကျိုးစီးပွားချမ်းသာကို ကျင့်တတ် သောကြောင့် ဆရာမည်ပေ၏။ ဆရာတို့မည်သည် မိမိတပည့်တို့ကို ကြီးပွားစေလိုကြ၏။ အောင်မြင်စေလို ကြ၏။ ကောင်းစားစေလိုကြ၏။ ကောင်းသည့် လမ်းကြောင်းများကို လျှောက်လှမ်းစေလိုကြ၏။

စာရေးသူသည် ဘုရားကြီးတိုက်၊ နယားကျောင်း၌ ပညာသင်ကြားစဉ်အခါက နယားကျောင်းဆရာတော် ဂုရုအရှင် ဘဒ္ဒန္တမေဓိယဆရာသခင်က သကျသီဟစာပေးပွဲဖြေကြားရန် တိုက်တွန်းခဲ့၏။ အကြောင်းကြောင်းကြောင့် မဖြေဆိုဖြစ်ခဲ့။ ဤသည်ပင် ဆရာတို့သည် တပည့်တို့ကို ကြီးပွားချမ်းသာစေလို, အောင်မြင်စေလိုသော ဆန္ဒများ ဖြစ်ကြောင်း၊ ကောင်းသည့်လမ်းကို လျှောက်လမ်းစေလိုကြောင်း ထင်ရှားလှပေ၏။

အချို့ဆရာတို့သည် မိမိတပည့်များအပေါ် မိဘများသဖွယ် ဖြဟ္မစိုရ်တရားလည်း ထားရှိကြ၏။ ကျေးဇူးရှင် ဂုရုဆရာသခင်သည် မိမိစာသင်တိုက်တည်ထောင်၍ ကြီးပွားတိုးတက်နေသည်ကို တွေ့ရှိရ၍ အလွန်ပင် နှစ်သက် သဘောကျပြီး၊ ဝမ်းမြောက်မှု မုဒိတာတရားများ တဖွားဖွားဖြစ်ကြောင်း အောက်ပါစာကလေးက သက်သေသာဓက ဖြစ်၏။

ဦးနန္ဒောဘာသထံ –
၁၃၄၆–ခုနှစ်၊ တော်သလင်းလဆန်း –၈–ရက်
ဦးနန္ဒောဘာသထံမှစာကို ဝါခေါင်လဆုတ် –၃–ရက်နေ့က ရရှိပါသည်။ ၎င်းစာထဲမှ –

**"တပည့်တော် ကျန်းမာရေးအား၊ ဉာဏ်အားရှိသလောက် သာသနာပြုသွားပါမည်ဘုရား"** ဟူသော စာပိုဒ်ကို ဝမ်းမြောက်ဝမ်းသာ **"သာဓု, သာဓု,သာဓု"** ဟု ခေါ်ဆိုပါသည်။

တစ်နေ့လျှင် နှစ်ကြိမ်ခန့် –

* ဓမ္မဝါစကာ ပုဂ္ဂလာ အဝေရာ ဟောန္တု စသည်ဖြင့်လည်းကောင်း၊
* ဓမ္မဝါစကာ နိဿိတကာ အဝေရာ ဟောန္တု စသည်ဖြင့်လည်းကောင်း၊
* သာသနပါလကာ ပုဂ္ဂလာ အဝေရာ ဟောန္တု စသည်ဖြင့်လည်းကောင်း၊
* သာသနပါလကာ နိဿိတကာ အဝေရာ ဟောန္တု စသည်ဖြင့်လည်းကောင်း၊

မေတ္တာအထူးပို့သပါကြောင်း။

ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ လိုသည်။ ကျန်းမာမှ တာရှည်သာသနာပြုနိုင်ပေလိမ့်မည်။ အန္တရာယ်ကင်းလျက် ချမ်းသာ ကျန်းမာစွာ ပရိယတ်တရား၊ ပဋိပတ်တရား ပွားများအားထုတ်နိုင်ပါစေ။ ကျန်းမာပါသည်။

(ဆရာတော်၏ ပေးစာကို မူရင်းအတိုင်း တင်ပြလိုက်ပါ၏။) **ဦးမေဓိယာဘိဝံသ**





▲ နယားဆရာတော်ကြီး



ယခု နယားကျောင်းတော် သစ်ကြီး ►



◄ မူလနယား ကျောင်းဟောင်းပုံ

ဆရာသခင် ကျေးဇူးရှင်၏ ဤပေးစာသည် ဒုတိယအကြိမ်ပေးစာ ဖြစ်ပါသည်။ ပထမအကြိမ်ပေးစာကား စာရေးသူ ရန်ကုန်ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ ပညာသင်ယူနေစဉ် ကောဇာသက္ကရာဇ် ၁၃၂၇–ခုနှစ်က ဖြစ်၏။ ၎င်းအချိန်က ဆရာတော်မှာ ကျောင်းသစ် ဆောက်ချိန် နိုင်ငံကျော်စာချဆရာတော် ဦးနာရဒါဘိဝံသ ပျံလွန်တော်မူချိန်နှင့် တိုက်ဆိုင်နေသဖြင့် အလုပ်ကိစ္စအလွန်များနေသော အချိန်ဖြစ်၏။ ထို့ကြောင့် စာရေးသူထံ စာပေးလိုက်ခြင်း ဖြစ်၏။ ပေးပုံကား – သို့ တပည့် နန္ဒောဘာသ –

ဘုန်းကြီး စာရေးလိုက်၏၊ တပည့် နန္ဒောဘာသ ငါ့မှာ ကျောင်းကိစ္စ၊ ဘုန်းကြီးပျံကိစ္စတွေနဲ့ အလွန် အလုပ်ကိစ္စတွေ များနေ၏။ ကိစ္စအားလျော်စွာ ဆောင်ရွက်တတ်သော တပည့်လည်း မရှိပေ။ ထို့ကြောင့် ဤစာရက ဘုန်းကြီးထံ အမြန်ပြန်လာခဲ့ပါ။

ကျန်းမာပါစေ။

**ဦးမေဓိယာဘိဝံသ**

၎င်းစာရေးချိန်ကား ဘုန်းကြီးကိစ္စအဝဝကို ဆောင်ရွက်နေကြသော ဦးသုန္ဒရ၊ ဦးနန္ဒမာလာ၊ ဦးဇာဂရ၊ ဦးနန္ဒိယ စသော တပည့်ကြီးတွေ ရှိကြသော်လည်း စာရေးသူ မိမိကို ဆရာ့ထံမှောက် ပြန်ရောက်အောင် ရေးခြင်းဖြစ်၏ဟု ယူဆသဖြင့် မဆိုင်းမတွ ပြန်ကြွပြီး၊ ဆရာ့ကျောင်းကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါ၏။

**"ပိဋကဝိသောဓနီကျမ်း"** ရေးစဉ်အခါကလည်း ဆရာ့ကိစ္စအဝဝကို ဆောင်ရွက်၍ ကျေးဇူးဆပ်ခဲ့ပါ၏။

အချို့သော ပုဂ္ဂိုလ်တို့က များစွာသော တပည့်အပေါင်းတို့၏ မှီခိုရာ အရိပ်သဖွယ်အေးမြခြင်းကို ဖြစ်စေ တတ်သောကြောင့် (ဆာယာ) ဆရာဟု ခေါ်ဆို၏တဲ့၊ မှန်လှပါ၏။ အချို့ပုဂ္ဂိုလ်များ လူမှုရေး၊ စီးပွားရေး၊ ဒါနပြုရေး၊ သီလဆောက်တည်ရေး စသည်တို့ ၌ ပုပင်ခြင်း မလုပ်တတ်၊ မကိုင်တတ် ဖြစ်ခြင်းတို့ကို ပူပင်မှုငြိမ်းအေးအောင် လုပ်ပေးခြင်း၊ နည်းလမ်းပေးခြင်းတို့ဖြင့် ဆရာတို့က ဟောကြားညွှန်ပြလိုက်သောအခါ စိတ်နှလုံးအေးမြသွားရကြောင်း သာဓကများ များစွာရှိနေသည် မဟုတ်ပါလော။

ထို့ပြင်၊ ဆရာဟူသည် **အာဒိတော စာရေတိ သိက္ခာပေတီတိ အာစရိယော** – အစမှစ၍ ကျင့်စေ သင်စေတတ်သော ကြောင့် ဆရာဟု အမည်ရှိပါသည်။

မည်သည့်ဆရာမဆို **"အစကောင်းမှ အနှောင်းသေချာ"** ဟူသော ဆိုရိုးစကားလို မိမိတပည့်များကို အဓိသီလသိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာသိက္ခာဟူသော ကျင့်ဖွယ်ရာတို့တွင် အစပထမဖြစ်သည့် အဓိသီလသိက္ခာကို လုံခြုံကောင်းမွန်စွာ ကျင့်စေလိုကြ၏။ သင်ကြားဖွယ်ရာ စာပေပရိယတ်၌လည်း အခြေခံပိုင်နိုင်အောင် ကြိုးစားသင်ကြားစေလိုကြပေသည်။

## (က) ဆရာအမျိုးအစားများ

ဤနေရာ၌ ဆရာအမျိုးအစားများကို အနည်းငယ်ထုတ်ပြလိုပေသည်။

ဆရာနှင့် ပတ်သက်၍ (အံ၊ ၃၊ ပါ–၂၈၁။ ဠ–၂၃၈၊) ဘရဏ္ဍုကာလာမသုတ်၌ –

(၁) ကာမမှ လွတ်မြောက်ရန် ညွှန်ပြသောဆရာ၊

(၂) ရုပ်မှ လွတ်မြောက်ရန် ညွှန်ပြသောဆရာ၊

(၃) ရုပ်နာမ်မှ လွတ်မြောက်ရန် ညွှန်ပြသောဆရာ ဟူ၍ မြတ်စွာဘုရား ဟောကြားထားပေသည်။

တစ်နည်း – ဗဟုကာရသုတ်၌ –

(၁) ရတနာသုံးပါးကို ကိုးကွယ်စေသော ဆရာ၊
(၂) သစ္စာလေးပါးကို သိစေသောဆရာ၊
(၃) အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သောဆရာ ဟု သုံးမျိုးဟောထားပြန်ပါ၏။

တစ်နည်း – ဝိ၊၄၊ ဋ–၂၂၄ ၌၊

(၁) **ပဗ္ဗဇ္ဇာစရိယ** = ရှင်ပြုပေးသောဆရာ၊
(၂) **ဥပသမ္ပဒါစရိယ** = ရဟန်းပြုပေးသောဆရာ၊
(၃) **နိဿယာစရိယ** = နိသျည်းဆရာ၊
(၄) **ဥဒ္ဒေသာစရိယ** = နည်းကောင်းမှန်များကို ညွှန်ပြပေးသောဆရာ၊
(၅) **ဩဝါဒါစရိယ** = ဆုံးမသွန်သင်ပေးသော ဆရာ ဟု မိန့်ဆိုထားပါသေး၏။

ယခုအခါကာလ၌ကား –

(၁) **ဓမ္မာစရိယ** = စာပေပရိယတ်ကို သင်ပြပို့ချပေးသော စာချဆရာ၊
(၂) **ကမ္မဋ္ဌာနာစရိယ** = ကမ္မဋ္ဌာန်းနည်းပြဆရာ – ဟု နှစ်မျိုးထပ်တိုး၍ သုံးစွဲနေကြပါသည်။

## (ခ) ဆရာ့ကျင့်ဝတ်

(၁) အတတ်ပညာကို သင်ပေးရမည်။ (တပည့်မွေးပြီး အတတ်ပညာသင်ကြားမပေးပါက ရိုသေလေးစားမှု နည်းပေမည်၊ ပညာသင်ကြားပေးမှသာ မိမိ၏ စကားကို လိုက်နာပြီး ရိုသေလေးစားပေမည်။)

(၂) ပဲ့ပြင်ဆုံးမပေးရမည်။ (ဆုံးမမှု မရှိလျှင် တပည့်မကောင်း ဆရာ့ခေါင်းဆိုသည်နှင့်အညီ တပည့်မကောင်းသမျှ ဖြစ်မှုများ ဆရာ့အပေါ် ကျရောက်ပေမည်၊ ဆုံးမသွန်သင်ပေးမှ စည်းကမ်းနည်းလမ်းကျကာ ယဉ်ကျေးလိမ္မာသော တပည့်များ ဖြစ်ပေါ်လာပြီး လောကဓမ္မ နှစ်ဌာန ကြီးပွားပေမည်။)

(၃) အတတ်ပညာကို ချန်မထားဘဲ သင်ပေးရမည်။ (အတတ်ပညာချန်ပြီး သင်ကြားပါက ရန်ငြိုးဖွဲ့ခံရတတ်၏၊ ဆရာစား မချန်ဘဲ သင်ပေးမှ ဘေးရန်ကင်းပြီး ချမ်းသာပေမည်။)

(၄) ဘေးရန်တို့ကို ဆီးတားပေးရမည်။ (တပည့်များအပေါ် ကျရောက်မည့် ဘေးရန်များကို တားဆီးမပေးလျှင် တပည့်များ လျော့ပါးဆုတ်ယုတ်ပေလိမ့်မည်၊ ဘေးရန်တို့ကို တားဆီးပေးပါမှ တပည့်များပျော်ရွှင်ပြီး ချမ်းသာတိုးပွားပေလိမ့်မည်။)

(၅) အချိန်တန် အရွယ်ရောက်လာပါက သင့်လျော်ရာသို့ ပို့၍ အပ်နှံပေးရမည်။ (သင့်လျော်ရာသို့ မအပ်နှံပါက တပည့်ပုဂ္ဂိုလ်တို့ ပညာဗဟုသုတ မတိုးပွားတော့ပေ၊ သင့်လျော်ရာသို့ အပ်နှံပေးမှ တပည့်တို့ ပညာဗဟုသုတ တိုးပွားပြီး ဆရာ့အပေါ် သံယောဇဉ်ရှိကာ **"ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"** ပြုလို့ရကား လောကအကျိုး၊ ဓမ္မအကျိုး ပိုမိုတိုးတက်အောင် ဖွမ်းဆောင်နိုင်ပေမည်။)

## (၂) ဩဝါဒ

ဆရာဟုဆိုလိုက်လျှင် ၎င်းတို့နှင့် မကင်းသော ဆုံးမသွန်သင်ပြုပြင်ညွှန်ပြခြင်း အဓိပ္ပာယ်ကိုဆောင်သော ဩဝါဒသည်လည်း ရှိနေပါ၏။

ဩဝါဒဟူသည် **ဩဝဒနံ ဩဝါဒေါ** – ဟူသော ဝိဂ္ဂဟနှင့်အညီ သွန်သင်ညွှန်ပြဆုံးမခြင်းဟု ဆိုလိုပေ၏။

ထို့ပြင် **သံဝရတ္ထာယ အဝမဒ္ဒိတွာ ဝဒနံ ဩဝါဒေါ** – စောင့်စည်းခြင်းအကျိုးငှာ နှိပ်ကွပ်၍ဆိုခြင်းကို ဩဝါဒဟု ခေါ်ဆိုကြောင်း မိန့်ဆိုထားပြန်ပါ၏။

ဂုရုထေရ် ဘဒ္ဒန္တမေဓိယာဘိဝံသ ကျေးဇူးရှင်ဆရာသခင်သည် စာရေးသူအား ဆုံးမစကားမိန့်ကြားပုံကလေးကို အနည်းငယ်တင်ပြလိုပါ၏။ စာရေးသူသည် စာသင်တိုက်တည်ထောင်မည်ဟု သွား၍ လျှောက်ထားစဉ်က **"ဦးနန္ဒော ကိုယ်တော် စာသင်တိုက်တည်ထောင်လို့ရှိရင် စာပေပို့ချရမယ်၊ သာရေး နာရေးကိစ္စတွေမှာ တရား ဟောရ တော့မယ်၊ စာပေပို့ချမှုဆိုတာကတော့ ပြောစရာမလိုပါဘူး၊ ဒါပေမဲ့ သာရေးနာရေးကိစ္စများ သွားရတော့မယ် ဆိုရင် ကိုယ်မဟောပေမဲ့ ကိစ္စအားလျော်တဲ့ စာများကို ကြည့်သွား၊ တို့ပုခန်းဆရာတော်ကြီး ကိစ္စကြုံလို့ ပင့်စာရောက်ရင် အဲဒီကိစ္စနဲ့ဆိုင်တဲ့ စာများကို ကြည့်တယ်၊ ဥပမာ– သိမ်သမုတ် ပင့်စာရောက်ရင် သိမ်နဲ့ ဆိုင်တဲ့ စာကိုကြည့်တယ်၊ ကထိန်ပင့်စာရောက်ရင်း ကထိန်နဲ့ဆိုင်တဲ့ စာကိုကြည့်တယ်။ ကြည့်သွားတော့ ဘာအကျိုးရှိသလဲဆို ဆရာတော်ကြီးတွေရှေ့မှာ ဒီကိစ္စနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကို ပြောနိုင်၊ လျှောက် နိုင်တယ်၊ လင်းတမှိုင်မှိုင်ပြီး ပုတ်သင်ညိုလို ခေါင်းကြီးငြိမ့် မနေရတော့ဘူး။ ပြီးတော့ ဟောပြောမဲ့ပုဂ္ဂိုလ် မလာနိုင်လို့ ကိုယ့်ကိုတာဝန်ပေးလည်း ဝန်မလေးရတော့ဘူးကွဲ့။"**(ဤကားအကျိုးလို၍ ဆုံးမခြင်းပါတည်း။)

ထို့ပြင်၊ စာရေးသူသည် စာသင်တိုက်တည်ထောင်ပြီး (၁၅)နှစ်ခန့်အကြာ မန္တလေးမြို့သို့သွားရန် ကိစ္စရှိသဖြင့် ကတ္တီပါ ဖိနပ်နှင့် သင်္ကန်းများကို ဂုရုအရှင်ဆရာသခင်အား ဝင်၍ကန်တော့ရာ ဆရာအရှင်က – **"ဦးနန္ဒော၊ ဒီ ဖိနပ်မျိုးတွေ စီးသေးတာလား? ဆရာတော်လဲဖြစ် လူကြီးတစ်ယောက်လဲ ဖြစ်နေပြီး မအပ်စပ်တဲ့ ပစ္စည်းများ မသုံးစွဲလေနဲ့"** ဟု သတိပေးကာ ဆုံးမတော် မူခဲ့ပါ၏။ (ဤကား **နှိပ်ကွပ်၍** ဆုံးမခြင်းပါတည်း။)

(စာရေးသူကား ဤဖိနပ်မျိုးမစီးပါ၊ သို့အတွက် တပည့်တော် မစီးပါဘုရား၊ ဆရာတော်နဲ့ လိုက်မည်ထင်၍ လှူရခြင်း ဖြစ်ပါတယ် ဘုရား – ဟု ပြန်လည် လျှောက်ထားခဲ့ရ၏။)

ဆရာနှင့် ဩဝါဒ၊ ဩဝါဒနှင့် ဆရာသည် မကင်းကောင်းပါ။ မြတ်စွာဘုရားသော်မှ **သတ္ထာဒေဝမနုဿာနံ** = ဟူသော ဂုဏ်တော်နှင့်အညီ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာအဖြစ်ခံယူပြီး (၄၅)ဝါကာလပတ်လုံး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ တို့ကို နေ့ညမအား လုံ့လထားကာ ခရီးနီးနီးဝေးဝေး ပင်ပန်း ဆင်းရဲခံ၍ ဆုံးမတော်မူခဲ့သေးသည် မဟုတ်ပါလော။

ထို့ကြောင့်၊ ဆရာနှင့် ဩဝါဒသည် နွားနို့နှင့်ရေပမာ ဘယ်လိုမှ ခွဲခြား၍ မရနိုင်ပါသဖြင့် အားလုံးသော ပုဂ္ဂိုလ်တို့ သိရှိ လိုက်နာ ဗဟုသုတတိုးပွားကြစေရန် ရည်သန်လျက် ရေးသားတင်ဆက်လိုက်ရပါသတည်း။



တပည့် –
ဘဒ္ဒန္တ နန္ဒောဘာသ
အုတ်ကန်တောရစာသင်တိုက်၊
မြဝတီရပ်၊ မုံရွာမြို့။

သာသနာတော်နှစ် – ၂၅၅၀ ပြည့်နှစ်၊

ကောဇာသက္ကရာဇ် – ၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်၊

ခရစ်နှစ် – ၆–၁–၂၀၀၇ ခုနှစ်၊ စနေနေ့၊

နေ့လည် ၃ နာရီ ၃၀ မိနစ်။





▲ နယားဆရာတော်ကြီး၏
ကျောင်းတော်ကြီး

◀ အမရပူရ ဆရာတော်
အရှင်ဥက္ကံသာဘိဝံသ
လျောင်းလျာဘဝငယ်စဉ်က





▲ နယားဆရာတော်ကြီး
လောင်းလျာဘဝငယ်စဉ်က

နယားကျောင်းဒါယကာ
◀ ဦးအောင်စိန် နှင့်
နယားကျောင်းဒါယိကာမ
ဒေါ်ကြည်ကြည်

## ၃။ ကျောင်းအလှူရှင်ပေါ်ကာ ပို၍ထင်ရှားလာ နယားကျောင်းဆရာတော်ပါ (စီစဉ်ပူဇော်သူ)

မြန်မာသက္ကရာဇ် ၁၃၂၀-ပြည့်နှစ်တွင် (အုတ်ကန်တောရ ဆရာတော်လောင်းလျာ) ဘဒ္ဒန္တ နန္ဒောဘာသသည် မုံရွာမြို့ (မဟာဇောတိကာရာမတိုက်) မှ မန္တလေးမြို့ (နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်) နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ ထံ ပညာရည်နို့သောက်စို့ရန် ရောက်ရှိခဲ့သည်။

ထိုသို့၊ ဘုရားကြီးတိုက်မှာနေစဉ် ဘဒ္ဒန္တ ဉက္ကံသာဘိဝံသ၊ ဘဒ္ဒန္တမေဓိယာဘိဝံသ၊ ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ နှင့် ဘဒ္ဒန္တဝိလာသဂ္ဂ၊ ဆီးပန်းနီဆရာတော် ဘဒ္ဒန္တအာစာရ၊ ရွှေရေးဆောင် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသာဘိဝံသ နှင့် အဘိဓမ္မာဆရာကြီး ဦးသိန်းအောင် တို့ထံ ပညာဆည်းပူးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ၁၃၂၆-ခုနှစ် တို့တွင် နယားဆရာတော်ဘုရားကြီးသည် **"တိပိဋက ဝိနိစ္ဆယ"** ကျမ်းများ ပြုစုနေဆဲကာလဖြစ်၍၊ ဦးနန္ဒောဘာသသည် ဆရာတော်ကြီးက အလိုရှိသော ပုဒ်, ပါဒ်, အက္ခရာ တို့ကို ပါဠိတော်, အဋ္ဌကထာ၊ ဋီကာ များ မွှေနှောက်၍ ရှာပေးခဲ့ရသည်။ ရှာဖွေရာတွင်လည်း စကားလုံးများကို လျင်မြန်စွာ ရှာပေးနိုင်စွမ်းရှိသည့်အပြင်၊ ဖွဲ့အလွန်ကောင်းသည်ဟု သိရသည်။

မြန်မာသက္ကရာဇ် ၁၃၂၇-ခုနှစ်တွင် နယားဆရာတော်ကြီးအား ကျောင်းလှူဒါန်းရန်၊ ရန်ကုန်မြို့နေ - ဦးအောင်စိန် + ဒေါ်ကြည်ကြည် သာသနာပြု မိသားစုမှ လျှောက်ထားလာပါသည်။ ၎င်းတို့ မိသားစုကိုယ်တိုင် အနီးကပ် ကြီးကြပ်ပြီး စီမံခန့်ခွဲခြင်း မပြုနိုင်ပါသောကြောင့်၊ ဆရာတော်ကြီးက ဦးနန္ဒောဘာသကို ကြီးကြပ် ဆောက်လုပ်စေခဲ့သည်။

အလုပ်လုပ်ရာတွင် တိကျပြတ်သားမှုရှိသော ဦးနန္ဒောဘာသကို ဆရာတော်ကြီးက စာပေဖက်တွင်သာမက၊ အခြားဝေယျာဝစ္စများကို လုပ်ဆောင်ရာတွင်ပါ ဇေန်အမှန် အားကိုးခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍၊ ယခုလက်ရှိတွေ့မြင်နေရသည့် နယားနှစ်ထပ်ကျောင်းဆောင်ကြီးသည် ဉက္ကံဆရာတော် လောင်းလျာဘဝက ဆောက်လုပ်ခဲ့ခြင်းဖြစ်၍၊ ထိုစဉ်က ကုန်ကျစရိတ်မှာ ကျပ်ငွေခြောက်သောင်း ကျော်ကျော်သာ ဖြစ်သည်ဟု သိရသည်။ ယခင် ကျောင်းဟောင်းကား နှစ်ထပ်သေးသေး ပျဉ်ထောင်ကျောင်းဖြစ်သည်။ အသစ်ဆောက်လုပ်ခဲ့သော ကျောင်းကြီးကား ခေတ်နှင့်လျော်ညီစွာ အလွန်ခမ်းနားထည်ဝါ ကောင်းမွန်လှပေသည်။ ဤကျောင်းအလှူရှင် ပေါ်လာ သည့်အခါမှစ၍ နယားကျောင်းဆရာတော်ကြီးဟု တစ်နေ့တစ်ခြားပို၍ ထင်ရှား ကျော်ကြား လူသိများလာခဲ့ပေတော့သည်။

---



အဘိဓဇ မဟာရဋ္ဌဂုရု သဇ္ဈနောဒယဆရာတော် အား လှုရတနာဆရာတော် မှ နယားဆရာတော်ကြီးနှင့် ပတ်သက်သော ဆောင်းပါးချီးမြှင့်ပေးပါရန် လျှောက်ထား ဩဝါဒ ခံယူစဉ်

## ၄။ ပေါက်မြိုင်ဆရာတော်၏ အတွေးအမြင်

ကောဇာသက္ကရာဇ် ၁၃၁၇– ခုနှစ် လောက်ကဟု ယူဆမိပါသည်။ ထိုအချိန်က၊ ပါဠိတက္ကသိုလ်ခေတ်ဖြစ်၍ ဓမ္မာစရိယ စာမေးပွဲကို ရန်ကုန် – မန္တလေး တစ်လှည့်စီဖြေဆိုရသည်။ စာမေးပွဲအုပ်ချုပ်သူ ဆရာတော်များနှင့် ပုစ္ဆက များသည် မန္တလေးတက္ကသိုလ်၌ နေထိုင်၍ ပုစ္ဆာထုတ်ရသည်။ မိမိက စစ်ကိုင်း ဓေယျသိန် ပါဠိတက္ကသိုလ်မှ ပုစ္ဆကအဖြစ် လိုက်ပါရ၍၊ အဂုံတ္တိုရ် ဂုဏ်ထူးကို ထုတ်ရသည်။ သုတ္တန် ဂုဏ်ထူးများကို သီလက္ခန်ကျမ်းရင်း စည်းကမ်းအတိုင်း မေးရသည်။ မိမိနှင့် တွဲဘက်ထုတ်ရသောသူမှာ ဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်မှ ဦးသုဇနပဏ္ဍိတ (ယခု ဘုံကျော်တိုက်အုပ် ဆရာတော်) ဖြစ်သည်။

စာမေးပွဲအုပ်ချုပ်သော ပါဠိတက္ကသိုလ် ကိုယ်စားလှယ်များတွင် – ညောင်ရမ်းပါဠိတက္ကသိုလ် (မိုးကောင်းတိုက်) မှ ဒေးဝန်းဆရာတော် ဦးဇောတိက (နောင်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိသည်၊ ယခုအခါ ပြန်လွန်တော်မူခဲ့ပြီးဖြစ်သည်။) လည်းပါရှိရာ ၎င်းဆရာတော်က မိမိကို – ဦးပဥ္စင်း မင်းတို့ ပုစ္ဆာနဲ့အဖြေက ညီညွတ် ရဲ့လား?၊ မှန်ကန်ရဲ့လား?၊ မင်းတို့ ပုစ္ဆာရဲ့အဖြေ စာအုပ်တွေကို ဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဦးမေဓိယ စစ်မှာနေဘ်ဟု ပြောပါသည်။ မိမိကလည်း မှန်ကန်ပါသည်၊ မှားရင်လည်း တပည့်တော်ကို ပြောနိုင်ပါသည်ဟု ပြန်လျှောက်တင်ခဲ့သည်။

ထိုစာမေးပွဲအတွင်းက နယားဆရာတော်ကို လူကိုယ်တိုင် မြင်ဖူးခဲ့ပါသည်။ နယားနှင့် ဒေးဝန်းတို့ တက္ကသိုလ် ဝန်းအတွင်း ညနေ လမ်းလျှောက် ထွက်ကြသည်ကို တွေ့ရသည်။ အသက်အရွယ်ချင်း မတိမ်းမယိမ်းဖြစ်သည်။ ပခုံးပေါ် နှစ်ထပ်သင်္ကန်း ကိုယ်စီတင်၍ လျှောက်ကြသည်ကိုလည်း မြင်ရသည်။ နှစ်ပါးစလုံး စာတတ်ပေတတ်၊ အနေအထိုင်ကောင်းချည်းသာ ဖြစ်သည်ဟု အများ၏ ကြည်ညိုလေးစားခံရသည်ကို ကြားသိရသည်။ စာစစ်ပြီးချိန်မှာ– နယားထံသွား၍ မိမိထုတ်သော ပုစ္ဆာနှင့်အဖြေ မှန်ပါရဲ့လား? ဟု မေးလျှောက်ကြည့်ရာ အားလုံးမှန်ပါသည်ဟု အမိန့်ရှိပါ၏။ ဦးပဥ္စင်းက ဦးပညိန်ရဲ့ တပည့်လား?၊ သကျသီဟ စာချ ဘယ်နှစ်, နှစ်နဲ့ အောင်တာလဲ?၊ စသည်ဖြင့် မေးပြီး ကြိုးစားစာချဖို့၊ ဆရာနည်းရအောင်ယူဖို့ ဩဝါဒပေးပါသည်။ ထိုစဉ်က မိမိသည် ခုနစ်ဝါမျှလောက်သာ ရှိပါသေးသည်။

မိမိသည် နယားဆရာတော်ကို ယခင်က မသိသော်လည်း ဘုရားကြီးတိုက် ရာပြည့်စာစောင်မှာ – ပုခန်း ဆရာတော်၏ တပည့် ငယ်အမည် မောင်မြသန်း ဆိုတာတော့ ဖတ်ဖူး၍ မှတ်သားမိပါသည်။ မိမိ စစ်ကိုင်း၌ ဝါ နှစ်ဆယ်နေ၍ မန္တလေးသို့ပြောင်းကာ ပေါက်မြိုင်တိုက်၌ စာချတန်း စာဝါ ချသောအခါ နယားဆရာတော်၏ ကျောင်းမှ တပည့်များလည်း စာဝါလိုက် လာကြပါသည်။ နယားဆရာတော်၏ နောင်တော် အမရပူရဆရာတော်, ညောင်ကန် ဆရာတော်, ထီးလင်း သဲကုန်းဆရာတော်တို့နှင့်လည်း ဓေယျသိန်ဆရာတော်၏ မိတ်ဆွေများဖြစ်ကြ၍ ဆည်းကပ်ရင်း နယားနှင့်လည်း ရင်းနှီးခွင့် ရရှိခဲ့ပါသည်။

နယားဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယက အဖြစ် တာဝန်မထမ်းဆောင်ရသေးမီက မိမိကျောင်းသို့ တောင်ဝှေးတစ်ချောင်းနှင့် နေ့စဉ်လို မပျက်မကွက် လမ်းလျှောက်လာလေ့ရှိသည်။ ကျောင်းသားလေးများက ဆရာတော်ကို ကာဖီဖျော်၍ ကပ်လေ့ရှိသည်။ ထိုစဉ်က အသင့်ဖျော် ကာဖီမစ်ထုတ်များ မပေါ်လာသေးပေ။ အပြန်တွင် မိမိက လိုက်ပို့လေ့ရှိသည်။ ဆရာတော်နှင့် ရင်းနှီးခွင့်ရသဖြင့် ဆရာတော်၏ အမူအကျင့်လေးများလည်း နည်းယူဖွယ် ရရှိခဲ့သည်။ ဆရာတော်က သူတစ်ပါးအား သင်္ကန်းစသည် လှူတော့မည်ဆိုလျှင် – ရှေးဦးစွာ လှူမည့်ပစ္စည်းကို တစ်ရက်, နှစ်ရက် တန်သည် ဘုရားရှေ့ထားပြီး သံဃာဂုဏ်ကို အာရုံပြုပြီးမှ လှူဒါန်းလေ့ရှိသည်။

နယားဆရာတော်သည် ဆွမ်းစားတော့မည်ဆိုလျှင် ဆွမ်းမစားမီ ပန်းကန်လေးများဖြင့် ဟင်းများကို ခွဲထည့်၍၊ ဒါက–သုနှ္ဒရ (စာချ)ဖို့၊ ဒါက ကိုရင်များဖို့ဟု ခွဲထားပြီးမှ ဘုဉ်းပေးလေ့ရှိသည်။ စားပြီးအကျန်ကို သူများအားကျွေးလေ့ မရှိပါ။ မိမိသည် ကျောင်းမှာ တစ်နေ့လျှင် ဘုရားသုံးကြိမ် ရှိခိုးသည်ကို သိရှိသွားပြီး၊ သူကိုယ်တိုင်လည်း တစ်နေ့လျှင်

ဘုရားသုံးကြိမ်ရှိခိုးသည်ဟု အမိန့်ရှိပါသည်။

မိမိသည် ဆရာတော်ထံ စာမလိုက်ဖူးဘူးပါ။ သို့သော်၊ စာလိုက်ဖူးသော မိတ်ဆွေများက – နယား ဆရာတော်က စာချလျှင် သေသေချာချာ စေ့စေ့စပ်စပ် နည်းရအောင် စနစ်တကျ ချပေးတတ်သည်။ အမရပူရ ဆရာတော်နှင့် မတူဘူးဟု ပြောကြပါသည်။ နယားဆရာတော်ထံ စာလိုက်သူတို့၏ မှတ်စုများကို ကြည့်လျှင် သူတို့ပြောသည့် အတိုင်း အမှန်ပင် စေ့စပ်သေချာလှကြောင်း တွေ့မြင်ရပါသည်။ ဆရာတော်၏ မှတ်စုနှင့်ပတ်သက်၍၊ စာသင်တိုက်ဦးစီး သကျသီဟ ဘွဲ့ရဆရာတော် တစ်ပါးက – တပည့်တော် နယားမှတ်စု နှစ်အုပ်ရတာ ရွှေတုံးကြီး နှစ်တုံး ရရှိသလိုပါပဲ။ ဒီမှတ်စုနှင့် သကျသီဟ စာချတန်း အောင်ခဲ့တာပါဟု ပြောဖူးပါသည်။ ဆရာတော်၏ ပိဋက ဝိသောဓနီ, ဝိနိစ္ဆယကထာ ကျမ်းတို့ကို ကြည့်လျှင် ဆရာတော်၏ ကြီးမားသော ဉာဏ်ပညာတော်နှင့် ဝီရိယတော်တို့သည် အံ့သြလောက်ပေ၏။

မိမိသည် ဆရာတော်နှင့် နှစ်ကြိမ်မျှ သကျသီဟ စာချတန်း ပုစ္ဆာအတူ တွဲ၍ထုတ်ဖူးပါသည်။ မိမိကို ဝါကျရာခိုင်းပြီး ဒါ – ဒီလို မေးရတာ၊ ဒီလိုမေးဟု သင်ပေးဖူးပါသည်။ ကျေးဇူးတော်ကို အမြဲအမှတ်ရနေမိပါသည်။ ဝိနည်း, ဝိနိစ္ဆယ ရေးရာနှင့် ပတ်သက်၍လည်း အလွန်သေချာလှပါသည်။ မိမိကို နှစ်ကြိမ်မျှ ကူညီစောင့်ရှောက်ခဲ့ဖူးသည်။ ဒါလည်း ကိုယ်တော့်ဘက်က ဝိနည်းနှင့်ညီလို့ဟု အမိန့်ရှိပါသည်။

အနေအထိုင်နှင့် ပတ်သက်၍လည်း အမြဲတမ်း ကြည်ညိုဖွယ်ရာ သပ်သပ်ရပ်ရပ် နေလေ့ရှိပါသည်။ အပိုစကားများ ပြောလေ့မရှိပေ။ အမရပူရဆရာတော်နှင့် ညီအစ်ကိုအရင်း ဖြစ်သော်လည်း သဘာဝ မတူပါပေ။ အမရပူရဆရာတော်က လူငယ်များနှင့် အထိုက်အလျောက် ရင်းနှီးစွာနေတတ်သဖြင့် နယားဆရာတော်လောက် မကြောက်ကြရပေ။ နယား ဆရာတော်ကို လူငယ်, လူကြီး အားလုံးတို့က အမရပူရဆရာတော်ထက်ပင် ပိုကြောက်ကြရပါသည်။ နယားဆရာတော်က ရောလည်းမရော၊ ဣန္ဒြေလည်း ကြီးမားသောကြောင့်ဖြစ်သည်။ မိမိ ကိုတော့ ခွင့်လွှတ်ပုံရသည်ဟု ယူဆမိပါသည်။ အကြောင်းကတော့ – သူ့တပည့်များက ပေါက်မြိုင်ကိုလျှောက်ခိုင်း၊ ပေါက်မြိုင်ဆိုလျှင် လက်ခံတယ်ဟု သူတို့ မလျှောက်ရဲတာကို မိမိကိုလျှောက်ခိုင်လေ့ ရှိသောကြောင့်ဖြစ်သည်။

သက်တူရွယ်တူ ဆရာတော်များနှင့်လည်း အချင်းချင်း ရယ်စရာနောက်ပြောင်နေလေ့ မရှိတတ်ပါ။ ၎င်းဆရာတော်များက တစ်ခါတစ်ရံ ဆရာတော်ကို ရယ်စရာ နောက်ပြောင်လျှင်လည်း သည်းခံမနေ၊ တပည့်တော်ကို ဒီလိုမပြောပါနဲ့၊ တပည့်တော်မကြိုက်ဘူးလို့ မျက်နှာထားတည်တည်နဲ့ ပြောတတ်လေ့ရှိသဖြင့် သက်တူရွယ်တူ ဆရာတော်များကလည်း နယားဆိုလျှင် ရိန်း, ဖိန်း နေတတ်ကြပေသည်။ ဤကဲ့သို့ ဝိနည်းတော်ကို လေးစားသည် ဝိနည်းတော်နှင့် ပတ်သက်လျှင် အမှန်ဘက်က ရပ်တည်တတ်သောကြောင့် လည်းကောင်း၊ စာပေအရာ လွန်စွာ ကျွမ်းကျင်၍ အများက အားထားကြသောကြောင့် လည်းကောင်း၊ ရဟန်းတော်ပီသစွာ ပြုမူပြောဆို နေထိုင်တတ်သောကြောင့် လည်းကောင်း၊ ကျောင်းတိုက်ကြီးနှင့်တကွ နိုင်ငံတော်၏ အထွတ်အထိပ် ရာထူး၌ာနန္တရ ဘွဲ့ထူးဂုဏ်ထူးများကို ရရှိတော်မူခြင်း ဖြစ်ပေသည်။

လှရတနာဆရာတော် ဦးနာရဒါဘိဝံသ ၏ လျှောက်ထားချက်အရ မိမိသိသမျှ တစေ့တစောင်း ရေးသား ဖော်ပြခြင်းမျှသာ ဖြစ်သည်။ စာရေးဆရာ ဒကာ ဦးအောင်မြင့်ထွန်း နှင့် လှရတနာဆရာတော် စသော ပုဂ္ဂိုလ်များ၏ တင်ပြသည့်အကြောင်းအရာ အချက်အလက်များကိုလည်း ဖတ်ရှုလေ့လာကြပြီးလျှင်၊ နယားဆရာတော်ကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မွန်များ ဗုဒ္ဓသာသနာတော်အတွက် ပေါ်ထွက်လာနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြု မေတ္တာပို့သရင်း ဤဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

| | | | |
|---|---|---|---|
| သာသနာတော်နှစ် | – | ၂၅၅၂ ခုနှစ်၊ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ၊ |
| ကောဇာသက္ကရာဇ် | – | ၁၃၇၀ ပြည့်နှစ်၊ | ပေါက်မြိုင်ဆရာတော်ကြီး၊ |
| | | နယုန်လပြည့်ကျော် (၁၃)ရက်၊ | အလယ်တိုက်ကျောင်း၊ ပေါက်မြိုင်ကျောင်းတိုက်၊ |
| ခရစ်နှစ် | – | ၁–၇–၂၀၀၈ ခုနှစ်၊ အင်္ဂါနေ့။ | မန္တလေးမြို့၊ မန္တလေးတိုင်း။ |

## ၅။ ခေါင်းပါးစွာ ကျင့်မှုမှာ စံတင်စရာ ဆရာတော်

## (၁) (က) မျက်မမြင် ဒါယိကာမကြီး သဒ္ဓါတရား

နံနက်ပိုင်း လွှက်ရည်ဝိုင်းတစ်ဝိုင်းတွင် သက်တော်(၉၀)ကျော် ဆရာတော်ကြီးတစ်ပါးအပါအဝင် ဆရာတော်လေးပါး လွှက်ရည်ဘုဉ်းပေးနေကြ၏၊ စာရေးသူလည်းပါဝင်၏၊ စားပွဲခုံပေါ်တွင် ပြင်ထားသည့်သစ်သီး, မုန့်, အကြော်တို့မှာ စုံလင်လှ၏၊ ဆရာတော်လတ်တစ်ပါးမှာ ကျွဲကောသီးကို အရင်ဆုံး ဘုဉ်းပေးလိုက်ရာ သက်တော်ရှည် ဆရာတော်ကြီးက ဆူပါလေတော့သည်၊ သို့ဖြစ်၍ စာရေးသူအနေဖြင့် အဆူခံရမှာကို ကြောက်ရွံ့ထိတ်လန့်ပြီး ဘယ်ဟာကိုအရင်ဆုံး ဘုဉ်းပေးရမလဲဟု စဉ်းစားနေမိ၏၊ စာရေးသူတို့ ရန်ကုန်မှာ – ဘူးသီးကြော်, ကြက်သွန်ကြော်, တို့ဟူးကြော်, ကုလားဘယာကြော်တို့ ရှိသော်လည်း မြန်မာဘယာကြော်မှာမူ ရှားလှ၏၊ ရှားပါးတဲ့ မြန်မာဘယာကြော်ကို ဘုဉ်းပေးမှပဲဟု ဆုံးဖြတ်ပြီး မရဲတရဲဖြင့် ဘယာကြော်တစ်ခုကို ကောက်ယူလိုက်ပါသည်၊ စားကား မစားရသေးပါ၊ ကိုင်ထားရုံအချိန်မှာပင် သက်တော်ရှည် ဆရာတော်ကြီးက မေးလာပါသည်။

* ဦးနာရဒ ဘယာကြော် ကြိုက်သလား?

♦ လွှက်ရည်ဝိုင်းမှာ ကျန်တဲ့အစားအစာတွေက ရန်ကုန်မှာရှိပါတယ်၊ ဘယာကြော်ကတော့ ရှားလို့ပါဘုရား။



* ဦးနာရဒက ဘယာကြော် ကောက်ယူ လိုက်လို့ ဘယာကြော်နဲ့ဆက်စပ်တဲ့ အဖြစ်အပျက်လေးကို သတိရမိတယ်။

♦ အမိန့်ရှိပါဦး ဘုရား။

စာရေးသူက တောင်းပန်လျှောက်ထားလိုက်သောအခါ ဆရာတော်ကြီးက ဤသို့အမိန့်ရှိပါသည်။

တပည့်တော်က– ကျောင်းဘုန်းကြီးဖြစ်မှသာ ဆွမ်းကိစ္စအဆင်ပြေတာပါ၊ စာသင်သား ဘဝတုန်းက ဆင်းရဲတယ် ဆွမ်းဟင်း သိပ်မရဘူး၊ ဆွမ်းခံအိမ်ကလည်း လေးအိမ်, ငါးအိမ် ပဲရှိတယ်၊ နောက်ဆုံးမှာ ကြွတဲ့အိမ်က မျက်စိမမြင်ရှာတဲ့ အဖွားကြီးနဲ့ အဖိုးကြီးအိမ်ပါပဲ၊ တပည့်တော် အဲဒီအိမ်ရောက်သွားတော့ အဖွားကြီးက နံနက်စာ စားနေတယ်၊ တပည့်တော်ရောက်လာတာ ကြားတာနဲ့ အဖွားကြီးက အဖိုးကြီးကို လှမ်းမေးတယ်။

* မောင်ပဉ္ဇင်း ကြွလာပြီးလား?

♦ ဟုတ်တယ် ကြွလာပြီ။

* မောင်ပဉ္ဇင်း သပိတ်ထဲမှာ ဆွမ်းဟင်းကော ရရဲ့လား?

ဒီလိုမေးလိုက်တော့ အဖိုးကြီးက သပိတ်ထဲမှ ဆွမ်းဟင်းခွက်လေးတွေကို အကုန်လိုက်ဖွင့်ကြည့်တယ်၊ တစ်ခွက်

မှ ဟင်းက ပါမလာဘူး၊ ဒါနဲ့ပဲ အဖိုးကြီးက–

- မောင်ပဥ္စင်း သပိတ်ထဲမှာ ဆွမ်းဟင်းမပါဘူး

အဲဒီလို ပြောလိုက်တဲ့အချိန်နဲ့ အဖွားကြီးက ဘယာကြော်ကိုစားဖို့ ပန်းကန်ထဲမှ ဘယာကြော်ကို လက်နဲ့ယူပြီး ပါးစပ်ထဲ ထည့်ခါနီးအချိန် တိုက်ဆိုင်နေတယ်၊ ဒီအခါမှာ အဖွားကြီးက ပါးစပ်နား ရောက်နေတဲ့ လက်ထဲမှ ဘယာကြော် ကို မစားတော့ဘဲ –

**သည်လိုဆိုရင် ဒီဘယာကြော်ကို မောင်ပဥ္စင်းအား လောင်းလှူလိုက်ပါ။**

ဒီလိုခိုင်းလိုက်တာနဲ့ပဲ အဖိုးကြီးက အဖွားကြီးလက်ထဲမှ ဘယာကြော်ကို ယူပြီး လောင်းလှူ လိုက်တယ်၊ အဲဒီဘယာကြော်နဲ့ပဲ တပည့်တော် ဆွမ်းဘုဉ်းပေးရတယ်၊ ဆွမ်းခံအိမ်က မျက်မမြင်အဖွားကြီးရဲ့ သဒ္ဓါတရားကို လေးစားသွားပြီး တပည့်တော် အနေအထိုင်လဲ ကောင်းကောင်းမွန်မွန် နေထိုင်တယ်၊ စာလဲကြိုးစားခဲ့တယ်၊ ဒါနဲ့ပဲ ဒီလိုအခြေအနေထိ ရောက်လာတာပဲ၊ ဘယာကြော်ကို မြင်တွေ့တဲ့အခါတိုင်း ဒီအဖြစ်အပျက်လေးကို သတိရမိတယ်။

## (၁) (ခ) မျက်မမြင်အဖွားကြီးကပင် ကြည်ညိုရသည့် ဆရာတော်

ဤသို့ ဘယာကြော်ဇာတ်လမ်းကို ပြောပြနေသော ဆရာတော်မှာ သူလိုငါလို သာမညဆရာတော် မဟုတ်ပါ။

**"ဆရာတော်သည် ဝိနည်းတော်ကို အလွန်လေးစားပြီး တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေတော်နှင့် ပြည့်စုံတော်မူသည်၊ စကားကို များများပြောလေ့မရှိဘဲ ပြောသင့်ပြောထိုက်သောအခါ တည်ငြိမ်ပြတ်သား ရဲဝံ့စွာ ပြောလေ့ရှိသည်၊ ရောက်လေရာအရပ်၌ စာပေကို မပြတ်ကြည့်ရှုတော်မူသည်၊ စာပေပို့ချရုံမျှမက အဘိဓာန်ကျမ်းကြီးများ, ဝိနိစ္ဆယကျမ်းများကိုပါ ရေးသားပြုစုတော်မူသည်၊ ဘုရားကို အလွန်ကြည်ညိုပြီး ရောက်လေရာအရပ်မှာပင် ဘုရားရှိနိုးမြဲသည်၊ ငယ်ရွယ်သူ, သက်တူ, ရွယ်တူ, ဂိုဏ်းတူ ဆရာတော်တို့ သာမကပဲ ထေရ်ကြီးဝါကြီး ဆရာတော်တို့၏ လေးစားမှုကိုပင် ခံယူရရှိသည်၊ သီလ, သမာဓိ, ပညာ, စမာ, ဓာဂရိယ စသော ဂုဏ်တို့နှင့်ပြည့်စုံသောကြောင့် ရဟန်းရှင်လူ ပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူ ရရှိတော်မူသည်"–**

ဟူ၍ သံဃာ့လောကတွင် နေတစ်ဆူ လတစ်စင်းပမာ ထင်ရှားကျော်ကြားသည့် မန္တလေးမြို့ ဘုရားကြီးတိုက်မှ သက်တော်ရှည် နယားဆရာတော်ဘုရားကြီးပါတည်း။

## (၂) (က) နယားဆရာတော်နှင့် ဆုံဆည်းမှုများ

စာရေးသူသည် နယားကျောင်းထွက် မဟုတ်သလို နယားဆရာတော်ထံတွင်လည်း စာမတက်ဘူးပါ၊ သကျသီဟအသင်း စာချတန်းရောက်ချိန် (မြန်မာသက္ကရာဇ် ၁၃၄၂–ခုနှစ်)တွင်လည်း နယားဆရာတော်က စာမချတော့ပါ၊ နယားဆရာတော်ရဲ့နောင်တော် အမရပူရဆရာတော်ကမူ စာချသေးသဖြင့် အမရပူရဆရာတော်ထံတွင် ပါရာဇိကဏ် အဋ္ဌကထာကို သင်ယူခဲ့ရသည်၊ အမရပူရဆရာတော်ကား ဝါကျအယူအဆနှင့် ကျမ်းသွားကျမ်းလာ အတက်အထွက် အလွန်နိုင်နင်းသည်ကို ကြည်ညိုသိရှိခွင့် ရခဲ့ပါသည်၊ နယားဆရာတော်ထံတွင် စာမတက်ခဲ့ရသော်လည်း စာမေးမြန်း ဆွေးနွေးခွင့်ကိုမူ ရခဲ့ပါ၏၊ ထို့အပြင် နယားဆရာတော်၏ ပါရာဇိကဏ် ဘာသာမှတ်စု, သီလက္ခန် ဘာသာမှတ်စုတို့ဖြင့် စာပို့ချခဲ့ရသည်။

စာရေးသူ၏ဆရာမှာ မြတောင်တိုက် သမ္မတစာချကျောင်းဆရာတော်ဖြစ်ပြီး နယားဆရာတော်နဲ့ လွန်စွာ ခင်မင်ရင်းနှီးပါသည်၊ သမ္မတဆရာတော်၏ တပည့်ဖြစ်ခြင်း ဆရာတော်၏ သီလက္ခန်ဘာသာမှတ်စုဖြင့် ပို့ချခြင်းတို့ကြောင့် နယားဆရာတော်က စာရေးသူကို ရင်းရင်းနှီးနှီး အသိအမှတ်ပြုပါသည်၊ ရန်ကုန်သို့ အလှူအတန်းကိစ္စဖြင့် ကြွလာသောအခါတို့၌ စာရေးသူတို့ ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းမှာပင် သီတင်းသုံးပါသည်။ ဆရာတော်က မင်းဘူးရွှေစက်တော် နှင့် ဗုဒ္ဓဂယာ ကို ဘုရားဖူးသွားချင်ကြောင်း အမိန့်ရှိသောအခါမှာလည်း ပို့ဆောင်ပေးခွင့်ရခဲ့ ပါသည်၊ ယင်းသို့ ဆရာတော်နှင့် ရင်းရင်းနှီးနှီးရှိလာသောအခါ အားနာမှုမရှိတော့ဘဲ မသိတာတွေ၊ သိချင်တာတွေကို မေးမြန်းခွင့်ရရှိခဲ့သည်၊ ဆရာတော်ကလည်း ပွင့်ပွင့်လင်းလင်းပင် ဖြေကြားလျက် ဩဝါဒပေးပါသည်။

## (၂) (ခ) မေတ္တာပို့ပြီးမှ လှူပါ

ဆရာတော်သည် သံဃာ့ကိစ္စဖြင့် ရန်ကုန်မြို့သို့ ကြွလာသောအခါတို့၌ ကမ္ဘာအေးမှာ သီတင်းသုံးပါသည်၊ ထိုအခါ ဆရာတော်၏ ရဟန်းဒကာများဖြစ်ကြသည့် ဦးလှမောင် + ဒေါ်ခင်နှင်းဝေ၊ ဦးလှသောင်း + ဒေါ်လှဲလှဲဝင်း (ဇဗဇ) မိသားစု နှင့် ဦးဘိုးဟန် + ဒေါ်စောနွယ် စသော မိသားစုတို့က စာရေးသူနှင့်အတူ ဆွမ်းပို့ကြသည်၊ စာရေးသူကား ဆရာတော်နှင့်အတူ ဆွမ်းဘုဉ်းပေးရ၏၊ ဆရာတော်သည် ဆွမ်းဘုဉ်းပေးနေလျှင် စကားမပြောပါ၊ လှက်ရည်ဘုဉ်းပေးချိန်တွင် နဲနဲပါးပါး စကားပြောပါသည်၊ ဆွမ်းဘုဉ်းပေးပြီးလျှင်မှ နေ့တိုင်း ရေစက်ချပေးသည်၊ မှတ်သားလိုက်နာစရာ ဩဝါဒတို့ကိုလည်း ချီးမြှင့်ပါသည်။

**"ဦးနာဂဒ– ရှေးတုန်းက ဆရာသမားတွေက ဘုရားရှိခိုးဖို့ပဲ တိုက်တွန်းကြတယ်၊ ရှေးတုန်းကတော့ ခေတ်ကောင်းဆိုတော့ ဘုရားရှိခိုးရုံနဲ့ပဲ လုံလောက်ပါတယ်၊ ခုခေတ်ကြတော့ ကိုယ့်ထက်သာရင် မနာလိုငြူစူတဲ့ ဣဿာ, မစ္ဆရိယ အကုသိုလ်တရားတွေ များပြားလာတဲ့အတွက် ဘုရားရှိခိုးပြီးတိုင်း မေတ္တာပါထည့်ပြီး ပို့သပေးပါ"** ဤကား စာရေးသူကိုချီးမြှင့်တဲ့ ဩဝါဒဖြစ်ပြီး ဆွမ်းဒကာ, ဒကာမ တွေကိုလည်း ဤသို့ ဩဝါဒပေးလျက် ချီးမြှင့်ပါသည်။

**"လှူဒါန်းပေးကမ်းတဲ့အခါ အနောဒိသ မေတ္တာဘာဝနာပွားများ ပို့သပြီးမှလှူဒါန်းပါ၊ ဒါမှအကျိုးပေးရင် ဗိုပြီးကြီးမားတယ်၊ မေတ္တာပို့သတဲ့ကုသိုလ်ဟာ ဘုရားဖြစ်သည့်တိုင် ရောက်အောင် ပို့ဆောင်ပေးနိုင်တယ်၊ မေတ္တာသုတ်အဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာမှာ အဋ္ဌကထာ ဆရာတော်က သေချာဖွင့်ပြ မှာကြားထားတယ်၊ ဒါကြောင့် မေတ္တာကို ပွားများပို့သပြီးမှ လှူဒါန်းကြရမယ်"**

ဤသို့ ဩဝါဒပေးပြီး အဋ္ဌကထာ ပါဠိ ကို ရွတ်ဆိုလျက် နိဿယမြန်မာလည်း ပြန်ဆိုပြပေးပါသည်။

သာ စ သတ္တေသု မေတ္တာယ ကတာယ မဟပ္ဖလာ ဟောတိ ယာဝ ဗုဒ္ဓဘူမိ ပါပေတုံ သမတ္ထာ၊

(ခုဒ္ဒကပါဌအဋ္ဌကထာ၊ ၁၉၈)

အဋ္ဌကထာ ပါဠိ ကို ရွတ်ဆိုလျက် နိဿယမြန်မာပြန်ပြီးနောက် "လိုက်ဆိုကြ" ဟု ခိုင်းပြီး ဖော်ပြပါ လင်္ကာလေးကို ချပေးပါသည်။ ဆောက်တည်ပြီးမှ –

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာမေတ္တ ပွားများက မုချ အန္တရာယ်ကင်း။**
**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာမေတ္တ ပွားများက ကိစ္စပြီးစီး အောင်မြင်ခြင်း။**
**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာမေတ္တ ပွားများက မကျ အပါယ်မင်း။**
**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာမေတ္တ ပွားများက လားရ နတ်ပြည်မင်း။**
**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာမေတ္တ ပွားများက ရောက်ရ နိဗ္ဗာန်မင်း။**

## (၂) (ဂ) ဘုရားဂုဏ် ဆင်ခြင်ပြီးမှ လှူပါ

ဘုရားရှင်အား ဆွမ်းတော်တင်, သောက်တော်ရေကပ်, ပန်းလှူ, ဆီမီးအလင်းတိုင်ထွန်းပြီး လှူဒါန်းတဲ့အခါမှာလည်း ကုသိုလ်ပြုပုံ ပြုနည်းကိုလည်း ဩဝါဒပေးပါသည်။

**"ဘုရားအား သောက်တော်ရေပဲ ကပ်ကပ်, ပန်းတစ်ပွင့်ကိုပဲ လှူလှူ, ဆီမီးတစ်တိုင်ကိုပဲ ထွန်းထွန်း, ဆွမ်းတော်ကိုပဲ တင်တင်, ဘယ်ဝတ္ထုပစ္စည်းကိုမဆို လှူဒါန်းလို့ရှိရင် ပစ္စည်းကိုလှူပြီး ဦးချရှိခိုးရုံလေးနဲ့ မလှူပါနဲ့၊ "အရဟံ" စတဲ့ ဘုရားဂုဏ်ကို ရွတ်ဆိုဆင်ခြင်ပြီးမှ လှူပါ၊ ဘုရားဂုဏ်တော်ကို ဆင်ခြင်ပြီးမှ လှူရင် ဘာမှတန်ဖိုးမရှိတဲ့ နမ်းကြပ်ပွင့်ကို လှူဒါန်းရင်တောင် ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်ဖြင့် ပိုင်းခြားလို့ မရအောင် များမြောင်တဲ့ ကောင်းကျိုးတွေကို ရနိုင်တယ်၊ ဒါကြောင့် ဘုရားကို လှူဖွယ်ဝတ္ထု လှူမယ်ဆိုရင် ဂုဏ်တော်ဆင်ခြင်ပြီးမှ လှူဒါန်းရမယ်"**

ယင်းသို့ ဩဝါဒပေးပြီး မဟာပရိနိဗ္ဗာနသုတ် မဟာဝါ အဋ္ဌကထာ ပါဠိကို ရွတ်ဆိုကာ မြန်မာပြန် နိဿယကိုလည်း ပေးပြပါသည်။

ကော် ဥမာပုပ္ဖမ္ပိ ဂဟေတွာ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ ကတာယ ပူဇာယ ဗုဒ္ဓဉာဏေနပိ အပရိစ္ဆိန္နံ ဝိပါကံ ဝဏ္ဏေတွာ၊ (သုတ်မဟာဝါအဋ္ဌကထာ၊ ၁၆၉။)

ဆရာတော်က ယင်း အဋ္ဌကထာပါဠိကို နိဿယ မြန်မာပြန်ရာတွင် **ဝဏ္ဏေတွာ** - ဟူသော တွာပစ္စယန္တကိတ်ကြိယာပုဒ်ကို၊ **ဝဏ္ဏေတိ** - ဟူ၍ အာချာတ်ကြိယာပုဒ်ဖြင့်ပြင်၍ မြန်မာပြန်သည်။

## (၂) (ဃ) အကျိုးကြီးမားအောင် ပုဂ္ဂလိက လှူဒါန်းနည်း

အလှူဒါနပြုကြရာ၌ သံဃိကဒါနလှူဒါန်းခြင်း,ပုဂ္ဂလိကဒါနလှူဒါန်းခြင်း-ဟူ၍ နှစ်မျိုးရှိသည်၊ သံဃိကဒါနအလှူသည် ဒက္ခိဏဝိဘင်္ဂသုတ်နည်းအားဖြင့် ဗုဒ္ဓပမုခ ဥဘတောသံဃိကဒါနအလှူစသောအားဖြင့် ခုနစ်မျိုးရှိသည်၊ သံဃိကဒါနအလှူ၏ အကျိုးကြီးမားကြောင်းကို **"သံဃေ ဒိန္နံ မဟပ္ဖလံ"**ဟူသော ဒေသနာတော်အရ သိရှိသူများကြသည်။

ပုဂ္ဂလိကဒါနအလှူသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်အား လှူဒါန်းခြင်းမှ တိရစ္ဆာန်အားလှူဒါန်းခြင်းအထိ (၁၄) မျိုးရှိသည်၊ ပုဂ္ဂလိကဒါနအလှူ (၁၄) မျိုးတွင် အလှူခံပုဂ္ဂိုလ်အနေဖြင့် တိရစ္ဆာန်တွေပါ ပါဝင်နေသည်ကို ရည်ရွယ်၍ ရှေးဆရာတို့က **"အလှူခံ တစ်ကျိတ်လေး၊ ခွေးပါမကျန်"** ဟူ၍ ပြောစမှတ်ပြုကြခြင်း ဖြစ်သည်၊ ပုဂ္ဂလိက အလှူသည်ကား သံဃိကအလှူလောက် အကျိုးမကြီးမားချေ။

ပုဂ္ဂလိကလှူဒါန်းရာ၌ အကျိုးကြီးမားအောင် လှူဒါန်းနည်းကိုလည်း နယားဆရာတော်က ဩဝါဒပေးပါသည်။

**"ပုဂ္ဂလိကအလှူက သံဃိကအလှူလောက် အကျိုးမကြီးမားဘူး၊ သံဃိကအလှူကတော့ အကျိုးအကြီးမားဆုံးပဲ၊ ဒါပေမဲ့ ပုဂ္ဂလိကလှူတဲ့အခါ အကျိုးကြီးမားအောင် လှူဒါန်းနည်းကိုလည်း ဘုရားရှင်က နည်းပေးခဲ့သေးတယ်၊ သာသနာကွယ်ခါနီးအချိန်မှာ ပေါ်လာမည့် ဒုဿီလ ဂေါတြဘုပုဂ္ဂိုလ်တွေကို လှူဒါန်းတဲ့အခါ သံဃာကိုရည်မှန်းပြီး လှူဒါန်းရင် မရေတွက်နိုင်အောင် အကျိုးကြီးမားတယ်လို့ ဒက္ခိဏဝိဘင်္ဂသုတ်မှာ ဟောပြထားတယ်။**

**ဒါကြောင့်မို့ ပုဂ္ဂလိကအလှူ လှူဒါန်းတဲ့အခါမှာ သံဃာတော်တွေရဲ့ သုပ္ပဋိပန္နတာ–စတဲ့ သံဃာ့ဂုဏ်ကို ဆင်ခြင်နှလုံးသွင်းပြီးမှ လှူပါ၊ ဒါဆိုရင် ပုဂ္ဂလိကအလှူဆိုပေမဲ့ အကျိုးကြီးမားပါတယ်"**

ဤသို့ ဩဝါဒပေးပြီး ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်နှင့် ဋီကာကိုရွတ်ပြလျက် အနက်နိသျပေးပြသည်။

* တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊
တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယံ့ အပ္ပမေယျံ ဝဒါမိ။ (မ၊ ၃၊ ၂၉၉။)

* သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿာတိ သုပ္ပဋိပန္နတာဒိ၊
သံဃေ အာဝဇ္ဇေတွာ သံဃဂတေန ပသာဒေန။ (မ၊ ဋီ၊ ၃၊ ၄၁၂။)

## (၂) (င) ဆောက်တည် အဓိဋ္ဌာန်ချက်ဖြင့် ဘုရားရှိခိုးပါ

နယားဆရာတော်ကား ဘုရားရှင်ကို အလွန်ကြည်ညိုသော ဆရာတော်ဖြစ်၏၊ ဆရာတော်၏ကျောင်းမှ ဘုရားဆောင်ကို ကြည့်လိုက်လျှင် သပ်သပ်ရပ်ရပ် သန့်ရှင်းနေအောင် ဂရုစိုက်၏၊ ဘုရားဆွမ်းတော် တင်လျှင်လည်း ပုံမှန်အများသူငါ တင်သလို လင်ပန်းလေးထဲမှာ ပန်းကန်သေးသေးလေးတွေ ထည့်ပြီးတင်သည်မဟုတ်၊ ဘုန်းကြီးတစ်ပါး ဆွမ်းကပ်သလို ပန်းကန်ပြားကြီး, ဟင်းပန်းကန်ကြီးထဲမှာ ထည့်လျက်ကပ်လှူသည်၊ သောက်တော်ရေ, လက်သုတ်ပုဝါ, ထွေးခံ တို့လည်း ပါလိုက်သေး၏၊ အဲသည်လို စုံစုံလင်လင် တလေးတစား ဆွမ်းတော်တင်ခြင်းဖြစ်၏။ အတုယူထိုက်ပါ၏။ ဘုရားရှိခိုးလည်း မြဲတော်မူသည်၊ နယားကျောင်းနေခိုက်မှာသာ ဘုရားရှိခိုးမြဲသည်မဟုတ်၊ ရောက်တဲ့နေရာတိုင်းမှာ ဘုရားရှိခိုးမြဲသည်သာဖြစ်၏၊ နိုင်ငံတော်သံဃာ့မဟာနာယက တာဝန်ကိစ္စဖြင့် ကမ္ဘာအေး၌ သီတင်းသုံးသည့်အခါ ညနေပိုင်းတွင် ဘုရားဝတ်ပြုဆောင်မှာ ဆရာတော်ကြီးများ ဝတ်ပြုကြရ၏၊ တချို့ဆရာတော်များ ဘုရားဝတ်တက် မမြဲသော်လည်း နယားဆရာတော်ကား ဘုရားဝတ်တက် မြဲတော်မူပါသည်၊ ဤအကြောင်းကို နိုင်ငံတော် သံဃာ့မဟာနာယက ဖြစ်ဖူးသည့် ရန်ကုန်မြို့ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပဓာနနာယကဆရာတော် ဦးကောဏ္ဍညက ဤသို့ ပြောပြဖူး ပါသည်။

**"ဦးနာရဒ– တပည့်တော်က နယားဆရာတော်ကြီးနှင့် အတူတွဲပြီး ကမ္ဘာအေးမှာ သာသနာရေးကိစ္စတွေ ဆောင်ရွက်ခဲ့ဖူးတယ်၊ ညနေ ဘုရားဝတ်ပြုချိန်ရောက်ရင် တချို့ဆရာတော်တွေ ဘုရားဝတ်ပြုတာ မမြဲပေမဲ့ နယားဆရာတော်ကြီးကတော့ ဘုရားဝတ်ပြုတာမြဲတယ်၊ ရိုးလည်းရိုးရှာတယ်၊ ဖုန်းမဆက်တတ်လို့ တပည့်တော်ကပဲ မကြာခဏ ဖုန်းဆက်ပေးရတယ်" –**

နယားဆရာတော်သည် မိမိကိုယ်တိုင် ဘုရားဝတ်ပြုမှုမြဲသလို တပည့်တပန်း ဒကာ, ဒကာမ တို့ ကိုလည်း ဘုရားဝတ်ပြုမြဲရန် ဤသို့ ဆုံးမဩဝါဒ ပေးတော်မူပါသည်။

**"ဘုရားရှိခိုးတဲ့အခါ နေ့တိုင်း မပျက်မကွက် ရှိခိုးဖို့လိုတယ်၊ ဘုရားရှိခိုး ဂုဏ်တော်စာတွေ တိုတာ, ရှည်တာ၊ နည်းတာ, များတာ အဓိကမဟုတ်ဘူး နေ့စဉ်ရှိခိုးဖြစ်ဖို့ပါပဲ၊ ရှိခိုးတဲ့အခါမှာလည်း မိမိဟာ တစ်နေ့မှာ ဘုရားကို ဘယ်နှစ်ကြိမ် ရှိခိုးပါ့မယ်လို့ အဓိဋ္ဌာန်ဆောက်တည်ချက်ဖြင့် ရှိခိုးရတယ်၊ သုံးကြိမ်ပဲ ရှိခိုး–ရှိခိုး၊ သုံးကြိမ် မတတ်နိုင်လို့ နှစ်ကြိမ်ပဲ ရှိခိုးလဲရတယ်၊ နောက်ဆုံး တစ်ကြိမ်ပဲ ရှိခိုးဦးတော့ လုံးဝမပျက်စေဘဲ တစ်နေ့တစ်ကြိမ် မပျက်မကွက် ရှိခိုးရမယ်၊ အဲဒီလိုအဓိဋ္ဌာန် ဆောက်တည်ချက်ဖြင့် ရှိခိုးရင် အလွန်အကျိုးကြီးမားတယ်။ ဘုရားရှိခိုးတာမြဲရင် ဘုရားရှိခိုးတဲ့ ကုသိုလ်စေတနာကြောင့် အနှောင့်အယှက် အန္တရာယ်တွေကင်းတယ်၊ ကိစ္စကြီး ငယ်တွေ ပြီးစီးအောင်မြင်နိုင်တယ်၊ အပါယ်ဘုံလေးပါးကိုလည်း မလားရောက်ရဘူး၊ နတ်ပြည်သုဂတိကိုလည်း ရောက်မယ်၊ နောက်ဆုံးအကျိုးအနေနဲ့ နိဗ္ဗာန်ကိုတောင် မျက်မှောက်ပြုနိုင်တယ်၊ ဒါကြောင့်မို့ အဓိဋ္ဌာန်ဆောက်တည်ချက်ဖြင့် ဘုရားရှိခိုးစေချင်ပါတယ်။"**

ယင်းသို့ ဩဝါဒပေးတဲ့အခါ ဓမ္မပဒမှ ထင်းခွေ သားအဖ ဝတ္ထုလာ အဋ္ဌကထာပါဠိကို ရွတ်ဆိုပြီး အနက် နိဿယပါ ပေးပြပါသည်။

တတော အသက္ကောန္တာ ပန ကောဒိဝသံ တိသု ကာလေသု, ဒွိသု ကာလေသု,

ကေသွိမို ကာလေ ဗုဒ္ဓါနုဿတိံ မနသိ ကရောန္တာ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိယေဝ နာမ။ (ဓမ္မပဒဋ္ဌကထာ၊ ၂၊ ၂၈၆၊)

အဋ္ဌကထာပါဠိကို နိဿယပြန်ပေးပြီးတဲ့နောက် "လိုက်ဆိုကြ" ဟုခိုင်းပြီး လင်္ကာလေးတွေကို ချပေးပါသည်။

ဆောက်တည်ပြီးမှ –

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက မုချ အန္တရာယ်ကင်း။**

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက ကိစ္စပြီးစီး အောင်မြင်ခြင်း။**

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက မကျ အပါယ်မင်း။**

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက လားရ နတ်ပြည်မင်း။**

**နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက ရောက်ရ နိဗ္ဗာန်မင်း။**

## (၂) ( စ) အမြဲ ပရိတ်ရွတ်ပါ

နယားဆရာတော် လှရတနာ သုံးထပ်တိုက်ကျောင်းမှာ တည်းခိုစဉ်ကဖြစ်၏၊ ဆရာတော်နဲ့ ကျောင်းဒကာ ဦးရှမ်းကား အလွန်ရင်းနှီးသည်၊ သို့ဖြစ်၍ ဆရာတော်သည် လှရတနာကျောင်းကြီး မပြီးစီးခင်ကပင် ကြွရောက်လျှက် သီတင်းသုံးပေးသည်၊ ကျောင်းရေစက်ချပွဲသို့လည်း တက်ရောက်လျက် ဖွင့်ပေးသည်၊ ရေစက်ချပွဲ ပြီးတဲ့နောက်ပိုင်း အလှူအတန်းကိစ္စဖြင့် ရန်ကုန်ကြွလာလျှင်လည်း လှရတနာကျောင်းမှာပင် တည်းခိုသီတင်းသုံးသည်၊ တစ်ရက်တွင် ဆရာတော်ကို ရေချိုးခန်း ကုဋီခန်းသို့ တွဲပြီး လိုက်ပို့စဉ် ဆရာတော်က စာရေးသူ၏ ပခုံးကိုကိုင်ပြီး ဤသို့အမိန့်ရှိပါသည်။

**"ဦးနာရဒ– ဦးနာရဒရဲ့ အသက်က ငယ်တယ်၊ ဒါပေမဲ့ ကျောင်းကြီးကတော့ ကြီးတယ်၊ ဒီတော့ ပရိတ်ကို နေ့စဉ်ရွတ်ပေးပါ"**

ဆရာတော်ကား ဓမ္မပဒလာ အာယုဝဍ္ဎနကုမာရဝတ္ထုနှင့် ရတနသုတ်, မေတ္တသုတ်, ခန္ဓသုတ် အဋ္ဌုပ္ပတ္တိတို့၌ လာသည်အတိုင်း ဘေးရန် အနှောင့်အယှက် အန္တရာယ်ကင်းရန် ကျန်းမာသက်ရှည်စွာ စာချသာသနာပြုနိုင်ရန် မေတ္တာစိတ်ဖြင့် တိုက်တွန်းစေခိုင်းခြင်းဖြစ်သည်။ အဋ္ဌကထာ ဆရာတော်တို့ကလည်း နံနက်တစ်ကြိမ်, ညနေတစ်ကြိမ် အားဖြင့် တစ်နေ့လျှင် ပရိတ် နှစ်ကြိမ်ရွတ်ရန် တိုက်တွန်းတော်မူကြ၏၊ သို့ဖြစ်၍ ဆရာတော်တို့ တိုက်တွန်း စေခိုင်းသည့် အတိုင်း နေ့စဉ် ပရိတ်ရွတ်ပွား ဖြစ်ပါသည်။

**သာယံ ပါတံ ကရဏဝသေန ဒွေ ပရိတ္တာ။** (သုတ္တနိပါတဋ္ဌကထာ၊ ၁၊ ၁၇၇။)

**ရတနသုတ္တာဒီနိ ပရိတ္တာနိ ဘဏိတဗ္ဗာနိ။** (ဝိ ဋ္ဌ၊ ၂၊ ၇၁။)

## (၃) (က) အင်္ဂုလိမာလသုတ် အမြဲရွတ်ပွားသည့် ဆရာတော်

* **ဆရာတော် အမြဲရွတ်ဆို ရှိခိုးသော ဘုရားရှိခိုး–ပါဠိတော်–ပရိတ်တော်တို့ကို အမိန့်ရှိပါဦး ဘုရား–**

စာရေးသူက မေးမြန်းလျှောက်ထားသည့်အခါ ဆရာတော်က ရွတ်ပွားရှိခိုးသော ဘုရားရှိခိုး–ပါဠိတော်– ပရိတ်တော် တို့ကို ပြောပြပါသည်၊ ဆရာတော်ပြောပြသည့်အထဲတွင် အင်္ဂုလိမာလပရိတ်တော်ပါနေသဖြင့် အံ့ဩ မိသည်၊ အင်္ဂုလိမာလပရိတ်ဟူသည် အမျိုးသမီးများ အနေဖြင့် လွယ်ကူစွာ မီးဖွားနိုင်ဖို့ ရွတ်ဆိုရန် ဟောကြားထားသော ပရိတ်ဖြစ်သည်၊ သို့ဖြစ်၍ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ထားချိန်မှာဖြစ်စေ မီးဖွားခါနီးမှာဖြစ်စေ ဤကာလအတွင်းမှာ ရွတ်ဆိုရသည့် ပရိတ်ဖြစ်သည်။ အမြဲတမ်း နေ့စဉ် ရွတ်ဆိုစရာမလို ဟူ၍ စာရေးသူအပါအဝင် အများက လက်ခံယူဆ ထားကြသည်၊ ယခုမှ သက်တော် (၈၀)ကျော် ဆရာတော်ကြီးက နေ့စဉ်အမြဲ ရွတ်ဆိုနေပါသည်– ဟူ၍ ကြားရတော့ အံ့ဩရသည်။ သို့ဖြစ်၍ မိမိကပင် ထပ်ပြီးမေးလျှောက်ရပြန်သည်။

* ဆရာတော်– အင်္ဂုလိမာလပရိတ်ဆိုတာ အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်နေချိန် မီးဖွားခါနီး အချိန်မှာသာ ရွတ်ဆိုရတာ မဟုတ်လား၊ နေ့စဉ်အမြဲတမ်း ရွတ်ဆိုဖို့ လိုပါသလား ဘုရား?
♦ လိုတာပေါ့ ဦးနာရဒရယ်၊ အင်္ဂုလိမာလပရိတ်ဟာ ရိုးရိုးပရိတ်မဟုတ်ဘူး၊ သစ္စာပြုပြီး ဟောထားတဲ့ ပရိတ်ပဲ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေသာ လွယ်ကူစွာ မွေးဖွားနိုင်ခြင်း အကျိုးရှိတာ မဟုတ်ဘူး၊ **"အညမ္ပိ ရောဂံ ဝူပသမေတိ"** ဆိုတဲ့ အဋ္ဌကထာ စကားအရ တစ်ခြားရောဂါတွေကိုလည်း ပျောက်ကင်းစေနိုင်သေးတယ်။ နောက်ပြီး ရောဂါတွေသာ ပျောက်ကင်းတာမဟုတ်ဘူး၊ အင်္ဂုလိမာလပရိတ် မပယ်ဖျောက် မဖျက်ဆီးနိုင်တဲ့ ဘေးရန်အန္တရာယ် ဆိုတာမရှိဘူး၊ ဘေးရန်အန္တရာယ်ဟူသမျှကို ပယ်ဖျောက် ဖျက်ဆီးပစ်နိုင်တာချည်းပဲတဲ့၊ ဒါကို အဋ္ဌကထာဆရာက – **"ဣမဿ ပန ပရိတ္တံ န ကိဉ္စိ ပရိဿယံ န မဒ္ဒတိ"** လို့ ဖွင့်ပြတယ်။

ဒါ့အပြင် အဋ္ဌကထာဆရာက **"မဟာပရိတ္တံ နာမေတံ့ ဝုတ္တံ"** လို့လည်း ဖွင့်ပြထားသေးတယ်၊ ဆိုလိုတာက ဒီအင်္ဂုလိမာလပရိတ်ဟာ တန်ခိုးအာနုဘော်နည်းတဲ့ ပရိတ်လေးမဟုတ်ဘူး၊ တန်ခိုးအာနုဘော် ကြီးမားတဲ့ မဟာပရိတ်ကြီး လို့ ဆိုလိုတယ်၊ ဒါကြောင့်မို့ တပည့်တော် နေ့တိုင်းရွတ်တာပါပဲ။

ဆရာတော် ရှင်းပြလိုက်မှပဲ အင်္ဂုလိမာလပရိတ် အစွမ်းထက်ကြောင်းကို နားလည်သဘောပေါက် တော့သည်။ ဆရာတော်လို နေ့စဉ်ရွတ်ဆိုချင်သည့် သဒ္ဓါတရားလည်း ဖြစ်ပေါ်လာသည်။ ဤသို့ ပရိတ်အကြောင်းကို မေးမြန်းပြီး၍ သုံးနှစ်အကြာတွင် ဆရာတော်ကို ဗုဒ္ဓဂယာသို့ လိုက်ပို့ဖြစ်ပါသည်၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် ပြီးဆုံး၍ ပတ္တနားမြို့ မြန်မာကျောင်းတွင် အနားယူနေကြသည်၊ တစ်ရက်တွင်မူ ကျောင်းဒါယကာ ဦးရှမ်း စတဲ့ ဒကာတွေက ဆရာတော်ကို ဝတ်ဖြည့် ပေးနေကြသည်၊ စာရေးသူက ယပ်ခပ်ပေးရင်း ဆရာတော်နေ့စဉ် ရွတ်ဆိုရှိခိုးသော ဘုရားရှိခိုး ပါဠိတော် ပရိတ်တော် တို့ကို မေးမြန်းပါသည်။

ထိုအခါ ဆရာတော်က နေ့စဉ် ရွတ်ဆိုရှိခိုးသော ဘုရားရှိခိုး ပါဠိတော် ပရိတ်တော်တို့ကို ဖြေကြားပြီးတဲ့နောက် –

* ကဲ ဦးနာရဒ ဆက်ပြီး မေးလိုက်ဦးလေ ဆရာတော် ဘာဖြစ်လို့ အင်္ဂုလိမာလပရိတ်ကို နေ့စဉ်ရွတ်နေ ရသလဲ ဘုရားလို့?

ဤသို့ ဆရာတော်က ပြောလိုက်သောအခါ အံ့ဩရပြန်သည်၊ လွန်ခဲ့တဲ့ သုံးနှစ်က လှရတနာကျောင်းမှာ မိမိမေးခဲ့ဖူးတာတွေကို ဆရာတော် မှတ်မိနေပါသေးလား၊ သက်တော် (၈၇)နှစ် အရွယ်တော်ဟာ သတိတရား အားနည်း ချိန်ဖြစ်သည်၊ ဆရာတော်မှာမူ သတိတရား အားကောင်းသေးသည်ကို သိရသဖြင့် ဝမ်းသာ ကြည်ညိုရပါသည်။

**ဣမဿ ပန ပရိတ္တံ န ကိဉ္စိ ပရိဿယံ န မဒ္ဒတိ၊ မဟာပရိတ္တံ နာမေတံ့ ဝုတ္တံ။**

(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ ၂၃၃။)

## (၃) (ခ) နံရံ၌ ပရိတ်တော်စာကပ်သည့် ဆရာတော်

ဆရာတော်သည် သက်တော် (၉၂)နှစ်အရွယ်၌ အိပ်ယာထဲတွင် လဲလျောင်း အနားယူချိန်ကများသည်၊ ကျိန်း စက်မှုကိုလည်း အိပ်ခန်းထဲမှ ကုတင်ပေါ်တွင် မပြုတော့ပေ၊ အိပ်ယာကိုပင် အိပ်ခန်းပြင်ဘက် ခန်းမကျယ်ထဲမှ အိပ်ခန်းနံရံ ဘေးတွင် ခင်းနိုင်းပြီး ကျိန်းစက်သည်၊ ဆရာတော်၏ လကျာဘက်ကား အိပ်ခန်းနံရံဖြစ်သည်။

စာရေးသူသည် မန္တလေးသို့ရောက်တိုင်း ဆရာတော်ထံသွားပြီး ကန်တော့သည်၊ ထို့နောက် စားစရာ, သောက်စရာ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းပြီး မေးမြန်းလျှောက်ထားစရာရှိတာတွေကို လျှောက်ထား နေကြဖြစ်သည်၊ ယခုလည်း ဆရာတော်၏ လကျာ်ဘက်ရှိ အိပ်ခန်း နံရံပေါ်တွင် စာရွက်တွေ ကပ်ထားသည်ကို တွေ့ရသဖြင့် မေးမြန်းမိပါသည်။

* ဆရာတော်ရဲ့လကျာ်ဘက် အိပ်ခန်းနံရံပေါ်မှာ ကပ်ထားတဲ့စာရွက်တွေက ဘာစာရွက်တွေပါလဲ ဘုရား?

♦ အဲဒီစာရွက်တွေက ဓဇဂ္ဂသုတ်ပရိတ်ကို ရေးထားတဲ့စာရွက်တွေပါပဲ။

ခွဲဝေပြန့်ကျယ်။ အံ့ဘွယ်မဆုံး။ ဂုဏ်တော်သုံးကို။ နှလုံးကြည်ဖြူ။ အောက်မေ့သူမှာ။ မပြူမာန်တင်း။ ကြောက်လန့်ကင်း၏။ ယင်းသို့မြစ်ချေ။ ဖြစ်ပလေ၍။ တဒွေမြေဘုတ်။ အယုတ်ဘီလူး။ စုန်းပူးနတ်တိုက်။ ရိက်ပုတ်အမွှေ။ ဓားပြသူခိုး။ ဘေးရန်မျိုးတို့။ တန်ခိုးရောင်ဟုန်။ ဘုန်းတော်ဂုဏ်ကြောင့်။ ဂဠုန်လှန့်ချောက်။ နဂါးကြောက်သို့။ ပျောက်လွင့်စေမှု။ ဣ–သွာ–သုကို။ အနလောမ။ ရှရှအာဂုံ။ ပဋိလုံလည်း။ ပြည့်စုံနှုတ်တက်။ ပုဒ်မပျက်အောင်။ အနက်မြန်မာ။ ဉာဏ်စီဖြာသား။ ဤစာသီပ်သည်း။ နိသျည်းကို။ နည်းခံသဖြင့်။ ဓိပ္ပာယ်ဖွင့်တိုင်း။ နေ့ညဥ့်မကင်း။ နှလုံးသွင်း၍။ တျင်းတျင်း သရဇ္ဈာယ် စေကုန်သော် ။ ။ (မြင်းခြံကိုးဆောင်မှ နိဿယ)

## (၄) အထူးတန်ခိုးကြီးသော ပရိတ်တော်များ

ဆိုခဲ့ပြီးစကားတို့အရ ဆရာတော်သည် ပရိတ်တော်တွေအပေါ်မှာ ယုံကြည်ပြီး ရွတ်ဆိုရုံမျှမက မရွတ်ဆိုနိုင်သည့် အရွယ်မှာတောင် မြင်တဲ့အခါ ဆင်ခြင်နိုင်အောင် နံရံမှာရေးသားကပ်ထားသည်ကို သိရသည်။ ဤနေရာ၌ ပရိတ်တော်တွေအပေါ်ကြည်ညိုပုံကို ဆရာတော်ကိုယ်တိုင် ရေးသားထားသည့် "ဗဟုဿုတ ပကာသနီကျမ်း" မှ ထုတ်နုတ်လျက် ဖော်ပြလိုက်ပါသည်။

**အာဏာခေတ္တံ ကောဋိသတသဟဿစက္ကဝါဠပရိယန္တံ ဟောတိ၊ ယတ္ထ ရတနပရိတ္တံ ခန္ဓပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ မောရပရိတ္တန္တိ ဣမေသံ ပရိတ္တာနံ အာနုဘာဝေါ ပဝတ္တတိ။**

(ဝိ–ဋ္ဌ ၁၊ ၁၂၉။ ဝိသုဒ္ဓိ၊ ၂၊ ၄၄။)

အထက်ပါ ပရိတ်တော်များ၏ အာနုဘော်သည် အာဏာခေတ် စကြဝဠာကုဋေတစ်သိန်း၌ ဖြစ်သည်။

သာရတ္ထ ၁၊ ၃၉၀။ ဝိသုဒ္ဓိ၊ ဋီ–၂၊ ၅၀ တို့– အရ စကြဝဠာကုဋေတစ်သိန်းအတွင်း တစ်ခုခုသော စကြဝဠာ၌ တည်၍ မိမိအတွက် အန္တရာယ်ကင်းရန် အထက်ပါ ပရိတ်ငါးသုတ်တို့တွင် တစ်သုတ်သုတ်ကိုရွတ်လျှင် မိမိအတွက် စကြဝဠာကုဋေတစ်သိန်းအတွင်း ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နိုင်ငံနေနေ အန္တရာယ်ကင်းနိုင်သည်။

တစ်နည်း– အန္တရာယ်ဖြစ်မည်ထင်လျှင် "**ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု** = ဓဇဂ္ဂပရိတ်တော်သည် တပည့်တော်ကို စောင့်ရှောက်တော်မူပါ" ဟု အဓိဋ္ဌာန်ဆုတောင်းလျှင် အန္တရာယ်ကင်းနိုင်ကြောင်း ကျမ်းဂန်တိုက်ရိုက်လာသည်။

**လင်္ကာ ။** ။ ရတနခန္ဓ၊ ဓဇဂ္ဂမောရ၊ အာဋာနာဋိ၊ ပြသည့်ပရိတ်တရား၊ ဤငါးပါးမှာ၊
စက္ကဝါဠေ၊ ကုဋေတစ်သိန်းသာ၊ အာနုဘာဝ၊ မုချစင်စစ်၊ ကောန်ဖြစ်ဟု၊
စင်စစ်မမှား၊ ဖွင့်ပြထားသည်၊ ကြီးမားတေဇော်၊ ပရိတ်အာနုဘော်။

(ဗဟုဿုတပကာသနီ – ၁၁၊ ၁၂။)

## (၅) အယင်စသူ ဘယ်သူလဲ?

သာသနာတော်မှ ဘုန်းကြီး ရဟန်း ဦးပဉ္စင်း ကိုရင်များ လူဘောင်သို့ ပြောင်းသွား (လူဝတ်လဲ လူထွက်သွား) ကြရာ၌ အကြောင်းအမျိုးမျိုးရှိကြသည်၊ မိဘကို ပြုစုစောင့်ရှောက်လိုသောကြောင့်လည်း ထွက်ကြ၏၊ ကျန်းမာရေး မကောင်းမှုကြောင့်လည်း ထွက်သွားကြ၏၊ စီးပွားရေးပြေလည်သည့်လူတွေ၏ ပြည့်စုံမှုကို အားကျအထင်ကြီးပြီး တော့လည်း ထွက်သွားတက်ကြ၏၊ သိက္ခာပုဒ် အာပတ်သင့်သော ကြောင့်လည်း လူဘောင်သို့ ပြောင်းသွားကြ၏။ မာတုဂါမ (အမျိုးသမီး) နှင့် ရင်းနှီးလွန်းအားကြီးပြီး နီးစပ်ကာ ငြိစွန်းမှုကြောင့်လည်း လူထွက်သွားကြသည်၊ ကာသိုလ်ဘုန်းကံ ကုန်သွားပြီးဖြစ်၍ သာသနာဘောင်မှာ မပျော်သောကြောင့်လည်း လူဝတ်လဲသွားကြသည်၊ ဤသို့စသောအားဖြင့် အကြောင်းအမျိုးမျိုး ရှိကြပေသည်။

ထိုအကြောင်းအမျိုးမျိုးတွင် အမျိုးသမီး နှင့် ရင်းနှီးလွန်းပြီး နီးစပ်ငြိစွန်းမှုကြောင့် ထွက်သွားကြသော ပုဂ္ဂိုလ်များနှင့်စပ်၍ ဆရာတော်အား မေးမြန်း လျှောက်ထားခဲ့ပါသည်။

* ဆရာတော်ဘုရား– တစ်ချို့ဘုန်းကြီး ဦးပဉ္စင်းတွေ အမျိုးသမီးနဲ့ ဖြစ်ပျက်ပြီး လူထွက်သွားကြတယ်၊ အဲဒီလို

ဖြစ်ပျက်တဲ့အခါမှာ ဘုန်းကြီး ဦးပဉ္ဇင်း တွေကပဲ စလို့ ဖြစ်ပျက်ကြတာလား?၊ ဒါမှမဟုတ် အမျိုးသမီးတွေကပဲ စလို့ ဖြစ်ပျက်ကြတာလားဘုရား?။

ဤအမေးကို ဆရာတော်က မဖြေပါ၊ ပြုံးရုံသာ ပြုံးပါသည်၊ စာရေးသူက ထပ်ခါတစ်လည်လည် မေးပါသည်။

* ဆရာတော်ဘုရား– ဒီနေရာမှာ ဆရာတော်နဲ့ တပည့်တော် နှစ်ပါးပဲရှိပါတယ်၊ ဘယ်သူမှ မရှိပါ၊ ဆရာတော်ရဲ့ တချို့တပည့်တွေ, တပည့်တော်ရဲ့တချို့ဆရာသမားတွေ လူထွက်သွားကြတာ တွေ့တော့ အဲဒီကိစ္စကို စဉ်းစားမိလို့ပါ ဘုရား၊ ဆရာတော်ထံက အဖြေအဆုံးအမ ဩဝါဒကိုသိရရင် ဆင်ခြင် နိုင်တာပေါ့ဘုရား။

ဤသို့ ထပ်ပြီး လျှောက်ထားလိုက်သောအခါမှသာ ဆရာတော်ကြီးက ဖြေဆိုပါသည်။

♦ တပည့်တော်တို့ တောင်ပြင်မှာ အငြိမ့်ပွဲတစ်ပွဲ လာကကြတယ်၊ အငြိမ့်ပွဲထဲမှာ လူပျက်တစ်ယောက်က ဘုန်းကြီး လုပ်တယ်၊ လူပျက်တစ်ယောက်က တရားသူကြီးလုပ်တယ်၊ လူပျက်တစ်ယောက်ကတော့ မင်းသမီးကို ခေါ်လာပြီး တရားသူကြီးကို အမှုတိုင်တယ်၊ သူ့ရဲ့အမျိုးသမီး (အငြိမ့်မင်းသမီး)နဲ့ ဒီဘုန်းကြီး ဖြစ်ပျက်ကြပါတယ်၊ ဘယ်သူကစလို့ ဖြစ်ပျက်သွားတာလဲ၊ ဘယ်သူမှာ အပြစ်ရှိပါသလဲ? ဆိုပြီး တိုင်တယ်၊ ဒီတော့ လူပျက်တရားသူကြီးက စီရင်ချက်ချလိုက်တယ်။

* ဘယ်လို စီရင်ချက် ချလိုက်ပါသလဲ ဘုရား?

♦ လူပျက်တရားသူကြီးက ဘုန်းကြီးနဲ့ အမျိုးသမီး ဘယ်သူက စသလဲဆိုရင် ဝိနည်းသိက္ခာပုဒ်မှာ **"အယင်စ ဘိက္ခု"** လို့ရှိတယ်၊ ဒီတော့ ဘုန်းကြီးက အယင်စတာပဲ၊ ဘုန်းကြီးမှာပဲ အပြစ်ရှိတယ်လို့ စီရင်ချက် ချလိုက်သတဲ့။ ဆရာတော်ကား ဤသို့ပြောပြီး ရယ်နေပါသည်၊ အရယ်ရပ်ပြီး ပြောလိုက်ပါသေး၏။

ဦးနာရဒ– ခုလိုပြောလိုက်လို့ တပည့်တော်ကို အငြိမ့်တွေ ဇာတ်တွေ ကြည့်တယ်လို့ ထင်မသွားနဲ့ဦးနော်၊ တပည့်တော် ငယ်ငယ်ထဲကိုက အငြိမ့်တွေ, ဇာတ်တွေကြည့်တာ မဟုတ်ဘူး၊ အခု အငြိမ့်ဇာတ်လမ်းကို အမရပူရ ဆရာတော်ပြောပြလို့ သိရတာပါ။ ဤသို့ ပြောပြပြီးနောက် ဆက်ပြီး အမိန့်ရှိပါသေးသည်။

ဦးနာရဒရယ်– ရဟန်းသိက္ခာ ဣန္ဒြေသမာဓိနဲ့ နေတဲ့ ဘုန်းကြီးတစ်ပါးကို ဘယ်အမျိုးသမီးက စ, ရဲပါမလဲ? ရဟန်းသိက္ခာ ဣန္ဒြေသမာဓိမရှိလို့သာ အမျိုးသမီးကို သွားစတာပဲ၊ သွားစလိုက်ရင်တော့ သူကလည်း ပြန်စမှာပဲ၊ ဒီလိုဆိုရင် သူစ, ကိုယ်စနဲ့ ကြာရင်နီးစပ်မှု ရင်းနှီးမှုတွေ များလာပြီး ဖြစ်ပျက်သွားတော့တာပါပဲ။

မှတ်ချက် –

* ဝိနည်းသိက္ခာပုဒ်ပါဠိ၌ **"အယဥ္စ ဘိက္ခု"** ဟုရှိသည်။

* ဒါကို လူပျက်တရားသူကြီးက မြန်မာအသံထွက်ဖြင့် **"အယင်စ ဘိက္ခု"** ဟု ဖတ်သည်။

* **ဘိက္ခု** ဟူသော ပါဠိသည် ရဟန်းဟူ၍ အဓိပ္ပာယ်ရသဖြင့်" ရဟန်း (ဘုန်းကြီး)က အယင်စသည်" ဟူ၍ လူပျက်တရားသူကြီးက ဆုံးဖြတ်ခြင်းဖြစ်သည်။

* မည်သို့ပင် ဖတ်သည်ဖြစ်စေ ဆရာတော်၏ အဆုံးအမဩဝါဒအရ ရဟန်းသိက္ခာ ဣန္ဒြေ သမာဓိနှင့်နေလျှင် အန္တရာယ်ကင်းသည်ဟူ၍ သိနားလည်ရပါသည်။

## (၆) (က) ဂုဏ်ပြုပွဲ အလုပ်မခံသော ဆရာတော်

နိုင်ငံတော်မှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ရရှိကြသည့် ဆရာတော်အများစုသည် တပည့်တပန်း ဒကာ, ဒကာမ တို့၏ ဂုဏ်ပြုပွဲလုပ်လျက် ပူဇော်မှုကို လက်ခံကြ၏၊ တချို့ဘွဲ့ရ ဆရာတော်တို့ကား တပည့်တပန်း ဒကာ, ဒကာမတို့ကို အတင်းအကြပ်ပင် ဂုဏ်ပြုပွဲ လုပ်ခိုင်းကြ၏၊ ထင်ပေါ်ကျော်ကြားအောင် ကြော်ငြာကြသည်၊ ဆရာတော်သည်ကား ထိုသို့မဟုတ်ပါချေ။

နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တော်တို့ကို ရရှိသောအခါ တပည့်ဒကာ၊ ဒကာမတို့က ဂုဏ်ပြုပွဲလုပ်လျက် ပူဇော်ချင်ကြ၏၊ ထိုအကြောင်းကို ဆရာတော်အား လျှောက်ထားလာကြ၏၊ ဆရာတော်က လက်မခံခဲ့ချေ။

ဆရာတော်သည် ကမ္ဘာအေးဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲမှ ရရှိလာသော နဝကမ္မတို့ကိုလည်း ကိုယ်ကျိုးအတွက် မသုံးစွဲပါပေ၊ ဗန်းမော်ဆရာတော်နှင့် ပခန်းဆရာတော်တို့၏ **"ဝိနိစ္ဆယကထာကျမ်း၊ ခန္ဓာဘေဒဝိဘာဝနီကျမ်း"**တို့ကို ရိုက်နှိပ်လျက် လှူဒါန်းခဲ့လေသည်၊ ထို့အပြင် နောင်တော်ဖြစ်တဲ့ အမရပူရဆရာတော်၏ ဝိနည်းမှတ်စု နိယံအဖြေမှတ်စု တို့ကိုလည်း **"ဝိနယပါဠိပါရဂူကျမ်း၊ ရွှေရေးဆောင်နိယံ အဖြေသစ်ကျမ်း"** အမည်ဖြင့် ရိုက်နှိပ်ပြီး သံဃာတို့အား လှူဒါန်းခဲ့ပေသည်။

အများသူငါ ဘွဲ့တံဆိပ်လိုချင်ကြ ဂုဏ်ပြုပူဇော်ပွဲ လုပ်ခံချင်ကြတဲ့ ဘွဲ့ဂုဏ်လောကမှာ နယားဆရာတော်ကဲ့သို့ ဂုဏ်ပြုပူဇော်ပွဲ အလုပ်မခံသော ဂုဏ်မမက်သော ဆရာတော်တစ်ပါးရှိခဲ့ဖူးသည်ဟူ၍ သာသနာ့သမိုင်းတွင် မော်ကွန်း တင်လျက် ကျန်ရစ်ခဲ့ပေသည်။

ထိုမျှသာ မကသေးပါ ဆရာတော်ရိုက်နှိပ်လှူဒါန်းလိုက်သော **"ဝိနိစ္ဆယကထာကျမ်း"** စသည်တို့ကို ဖတ်ရှု လေ့လာကြပြီး ဝိနည်းကျွမ်းကျင် ဝိနည်းဓိုရ်ပညာရှင်များလည်း ပေါ်ထွက်လာသေး၏၊ **"ဝိနယပါဠိပါရဂူ"** အမေးအဖြေ ကျမ်းကို လေ့လာသော ပါဠိဂုဏ်ထူးတန်းမှ စာသင်သားများလည်း **"ဝိနယပါဠိပါရဂူ"** ဘွဲ့အောင်ပန်းကို ဆင်မြန်း ရရှိလိုက်ကြသေး၏၊ ဤကား ဂုဏ်မမက်သော ဆရာတော်ထံမှ ဂုဏ်ထူးရှင်ပညာရှင်များ ပေါ်ထွက်လာကြခြင်း ဖြစ်ပေသည်။

## (၆) (ခ) မွေးနေ့ပွဲ မလုပ်သော ဆရာတော်

နာမည်ကြီးဆရာတော် ခပ်များများသည်၊ မွေးနေ့ပွဲကို ကြီးကြီးကျယ်ကျယ် ပြုလုပ်လေ့ရှိကြ၏၊ မြတ်သော မွေးနေ့ပွဲများပင် ဖြစ်ကြသည်၊ စာရေးသူ မန္တလေးသို့ရောက်ခိုက်တွင် ဆရာတော်က တိုက်ထဲမှ သမ္မုတိ ဆရာတော်တို့အား လှူဖွယ်ပစ္စည်း မျိုးစုံတို့ကို မဲဖောက်လျက် လှူဒါန်းနေသည်၊ ညနေပိုင်းတွင် ဆရာတော်ထံရောက်သွားပြီး နေ့လည်ပိုင်းက အလှူနဲ့ဆက်စပ်ပြီး မေးမြန်းလျှောက်ထားဖြစ်သည်။

- ✱ ဆရာတော်ဘုရား နေ့လည်က လှူဖွယ်ဝတ္ထုပစ္စည်းတွေကို လှူဒါန်းတာ မွေးနေ့အလှူအဖြစ် လှူဒါန်းတာလား ဘုရား?
- ♦ မဟုတ်ပါဘူး၊ လှူဖွယ်ဝတ္ထုပစ္စည်းတွေ ထိုက်သလောက်ရှိလာတာနဲ့ မဲဖောက်ပြီး လှူဒါန်းလိုက်တာပါပဲ။
- ✱ တချို့ ဆရာတော်တွေကတော့ မွေးနေ့ပွဲလုပ်ပြီး မွေးနေ့ကြမှ လှူဒါန်းတတ်ကြတယ်။ ဆရာတော်ကော မွေးနေ့ပွဲ မလုပ်ဘူးလားဘုရား?
- ♦ ဦးနာရဒရယ် မွေးနေ့ပွဲလုပ်ပြီးမှ လှူတာက လူညံ့တွေရဲ့အလုပ်ပဲ၊ တပည့်တော်ကတော့ မွေးနေ့အထိ စောင့်မ နေဘူး၊ အချိန်ဆွဲမနေဘူး၊ အဆင်သင့်တဲ့အချိန် လှူဒါန်းလိုက်တာပဲ၊ လှူဖြစ်ဖို့က အဓိကပါ၊ မွေးနေ့က အဓိက မဟုတ်ပါဘူး။

ဤသို့ ဆရာတော်ထံမှ ကြားလိုက်ရသောအခါ အံ့သြသွားမိပါသည်၊ အလွန်ထင်ရှားကျော်ကြားသော ဆရာတော်တစ်ပါးသည် မွေးနေ့ကြမှ မွေးနေ့ပွဲလုပ်ပြီး လှူဒါန်းမည်ဟုဆိုကာ ရရှိထားသည့် သက်န်းစသော လှူဖွယ်ဝတ္ထု ပစ္စည်းများစွာတို့ကို အကြီးအကျယ်စုဆောင်းထား၏၊ သို့သော် မွေးနေ့မရောက်ခင်မှာပင် မရဏတရားအရ ပျံလွန်တော်မူ သွားရရှာ၏၊ ထို့ကြောင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အန္တိမဈာပနပွဲမှာ လှူဒါန်းလိုက်ရ၏၊ ကုသိုလ်မဦးခင် အသေက ဦးသွားခြင်းဖြစ်၏၊ သင်ခန်းစာများစွာ ယူမိပါ၏။ ဤဆရာတော်အဖြစ်အပျက်ကို သိထားတဲ့စာရေးသူအဖို့မှာ နယားဆရာတော်ရဲ့ အယူအဆကို လက်ခံသဘောကျမိပါသည်၊ နယားဆရာတော်ရဲ့အယူအဆကား မြတ်စွာဘုရားရှင်၏ **"အဘိတ္ထရေထ ကလျာဏေ = ကုသိုလ်ကောင်းမှုတွေကို မြန်မြန်ပြုကြ"** ဟူသော တရားတော်နှင့်လည်း ကိုက်ညီ

ပါပေသည်၊ လူညံ့တစ်ယောက်မဟုတ်တော့ဘဲ လူတော်တစ်ဦးလည်း ဖြစ်သွားနိုင်ပါပေသည်။

## (၆) (ဂ) ဆရာတော်နဲ့ ရေခဲသေတ္တာ

အလှူရှင် ဒကာ, ဒကာမတို့က ဆရာတော်တို့အား ရေခဲသေတ္တာ လှူဒါန်းလေ့ရှိကြ၏၊ ထိုရေခဲသေတ္တာ အတွင်း၌ အစားအာဟာရတို့ကို ထည့်သွင်းထားလေ့ရှိကြ၏၊ ရေခဲသေတ္တာအတွင်းမှ အစားအာဟာရတို့ကား လျှပ်စစ်မီးကြောင့် မပုပ်မသိုးပဲ ကြာရှည်စွာ အထားခံကြခြင်း ဖြစ်သည်၊ သို့ဖြစ်၍ မီးခလုတ် နှင့် ရေခဲသေတ္တာကို ဆက်သွယ်၍ ထားကြသည်။

ရေခဲသေတ္တာအတွင်းမှ တချို့အစားအာဟာရတို့ကို ဒန္တပေါဏသိက္ခာပုဒ်အရ အကပ်ခံပြီးမှ ဘုဉ်းပေးရ၏၊ တချို့အစားအာဟာရတို့ကား ရဟန်းတော်များအနေဖြင့် မွန်လွဲပိုင်းတွင် ကိုင်ခွင့်ပင်မရှိပေ၊ ကိုင်ယူပါက ဝိနည်းအပြစ် အာပတ်သင့်နိုင်ပေသည်၊ ထို့ကြောင့် ဆရာတော်၏ကျောင်းတွင် ရေခဲသေတ္တာနှင့် ဆက်သွယ်ထားသော မီးပလပ်ခုံ၌ ဤသို့ စာရေးသား ကပ်ထားသည်ကို မြင်တွေ့ရပါသည်။

**"ရဟန်းတော်များ ရေခဲသေတ္တာနှင့် မီးခလုတ်များကို မကိုင်ရ"**

## (၆) (ဃ) ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများကပင် ကြည်ညိုရသူ

ဆရာတော်သည် အလယ်တိုက်ကြီးဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ၊ သာသနာ့ဇောတိကာရုံဆရာတော် ဘဒ္ဒန္တနာရဒ၊ ဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တယောသိတ စသော မဟာထေရ်တို့ထံတွင် ဝိနိစ္ဆယ အဆုံးအဖြတ်များစွာကို သင်ယူခဲ့ရသဖြင့် အဆုံးအဖြတ် ဝိနိစ္ဆယရေးရာတွင် အထူးကျွမ်းကျင်တော်မူသည်၊ ထို့ကြောင့် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီးက တာဝန်ပေးသော - **ဝိဝါဒါဓိကရဏ်းအမှု၊ အနုဝါဒါဓိကရဏ်းအမှု** တို့ကို ဆုံးဖြတ်ခဲ့ရသည်၊ ထို့အပြင်- **ဝိဋကဝိသောဓနီကျမ်း၊ ဓမ္မဘဏ္ဍာဂါရိကာဒိဝိနိစ္ဆယကျမ်း** စသည့် ဝိနိစ္ဆယ အဆုံးအဖြတ်ကျမ်းတို့ကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကား နယားဆရာတော်ထက် အသက်ဝါကြီးတော်မူသည်၊ မင်းကွန်း တိပိဋကဓရဆရာတော်ထံသို့ တချို့ဆရာတော်များက ဝိနည်းအဆုံးအဖြတ်ကို လာရောက်မေးမြန်းကြ၏၊ ထိုအခါ မင်းကွန်း တိပိဋကဓရဆရာတော်က -

* ထိုဆရာတော်တို့အား "ဤပြဿနာကို မန္တလေးမှ နယားဆရာတော်ကို မေးခဲ့ပါသေးသလား"ဟု ပြန်လည်၍ မေးမြန်းလေ့ရှိ၏ ?
- နယားဆရာတော်က အဆုံးအဖြတ် ပေးလိုက်တယ်ဆိုရင် "နယား ဆရာတော် ဆုံးဖြတ်တဲ့အတိုင်းပဲမှတ်ပါ" ဟူ၍ ဖြေကြားလေ့ရှိသည်။

**ဤကား နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးက ဝိနိစ္ဆယရေးရာနှင့် ပတ်သက်၍ နယားဆရာတော်အား လေးစားကြည်ညိုမှုပင် ဖြစ်သည်။** အကျိုးတော်ဆောင်ချုပ် ဆရာတော်သာမဟုတ်၊ ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီးကလည်း နယား ဆရာတော်အား လေးစားကြည်ညိုသည်သာ ဖြစ်၏၊ စာရေးသူသည် နယားဆရာတော်အား ရဟန်းဒါယကာ ဦးလှသောင်း + ဒေါ်လုံ့လုံ့ဝင်း မိသားစုနှင့်အတူ မင်းဘူးရွှေစက်တော် စန္ဒကူးနံ့သာ ကျောင်းတော်ရာသို့ ပို့ပေးရန် ပြင်ဆင်နေ၏၊ ထိုအချိန်တွင် ဥက္ကဋ္ဌဆရာတော်ကြီးသည် နယား ဆရာတော်နေသည့် ပုပ္ဖဝိဒေဟဆောင်အခန်းသို့ ကိုယ်တိုင်ကြွလာပြီး- **နယားဆရာတော် မင်းဘူးရွှေစက်တော်ကို သွားဖူးမယ်လို့ကြားတယ်၊ ဟိုမှာ ခုအချိန်ဆို ညပိုင်း အေးတယ်၊ ဒီသိုးမွေးခြုံထည်လေးကို အလှူခံပါ၊ ဟိုရောက်ရင် ခြုံပေးပါဘုရား - ဟူ၍ လျှောက်ထားပြီး လှူပါသည်။**

နယားဆရာတော်ကား ဤသို့ပင် မိမိထက် အသက်, သိက္ခာ, ဝါ, ရာထူးကြီးမားသည့် ထေရ်ကြီး, ဝါကြီး ဆရာတော်ကြီးများ၏ ကြည်ညိုလေးစားမှုကို ခံယူတော်မူရသည်။

## (၇) တူသော အကျိုးကိုပေးခြင်း

ကံတရား၏ အကျိုးပေးမှုနှင့်စပ်၍ နိယာမစကားတစ်ခုရှိ၏၊ **"စေနေတိ သဒိသံ ပါကံ = အကြောင်းကံနှင့် တူသော အကျိုးကိုပေး၏"** - ဟူ၍ အဓိပ္ပာယ်ရသည်၊ ဤအယူအဆကို အများက လက်ခံသလို စာရေးသူလည်း လက်ခံပါ၏။ သို့သော် နယားဆရာတော်နဲ့ ပတ်သက်၍မူ ဤအယူအဆကို သံသယဖြစ်လာမိသည်၊ အကြောင်းမှာ နယား ဆရာတော်ပျံလွန်တော်မူပြီးခါစကပင် **နယားဆရာတော်၏ သာသနာပြုသမိုင်း မှတ်တမ်းစာအုပ်** ကို ရေးသား ထုတ်ဝေပါရန် ဆိုင်ရာပုဂ္ဂိုလ်တို့အား လျှောက်ထားခဲ့ပါ၏၊ အကြောင်းကြောင်းကြောင့် ထိုပုဂ္ဂိုလ်တို့က ငြင်းပယ်လိုက်ခဲ့ ကြ၏၊ ထိုအခါ အကြောင်း, အကျိုးကို ဆက်စပ်ပြီး စဉ်းစားလေ့ရှိသော စာရေးသူမှာ အထက်ပါ အယူအဆကို သံသယဝင်လာခြင်း ဖြစ်သည်။

ဝင်လာပုံမှာ -

နယားဆရာတော်သည် မိမိဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲမှ ရရှိသော နဝကမ္မအလှူငွေများဖြင့် (အထက်မှာ ဖော်ပြခဲ့ပြီး) ရှေးဆရာတော်တို့၏ **ဝိနိစ္ဆယကထာကျမ်း, ဓနုဘေဒဝိဘာဝနီကျမ်း, ပါဠိပါရဂူကျမ်း, ဈေးရေး ဆောင်နိယာမ်အဖြေသစ်ကျမ်း** တို့ကို ကြီးကြပ်ရိုက်နှိပ်လျက် သံဃာတော်တို့အား လှူဒါန်းခဲ့ခြင်းအကြောင်း ကုသိုလ် ကံကို ပြုလုပ်ထားသူဖြစ်၏၊ ဒီလို စာအုပ်အမျိုးမျိုး ကြီးကြပ်ရိုက်နှိပ်လှူဒါန်းခဲ့ခြင်း ကုသိုလ်ကံရှိထားသူအား တူသော အကျိုးအနေဖြင့် ဆရာတော်၏ သာသနာပြုသမိုင်းမှတ်တမ်းစာအုပ်ကို ရေးသားထုတ်ဝေလျက် အမှန်တကယ် ကျေးဇူး ဆပ်သင့်သည်သာဖြစ်၏၊ သို့သော် စာအုပ်ကို တာဝန်ယူပြီး စီစဉ်မည့်သူ မရှိသဖြင့် စာအုပ်ပေါ်ထွက် မလာရကား **"စေနေတိ သဒိသံ ပါကံ"** ဟူသော အယူအဆကို သံသယဝင်လာရခြင်း ဖြစ်သည်။

ယခုမူ - ဦးအောင်မြင့်ထွန်းက တာဝန်ယူကာ အပတ်တကုတ် ကြိုးပမ်းစီစဉ်မှုကြောင့် စာအုပ်ဖြစ်ပေါ်လာတော့ မည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရပြီဖြစ်သဖြင့် နယားဆရာတော်အား တူသောအကျိုးပေးလေပြီဟု သိလိုက်ရသည်။ ထို့ကြောင့် **"စေနေတိ သဒိသံ ပါကံ"** ဟူသော အယူအဆကိုလည်း သံသယပြယ်ပြီး သန္နိဋ္ဌာန်ကျ ယုံကြည်လက်ခံ လိုက်ပါသည်၊ ဦးအောင်မြင့်ထွန်း ကိုလည်း တကယ်ကို အများကြီး အထူးကျေးဇူးတင်ရှိပါသည်။ ဝမ်းမြောက်စွာ အကြိမ်ကြိမ် သာဓုခေါ်ဆိုမိပါသည်။

ဆရာတော်ကြီးများ၏ အဆုံးအမဩဝါဒများသည် သာသနာတော် ကို ထိန်းသိမ်း စောင့်ရှောက်နိုင်စွမ်း ရှိကြပါပေသည်၊ ဗုဒ္ဓသာသနာ တည်တံ့သမျှ ကာလပတ်လုံး နယားဆရာတော်၏ သာသနာသည် လည်း အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါလိမ့်မည်ဟူ၍ ယုံကြည်လေးစား ကုသိုလ်ပွားများကာ ကြည်ညိုမိပါတော့သတည်း။

သာသနာနှစ် - ၂၅၅၂ ခုနှစ်၊<br>
မြန်မာနှစ် - ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း (၁၄)ရက်၊<br>
ခရစ်နှစ် - ၁၇-၆-၂၀၀၈၊ အင်္ဂါနေ့။

အရှင်နာရဒါဘိဝံသ<br>
(လှရတနာ ဆရာတော်)<br>
ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်မြို့။<br>
ဖုန်း - ၀၁- ၅၄၉ ၈၈၄၊<br>
၀၉ ၅၀၄ ၄၉၃၀။

## ၆။ ဆရာတော်၏ ရဟန်းဒါယိကာမ ဖြစ်ရကျိုး ကုသိုလ်များ (ရဟန်းအစ်မ ဒေါ်လှဲ့လှဲ့ဝင်း)

### (၁) ဆရာတော်အား စတင်ဖူးမြော် ကြည်ညိုခွင့်ရခြင်း

ခရစ်နှစ် ၁၉၉၂–ခုနှစ်၊ ဧပြီလထဲတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်အတွင်း၌ ဦးလေးသဖွယ် ခင်မင်လေးစားရသော ဦးလေးရှမ်း မိသားစုသည် လှူရတာနာကျောင်းသစ်ကို ရေစက်ချလှူဒါန်းအောင်မြင်ခဲ့ပါသည်။ အဆိုပါရေစက်ချပွဲတွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နယားကျောင်းမှ နယားဆရာတော်ဘုရားအား ရဟန်းသံဃာတော်များ ဝန်းရံလျက် လူပရိသတ်များ၏ အလယ်တွင် ကျွန်မသည် နောက်ဆုံးမှနေ၍ စတင်ဖူးမြော် ကြည်ညိုခွင့် ရခဲ့ပါသည်။

ထိုသို့၊ ဆရာတော်ဘုရားအား ဖူးမြော်နေခိုက်မှာပင် ကျွန်မအား ရှေ့သို့တိုးလာရန် မိန့်ကြားသဖြင့် ဆရာတော်ဘုရားရှေ့မှောက်သို့ ရောက်ရှိသွားခဲ့ပါသည်။ ဆရာတော်ဘုရား၏ ကြည်လင်အေးမြသော အပြုံး၊ ငြိမ်းချမ်းသောမျက်နှာတော်ကို ဖူးမြော်ခွင့်ရလိုက်သည့် တစ်ခဏအတွင်းမှာပင်၊ ကျွန်မ၏ စိတ်ထဲတွင် ဆရာတော်ဘုရားအား ကြည်ညိုလေးစားစိတ်နှင့်အတူ ရင်ထဲတွင် ငြိမ်းချမ်းခြင်းတို့ကို တစ်ပြိုင်နက်တည်း တဖွားဖွား ခံစားရလိုက်မိပါသည်။

ကျွန်မတို့ မိသားစုသည် ရှမ်းတရုတ်နွယ်ဝင် ဗုဒ္ဓဘာသာများဖြစ်ကြသည့်အားလျော်စွာ ဘာသာရေးနှင့်ပတ်သက်၍ အားနည်းခဲ့သည်ကို ရိုးရိုးသားသား ဦးစွာဝန်ခံပါသည်။ ဆရာတော်ဘုရားအား ကြည်ညိုခွင့်ရပြီးသည့်နောက်ပိုင်းမှ အစပြုကာ ဆရာတော်ထံ အနီးကပ်ဆည်းကပ်ခွင့် ရရှိလာခဲ့ပါသည်။ ဤသို့ဖြင့် ဘာသာရေးနှင့် ပတ်သက်သော မသိနားမလည်သည်များကို မေးလျှောက်ခွင့်ရပြီး၊ တန်ဖိုးမဖြတ်နိုင်သော ဘာသာရေး အသိတရားများကိုတဖြည်းဖြည်းပို၍ သိရှိနားလည်ခွင့်ရခဲ့သဖြင့် အလွန်တစ်ရာမှ ကျေးဇူးတင်ဝမ်းမြောက် ပီတိဖြစ်မိပါသည်။

ထို့ကြောင့်၊ ကျွန်မသည် ဆရာတော်ဘုရားအား ကြည်ညိုလေးစားရုံမျှဖြင့် အားမရနိုင်တော့ပေ၊ ခရစ် ၁၉၉၅–ခုနှစ်တွင် ကျွန်မနှင့်ခင်ပွန်း ဦးလှသောင်း၊ သား– သိန်းဇော်ဝင်း၊ သမီး– သီတာခင်မျိုးသောင်း သာသနာထောက်ပံ့မိသားစုတို့မှ ဆရာတော်ဘုရားအား ရဟန်းခံ သိမ်ထပ်ရန် အခွင့်အလမ်းထူးတစ်ရပ် ရရှိခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးသို့ ဆရာတော်ဘုရား အစည်းအဝေးကိစ္စဖြင့် ကြွရောက်လာသည့်အခါတိုင်း (စတင်ကြွရောက်သည့်နေ့မှ မန္တလေးသို့ ပြန်လည်ကြွသွားသည့်နေ့ထိ) ဘုန်းဘုန်း အရှင်နာရဒါဘိဝံသ (လှူရတာနာကျောင်းဆရာတော်) နှင့်အတူ နေ့စဉ် ဆွမ်းချိုင့် သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ဆရာတော်ဘုရားက ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ရေစက်ချ၊ အမျှဝေ, ဆုံးမဩဝါဒစကားများ ချီးမြှောက်ခဲ့ရာ– ရရှိသော ဝမ်းသာပီတိနှင့် ကုသိုလ်များမှာ ယခု စာရေးနေသည့်တိုင် အသည်းနှလုံးထဲတွင် အမှတ်ရ စွဲနေမိပါသည်။ တစ်ခါတစ်ရံဆရာတော်ကြီးအား စကားစမြည်ပြောဆိုရင်း အခါအခွင့်သင့်သည့်အခါ ကျွန်မသိလိုသည်များကို မေးလျှောက်ခွင့်ရရှိခဲ့ပါသည်။ ဆရာတော်က စိတ်ရှည်စွာဖြင့် ဩဝါဒပေး ဖြေကြားခဲ့ပါသည်။ ဆရာတော် ဘုရားအား မေးလျှောက်ခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ စာရှုသူများ မျှဝေခံစားနိုင်စေရန် အောက်တွင် ဆက်လက် ရေးသား တင်ပြပါရစေ။

* ကျွန်မ၏ ဆိုင်ရှေ့တွင် နံနက်တိုင်း ဆိုင်မဖွင့်မီ သံဃာတော်တစ်ပါး အမြဲလိုလို ရောက်ရှိနေတတ်သည်။ အလုပ်သမားများမှာ ဆိုင်ခင်းကြရန် နံနက် ၄ နာရီ တံခါးဖွင့်သည်နှင့် တစ်ပြိုင်နက် ဆိုင်အတွင်းသို့ ဝင်ရောက်လာကာ အရဏ်ဆွမ်းကပ်ရန် မိန့်ကြားပါသည်။ (၎င်းဘုန်းကြီးမှာ ခြေမျက်စိထိ ဗွက်များပေကျံနေပြီး သင်္ကန်းမှာလည်း ညစ်ပေ၍ ဥပဓိရုပ်မှာလည်း ကြမ်းတမ်းလှသည်ဟု ထင်မြင်မိပါသည်။) သို့သော်၊ ကျွန်မတို့သည် ဆွမ်းကို ရိုရိုသေသေပင် ကပ်လှူခဲ့ပါသည်။(ဆိုင်ဖွင့်ချိန်မှာ နံနက် ၆ နာရီ မှ ညရနာရီ ထိဖြစ်သည်)
* နောက်ဘုန်းကြီးတစ်ပါးမှာ နေ့လည်မွန်းလွဲ သုံးနာရီခန့်တွင် မကြာခဏဆိုသလို ဆိုင်သို့ရောက်ရှိလာတတ်ပြီး နေ့ဆွမ်းအလှူခံ ဘုဉ်းပေးလေ့ရှိပါသည်။ ၎င်းဖြစ်စဉ်များနှင့်ပတ်သက်၍ စိတ်ထဲတွင်မရှင်းလင်းသဖြင့် ဆရာတော် ဘုရားထံ မေးလျှောက်ကြည့်မိပါသည်။ ဆရာတော်ဘုရားက ကျွန်မအား ၎င်းသံဃာတော်များ

အပေါ် ဆွမ်းကပ်ရာတွင် စိတ်ထဲ၌ မည်သို့ရှိသနည်း? ဟု ပြန်လည် မေးခွန်းထုတ်ခဲ့ပါသည်။

တပည့်တော်မ၏ စိတ်ထဲတွင် ဆွမ်းများကို ရိုရိုသေသေ ဆက်ကပ်လှူနှန်းလိုစိတ်သာ ရှိပါသည် ဘုရားဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်က သံဃာတော် အတု, အစစ် မခွဲခြားပဲ၊ သံဃာဂုဏ်တော်ကို ရည်မှန်း၍ သံဃာတော်အတုမှန်း သိပါသော်လည်း သက်နိုးကို ရိုသေစွာ စိတ်အာရုံညွတ်ပြီး ဆွမ်းကပ်လှူခြင်းဖြင့် ရရှိသောကုသိုလ်သည် သံဃာအစစ် အမှန်ကို ဆွမ်းကပ်ပြီး ရရှိသော ကုသိုလ်နှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်ဟု မိန့်ကြား လမ်းညွှန်ခဲ့ပါသည်။

ဆရာတော်ဘုရားသည် (ကျွန်မ ကျန်းမာရေးမကောင်းခဲ့စဉ်က) ကျွန်မအား လူဖြစ်လာလျှင် လူဖြစ်ကျိုးနပ်စေရန် ကုသိုလ်ဖြစ်အောင် နေထိုင်နည်းကို ဥပမာပြ၍ ဆုံးမဩဝါဒ ပေးပါသည်။ ကောင်းကင်တွင် မြားနှစ်စင်းဆုံရန်မှာ လွယ်ကူသော်လည်း လူဖြစ်ရန်မှာမူ အလွန်အင်မတန်မှပင် ခက်ခဲပြီး မလွယ်ကူကြောင်းကို မိန့်ကြားခဲ့သည်မှာ အထူး မှတ်သားဖွယ်ရာ ကောင်းလှပါသည်။ ဆရာတော်ဘုရားသည် ကျွန်မတို့မိသားစုအား နေ့စဉ်ဘုရားမှန်မှန် ရှိခိုးရန် –

* တစ်နေ့ကို တစ်ကြိမ် ရှိခိုးနိုင်ပါက တစ်ကြိမ်ကို မပျက်မကွက် ရှိခိုးရန် နှင့်

* ဘုရား, တရားကို အမြဲမေ့မေ့လျော့လျော့မနေဘဲ အစဉ်မပျက် နှလုံးသွင်းဆင်ခြင်ရန်တို့ကိုပါ ဆုံးမဩဝါဒ ပေးခဲ့ပါသည်။ ဘုရားရှိခိုးနည်း စာသားကိုလည်း ကိုယ်တိုင်ရေးသား ချီးမြှင့်ရေးသားပေးခဲ့ရာ ၎င်းဘုရား ရှိခိုးနည်းကို ကွန်ပျူတာစာစီကာ မိတ္တူကူး၍ ဓမ္မမိတ်ဆွေများနှင့် သူငယ်ချင်းဆွေမျိုးများအား ဖြန့်ဝေခဲ့ပါသည်။ လက်ခံရရှိသူများက အလွန်ပင် အကျိုးကျေးဇူးများကြောင်း တစ်ဆင့်စကား ကြားသိရသဖြင့် ဖရဏာပီတိ ဆီထိပွမ်းပမာ ဖြစ်ခဲ့ရပါသည်။ (၎င်းဘုရားရှိခိုးနည်းကို ဤစာအုပ်၏ စာမျက်နှာ (၉၈) မှ (၉၉) ထိ တွင် ဖော်ပြထားပါသည်။

## (၂) ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်သော နယားဆရာတော်ဘုရား

နယားဆရာတော်ဘုရားကို အနီးကပ်ပြုစုခွင့်အကြိမ်ကြိမ် ရလာသောအခါတွင် ဝိနည်းတရားတော်နှင့် အလွန်ညီသော ဆရာတော်, သတိအမြဲရှိသော ဆရာတော်, အရာရာကို ရောင့်ရဲတင်းတိမ်ပြီး သည်းခံတရားနှင့်ပြည့်စုံကာ အလွန်လေးစား ကြည်ညိုထိုက်သော ရှားရှားပါးပါး ဆရာတော်တစ်ပါးဖြစ်ကြောင်းကို ကျောင်းတော်ရာ ဘုရားဖူးနှင့် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်များတွင် ကုသိုလ်ယူခွင့် လက်တွေ့ရရှိခဲ့ခြင်းက သတိပြု လေ့လာသိရှိမိပါသည်။

ဒကာ, ဒကာမ များက ဆွမ်းနှင့် ဆွမ်းဟင်းများကို ဖွယ်ဖွယ်ရာရာ အမျိုးစုံအောင် ဆက်ကပ်ပါသော်လည်း ဆွမ်းဘုဉ်းပေးရာတွင် ကျန်းမာရေးနှင့် သင့်လျော်မည်ထင်သည့် အစာအာဟာရများကိုသာ ဘုဉ်းပေးလေ့ရှိပါသည်။ ဒကာ, ဒကာမ များက ခေတ်ပေါ်အသုံးအဆောင် ပစ္စည်းများကို မည်မျှပင် ပေါများအောင် ဆက်ကပ်ပါစေ၊ ဝိနည်း တော်နှင့်ညီသည်ဟု ယူဆသည့် အသုံးအဆောင် ပစ္စည်းများကိုသာ ရွေးချယ် သုံးဆောင်လေ့ရှိပါသည်။

ဥပမာ ဆိုရသော် – မွေးဆပ်ပြာကို ဆက်ကပ်လျှင် အသုံးမပြုတော့ပေ။ ကာပေါ်လစ်ဆပ်ပြာနှင့် ရွှေဝါ ဆပ်ပြာကိုသာ အသုံးပြုလေ့ရှိကြောင်း၊ သတိထား မိခဲ့ပါသည်။

ဆရာတော်ဘုရားနှင့်အတူ လုရတနာဆရာတော် ဘုန်းဘုန်း အရှင်နာရဒါဘိဝံသ အား ကျွန်မတို့ မိသားစုက စန္ဒကူးနံ့သာ ကျောင်းတော်ရာ ဘုရားပွဲသို့ ပင့်ဆောင်သွားခဲ့ပါသည်။ (ရန်ကုန်မှ နေ့လည် သုံး နာရီခန့် – ကား စတင်ထွက်သည့် အချိန်မှစ၍ နောက်တစ်နေ့ မွန်းလွဲ တစ်နာရီခန့် ကျောင်းတော်ရာသို့ ရောက်ရှိသည့် အချိန်ထိ) လမ်းတစ်လျှောက်လုံးတွင် ဆရာတော်ဘုရားသည် ကားပေါ်၌ တစ်မှေးမှ မကျိန်းစက်ဘဲ၊ အမှတ်သတိနှင့် လိုက်ပါနေခဲ့ ကြောင်း ဖူးမြင်ရပါသည်။ လမ်းခရီးတွင် အရုဏ်ဆွမ်း ဘုဉ်းပေးရာ၌လည်း ရွာတစ်ရွာ၏ လမ်းဘေးအကြော်ဆိုင်မှ အသင့်ရရှိသော အကြော်ကိုသာ ဘုဉ်းပေးပြီး ရောင့်ရဲတင်းတိမ်နိုင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ကျွန်မနှင့် ယောက်မများက အခြားကား တစ်စီးဖြင့် ကျောင်းတော်ရာသို့ တင်ကြိုရောက်ရှိနေခဲ့ပါသည်။ ကျောင်းတော်ရာ ဆရာတော် ဦးဓမ္မာစာရ နှင့်အတူ နေ့ဆွမ်းကို အကျအနပြင်ဆင်ကာ ဆရာတော်ဘုရားနှင့်အဖွဲ့အား



စန္ဒကူးနံ့သာ
ကျောင်းတော်ရာသို့
ရောက်ရှိခဲ့စဉ်က



မင်းဘူး ရွှေစက်တော်သို့
ရောက်ရှိခဲ့စဉ်က

နယားဆရာတော်ကြီး



အဘိဓဇ ဘွဲ့တံဆိပ်တော်ရ
ညောင်တုန်းကျောင်းတိုက်
ဆရာတော်ကြီး ဘဒ္ဒန္တ သောဘဏ၊
နယားဆရာတော်ကြီး နှင့်
လှုရတနာ ဆရာတော် ဘဒ္ဒန္တ နာရဒ၊
ဦးလှမောင် နှင့် ဒေါ်ခင်နှင်းဝေ
သာသနာပြု မိသားစု





ဦးလှမောင် က နယားဆရာတော်အား
သာသနာ့ကိစ္စများ လျှောက်ထားစဉ်

စောင့်ကြိုနေခဲ့ပါသည်။ သို့သော်လည်း ဆရာတော်ဘုရားတို့ အဖွဲ့သည် ကျောင်းတော်ရာသို့ အချိန်မီ ဆိုက်ရောက်လာခဲ့ခြင်း မရှိပါ။ နေ့ဆွမ်းစားချိန် လွန်ပြီးသောအခါမှသာ ကျောင်းတော်ရာသို့ ရောက်ရှိလာခဲ့ကြပါသည်။

ခင်ပွန်းဖြစ်သူ ဦးလှသောင်း၏ ပြောပြချက်အရ သိရှိရသည်မှာ –

လမ်းခရီးတွင် ရွာတစ်ရွာ၏ ထမင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိချိန်၌ အချိန်မှာ နံနက် (၁၁) နာရီ (၄၅) မိနစ်ခန့် ရှိနေပြီဖြစ်သည်။ ထိုဆိုင်တွင် ဆရာတော်ဘုရားအား အရေးပေါ် နေ့ဆွမ်းကပ်ရန် ပြင်ဆင်ခဲ့ရပါသည်။ ၎င်းဆိုင်အတွင်း၌ ထမင်းနှင့် ဟင်းလျာဆို၍ အဆင်သင့် ဘာမျှမရှိပါ၊ သို့ပါသောကြောင့် လိုက်ပါလာသူများက ဝိုင်းဝန်း၍ ယမ်ယမ် ခေါက်ဆွဲထုပ် တစ်ထုပ်အား ဆရာတော်ထံ ဆက်ကပ်လိုက်ပါသည်။ ဆရာတော်သည် ခေါက်ဆွဲဆွမ်းကို သုံးလေး ဇွန်းမျှသာ ဘုဉ်းပေးနေဆဲ၊ အချိန်မှာ မွန်းတည့် (၁၂) နာရီ ထိုးသွားပါသည်။ ချက်ချင်းပင် ဆွမ်းမဘုဉ်းပေးတော့ဘဲ ရပ်လိုက်ကြောင်းကို လိုက်ပါသူအားလုံး မျက်ဝါးထင်ထင် တွေ့မြင်ကြရသဖြင့် စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ကြရပါသည်။ နောင်တွင် ဆရာတော်ဘုရားနှင့် ခရီးသွားခဲ့လျှင် အချိန်သည် အထူးသတိပြုရမည့် အချက်တစ်ခု ဖြစ်သည်ဟု သင်ခန်းစာတစ်ရပ် ရလိုက်မိပါသည်။

ကျောင်းတော်ရာ ဆရာတော်နှင့် ကျွန်မတို့အဖွဲ့သည် ဆရာတော်ဘုရား၏ လမ်းခရီးစဉ်တွင် ဆွမ်းကိစ္စ အဆင်ပြေချောမွေ့မှု မရှိနိုင်ဟု ထင်မြင်ယူဆမိခဲ့သည့်အတွက် စိတ်ပူနေကြရသော်လည်း၊ ကျောင်းတော်ရာသို့ မျက်နှာတော် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နှင့် ရောက်ရှိလာသော နယားဆရာတော်ဘုရား၏ မျက်နှာတော်ကို တစ်ဝကြီး ဖူးမြင်လိုက်ရသည့် အခါ စိတ်သောကများ ကြက်ပျောက်, ငှက်ပျောက် လွင့်စင်ပျောက်ကွယ်သွားခဲ့ကြရပေပြီ။ ဆရာတော်ဘုရား စီးနင်း လိုက်ပါလာသော ကားပေါ်တွင် လှရတနာဆရာတော်နှင့်အတူ ကျွန်မ၏ သား– သိန်းဇော်ဝင်း၊ ဝမ်းကွဲ ညီအစ်ကို တော်စပ်သည့် စိုးသက်အောင်၊ အေးမင်းအောင်၊ လင်းထွန်းသက် တို့လည်း အတူတကွ လိုက်ပါလာခဲ့ကြပါသည်။ လမ်းခရီးတစ်လျှောက်လုံးတွင် ဆရာတော်ဘုရားသည် အသက်အရွယ်နှင့် မလိုက်အောင်ပင် ဝိနည်းတော်ကို လေး စားကြောင်း၊ ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင် သည်းခံရောင့်ရဲကြောင်း ပြောပြသဖြင့် သိရှိရကာ ပိုမိုကြည်ညိုလေးစား ကြရပါသည်။

ကျောင်းတော်ရာတွင် သီတင်းသုံးနေထိုင်စဉ်ကာလ တစ်လျှောက်လုံးနှင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည် အထိ ခရီးစဉ်တစ်လျှောက်လုံးတွင် ဆရာတော်ဘုရားသည် မည်သူ့ကိုမျှ သူ့အတွက် ဝီစိကိစ္စာ မများစေဘဲ၊ အချိန်ပြည့် တရားနှလုံးသွင်းကာ အေးအေးချမ်းချမ်းဖြင့် ဆုံးမဩဝါဒများကိုသာ တသွင်သွင်မိန့်ကြားခဲ့သော ဆရာတော်ဘုရား၏ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ကို ကြည်ညိုသဒ္ဓါပွား စိတ်များမှာ တားမရဆီးမနိုင် လောက်အောင်ပင် တိုးပွားလာခဲ့ကြရပါသည်။

## (၃) ဗုဒ္ဓဂယာသို့ ဘုရားဖူးပို့ဆောင် ကုသိုလ်ပြုခွင့်ရခြင်း

ကျွန်မတို့ မိသားစုကသာ ဆရာတော်ဘုရားအား ရဟန်းခံသိမ်ထပ်ခွင့် ရရှိခဲ့ကြသည်မဟုတ်။ မိဘများဖြစ်သည့် ဦးလှမောင် + ဒေါ်ခင်နှင်းဝေ သားသမီး မြေးတစ်စုကလည်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီးတွင် နယားဆရာတော်ဘုရားအား ရဟန်းခံသိမ်ထပ်ခြင်း အလှူကို ထပ်ဆင့်ကုသိုလ်ပြုခွင့် ရရှိခဲ့ပါသည်။ ထိုမျှနှင့်ပင် အားမရသေးဘဲ၊ ခရစ်နှစ် ၁၉၉၈–ခုနှစ်၊ ဖေဖော်ဝါရီလ ထဲတွင် ကျွန်မနှင့် ခင်ပွန်း ဦးလှသောင်း တို့က ဆရာတော်ဘုရားအား (လှရတနာဦးဆောင်သော ကုန်သွယ်ရေးအဖွဲ့နှင့်) အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ ဗုဒ္ဓဂယာသို့ ပင့်ဆောင်သွားခဲ့ကြပါသည်။ ပတ္တနားမြို့၊ မြန်မာကျောင်းသို့ရောက်သော် – ဆရာတော်ဘုရား, ဦးနန္ဒာစရိယ နှင့် ကျွန်မတို့ ဇနီးမောင်နှံမှာ ပတ္တနားကျောင်းတွင် ကျန်ရစ်ခဲ့ကြပါသည်။ လှရတနာဆရာတော် ဦးဆောင်သော အဖွဲ့သည် (ကုန်သွယ်ရေး) ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာ သွားခဲ့ကြပါသည်။

နောက်တစ်နေ့တွင် ကျွန်မတို့အဖွဲ့သည် ကားစင်းလုံးငှားပြီး ခရီးဆက်လက်ထွက်ခွာခဲ့ရာ ယင်းနေ့ညနေပိုင်း လေးနာရီခန့်၌ ဗုဒ္ဓဂယာသို့ ချောချောမောမော ရောက်ရှိခဲ့ကြပါသည်။ ဆရာတော်ဘုရားသည် သီတင်းသုံးရမည့်



နယားဆရာတော်ကြီးအား
သာသနာရေးဝန်ကြီး
ဦးမင်းဂေါင်က
အဂ္ဂမဟာပဏ္ဍိတဘွဲ့
တံဆိပ်တော်
ဆက်ကပ်နေပုံ
၂.၆.၁၉၈၅

သာသနာပြုမိသားစုဦးလှမောင် နှင့် ဇနီး ဒေါ်ခင်နှင်းဝေ
မိသားစု တို့၏ ဆွမ်းအလှူ





နယားဆရာတော်ကြီးအား
ဦးလှမောင် နှင့် ဇနီး ဒေါ်ခင်နှင်းဝေ တို့၏
ကံထပ်အလှူတော်မင်္ဂလာ



နယားဆရာတော်ကြီးအား
ဒါယကာ , ဒါယိကာမများက
သိမ်ဆင်း လောင်းလှူကြစဉ်

အဆောင်တွင်ခေတ္တအနားယူသည်။ထို့နောက်(၇)နာရီခန့်တွင်ဗုဒ္ဓဂယာရှိ သံဃာတော်များ၏ ပို့ဆောင်ပေးမှုဖြင့် မဟာဗောဓိရွှေညောင်ပင်သို့ သွားရောက်ကာ အားပါးတရ ဖူးမြော်ကန်တော့ခဲ့ကြရပါသည်။

နောက်တစ်နေ့ ညနေပိုင်းတွင်လည်း နောက်တစ်ကြိမ် မဟာဗောဓိပင်သို့ ထပ်မံရောက်ရှိခဲ့ပါသေးသည်။ ကျွန်မတို့အဖွဲ့ ဗုဒ္ဓဂယာသို့ ရောက်ရှိနေသည့်အချိန်သည် အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကိစ္စကြောင့် နိုင်ငံရေး မငြိမ်မသက်မှုများဖြင့် ပြည့်နှက်တိုင်ဆိုင်နေပါသည်။ ဆရာတော်ဘုရားသည် အဆိုပါကိစ္စကြောင့် ဘုရားဖူးအဖွဲ့အတွက် စိတ်မအေးနိုင် ဖြစ်နေရကြောင်းကိုလည်း သူ၏ဩဝါဒစကားများမှတစ်ဆင့် သိရှိခွင့် ရခဲ့ပါသည်။

နောက်တစ်နေ့တွင် မဟာဗောဓိစေတီတော်သို့ ကြွရောက်ပါရန် ဆရာတော်ဘုရားအား ထပ်မံလျှောက်ထားသော်လည်း လိုက်ပါကြွရောက်ခြင်း မရှိတော့ပေ။ ဆရာတော်ဘုရား၏ မိန့်ကြားချက်အရ သိရှိရသည်မှာ – သီတင်းသုံးနေသော အခန်းမှပင် နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် မဟာဗောဓိစေတီအား အာရုံပြု၍ ရှိခိုးပူဇော်နိုင်ကြောင်း၊ ဤသို့ ပူဇော်ခြင်းသည်လည်း မဟာဗောဓိစေတီရှေ့တွင် သွားရောက်၍ ဖူးမြော်ကြည်ညိုရသကဲ့သို့ပင် ထပ်တူထပ်မျှ ကုသိုလ်ရနိုင်ကြောင်း ဆုံးမဩဝါဒ ပေးခဲ့သည်မှာ မှတ်သားဖွယ်ရာ ဖြစ်ပါသည်။

ဆရာတော်ဘုရားက ဆက်လက်၍ မိန့်ကြားသည်မှာ – ကျွန်မတို့ ဇနီးမောင်နှံက ဗုဒ္ဓဂယာသို့ တာဝန်ယူပင့်ဆောင်ခဲ့ခြင်းသည် ကျွန်မတို့အတွက် အလွန်တာဝန်ကြီးကြောင်း၊ ဆရာတော်ဘုရား နေထိုင်မကောင်းဖြစ်လျှင်သော်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် တစ်စုံတစ်ရာ ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ ကျွန်မတို့အပေါ်တွင် နိုင်ငံတော်အကြီးအကဲများနှင့် သံဃာတော်များ၏ အပြစ်တင်ပြောဆိုမှု အလုံးစုံပုံကျမည့်အရေးကို ကြိုတင်တွက်ဆ စိုးရိမ်မိသောကြောင့် အသွားအလာ အနေအထိုင် အစားအသောက်မှအစ၊ အစစအရာရာ ဆင်ခြင်နေထိုင်ရကြောင်း မိန့်ကြားသဖြင့် သိရှိနားလည်ခဲ့ရပါသည်။ ကျွန်မတို့ ဇနီးမောင်နှံအပေါ်တွင် ထားရှိသည့် ဆရာတော်ဘုရား၏ မေတ္တာ၊ စေတနာ၊ ညှာတာထောက်ထား ငဲ့ကွက်ပေးမှု အားလုံးတို့ကို သိရှိရသည့်အတွက် အလွန်ပင် ထပ်ဆင့်ကြည်ညို လေးစားမှုကို ခံစားဖြစ်ပေါ်စေခဲ့ရပါသည်။

၎င်း ခရီးစဉ်အတွင်း ဆရာတော်ဘုရား၏ စေတနာထားမှုအပေါ် ဝမ်းသာ၊ ဝမ်းနည်း ဖြစ်ကြရပါသည်။ ဝမ်းသာရသည့် အကြောင်းမှာ – ဗုဒ္ဓဂယာသို့ရောက်ရှိစဉ် ခင်ပွန်းဖြစ်သူမှ ပဥ္စင်းတက်ပြီး ကျွန်မမှာ သီလရှင်ဝတ်၍ ဆရာတော်ဘုရားအား ဝတ်ကြီးဝတ်ငယ် အနီးကပ်ပြုစုခွင့် ရခဲ့သည်။ ဆရာတော် စိတ်နှလုံး ညှိုးနွမ်းရမည့်ကိစ္စ၊ မျက်နှာငယ်ရမည့်ကိစ္စ အဝဝကို ရှောင်ရှားပြီး၊ ဆရာတော် ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့စွာ သီတင်းသုံးနေထိုင်နိုင်ရေးကို အာရုံစိုက် အလေးထား ဂရုမူ ပြုစုခွင့်ရရှိခဲ့သည်။ ယနေ့တိုင် ဤအကြောင်းအရာများကို စဉ်းစားမိတိုင်းလည်း ဝမ်းမြောက်ကြည်နူး ကုသိုလ်ထူး ပီတိပွားရသည်မှာ အကြိမ်ကြိမ်ပင်ဖြစ်သည်။ ဝမ်းနည်းရသည့်အကြောင်းမှာ – အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ နောက်တစ်ကြိမ်ထပ်မံသွားရောက်ရန်သည်၊ ဆရာတော်ဘုရား၏ သက်တော် အရွယ်ရလာပြီဖြစ်သောကြောင့် မလွယ်ကူကြောင်း သိပါသော်လည်း အခြားသောခရီးစဉ်များသို့ လိုက်ပါခြင်းမရှိဘဲ၊ ဗုဒ္ဓဂယာနှင့် ပတ္တနားသို့သာ ရောက်ရှိခဲ့ပြီး ရန်ကုန်သို့ ပြန်လည်ကြွရောက်လာသောကြောင့် ဖြစ်ပါသည်။

ထိုခရီးစဉ်မှ ပြန်လည်ရောက်ရှိပြီးနောက်ပိုင်းမှသာလျှင် ဆရာတော်ဘုရားသည် ရိုးရိုးသာမာန် သက်တော်ရှည် ဆရာတော်ကြီး တစ်ပါးမဟုတ်ပါဘဲ၊ ဘုန်းတန်ခိုးအလွန်ကြီးမားသော နိုင်ငံတော်သံဃမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးတစ်ပါးဖြစ်မှန်း သိရှိခဲ့ရပါသည်။ မကြာမီမှာပင်၊ နိုင်ငံတော် အစိုးရအဖွဲ့က ဆရာတော်အား အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အမြင့်ဆုံးသာသနာပြု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံယူရပါသည်။ ဆရာတော်ဘုရားအနေဖြင့် ဤဘွဲ့တံဆိပ်တော်ကို ရသင့်သည်မှာ ကြာလှချေပြီဟု တစ်ဆင့်စကားကြားသိရသည့်အတွက် အတိုင်းအဆမရှိ ဝမ်းသာပီတိ ဂုဏ်ယူမိခဲ့ရပါသည်။ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကျွန်မတို့မိသားစု၊ မိဘ ညီအစ်ကို မောင်နှမ အားလုံးတို့သည် ဗုဒ္ဓဘာသာတရားအပေါ် နည်းလမ်းမှန်ကန်စွာ လေးလေးနက်နက် ယုံကြည်ကိုးကွယ် ဆည်းကပ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း မှန်သောစကားကို ဆိုပါသည်။ အလှူအတန်းကိုလည်း နည်းစနစ်တကျ လှူဒါန်းတတ်လာခြင်းသည် ဆရာတော်ဘုရား၏ သွန်သင်ဆုံးမ ဩဝါဒ

## နယားဆရာတော်ဘုရားကြီး ၏ မဇ္ဈိမဒေသ (ဗုဒ္ဓဂယာ) ဘုရားဖူးခရီးစဉ်













ပေးမှုကြောင့်သာ ဖြစ်ပါသည်ဟု ဆိုလျှင် မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေသည်။

## (၄) ဈာပနာကာလအတွင်းမှာ အံ့ဩစရာ ထူးခြားမှုဖြစ်စဉ်

နယားဆရာတော်ဘုရား ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူကြောင်း ကျွန်မတို့ မိသားစုအားလုံး ကြားသိရသည့် အချိန်တွင် ရင်ထဲမှာ အစားထိုးမရနိုင်သော အကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ခုကို ဝမ်းနည်း နှမြောတသစွာ ခံစားခဲ့ကြရပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဆရာတော်ဘုရား၏ သာဓုကီဠာန အန္တိမဈာပန နောက်ဆုံးခရီးစဉ်ကို လိုက်ပါပို့ဆောင်ခွင့် မရရှိခဲ့ကြသော်လည်း၊ မိဘများဖြစ်ကြသော ဦးလှမောင် + ဒေါ်ခင်နှင်းဝေ တို့ နှင့်အတူ ဆရာတော်ဘုရား၏ ကြာကလာပ်တော်ကို ပူဇော်ခွင့် ရရှိခဲ့ပါသည်။ ထို့ပြင်၊ သားလေး သိန်းဇော်ဝင်း ကလည်း ဆရာတော်ဘုရား၏ ဈာပနမှတ်တမ်း ဗီဒီယိုကို ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ခြင်းတို့အတွက် မျက်ရည်ကြားမှ ပုလဲရတနာအဖြစ် ဝမ်းသာပီတိ ဖြစ်ခဲ့ကြရပါသည်။ သားလေး၏ ပြောပြချက်အရ သိရှိရသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မဏ္ဍပ်ထဲတွင် ဈာပနအခမ်းအနား ကျင်းပစဉ်ကာလ အညာနွေ၏ သဘာဝ ကဆုန်လ နေဖြစ်၍ ကျစ်ကျစ်တောက် ပူလောင်နေပါသည်။ ဘုန်းတန်ခိုးကြီးသော ဆရာတော်တစ်ပါးဖြစ်၍ ကြွရောက်လာကြသော နိုင်ငံတော်အကြီးအကဲများနှင့် ဧည့်ပရိတ်သတ်တို့မှာလည်း အဆမတန် များပြားလှပါသည်။ သို့ပါ၍ ပန်ကာဖွင့်ထားရုံမျှနှင့်ပင် လုံလောက်ခြင်းမရှိတော့ပေ။ အချို့မှာ ယပ်ခပ် နေကြရသည်။ အခမ်းအနားပြီးပါက ဈာပနမဏ္ဍပ်ထဲမှ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်မည့် ဧရာဝတီမြစ်ကမ်းခြေ သဲသောင်ပြင် လောင်တိုက်ပေါ်သို့ ရောက်သည်အထိ နေပူကြီးထဲတွင် ပို့ဆောင် ကြရပါတော့မည်။ သို့သော် ထိုအချိန် အခမ်းအနားပြီးလို့ ဈာပနမဏ္ဍပ်မှ ရုပ်ကလာပ်တော်ကို ပင့်ဆောင်မည်ပြုသောအခါတွင်မှ ရုပ်တရက် မိုးတိမ်တိုက်ကြီး ပေါ်လာပြီ နေအေးသွားခဲ့ရပါသည်။ လိုက်ပါ ပို့ဆောင်ကြမည့် သံဃာပရိတ်သတ်ကြီးနှင့်အတူ လူထု ပရိတ်သတ်ကြီးမှာ အံ့ဩခြင်းမက အံ့ဩသွားကြရသည်။ ဆရာတော်ရဲ့ သီလ, သမာဓိ, ပညာ ကုသိုလ် တန်ခိုးတော်ကြောင့် နေအေးမှု ဖြစ်ပေါ်လာရခြင်း ဖြစ်မည်ဟူ၍ ယုံကြည်ယူဆမိပါသည်။

ဤအဖြစ်အပျက်ကို ကြားသိရတဲ့ ကျွန်မအဖို့ ဆရာတော်အား နှစ်ကြိမ်တိုင် သိမ်ထပ်ခွင့်ရခဲ့ပြီး ရဟန်းအစ်မဖြစ်ရခြင်းအတွက် တွေးလိုက်မိတိုင်း ဝမ်းသာပီတိ ဖြစ်ရပါသည်။ ထပ်ခါတစ်လည်းလည်း ကုသိုလ်ပွားမိပါသည်။

ထို့အပြင်၊ ကျွန်မနှင့်မိသားစု ညီအစ်ကိုမောင်နှမ အားလုံးတို့သည် ဗုဒ္ဓဘာသာတရားနှင့် ပတ်သက်၍ မျက်စိဖွင့်, နားဖွင့်ပေးခဲ့ပြီး ဘုရားကို တစ်နေ့တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်, သုံးကြိမ် နေ့စဉ် ဘုရားရှိခိုးမြဲစေရန် ဘုရားတရားကို မေ့မေ့လျော့လျော့မနေဘဲ ဘုရား၏ဂုဏ်တော်ကို အမြဲမပြတ် နှလုံးသွင်းနေနိုင်ရန်နှင့် လူဖြစ်လာလျှင် လူဖြစ်ရကျိုးနပ်အောင် နေထိုင်နည်းတို့ကို ဆုံးမဩဝါဒပေးခဲ့သော ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော် အပေါင်းတို့ကို ကျွန်မ၏ရင်တွင်း၌ သေတစ်ပန် သက်ထက်ဆုံးသည့်တိုင်အောင် စွဲစွဲမြဲမြဲ နှလုံးသွင်းထားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားလိုပါသည်။

ယခုတစ်ဖန်၊ ဤစာမူနှင့် နယားဆရာတော်ဘုရားအား ဓမ္မဒါန ဓမ္မပူဇာ ကျေးဇူးဆပ်ပူဇော်ခွင့်, ရေးသားခွင့်, လှူဒါန်းခွင့်, မှတ်တမ်းတင်ခွင့်, ဖြန့်ဝေခွင့်, ကုသိုလ်ထပ်ဆင့် မျှဝေခွင့် ရသည့်အတွက် ထုတ်ဖော်ပြသခြင်းငှာ မစွမ်းနိုင်သော ဝမ်းသာပီတိ ဖြစ်ရပါသည်ဟု တင်ပြရင်း နိဂုံးချုပ် လိုက်ပါရစေလား၊ရှင်။

သာသနာတော်နှစ် - ၂၅၅၂- ခုနှစ်၊
ကောဇာသက္ကရာဇ် - ၁၃၇၀- ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက်၊
ခရစ်နှစ် - ၁-၇-၂၀၀၈ ခုနှစ်၊ အင်္ဂါနေ့။

ရဟန်းအစ်မ
ဒေါ်လှဲလှဲဝင်း
ရန်ကုန်မြို့။

## * စည်းကမ်းဥပဒေ

### ၁။ (၁) နယားကျောင်း စည်းကမ်းဥပဒေ

**(က) ဘုရားဝတ်တက်ခြင်း**

အလွန်အမင်း မကျန်းမာခြင်းမှအပ နေ့စဉ်ဘုရားဝတ်တက်မှန်အောင် (မပျက်မကွက်) လိုက်ရမည်။

**( ခ ) စာပြန်စာတက်ခြင်း**

ဘုရားဝတ်တက်ပြီးလျှင် မူလတန်းနှင့် ငယ်လတ်ကြီး စာမေးပွဲဝင်မည့် ပုဂ္ဂိုလ်အားလုံးသည် အထက်ထပ်တက်ပြီး ည (၉း၀၀)နာရီထိ စာပြန်ရမည်။ နေ့ဘက်မှာ မိမိနှင့်သက်ဆိုင်သော စာဝါတစ်ဝါကိုလိုက်ရမည်။ စာကျက်ရမည်။

**( ဂ ) စာပေသင်ကြားခြင်း**

လောကုတ္တရာပညာကိုသာ သင်ကြားရမည်။ အတန်းစာများ၊ တန္တရ၊ မန္တရ စာများ၊ ဗေဒင်စသည့် လောကီပညာများ မသင်ကြားရ။ သင်ကြားသည်ဟုသိရလျှင် ချက်ချင်းကျောင်းပြောင်းရမည်။

**(ဃ) စာမေးပွဲ ဖြေဆိုခြင်း**

* ဤကျောင်းသို့ ရောက်သည့်နှစ်မှစ၍ ပထမငယ်တန်းနှစ်ကြိမ်၊ ပထမလတ်တန်းသုံးကြိမ်၊ ပထမကြီးတန်းလေးကြိမ် အထိသာ ဖြေဆိုခွင့်ပြုသည်။ သတ်မှတ်ထားသည့် အကြိမ်များအထိ ဖြေဆိုပြီး စာမေးပွဲမအောင်လျှင် ကျောင်းပြောင်းရမည်။
* တိုက်တွင်း သီတင်းအပတ်စဉ် စာမေးပွဲများကို မှန်မှန်ဖြေဆိုရမည်။ သီတင်းအပတ်စဉ် စာမေးပွဲများကို မှန်မှန် ဖြေဆိုခြင်း မပြုလျှင် အစိုးရစာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့် ပြုမည်မဟုတ်ပါ။

**( င ) ဆွမ်းစားချိန်**

နံနက် (၁၀း၃၀)နာရီအချိန်တွင် ဆွမ်းစားကျောင်းသို့လာ၍ ဆွမ်းစားရမည်။ မကျန်းမာသူမှအပ မိမိနေရာတွင် လုံးဝ ဆွမ်းမစားရ။

**( စ ) ရေချိုးခြင်း**

တစ်နေ့ကို နှစ်ကြိမ်ထက်ပိုပြီး ရေမချိုးရ၊ မီးအားမပြည့်၍ ရေစက်မမောင်းနိုင်ခဲ့လျှင် မိမိကျောင်းရေတွင်းမှ ခပ်၍ချိုးရမည်။ ညဘက်မှာ လုံးဝ ရေမချိုးရပါ။

**(ဆ) အဝတ်သင်္ကန်းလှန်းခြင်း**

မိမိတို့လျှော်ဖွတ်ပြီး လှန်းထားသော အဝတ်နှင့် သင်္ကန်းများကို ခြောက်လျှင် သတိထားပြီး ရုပ်သိမ်းရမည်။ ဆွမ်းခံပြန်၍ နေလှန်းထားသော သင်္ကန်းများကို (၁၂း၀၀)နာရီအတွင်း မဖြစ်မနေရုပ်သိမ်းရမည်။ တန်းပေါ်မှာ မထားရပါ။

**( ဇ ) ခရီးသွားလာခြင်း**

* ခရီးရှည် ညအိပ်ညနေ သွားလာခြင်းမဟုတ်လျှင် အကြီးအကဲပုဂ္ဂိုလ်တစ်ပါးပါးကို ခွင့်တောင်း လျှောက်ထား သွားရမည်။ မတိုင်ကြားဘဲနှင့် သွားလာရန် လုံးဝခွင့်မပြု။
* ခရီးရှည် ညအိပ်ညနေ သွားလာခြင်းဖြစ်လျှင် ဆရာတော်ကို တိုက်ရိုက်ပန်ကြား ကိုယ်တိုင်လျှောက်ထား သွားရမည်။ မပန်ကြားဘဲ, မလျှောက်ထားဘဲ သွားလာရန် လုံးဝခွင့်မပြုပါ။

**(ဈ) ဧည့်သည် အာဂန္တုလာခြင်း**

အဝေးမှ ညအိပ်ညနေတည်းခိုရန် ဧည့်သည်အာဂန္တုများလာလျှင် အကြီးအကဲ ပုဂ္ဂိုလ်တစ်ပါးပါးထံ မပျက်မကွက် တိုင်ကြားလျှောက်ထားရမည်။ တိုင်ကြားလျှောက်ထားခြင်းမရှိလျှင် အိပ်ခွင့်လုံးဝမပြုပါ။ လူဧည့်သည်များနှင့်

ရဟန်းတော်များ အတူ မအိပ်ရ။ ဒါယိကာမ ဧည့်သည်များကို မိမိနေရာအခန်းအတွင်းမှာ ဧည့်ခံခြင်းလုံးဝမပြုရ။ ဧည့်ခန်းမှာသာ ဧည့်ခံရမည်။

**(ည) အချိန်မဟုတ် စားသောက်ခြင်း**

နေ့လွဲညစာ စားသောက်ခြင်း လုံးဝမပြုရ။ အထူးသဖြင့် နေလွဲသောအခါ ပြင်ပသို့ထွက်ပြီး စားသောက်ဆိုင်များတွင် ဝယ်ယူစားသောက်ကြောင်း တွေ့မြင်ကြားသိရပါက ကျောင်းမှနှင်ထုတ်ခြင်း ခံရမည်။

## (၂) နယားကျောင်းနေ သံဃာများလိုက်နာရန် စည်းကမ်းချက်များ

(က) ကျောင်းစည်းကမ်းကို လိုက်နာပါမည်ဟု ကိုယ်တိုင်အာမခံရမည်။
(ခ) တိုက်စည်းကမ်းကို လိုက်နာပါမည်ဟု ကိုယ်တိုင်အာမခံရမည်။
(ဂ) ကျောင်းရှိသံဃာများ ဧည့်သည်ဖြစ်စေ၊ အာဂန္တုဖြစ်စေ ညအိပ်ညနေ နေလျှင် ကျောင်းထိုင်ဘုန်းကြီးထံသို့ ပန်ကြားလျှောက်ထားရမည်။ ပြန်လျှင်လည်း မပျက်မကွက် ပြန်လည်ပန်ကြား လျှောက်ထားရမည်။
(ဃ) ကျောင်းရှိသံဃာများ အကြောင်းကိစ္စရှိ၍ တစ်ညအိပ်ပင်ဖြစ်စေကာမူ သွားလျှင် ပန်ကြားလျှောက်ထားသွားရမည်။
(င) ကျောင်းထိုင်ဘုန်းကြီးက ဝေဖန်ခြင်း၊ အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းကို လိုက်နာရမည်။ မလိုက်နာနိုင်ဟု ယူဆမိက မိမိအလိုလို အသိစိတ်ဖြင့် ပြောင်းရွှေ့ရမည်။
(စ) ရန်ဖြစ်လျှင် ရန်ဖြစ်သူ နှစ်ဦးစလုံး မိမိအလိုလို အသိစိတ်ဖြင့် ပြောင်းရွှေ့သွားရမည်။
(ဆ) လောကီပညာရပ်များ လုံးဝသင်ကြားခြင်း၊ သင်ယူခြင်း မပြုရ။
(ဇ) စည်းကမ်းများမလိုက်နာနိုင်၍ မိမိအလိုလို ကျောင်းမှမထွက်လျှင် အာဏာပိုင်အဖွဲ့အစည်းနှင့် နှင်ထုတ်ခြင်း ခံရမည်။

## ၁။ ဆရာစဉ်ဆက် မှတ်တမ်းအကျဉ်း (စုစုပေါင်း ၄၁–ဆက်)

## ❋ ဆရာစဉ်ဆက် (၁၅)ပါး

(၁) **နယားဆရာတော်ကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ** (ဒက္ခိဏာရာမဘုရားကြီးတိုက်)သည် ပုခန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရ နှင့် နန္ဒင်းကိုင်းဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓမ္မာလင်္ကာရ တို့၏ တပည့်ဖြစ်သည်။
(၂) **နန္ဒင်းကိုင်းဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓမ္မာလင်္ကာရ** (ဒက္ခိဏာရာမဘုရားကြီးတိုက်)သည် ပုခန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရ ၏ တပည့်ဖြစ်သည်။
(၃) **ပုခန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရ** (ဒက္ခိဏာရာမဘုရားကြီးတိုက်)သည် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အာရာမာဓိပတိ သံဃဦးစီးနာယက စတုတ္ထဆရာတော်ကြီး ဘဒ္ဒန္တ အာစာရာဘိဝံသ ၏ တပည့်ဖြစ်ပါသည်။
(၄) ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အာရာမာဓိပတိ **သံဃဦးစီးနာယက စတုတ္ထဆရာတော်ကြီး ဘဒ္ဒန္တ အာစာရာဘိဝံသ** သည် ဒက္ခိဏာရာမဘုရားကြီးတိုက်တည်၊ အာရာမာဓိပတိ သံဃဦးစီးနာယက ပထမဆရာတော်ကြီး ဘဒ္ဒန္တ ဇာဂရာဘိဝံသ ၏ တပည့်ဖြစ်သည်။
(၅) ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အာရာမာဓိပတိ သံဃဦးစီးနာယက **တတိယဆရာတော်ကြီး ဘဒ္ဒန္တ သုန္ဒရာဘိဝံသ (ကန်ဆရာတော်)** သည် ဒက္ခိဏာရာမဘုရားကြီးတိုက်တည် အာရာမာဓိပတိ သံဃဦးစီးနာယက ပထမဆရာတော်ကြီး ဘဒ္ဒန္တ ဇာဂရာဘိဝံသ နှင့် ဒုတိယဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသတို့၏ တပည့်ဖြစ်သည်။

(၆) ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အာရာမာဓိပတိ သံဃဦးစီးနာယက **ဒုတိယဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ** သည်၊ ဒုတိယ ဗားကရာသာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတနှင့် ဒက္ခိဏာရာမ ဘုရားကြီးတိုက်တည် အာရာမာဓိပတိ သံဃဦးစီးနာယက ပထမဆရာတော်ကြီး ဘဒ္ဒန္တ ဇာဂရာဘိဝံသ တို့၏ တပည့်ဖြစ်သည်။

(၇) ဒက္ခိဏာရာမဘုရားကြီးတိုက်တည် အာဒိကမ္မိကပဓာန သံဃမဟာနာယက **ပထမဦးဆုံး ဆရာတော်ကြီး ဘဒ္ဒန္တ ဇာဂရာဘိဝံသ** သည် ဒုတိယ ဗားကရာသာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတမဟာထေရ်၏ တပည့်ရင်းဖြစ်သည်။

ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၃၉၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၀၉–ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်၊ ခရစ်နှစ် ၁၈၄၇–ခုနှစ်၊ (    )လ၊ (   )ရက်၊ (   )နေ့ တွင် ပုဂံမင်း၏ ကျိုဝန် အတွင်းဝန်မင်းကြီး သတိုးမဟာသက်တော်ရှည်ဘွဲ့ခံ ဦးပွား ဆောက်လုပ်လှူဒါန်းသော ဒက္ခိဏာရာမဘုရားကြီးတိုက်ကို ပုဂံဘုရင်မင်းမြတ်နှင့်အတူတကွ ရေစက်သွန်းချ အလှူခံရရှိတော်မူသည်။

(၈) **ဒုတိယ ဗားကရာသာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတ မဟာထေရ်သည် သံအင်းသာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တ သုရိယ၏ တပည့်ဖြစ်သည်။**

(၉) **သံအင်းသာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တ သုရိယ** သည် ပထမဗားကရာဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မာဘိနန္ဒ၏ တပည့်ဖြစ်သည်။ (ဒုတိယမောင်းထောင် သာသနာပိုင်၏ ဆရာလည်းဖြစ်သည်။)

(၁၀) **ပထမ မောင်းထောင် သာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏ** သည် မင်းအိုသာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တ (   ) နှင့် ပထမဗားကရာဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မာဘိနန္ဒ ၏ တပည့်ရင်းဖြစ်သည်။

**မှတ်ချက်** ။ ။ ကောဇာသက္ကရာဇ် ၁၁၇၄–ခုနှစ်တွင်
မောင်းထောင်သာသနာပိုင်သည် လူပြန်တော်ဘဝဖြင့်
ရှင်ဘုရင်ထံ မင်းတိုင်ပင်အမတ်ကြီး ဆောင်ရွက်ခဲ့သည်။

(၁၁) **ပထမဗားကရာဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မာဘိနန္ဒ** သည် မင်းအိုသာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တ (   ) ၏ တပည့်ဖြစ်သည်။

(၁၂) **ချောင်းကောက်ဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓမ္မနန္ဒီ** သည် ပထမ ကျော်အောင်စံထား ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏဝရ ၏ တပည့်ဖြစ်သည်။

**မှတ်ချက်** ။ ။ ကောဇာသက္ကရာဇ် ၁၁၃၇–ခုနှစ် တွင် ချောင်းကောက်ဆရာတော်သည် လူပြန်တော်ဘဝဖြင့် ဘိုးတော်မင်းတရားကြီးထံ ဆောင်ရွက်ခဲ့ရာ – **"ရာဇဗလကျော်ထင်ဘွဲ့"** ကို ရရှိသည်။ သွေးသောက်ကြီး ခန့်အပ်ခြင်း ခံရသည်။ သက်ပန်ရွာကိုလည်း စားရသည်။ အတွင်းဝန်ရာထူးကိုလည်း ရရှိသည်။ **"သီလက္ခန် ဂဏ္ဌိကျမ်း"** ကြီးကို လူပြန်တော်ဘဝဖြင့် ရေးသားခဲ့သည်။

(၁၃) ပထမ **ကျော်အောင်စံထား ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏဝရ** သည် ဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒမဥ္ဇူသာ လင်္ကာရတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု၏ တပည့်ဖြစ်သည်။

(၁၄) **ဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒမဥ္ဇူသာ လင်္ကာရတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု** သည် နောင်ဘရွာငယ် နိဗ္ဗာန်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မနန္ဒာလင်္ကာရ ၏ တပည့်ဖြစ်သည်။

(၁၅) **နောင်ဘရွာငယ် နိဗ္ဗာန်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မနန္ဒာလင်္ကာရ** သည် ပခန်းကြီးမြို့ တောင်ဘက် အနီးရှိ နောင်ဘရွာငယ် ဇာတိဖြစ်မည်ဟု ယူဆမိပါသည်။

* **ပုဂံခေတ် တပည့်စဉ်ဆက် – ကိုးပါး**

(၁၆) မင်္ဂလာတိုက်ဆရာတော်ကြီး ဘဒ္ဒန္တ သုဓမ္မစာရီ၊
(၁၇) တတိယ ဆပဒဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓမ္မသိရီ၊
(၁၈) ဒုတိယ ဆပဒဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏ၊
(၁၉) ပထမ ဆပဒဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓမ္မပါလ၊
(၂၀) ဆရာတော်ကြီး ဘဒ္ဒန္တ ဥတ္တရာဇီဝ၊
(၂၁) ဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂဝံသ၊
(၂၂) ဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂပဏ္ဍိတ၊
(၂၃) ဆရာတော်ကြီး ဘဒ္ဒန္တ ဂုဏသာရ၊
(၂၄) ပုဂံခေတ် ရှင်အရဟံ (ခေါ်) ဘဒ္ဒန္တ ဓမ္မဒဿီ

* **အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်၏ တပည့်စဉ်ဆက် – တစ်ဆယ့်တစ်ပါး**

(၂၅) ဆရာတော်ကြီး အရှင် ဓမ္မဒဿီ၊
(၂၆) ဆရာတော်ကြီး အရှင် မဟာကာဠ၊
(၂၇) ဆရာတော်ကြီး အရှင် ပြာဏဒဿီ၊
(၂၈)ဆရာတော်ကြီး အရှင် အဓိသီလ၊
(၂၉) ဆရာတော်ကြီး အရှင် အနောမဒဿီ၊
(၃၀) ဆရာတော်ကြီး အရှင် သောမဒတ္တ၊
(၃၁) ဆရာတော်ကြီး အရှင် သောပါက၊
(၃၂) ဆရာတော်ကြီး အရှင် သုမနတိဿ၊
(၃၃) ဆရာတော်ကြီး အရှင် သောမဒတ္တ၊
(၃၄) ဆရာတော်ကြီး အရှင် သောဘိတ၊
(၃၅) ဆရာတော်ကြီး အရှင် သောဏ တို့ အသီးသီးဖြစ်ကြသည်။

* **မဇ္ဈိမဒေသ – ငါးပါး**

(၃၆) ဆရာတော်ကြီး အရှင် မောဂ္ဂလိပုတ္တတိဿ မထေရ်၊
(၃၇) ဆရာတော်ကြီး အရှင် သိဂ္ဂဝ မထေရ်၊
(၃၈) ဆရာတော်ကြီး အရှင် သောဏမထေရ်၊
(၃၉) ဆရာတော်ကြီး အရှင် ဒါသက မထေရ်၊
(၄၀) ဘုရားရှင်လက်ထက် ဝိနည်းမိုရ်အရာမှာ ဧတဒဂ်ရ ဆရာတော်ကြီး၊ အရှင် ဥပါလိ မထေရ် တို့ အသီးသီးဖြစ်ကြသည်။
စုစုပေါင်း (၄၁)ဆက် ဖြစ်ပါသည်။

# ဩဝါဒကထာ

## ၁။ နယားဆရာတော်၏ ဩဝါဒကထာ ဆုံးမစာ

* မေ့မေ့လျော့လျော့ မနေကြနှင့်။
* အိပ်ရာဝင်အိပ်ရာထ အမြဲဘုရားရှိခိုးကြ။
* အိပ်ရာဝင်အိပ်ရာထ အမြဲမေတ္တာပို့သကြ။

### (၁) ဘုရားရှိခိုး

၁။ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

၂။ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

### (၂) တရားတော်ရှိခိုး

၁။ အာဒိကလျာဏာဂုဏ် စသည်နှင့် ပြည့်စုံအောင် ကောင်းစွာဟောကြားတော်မူအပ်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် တရားတော်မြတ်ကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

၂။ အရိယာပုဂ္ဂိုလ်တို့ ကိုယ်တိုင်သိမြင်အပ် တွေ့မြင်အပ်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် တရားတော်မြတ်ကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

### (၃) သံဃာတော်ရှိခိုး

၁။ သမ္မာပဋိပတ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို ကောင်းစွာကျင့်တော်မူတတ်သော အရိယာ သံဃာတော်မြတ်ကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

၂။ သမ္မာပဋိပတ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို မဆန်းမပြား ရိုးသားဖြောင့်မတ် ကျင့်တော် မူတတ်သော အရိယာသံဃာတော်မြတ်ကို ရှိသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

မှတ်ချက် ။ ။ဘုရားရှိခိုး, တရားတော်ရှိခိုး, သံဃာတော်ရှိခိုးနှစ်မျိုးစီမှ နှစ်သက်ရာတစ်မျိုးမျိုးကို ရှိခိုးနိုင်ပါသည်။

### (၄) မေတ္တာပို့

အလုံးစုံသော သတ္တဝါတွေ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ် ကင်းကြပါစေ၊
စိတ်ချမ်းသာကြပါစေ၊ အလုံးစုံသော သတ္တဝါတွေ ရန်မရှိကြပါစေ၊ ရန်ကင်းကြပါစေ၊
စိုးရိမ်ကြောင့်ကြ မရှိကြပါစေ၊ စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ၊ ဆင်းရဲဒုက္ခမရှိကြပါစေ၊
ဆင်းရဲဒုက္ခကင်းကြပါစေ၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

## (၅) ဆုတောင်း

ဤကောင်းမှုသည် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်ပါစေသတည်း။

## (၆) အမျှပေးဝေ

ဤကောင်းမှု၏ အဖို့ဘာဂကို အမိအဖ ဆရာသမား အဖိုးအဖွား အမျိုးရှိသော ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့နယ်စောင့်နတ်၊ အခြံအရံနှင့်တကွ လောကပါလ နတ်မင်းကြီးလေးပါး၊ သကြားနတ်မင်း၊ မြဟ္မာမင်း၊ ပြည့်ရှင်မင်း၊ ယမမင်း၊ ဝေမာနိကပြိတ္တာ၊ ဆွေမျိုးဉာတိ၊ တော်စပ်ဖူးသောပြိတ္တာ၊ ကျေးဇူးရှိဖူးသော ပုဂ္ဂိုလ်တို့အား အမျှ, အမျှ ပေးဝေပါကုန်၏၊ သတ္တဝါအားလုံးတို့သည် ဤကောင်းမှု၏ အဖို့ဘာဂကို ကျွန်ုပ်တို့နှင့် ထပ်တူညီမျှ ရကြပါစေ၊ ထပ်တူညီမျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေသတည်း။

အမျှ, အမျှ, အမျှ ယူတော်မူကြပါကုန်လော့။

သာဓု, သာဓု, သာဓု။

## (၇) မေတ္တာခံယူပုံ

သူတော်ကောင်းတို့ ရွတ်ဆိုအပ်သော ပရိတ်တရားတော်နှင့် သူတော်ကောင်းတို့ပွားများပို့သအပ်သော မေတ္တာစိတ်ကို အကျွန်ုပ်ရိုသေစွာ ခံယူပါ၏။ အကျွန်ုပ်ရိုသေစွာ ခံယူပါ၏။ အကျွန်ုပ်ရိုသေစွာ ခံယူပါ၏။ သူတော်ကောင်းတို့ အမြဲမပြတ် ပွားများအားထုတ်အပ်, ပေးဝေအပ်သော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အကျွန်ုပ် ဝမ်းမြောက် ဝမ်းသာ သာဓု-နမော် ခေါ်ဆိုပါ၏။ ဝမ်းမြောက်ပါ၏။ ဝမ်းမြောက်ပါ၏။

သာဓု, သာဓု, သာဓု။ (နေ့စဉ် ကျက်မှတ် ရွတ်ဆိုရန် ဖြစ်သည်။)

## (၈) ဘုရားရှိခိုး အကျိုးလက်ာ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ ကိစ္စပြီးစီး အောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ ရောက်ရနိဗ္ဗာန်မင်း။

## (၉) တရားတော်ရှိခိုး အကျိုးလက်ာ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ ကိစ္စပြီးစီး အောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ ရောက်ရနိဗ္ဗာန်မင်း။

## (၁၀) သံဃာတော်ရှိခိုး အကျိုးလက်ဘ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊ ကိစ္စပြီးစီးအောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊ ရောက်ရနိဗ္ဗာန်မင်း။

## (၁၁) ကာယဂတာသတိ အကျိုးလက်ဘ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကာယ၊ ပွားများက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကာယ၊ ပွားများက၊ ကိစ္စပြီးစီးအောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကာယ၊ ပွားများက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကာယ၊ ပွားများက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကာယ၊ ပွားများက၊ ရောက်ရနိဗ္ဗာန်မင်း။

## (၁၂) ကရုဏာပွား အကျိုးလက်ဘ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကရုဏာ၊ ပွားများက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကရုဏာ၊ ပွားများက၊ ကိစ္စပြီးစီးအောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကရုဏာ၊ ပွားများက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကရုဏာ၊ ပွားများက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာကရုဏာ၊ ပွားများက၊ ရောက်ရနိဗ္ဗာန်မင်း။

## (၁၃) မေတ္တာပို့ အကျိုးလက်ဘ

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာမေတ္တာ၊ ပွားများက၊ မုချအန္တရာယ်ကင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာမေတ္တာ၊ ပွားများက၊ ကိစ္စပြီးစီးအောင်မြင်ခြင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာမေတ္တာ၊ ပွားများက၊ မကျအပါယ်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာမေတ္တာ၊ ပွားများက၊ လားရနတ်ပြည်မင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာမေတ္တာ၊ ပွားများက၊ ရောက်ရနိဗ္ဗာန်မင်း။

အမှာ　　မြတ်စွာကရုဏာ ပို့ပါက –
　　　　မြတ်စွာမေတ္တာ ပို့ပါက　– ဟုလည်း ဆိုနိုင်သည်။

* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဗုဒ္ဓ၊ ရှိခိုးက၊ ကြီးရတန်ခိုးမင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာဓမ္မ၊ ရှိခိုးက၊ ကြီးရပညာမင်း။
* ဆောက်တည်ပြီးမှ – နေ့ညမြဲစွာ၊ တစ်ကြိမ်ခါလောက်၊ မြတ်စွာသံဃာ၊ ရှိခိုးက၊များရစည်းစိမ်ဥစ္စာမင်း။

**ဘုရားရှိခိုးနှင့် မေတ္တာပို့ကို မြဲမြဲအားထုတ်ကြ။**

ဗုဒ္ဓဘာသာဝင် အမျိုးသား၊ အမျိုးသမီးတို့သည် အန္တရာယ်ကင်းရန်အတွက် –

| | | | |
|---|---|---|---|
| ၁။ | **ဗုဒ္ဓါနုဿတိ** | = | ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်ကို အောက်မေ့အမှတ်ရခြင်း။ |
| ၂။ | **ဓမ္မာနုဿတိ** | = | တရားတော်ကို ရှိခိုးခြင်း၊ တရားတော်ဂုဏ်ကို အောက်မေ့အမှတ်ရခြင်း။ |
| ၃။ | **သံဃာနုဿတိ** | = | အရိယာသံဃာတော်ကို ရှိခိုးခြင်း၊ သံဃဂုဏ်ကို အောက်မေ့အမှတ်ရခြင်း။ |
| ၄။ | **ကာယဂတာသတိ** | = | ကာယဂတာသတိ ဘာဝနာကို ပွားများရှုမှတ် အောက်မေ့အမှတ်ရခြင်း။ |
| ၅။ | **ကရုဏာဘာဝနာ** | = | ကရုဏာဘာဝနာကို ပွားများ ပို့–ခြင်း။ |
| ၆။ | **မေတ္တာဘာဝနာ** | = | မေတ္တာဘာဝနာကို ပွားများ ပို့–ခြင်း။ |

ဤ ခြောက်ပါးတို့တွင် မိမိကြည်ညိုနှစ်သက်ရာ တစ်ပါးပါးကို တစ်နေ့သုံးကြိမ်၊ နှစ်ကြိမ်၊ တစ်ကြိမ် စွမ်းနိုင်သလောက်မြဲမြဲပွားများ အားထုတ်သင့်ပေသည်။ ယင်းသို့ မြဲမြဲအားထုတ်ခြင်းဖြင့် အန္တရာယ်ကင်းခြင်းအစ နိဗ္ဗာန်ရခြင်းထိအဆုံး ကောင်းကျိုးချမ်းသာများကို မချွတ်မုချ ရရှိခံစားရပေလိမ့်မည် သူတော်ကောင်းတို့။

(ဓမ္မ။ ၅၅–၆။ ဓမ္မ၊ ဋ၊ ၂။ ၂၈၆–၇။)

**အမှာ**

ကာယဂတာသတိအရ ဒွတ္တိံသာကာရာ၊ နဝသိဝထိက၊ စတုဓာတု ဝဝတ္ထာန၊ အဿာသပဿာသကမ္မဋ္ဌာန – တို့ကို ယူရမည်။ (ဓမ္မ၊ ဋ၊ ၂။ ၂၈၇။)

ဆောက်တည်ပြီးလုပ်သော ကုသိုလ်က၊ မဆောက် တည်ဘဲ လုပ်သောကုသိုလ်ထက် ပိုပြီး အကျိုးပေးသည်။ ဤအရာ၌ ဆောက်တည်ပုံ– ငါသည် နေ့၊ ည မြဲမြဲ တစ်ကြိမ်ရှိခိုးမည်။ (သို့မဟုတ်) နှစ်ကြိမ်၊ သုံးကြိမ် ဆောက်တည်ပြီး၊ ဆောက်တည်သည့်အတိုင်း ပြုလုပ်ပါက ပိုပြီး အကျိုးပေးသည်။ (အကျဉ်းမျှသာ။)

## ၂။ ပုတီးစိပ်၍ ဈာန်အဘိညာဉ် ရနိုင်–မရနိုင်

ပုတီးစိပ်ခြင်းဖြင့် ဈာန်အဘိညာဉ်ရနိုင်သည်။ ကောင်းမှုအထူးရှိသော ပုဂ္ဂိုလ်သည် ကသိုဏ်းဝန်းကို စနစ်တကျမပြုလုပ်ရဘဲ လယ်ထွန်ထားသော မြေကိုကြည့်၍ "ပထဝီ၊ ပထဝီ" ဟူ၍လည်းကောင်း၊ သမုဒ္ဒရာကိုကြည့်၍ "အာပေါ၊ အာပေါ" ဟူ၍လည်းကောင်း၊ စီးဖြန်းရုံမျှဖြင့် ဈာန်အဘိညာဉ်အစ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အထိ ကောင်းကျိုးများရနိုင်ကြောင်း ပြဆိုသည်။

(ဝိသုဒ္ဓိမဂ်၊ ၁။ ၁၂၀၊ ၁၆၅။)

ဘုရားအလောင်း ဟတ္ထိပါလ သတို့သားသည် ပရိသတ်နှင့်တကွ ဂင်္ဂါမြစ်ကမ်းရောက်သောအခါ ဂင်္ဂါမြစ်ရေကို ကြည့်ပြီး " အာပေါ၊ အာပေါ" ဟု စီးဖြန်းရာ မကြာမြင့်မီ ဈာန်အဘိညာဉ်တို့ကို ရလေသည်။

(ဇာ၊ ဋ၊ ၄။ ၄၈၃။)

အထက်ပါကျမ်းဂန်လာ စကားရပ်များကို ထောက်ထား၍ ပုတီးစိပ်ခြင်းဖြင့် ဈာန်အဘိညာဉ်တို့ကို ရနိုင်ကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ပုတီးစိပ်သောအခါ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တည်တံ့အောင် ထားသင့်ပေသည်။ ပုတီးပတ်များများရအောင် မြန်မြန်ပုတီးမစိပ်သင့်ချေ။

## ၃။ ကောင်းသောအကျင့် (မြတ်)သည်သာ ပဓာန၊ အာမိကပူဇာသည် သာမည

ဩဝါဒကထာကို နာယူကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့ –

**ပစ္စည်း နှင့် ကောင်းသောအကျင့်၊** ထိုနှစ်ပါးတွင် အဘယ်က သာသနာတော်ကို ကာလမြင့်ရှည် တည်စေနိုင်သနည်း?။

အထက်ပါ အမေးစကားနှင့် စပ်လျဉ်းပြီး၊ အင်ကြင်းပင်အစုံတို့၏အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ခင်းထားသော ညောင်စောင်းပေါ်တွင် မြတ်စွာဘုရားသည် လက်ျာခြေတော်၌ လက်ဝဲခြေတော်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အပ္ပမာဒ(ခေါ်) သတိတရားရှိလျက် သမ္ပဇဉ(ခေါ်) ပညာဖြင့် ဆင်ခြင်ကာ လက်ျာနံတောင်းဖြင့်လျောင်းတော်မူ၏။

အောက်မြေအပြင် စကြဝဠာအနားရေးမှ အထက်ဗြဟ္မာပြည်တိုင်အောင်လည်းကောင်း၊ အထက်ဗြဟ္မာပြည်မှ အောက်မြေအပြင် စကြဝဠာ အနားရေးတိုင်အောင်လည်းကောင်း မြတ်စွာဘုရားကို ပူဇော်ကုန်အံ့ဟု စည်းဝေးနေကြရာ **“မန္ဒာရဝ”** မည်သော နတ်ပန်းတို့ကိုလည်းကောင်း၊ စန္ဒကူးနံ့သာမှုန်တို့ကိုလည်းကောင်း၊ နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကိုယ်တော်ထက်သို့ကြဲဖြန့်၍ လွှမ်းပြီး၊ ကြဲဖြန့်ကာ မပြတ်မစဲ ကြဲဖြန့်ပူဇော်ကုန်၏။ နတ်တူရိယာတို့လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက်ရှိကြကုန်၏။ နတ်သီချင်းသံတို့လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ဖြစ်ပေါ်လျက် ရှိကြကုန်၏။

အာနန္ဒာ၊ ဤမျှလောက်ပူဇော် ပ, သမ္မာဖြင့် ငါဘုရားကိုအပြည့်အဝ ပူဇော်ပသသည် မမည်သေး– ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။ **ပစ္စည်းဥစ္စာ ပူဇော်ခြင်းမည်သည်** – သာသနာကို တစ်ရက်မျှလည်းကော်း၊ ယာဂု တစ်ရှုတ် သောက်မျှလည်းကောင်း၊ ကာလမြင့်ရှည် မတည်စေနိုင်၊ အဘယ်မှာလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ် ပြန့်ပွားအောင် ပြုလုပ်နိုင်အံ့နည်း?။

**အမိသ ပူဇာနှင့်စပ်၍ ဥပမာပြုရပါလျှင်** – အနည်းငယ်သော ပစ္စည်းဥစ္စာဖြင့် ပူဇော်ခြင်းမျှသာ မဟုတ်သေး၊ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီးနှင့်တူသော ကျောင်းတိုက်ကြီးပေါင်း အထောင်ကလည်းကောင်း၊ သီဟိုဠ်ကျွန်း မဟာစေတီကြီးနှင့်တူသော စေတီကြီးပေါင်း အထောင်ကလည်းကောင်း၊ သာသနာတော်ကို မတည်တံ့စေနိုင်၊ သာသနာတော်ကို သန့်ရှင်းစင်ကြယ်ပြန့်ပွားအောင် မလုပ်နိုင်ရာ၌ကာ ပြောဖွယ်မရှိ။ အဘယ်မှာလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ် ပြန့်ပွားအောင် ပြုလုပ်နိုင်အံ့နည်း။ ကျောင်းတိုက်ဆောက်လုပ်လှူဒါန်းသူ – ကျောင်းဒါယကာ, ကျောင်းဒါယိကာမ၊ စေတီတည်ထားကိုးကွယ်သူ – စေတီဒါယကာ, စေတီဒါယိကာမ တို့အားသာလျှင် ကောင်းကျိုးချမ်းသာကို ရရှိနိုင်သည်။

**ကောင်းသောအကျင့်သည်ကား** – မြတ်စွာဘုရားအား ထိုက်တန်သင့်လျော်သော ပူဇော်ခြင်းမျိုးမည်၏။ ကောင်းသောအကျင့်ကိုသာလျှင် မြတ်စွာဘုရားလိုလား တောင့်တတော်မူသည်။ သာသနာတော်ကို ကာလမြင့်ရှည် တည်တံ့စေခြင်းငှာလည်း စွမ်းနိုင်၏။ ကောင်းသောအကျင့်သည် သာသနာတော်ကို ကာလမြင့်ရှည် တည်တံ့စေနိုင်သည် သာမက ပြုကျင့်သူ ရဟန်းရှင်လူတို့အားလည်း၊ ပစ္စည်းအလှူထက်ပိုပြီး လူနတ် နိဗ္ဗာန် သုံးတန်သော အကျိုးများကို ရရှိစေနိုင်သည်ဟု ဖော်ပြထားပါသည်။ (ဒီ၊ ၂။ ၁၄၄။ ဒီ၊ ဋ္ဌ၊ ၂။ ၁၆၉။)

ထို့ကြောင့်၊ ဤခေတ်သည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ခေတ်ဖြစ်၍၊ ပစ္စည်းလှူဒါန်း ပူဇော်ခြင်းဖြင့်သာ ရောင့်ရဲတင်းတိမ်မနေကြဘဲ၊ ခေတ်အားလျော်စွာ ရဟန်းတော်များကလည်းကောင်း၊ နိုင်ငံတော်အစိုးရကလည်းကောင်း၊ ပြည်သူလူထုကလည်းကောင်း **“ကောင်းသောအကျင့် (မြတ်) ဖြင့် သာသနာတော်ကာလမြင့်ရှည် သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်”** ကောင်းသောအကျင့်မြတ်ကို ကျင့်ကြံရန် တိုက်တွန်းအပ်ပါသတည်း။

(ဗဟုဿုတ ပကာသနီ နာ– ၅၉၊ ၆၀။)

## ၄။ နယားဆရာတော်၏ အဆုံးအမ

နယားဆရာတော်ကြီးက ဘာဆုံးမသလဲဆိုတော့ (ပဋ္ဌာနပတိဋ္ဌတနဲ့) ရှိခိုးတဲ့အခါ ကိုယ်တတ်နိုင်သလောက် အဓိဋ္ဌာန်ပေါ့လေ၊ **တစ်နေ့ကိုတစ်ကြိမ်** ရှိခိုးမည်ဆိုလျှင်လည်း အဲဒီတစ်ကြိမ်ကိုမပျက်စေနဲ့၊ ဘယ်လိုအလုပ်တွေရှုပ်ရှုပ်, ဘယ်လိုပဲ ခရီးတွေသွားရသွားရ, အဲဒီတစ်ကြိမ်တော့ လုံးဝကို မပျက်စေဘဲနဲ့ ရှိခိုးပါ။ အဲဒီလိုဆောက်တည်ပြီးမှ ရှိခိုးရင် တစ်ကြိမ်တည်းရှိခိုးပေမယ့်၊ နေ့စဉ် တစ်နေ့ကိုတစ်ကြိမ်ပင် ရှိခိုးပေမယ့် ကိုယ်ကဆောက်တည်ပြီးမှရှိခိုးတာဖြစ်တဲ့အတွက် ဘေးရန်အန္တရာယ်တွေလည်း ကင်းပါတယ်တဲ့။ ကိစ္စကြီးငယ်တွေလည်း အောင်မြင်နိုင်ပါတယ်တဲ့။ သေတဲ့အခါကျရင်လည်း အပါယ်လေးဘုံကို မရောက်ပါဘူးတဲ့။ နတ်ပြည်ကိုပဲရောက်ပါတယ်တဲ့။

အကယ်၍ ဒီထက်သဒ္ဓါတရား တတ်နိုင်မည်ဆိုရင်လည်း **တစ်နေ့နှစ်ကြိမ်**၊ ကိုယ်ကအဓိဋ္ဌာန်ထားပြီး ရှိခိုးမည်ဆိုလည်း နှစ်ကြိမ်ကို လုံးဝမပျက်စေအောင် ဆောက်တည်ပြီးရှိခိုးပါ။ အဲ သုံးကြိမ်ဖြစ်ရင်လည်း **သုံးကြိမ်**ပေါ့၊ အနည်းဆုံးတစ်နေ့ကို တစ်ကြိမ်လောက်တော့ ကိုယ်ကဆောက်တည်ထား၊ ဘယ်လိုပဲအလုပ်တွေရှုပ်ရှုပ်, ဘယ်လိုပဲ ခရီးတွေသွားရသွားရ၊ ငါလုံးဝမပျက်စေရဘူးလို့ အဲဒီလိုဆောက်တည်ပြီးတော့ရှိခိုးလို့ရှိရင် မုချအန္တရာယ်တွေလည်း ကင်းပါတယ်တဲ့၊ ကိစ္စကြီးငယ်တွေလည်း အောင်မြင်နိုင်ပါတယ်တဲ့၊ အဲလို ဆရာတော်ကြီးက ဆုံးမတယ်။ နယားဆရာတော်ကြီး ရေးထားတဲ့ လင်္ကာတွေက သူ့စိတ်ကူးဉာဏ် အတွေ့နောမတိနဲ့ ရေးတာမဟုတ်ပါဘူး။

### (၁) ထင်းခွေသားအဖဝတ္ထု

ဓမ္မပဒပါဠိတော် အဋ္ဌကထာမှာ– **"ဒါရုသာကဋိကပုတ္တဝတ္ထု"** ဆိုပြီးတော့ ထင်းခွေသည်၏ သားကလေးဝတ္ထုဆိုတာ လာရှိတယ်။ အဲဒီဝတ္ထုကိုကြည့်ပြီးတော့ ဆရာတော်ကြီးက ဒီလင်္ကာလေးကို ရေးပြတာ၊ ထင်းခွေသည်၏ သားကလေးဝတ္ထုဆိုတာကလည်း ကြားဖူးနားဝရှိတာ များပါတယ်နော်။ ဒီမှာတော့ အကျဉ်းချုပ်ပြီးတော့ ပြောပြမယ်။

ရာဇဂြိုဟ်ပြည်မှာ – မိသားစု နှစ်စုရှိတယ်။ မိစ္ဆာဒိဋ္ဌိ မိသားစုနှင့် သမ္မာဒိဋ္ဌိ မိသားစု နှစ်စု၊ ဘာသာချင်းမတူပေမယ့် လူမှုရေးအရခင်နေကြတယ်။ ကလေးလေးတွေလည်းရှိကြတယ်။ ကလေးလေးတွေက ကစားတဲ့အခါပေါ့လေ ဂုံညင်းပစ်တမ်းကစားကြတယ်။ အဲဒီအခါ သမ္မာဒိဋ္ဌိကလေးက သူ့မိဘတွေသင်ပေးတဲ့အတိုင်း ဘုရားဂုဏ်တော်ကို အာရုံပြုပြီးတော့ **"နမောဗုဒ္ဓဿ"** လို့ ဘုရားရှိခိုးပြီးတော့ ကစားတယ်။

မိစ္ဆာဒိဋ္ဌိ မိသားစုရဲ့ ကလေးကလည်း သူ့မိဘတွေ သင်ပေးတဲ့အတိုင်း၊ သူတို့ကိုးကွယ်တဲ့ တိတ္ထိဆရာကြီးတွေကို အာရုံပြုပြီးတော့– **"နမောအရဟန္တာနံ"** လို့ ဆိုပြီးတော့ ကစားတယ်။ ကစားတိုင်း, ကစားတိုင်းပဲ ဘုရားကိုရှိခိုးပြီး ကစားတဲ့ သမ္မာဒိဋ္ဌိကလေးကပဲ အမြဲတမ်းနိုင်တယ်။ မိစ္ဆာဒိဋ္ဌိကလေးက ရှုံးတယ်။ ကြာတော့ ကလေးသဘာဝအရ – မိစ္ဆာဒိဋ္ဌိကလေးက မခံနိုင်တော့ သမ္မာဒိဋ္ဌိကလေးကို မေးတယ်။ သူငယ်ချင်းလည်းဖြစ်၊ ခင်လည်းခင်တော့ **"မင်းကစားခါနီး ဘာတွေဆိုပြီးတော့ ကစားလဲ?။ မင်းချည်းပဲ အမြဲတမ်းနိုင်တယ်"** လို့ မေးတော့ အသက် ခုနစ်နှစ်ရှစ်နှစ်လောက်အရွယ်ရှိ သမ္မာဒိဋ္ဌိကလေးက **"နမောဗုဒ္ဓဿ"** ငါ ဆိုပြီးတော့ကစားလို့ အမြဲတမ်းနိုင်တယ်လို့ ပြောပြလိုက်တယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိကလေးလေးက **"နမောဗုဒ္ဓဿ"** ကို သူကသင်ယူတယ်။ ပြီးတော့ အမြဲတမ်းပဲ ရွတ်တော့တယ်။

သူတို့စီးပွားရေးက ထင်းခွေပြီးတော့ စီးပွားရေးလုပ်စားကြတယ်။ တစ်ရက်တော့ အဲဒီ သမ္မာဒိဋ္ဌိ သားအဖနှစ် ယောက် ထင်းသွားခွေကြတယ်။ တောထဲသွားပြီး လှည်းနဲ့ထင်းတိုက်ကြတယ်။ ထင်းတိုက်ပြီး ထင်းတွေရတဲ့အခါ ပြန်လာကြတယ်။ နွားတွေကိုလည်း အစာကျွေး၊ သူတို့လည်း အိမ်ကပါလာတဲ့ထမင်းထုပ် စားမယ်ဆိုပြီးတော့ ရေကန်ရှိတဲ့ သုသာန်နားမှာ ထင်းလှည်းဖြုတ်ပြီးတော့ သားအဘနှစ်ယောက် ထမင်းစားကြတယ်။

နွားတွေကိုလည်း အဲဒီမှာလွှတ်လိုက်တယ်၊ ရေကြည်ရာမြက်နုရာ သွားစားကြပေါ့လေ။ ညနေစောင်းအချိန်

ရောက်တော့ နွားတွေက မြို့ထဲဝင်တဲ့ နွားတွေနဲ့ရောပြီး မြို့ထဲလိုက်သွားကြရော။ ဖအေက အဲဒီမှာ နွားတွေသွားရှာတယ်၊ နွားတွေခြေရာခံလိုက်ကြည့်တော့ မြို့ထဲပါသွားမှန်းသိရတယ်။ ဒီတော့ မြို့ထဲလိုက်သွားတယ်၊ အဲဒီအချိန်မှာပဲ မြို့တံခါးကပိတ်ချိန်ရောက်လို့ ပိတ်လိုက်ပြီ။ အဲဒီနွားတွေရော့, ဖအေရော မြို့တွင်းမှာ ရောက်နေကြပြီ။ သားလေး တစ်ယောက်တည်းပဲ မြို့ပြင်သုသာန်နားရှိ ထင်းလှည်းအောက်မှာ ကျန်ရစ်ခဲ့ရှာတယ်။

ညရောက်တော့ ကလေးသဘာဝ ထမင်းဆာလို့ အိပ်ပျော်သွားရောပေါ့လေ။ ရာဇဂြိုဟ်မြို့ဆိုတာက မြို့ရဲ့အပြင်ဘက်မှာ လူသေအလောင်းတွေ အလွန်ပေါတယ်။ အိန္ဒိယနိုင်ငံ ထုံးတမ်းစဉ်လာအတိုင်း လူတွေသေပြီဆိုရင် ညမဆိုင်းဘူး မြို့ရိုးတံတိုင်းအပြင်ဘက်ကို ပစ်ချလိုက်တာပဲ။ အဲဒီတော့ ညသေတဲ့အလောင်းတွေဟာ ဒင်းကြမ်းပဲ၊ မြို့ပြင်ရှိ မြို့ရိုးတံတိုင်းအပြင်ဘက်မှာ အဲလိုအလောင်းတွေက အစိမ်းသေတွေရော၊ ရောဂါနဲ့သေတာတွေရောဆိုတော့ တစ္ဆေသူရဲတွေ, ဘီလူးတွေကလည်း အများကြီးပေါတယ်။ ဒီကလေးရဲ့ မိဘတွေကလည်း အဲဒါကို စိတ်ပူကြတာပေါ့လေ။

## (၂) ဘီလူးများ စောင့်ရှောက်ကြပုံ

အဲဒီမှာ – ဘီလူးနှစ်ကောင် ညရောက်တော့ အစာရှာထွက်လာကြတယ်။ အဲဒီ ဘီလူးနှစ်ကောင်လည်း သမ္မာဒိဋ္ဌိ ဘီလူးနှင့် မိစ္ဆာဒိဋ္ဌိဘီလူးပဲ၊ အဲဒီ ဘီလူးနှစ်ကောင် လာတဲ့အခါ၊ ထင်းလှည်းအောက်မှာ ကလေးအိပ်နေတာတွေ့ သွားကြတယ်။ လူသေနှင့်လူရှင်ဆိုရင် ဘီလူးတွေက – လူရှင်တွေကို ပိုပြီးတော့ကြိုက်ကြတယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိ ဘီလူးက **"ငါတော့အစာတွေ့ပြီ ထင်လည်းအောက်မှာရှိတဲ့ ကလေးလေးဟာ ငါ့အစာပဲ ငါစားတော့မယ်"** လို့ မိစ္ဆာဒိဋ္ဌိဘီလူးက သမ္မာဒိဋ္ဌိဘီလူးကို တိုင်ပင်တယ်။

တိုင်ပင်တော့ သမ္မာဒိဋ္ဌိဘီလူးကကြည့်လိုက်တယ်။ ဒီကလေးဟာ နမောဗုဒ္ဓဿကို အမြဲတမ်းပဲရွတ်နေတာ။ သတိရတိုင်းအမြဲတမ်းရွတ်နေတော့ သူ့ရဲ့အရှိန်အဝါကိုသိတယ်။ ဓာတ်တူချင်းဆိုတော့ သိတယ်ပေါ့။ သိတော့ တားမြစ်တယ်။ **"ဒီကလေးက အမြဲတမ်း ဘုရားရှိခိုးတဲ့ကလေး၊ ဒါကြောင့်မင်းမစားပါနဲ့လို့"** တားတယ်။ တားပေမယ့် မရဘူး။ ဘီလူးဆိုတာ အသားကို အင်မတန်အစားကြူးတာ။ **"ငါတော့မနေနိုင်ဘူး စားမယ်"** ဆိုပြီး အဲဒီကလေးခြေထောက်ကို ဆွဲလိုက်တယ်။ ဆွဲလိုက်တော့ ဒီကလေးက **"နမောဗုဒ္ဓဿ"** လို့ ဆိုလိုက်တယ်။ ဆိုလိုက်တော့ ဒီကလေးရဲ့ ဘုရားဂုဏ်ပွားများထားတဲ့ အရှိန်အဝါကြောင့် အဲဒီဘီလူးဟာ ကြောက်လန့်သွားတယ်။

အဲဒီတော့ – ဒီနေရာမှာ စဉ်းစားကြည့်ပါ။ ဒီ ဒကာတွေ, ဒကာမတွေ အိပ်တဲ့အချိန်မှာ တစ်ယောက်, ယောက်ကများ နှိုးလိုက်လို့ရှိရင် လန့်ပြီးတော့ ပါးစပ်ကထွက်တဲ့အသံတွေဟာ အမျိုးမျိုးပဲ။ အမယ်လေး လန့်လိုက်တာ . . . စသည့်ဖြင့် အသံမျိုးစုံပေါ့လေ။ ဒီကလေးဟာ အဲဒီလိုအသံမထွက်ဘူး။ ဘုရားရှိခိုးတဲ့အနေနဲ့ အမြဲတမ်းပဲ ဒီ **"နမောဗုဒ္ဓဿ"** ကို ဆိုနေတော့တယ်။ အသံက **"နမောဗုဒ္ဓဿ"** လို့ပဲ ထွက်သွားတယ်။ အဲဒီလောက်ထိအောင် ဘုရားဂုဏ် မွမ်းထုံထားတဲ့ ကလေးပေါ့လေ။

ဒါနဲ့ မိစ္ဆာဒိဋ္ဌိဘီလူးက လန့်ဖျပ်သွားတော့ သမ္မာဒိဋ္ဌိဘီလူးက – **"မင်း ဘုရားအမြဲတမ်းရှိခိုးတဲ့ ကလေးကို သွားပြီးတော့ ဆွဲတယ်၊ ဒဏ်ထိုက်တယ်၊ ဒီကလေးမိဘကလည်း မြို့ထဲရောက်နေလို့ ကလေးက အစာမစား ရသေးဘူး၊ ဗိမ္ဗိသာရမင်းကြီး ညစာတည်မယ့် ပွဲတော်ကိုယူပြီးတော့ မင်းကျွေးလိုက်ပါ၊ ဒါဆိုရင် ဒဏ်ထိုက်တာ ကြေလိမ့်မယ်"**။ အဲဒီလို အကြံပေးတယ်။

ဒါနဲ့ မိစ္ဆာဒိဋ္ဌိဘီလူးက ရာဇဂြိုဟ်မြို့တွင်းဝင်ပြီး၊ ဗိမ္ဗိသာရမင်းကြီး ညစာစားရန် ရွှေခွက်နဲ့ထည့်ထားတဲ့ ပွဲတော်အုပ်ကို တစ်ခါတည်း ယူလာပြီးတော့ သူတို့ဘီလူးနှစ်ကောင် ညတွင်းချင်းပေါ့လေ ဒီကလေးကို စားလည်း စားရဲအောင်ဆိုပြီး မိဘနှစ်ပါးရဲ့ အသွင်သဏ္ဌာန်ဖန်ဆင်းကာ အိပ်ရာကနှိုးပြီးကျွေးတယ်။ ကလေးကလည်း အိပ်ချင်မူးတူးနှင့် ညထတော့ သူ့အမေ, အဖေ မှတ်ပြီး ကျွေးသမျှစားကာ ပြန်အိပ်လိုက်တယ်။ တစ်ညလုံးပဲ အဲဒီဘီလူးနှစ်ကောင်က စောင့်ပေးတယ်။ ဒီကလေးကို တစ်ခြားဘီလူးတွေ တစ္ဆေသူရဲတွေလာပြီး မနှောင့်ယှက်အောင်ပေါ့။ မနက်လင်း

ကာနီးရောက်မှ အဲဒီရွှေခွက်မှာ မိဿာဒိဋ္ဌိဘီလူးက စာရေးပစ်ခဲ့တယ်။

ဒီကလေးဟာ အမြဲတမ်း **"နမောဗုဒ္ဓဿ"** ဖြင့် ဘုရားရှိခိုးတဲ့အတွက် ဒီဖြစ်ကြောင်းကုန်စင် အကုန်ရေးပြလိုက်တယ်။ သူတို့ ဘီလူးတွေကနေ အစာယူပြီးကျွေးတဲ့ အကြောင်းတွေကိုပေါ့။ ဒီစာကိုလည်း ဗိမ္ဗိသာရမင်းကြီး တစ်ပါးတည်း မြင်ပါစေ။ ကျန်တဲ့ပုဂ္ဂိုလ်တွေမမြင်ပါစေနဲ့လို့ အဓိဋ္ဌာန်ပြီး စာရေးခဲ့တယ်။

## (၃) ဗိမ္ဗိသာရမင်း ချီးမြှောက်ပုံ

မနက်လင်းတဲ့အခါရောက်တော့ ရွှေခွက်ကို ထင်းလှည်းပေါ်တင်ပြီး သူတို့ကိုယ်ယောင်ဖျောက်ကာ ပြန်သွားကြတယ်။ ကလေးကတော့ အိပ်ပျော်နေတုန်းပဲ။ ဗိမ္ဗိသာရမင်းကြီးနန်းတော်မှာတော့ အဲဒီ ပွဲတော်တည်မည့် ရွှေခွက် ပျောက်တာကို ပိုက်စိပ်တိုက်ရှာနေကြသည်။ နန်းတော်ထဲမှာလည်း မတွေ့တော့ မြို့တွင်း တံခါးကို မဖွင့်ခိုင်းပဲနဲ့ မြို့တွင်းကို ပိုက်စိပ်တိုက်ရှာကြတယ်။ မတွေ့ကြဘူး။ မြို့ပြင်ထွက်ရှာကြတော့ အဲဒီကလေး အိပ်နေတဲ့ထင်းလှည်းပေါ်မှာ သွားတွေ့ကြတယ်။

အဲဒီ ကလေးကိုနှိုးပြီး သူခိုးပဲဆိုကာ စွပ်စွဲကြတယ်။ တစ်ခါတည်း ရွှေခွက်ရောကလေးကိုပါ မင်းကြီးထံ ခေါ်သွားကြတယ်။ မင်းကြီးက အဲဒီရွှေခွက်မြင်လိုက်တာနဲ့ စာကိုတန်းဖတ်မိတော့ သိပြီးတာနဲ့ ကလေးကိုစစ်တယ်။ ဘယ်လိုလုပ်ပြီး ရွှေခွက်က ထင်းလှည်းပေါ်ရောက်နေရသလဲပေါ့။ စစ်မေးတော့ ကလေးကလည်း အမှန်အတိုင်းပဲ ပြောပြတယ်။ **"ညတုန်းက သူ့အဖေနဲ့ သူ့အမေက ကျွေးလို့သူစားတယ်။ အိပ်တယ်။ ဒါပဲသူသိတယ်။ ရွှေခွက်တွေ ဘာခွက်တွေ သူမသိဘူးလို့"** ပြောလိုက်တယ်။

အဲဒီအချိန်မှာ မိဘနှစ်ပါးကလည်း စိတ်ပူပြီးရောက်လာကြတယ်။ သူ့သားကို မင်းချင်းတွေက ရွှေခွက်သူခိုးဆိုပြီးတော့ တစ်ခါတည်း ရှင်ဘုရင်ထံ ခေါ်သွားတာကိုး။ ဒီတော့ စိတ်ပူပူနဲ့ လိုက်လာကြတယ်။ နန်းတော်ရောက်တော့ ရှင်ဘုရင်ကအကျိုးအကြောင်းကို ပြောပြလို့ သိသွားကြတယ်။ မိဘတွေအဖို့ ဝမ်းသာလုံးဆို့သွားကြတယ်။ ဒါနဲ့ပဲ ဗိမ္ဗိသာရမင်းကြီးက အဲဒီထင်းခွေပြီး အသက်မွေးဝမ်းကြောင်းပြုတဲ့ မိသားစုကို ဆုလာဘ်တွေချပြီး မြတ်စွာဘုရားရှင်ထံ ခေါ်သွားကြတယ်ပေါ့။

## (၄) ဘုရားရှင် ချီးမြှောက်ပုံ

ဘုရင်မင်းကြီးက မြတ်စွာဘုရားရှင်ထံ မေးလျှောက်တယ်။

**ဘုရားဂုဏ်ကို အမြဲတမ်းရှိခိုး အာရုံပြုနေရုံမျှနှင့် ဘေးရန်အန္တရာယ်တွေ ကင်းနိုင်ပါသလား?။**

ဘုရားရှင်က ပြန်လည်မိန့်ကြားတော်မူရာမှာ – **"ဘုရားဂုဏ်ကို အာရုံပြုပြီး ရှိခိုးတဲ့ပုဂ္ဂိုလ်၊ ဗုဒ္ဓါနုဿတိ ပွားများတဲ့ ပုဂ္ဂိုလ်အဖို့ ဘေးရန်အန္တရာယ် ကင်းပါတယ်။ ရုပ်လက်တွေ့မဟုတ်လား?။ ဘီလူးဘေးရန် အန္တရာယ်ကကင်းပြီးတော့ သင်မင်းကြီးရဲ့ ပွဲတော် တောင်မှ ရွှေခွက်နဲ့ ဘီလူးတွေကယူပြီးတော့ ကျွေးရတယ်လေ"**။ အဲဒီလိုဆိုတာ အထင်အရှားပဲလို့ ဘုရားရှင်က မိန့်ကြားတော်မူတယ်။

အဲဒီ ထင်းခွေ သားအဖ ဝတ္ထုမှာ – အဋ္ဌကထာ ဆရာကဖွင့်တယ်။ အနည်းဆုံး တစ်နေ့ကို တစ်ကြိမ်, တစ်ခါတော့ ရှိခိုးဖြစ်အောင်ရှိခိုးပါ။ အဲဒီလို နေ့စဉ်နေ့တိုင်းမပျက်မကွက် မှန်မှန်ရှိခိုးဖြစ်မယ်ဆိုရင် ဘေးရန်အန္တရာယ်လည်း ကင်းပါတယ်။ ကိစ္စကြီးငယ်လည်း လွယ်လွယ်ကူကူ ပြီးစီးအောင်မြင်နိုင်ပါတယ်။ သေတဲ့အခါမှာလည်း အပါယ်ငရဲကို လုံးဝ မကျနိုင်တော့ပါဘူး။ နတ်ပြည်ကိုပဲ သေချာပေါက်ရောက်ရမှာပါတဲ့။ ဒါတင်မကသေးဘူး နောက်ဆုံး နိဗ္ဗာန်ထိ တိုင်အောင် အကျိုးထူး ပေးနိုင်စွမ်းရှိပါတယ်တဲ့။



အဲဒီမှာ မြတ်စွာဘုရားရှင်က –

**သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။**
**ယေသံဒိဝါစ ရတ္တောစ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။**

| | | |
|---|---|---|
| **ယေသံ** | = | အကြင်သူတို့အား။ |
| **ဒိဝါစ** | = | နေ့အခါ၌ လည်းကောင်း။ |
| **ရတ္တောစ** | = | ညဥ့်အခါ၌ လည်းကောင်း။ |
| **နိစ္စံ** | = | အမြဲ။ |
| **ဗုဒ္ဓဂတာ** | = | ဗုဒ္ဓဂုဏ်တော်တို့ကို အာရုံပြု၍ဖြစ်သော။ |
| **သတိ** | = | သတိသည်။ |
| **အတ္ထိ** | = | ရှိ၏။ |
| **ဂေါတမသာဝကာ** | = | ဂေါတမဘုရားရှင်၏တပည့် ဖြစ်ကြကုန်သော။ |
| **တေ** | = | ဘုရားဂုဏ်ကို အာရုံပြု၍နေသောသူတို့သည်။ |
| **သဒါ** | = | အခါခပ်သိမ်း။ |
| **သုပ္ပဗုဒ္ဓံ** | = | ကောင်းသောနိုးခြင်းကို။ |
| **ပဗုဇ္ဈန္တိ** | = | နိုးရကုန်၏။ |

လို့ဆိုတဲ့ အဲဒီ ဂါထာလေးကို ဟောလိုက်တဲ့အခါမှာ ထင်းခွေ သားအမိ, သားအဖ သုံးယောက်စလုံး သောတာပန် ဖြစ်သွားကြတယ်။ တစ်နည်းဆိုလျှင် အာရုံပြုတဲ့အနေနဲ့ နိဗ္ဗာန်ရောက်သွားကြတယ်ပေါ့။ အဲဒီလို ဓမ္မပဒ အဋ္ဌကထာမှာ ဖွင့်ပြထားတာကြည့်ပြီးတော့ နယားဆရာတော်ကြီးက သြဝါဒကထာ (စာမျက်နှာ– ၉၈ မှ ၁၀၀ ထိ)တွင် ဖော်ပြခဲ့ပြီးသော သင်္ကာလေးတွေကို ရေးပြတာပဲ။

**"ဆောက်တည်ပြီးမှ နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓရှိနိုးက မုချအန္တရာယ်ကင်း။"**

- ဆောက်တည်ပြီးတော့ရှိခိုးပါ။
- ငါဟာ တစ်နေ့တစ်ကြိမ် လုံးဝမပျက်စေရဘူးလို့ အဲဒီလိုဆောက်တည်ပြီး ရှိခိုးပါ။
- ဘေးရန်အန္တရာယ် ကင်းပါတယ်။
- ကိစ္စကြီးငယ်လည်း လွယ်လွယ်ကူကူ ပြီးစီးအောင်မြင်နိုင်ပါတယ်။
- သေတဲ့အခါမှာလည်း အပါယ်ငရဲကို လုံးဝ မကျနိုင်တော့ပါဘူး။
- နတ်ပြည်ကိုပဲ သေချာပေါက်ရောက်ရမှာပါတဲ့။
- ဒါတင်မကသေးဘူး၊ နောက်ဆုံး – နိဗ္ဗာန်ထိတိုင်အောင် အကျိုးထူး ပေးနိုင်စွမ်း ရှိပါတယ်တဲ့။

(လုရတနာဆရာတော်ရေး စတုရာရက္ခဘာဝနာ စာမျက်နှာ– ၁၅–၂၈။)

အရှင်နာရဒါဘိဝံသ (လုရတနာ ဆရာတော်)
ပထမကျော်၊ အဂ္ဂမဟာအကျော်၊
အဋ္ဌကထာပြန်အကျော်၊ ဝဋံသကာ၊
ပါဠိပါရဂူ၊ သ.စ.အ ဓမ္မာစရိယ၊
ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁ ၅၄၉၈၈၄၊ ၀၉ ၅၀၄ ၄၉၃၀။

သာသနာနှစ် – ၂၅၅၂
ကောဇာ – ၁၃၇၀ ပြည့်နှစ်၊
နယုန်လဆန်း (၁၄)ရက်၊
ခရစ်နှစ် – ၁၇–၆–၂၀၀၈၊ အင်္ဂါနေ့။

## နယားဆရာတော်မှတ်စု (သို့) ဗဟုသုတပကာသနီ

**၁။ * ပဌာမ**

**နမော အာစရိယပါစရိယာနံ ပေသလာနံ သိက္ခာကာမာနံ**
**သာသနပါလာနံ သာသနပါလေ သိက္ခာကာမေ ပေသလေ**
**အာစရိယပါစရိယေ အဟံ သက္ကစ္စံ ဝန္ဒာမိ သဗ္ဗဒါ။**


ဗိုလ်ကဝိသောခန်းကျော်ပြုနယားကျောင်းဆရာတော်
ဘဒ္ဒန္တမေဓိယာဘိဝံသ
နိုင်ငံတော်ကြီးဝါဒါစရိယ
တကြည့်ဝင် မှတ်သားထားသော ဗဟုသုတမြစ်ဘွယ်
စီရင်အပ်သည့်
ဗဟုသုတပကာသနီ

**သာသနပါလေ** = သာသနာကို စောင့်ရှောက်တော်မူကြကုန်သော။
**သိက္ခာကာမေ** = သိက္ခာသုံးပါးကို အလိုရှိတော်မူကြကုန်သော။
**ပေသလေ** = သီလကို ချစ်မြတ်နိုးကုန်သော။
**အာစရိယပါစရိယေ** = အဆက်, ဆက်သော ဆရာတော်တို့ကို။
**အဟံ** = ဘုရားတပည့်တော်သည်။
**သဗ္ဗဒါ** = နေ့ရောညပါ အခါခပ်သိမ်း။
**သက္ကစ္စံ** = ရိုသေစွာ။
**ဝန္ဒာမိ** = လက်အုပ်ချီမိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

ယခုဘဝ ဆရာတော်မှစ၍ အရှင်ဥပါလိထိအောင် အဆက်, ဆက်သော ဆရာတော်မြတ်တို့ကို နေ့ရောညပါ အခါခပ်သိမ်း ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးပါ၏, ရှိခိုးပါ၏။

**နမော မဟာကဿပ မဟာယသ မဟာမောဂ္ဂလိပုတ္တတိဿ**
**မဟာဓမ္မရက္ခိတ အာစရိယဇာဂရတ္ထေရာနံ သံဂီတိကာရကာနံ**
**ပေါတ္ထကာရုဠ္ဟာနံ သေလက္ခရာရုဠ္ဟာနံ။**

ဆရာတော် အရှင်ဇာဂရထေရ်၊ မဟာဓမ္မရက္ခိတထေရ်၊ မဟာမောဂ္ဂလိပုတ္တတိဿထေရ်၊ မဟာယသထေရ်၊ အရှင်မဟာကဿပထေရ် တို့ကို နေ့ရောညပါ အခါခပ်သိမ်း ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးပါ၏, ရှိခိုးပါ၏။ သင်္ဂါယနာတင်, ပေထက်အက္ခရာတင်, ကျောက်ထက်အက္ခရာတင် ကျေးဇူးရှင် ရဟန္တာအရှင်မြတ်တို့အား ရိုသေမြတ်နိုး ရှိခိုးပါ၏, ရှိခိုးပါ၏။ ဗဟုသုတပကာသနီ စာမျက်နှာ - ၁။

## (၁) ကမ္ဘာဦးက မင်းမြှောက်ကြပုံ

ကမ္ဘာဦးကလူများသည် စည်းဝေးကြပြီးလျှင် အဆင်းလှသော, တင့်တယ်သော၊ အကျင့်စရဏနှင့် ပြည့်စုံသော၊ ခပ်သိမ်းသော အချင်းအရာတို့နှင့် ပြည့်စုံသော ယောကျ်ားတစ်ယောက်ကို မင်းမြှောက်ကြကုန်၏။

(က) အခြေလေးချောင်းရှိသော သတ္တဝါတို့ကလည်း ခြင်္သေ့တစ်စီးကို မင်းမြှောက်ကြကုန်၏။

(ခ) မဟာသမုဒ္ဒရာ၌ ငါးတို့ကလည်း စည်းဝေး၍ အာနန္ဒာမည်သောငါးကို မင်းမြှောက်ကြကုန်၏။

(ဂ) ထို့နောက်၊ ငှက်အပေါင်းတို့ကလည်း ဟိမဝန္တာအရပ်၌ ကျောက်ဖြာတစ်ခုအပေါ် စည်းဝေးကြပြီးလျှင်- "လူတို့၌ မင်းထင်ရှားရှိ၏။ အခြေလေးချောင်းရှိသော သတ္တဝါတို့၌လည်းကောင်း၊ ငါးတို့၌လည်းကောင်း၊ ထိုအတူ မင်းထင်ရှား ရှိ၏။ ငါတို့အတွင်း မင်း-ထင်ရှားမရှိသေး။ မရှိမသေ၊ မလေးမစား နေခြင်းမည်သည်

မသင့်တော်ပေ။ ငါတို့အားလည်း မင်းရခြင်းငှာ သင့်တော်၏။ မင်းမြှောက်သင့်သောသူကို ရွေးချယ်ကြ" ဟု ပြောဆိုသောအခါ -

မင်းမြှောက်သင့်သောငှက်ကို ကြည့်ရှုကြရာ ခင်ပုတ်ငှက်တစ်ကောင်ကိုတွေ့မြင်၍၊ "ဤခင်ပုတ်ငှက်ကို ငါတို့နှစ်သက်၏" ဟု ဆိုကြကုန်၏။ ထိုအခါ၊ ငှက်တစ်ကောင်က ငှက်အားလုံး၏ အလိုကိုသိခြင်းငှာ သုံးကြိမ်ကြေညာ၏။ ထိုကြေညာသောငှက်အား နှစ်ကြိမ်ကြေညာစဉ် ဘာမျှမပြောဘဲ သည်းခံ၍၊ သုံးကြိမ်မြောက် ကြေညာသောအခါ၊ ကျီးငှက်တစ်ကောင်ကစ၍– "နေပါဦး၊ ဤငှက် မင်းမြှောက်ရာအခါတွင် ဤသို့သဘောရှိသော ကြောက်စရာကောင်းသည့်မျက်နှာ ရှိသည်။ စိတ်မဆိုးခင်မှာပင်၊ ဤသို့သဘောရှိသော၊ ကြောက်စရာကောင်းသည့် မျက်နှာရှိသေး၏။ ဤခင်ပုတ်ငှက် စိတ်ဆိုးသည်ရှိသော်၊ လောလောပူသောအိုးခင်း၌ ထည့်ထားသော ဆားကဲ့သို့ ထိုထိုအရပ်၌သာလျှင် ငါတို့ပျက်စီးကြရလိမ့်မည်။ ဤခင်ပုတ်ငှက်ကို မင်းမြှောက်ခြင်းငှာ ငါမနှစ်သက်"ဟု ပြောဆို၍ သုံးကြိမ်တိုင် ခင်ပုတ်ငှက်ကို မင်းမြှောက်ရန်ကြေညာခြင်းကို – "ငါမနှစ်သက်" ဟု ပြောဆို၍ တစ်ပါးသောငှက်တို့ကလည်း ငါလည်းမနှစ်သက်၊ ငါလည်းမနှစ်သက်ဟု ပြောဆို၍ ကောင်းကင်သို့ပျံသွားကြကုန်၏။ ခင်ပုတ် ငှက်လည်းထ၍၊ ကျီးငှက်နောက်သို့ လိုက်ကုန်၏။ ထိုကျီးငှက်, ခင်ပုတ်ငှက်တို့သည် ထိုအခါမှစ၍ ရန်ငြိုးဖွဲ့ကြကုန်၏။ ထို့နောက်၊ ငှက်တို့သည် ရွှေဟင်္သာကို မင်းမြှောက်ကြကုန်၏။ မင်းမြှောက်ပြီးလျှင် အရပ်တစ်ပါးသို့ ပျံသွားကြကုန်၏။

ဇာ၊ ၄၊ ၂၊ ဥလူကဇာတ် ၃၁၈–၉။ ဗဟုသုတပကာသနီ နှာ– ၂၀–၂၁။

မှတ်ရန်

(က) လူတို့က အဆင်းလှပ အကျင့်ကောင်းသော ယောကျ်ားတစ်ယောက်ကို မင်းမြှောက်ကုန်၏။

(ခ) ခြေလေးချောင်းရှိသော သတ္တဝါတို့က ခြင်္သေ့ကို မင်းမြှောက်ကြကုန်၏။

(ဂ) ငါးတို့က အာနန္ဒာမည်သောငါးကို မင်းမြှောက်ကြကုန်၏။

(ဃ) ငှက်တို့က ရွှေဟင်္သာကို မင်းမြှောက်ကြကုန်၏။ ဗဟုသုတပကာသနီ နှာ– ၂၀–၂၁။

## (၂) ဒုလဘ ငါးမျိုး

အထ ဘဂဝါ ဓဝံ ကတပုရေဘတ္တကိစ္စော ဂန္ဓကုဋိယာ ဥပဋ္ဌာနေ နိသီဒိတွာပါဒေ ပက္ခာလေတွာ ပါဒပီဌေ ဌတွာ ဘိက္ခုသံဃံ ဩဝဒတိ "ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလဘော ဗုဒ္ဓုပ္ပာဒေါ လောကသ္မိံ၊ ဒုလဘော မနုဿတ္တပဋိလာဘော ဒုလဘာ သမ္ပတ္တိ၊ ဒုလဘာ ပဗ္ဗဇ္ဇာ၊ ဒုလဘံ သဒ္ဓမ္မဿဝနန္တိ။

ဒီ၊ ဋ္ဌ၊ ၁။ ၄၇။ အံ၊ ဋ္ဌ၊ ၁။ ၄၉။ သံ၊ ဋ္ဌ၊ ၁။ ၂၂၅။ သုတ္တနိ ၁။ ၁၂၀။ ဒုလဘော ဟိ ဗုဒ္ဓုပ္ပာဒေါ၊ တတော ဒုလဘတရာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါစ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၀၂ – ၃။ သံ၊ ဋ္ဌ၊ ၁။ သဒ္ဓါသမ္ပတ္တိ၊ (သမ္ပဒါ–က) သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၂၀။ ခဏသမ္ပတ္တိ၊ သီ။

တေန ခေါ ပန သမယေန အာယသ္မာ ပုရာဏော ဒက္ခိဏာဂိရိသ္မိံ စာရိကံ စရတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ ပ။ ဥပသင်္ကမိတွာ ထေရေဟိ ဘိက္ခူဟိ သဒ္ဓိံ ပဋိသမ္မောဒိတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ ပုရာဏံ ထေရာ ဘိက္ခူ ဧတဒဝေါစုံ "ထေရေဟိ အာဝုသော ပုရာဏ ဓမ္မော စ ဝိနယော စ သင်္ဂီတော၊ ဥပေဟိတံ သင်္ဂီတိ"န္တိ။ သုသင်္ဂီတာဝုသော ထေရေဟိ ဓမ္မော စ ဝိနယော စ၊ အပိစ ယထေဝ မယာ ဘဂဝတော သမ္မုခါ သုတံ သမ္မုခါ ပဋိဂ္ဂဟိတံ၊ တထေဝါဟံ ဓာရေဿာမီတိ။ ဝိ၊ ၄။ ၄၈၆။

အာစိဏ္ဏကပ္ပော ခေါ အာဝုသော ကေစ္စော ကပ္ပတိ၊ ကေစ္စောန ကပ္ပတီတိ။ ဝိ၊၄။ ၅၀၇၊ အရှင်ရေဝတသဗ္ဗကာမိ။

ကေစ္စော ကပ္ပတီတိ ဣဒံ ဓမ္မိကံ အာစိဏ္ဏံ သန္ဓာယ ဝုတ္တံ။ ဝိ၊ ဋ္ဌ၊ ၄။ ၁၃၅။ ကပ္ပတိ အာစိဏ္ဏကပ္ပော။ ဝိ၊ ဋ္ဌ၊ ၁။ ၂၆။

ကပ္ပတိ အာစိဏ္ဏကပ္ပောတိ အာစရိယုပဇ္ဈာယေဟိ အာစိဏ္ဏော ကပ္ပတိတိအတ္ထော။ သော ပန ဓေမ္မော ကပ္ပတိ ဓမ္မိကော၊ ဓေမ္မော န ကပ္ပတိ အဓမ္မိကောတိ ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၁၁၂။ ဝိမတိ၊ ၁။ ၂၅။

---

အနာပတ္တိ အလဇ္ဇီ နိကမတိ ဝါ နိက္က မာပေတိ ဝါ၊ တသ္သ ပရိက္ခာရံ နိက္ခမတိ ဝါ နိက္ခမာပေတိ ဝါ၊ ဥမ္မတ္တက် နိက္ခမတိ ဝါ နိက္ခမပေတိ ဝါ၊ တသ္သ ပရိက္ခာရံ နိက္ခမတိ ဝါ နိက္ခမာပေတိ ဝါ၊ ဘဏ္ဍနကာရက် ကလဟကာရက် ဝိဝါဒကာရက် ဘဿကာရက် သံဃေ အဓိကရဏကာရက် နိက္ခမတိ ဝါ နိက္ခမပေတိ ဝါ၊ တသ္သ ပရိက္ခာရံ နိက္ခမတိ ဝါ နိက္ခမပေတိ ဝါ၊ အန္တေဝါသိက် ဝါ သဒ္ဓိဝိဟာရိက် ဝါ န သမ္မာ ဝတ္တန္တံ နိက္ခမတိဝါ နိက္ခမာပေတိ ဝါ၊ တသ္သ ပရိက္ခာရံ နိက္ခမတိ ဝါ နိက္ခမာပေတိ ဝါ။ ဝိ၊ ၂။ ၆၅-၆။

အလဇ္ဇီ နိက္ခမတိ ဝါတိ အာဒိသု ဘဏ္ဍနကာရကကလဟကာရကမေဝ သကလသံဃာရာမတော နိက္ခမိတုံ လဘတိ။ သော ဟိ ပက္ခံ လဘိတွာ သံဃမ္ပိဘန္ဒေယျ၊ အလဇ္ဇီအာဒယော ပန အတ္တနော ဝသနဋ္ဌာနတော ယေဝ နိက္ခမိတဗ္ဗာ။ ဝိ၊ ၄၊ ၃။ ၄၇-၈။ ကခါ၊ ၄၊ သစ်။ ၃၆၉။ ဗဟုသုတပကာသနီ နှာ - ၃၈-၃၉။

## (၃) (က) ဘုရားအလောင်းများ ပညာကြီးပုံ

ပစ္စေကဗုဒ္ဓတောပိ သဗ္ဗညုဗောဓိသတ္တာနညေဝ ဥပါယပရိဂ္ဂဟဉာဏံ မဟန္တတရံ ဟောတိ။ သော သင်္ဂဝသိကတ္တေရောဝိယ ..... "တွံ မေဝ မမ ပတိဋ္ဌာအဟောသိ" တိ မောရရာဇသ အဥ္ဇလိံ ပဂ္ဂယှ ပဒက္ခိဏံ ကတွာ အာကာသေ ဥပ္ပတိတွာ။ ဓ၊ ၄၊ ၄။ ၃၄၁။ ဗဟုသုတပကာသနီ နှာ - ၁၄။

## (ခ) ဘုရားအလောင်း နိုးသူကြီးဖြစ်ရပုံ

ဗောဓိသတ္တော ကာသိဂါမကေ ကေသ ဂဟပတိကဿ ဃရေ စောရနက္ခတ္တေန ဇာတော ဝယပ္ပတ္တော စောရကမ္မံ ကတွာ ဇီဝိကံ ကပ္ပေန္တော လောကေပါကဋော အဟောသိ သူရော နာဂဗလော၊ ကောစိနံ ဂဏှိတုံ နာသက္ခိ။ သောဧက ဒိဝသံ ကေသ္မိံ သေဋ္ဌိဃရေ သန္ဓိံ ဆိန္ဒိတွာ ဗဟုံ ဓနံ အဝဟရိ။ ဇာ၊ ၄၊ ၃။ ၅၄။ ဗဟုသုတပကာသနီ နှာ- ၄၆။

## ၄။ မြတ်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ် နှင့် သမိုင်းဝင်ဌာနများ

### (က) သံဝေဇနီယဌာန

၁။ လုမ္ဗိနီ (ဗုဒ္ဓဖွားမြင်တော်မူရာ - နီပေါနိုင်ငံ)၊
၂။ မဟာဗောဓိ (ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရာ - ဗုဒ္ဓဂယာ ဗီဟာပြည်နယ်)၊
၃။ မိဂဒါဝုန် (ဓမ္မစကြာတရားဦးဟောရာ - ဥတ္တရာပရာဒေ့ရှ်ပြည်နယ်) နှင့်
၄။ ကုသိနာရုံ (ပရိနိဗ္ဗာန်စံတော်မူရာ - ဥတ္တရာပရာဒေ့ရှ်ပြည်နယ်)။ ဗဟုသုတပကာသနီ နှာ - ၂။

### (ခ) အဝိဇဟိတဌာန

၁။ မဟာဗောဓိ (ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရာ - ဗုဒ္ဓဂယာ ဗီဟာပြည်နယ်)၊
၂။ မိဂဒါဝုန် (ဓမ္မစကြာတရားဦးဟောရာ - ဥတ္တရာပရာဒေ့ရှ်ပြည်နယ်)၊
၃။ သာဝတ္ထိ (ဇေတဝန်ကျောင်းတော် - ဂန္ဓကုဋိ ညောင်စောင်းနေရာ) နှင့်
၄။ သင်္ကဿနဂရ (တာဝတိံသာမှ ဆင်းသက်၍ တရားဟောရာ)

ဗဟုသုတပကာသနီ နှာ - ၃။

## (ဂ) မဟာဗောဓိ၌ ကြည်ညိုရန်

၁။ မဟာဗောဓိပင် (သဗ္ဗညုတဉာဏ်တော်ကို ရရှိရာ)၊
၂။ အပရာဇိတပလင်တော် (မာရ်ငါးပါးကို အောင်မြင်ရာ)၊
၃။ မဟာဗောဓိ စေတီတော် (ဗောဓိပင် နှင့် ရွှေပလင်နေရာ၌ သိရိဓမ္မာသောကမင်းကြီး စတင်တည်ထောင် ကိုးကွယ်ခဲ့သည်) နှင့်
၄။ သတ္တဋ္ဌာန (ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ခုနစ်ရက်, ခုနစ်လီ စံတော်မူခဲ့သည်။)

ဗဟုဿုတပကာသနီ နှာ – ၃။

## (ဃ) အာနန္ဒာဗောဓိ

ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယမေဝါတိ။ ဘန္တေ တုမှေသု ပက္ကန္တေသု ဇေတဝနဝိဟာရော အပ္ပဋိသရဏောဟောတိ၊ မဟာဇနော ပူဇနိယဋ္ဌာနံ န လဘတိ၊ မဟာဗောဓိတော ဗီဇံ အာဟရိတွာ ဇေတဝနဒွါရေ ရောပေဿာမိ ဘန္တေတိ။ သာဓု အာနန္ဒ ရောပေဟိ။ ဧဝံ သန္တေ ဇေတဝနေ မမ နိဗဒ္ဓဝါသော ဝိယ ဘဝိဿတီတိ။

ဇာ၊ ဋ္ဌ၊ ၄။ ၂၂၉။

နောင်လာနောက်သားတို့ အတုခိုးစရာ လိုက်နာကျင့်သုံးစရာ ငါးရာငါးဆယ်ဇာတ်တော်များ၌ ဘုရားအလောင်း စသော ပညာရှိသူတော်ကောင်းများ ကျင့်သုံးထားသော နည်းလမ်းများမှ အချို့သောနည်းလမ်းများကိုသာယူ၍ ဖော်ပြထားပေသည်။

ဗဟုဿုတပကာသနီ နှာ – ၅၆။

## (င) သတ္တဋ္ဌာန

၁။ ပလင်္ကသတ္တာဟ (ပထမသတ္တာဟ – ဗောဓိပင် နှင့် ရွှေပလင်)၊
၂။ အနိမိသ သတ္တာဟ (ဒုတိယသတ္တာဟ – အနိမိသ စေတီတော်)၊
၃။ စင်္ကမ သတ္တာဟ (တတိယသတ္တာဟ – ရတနာ စင်္ကမ စင်္ကြံတော်)၊
၄။ ရတနာဃရ သတ္တာဟ (စတုတ္ထသတ္တာဟ – ရတနာဃရ ရွှေအိမ်တော်)၊
၅။ အဇပါလနိဂြောဓ သတ္တာဟ
(ပဉ္စမသတ္တာဟ – အဇပါလ ဆိတ်ကျောင်းညောင်ပင် အထိမ်းအမှတ် အဇပါလနိဂြောဓ ကျောက်တိုင်)၊
၆။ မုစလိန္ဒ သတ္တာဟ (ဆဋ္ဌသတ္တာဟ – မုစလိန္ဒအိုင်) နှင့်
၇။ ရာဇာယတန သတ္တာဟ (သတ္တမသတ္တာဟ – ရာဇာယတန လင်းလွန်းပင်)။

ထို့ပြင် – (၁) နေရဉ္ဇရာမြစ်၊
(၂) သုဇာတာအိမ်နေရာ – သေနာနိဂုံး၊
(၃) သုဇာတ ဃနာနို့ဆွမ်း ကပ်သည့်နေရာ၊
(၄) ဘုရားအလောင်းတော် နို့ဆွမ်းဘုဉ်းပေးသည့်နေရာ၊
(၅) ရွှေခွက်မျှောသည့်နေရာ၊
(၆) ဒုက္ကရစရိယာကျင့်ရာ – ဒုက္ကရစရိယတောင်လိုဏ်ဂူ၊
(၇) ဥရုဝေလရသေ့ကြီး ကျောင်းသခ်မ်း နှင့်
(၈) မင်းတုန်းမင်းကြီး၏ ဇရပ်တော် နှင့် ကုသိုလ်တော်ကျောင်းတိုက် တို့ဖြစ်ကြသည်။

ဗဟုဿုတပကာသနီ နှာ – ၃။

## (စ) မိဂဒါဝုန်

ဘုရားဖြစ်တော်မူပြီးနောက်၊ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်ဥယျာဉ်သည် ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဗာရာဏသီမြို့အနီး ဆာရနတ် ဟု ခေါ်တွင်သည့် နေရာတွင်ရှိသည်။

၁။ ဓမ္မရာဇိက စေတီတော် (ဓမ္မစကြာတရားဦး ဟော်တော်မူရာ)၊
၂။ နန္ဒိယကျောင်းတော် (မြတ်စွာဘုရား ပဌမဝါကပ်သီတင်းသုံးတော်မူရာ)၊
၃။ အသောကမင်းကြီး၏ ကျောက်စာတိုင်၊
၄။ မူလဂန္ဓကုဋီတိုက် နှင့်
၅။ ဒက္ခိဏာသာခါ ရုပ်ပွားတော် – မိဂဒါဝုန်ပြတိုက်။

## (ဆ) သာဝတ္ထိ

သာဝတ္ထိမြို့သည် ကောသလတိုင်း ပသေနဒီကောသလမင်းကြီး ထီးနန်းစိုက်ရာမြို့ဖြစ်သည်။
၎င်းပြည်မြို့၌ –

၁။ ဇေတဝန်ကျောင်းတော်ရာ (၎င်းကျောင်းဒါယကာ အနာထပိဏ်သူဌေးကျောင်း၌ ၂၄–ဝါပတ်လုံး မြတ်စွာဘုရား ဝါကပ်တော်မူသည်)၊
၂။ အာနန္ဒာဗောဓိ (ဘုရားရှင်လက်ထက် ရှင်အာနန္ဒာ အစီအရင်ဖြင့် စိုက်ပျိုးသောဗောဓိပင် ဖြစ်၏)၊
၃။ သရက်ဖြူပင် (တိတ္ထိတို့ကို နှိမ်နင်းရန် တန်ခိုးပြာဋိဟာ ပြရာအရပ်) နှင့်
၄။ သာဝတ္ထိမြို့ဟောင်း။

## (ဇ) ရာဇဂြိုဟ်

ရာဇဂြိုဟ်မြို့သည် ဗိမ္ဗိသာရမင်းကြီးနှင့် သားတော် အဇာတသတ်မင်းတို့ ထီးနန်းစိုက်ရာမြို့ ဖြစ်သည်။ ထိုမြို့သည် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်မြို့တော် ပါဋလိပုတ် (ခေါ်) ပတ္တနားမြို့အရှေ့ဘက် (၆၅)မိုင် အကွာတွင် တောင်ငါးလုံး ရံထားသောမြို့ဖြစ်၍၊ ယခုအခါ ရာဂျ်ဂီ ဟုခေါ်သည်။ ဘုရားအလောင်းတော် တောထွက်ပြီး ပဌမဆုံး ဆွမ်းခံကြွရာ သံဃာ့အခြံအရံ တစ်ထောင် နှင့် သီတင်းသုံးနေရာ ဖြစ်သည်။

(၁) ဝေဠုဝန်ကျောင်းတော်ရာ၊
(၂) ဂိဇ္ဈကုဋ်တောင်ထိပ် ကျောင်းတော်ရာ၊
(၃) ဇီဝကသရက်ဥယျာဉ် နှင့်
(၄) သတ္တပဏ္ဏိလိုဏ်ဂူ ပဌမသင်္ဂါယနာတင်ရာ– ဝေဘာရတောင်တော်။ ဗဟုသုတပကာသနီ နှာ– ၄။

## (ဈ) ကုသိနာရုံ

၁။ ကုသိနာရုံဥယျာဉ် (မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ – မလတိုင်း၊ မလမင်းတို့၏ ဥယျာဉ်၊ ထိုဥယျာဉ်သည် ယခုအခါ ရှိနာဂါရ်အမည်ဖြင့် ရွာငယ်ကလေးဖြစ်နေသည်။
၂။ ပရိနိဗ္ဗာန ရုပ်ပွားတော် (မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပုံ)၊
၃။ ပရိနိဗ္ဗာန စေတီတော် (ပရိနိဗ္ဗာန်စံတော်မူရာ၌ တည်ထားသည့်စေတီ) နှင့်
၄။ အင်္ဂါရ စေတီတော် (တေဇောဓာတ်လောင်ရာ၌ ကြွင်းကျန်သော မီးသွေးများကို ဌာပနာထား၍ တည်သောစေတီ)။ ဗဟုသုတပကာသနီ နှာ– ၅။

## (ည) ဝေဠုဝန်ဥယျာဉ်လှူပုံ

ဧတာဟံ ဘန္တေ ဝေဠုဝနံ ဥယျာနံ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ။

ဝိ၊ ၃။ ၅၀။ ဗဟုဿုတပကာသနီ နှာ – ၁၉။

## (ဋ) ရာဇဗြိုဟ်သူဌေး လျှောက်ထားပုံ

ဧ တေ မေ ဘန္တေ သဋ္ဌိဝိဟာရာ ပုညတ္ထိကေန သဂ္ဂတ္ထိကေန ကာရာပိတာ။

ကထာဟံ ဘန္တေ တေသု ဝိဟာရေသု ပဋိပဇ္ဇာမိ။ ဗဟုဿုတပကာသနီ နှာ – ၁၉။

## (ဌ) မြတ်စွာဘုရား မြေကြားပုံ

တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ

စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။ ဗဟုဿုတပကာသနီ နှာ – ၁၉။

## (ဍ) ရာဇဗြိုဟ်သူဌေး လှူဒါန်းပုံ

"ဓဝံဘန္တေ" တိ ခေါ ရာဇဂဟကော သေဋ္ဌိ ဘဂဝတော ပဋိဿုတွာ

တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေသိ။ ဝိ၊ ၄။ ၂၉၁။

အနာထပိဏ်သူဌေး အလားတူလျှောက်ထား၍၊ အလားတူ မြတ်စွာဘုရားမြေကြားသဖြင့်၊ အလားတူ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းလှူဒါန်းပုံ "ဓဝံဘန္တေ" တိ ခေါ အနာထပိဏ္ဍိကော ဂဟပတိ ဘဂဝတော ပဋိဿုတွာ ဇေတဝနံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေသိ။

ဝိ၊ ၄။ ၃၁၄။ ဗဟုဿုတပကာသနီ နှာ – ၁၉။

## (ဎ) နိဂြောဓာရုံကျောင်း

နိဂြောဓာရာမေတိ နိဂြောဓော နာမ သက္ကော၊ သော ဉာတိသမာဂမကာလေ ကပိလဝတ္ထုံ အာဂတေ ဘဂဝတိ အတ္တနော အာရာမေ ဝိဟာရံ ကာရေတွာ ဘဂဝတော နိယျာတေသိ၊ တသ္မိံ ဝိဟာရေတိတိ အတ္ထော။ မဟာနာမောတိ အနုရုဒ္ဓတ္ထေရဿ ဘာတာ ဘဂဝတော စူဠပိတုပုတ္တော။ သုဒ္ဓေါဒနော သက္ကောဒနော ဓောတောဒနော အမိတောဒနောတိ ဣမေပဉ္စဇနာ ဘာတရော။ အနတိ နာမ ဒေဝီ တေသံ ဘဂိနီ။ တိဿတ္ထေ–ရော တဿာပုတ္တော။ တထာဂတော စ နန္ဒတ္ထေရောစ သုဒ္ဓေါဓနဿ ပုတ္တာ၊ မဟာနာမော စ အနုရုဒ္ဓတ္ထေရော စ သုက္ကောဒနဿ။ အာနန္ဒတ္ထေရော အမိတောဒနဿ၊ သော ဘဂဝတော ကနိဋ္ဌော။ မဟာနာမော မဟာလကတရော သကာဒဂါမိ အရိယသာဝကော။

မ၊ ဋ္ဌ၊ ၁။ ၃၆၅ – ၆။ ဗဟုဿုတပကာသနီ နှာ – ၄၅။

၁။ ဗိမ္ဗိသာရမင်းကြီးသည် – ဝေဠုဝန်ကျောင်းတော်ရာနှင့် ကျောင်းကိုလည်းကောင်း၊

၂။ အနာထပိဏ်သူဌေးသည် – ဇေတဝန်ကျောင်းတော်ကို လည်းကောင်း၊

၃။ ဝိသာခါ ဒါယိကာမကြီးသည် – ပုဗ္ဗာရုံကျောင်းတော်ကို လည်းကောင်း၊

၄။ နန္ဒိယသူဌေးသည် – မိဂဒါဝုန်ကျောင်းတော်ကို လည်းကောင်း၊

၅။ ကောသမ္ဗီမြို့မှ ဃောသကသူဌေးသည် – ကုက္ကုဋ္ဌာရုံကျောင်းတော်ကို လည်းကောင်း၊

၆။ ပါဝါရိက သူဌေးသည် – ပါဝါရိကာရုံကျောင်းတော်ကိုလည်းကောင်း၊

၇။ အရှင်အနုရုဒ္ဓါမထေရ်၏ နှမတော် ရောဟိနီမင်းသမီးသည် - ဆွမ်းစားကျောင်းတော်ကိုလည်းကောင်း စသည်ဖြင့် ကျောင်းတော်အသီးသီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

## (ဆ) ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်နည်း

သံဃော ပ န ဗဟုဿုတဿ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ ဗဟုပကာရဿ ဘာရနိတ္ထာရကဿ ဖာသုကံ အာဝါသံ အနုဋ္ဌာပနီယံ ကတွာ ဒေတိ၊ တသ္မာသော ဥပကာရတာယ စ သံဃတော လဒ္ဓတာယ စ န ဝုဋ္ဌာပေတဗ္ဗောတိ။

ဝိ၊ ဋ္ဌ၊ ၃။ ၄၀၄။

ဗဟုဿုတဿ သံဃဘာရနိတ္ထာရကဿ ဘိက္ခုနော အနုဋ္ဌာနပနီယသေနာသနမ္ပိ။ ပ။ အပလောကနကမ္မေန ဒါတုံ ဝဋ္ဋတိ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၃။ ဗဟုဿုတပကာသနီ နှာ - ၅၇။

## (ဇ) မြတ်စွာဘုရားအား ပထမဗောဓိနှစ် - နှစ်ဆယ်အတွင်း မြဲသောအလုပ်အကျွေးမရှိ

ရံခါ နာဂသမာနထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ နာဂိတထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ ဥပဝါဏထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ သုနက္ခတ္တထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ စုန္ဒထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ နန္ဒထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ သာဂတထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။
ရံခါ မေဃိယထေရ် မြတ်စွာဘုရားကို လုပ်ကျွေးသည်။

တစ်နေ့သ၌ မြတ်စွာဘုရားက - "ယခုအခါ ငါဘုရားအသက်အရွယ်ကြီးပြီ၊ အချို့သော ရဟန်းတို့သည် ငါဘုရားသွားလိုသောလမ်းဖြင့် မသွားဘဲ၊ အခြားလမ်းဖြင့် သွားကြသည်။ ငါဘုရား သပိတ်တော်၊ သင်္ကန်းတော်တို့ကို မြေကြီးပေါ်၌ ချထားကြကုန်၏။ ငါဘုရားအတွက် အမြဲလုပ်ကျွေးသော ရဟန်းတစ်ပါး ရှိသင့်သည်" ဟု အမိန့်ရှိရာ၊ အမြဲလုပ်ကျွေးမည် ရဟန်းတို့ လျှောက်ထားရာ မြတ်စွာဘုရားက လက်မခံဘဲနေတော်မူသဖြင့်၊ ရှင်အာနန္ဒာကို အမြဲလုပ်ကျွေးရန် တိုက်တွန်းကြရာ ရှင်အာနန္ဒာက -

**ပဋိက္ခေပ** = ပယ်ဆုလေးခု၊
**အာယာစန** = တောင်းဆုလေးခု တောင်းရာ မြတ်စွာဘုရားက ပေးတော်မူသည်။

ထိုအခါမှစ၍၊ နှစ်ဆယ့်ငါးနှစ်ပတ်လုံး ရှင်အာနန္ဒာသည် မြဲသောအလုပ်အကျွေး ဖြစ်လာ၏။

ဇာ၊ ဋ္ဌ၊ ၄။ ၉၆ - ၇။ နှင့် ဒွါရဝတီမြို့အကြောင်း ဇာ၊ ဋ္ဌ၊ ၄။ ၈၃ - စသည့်ကြည့်ပါ။

ဗဟုဿုတပကာသနီ စာမျက်နှာ - ၅၄၊ ၅၅။

## (ဈ) ဘုရား၏နောက်ဆုံး ဩဝါဒတော်

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဗဟုဿုတပကာသနီ စာမျက်နှာ - ၅။

## ( ၁ ) နာလန္ဒမြို့

၁။ နာလန္ဒမြို့ (ထိုမြို့သည် ဗိဟာပြည်နယ်တွင် တည်ရှိသည်။
ပါဋလိပုတ်မှ (၅၅)မိုင်ဝေး၍၊ ရာဇဂြိုဟ်ပြည်မှ (၇)မိုင်ဝေးသည်။)

၂။ နာလန္ဒတက္ကသိုလ် (ထိုတက္ကသိုလ်သည် ရှေးက အလွန်ထင်ရှား ကြီးကျယ်ခမ်းနားသည်။)

၃။ ရှင်သာရိပုတ္တရာ မွေးဖွားရာ, ပရိနိဗ္ဗာန်ပြုရာအိမ်တော် (အခြားကျောင်း, မြို့စသည်၌ ပရိနိဗ္ဗာန် မပြုဘဲ မိခင်ကြီး အကျွတ်တရားရရန် ရည်ရွယ်၍ မိခင်အိမ်၌ ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်သည်။)

၄။ သာရိပုတ္တရာစေတီတော် (ပရိနိဗ္ဗာန်ပြုပြီးနောက် နောင်လာနောက်သားတို့ သတိတရား ပွားများကာ ကုသိုလ်များ ရကြစေရန် မိခင်အိမ်၌ စေတီတည်ထားသည်။) ဗဟုဿုတပကာသနီ နှာ - ၅။

## ( ၈ ) ပါဋလိပုတ်မြို့တော်

၁။ ပါဋလိပုတ်မြို့ (ယခုအခါ ဗိဟာပြည်နယ်မြို့တော် ပတ္တနား ဟုခေါ်သည်။ ရှေးအခါက မာဂဓတိုင်း ပါဋလိပုတ်ပြည်၊ အဇာတသတ်မင်း၏ခံတပ်မြို့၊ အသောကမင်း၏ နေပြည်တော် ဖြစ်ခဲ့သည်။)

၂။ အသောကရုံကျောင်းတော်နေရာ (သာသနာတော်နှစ် ၂၃၅-ခုနှစ်တွင် အသောကမင်းကြီး ဆောက်လုပ်လှူဒါန်း၍ ရဟန္တာတစ်ထောင်တို့ တတိယသင်္ဂါယနာ တင်ခဲ့ရာဖြစ်သည်။)

၃။ အသောကရေတွင်းကြီး (အသောကမင်းကြီး လှူဒါန်းခဲ့သည်။)

၄။ အသောကကျောက်စာဌာန ပြတိုက် နှင့်

၅။ ပါဋလိပုတ်မြို့ဟောင်းနေရာ။ ဗဟုဿုတပကာသနီ နှာ - ၅၊ ၆။

## (၅) ရှေးမထေရ်ကြီးများစကား

တထာဟိ ပုဗ္ဗေ မဟာထေရာ တိက္ခတ္တုံ ဝါစံ နိစ္ဆာရေသုံ "အနာဂတေ လဇ္ဇီရက္ခိဿတိ၊
လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ" တိ။ ၎၊ ၁။ ၁၉၉-၂၀၀။ ဝိ၊ သင်္ဂဟ၊ ၃၂၃။
တေနေဝ ပေါရာဏကတ္ထေရာ "လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ" တိ တိက္ခတ္တုံ အာဟံသု။
ဝိသုဒ္ဓိ၊ ၁။ ၉၅။ ဗဟုဿုတပကာသနီ - ၁၃၊ ၁၄။

## (၆) ဝိနယလက္ခဏာ

ဝိနယဝိနိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ၊ သော ဝိနယဓမ္မတာ။ ဝိ၊ ၎၊ ၁။ ၂၇၆။
အပိ စ "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗ" န္တိ ဧတံ ဝိနယလက္ခဏံ။ ဝိ၊ ၎၊ ၃။ ၂၉။ ဝိ၊ သင်္ဂဟ။ ၇၉။
ယဒိ နေဝံ ဝတ္ထုံ နာပတ္တိံ ပဋိဇာနန္တိ၊ အာပတ္တိံ န ရောပေတဗ္ဗာ၊ အယမေတ္ထ ဝိနိစ္ဆယော။ ဝိ၊ ၎၊ ၂။ ၂၀၇။
ဗဟုဿုတပကာသနီ နှာ - ၁၄။

## (၇) ကျောင်းစသည်၌ မတပ်မက်ရ

သမဏေန နာမ မယှံ ဝိဟာရော, မယှံ နိဝါသဋ္ဌာနံ, မယှံ ဥပါသကော, မယှံ ဥပါသိကာတိ မာနံ ဝါ တဏှံ ဝါ ကာတုံ န ဝဋ္ဋတိ။ ဧဝံ ကရောန္တဿ ဟိ တဏှာမာနာဒယော ကိလေသာ ဝဍ္ဍန္တိ။
ဓမ္မ၊ ၎၊ ၁။ ၃၂၈။ သာရတ္ထ၊ ၃။ ၃၆၇။

ဗဟုဿုတပကာသနီ နှာ - ၁၄။

## (၈) ပစ္စည်း၌ စွဲလမ်းမှု အပြစ်

သာပေက္ခကာလကိရိယာ ဟိ အတ္တနောယေဝ ဂဟော ယက္ခကုက္ကုရအဇ ဂေါဏမဟိံသမူသိကကုက္ကုဋဥိကာ မဂ်ိုလာဒိဘာဝေန နိဗ္ဗတ္တန ကာရဏံ ဟောတိ။ ဒီ၊ ၃၊ ၂။ ၂၂၆။ ဗဟုသုတပကာသနီ နှာ – ၁၈။

## (၉) (က) နိဿယ အမုစ္စန ဘိက္ခု

ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာနိဿိတေန ဝတ္တဗ္ဗံ၊ ဥပေါသထံ န ဇာနာတိ၊ ဥပေါသထကမ္မံ န ဇာနာတိ၊ ပါတိမောက္ခံ န ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေ သံ န ဇာနာတိ၊ ဦနပဉ္စဝဿော ဟောတိ။

အပရေဟိ ပိ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာနိဿိတေန ဝတ္တဗ္ဗံ၊ ပဝါရဏံ န ဇာနာတိ၊ ပဝါရဏာကမ္မံ န ဇာနာတိ၊ ပါတိမောက္ခံ န ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ န ဇာနာတိ၊ ဦနပဉ္စဝဿော ဟောတိ။

အပရေဟိ ပိ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာနိဿိနေ ဝတ္တဗ္ဗံ။ အာပတ္တာနာပတ္တိံ န ဇာနာတိ လဟုကဂရုကံ အာပတ္တိံ န ဇာနာတိ၊ သာဝသေသာနဝသေသံ အာပတ္တိံ န ဇာနာတိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ အာပတ္တိံ န ဇာနာတိ၊ ဦနပဉ္စဝဿော ဟောတိ။ ဝိ၊ ၅။ ၂၃၄။ ဗဟုသုတပကာသနီ နှာ – ၃၄။

## (ခ) နိဿယ မုစ္စန ဘိက္ခု

ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ အနိဿိတေန ဝတ္တဗ္ဗံ၊ ဥပေါသထံ ဇာနာတိ၊ ဥပေါသထကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေ သံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ အတိရေကပဉ္စဝဿော ဝါ။

(အပရေဟိ ပိ) ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ အနိဿိတေန ဝတ္တဗ္ဗံ၊ ပဝါရဏံ ဇာနာတိ၊ ပဝါရဏာကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ အတိရေကပဉ္စဝဿောဝါ။

(အပရေဟိ ပိ) ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ အနိဿိတေန ဝတ္တဗ္ဗံ၊ အာပတ္တာနာပတ္တိံ ဇာနာတိ လဟုက ဂရုကံ အာပတ္တိံ ဇာနာတိ၊ သာဝသေသာနဝသေသံ အာပတ္တိံ ဇာနာတိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ အာပတ္တိံ ဇာနာတိ၊ ပဉ္စဝဿော ဝါ ဟောတိ အတိရေက ပဉ္စဝဿော ဝါ။ ဝိ၊ ၅။ ၂၃၄။ ဗဟုသုတပကာသနီ နှာ – ၃၅။

## (၁၀) အဂ္ဂိသန စသည်ကို ထိုက်သောသူ

မြတ်စွာဘုရားမေးတော်မူရာ – "ရဟန်းတော်များက မင်းမျိုးမှရဟန်းပြုသောသူမှစ၍၊ ဆင့်ဘိညအထိ (၁၆)မျိုးသော ပုဂ္ဂိုလ်ကို အဂ္ဂိသန စသည်ကို ထိုက်ကြောင်း လျှောက်ထားရာ" မြတ်စွာဘုရားက အောက်ပါအတိုင်း ပညတ်တော်မူသည်။

"အနုဇာနာမိ ဘိက္ခဝေ ယထာဝုဍ္ဎံ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ အဂ္ဂါသနံ အဂ္ဂေါဒကံ အဂ္ဂပိဏ္ဍံ၊ န စ ဘိက္ခဝေ သံဃိကံယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿာ" တိ။
ဝိ၊ ၄။ ၃၁၁။ ဗဟုသုတပကာသနီ နှာ – ၃၅။

## (၁၁) အစိုးရပုံ

ယော ပန သံဃိကော ဒဗ္ဗသမ္ဘာရော အရက္ခော ဒေသေ ဝဿန္တေ တေမေတိ၊ အာတာပေ န သုက္ခတိ၊ တံ သဗ္ဗမ္ပိ အာဟရိတွာ အတ္တနော အာဝါသေ ကာတုံ ဝဋ္ဋတိ၊ သံယော အာဟရာပေန္တော အဉ္ဇေန ဝါ ဒဗ္ဗသမ္ဘာရေန, မူလေန ဝါ သညာပေတဗ္ဗော။ န သက္ကာ စေ ဟောတိ သညာပေတုံ၊ "သံဃိကေန ဘန္တေကတံ သံဃိကပရိဘောဂေန ဝဠဉ္ဇထာ" တိ ဝတ္တဗ္ဗံ။ သေနာသနဿ ပနအယမေဝ ဘိက္ခုဣဿရော။ ဝိ၊ ၃၊ ၁။ ၃၄၂။

အယမေဝ ဘိက္ခုကုလ္လသရောတိ ဧကေသ ဘိက္ခုနော ပါပုဏနဋ္ဌာနံ တတောယေဝ သေနာသနတော တဿ ဒါတဗ္ဗံ၊ န စ သော တတော ဥဋ္ဌာပေတဗ္ဗောတိ ဝုတ္တံ ဟောတိ။ သာရတ္ထ၊ ၂။ ၁၆၇။

အယမေဝ ဘိက္ခုကုလ္လသရောတိ အာဒိတော ပဋ္ဌာယ အတ္တနော သန္တကေဟိ ဒါရုသမ္ဘာရာဒီဟိ စ ကာရာပိတတ္တာ ပဋိဇဂ္ဂိတတ္တာ စ သံဃိက သေနာသနေ ဘာဂိတာယစ အယမေဝ ကုလ္လသရော၊ န စ သော တတော ဝုဋ္ဌာပေတဗ္ဗောတိ ဝုတ္တံ ဟောတိ။ ဝိမတိ၊ ၁။ ၂၀၄။ ဗဟုဿုတပကာသနီ နှာ – ၃၅။

## (၁၂) ပယောဂသမ္ပတ္တိ

၁။ ယော ပန သမ္မာ ပယောဂံ နိဿာယ ဇီဝတိ။

(က) ဥပသက်မိတဗ္ဗ ယုတ္တကာလေ ဥပသက်မတိ၊

(ခ) ပဋိက္ကမိတဗ္ဗ ယုတ္တကာလေ ပဋိက္ကမတိ၊

(ဂ) ပလာယိတဗ္ဗ ယုတ္တကာလေ ပလာယတိ၊

(ဃ) လဉ္စ ဒါန ယုတ္တကာလေ လဉ္စံ ဒေတိ၊

(င) စောရိက ယုတ္တကာလေ စောရိကံ ကရောတိ။

ဧဝရူပဿ ပါပကမ္မံ ပယောဂသမ္ပတ္တိ ပဋိဗာဠ္ဟံ န ဝိပစ္စတိ နာမ။ အံ၊ ဋ္ဌ၊ ၂။ ၁၁၁ – ၂။

၂။ အပရဿာပိ ဗဟူနိ ပါပကမ္မာနိ ဟောန္တိ၊ တာနိပ ယောဂဝိပတ္တိယံ ဌိတဿဝိပစ္စေယျုံ။ သော ပန ဧကေန ကလျာဏကမ္မေန ပယောဂသမ္ပတ္တိယံ ဌိတောပါဏာတိပါတာဒီဟိ ဝိရတော ကာယ ဝစီမနော သုစရိတာနိ ပူရေတိ။ တာဒိသေ ဌာနေ အကုသလဿ ဝိပစ္စနောကာသော နတ္ထိ၊ ဧကန္တံ ကုသလဿေဝ ဩကာသောတိ ဧဝံ ပယောဂသမ္ပတ္တိ ပဋိဗာဠ္ဟာနိ န ဝိပစ္စန္တိတိ ပဇာနာတိ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၂။ (အဘိ၊ ဝိ၊ ၃၅၂)၊ ပယောဂသမ္ပတ္တိတိ သမ္မာ ပယောဂေါ။ အဘိ၊ ဋ္ဌ၊ ၂။ ၄၂၁။ အံ၊ ဋီ၊ ၂။ ၁၀၆။ သမ္မာ ပယောဂေနာတိ သမ္မာ ပဋိပတ္တိယာ။ အနု၊ ဋီ၊ ၂။ ၂၁၂။ ဗဟုဿုတပကာသနီ နှာ – ၂၈၊ ၂၉။

## (၁၃) အဆောင်ငါးပါး

ဣဒ္ဓဥဝတွာ ဘဂဝါ အာဟ "အပိစ ခေါအာရညကေန ပရိဟရဏံ ဉာတဗ္ဗံ။ သေယျထိဒံ သာယံ ပါတံ ကရဏဝသေန ဒွေ မေတ္တာ ဒွေ ပရိတ္တာ ဒွေ အသုဘာ ဒွေမရဏဿတိ အဋ္ဌမဟာသံဝေဂဝတ္ထုသမာဝဇ္ဇနဉ္စ။ အဋ္ဌမဟာသံဝေဂဝတ္ထူနိ နာမ ဇာတိ ဇရာ ဗျာဓိ မရဏံ စတ္တာရိ အပါယဒုက္ခာနီတိ။ အထ ဝါ ဇာတိ ဇရာ ဗျာဓိမရဏာနိ စတ္တာရိ၊ အပါယဒုက္ခံ ပဉ္စမံ၊ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အနာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလကံ ဒုက္ခ"န္တိ။ ဧဝံ ဘဂဝါ ပရိဟရဏံ အာစိက္ခိတွာ တေသံ ဘိက္ခူနံ မေတ္တတ္ထဉ္စ ပရိတ္တတ္ထဉ္စ ဝိပဿနာပါဒကဈာနတ္ထဉ္စ ဣမံ သုတ္တမဘာသီတိ။ ခုဒ္ဒက၊ ဋ္ဌ။ ၂၀၁။ သုတ္တနိ၊ ဋ္ဌ၊ ၁။ ၁၇၇။ ဗဟုဿုတပကာသနီ နှာ – ၃၅။

## (၁၄) အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်

အနုသူယကော အဟံ ဒေဝ၊ အမစ္ဆိပါယကော အဟံ။

နိသေ့ယကော အဟံဒေဝ၊ အက္ကောဓနံ အဓိဋ္ဌိတောတိ။ ဇာ၊ ဋ္ဌ၊ ၂။ ၁၇၅။ဗဟုဿုတပကာသနီနှာ– ၂၆။

## (၁၅) နိဋ္ဌာ

(က) ဗြာဟ္မဏာနံ ဟိမဝန္တလောကာ နိဋ္ဌာ၊

(ခ) မဟာတာပသာနံ အာဘဿရာ၊

(ဂ) ပရိဗ္ဗာဇကောနံ သုဘာကိဏှာ၊
(ဃ) အာဇီဝကာနံ "အနန္တမာနသော" တိ ဧဝံ ပရိကပ္ပိတော အသညီဘဝေါ။
(င) လ္လမသိ္မံသာသနေ ပန အရဟတ္တံ နိဋ္ဌာ။ မ၊ ဋ၊ ၁။ ၃၁၆။ ဗဟုဿုတပကာသနီ နှာ – ၂၆။

## (၁၆) သပ္ပာယရှနစ်ပါး

အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော အထ ဘောဇနံ။
ဥတု လ္လရိယာပထောစေဝ၊ သပ္ပာယော သေဝိတဗ္ဗကော။ မ၊ ဋ၊၄။ ၁၁၅။
"ပဿာနန္ဒ လ္လမံ ဥလူကသကုဏံ၊ အယံ မယိ စ ဘိက္ခုသံဃေ စ စိတ္တံ ပသာဒေတွာ သတသဟဿကပ္ပေ ဒေဝေသု စ မနုဿေသု စ သံသရိတွာ သောမနဿော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတီ" တိ အာဟ။
မ၊ ဋ၊ ၁။ ၃၂၂။ ဗဟုဿုတပကာသနီ နှာ – ၂၇။

## (၁၇) ဂတိမြဲသူ

ယေသံ ပန ကုလာနံ တီဏိသရဏာနိ ပဉ္စ သီလာနိ ဧကံ သလာကဘတ္တံ ဧကံ ပက္ခိယဘတ္တံ ဧကံ ဝဿာဝါသိကံ ဧကာ ပေါက္ခရဏီ ဧကော အာဝါသော၊ ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။ အံ၊ ဋ၊ ၃။ ၂၆၅။

အထက်ပါပါဠိ၏ အထက်၌ – နကေဝလဥ္စ ဧတေသံယေဝ န ဝဋ္ဋေ ပုဂ္ဂလာနံ ဂတိနိဗဒ္ဓါ ဝါကျရှိသည်။ သောတာပန် သုံးယောက်၊ သကဒါဂါမ် တစ်ယောက်၊ အနာဂါမ် ငါးယောက်၊ ပေါင်း ကိုးယောက်။
ဗဟုဿုတပကာသနီ နှာ – ၂၇။

## (၁၈) ဒသဘာဂပေးပုံ

သံဃိကာနိ ဘိက္ခဝေ ဗီဇာနိ ပုဂ္ဂလိကာယ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိ။ ပုဂ္ဂလိကာနိ ဗီဇာနိ သံဃိကာယ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိတိ။ ဝိ၊ ၃။ ၃၄၈။ ဝိ၊ သင်္ဂဟ၊ ၄၆၂။

ဘာဂံ ဒတွာတိ ဒသမဘာဂံ ဒတွာ။ လ္လဒံ ကိရ ဇမ္ဗုဒီပေ ပေါရာဏကစာရိတ္တံ။ တသ္မာ ဒသ ကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။ ဝိ၊ ဋ၊ ၃။ ၃၈၄။

ဒသ ဘာဂံ ဒတွာတိ ဒသမဘာဂံ ဒတွာ။ တေနေဝါဟ "ဒသကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော" တိ။ သာရတ္ထ။ ၃။ ၃၃၃။ (ဝိ၊ သင်္ဂဟ၊ ၄၆၂၊ ဝိ၊ လင်္ကာရ၊ ဋီ၊ ၂၊ ၃၉၇ – ၈ တို့၌ အကျယ်လာသည်။ ဒသဘာဂ၊ ဝိ။ ဋ၊ ၄။ ၂၅၅ ၌ နှစ် ပုဒ်။ ဝိ။ ဋ၊ ၄။ ၂၅၇ ၌ တစ် ပုဒ်။ ဒသမဘာဂ – ဝိ၊ သင်္ဂဟ၊ ၄၀၅ – ၆ တို့၌ တစ်ပုဒ်စီ၊ ၄၀၇ ၌လည်း တစ်ပုဒ်ရှိသည်။) ဗဟုဿုတပကာသနီ နှာ – ၄၃။

## (၁၉) ဘာဏဝါရ

အဋ္ဌက္ခရံ ဧကပဒံ၊ ဧကော ဂါထာ စတုပ္ပဒံ။
ဂါထာ ဧကော မတော ဂန္ထော၊ ဂန္ထော ဗာတ္တိံသတက္ခရော။
ဗာတ္တိံသက္ခရ ဂန္ထာနံ၊ ပညာသံ ဒွိသတံ ပန။
ဘာဏဝါရော မတော ဧကော၊ သွဋ္ဌက္ခရသဟဿကောတိ။
ဧဝံ အဋ္ဌက္ခရသဟဿပရိမာဏော ပါဠော ဝုစ္စတိ။ နီတိ၊ ဓာတု။ ၆၀။ ဗဟုဿုတပကာသနီ နှာ – ၁၈။

## (၂၀) ကုသိုလ်တရား၏ အစွမ်းသတ္တိ

ဘဒ္ဒေ ပုညကမ္မံ နာမ စိန္တာမဏိသဒိသံ ကပ္ပရုက္ခသဒိသံ၊ ခေတ္တသမ္ပတ္တိယာ စိတ္တသမ္ပတ္တိယာ စ သတိ ယံ ယံ ပတ္ထေတွာ ကရောတိ၊ တံတံ နိပ္ဖာဒေတိယေဝ။ ဝိမာန၊ ဋ။ ၂၈။ ဗဟုဿုတပကာသနီ နှာ – ၁၈။

## (၂၁) သံဃိက ဝေဘင်္ဂိယဘဏ္ဍာသုံးစွဲပုံ

သံဃိကံ ဟိ ဝေဘင်္ဂိယဘဏ္ဍံ အန္တော ဝိဟာရေ ဝါ ဗဟိသီမာယ ဝါ ဟောတု၊ ဗဟိသီမာယ ဋ္ဌိတာနံ အပလောကေတွာ ဘာဇေတုံ န ဝဋ္ဋတိ။ ဥဘယတ္ထ ဋ္ဌိတမ္ပိ ပန အန္တောသီမာယ ဋ္ဌိတာနံ အပလောကေတွာ ဘာဇေတုံ ဝဋ္ဋတိယေဝ။ ဝိ၊ ဋ၊ ၃။ ၃၅၂။ ဝိ၊ သင်္ဂဟ။ ၂၁၉။

ဩဏ္ဏိန္တိကွဏောတိ ပဋိသန္ဓိကွဏော။ ဇာတိယာ အန္ဓော ဇစ္စန္ဓော။ ကိဥ္စာပိဇာတိက္ခဏော အဏ္ဍဇ လောဗုဇာ သမ္ဘေဝိ အစက္ခုကာဝ၊ တထာပိ စက္ခာဒိဥပ္ပဇ္ဇနာရဟကာလေပိ စက္ခုပ္ပတ္တိ ဝိဗန္ဓကကမ္မပဋိဗာဟိတဿာမတ္တိယေန ဒိန္နပဋိသန္ဓိနှာ, ဣတရေနပိ ဝါ ကမ္မေန အနုပ္ပာဒေတဗ္ဗစက္ခုကော သတ္တော ဇစ္စန္ဓော နာမ။

အပရေ ပန "ဇစ္စန္ဓောတိ ပသုတိယံယေဝ အန္ဓော၊ မာတုကုစ္ဆိယံ အန္ဓော ဟုတွာ နိက္ခန္တောတိ အတ္ထော။ တေန ဒုဟေတုကတိဟေတုကာနံ မာတုကုစ္ဆိယံ စက္ခုဿ အဝိပဇ္ဇနံ သိဒ္ဓ"န္တိ ဝဒန္တိ။ ဇစ္စန္ဓာဒိနန္တိတ္ထေ အာဒိဂ္ဂဟဏေန ဇစ္စဗဓိရဇစ္စမူဂဇစ္စ ဇဠဇစ္စုမ္မတ္တကပဏ္ဍကဥဘတောဗျဉ္ဇန တနပုံသကမမ္မာဒိနံ သင်္ဂဟော။ အပရေ ပန "ကေစ္စ အဟေတုပဋိသန္ဓိကာ အဝိကလိန္ဒြိယာ ဟုတွာ ထောက် ဝိစာရဏပကတိကာ ဟောန္တိ၊ သာဒိသာနမ္ပိ အာဒိသဒ္ဒေန သင်္ဂဟော" တိ ဝဒန္တိ။ ဝိဘာဝိနီ။ ၁၆၅။ ဗဟုဿုတပကာသနီ နှာ – ၃၉၊ ၄၀။

## (၂၂) အကုသိုလ်ပြုပြီးနောက် ပြုသည့်ကုသိုလ် အကျိုးမကြီးပုံ

ပါဏာတိပါတိနာ ဝါ ကတံ ကုသလကမ္မံ ဥဠာရံ န ဟောတိ၊ ဒီဃာယုကပဋိသန္ဓိံ ဇနေတုံ န သက္ကောတိ
– – – အပါဏာတိပါတိနာ ဝါ ကတံ အညမ္ပိ ကုသလံ ဥဠာရံဟောတိ၊ ဒီဃာယုကပဋိသန္ဓိံ ဇနေတုံ သက္ကောတိ။ မ၊ ဋ၊ ၄။ ၁၇၈ – ၉။

ဣမေ ပဉ္စ ဓမ္မာ သီလံ ။ မ၊ ဋ၊ ၄ ။ ၁၀၅။

တတ္ထ သီလန္တိ သမ္မာရသီလံ။ မ၊ ဋီ ။၃ ။ ၃၂၀။ (ပဉ္စ ဓမ္မာအရ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ တို့ကိုယူ)။

ဣမေ ပဉ္စ ဓမ္မာ သီလံ၊ သော ဣမသ္မိံသီလေ ပတိဋ္ဌာယ ကသိဏပရိကမ္မံ ကတွာတာ တာ သမာပတ္တိယော ဘာဝေတွာ ရူပိ ဗြဟ္မာလောကေ နိဗ္ဗတ္တတိ။ – – – ဥပရိမဂ္ဂံ ဘာဝေတွာ အာသဝက္ခယံ ပါပုဏာတိတိ။ မ၊ ဋ၊ ၄ ။ ၁၀၅ – ၆။ ဗဟုဿုတပကာသနီ နှာ – ၄၀။

## (၂၃) အာယုဝဍ္ဎန ကာရဏာနိ

ဘိက္ခဝေ န ကေဝလံ အာယုဝဍ္ဎနမေဝ၊ ဣမေ ပန သတ္တာ ဂုဏဝန္တေ ဝန္ဒန္တာ အဘိဝါဒေန္တာ စတူဟိ ကာရဏေဟိ ဝဍ္ဎန္တိ၊ ပရိဿယတော မုစ္စန္တိ၊ ယာဝတာယုကမေဝ တိဋ္ဌန္တိ။ ပ။

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎ ပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အဘိဝါဒန သီလိဿာတိ ဝန္ဒနသီလိဿ၊ အဘိဏှံ ဝန္ဒနကိစ္စပသုတဿာတိ အတ္ထော။

ဓမ္မ၊ ဋ၊ ၁။ ၄၂၄ – ၅။

ဗဟုဿုတပကာသနီ နှာ – ၂၇။

## (၂၄) (က) အပလောကနကံ

အပလောကန ကမ္မံနာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံကမ္မံ (ကတ္တဗ္ဗကမ္မံ)။

ဝိ၊ ၅၊ ၄။ ၂၄၃။ ဝိ၊ သင်္ဂဟ၊ ၃၉၄။ ဗဟုဿုတပကာသနီ နှာ – ၂၄။

### (ခ) အပလောကနကံ ကို ဗုဒ္ဓသိမ်၌ ပြုသင့်သည်

အပလောကန ကမ္မံနာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံ ကမ္မန္တိ အပလောကန ကမ္မဿာပိ ဗဒ္ဓသီမာယမေဝ ကတ္တဗ္ဗဘာဝေါ ဝုတ္တော။ န ဥပစာရ သီမာယံ။ န ဟိ တတ္ထ သီမဋ္ဌကသံဃသောဓနဉ္စ ဆန္ဒာရဟာနဉ္စ အတ္ထိ။

ဝိလင်္ကာရ၊ ဋီ၊ ၂။ ၂၈၁။ ဗဟုဿုတပကာသနီ နှာ – ၂၄။

### (ဂ) ကံ ထပ်သင့်ကြောင်း

ဝိ၊ လင်္ကာရ၊ ဋီ၊ ၂။ ၂၆၉၊ ၂၇၀။ ဗဟုဿုတပကာသနီ နှာ – ၂၄။

## (၂၅) (က) အဓမ္မိက သံဃသာမဂ္ဂီ, ဓမ္မိက သံဃသာမဂ္ဂီ

ယသ္မိံ ဥပါလိဝတ္ထုသ္မိံ ဟောတိ သံဃဿ ဘဏ္ဍနံ ကလဟော။ ပ။ ဝိဂ္ဂဟော ဝိဝါဒေါ သံဃဘေဒေါ သံဃရာဇိ သံဃဝဝတ္ထာနံ သံဃနာနာကရဏံ၊ သံဃော တံ ဝတ္ထုံ အဝိနိစ္ဆိနိတွာ အမူလာမူလံ ဂန္တွာ သံဃသာမဂ္ဂိံ ကရောတိ၊ အယံ ဝုစ္စတိ ဥပါလိ သံဃသာမဂ္ဂီ အတ္ထာပေတာ စ ဗျဉ္ဇနပေတာ စ။ ဝိ၊ ၃။ ၅၀၈။

ယသ္မိံ ဥပါလိ ဝတ္ထုသ္မိံ ဟောတိ သံဃဿ ဘဏ္ဍနံကလဟော။ ပ။ ဝိဂ္ဂဟော ဝိဝါဒေါ သံဃဘေဒေါ သံဃရာဇိ သံဃဝဝတ္ထာနံ သံဃနာနာကရဏံ၊ သံဃော တံ ဝတ္ထုံ ဝိနိစ္ဆိနိတွာ မူလာမူလံ ဂန္တွာ သံဃသာမဂ္ဂိံ ကရောတိ၊ အယံ ဝုစ္စတိ ဥပါလိ သံဃသာမဂ္ဂီ အတ္ထုပေတာ စ ဗျဉ္ဇနပေတာ စ။ ဝိ၊ ၃။ ၅၀၈။

အမူလာမူလံ ဂန္တွာတီတိ န မူလာမူလံ ဂန္တွာ၊ တံ ဝတ္ထုံ အဝိနိစ္ဆိနိတွာတိ အတ္ထော။ အယံ ဝုစ္စတိ ဥပါလိ "သံဃသာမဂ္ဂီ" အတ္ထာပေတာ ဗျဉ္ဇနပေတာတိ အတ္ထတော အပဂတာ "သံဃသာမဂ္ဂီ" တိ ဣမံ ပန ဗျဉ္ဇနမတ္တံ ဥပေတာ။ ဝိ၊ ၅၊ ၃။ ၄၃၅။

န မူလာမူလံ ဂန္တွာတိ မူလတော မူလံ အဂန္တွာ။ အတ္ထတော အပဂတာတိ သာမဂ္ဂိသင်္ခါတအတ္ထတော အပဂတာ။

သာရတ္ထ၊ ၃။ ၃၆၂။

အတ္ထတော အပဂတာတိ သာမဂ္ဂီအတ္ထဝိရဟိတာ၊ တုစ္ဆဗျဉ္ဇနာတိ အတ္ထော။ ဝိမတိ၊ ၂။ ၂၁၀။

ဗဟုဿုတပကာသနီ နှာ – ၄၀၊ ၄၁။

### (ခ) သံဃဘေဒကံ အပြစ်ကြီးပုံ

အာပါယိကော နေရယိကော၊ ကပ္ပဋ္ဌော၊ သံဃဘေဒကော။

ဝဂ္ဂရတော အဓမ္မဋ္ဌော၊ ယောဂက္ခေမာ ပဓံသတိ။ သံဃံ သမဂ္ဂံ ဘိန္ဒိတွာ၊ ကပ္ပံ နိရယမှိ ပစ္စတီတိ။

ဝိ၊ ၄။ ၃၆၉။ အံ၊ ၃။ ၃၁၅။ ဣတိဝုတ်။ ၂၀၃။ ဗဟုဿုတပကာသနီ နှာ – ၄၁။

### (ဂ) သံဃသမဂ္ဂကံ အကျိုးကြီးပုံ

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ အနုဂ္ဂဟော။
သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ န ဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတီတိ။

ဝိ၊ ၄။ ၃၆၉။ အံ၊ ၃။ ၃၁၅။ ဣတိဝုတ်။ ၂၀၃။ ဗဟုဿုတပကာသနီ နှာ – ၄၁။

### (ဃ) အစိဋ္ဌာန်ပြုသည့်ကံ

"သစေ သေ သတ္တာ သမ္မာသမ္ဗုဒ္ဓေါ၊ ဣမေသံ အဿာနံ ခုရပိဋ္ဌာနိ မာ တေမေန္တူ"
တိ ဥဒကပိဋ္ဌေန အဿေ ပက္ခန္ဒာပေသုံ။ သံ၊ ဋ္ဌ၊ ၂။ ၂၂၄ – ၅။ အံ၊ ဋ္ဌ၊ ၁။ ၂၄၈။
"သစေ သတ္တာ သမ္မာသမ္ဗုဒ္ဓေါ၊ ဣမေသံ အဿာနံ ခုရမတ္တမ္ပိ မာ တေမေတူ" တိ သစ္စာဓိဋ္ဌာနံကတွာ။
ထေရ၊ ဋ္ဌ၊ ၂။ ၁၈၀။ ဗဟုဿုတပကာသနီ နှာ – ၄၁၊ ၄၂။

## (၂၆) ဝိ၊ ၄၊ ၂၂၇ – ၈ ၌ လာသောစကားရပ်

(က) သာဝတ္ထိပြည် သံဃာ၏အဆုံးအဖြတ်ဖြင့် မရောင့်ရဲ မကျေနပ်။
(ခ) များစွာသော ဗဟုဿုတ စသောဂုဏ်နှင့် ပြည့်စုံကုန်သော မထေရ်တို့၏ အဆုံးအဖြတ်ဖြင့်လည်း မရောင့်ရဲ မကျေနပ်။
(ဂ) သုံးပါး ဗဟုဿုတ စသောဂုဏ်နှင့် ပြည့်စုံကုန်သော မထေရ်တို့၏ အဆုံးအဖြတ်ဖြင့်လည်း မရောင့်ရဲ မကျေနပ်။
(ဃ) ဒွေ ထေရာတို့၏ အဆုံးအဖြတ်ဖြင့်လည်း မရောင့်ရဲ မကျေနပ်။
(င) ဧကောထေရော၏ အဆုံးအဖြတ်ဖြင့်လည်း မရောင့်ရဲ မကျေနပ်။
(စ) မကျေနပ်သောကြောင့် ဘုရားထံသွားရောက်လျှောက်ထားရာ မြတ်ဗုဒ္ဓကလည်း ရှေးနည်းအတိုင်း ဆုံးဖြတ်တော်မူ၍ "အနုဇာနာမိဘိက္ခဝေ တေသံ ဘိက္ခူနံ သညတ္တိယာ တယော သလာကဂ္ဂါဟေ" ဂုဠ္ဌကံ၊ သကဏ္ဏဇပ္ပကံ ဝိဝဋကံ" ဟု အနုညာတ သိက္ခာပုဒ်တော်ကို ပညတ်တော်မူ၏။

ဗဟုဿုတပကာသနီ နှာ – ၄၂။

ဣမေဘန္တေ ဝေသာလိကာ ဝဇ္ဇိပုတ္တကာ ဘိက္ခူ ဝေသာလိယံဒသ ဝတ္ထူနိဒီပေန္တိ "ကပ္ပတိ သိင်္ဂီလောဏကပ္ပော၊ ကပ္ပတိ ဒွင်္ဂုလကပ္ပော၊ ကပ္ပတိ ဂါမန္တရကပ္ပော၊ ကပ္ပတိ အာဝါသကပ္ပော၊ ကပ္ပတိ အနုမတိကပ္ပော၊ ကပ္ပတိ အာစိဏ္ဏကပ္ပော၊ ကပ္ပတိ အမထိတကပ္ပော၊ ကပ္ပတိ ဇဠောဂိ ပါတုံ၊ ကပ္ပတိ အဒသကံ နိသီဒနံ၊ ကပ္ပတိ ဇာတရူပရဇတ" န္တိ။

ဝိ ၊ ၄။ ၄၉၆။ အကျယ်ကို ဝိ၊ ၄။ ၄၉၈။ ၅၀၅ – ၈ တို့၌ ကြည့်။ ဗဟုဿုတပကာသနီ နှာ – ၄၂။

## (၂၇) (က) အဓမ္မကံပြု၍ ဆုံးဖြတ်သော ဝိနည်းမိုရ်၏ အပြစ်ကြီးပုံ

ဓမ္မံ စရန္တော သာမိကံ ပရာဇေတိ၊ အာပတ္တိ ပါရာဇိကဿ။ ဝိ၊ ၁။ ၆၁။ ဓမ္မံ စရန္တောတိ ဘိက္ခုသံဃေ ဝါ ရာဇကုလေ ဝါ ဝိနိစ္ဆယံ ကရောန္တော။ သာမိကံ ပရာဇေတီတိ ဝိနိစ္ဆယိကာနံ ဥက္ကောဇံ ဒတွာ ကူဋသက္ခိ ဩတာရေတွာ အာရာမသာမိကံ ဇိနာတီတိ အတ္ထော။ အာပတ္တိ ပါရာဇိကဿာတိ န ကေဝလံတဿေဝ၊ သဗ္ဗေ တဿ အတ္ထသာဓနေ ပဝတ္တာနံ ကူဋဝိနိစ္ဆယိကာနမ္ပိ ကူဋသက္ခီနမ္ပိ သဗ္ဗေသံ ပါရာဇိကံ။ တွေ စ သာမိကဿ ဓုရနိက္ခေပဝသေနေဝ ပရာဇယော ဝေဒိတဗ္ဗော၊ အနိက္ခိတ္တဓုရော ဟိ အပရာဇိတော ဟောတိ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၉၅။ ဗဟုဿုတပကာသနီ နှာ – ၄၃။

## (၁) အဓမ္မ ကမ္မကို တားမြစ်ရမည်

န ဘိက္ခဝေ အဓမ္မကမ္မံ ကာတဗ္ဗံ ယော ကရေယျ၊ အာပတ္တိ ဒုက္ကဋဿ ဘာတိ။ ဝိ၊ ၃။ ၁၅၄။

အနုဇာနာမိ ဘိက္ခဝေ အဓမ္မကမ္မေ ကရိယမာနေ ပဋိက္ကောသိတုန္တိ။ ဝိ၊ ၃။ ၁၅၄။ ဝိ၊ သင်္ဂဟ။ ၄၅၉။

၁။ အနုဇာနာမိ ဘိက္ခဝေ စတူဟိ ပဉ္စဟိ ပဋိက္ကောသိတုံ၊ ဒွီဟိ တီဟိ ဒိဋ္ဌိံ အာဝိကာတုံ၊ ဧကေန အဓိဋ္ဌာတုံ "န မေ တံ ခမတီ" တိ။ ဝိ၊ ၃။ ၁၅၅။

၂။ ဒိဋ္ဌိမ္ပိ အာဝိကာတုန္တိ "အဓမ္မကမ္မံ ဣဒံ န မေ ခမတီ" တိ ဧဝံ အညဿ သန္တိကေ အတ္တနော ဒိဋ္ဌိံပကာသေတုံ။

၃။ စတူဟိ ပဉ္စဟီတိအာဒိ တေသံ အနုပဒ္ဒဝတ္ထာယ ဝုတ္တံ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၄၀။

* န မယံ အပညတ္တံ ပညာပေဿာမ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိဿာမ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿာမာတိ။

* * သာဓု သာဓု ဥပသေန။ အပညတ္တံ န ပညာပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊
ယထာပညတ္တေသု သိက္ခာပဒေသု သမဒါယ ဝတ္တိတဗ္ဗံ။ ဝိ၊ ၁။ ၃၃၇။

မှတ်ချက် ။ ။ * အမှတ်သည် အရှင်ဥပသေန၏စကား ဖြစ်သည်။

* * အမှတ်သည် မြတ်စွာဘုရား ပညတ်တော် မူအပ်သော သိက္ခာပုဒ် ဖြစ်သည်။

ဗဟုဿုတပကာသနီ နှာ – ၃၁။

## (၂၈) (က) အဓမ္မိက ကတိကဝတ် မပြုကောင်း

ဝိ၊ ၁။ ၁၄၄၊ ဝိ၊ ၃။ ၂၁၃၊ ဝိ၊ ဋ္ဌ၊ ၂။ ၉၅ – ၆။ ၂၇၂။ဝိ၊ ဋ္ဌ၊ ၃၊ ၃၅၇။ ဝိ၊ ဋ္ဌ၊ ၄။ ၇၂။ ဝိ၊ သင်္ဂဟ။ ၆၇၊ ၂၂၁ – ၂။ အံ၊ ဋ္ဌ၊ ၁။ ၅၄။ ဝိသုဒ္ဓိ၊ ၁။ ၄၁။ သာရတ္ထ။ ၂။ ၄၁၈။ ဝိမတိ၊ ၁။ ၃၃၇။ ဝိ။ လင်္ကာရ၊ ဋီ၊ ၁။ ၁၃၇၊ ၄၁၃ – ၄။ အံ၊ ဋီ၊ ၁။ ၁၀၈။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၇၂။ တေ ပန အဓမ္မိကံ ကတိကဝတ္တံ တသ္မာ န ကာတဗ္ဗံ။

ဝိ၊ ဋ္ဌ၊ ၂။ ၉၅။ ဗဟုဿုတပကာသနီ နှာ – ၃၁။

န အံပ္ပဋိဇာနမာနဿာတိ အလဇ္ဇိပိ အပ္ပဋိဇာနမာနော အာပတ္တိယာ န ကာရေတဗ္ဗောတိ အဝိသေသေန ဝုတ္တံ။ သော ဟိ ယာဝ နပဋိဇာနာတိ၊ တာဝ နေဝ သုဒ္ဓေါ န အသုဒ္ဓေါတိ ဝါ ဝတ္တဗ္ဗော၊ ဝတ္တာနုသန္ဓိနာ ပန ကာရေတဗ္ဗော။

ဝုတ္တဉှေတံ – "ပဋိညာ လဇ္ဇိသု ကတာ၊ အလဇ္ဇိ သု ဧဝံ န ဝိဇ္ဇတိ။

ဗဟုမ္ပိ အလဇ္ဇိ ဘာသေယျ၊ ဝတ္တာနုသန္ဓိတေ န ကာရယေ" တိ။

သာရတ္ထ၊ ၂။ ၃၈၀။ (ဝိမတိ၊ ၁။ ၃၀၆) ဗဟုဿုတပကာသနီ နှာ – ၃၁၊ ၃၂။

တတြ စေ အလဇ္ဇီ လဇ္ဇိံ စောဒေတိ – – – ကေဿ အနုယောဂံ ဒတွာ လဇ္ဇိဿေဝ ပဋိညာယ ကမ္မံ ကာတဗ္ဗံ။ သစေ လဇ္ဇီ အလဇ္ဇိံ စောဒေတိ၊ သော စ လဇ္ဇီ ဗာလော ဟောတိ အဗျတ္တော၊ န သက္ကောတိ အနုယောဂံ ဒါတုံ၊ တဿ နယော ဒါတဗ္ဗော "ကိမှိ နံ စောဒေတိ သီလဝိပတ္တိယာ ဝါ အာစာရဝိပတ္တိအာဒိသု ဝါ ကေိဿာ" တိ။ တသ္မာ ပန ဣမဿေဝ ဧဝံ နယော ဒါတဗ္ဗော၊ န ဣတရဿ။ န န ယုတ္တံ ဝိနယဓရာနံ အဂတိဂမနန္တိ န ယုတ္တမေဝ။ ဣဒံ ပန အဂတိဂမနံ န ဟောတိ၊ ဓမ္မာနုဂ္ဂဟော နာမ ဧသော။ အလဇ္ဇိနိဂ္ဂဟတ္ထာယ ဟိ လဇ္ဇိပဂ္ဂဟတ္ထာယစ သိက္ခာပဒံ ပညတ္တံ။

တတြ အလဇ္ဇီ တိနယံ လဘိတွာ အဇ္ဈောတ္ထရန္တော ဟေတိ၊ လဇ္ဇီ ပန နယံ လဘိတွာ ဒိဋ္ဌေ ဒိဋ္ဌ သန္တာနေန, သုတေ သုတသန္တနေန, ပတိဋ္ဌာယ ကထေဿတိ၊ တသ္မာ တဿ ဓမ္မာနုဂ္ဂဟော ဝဋ္ဋတိ။ သစေ ပန သောလဇ္ဇီ ပဏ္ဍိ တော ဟောတိ ဗျတ္တော ပတိဋ္ဌာယ ကထေတိ။ အလဇ္ဇီ စ "တေမှိ နတ္ထိ၊ တေမှိ နတ္ထိ" တိ ပဋိညံ န ဒေတိ၊ အလဇ္ဇိဿ ပဋိညာယဝေကာတဗ္ဗံ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၇၅ – ၆။ (အဋ္ဌကထာ၌ ဝတ္ထုကြောင်းကို ဆက်လက်၍ ရေးသားထားသည်။)

ဗဟုဿုတပကာသနီ နှာ – ၃၁၊ ၃၂။

ဓဝံ လဒ္ဓိနာ စောဒိယမာနော အလဒ္ဓိ ဗဟုသုပိ ဝတ္တုံသု ဥပနေသု ပဋိညံ န ဒေတိ။ သော "နေဝသုဒ္ဓေါ" တိ ဝတ္တဗ္ဗော၊ "န အသုဒ္ဓေါ" တိ။ ဇီဝမတကော နာမ အာမကပူတိကော နာမ စေသ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၇၆။

သစေ ပန အလဒ္ဓိယေဝ အလဒ္ဓိ စောဒေတိ၊ - - - သိလက္ခာယ တေသံ ဝိနိစ္ဆယော န ကာတဗ္ဗော၊ ပတ္တစီဝရပရိဝေဏာဒိအတ္ထာယ ပန ပတိရူပံ သက္ခိံ လဘိတွာ ကာတဗ္ဗော။ ဝိ၊ ဋ္ဌ၊ ၂။ ၁၇၇။

နိသဇ္ဇံ ဘိက္ခု ပဋိဇာနမာနောတိ ကိဥ္စာပိ စရူပါ ဥပါသိကာ ဒိတွာ ဝဒတိ၊ အထ ခေါ ဘိက္ခု နိသဇ္ဇံ ပဋိဇာနမာနောယေဝ တိဏ္ဏံမမ္မာနံ အညတရေန ကာရေတဗ္ဗော၊ န အပဋိဇာနမာနောတိ အတ္ထော။ ဝိ၊ ဋ္ဌ၊ ၂။ ၂၁၅။

ယေန ဝါ သာ သဒ္ဓေယျဝစသာ ဥပါသိကာ ဝဒေယျ၊ တေန သော ဘိက္ခု ကာရေတဗ္ဗော။ ဝိ၊ ၁၊ ၂၈၆။

ယေန ဝါ သာ သဒ္ဓေယျဝစသော ဥပါသိကာ ဝဒေယျ၊ တေန သောဘိက္ခု ကာရေတဗ္ဗောတိ နိသဇ္ဇာဒိသု အာကာရေသု ယေန ဝါ အာကာရေန သဒ္ဓိံ မေထုနမ္မာဒိနိ အာရောပေတွာ သာ ဥပါသိကာ ဝဒေယျ၊ ပဋိဇာနမာနော တေန သော ဘိက္ခု ကာရေတဗ္ဗော။ ဝေရူပါယပိ ဥပါသိကာယ ဝစနမတ္တေန န ကာရေတဗ္ဗောတိ အတ္ထော၊ ကသ္မာ ယသ္မာ ဒိဋ္ဌံ နာမ တထာပိ ဟောတိ၊ အညထာပိ ဟောတိ။ ဗဟုသုတပကာသနီ နှာ -၃၃။

ဝိ၊ ဋ္ဌ၊ ၂။ ၂၁၅။ (ယင်း အဋ္ဌကထာတွင် ဆက်၍ ဝတ္ထုကြောင်းတစ်ခု ရေးထားသည်။)

## (၈) ဓမ္မိက ကတိကဝတ် ပြုကောင်းသည်

ဝိ၊ ဋ္ဌ၊ ၄။ ၇၂။ သာရတ္ထ၊ ၂။ ၁၁၅ - ၆။

အာဝါသော စေတေသံ အတ္ထီတိ အာဝါသိကာ။ အာဝါသောတိ ဝိဟာရော ဝုစ္စတိ။

သော ယေသံ အာယတ္တော နဝကမ္မကရဏပုရာဏ ပဋိသင်္ခရဏာဒိဘာရဟာရတာယ၊ တေ အာဝါသိကာ။

ယေ ပန ကေဝလံ ဝိဟာရေ ဝသန္တိ၊ တေနေဝါသိကာတိ၊ ဝုစ္စန္တိ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၉၈။

အာဝါသိကာတိ နိဗန္ဓ ဝါသိနော၊ တံ နိဗန္ဓာ အကတံသေနာသနံ ကရောန္တိ၊

ဇိဏ္ဏံ ပဋိသင်္ခရောန္တိ၊ ကတေ ဣဿရာ ဟောန္တိ။ မ၊ ဋ္ဌ၊ ၃။ ၁၃၀။

အာဝါသေ နိယုတ္တာ အာဝါသိကာ၊ နိဗဒ္ဓ ဝါသိနော။ တေ အကတံသေနာသနံ ကရောန္တိ၊ ဇိဏ္ဏံ ပဋိသင်္ခရောန္တိ၊ ကတေ ဣဿရာ ဟောန္တိ၊ တေနာဟ "သော ယေသံ အာယတ္တော ။ ပ ။ တေအာဝိသိကာတိ။ နိဝါသော နိဝါသမတ္တံ စေတေသံ အတ္ထီတိ နေဝါသိကာတိ အာဟ "ယေပန ကေဝလ" န္တိ အာဒိ။ ဝိ။ ဋ္ဌ၊ ၂- အဖွင့်၊ သာရတ္ထ၊ ၂။ ၃၆၇- ၈။

အာဝါသေ နိယုတ္တာတိ အာဝါသိကာ တဿ အနတိဝတ္တနတော။ တေနာဟ "နိဗန္ဓဝါသိနော" တိ၊ နိယတဝါသိနောတိ အတ္ထော။ တနိဗဒ္ဓါတိ နိဗန္ဓံ ဝုစ္စတိ။ ဗျာပါရော။ တတ္ထ ပသုတာ ဥဿုကာတိ တနိဗဒ္ဓါ။ ကတံ တေ တတ္ထ နိဗန္ဓာတိ အာဟ "အကတံ သေနာသန" န္တိ အာဒိ။

မ၊ ဋ္ဌ၊ ၃ - အဖွင့်၊ မ၊ ဋီ၊ ၃။ ၈၃ - ၄။ (အာဝါသိကာဝဂ္ဂဟ - အလားတူ။ အံ၊ ဋ္ဌ၊ ၂။ ၂၂၀ မှာ ရှိသည်။)

"တုမှေ အမှာကံ ဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာ" တိ သစေ "ဘဝိဿမာ" တိ ဝဒန္တိ၊ သံယေန တံ အဓိကရဏံ သမ္မဋိဿတိ၊ အထ ပန ဝိနိစ္ဆနထ တာဝဝဘန္တေ၊ သစေ အမှာကံ ခမိဿတိ, ဂဏှိဿာမာတိ "ဝဒန္တိ"။ "စေတိယံ တာဝ ဝန္ဒထာ" တိ အာဒိနိ ဝတွာ ဒီဃသုတ္တံ ကတွာ ဝိဿဇ္ဇိတဗ္ဗံ။ တေ စေ စိရ ရတ္တံ။ ပ။ ဝိ၊ ဋ္ဌ၊ ၂။ ၁၇၅။

န တွေဝါဟံ သာရိပုတ္တ (ဘိက္ခဝေ) ကေနစိ ပရိယာယေန ဝုဗ္ဗတရဿ ဘိက္ခုနော သေနာသနံ ပဋိဗာဟိတဗ္ဗန္တိ ဝဒါမိ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ။

ဝိ၊ ၃။ ၅၀၅။ ဝိ၊ ၄၊ ၃၁၅။ ဗဟုသုတပကာသနီ နှာ - ၃၃၊ ၃၄။

## (၂၉) ရွှေ၊ ငွေ

သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေ ကပ္ပိယကာရကာနံ ဟတ္ထေဟိရညံ ဥပနိက္ခိပန္တိ "ဣမိနာ

အယျာဿ ယံ ကပ္ပိယံ၊ တံ ဒေထာ” တိ၊ အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ၊ တံ သာဒိတုံ၊ န တွေဝါဟံ ဘိက္ခဝေ “ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗ” န္တိ ဝဒါမီတိ။ ဝိ၊ ၃။ ၃၄၂။

ယဿ ခေါ ဂါမဏိ ဇာတရူပရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿ ကာမဂုဏာ ကပ္ပန္တိ၊ ယဿပဉ္စကာမဂုဏာ ကပ္ပန္တိ၊ ဧကံသေနေတံ ဂါမဏိ ဓာရေယျာသိ “အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော” တိ၊ အပိစာဟံ ဂါမဏိ ဧဝံ ဝဒါမိ “တိဏံ တိဏတ္ထိကေန ပရိယေသိတဗ္ဗံ၊ ဒါရု ဒါရုတ္ထိကေန ပိယေသိတဗ္ဗံ၊ သကဋံ သကဋတ္ထိကေန ပရိယေသိတဗ္ဗံ၊ ပုရိသော ပုရိသတ္ထိကေန ပရိယေသိတဗ္ဗော၊ န တွေဝါဟံ ဂါမဏိ” ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗ” န္တိ။ သံ၊ ၂။ ၅၁၀။ ဗဟုဿုတပကာသနီ နှာ – ၃၀။

## (၃၀) လူသားတစ်ခွန်း၊ ရှင်အာနန္ဒာရှစ်ခွန်း

ကသ္မာ ယာဝတာ ဟိ လောကိယမဟာဇနာ ဧကံ ပဒံ ကထေန္တိ။ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ ကထေတိ။ အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသပဒါနိ ကထေတိ။ ကသ္မာ ဘဂဝတော ဟိ ဇိဝှါ မုဒုကာ ဒန္တာဝရဏံ သုဖုသိတံ ဝစနံ အဂလိတံ ဘဝင်္ဂပရိဝါသော လဟုကော။ တေနာဟ “အပရိယာဒိန္နာ ယေဝဿ သာရိပုတ္တ တထာဂတဿ ဓမ္မဒေသနာ” တိ။ မ။ ဋ္ဌ၊ ၁။ ၃၅၈။

ကစ္စိမေတံ ဘန္တေတိ ထေရော ဧကပဒေ ဌတွာ သဋ္ဌိပဒသဟဿာနိ ဥဂ္ဂဟေတွာ ဓာရေတုံ သမတ္ထော၊ ကိံ သော “သုညတာဝိဟာရေနာ” တိ ဧကံ ပဒံ ဓာရေတုံ န သက္ခိဿတိ၊ သောတုကာမေန ပန ဇာနန္တေန ဝိယ ပုစ္ဆိတုံ န ဝဋ္ဋတိ၊ ပါကဋံ ကတွာ ဝိတ္ထာရိယမာနံ သုညတာကထံ သောတုကာမော အဇာနန္တော ဝိယ ဧဝမာဟ။

မ။ ဋ္ဌ၊ ၄။ ၁၀၇။ ဗဟုဿုတပကာသနီ နှာ – ၃၀။

## (၃၁) အရှင်အာနန္ဒာအား အပြစ်တင်ကြပုံ

(က) အထခေါ ထေရာ ဘိက္ခူ အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစုံ “ဣဒံ တေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ ဘဂဝန္တံ န ပုစ္ဆိ ကတမာနိ ပန ဘန္တေ ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနီ တိ၊ ဒေသေဟိ တံ ဒုက္ကဋ” န္တိ။ အဟံ ခေါဘန္တေ အဿတိယာ ဘဂဝန္တံ န ပုစ္ဆိံ “ကတမာနိ ပန ဘန္တေ ခုဒ္ဒနု ခုဒ္ဒါကာနိ သိက္ခာပဒါနီ” တိ၊ နာဟံ တံ ဒုက္ကဋံ ပဿာမိ၊ အပိစာယသ္မန္တာနံ သဒ္ဓါယ ဒေသေမိ တံ ဒုက္ကဋန္တိ။

(ခ) ဣဒမ္ပိ တေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ ဘဂဝတော ဝဿိကသာဋိကံအက္ကမိတွာ သိဗ္ဗေသိ။ ဒေသေဟိ တံ ဒုက္ကဋ န္တိ၊ အဟံ ခေါ ဘန္တေ န အဂါရဝေန ဘဂဝတော ဝဿိကသာဋိကံ အက္ကမိတွာ သိဗ္ဗေသိံ၊ နာဟံ တံ ဒုက္ကဋံ ပဿမိ။ အပိစာယသ္မန္တာနံ သဒ္ဓါယ ဒေသေမိ တံ ဒုက္ကဋန္တိ။

(ဂ) ဣဒမ္ပိတေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ မာတုဂါမေဟိ ဘဂဝတော သရီရံ ပဌမံ ဝန္ဒာပေသိ။ တာသံ ရောဒန္တီနံ ဘဂဝတော သရီရံ ပဌမံ ဝန္ဒာပေသိ။ တာသံ ရောဒန္တီနံ ဘဂဝတော သရီရံ အဿုကေနမက္ခိတံ၊ ဒေသေဟိ တံ ဒုက္ကဋန္တိ။ အဟံ ခေါ ဘန္တေ “မာယိမာသံ ဝိကာလေ အဟောသု” န္တိ မာတုဂါမေဟိ ဘဂဝတော သရီရံ ပဌမံ ဝန္ဒာပေသိံ၊ နာဟံ တံ ဒုက္ကဋံ ပဿာမိ။ အပိစာယသ္မန္တာနံ သဒ္ဓါယ ဒေသေမိ တံ ဒုက္ကဋန္တိ။

(ဃ) ဣဒမ္ပိတေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ ဘဂဝတော ဩဠာရိကေ နိမိတ္တေ ကယိရမာနေ ဩဠာရိကေ ဩဘာသေ ကယိရမာနေ န ဘဂဝန္တံ ယာစိ “ တိဋ္ဌတု ဘဂဝါကပ္ပံ။ တိဋ္ဌတု သုဂတော ကပ္ပံဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာန” န္တိ။ ဒေသေဟိ တံ ဒုက္ကဋန္တိ။ အဟံခေါ ဘန္တေ မာရေန ပရိယုဋ္ဌိတစိတ္တော န ဘဂဝန္တံ ယာစိံ “ တိဋ္ဌတု ဘဂဝါ ကပ္ပံ၊ တိဋ္ဌတု သုဂတော ကပ္ပံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ၊ အတ္ထာယ ဟိတာယသုခါယ ဒေဝမနုဿာန” န္တိ၊ နာဟံ တံ ဒုက္ကဋံပဿမိ၊ အပိစာသမန္တာနံ သဒ္ဓါယဒေသေမိ တံ ဒုက္ကဋန္တိ။

(င) ဣဒမ္ပိ တေ အာဝုသော အာနန္ဒ ဒုက္ကဋံ၊ ယံ တွံ မာတုဂါမေဟိ ဘဂဝတော သရီရံ ပဌမံ ဝန္ဒာပေသိ၊ တာသံ ရောဒန္တီနံ ဘဂဝတော သရီရံ အဿုကေန မက္ခိတံ၊ ဒေသေဟိ တံ ဒုက္ကဋန္တိ။ အဟံ ခေါ ဘန္တေ "မာယိမာ ဝိကာလေ အဟေသု"န္တိ မာတုဂါမေဟိ ဘဂဝတော သရီရံ ပဌမံ ဝန္ဒာပေသိံ၊ နာဟံ တံ ဒုက္ကဋံ ပဿာမိ၊ အပိစာယသ္မန္တာနံ သဒ္ဓါယ ဒေသေမိ တံ ဒုက္ကဋန္တိ။ ဝိ၊ ၄။ ၄၈၅ – ၆။

ဣဒမ္ပိ တေ အာဝုသော အာနန္ဒ ဒုက္ကဋန္တိ ဣဒံ "တဿာ ဒုက္ကဋ"န္တိ ဧဝံ ဂရဟန္တေဟိ ထေရေဟိ ဝုတ္တံ၊ န အာပတ္တိ သန္ဓာယ ဝုတ္တံ။ ဒေသေဟိ တံ ဒုက္ကဋန္တိ ဣဒံမ္ပိစ "အာယသ္မာ၊ ဒုက္ကဋမယာ ကတ"န္တိ ဧဝံ ပဋိဇာနာဟိ တံ ဒုက္ကဋန္တိ ဣဒံ သန္ဓာယ ဝုတ္တံ၊ န အာပတ္တိဒေသနံ။ ဝိ၊ ဋ္ဌ၊ ၄။ ၁၃၃။ ဗဟုဿုတပကာသနီ နှာ – ၄၃၊ ၄၄။

## (၃၂) အပ္ပမာဒအရ

ပမာဒတရား၏ ဆန့်ကျင်ဘက်ဖြစ်သော သတိတရား နှင့် မကွေမကွာဖြစ်တတ်၍ အမြဲထင်သော သတိတရား ဖြစ်သည်။ ပမာဒအရကား သတိတရား၊ သတိသမ္ပဇဉ် တရား၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတည်း။ စတုဘူမက ကုသိုလ်တရားတို့သည် အပ္ပမာဒတရား၌ သက်ဝင်ကြကုန်၏။ အပ္ပမာဒတရား၌ ဖြစ်ကြကုန်၏။

ထို့ကြောင့် သံ၊ ဋ္ဌ၊ ၁။ ၁၄၂ – ၃ ၌ လည်းကောင်း။

အံ၊ ဋ္ဌ၊ ၁။ ၁၁၁ ၌ လည်းကောင်း –

အပ္ပမာဒေါတိ ကာရာပကအပ္ပမာဒေါ။ ဧဝမေဝ ခေါတိ ဟတ္ထိပဒံ ဝိယ ဟိ ကာရာပကအပ္ပမာဒေါ၊ သေသပဒဇာတာနိ ဝိယ အဝသေသာ စတုဘူမကာ ကုသလဓမ္မာ။ တေ ဟတ္ထိပဒေ သေသပဒါနိ ဝိယ အပ္ပမာဒေ သမောဓာနံ ဂစ္ဆန္တိ၊ အပ္ပမာဒဿ အန္တော ပရိဝတ္တန္တိ။ ယထာ စ ဟတ္ထိပဒံ သေသပဒါနံ အဂ္ဂံသေဋ္ဌံ၊ ဧဝံ အပ္ပမာဒေါ သေသဓမ္မာနံ။ သံ၊ ဋ္ဌ၊ ၁။ ၁၄၂ – ၃။

န ပမဇ္ဇတိ ဧတေနာတိ အပ္ပမာဒေါ၊ ပမာဒဿ ပဋိပက္ခော သတိယာ အဝိပ္ပဝါသော။ အတ္ထတော နိစ္စံ ဥပဋ္ဌိတာယ သတိယာ ဧတံ နာမံ၊ ပမာဒေါ ပန သတိယာ သတိသမ္ပဇညဿ ဝါ ပဋိပက္ခဘူတော အကုသလစိတ္တုပ္ပာဒေါ ဒဋ္ဌဗ္ဗော။ အံ၊ ဋ္ဌ၊ ၁။ ၁၁၁။ ဗဟုဿုတပကာသနီ နှာ – ၄၅။

## (၃၃) သူတစ်ပါးစကားကို မဆင်မခြင် ယူဆကြသဖြင့် ပင်ပန်းဆင်းရဲကြပုံ

သော (သသကော) ဧကဒိဝသံ ဝေါစရံ အာဒါယ အဂန္တွာ တာလဏ္ဍဿ ဟေဋ္ဌာနိပန္နော စိန္တေသိ "သစေ အယံ ပထဝီသံဝဋ္ဋေယျ၊ ကဟံနု ခေါ ဂမိဿာမိ" တိ။

တသ္မိံ ခဏေ ဧကံ ဗေလုဝပက္ကံ တာလပဏ္ဏဿ ဥပရိ ပတိ။ သော တဿ သဒ္ဒေန "အဒ္ဓါ ပထဝီ သံဝဋ္ဋတိ" တိ ဥပ္ပတိတွာ ပစ္ဆတော အနောလောကေန္တောဝ ပလာယိ။ တံ မရဏဘယဘီတံ ဝေဂေန ပလာယန္တံ အညော သသကော ဒိသွာပုစ္ဆိ "ကိံဘော အတိဝိယဘီတော ပလာယသီ" တိ။ မာပုစ္ဆိ ဘောတိ။ သော "ကိံဘော ကိံဘော" တိ ပစ္ဆတော ဓာဝတေဝ။ ဣတရော နိဝတ္တိတွာ အနောလောကေန္တောဝ "ဧတ္ထ ပထဝီ သံဝဋ္ဋတိ" တိ အာဟ။ သောပိ တဿ ပစ္ဆတော ပလာယာ။ ဧဝံ တ မညော အဒ္ဒသ၊ တမညောတိ ဧဝံ သသကသဟဿံ ဧကတော ဟုတွာ ပလာယိ။

တေ ဧကောပိ မိဂေါ ဒိသွာ ဧကတော ဟုတွာ ပလာယိ။ ဧကော သူကရော၊ ဧကော ဂေါကဏ္ဏော၊ ဧကော မဟိံသော၊ ဧကော ဂဝယော၊ ဧကော ခဂ္ဂေါ၊ ဧကော ဗျဂ္ဃော၊ ဧကော သီဟော၊ ဧကော ဟတ္ထီ၊ ဒိသွာ "ကိမေတ"န္တိ "ပုစ္ဆိတွာ ဧတ္ထ ပထဝီသံဝဋ္ဋတိ" တိ ဝုတ္တေ ပလာယိ။ ဧဝံ အနုက္ကမေန ယောဇနမတ္တံ တိရစ္ဆာနဗလံ အဟောသိ။

တဒါ ဇောတိသတ္တော တံ ဗလံ ပလာယန္တံ ဒိသွာ "ကိမေတ"န္တိ ပုစ္ဆိတွာ "ဧတ္ထ ပထဝီ သံဝဋ္ဋတီ" တိ သုတွာ စိန္တေသိ "ပထဝီ သံဝဋ္ဋနံ နမာန ကဒါစိ အတ္ထိ အဒ္ဓါ ဧတေသံ ကိဉ္စိ ဒုဿုတံ ဘဝိဿတိ၊ မယိ ခေါ ပန ဥဿုက္ကံ အနာပဇ္ဇန္တေ သဗ္ဗေ နဿိဿန္တိ။ ဇီဝိတံ နေသံ ဒဿာမီတိ သီဟဝေဂေန ပုရတော ပဗ္ဗတပါဒံ ဂန္တွာ တိက္ခတ္တုံ သီဟနာဒံ နဒိ။ တေ သီဟဘယတဇ္ဇိတာ နိဝတ္တိတွာ ပိဏ္ဍိတာ အဋ္ဌံသု။ သီဟော တေသံ အန္တရံ ပဝိသိတွာ "ကိမတ္ထံ ပလာယထာ" တိပုစ္ဆိ၊ ပထဝီ သံဝဋ္ဋတီတိ။ ကေန သံဝဋ္ဋမာနာ ဒိဋ္ဌာတိ။ ဟတ္ထီ ဇာနန္တီတိ။ ဟတ္ထီပုစ္ဆိ၊ တေ "မယံ န ဇာနာမ၊ သီဟာ ဇာနန္တီတိ ဝဒိံသု သီဟာပိ မယံ န ဇာနာမ။ ဗျဂ္ဃါ ဇာနန္တိ" တိ၊ ဗျဂ္ဃါပိ မယံ န ဇာနာမ။ ခဂ္ဂါ ဇာနန္တိ" တိ၊ ခဂ္ဂါပိ "ဂဝယာ ဇာနန္တိ တိ၊ ဂဝယာပိ "မဟိံသာ ဇာနန္တိ" တိ မဟိံသာပိ "ဂေါကဏ္ဏာ ဇာနန္တိ" တိ ဂေါကဏ္ဏာပိ "သူကရာ ဇာနန္တိ" တိ၊ သူကရာပိ "မိဂါဇာနန္တိ" တိ။ မိဂါပိ "မယံ နဇာနာမ၊ သသကာ ဇာနန္တိ" တိ။ သသကေသု ပုစ္ဆိယမာနေသု "အယံက ထေတိ" တိ တံသသကံ ဒဿေသုံ။ အထ နံ "ဧဝံကိရ သမ္မပဿတိ ပထဝီသံဝဋ္ဋတီ။ တိ တံ သသကံ ဒဿေသုံ။ အထနံ "ဧဝံ ကိရ သမ္မ ပဿတိ ပထဝီ သံဝဋ္ဋတီ" တိ၊ ပုစ္ဆိ။ အာမ သာမိ မယာ ဒိဋ္ဌာတိ။ ကတ္ထ ဝသန္တော ပဿသီတိ။ ပစ္ဆိမသမုဒ္ဒသမီပေ ဗေလုဝမိဿကတာလဝနေ ဝသာမိ။ အဟဉ္ဟိ တတ္ထ ဗေလုဝရုက္ခမူလေ တာလဂစ္ဆေ တာလပဏ္ဏဿ ဟေဋ္ဌာ နိပန္နော စိန္တေသိံ "သစေ ပထဝီ သံဝဋ္ဋတီ၊ ကဟံ ဂမိဿာမီ" တိ၊ အထ တင်္ခဏညေဝ ပထဝီယာ သံဝဋ္ဋနသဒ္ဒံ သုတွာ ပလာတောမှီတိ။ ဗဟုဿုတပကာသနီ နှာ – ၄၇၊ ၄၈။

သီဟော စိန္တေသိ" အဒ္ဓါ တဿ တာလပဏ္ဏဿ ဥပရိ ဗေလုဝပက္ကံ ပတိတွာ ဒုဒ္ဒုဘာယနသဒ္ဒမကာသိ၊ သွာယံ တံ သဒ္ဒံ သုတွာ "ပထဝီသံဝဋ္ဋတီ" တိသညံ ဥပ္ပါဒေတွာ ပလာယိ၊ တထတော ဇာနိဿာမီ" တိ။ သော တံ သသကံ ဂဟေတွာ မဟာဇနံ အဿာသေတွာ" အဟံ ဣမိနာ ဒိဋ္ဌဋ္ဌာနေ ပထဝီယာ သံဝဋ္ဋနဘာဝံ ဝါ အသံဝဋ္ဋနဘာဝံ ဝါ တထတော ဇာနိတွာ အာဂမိဿာမိ၊ ယာဝ မမာဂမနာ တုမှေ ဧတ္ထေဝ ဟောထာ" တိ သသကံ ပိဋ္ဌိယံ အာရောပေတွာ သီဟဝေဂေန ပက္ခန္ဒိတွာ တာလဝနေ သသကံ ဩတာရေတွာ" ဧဟိ တယာ ဒိဋ္ဌဋ္ဌာနံ ဒဿေဟီ" တိ အာဟ။ န ဝိသဟာမိ သာမီတိ။ ဧဟိ မာဘာယီတိ။ သော ဗေလုဝရုက္ခံ ဥပသင်္ကမိတုံ အသက္ကောန္တော အဝိဒူရေ ဌတွာ "ဣဒံသာမိ ဒုဒ္ဒုဘာယနဋ္ဌာန"န္တိ ဝတွာ ပဌမံ ဂါထမာဟ –

ဧဝံ ဝုတ္တေ သီဟော ဗေလုဝရုက္ခမူလံ ဂန္တွာ တာလပဏ္ဏဿ ဟေဋ္ဌာ သသကေန နိပန္နဋ္ဌာနဉ္စေဝ တာလပဏ္ဏမတ္ထကေ ပတိတံ ဗေလုဝပက္ကဉ္စ ဒိသွာ ပထဝီယာ အသံဝဋ္ဋနဘာဝံ တထတော ဇာနိတွာ သသကံ ပိဋ္ဌိယံ အာရောပေတွာ သီဟဝေဂေန ခိပ္ပံ မိဂသင်္ဃာနံ သန္တိကံ ဂန္တွာ သဗ္ဗံ ပဝတ္တိံ အာရောစေတွာ "တုမှေ မာ ဘာယထာ" တိ မိဂဂဏံ အဿာသေတွာ ဝိဿဇ္ဇေသိ။ သစေ ဟိ တဒါ ဗောဓိသတ္တော န ဘဝေယျ၊ သဗ္ဗေ သမုဒ္ဒံ ပဝိသိတွာ နဿေယျုံ၊ ဗောဓိသတ္တံ ပန နိဿာယ သဗ္ဗေ ဇီဝိတံ လဘိံသူတိ။

* ဗေလုဝံ ပတိတံ သုတွာ၊ ဒုဒ္ဒုဘန္တိ သသော ဇဝိ။
သသဿ ဝစနံ သုတွာ၊ သန္တတ္တာ မိဂဝါဟိနီ။
* အပ္ပတွာ ပဒဝိညာဏံ၊ ပရဃောသာနုသာရိနော။
ပနာဒပရမာ ဗာလာ၊ တေ ဟောန္တိ ပရပတ္တိယာ။
* ယေ စ သီလေန သမ္ပန္နာ၊ ပညာယူပသမေ ရတာ။
အာရကာ ဝိရတာ ဓီရာ၊ န ဟောန္တိ ပရပတ္တိယာတိ –
ဣမာ တိဿော အဘိသမ္ဗုဒ္ဓဂါထာ။ ဇာ၊ ဋ္ဌ၊ ၃။ ၆၉၊ ၇၀ – ၁။ ဗဟုဿုတပကာသနီ နှာ ၄၇၊– ၄၈။

## (၃၄) ဗဟုဘဏ္ဍာရဟန်း ပျံလွန်ကြောင်းကို လျှောက်ထားရာ ဘုရားရှင်ဆုံးဖြတ်ချက်

ဘိက္ခုဿ ဘိက္ခဝေ ကာလင်္ကတေ သံဃော သာမီ ပတ္တစီဝရေ။ အပိစ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ

သမ္ဗုဒ္ဓိဘုတေန သံဃေန ဘာဝေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ။ ဝိ၊ ၃။ ၄၂၀ – ၁။

ဘုန်းကြီးတစ်ပါးပျံတော်မူလျှင် လဟုဘဏ်ပစ္စည်းကို ခွဲဝေကောင်းသည်။ ဂရုဘဏ်ပစ္စည်းများကိုမူ မခွဲဝေကောင်း။ ယခုကာလ သံဃိကပစ္စည်းကို ဒိုသန္တက စသည်ပြုလုပ်ကြရာ တရားမဝင်၊ ဒိုသန္တက စသည်မဖြစ်၊ မူလပင်ကိုယ် သဘောအတိုင်း သံဃိကပင်ဖြစ်နေသည်။

သံဃော ပန ဗဟုဿုတဿ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ ဗဟုပကာရဿ ဘာရနိတ္ထာ ရကဿ ဖာသုကံ အာဝါသံ အနုဋ္ဌာပနီယံ ကတ္វာ ဒေတိ၊ တသ္မာ သော ဥပကာရတာယ စ သံဃတော လဒ္ဓတာယ စ န ဝုဋ္ဌာပေတဗ္ဗောတိ။ ဝိ၊ ၄၊ ၃။ ၄၀၄။

အပလောကနကံဖြင့် အနုဋ္ဌာပနီယ ကျောင်းစသည်၌နေသော ရဟန်းကို၊ တစ်ပါးသောရဟန်းများက နေရာမှထစေခွင့်မရှိ။ မထစေရ။ အနုဋ္ဌာပနီယအဖြစ် မရခဲ့လျှင် တစ်ပါးသောရဟန်းများက နေရာမှထစေခွင့် ရှိသည်။ နေရာမှ ထစေနိုင်သည်။ ဗဟုဿုတပကာသနီ နှာ – ၂၉၊ ၃၀။

## (၃၅) (က) စေတီသုံးမျိုး

သာရီရိက စေတီ = မြတ်စွာဘုရားကိုယ်တော်နှင့် စပ်သော ပူဇော်ဖွယ်ရာစေတီ၊
ပါရိဘောဂိက စေတီ = ဗောဓိပင်စသော မြတ်စွာဘုရား အသုံးအဆောင်ပစ္စည်းဖြစ်သော စေတီ နှင့်
ဥဒ္ဒိဿက စေတီ = မြတ်စွာဘုရား၊ မြတ်စွာဘုရား ဂုဏ်တော်ကို ရည်မှတ်၍ တည်ဆောက်ထားသော စေတီ, ရုပ်ပွား, ဆင်းတုတော်။

သာရီရိကံ ပါရိဘောဂိကံ ဥဒ္ဒိဿကန္တိ သဗ္ဗာ ပန ဘဂ္ဂေ တုမှေသု ဓရန္တေသုယေဝ စေတီယံ ကာတုန္တိ အာနန္ဒ သာရီရိကံ န သက္ကာ ကာတုံ၊ တဉှိ ဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ ဟောတိ။ ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယနမတ္တမေဝ ဟောတိ။ ဇာ၊ ၄၊ ၄။ ၂၂၉။ ဗဟုဿုတပကာသနီ နှာ – ၅၅။

## (ခ) တည်ထားကိုးကွယ် စေတီလေးသွယ်

အခြားတစ်နည်းဆိုရသော် ဘုရားရှင်က စေတီထိုက်သောပုဂ္ဂိုလ် စေတီလေးမျိုးကို ဟောကြားခဲ့ရာ အဋ္ဌကထာများ၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူခဲ့ကြသည်။

စေတီလေးမျိုးရှိရာ –

၁။ **ပရိဘောဂစေတီ** = ဘုရားရှင်အသုံးပြုသော ပရိက္ခရာ အသုံးအဆောင်များနှင့် နေထိုင်ရာ ဗောဓိပင်။
၂။ **ဥဒ္ဒိဿကစေတီ** = ဘုရားကိုယ်စား ရုပ်ပွားဆင်းတုတော်များ။ (သာရတ္ထ ၁။ ၁၇၂။)
၃။ **ဓာတုစေတီ** = ဘုရားရှင်ဓာတ်တော်များ ဌာပနာ၍ တည်ထားသောစေတီ။
၄။ **ဓမ္မစေတီ** = ဘုရားရှင်ဟောကြားခဲ့သော ပဋိစ္စသမုပ္ပါဒ်စသော ပိဋကတ်စာပေများကို ထည့်သွင်း ဌာပနာ၍ တည်ထားသောစေတီ တို့ ဖြစ်ကြပါသည်။

တစ်ဖန်၊ မြတ်စွာဘုရားက – ချစ်သားအာနန္ဒာ၊ စေတီထိုက်သော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။
အဘယ်လေးမျိုးတို့နည်းဟူမူ –

၁။ ပူဇော်အထူးကို ခံထိုက်၍ အလုံးစုံသောတရားတို့ကို မဖောက်မပြန် အမှန်အတိုင်း သိမြင်နိုင်သော သဗ္ဗညုမြတ်စွာဘုရား။
၂။ ပစ္စေကဗုဒ္ဓါ။
၃။ မြတ်စွာဘုရား၏ တပည့်သာဝက နှင့်

၄။ စကြာရတနာကို လည်စေတတ်သော စကြဝတေးမင်း ဤလေးမျိုးတို့သည် စေတီထိုက်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

## (၃၆) ဘုရားရှိခိုးနည်း

အဘိဝါဒေတွာတိ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၃၈။

ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏုဒွိဟတ္ထနလာဋ္ဋတလေဟိ ပဉ္စပတိဋ္ဌိတံ ဟုတွာ။ ပဋိသံ၊ ဂဏ္ဌိ၊ ၃၄၉။

* လက်နှစ်ဖက်ဒူး၊ နဖူးထိကာ၊ ရှိခိုးပါ၊ ငါးဖြာတည်ပြီး၊ ရှိခိုးနည်း။

* လက်နှစ်ဖက်ဒူး၊ နဖူးထိ(တည်) ကာ၊ ရှိခိုးပါ၊ ငါးဖြာထိ (တည်) ပြီး၊ ရှိခိုးနည်း။

* လက်ထောက်ဒူးချ၊ တတောင်ချ၊ နဖူးချကာ၊ ဦးချပါ။

ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ။ ဒီ၊ ဋ္ဌ၊ ၁။ ၁၃၃။

ပဉ္စပတိဋ္ဌိတေနာတိ ဧတ္ထ ပဉ္စဟိ အင်္ဂေဟိ အဘိမုခံ ဋ္ဌိတေနာတိ အတ္ထော၊ ပါဒဇာဏုကပ္ပရဟတ္ထသီသ သင်္ခါတာနိပဉ္စ အင်္ဂါနိ သမံ ကတွာ ဩနာမေတွာ အဘိမုခံ ဋ္ဌိတေန ပဉ္စမံ ဝန္ဒိတွာတိ ဝုတ္တံ ဟောတိ။

သီ၊ ဋီ၊ သစ်၊ ၂။ ၁၈။

ဝံသာဘိလင်္ကာရ မဟာဓမ္မာရာဇာဓိရာဇဂုရု – ဘွဲ့တံဆိပ်တော်ရ ၁၁၀၂ – ခုဖွား၊ မုန်တိုင်ပင်ဆရာတော်သည် သုံးပုံတံချူကျမ်း၌ –

* ရပ်ခါဋ္ဌိတေ၊ ရှိခိုးပေမူ၊ ခြေလျင်နှစ်ဘက်၊ မြေဝယ်ယှက်၍၊ နှစ်ဖက်ဘဝါး၊ ရှိခြားယှဉ်ပူး၊

နဖူးထက်တွင်၊ တင်ပြီးချင်မူ၊ ကြည်လင်ရေးရှု၊ ညွှတ်ခါပြုလော့။

နှစ်ခုလက်တွင်၊ ဦးခေါင်းတင်မူ၊ ငါးအင်ဝန္ဒနာ၊ ပြည့်စုံရာသည်၊ မကွာမြဲထွေ၊ ခွဲကြလေ။

စာတော်ပြင်ဆရာကြီး ဦးပညာကလည်း သားရွှေဥဆုံးမစာတွင် –

* ရှိခိုးရာ၌၊ အင်္ဂါငါးခု၊ လုံ့လပြုလော့၊ နှစ်ခုဖဝါး၊ အညီထားမှ၊

နှစ်ပါးသောဒူး၊ မျှအောင်ပူးလျက်၊ နဖူးလက်ခုံ၊ ခိုက်စေတုံလော့။ ဗဟုဿုတပကာသနီ နှာ – ၅၈။

## (၃၇) (က) သရဏဂုံ အကျိုး (၁)

သာသနာပ ချာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်အား လှူရသော ဒါနကုသိုလ်ထက်၊ သရဏဂုံတည်သော ပုဂ္ဂိုလ်အား လှူရသောဒါနကုသိုလ်က ပို၍ အကျိုးကြီးပုံ –

ဗာဟိရကာနဉ္စ အဋ္ဌသမာပတ္တိယော ဝဋ္ဋုပါဒကာယေဝ။ သာသနေ သရဏဂမနမ္ပိ လောကုတ္တရပါဒကံ၊ ပဂေဝ အဝိဟိံသာဒယော။ တ္တမိနာယေဝ စ သုတ္တေန ဝေဒိတဗ္ဗံ "ယထာ ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿပိ ဒိန္နဒါနတော သာသနေ တိသရဏဂတဿ ဒိန္နဒါနံ မဟာပ္ဖလတရံ ဟောတိ" တိ။ ဣဒဉ္စ သန္ဓာယ ဒက္ခိဏာဝိသုဒ္ဓိသုတ္တေ (ဒက္ခိဏာဝိဘင်္ဂသုတ္တေ) ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ၊ ကော ပန ဝါဒေါ သောတာပန္နေ" တိ ဝုတ္တံ။ သရဏဂမနတော ပဋ္ဌာယ ဟိ တတ္ထ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော အဓိပ္ပေတောတိ။ အယံ တာဝေတ္ထ ပါဠိယောဇနာ။

မ၊ ဋ္ဌ ၁။ ၁၉၀ – ၁။ မ၊ ဌ၊ ၂၉၈။ ဗဟုဿုတပကာသနီ နှာ – ၁၄၊ ၁၅။

### (ခ) သရဏဂုံ အကျိုး (၂)

ရှင်မောဂ္ဂလာန် ဟောကြားသော သရဏဂုံ အကျိုးဆယ်ပါး –

ထိုသရဏဂုံကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသော သူတို့သည်၊ တစ်ပါးသော ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသော နတ်တို့ထက် အကျိုးဆယ်မျိုး ပိုရနိုင်သည်။

၁။ နတ်၌ဖြစ်သော – အသက်၊
၂။ နတ်၌ဖြစ်သော – အဆင်း၊
၃။ နတ်၌ဖြစ်သော – ချမ်းသာ၊
၄။ နတ်၌ဖြစ်သော – အခြံအရံ၊
၅။ နတ်၌ဖြစ်သော – အစိုးရခြင်း။ ဗဟုသုတပကာသနီ နှာ – ၁၅။

## (၃၈) (က) ကိုယ်နှင့်ပတ်သက်သော အကျိုးငါးပါး

၁။ နတ်၌ဖြစ်သော – ရူပါရုံ၊
၂။ နတ်၌ဖြစ်သော – သဒ္ဒါရုံ၊
၃။ နတ်၌ဖြစ်သော – ဂန္ဓာရုံ၊
၄။ နတ်၌ဖြစ်သော – ရသာရုံ၊
၅။ နတ်၌ဖြစ်သော – ဖောဋ္ဌဗ္ဗာရုံ။ ဗဟုသုတပကာသနီ နှာ – ၁၅။

## (ခ) အဝတ်တန်ဆာ ဘုံဗိမာန်နှင့် သက်ဆိုင်သော အကျိုးငါးပါး

ဧကမန္တံ ဌိတံ ခေါ သက္ကံ ဒေဝါနမိန္ဒံ အာယသ္မာ မဟာမောဂ္ဂလာနော ဧတဒဝေါစ "သာဓု ခေါ ဒေဝါနမိန္ဒ ဗုဒ္ဓသာသနဂမနံ ဟောတိ။ ဗုဒ္ဓသရဏဂမနဟေတု ခေါ ဒေဝါနမိန္ဒ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ" တိ။ သံ၊ ၂။ ၄၆၃။ ပ။ ဗဟုသုတပကာသနီ နှာ – ၁၅၊ ၁၆။

တေအညေ ဒေဝေ ဒသဟိ ဌာနေဟိ အဓိဂဏှန္တိ "ဒိဗ္ဗေန အာယုနာ၊ ဒိဗ္ဗေန ဝဏ္ဏေန၊ ဒိဗ္ဗေန သုခေန၊ ဒိဗ္ဗေန ယသေန။ ဒိဗ္ဗေန အာဓိပတေယျေန။ ဒိဗ္ဗေဟိ ရူပေဟိ ဒိဗ္ဗေဟိ သဒ္ဒေဟိ ဒိဗ္ဗေဟိ ဂန္ဓေဟိ ဒိဗ္ဗေဟိ ရသေဟိ ဒိဗ္ဗေဟိ ဖောဋ္ဌဗ္ဗေဟိ" တိ။ သံ၊ ၂။ ၄၆၇။ ဒီ၊ ဋ္ဌ၊ ၁။ ၂၀၈ – ၉။

ပဋ္ဌမအကျိုးငါးပါးသည် ကိုယ်နှင့်စပ်သော အကျိုးဖြစ်သည်။ ဒုတိယအကျိုးငါးပါးကား – အဝတ်တန်ဆာ ဘုံဗိမာန်တို့နှင့် စပ်သော အကျိုးဖြစ်သည်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု ဆောက်တည်သောအခါ၊ ဗုဒ္ဓသရဏဂုံဖြစ်သည်။ ယင်းသရဏဂုံကုသိုလ်သည် ဘုရားဂုဏ်တော်အနန္တကို အမှီပြု၍ ဖြစ်ပေါ်လာရသည်။

ထို့ကြောင့်၊ အကျိုးဆယ်မျိုး အခြားကုသိုလ်များထက် ပိုပြီး အကျိုးပေးခြင်းဖြစ်သည်။

မှတ်ချက် ။ ။ "ဓမ္မ သရဏဂုံ ကုသိုလ်" နှင့် "သံဃ သရဏဂုံ ကုသိုလ်" တို့၌လည်း ဤနည်းအတိုင်းဖြစ်သည်။

သရဏဂုံ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရာ၊ အခြားကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသော နတ်သား၊ နတ်သမီး များထက် အကျိုးဆယ်မျိုး ပိုရသည်။ သရဏဂုံကုသိုလ်သည် ထိန်းသိမ်းစောင့်ရှောက်၍လည်း လွယ်ကူသည်။ အလွန်ရခဲသော သာသနာနှင့် ကြုံကြိုက်သောအခါ၌သာ ရနိုင်သော ကုသိုလ်မျိုးဖြစ်၍ ဗုဒ္ဓဘာသာ အမျိုးသား၊ အမျိုးသမီးများ ဆောက်တည်သင့်လှပေသည်။ ဗဟုသုတပကာသနီ နှာ – ၁၆။

## (၃၉) (က) မိမိအသက်ကို စွန့်၍လှူဒါန်းခြင်း

အထ နံ သက္ကော "သသပဏ္ဍိတ တဝ ဂုဏော သကလကပ္ပံ ပါကဋော ဟောတု" တိ ပဗ္ဗတံ ပီဠေတွာ ပဗ္ဗတရသံ အာဒါယ စန္ဒမဏ္ဍလေ သသလက္ခဏံ လိခိတွာ ဗောဓိသတ္တံ အာနေတွာ တသ္မိံဝနသဏ္ဍေ တသ္မိံယေဝ ဝနဂုမ္ဗေ တရုဏဒဗ္ဗတိဏပိဋ္ဌေ နိပဇ္ဇာပေတွာ အတ္တနော ဝသနဋ္ဌာနမေဝ ဂတော။ ဇာ၊ ဋ္ဌ၊ ၃။ ၅၁။

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။ ကဝိဒပ္ပဏနီတိ၊ ၂၆၂- ဂါထာ။ ဗဟုဿုတပကာသနီ နှာ- ၄၆။

| | | |
|---|---|---|
| ဒါနံ | = | ပေးကမ်းလှူဒါန်းခြင်းသည်။ |
| အဒန္တ မဒနံ | = | မယဉ်ကျေးသောသူကို ယဉ်ကျေးစေတတ်၏။ |
| ဒါနံ | = | ပေးကမ်းလှူဒါန်းခြင်းသည်။ |
| သဗ္ဗတ္ထသာဓကံ | = | အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ |
| ဒါနေန | = | ပေးကမ်းလှူဒါန်းခြင်းဖြင့် လည်းကောင်း။ |
| ပိယဝါစာယ | = | ချစ်ဖွယ်စကား ပြောကြားခြင်းဖြင့် လည်းကောင်း။ |
| ဒါယကာ | = | ပေးလှူသူတို့သည်။ |
| ဥန္နမန္တိ | = | မျက်နှာပန်းပွင့် ကြီးမြင့်တတ်ကြကုန်၏။ |
| ပဋိဂ္ဂါဟကာ | = | ခံယူတတ်သူတို့သည်။ |
| နမန္တိစ | = | ပေးလှူတတ်သူ အလှူရှင်သို့ ဆောလျင်မကြာ ညွတ်လာတတ်ကြကုန်၏။ |

## (ခ) ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးက၊ ဘဝဆက်ဆက် ကုသိုလ်တက်၏

| | | |
|---|---|---|
| ကတပုညော | = | ကောင်းမှုပြုပြီးသောသူသည်။ |
| ဣဓ | = | ဤပစ္စုပ္ပန် ဘဝ၌။ |
| မောဒတိ | = | ဝမ်းမြောက်ရ၏။ |
| ပေစ္စ | = | တမလွန်ဘဝ၌လည်း။ |
| မောဒတိ | = | ဝမ်းမြောက်ရ၏။ |
| ဥဘယတ္ထ | = | ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝ၌။ |
| မောဒတိ | = | ဝမ်းမြောက်ရ၏။ |
| အတ္တနော | = | မိမိ၏။ |
| ကမ္မဝိသုဒ္ဓိံ | = | ကံ၏ စင်ကြယ်ခြင်းကို။ |
| ဒိသွာ | = | မြင်ရ၍။ |
| သော | = | ကောင်းမှုပြုပြီးသော ထိုသူသည်။ |
| မောဒတိ | = | ဝမ်းမြောက်ရပြန်၏။ |
| သော | = | ထိုကောင်းမှု ပြုပြီးသော ပုဂ္ဂိုလ်သည်။ |
| ပမောဒတိ | = | ထပ်၍ ဝမ်းမြောက်ရပြန်၏။ (ဓမ္မပဒ၊ ဓမ္မိက ဥပါသကာဝတ္ထု) |

## (ဂ) ဒါနတရားလင်္ကာ

၁။ သရဏဂုမ်သီလ၊ ဆောက်တည်ကြပြီး၊ ဓမ္မလဒ္ဓ၊ လှူဘွယ်များကို၊ ကမ္မဖလ၊ ယုံကြည်ကြလျက်၊ ကောင်းစွာပြင်ဆင်၊ လှအောင်ပြင်၍၊ ကြည်လင်သဒ္ဓါ၊ လှူဒါန်းပါသော်၊ များစွာမြတ်လှ၊ ကောင်းကျိုးရဟု၊ ဗုဒ္ဓမြတ်စွာ၊ ဟောမိန့်မှာသည်၊ များစွာဖွံ့ဖြိုး၊ ဒါနအကျိုးတည်း။

၂။ တောတွင်းအရပ်၊ ဆွတ်ခူးအပ်သည့်၊ နှမ်းကြပ်ပင်မှ၊ တစ်ပွင့်မျှလည်း၊ မြတ်စွာဘုရား၊ ဂုဏ်ကိုးပါးကို၊ ပိုင်းခြားကျနု၊ ဆင်ခြင်ကြပြီး၊ ကျနသေချာ၊ လှူဒါန်းပါသော်၊ မြတ်စွာဘုရား၊ ဉာဏ်တော်အားလည်း၊

ပိုင်းခြားခြင်းငှာ၊ မစွမ်းရာသည်၊ များစွာမြတ်လှ၊ ကောင်းကျိုးရဟု၊ အဋ္ဌကထာ၊ ဖွင့်ပြမှာသည်၊ များစွာဖွံ့ဖြိုး၊ ဒါနအကျိုးတည်း။

၃။ မေတ္တာအေးမြ၊ ပွားများကြပြီး၊ (ပို့သကြပြီး)၊ ဒါနသီလာ၊ ပြုလုပ်ပါသော်၊ များစွာမြတ်လှ၊ ကောင်းကျိုးရ၏။ ဗုဒ္ဓရှင်ချစ်၊ ဘုရားဖြစ်အောင်၊ စင်စစ်မသွေ၊ ရောက်စေခြင်းငှာ၊ စွမ်းနိုင်ရာဟု၊ သေချာအဋ္ဌကထာ၊ တစ်နည်းမှာသည်၊ များစွာဖွံ့ဖြိုး၊ ဒါန, သီလ အကျိုးတည်း။

၄။ ကျင့်ယုတ်မာလှ၊ ဒုသီလပင်၊ မုချမုန်စွာ၊ ဖြစ်တုံပါလည်း၊ သံဃာတော်အား၊ ရည်မှတ်သား၍၊ ပိုင်းခြားပုဂ္ဂလ၊ လှူဒါန်းကြသော်(မူ)၊ သံဃဂတ၊ မြတ်ဒါနစစ်၊ ကေန်ဖြစ်၍၊ စင်စစ်ဖွံ့ဖြိုး၊ ကောင်းကျိုးများဖြင့်၊ အာနိသင်မှာ၊ အသင်္ချေယျ၊ အပ္ပမေယျ၊ ကောင်းကျိုးရဟု၊ ဗုဒ္ဓမြတ်က၊ ဟောမိန့်ပြသည်၊ သံဃဂတ၊ ဒါနဖွံ့ဖြိုး၊ အကျိုးတည်း၊ သံဃပတ၊ မြတ်ဒါန၏၊ များလှဖွံ့ဖြိုး၊ အကျိုးတည်း။ မ၊ ၃၊ ၂၉၉။(မ၊ ဋ္ဌ၊ ၄။ ၂၂၅ ကို ရည်ရွယ်သည်။)

၁။ အသက္ကစ္စံ ဒေတိတိ န သက္ကရိတွာ သုစိံ ကတွာ ဒေတိ။ အံ၊ ဋ္ဌ၊ ၃။ ၅၃။

၂။ စိတ္တိံ ကတွာ ဒေတိတိ ဒေယျဓမ္မေ စ ဒက္ခိဏေယျသု စ စိတ္တီကာရံ ဥပဋ္ဌပေတွာ ဒေတိ။
တတ္ထ ဒေယျဓမ္မံ ပဏီတံ ဩဇဝန္တံ ကတွာ ဒေန္တော ဒေယျဓမ္မေ စိတ္တီကာရံ ဥပဋ္ဌပေတိ နာမ၊
ပုဂ္ဂလံ ဝိစိနိတွာ ဒေန္တော ဒက္ခိဏေယျေသု စိတ္တီကာရံ ဥပဋ္ဌပေတိ နာမ။ အံ၊ ဋ္ဌ၊ ၃။ ၅၃။

၃။ အသက္ကစ္စံ ဒေတိတိ အသက္ကရိတွာတိ ဒေတိ။ အံ၊ ဋ္ဌ၊ ၃။ ၂၆၇။
အသက္ကစ္စံ ဒေန္တိတိ အစိတ္တီကာရေန ဒေန္တိ။ အံ၊ ဋ္ဌ၊ ၃။ ၂၆၀။
အစိတ္တိကတွာတိ အစိတ္တီကာရေန ဒက္ခိဏေယျ အဂါရဝေန ဒေတိ။ အံ၊ ဋ္ဌ၊ ၃။ ၂၆၇။
အစိတ္တိကတွာ ဒေတိတိ အစိတ္တီကာရေန အဂရုဝ ဝသေနဒေတိ။ အံ၊ ဋ္ဌ၊ ၃။ ၅၄။
ဗဟုဿုတပကာသနီ နှာ – ၃၅၊ ၃၆။

## (၄၀) (က) သီလအကျိုး

သီလာ ဒိဂုဏာယုတ္တဿ ဟိ ကဋ္ဌုစ္ဆုဘိက္ခာပိ ပဉ္စ ရတနမတ္တာယ ဘူမိယာ ပဏ္ဏသာလာပိ ကတွာ ဒိန္နာ အနေကာနိ ကပ္ပသဟဿာနိ ဒုဂ္ဂတိ ဝိနိပါတတော ရက္ခတိ၊ ပရိယောသာနေ စ အမတာယ ပရိနိဗ္ဗာနဓာတုယာ ပစ္စယော ဟောတိ။ "ခီရောဒနံ အဟာမဒါသိ" န္တိ အာဒီနိ စေတ္ထ ဝတ္ထူနိ၊ သကလမေဝ ဝါ ပေတဝတ္ထု ဝိမာနဝတ္ထု စ သာဓကံ။ တသ္မာ ပစ္စယဒါယကေဟိ အတ္တနိ ကတာနံ ကာရာနံ မဟပ္ဖလတံ ဣစ္ဆန္တေနာပိ သီလာဒိဂုဏာယုတ္တေနေဝ ဘဝိတဗ္ဗန္တိ ဒဿေတိ။ မ၊ ဋ္ဌ၊ ၁။ ၁၆၄။ အံ၊ ဋ္ဌ၊ ၃။ ၃၂၂။

သီလံ ဟိ တညမ္ပိ ပုဒ္ဒညကိရိယာဝတ္ထု တေနေဝ ပရိသောဓိတံ မဟပ္ဖလံ ဟောတိ မဟာနိသံသန္တိ။
မ၊ ဋ္ဌီ၊ ၁။ ၂၆၂။ ဗဟုဿုတပကာသနီ နှာ – ၃၇။

## (ခ) လင်းနို့ဝတ္ထု

ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာတို့သည် ကဿပဘုရားလက်ထက် လင်းနို့ငယ်မျိုး၌ ဖြစ်ကြ၍ တောင်ခေါင်းထဲ၌ တွဲရရွဲဆွဲလျက်နေကြစဉ် အဘိဓမ္မာတရားကို သရဇ္ဈာယ်သော ရဟန်းနှစ်ပါး၏ သရဇ္ဈာယ်သံ၌ တရားတော်ဟူ၍ မှတ်အပ်သော အခြင်းအရာကို ယူ၍ ကုသိုလ်, အကိုသိုလ်ကို မသိသော်လည်း တရားတော်ဟူ၍ မှတ်အပ်သော အခြင်းအရာကို ယူကာမျှဖြင့်သာလျှင် ကွယ်လွန်ပြီးနောက် နတ်ပြည်သို့ရောက်၍၊ ဘုရားနှစ်ဆူတို့ အကြား ကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားပြီးလျှင် ငါတို့ဘုရားလက်ထက်တွင် အစုံစုံသော တန်ခိုးပြာဋိဟာ၌ ကြည်ညို၍ ရှင်သာရိပုတ္တရာထံ ရဟန်းခံကြကုန်၏။ အဘိ၊ ဋ္ဌ၊ ၁။ ၁၇ – ၈။ ဗဟုဿုတပကာသနီ နှာ – ၆၉။

### (ဂ) ဖားနတ်သားဝတ္ထု

ဂဂ္ဂရာမည်သော ရေကန်ကမ်းနား၌ မြတ်စွာဘုရား တရားဟောသည်ရှိသော် ဖားတစ်ကောင်သည် မြတ်စွာဘုရား အသံတော်၌ တရားတော်ဟူ၍ မှတ်အပ်သော အခြင်းအရာကိုယူစဉ်၊ ထိုဖားကို နွားကျောင်းသားငယ် တစ်ယောက်က တုတ်ကိုထောက်၍ ရပ်သည်ရှိသော် ဖား၏ဦးခေါင်းထက်၌ နိပ်၍ရပ်နေသည်။ ထိုဖားသည် သေ၍ ထိုခဏ၌သာလျှင် တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ အိပ်ပျော်သောယောကျ်ား နိုးသော လားသို့ ဖြစ်ရလေ၏။ ဝိသုဒ္ဓိ၊ ၁။ ၂၀၂။ သျှ။ ၂၊ ၄၀ – ၁။

ရှေးဘုရားရှင်တို့၏ လက်ထက်၌ တရားတော်ကို ကြားနာခြင်း၊ လေ့လာအားထုတ်ခြင်းဖြင့် တရားသံ၌ အခြင်းအရာကို တိရစ္ဆာန်တို့ ယူနိုင်ကြသည်။ ရှေး၌ ဖြစ်ဖူးသော ကောင်းမှု၏ အစွမ်းအားဖြင့်သာလျှင်၊ တိရစ္ဆာန် တို့အားလည်း တရား၌ကြည်ညိုသော သဒ္ဓါတရား ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့်၊ တရားနာခြင်း၊ စာပေကျမ်းဂန် သင်ကြားပို့ချခြင်း စသည်တို့ကို အားထုတ်သင့်ကြပေသည်။ ဝိမတိ၊ ၁။ ၅၇။ ဗဟုဿုတပကာသနီ နှာ – ၆၉။

### (၄၁) (က) ဗုဒ္ဓါနုဿတိကို ပွားများအပ်သည်ရှိသော်

၁။ စင်စင် ဝဋ်တရား၌ ငြီးငွေ့ခြင်း။

၂။ ဝဋ်တရား၌ တပ်ခြင်းကင်းခြင်း (ဝါ) ရာဂစသော ကိလေသာတို့၏ တပ်ခြင်းကင်းခြင်း။

၃။ ရာဂစသော ကိလေသာတို့၏ ချုပ်ခြင်း (ဝါ) ဝဋ်တရား၏ ချုပ်ခြင်း၊

၄။ ကိလေသာ ငြိမ်းခြင်း၊

၅။ အနိစ္စ စသည်ဖြင့် လက္ခဏာရေးသုံးပါးသို့တင်၍ အထူးအားဖြင့် သိခြင်း။

၆။ သစ္စာလေးပါးကို သိခြင်း (ဝါ) မဂ်ဉာဏ်လေးပါးကို သိခြင်း။

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စသော ဤအကျိုး ခုနစ်ပါးကို ရနိုင်သည်။

အံ၊ ၁။ ၃၂။ အံ၊ ဋ၊၁။ ၃၆၅ – ၆ ။

ကော ကိရ ဗြာဟ္မဏော စိန္တေသိ "ဗုဒ္ဓရတနဿ စ သံဃရတနဿ စ ပူဇာ ပညာယတိ၊ ကထံ နခေါ၊ ဓမ္မရတနံ ပူဇိတံ ဟောတီ" တိ၊ သော ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတမတ္ထံ ပုစ္ဆိ။ ဘဂဝါ အာဟ "သစေပိ ဗြာဟ္မဏ ဓမ္မရတနံ ပူဇေတုကာမော ဧကံ ဗဟုဿုတံ ပူဇေဟီ" တိ။ ဗဟုဿုတံဘန္တေ အာစိက္ခထာတိ။ ဘိက္ခုသံဃံ ပုစ္ဆာတိ။ သော ဘိက္ခုသံဃံ ဥပသင်္ကမိတွာ "ဗဟုဿုတံ ဘန္တေ အစိက္ခထာ" တိ အာဟ။ အာနန္ဒတ္ထေရော ဗြာဟ္မဏာတိ။

ဒီ၊ ဋ၊ ၃။ ၉၁။ ဓာ၊ ဋ၊ ၄။ ၃၆၉ – ၃၇၀။ ဗဟုဿုတပကာသနီ နှာ – ၃၉။

### (ခ) ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်၍ ဗုဒ္ဓါနုဿတိအောက်မေ့လျက် ကူးကြောင်း

အဟံ နိဗ္ဗေမတိကော ဟုတွာ တိဏ်ဏံ ရတနာနိ ဥဒ္ဒိဿ နိက္ခန္တော၊ တေသံ မေ အာနုဘာဝေန ဣမံ ဥဒကံ ဥဒကံ ဝိယ မာ အဟောသိ တိ တိဏ္ဏံ ရတနာနံ ဂုဏံ အာဝဇ္ဇေတွာ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" တိ ဗုဒ္ဓါနုဿတိံ အနုဿရန္တော သပရိဝါရော အဿသဟဿေန ဥဒကပိဋ္ဌိံ ပက္ခန္ဒိ၊ သိန္ဓဝါ ပိဋ္ဌိပါသာဏေ ဝိယ ပက္ခန္ဒိံသု၊ ခုရာနံ အဂ္ဂါနေဝတေမိံသု။ ဓမ္မ၊ ဋ၊ ၁၊ ၃၅၅။ ဗဟုဿုတပကာသနီ နှာ – ၄၂။

### (ဂ) ဗုဒ္ဓါနုဿတိ ဘာဝနာအကျိုး (သုဘူတိမထေရ်)

* သာသိတော လောကနာထေန။ နမဿိတွာ တထာဂတံ။

သဒါ ဘာဝေမိ မုဒိတော၊ ဗုဒ္ဓါနုဿတိ မုတ္တမံ။

* တေန ကမ္မေန သုကတေန၊ စေတနာပဏိဓိဟိ စ။
ဖဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။
* အသီတိက္ခတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သဟဿက္ခတ္တုံ ရာဇာ စ စက္ကဝတ္တိ အဟောသဟံ။
* ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သုသမ္ပတ္တိံ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။
* ဘဝါဘဝေ သံသရန္တော၊ မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာ နတ္ထိ။ ဗုဒ္ဓနုဿတိယာ ဖလံ။
* သတသဟဿိတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။
* ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဣတ္ထံ သုဒံ အာယသ္မာ သုဘူတိ ထေရော ဣမာ ဂါထာယော အဘာသိတ္ထာတိ။ အပ၊ ၁။ ၇၇ – ၈။

ဖဝံ ပန သော တာဝတိံသဘဝနေ အပရာပရံ ဥပ္ပဇ္ဇနဝသေန ဒိဗ္ဗသမ္ပတ္တိံ အနုဘဝိတွာ တတော စုတော မနုဿလောကေ အနေကသတက္ခတ္တုံ စက္ကဝတ္တိရာဇာ စ ပဒေသရာဇာ စ ဟုတွာ ဥဠာရံ မနုဿသမ္ပတ္တိံ အနုဘဝိတွာ အထ အမှာကံ ဘဂဝတော ကာလေ သာဝတ္ထိယံ သုမနသေဋ္ဌိဿ ဂေဟေ အနာထပိဏ္ဍိကဿ ကနိဋ္ဌော ဟုတွာ နိဗ္ဗတ္တိ "သုဘူတိ" တိဿ နာမံအဟောသိ။ ထေရ၊ ဋ္ဌ၊ ၁။ ၂၇။

ဣဓ တွံ မဟာနာမ။ ပ။ ဣမံ ခေါ တွံ မဟာနာမ ဗုဒ္ဓါနုဿတိံ ဂစ္ဆန္တောပိ ဘာဝေယျာသိ၊ ဌိတောပိ ဘာဝေယျာသိ၊ နိသိန္နောပိ ဘာဝေယျာသိ၊ သယာနောပိ ဘာဝေယျာသိ၊ ကမ္မန္တံ အဓိဋ္ဌဟန္တောပိ ဘာဝေယျာသိ။ ဓမ္မံ။ ပ။ သံဃံ၊ သီလံ၊ စာဂံ၊ ဒေဝတာ။ အံ၊ ၃။ ၅၃၄ – ၅။ ဗဟုဿုတပကာသနီ နှာ – ၂၇၊ ၂၈။

## (ဃ) တိသရဏ ဂမနိယ မထေရ်အကြောင်း

တိသရဏ ဂမနိယ မထေရ် လောင်းလျာသည် မျက်မမြင်မိဘတို့ကို ပြုစုလုပ်ကျွေးနေရသဖြင့် ရဟန်းအဖြစ်ကို မရခဲ့ပေ။ မီးသုံးပါးတို့ဖြင့် အလောင်ခံနေရသော အထက်ပါပုဂ္ဂိုလ်အား ကယ်တင်မည့်သူ မရှိချေ။

အနောမဒဿီ မြတ်စွာဘုရား သာသနာထွန်းလင်းဆဲဖြစ်၍ "ငါ့ကို ကယ်တင်စောင့်ရှောက်နိုင်ပေ၏" ဟု အကြံဖြစ်သဖြင့်၊ အနောမဒဿီ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကနိသဘ ရဟန်းတော်ထံ သရဏဂုံဆောက်တည်ပြီးလျှင် အနှစ်တစ်သိန်းကာလပတ်လုံး သရဏဂုံကို ထိန်းသိမ်းစောင့်ရှောက်ဖူး၏။

သေခါနီးသော် သရဏဂုံကို ဆောက်တည်ထားသော ကုသိုလ်ကံကြောင့် နတ်ပြည်သို့ ရောက်ရသည်ဖြစ်၍

၁။ အရပ်ရှစ်မျက်နှာ၌ အပူဇော်ခံရသည်။
၂။ ထက်မြက်သောဉာဏ်ပညာနှင့် ပြည့်စုံရသည်။
၃။ အလုံးစုံသော နတ်တို့ကို အစိုးရသည်။
၄။ ဖြစ်တိုင်း, ဖြစ်တိုင်းသော ဘဝ၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။
၅။ နတ်သမီးများ ခြံရံ၍ သိကြားမင်းအဖြစ် အကြိမ် ရှစ်ဆယ်ဖြစ်ရသည်။
၆။ ခုနစ်ဆယ့်ငါးကြိမ် စကြာမင်း ဖြစ်ရသည်။
၇။ နောက်ဆုံးဘဝတွင် သရဏဂုံကုသိုလ်ကို ကြားနာရသောအခါ၊ ခုနစ်နှစ်အရွယ်ဖြင့်ပင် အရဟတ္တဖိုလ် နိဗ္ဗာန်ရောက်၍ ရဟန္တာ ဖြစ်ရသည်။
၈။ မရေတွက်နိုင်သော ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရပေ။

**မှတ်ရန် တရားလက်ာ**

* သရဏဂုံ၊ ကုသိုလ်ဟုန်ကြောင့်၊ နတ်ဘုံဖြစ်ရာ၊ နတ်မှာဖြစ်ကြ၊ အသက်အဆင်း၊ ချမ်းသာခြင်းပြင်၊ များဖြင့်ခြံရံ၊ တစ်တန်စိုးရ၊ ငါးဝတစ်ဖုံ၊ အာရုံငါးပါး၊ တစ်ဆယ်အားဖြင့်၊ တစ်ပါးနတ်ထက်၊ လွန်ကဲတက်ဟု၊ အထက်နတ်ရွာ၊ ဝတီသာတွင်၊ မဟာမောဂ္ဂလာန်၊ ဣန္ဒြိမာန်က၊ မောဂ္ဂလန်သမုတ်၊ ကျမ်းသံယုတ်တွင်၊ ဝေဖန်ပိုင်းခြား၊ ဟောမိန့်ကြားသည်၊ ကြီးမားသရဏဂုံ အကျိုးတည်း။ ဗဟုဿုတပကာသနီ နှာ - ၁၆၊ ၁၇။

## (၄) ပဉ္စသီလ သမဒါနိယ မထေရ်အကြောင်း

ပဉ္စသီလ သမဒါနိယ မထေရ်လောင်းလျာသည် စန္ဒဝတီမြို့၌ စာရင်းငှားဖြစ်၍ သူတစ်ပါးအလုပ်ကို လုပ်နေရသဖြင့် ရဟန်းအဖြစ်ကို မရခဲ့ပေ။ "ငါသည် အဘယ်သို့သောအကြောင်းဖြင့် ဝဋ်ဆင်းရဲမှ လွတ်ပါအံ့နည်း?။ ထိုသို့ကြံစည် ပြီးလျှင် ငါးပါးသီလကို အမြဲစောင့်ထိန်းသည်။ အနောမဒဿီ မြတ်စွာဘုရား၏တပည့် နိသဘမထေရ်ထံ ချဉ်းကပ်၍ အနှစ်တစ်သိန်းကာလပတ်လုံး ငါးပါးသီလကို ခံယူဆောက်တည်သည်။ သေခါနီး ရောက်လတ်သော် ၎င်းမထေရ်ထံ နတ်မြင်းတစ်ထောင်ကသော ရထားရောက်လာသည်ဖြစ်၍၊ သက်သာရာရသည်။

၁။ သေခါနီးသော် မိမိစောင့်ထိန်းသော ငါးပါးသီလကို အောက်မေ့အမှတ်ရသဖြင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရသည်။

၂။ အကြိမ်သုံးဆယ်တိုင်အောင် များစွာသော နတ်သမီးအခြံအရံနှင့် ပြည့်စုံသော သိကြားနတ်မင်း ဖြစ်ရသည်။

၃။ ခုနစ်ဆယ့်ငါးကြိမ်တိုင်အောင် စကြာမင်း ဖြစ်ရသည်။

၄။ ပြန့်ပြော ကြီးကျယ်သော ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း အဖြစ်ကား မရေတွက်နိုင်အောင် ဖြစ်ရသည်။

၅။ နတ်ပြည်မှ စုတေသောအခါ၊ ဝေသာလီပြည်ဝယ် စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာသောအမျိုး၌ ဖြစ်ရသည်။

၆။ မြတ်စွာဘုရားသာသနာတော် ထွန်းလင်းတောက်ပစဉ် ဝါဆိုခါနီးအချိန်တွင် မိဘတို့ ငါးပါးသီလ ဆောက်တည်သောအခါ၊ သီလနှင့် စပ်သောစကားကို ကြားနာရသည်နှင့် တစ်ပြိုင်နက် ငါးနှစ်သားအရွယ်မျှသာ ရှိသေးသော်လည်း၊

၇။ မိမိဆောက်တည်ပြီးသော ငါးပါးသီလကို အမှတ်ရအောက်မေ့နိုင်သည်ဖြစ်၍၊

၈။ အရဟတ္တဖိုလ် နိဗ္ဗာန်ကို ရသည်၊

၉။ ငါးပါးသီလကို ဆောက်တည်သောအခါမှစ၍ အပါယ်လေးပါးမကျ၊ မရောက်ဘဲ လူ့ နတ် စည်းစိမ်ကို ခံစားရပြီးလျှင် လူ့ပြည်၊ နတ်ပြည်မှာ ချမ်းသာဖြစ်ရပေသည်။ ဗဟုဿုတပကာသနီ နှာ - ၁၇၊ ၁၈။ ဤကား မြတ်စွာဘုရား ဟောတော်မူချက်တည်း။

## (၄၂) သံဃာတော်အား လျှုဒါန်းပါ

လူတို့အနေဖြင့် -

(က) ရဟန္တာ၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့ကို သိရန်ခက်ခဲခြင်း၊

(ခ) တောကျောင်းနေ ရဟန်းတော် ကောင်း၊ မကောင်း သိရန်ခက်ခဲခြင်း၊

(ဂ) မြို့၊ ရွာ၊ နိဂုံး နေ ရဟန်းတော် ကောင်း၊ မကောင်း သိရန်ခက်ခဲခြင်း၊

(ဃ) ပိဋကပါတ်ခုတင်ဆောင်သော ရဟန်းတော် ကောင်း၊ မကောင်း သိရန်ခက်ခဲခြင်း၊

(င) ဒါယကာ၊ ဒါယိကာမတို့ ပင့်ဖိတ်၍ ပစ္စည်းလေးပါး အလှူခံသော ရဟန်းတော် ကောင်း၊ မကောင်း သိရန်ခက်ခဲခြင်း၊

(စ) ပံ့သုကူဆောင်ရဟန်းတော် ကောင်း၊ မကောင်း သိရန်ခက်ခဲခြင်း နှင့်

(ဆ) ဒါယကာတို့ လှူဒါန်းသောသင်္ကန်းကို သုံးဆောင်သော ရဟန်းတော် ကောင်း, မကောင်း
သိရန်စက်ခဲခြင်း ဤကား မြတ်စွာဘုရား ဟောတော်မူချက်တည်း။

ထို့ကြောင့်၊ "ဒါရုကမ္မိကဒါယကာ သင်သည် သံဃာတော်အား လှူဒါန်းလော့၊ သံဃာတော်အား လှူဒါန်းသော သင့်အား စိတ်ကြည်လင် ရွှင်လန်းလတ့်၊ စိတ်ကြည်လင် ရွှင်လန်းသောသင်သည် ဤခန္ဓာကိုယ်ပျက်စီးပြီးနောက် သုဂတိဘုံသို့ သက်ရောက်ရလတ့်" ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ (မြတ်စွာဘုရားဟောကြားချက်။)

"ဘုန်းတော်ကြီးသော ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ယနေ့မှစ၍ သံဃာတော်အား လှူဒါန်းပါမည်ဘုရား" ဒါရု ကမ္မိကဒါယကာ လျှောက်ထားချက်တည်း။ အံ၊ ၂။ ၃၄၃ – ၄။

ဗဟုသုတပကာသနီ နှာ – ၂၁၊ ၂၂။

## (၄၃) (က) ရေကန်အလှူ

* ရေကန်ဒါန ၊ ပေးလှူက ၊ ဓမ္မတည်သူသာ။
ရေကန်ဒါန ၊ ပေးလှူက ၊ သီလတည်သူသာ။
ရေကန်ဒါန ၊ ပေးလှူက ၊ ရောက်ရနတ်ပြည်သာ။
ရေကန်ဒါန ၊ ပေးလှူက ၊ မကျ ပါယ်လေးရွာ။
ရေကန်ဒါနာ ၊ လှူသူမှာ ၊ သောတာပန် နှင့် တူသည်သာ။
သောတာပန္န ၊ တူလေက ၊ မုချဖြစ်မှာ ရဟန္တာ။
ရဟန္တာဖြစ်က ၊ ဝဋ်ဒုက္ခ ၊ မုချလွတ်မည်သာ။
ရေကန်ဒါန ၊ ပေးလှူက ၊ ရောက်ရရေလှူရာ။ ဗဟုသုတပကာသနီ နှာ – ၃၇။

### (ခ) ရေအကျိုးဆယ်ပါးလင်္ကာ

* သက်ရှည် ဆင်းလှ ၊ ချမ်းသာရ ၊ ဗလ, ဉာဏ်, ပညာ။
စင်ကြယ် သန့်ရှင်း ၊ ကျော်စောခြင်း ၊ များသင်း ခြွေရံကာ။
လျင်မြန် မယွင်း ၊ ပေါ်ပါးခြင်း ၊ ဆာခြင်း မွတ်သိပ်ကွာ။
ဤတည့်တရား၊ ကျိုးဆယ်ပါး၊ မှတ်သား လှူဒါန။ ဗဟုသုတပကာသနီ နှာ – ၃၇။

### (ဂ) အသက်ရှည်ကြောင်းခြောက်ပါး

* ရေစစ်, ဆေး, ကျောင်း အဟောင်းပြုပြင်၊ ပဋ္ဌင် အဋ္ဌ၊
ဤ ခြောက်ဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည်း။ (မာန်လည်)
* ပရိဿာဝနဒါနဥ္စ၊ အာဝါသဒါနမေဝ စ။
ဂိလာနဝတ္တဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ၊ ပဋ္ဌိသခ်ရဏံ တထာ။
ပဉ္စသီလာသမာဒါနံ၊ ကတွာ တံ သာဓု ရက္ခိယံ။
ဥပေါသထုပဝါသော စ၊ ကတ္တဗ္ဗော ပေါသထေ ဣတိ။ မဟာဝင်ဝတ္ထု၊ ၃၅၅ (ဝသဘမင်း)

ဗဟုသုတပကာသနီ နှာ – ၂၃။

### (ဃ) သက်ရှည်ကျန်းမာ မြတ်ဂါထာ

မနုဿေသု သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ။

သံ၊ ၁၊ ၈၂။ဗဟုသုတပကာသနီ နှာ – ၂၆။

## (၄၄) ဖိနပ်၊ ထီး, ဖိနပ် လှူရသောအကျိုး

ယခုအခေါ် ဗာရာဏသီမြို့သည် ရှေးတုန်းက မောဠိနီမြို့ မည်၏။ မောဠိနီမြို့၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် များစွာသော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသော သခံအမည်ရှိသော ပုဏ္ဏားသည် ခြောက်ဌာနတို့၌ အလှူဇရပ် ဆောက်လုပ်ပြီးလျှင် နေ့စဉ်နေ့တိုင်း ခြောက်ရက်ပတ်လုံး ဖိနပ်ကို အဓိကထား၍ လှူဒါန်းသည်။ ခုနစ်ရက်မြောက်သောနေ့၌ အလှူကြီးလှူဒါန်းပြီးနောက် “ငါပြန်မလာမချင်း ဤနည်းအတိုင်းလှူဒါန်းပါ” ဟု မှာခဲ့၍ ထီးဆောင်းကာ ဖိနပ်စီးပြီး လှေဆိပ်ရှာသို့ သွားသည်။ ထိုခဏ၌ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်က သခံပုဏ္ဏားကုန်းကူးသွားရာတွင် အန္တရာယ် ရှိ–မရှိ ဆင်ခြင်သောအခါ၊ အန္တရာယ်ဖြစ်တော့မည်ကို မြင်တော်မူ၍ သဲပူကိုနင်းလျက် သခံပုဏ္ဏားရှိရာသို့ ကြွလာရာ၊ သခံပုဏ္ဏားက အရှင်ပစ္စေကဗုဒ္ဓါအား ဖိနပ်တစ်ရန်နှင့် ထီးကို လှူဒါန်းသည်။

ထိုသို့ လှူဒါန်းပြီးနောက်၊ သမုဒ္ဒရာသို့သွားရာ ခုနစ်ရက်မြောက်နေ့၌ လှေပျက်သဖြင့် မိမိနှင့် အလုပ်အကျွေး တပည့်တို့သည် တစ်ကိုယ်လုံး ဆီလိမ်းပြီးလျှင်၊ ထောပတ်နှင့် နယ်ထားသော စားဖွယ်ကို ဆရာတပည့်နှစ်ယောက် စားကြသည်။ ခုနစ်ရက်မြောက် ဥပုသ်နေ့တွင် သခံပုဏ္ဏားသည် လုပ်ကျင်း၍ ဥပုသ်စောင့်သည်။ လောကပါလ နတ်မင်းကြီးများက မဏိမေခလာနတ်သမီးကို သမုဒ္ဒရာတွင် လှေပျက်သည့်အခါ –

(က) သရဏဂုံ သုံးပါး ဆောက်တည်သော ပုဂ္ဂိုလ်၊
(ခ) သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ် နှင့်
(ဂ) အမိ, အဖ ကို လုပ်ကျွေးပြုစုသော ပုဂ္ဂိုလ်၊

ဤပုဂ္ဂိုလ်များကို စောင့်ရှောက်ကယ်တင်ရန် မဏိမေခလာနတ်သမီးကို အမိန့်ပေးထား၏။ ထိုနတ်သမီးသည် ခုနစ်ရက်ပတ်လုံး စည်းစိမ်ခံစားနေသဖြင့်၊ ခုနစ်ရက် မေ့လျော့နေရာ ခုနစ်ရက်မြောက်သောနေ့၌ ထိတ်လန့်တုန်လှုပ်ပြီး ရွှေခွက်ထဲ၌ အမျိုးမျိုးသော ခဲဖွယ်ဘောဇဉ် အပြည့်ထည့်၍ လျင်မြန်စွာသွားပြီးလျှင် – “ပုဏ္ဏား သင်းထမင်းမစားရတာ ခုနစ်ရက်ရှိပြီ နတ်ပြည်၌ဖြစ်သော ဘောဇဉ်ကို စားပါဟု ပြောရာ”၊ “သင့်ထမင်းကို ဖယ်ထား၊ ငါ ဥပုသ်စောင့်နေသည်”ဟု သခံပုဏ္ဏားက ဖြေလေသည်။

ဤသို့ နတ်သမီးနှင့် စကားပြောသံကို တပည့်ဖြစ်သူကြားသဖြင့် သေခါနီး ကြောက်လန့်၍ ပြောသည်မှတ်ထင်ကာ တပည့်ဖြစ်သူက ပြောရာ “နတ်သမီးနှင့် စကားပြောကြောင်း၊ သခံပုဏ္ဏားကပြောပြီး ငါတို့ကို မောဠိနီမြို့သို့ ပို့ပေးရန်ပြော၏။ သခံပုဏ္ဏားသည် သမုဒ္ဒရာထဲ၌ လှူဒါန်းအပ်ပြီးသော ဖိနပ်အလှူသည် အလုံးစုံသော အလိုကို ပေးတတ်သည်” ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေ၏။

နတ်သမီးသည် အလျား ရှစ်ဥသဘ၊ အနံ လေးဥသဘ၊ အစောက် တာနှစ်ဆယ်ရှိသော လှေကို ဖန်ဆင်းပြီးလျှင် ထိုလှေထဲ၌ ရတနာခုနစ်ပါးကို အပြည့်ထည့်ပေးပြီးနောက် သခံပုဏ္ဏားကို ပွေ့၍ လှေပေါ်တင်ပေးသည်။ တပည့်ဖြစ်သူကိုမူ မကြည့်မရှုပေ။ သခံပုဏ္ဏားက မိမိကောင်းမှုကို အမျှဝေသောအခါ၊ တပည့်ဖြစ်သူက ဝမ်းမြောက်, ဝမ်းသာ သာဓုခေါ်ဆိုမှသာ တပည့်ဖြစ်သူကို ပွေ့၍ လှေပေါ်တင်ပေးသည်။ သခံပုဏ္ဏားသည် အသက်ထက်ဆုံး များစွာသော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသောအိမ်၌ နေလျက် အလှူဒါနပေးလှူ၍ သီလစောင့်သဖြင့် သေသောအခါ၊ မိမိပရိသတ်နှင့်တကွ နတ်ပြည်သို့ရောက်ရ၏။ ဇာ၊ ။၊ ၄။ ၁၅။ ၂၂။

မှတ်ချက် ။ ။ ထီး, ဖိနပ် အလှူသည် ယာနဒါန အလှူ၌ ပါဝင်သဖြင့်
ခရီးသွားမည့်သူများ ထီး, ဖိနပ် လှူသင့်သည်။ ဇာ၊ ဋ၊ ၄။ ၁၅ – ၂၂။
ဇကဲ သန္တိစ ဝါမံသံ ပါရုပိတွာ ဋ္ဌိတသောတံ အဓိဝစနံ။ သုတ္တနိ၊ ဋ၊ ၂။ ၈၀။
လေဃဝဏ္ဏံ ပံသုကူလစီဝရံ ဒက္ခိဏာအံသကူဋေ ဌပိတမေဝ။
ဇာ၊ ဋ၊ ၄။ ၁၁၆။ (ပါနီယဇာတ်အဖွင့်) ဗဟုဿုတပကာသနီ နှာ – ၄၆၊ ၅၃။

## (၄၅) (က) သင်ကြားဖူးသော အတတ်ပညာက ကျေးဇူးပြုပုံ

ဘုရားအလောင်း မြဟ္မဒတ်မင်း၏ ပရောဟိတ်ဖြစ်စဉ် ပထဝီဇယမန္တာန်ကို ရွတ်ဖတ်သရဇ္ဈာယ်နေရာ မြေခွေးတစ်ကောင်က တွင်းထဲမှနေ၍၊ ပထဝီဇယမန္တာန် ရွတ်ဖတ်သံကို ကြားရသဖြင့် ပထဝီဇယမန္တာန်ကို နှုတ်တက်အာဂုံ ရှေးဘဝက ရဖူးခဲ့သောကြောင့် ထိုမန္တာန်ကို နှုတ်တက်အာဂုံ ရရှိလေသည်။

ဇာ၊ ဋ၊ ၂။ သဗ္ဗဒါဌဇာတ်၊ ၂၂၃။ ဗဟုဿုတပကာသနီ နှာ – ၁၉။

## (ခ) ဂုတ္တိလစောင်းဆရာကြီး စောင်းအတတ် တစ်ဘက်ကမ်းရောက် တတ်မြောက်ခြင်း

ဘုရားအလောင်း ဂုတ္တိလစောင်းဆရာကြီးသည် မုသိလတပည့်အား အတတ်ပညာ ဆရာစားမထားဘဲ၊ ပညာသင်ပေးမိသဖြင့် မုသိလတပည့်သည် အတတ်ပညာတတ်သောအခါ၊ ဂုတ္တိလဆရာကြီးနှင့် အတတ်ပညာ ပြိုင်လိုကြောင်း ပြောကြားသောအခါ၊ ဂုတ္တိလဆရာကြီးက ငါ–အသက်အရွယ်ကြီးပြီ၊ သူနှင့်အတတ်ပညာပြိုင်ရလျှင် ခွန်အားမရှိသဖြင့် ရှုံးလျှင်အရှက်ကွဲမှာ ကြောက်သောကြောင့် တောသို့ဝင်၍ သေခြင်းက မြတ်သေး၏ဟု ကြံပြီးလျှင် တောသို့ သွားလိုက်ပြန်လိုက် လုပ်နေ၏။ ထိုသို့ဖြင့် ခြောက်ရက်ကျော်လွန်သောအခါ၊ သူသွားသည့်လမ်းပေါ်၌ မြက်ပင်တွေသေပြီး လမ်းခရီးကို ဖြစ်ပေါ်လာ၏။ သိကြားမင်းက "ဂုတ္တိလဆရာကြီး ဘာမျှမကြောက်နှင့် ငါသိကြားသည် သင်ကို စောင့်ရှောက်မည်" ဟု ပြောပြီး စောင်းညို့သုံးချောင်း ဖြတ်ကာ အတီးခိုင်းရာ စောင်းသံဖြင့် တစ်မြို့လုံး ဖုံးလွှမ်းသွား၏။ "စောင်းညို့ကို ကောင်းကင်ပစ်လိုက်ပါ" ဟု ပြောသဖြင့် ကောင်းကင်သို့ ပစ်လိုက်သောအခါ နတ်သမီးသုံးရာဆင်းလာပြီး က, ကြကုန်၏။ ဘုရင်မင်းမြတ်သည် ပြာသာဒ်မှဆင်း၍ တန်ဆာဆင်ထားသော မဏ္ဍပ်တွင် ရတနာပလင်ထက်၌ နေ၏။

တစ်သောင်းနှစ်ထောင်သော နန်းတွင်းသူတို့နှင့် အမတ်, ပုဏ္ဏား, သူကြွယ် စသောသူတို့ မင်းကို ခြံရံ၍ နေကြရာ ဂုတ္တိလစောင်းဆရာကြီးသည် မိမိအတွက်ခင်းထားသော နေရာ၌ နေ၏။ သိကြားမင်းကို ဂုတ္တိလ စောင်းဆရာကြီးသာမြင်၏။ သိကြားမင်းသည် ဆရာကြီးကို ညို့တစ်ချောင်း ဖြတ်လော့ဟု ပြောသဖြင့်၊ စောင်းကြိုးတစ်ချောင်းကို ဖြတ်ရာ စောင်းသံကား ဖြစ်ပေါ်လာမြဲပင်ဖြစ်၏။ မုသိလ စောင်းကြိုးကို ဖြတ်သောအခါ အသံမထွက်တော့ပေ။ ဂုတ္တိလ ဆရာကြီးသည် စောင်းကြိုးကို နှစ်ချောင်း, သုံးချောင်း, လေးချောင်း, ငါးချောင်း, ခြောက်ချောင်း, ခုနစ်ချောင်း ဖြတ်ပြီး စောင်းသက်သက် တီးခတ်ရာ တစ်မြို့လုံးကို စောင်းသံဖုံးလွှမ်းသွားသဖြင့် ပုဆိုးတစ်ထောင်, ကောင်းချီးတစ်ထောင်တို့ ဖြစ်ပေါ်ကြ၍ ဂုတ္တိလစောင်းဆရာကြီးက စောင်းခွက်ကို ကောင်းကင်သို့ ပစ်လိုက်သောအခါ နတ်သမီးသုံးရာ ဆင်း၍ က, ကြကုန်၏။

ထို့အတူ စောင်းခွက် နှစ်ခု, သုံးခု ကို ပစ်လိုက်သောအခါ နတ်သမီးသုံးရာတို့ ဆင်း၍ က, ကြကုန်၏။ ထိုအခါ မြဟ္မဒတ်မင်းက အမှတ်သညာပေးသဖြင့် မြို့သူ, မြို့သားအားလုံးတို့က မုသိလစောင်းသမားကို ခြိမ်းခြောက်၍ သတ်ကြကုန်၏။

ဗဟုဿုတပကာသနီ နှာ – ၄၉။

မြပ္ပဒတ်မင်းနှင့်တကွ မြို့သူမြို့သားအားလုံးတို့က ဂုတ္တိလစောင်းဆရာကြီးအား ပစ္စည်းဥစ္စာ ဆုလာဘ်များစွာ ပေးသည်။ ထို့နောက်၊ သိကြားမင်းက ဂုတ္တိလစောင်းဆရာကြီးအား မြင်းတစ်ထောင်က, သောရထားကိုယူစေ၍ သင့်နောက်၌ မာတလိနတ်သားကို စေလွှတ်မည်။ မြင်းတစ်ထောင်ကသော ဝေဇယန္တာရထားမြတ်ကို စီး၍၊ နတ်ပြည်လာပါဟု နတ်သမီးများက ဂုတ္တိလစောင်းဆရာကြီးကို ဖူးမြင်လို၍၊ ထိုဆရာကြီးကို ဝေဇယန္တာရထား၌ နေစေပြီး နတ်ပြည်သို့ပင့်ရမည်ဟု သိကြားမင်းက စေခိုင်းသဖြင့်၊ တာဝတိံသာနတ်ပြည်သို့ပင့်ရာ – ဂုတ္တိလစောင်းဆရာကြီး၊ သင့်ကို နတ်သမီးများက ဖူးမြင်လိုကြသည်။ စောင်းအတတ်ကို ပြပါဟုပြောသဖြင့် ဂုတ္တိလစောင်းဆရာကြီးက ကျွန်တော်သည် အတတ်ပညာကို မှီ၍ အသက်မွေးရ၏။ စောင်းတီးခရလျှင် စောင်းတီးပြပါမည်ဟု ပြောရာ – တစ်ပါးသောပစ္စည်းဥစ္စာ အဖိုးဖြင့် အလိုမရှိပါပြီ။ နတ်သမီးများ နတ်ပြည်ရောက်ရကြောင်း ကုသိုလ်ကံကို ပြောပြလျှင် စောင်းတီးပြပါမည်ဟု ဂုတ္တိလစောင်းဆရာကြီးက ပြောသဖြင့်၊ နတ်သမီးများက မိမိတို့ နတ်ပြည်ရောက်ရကြောင်း ကုသိုလ်ကံကို အသီးသီး ပြောပြကြလေသည်။ ဂုတ္တိလစောင်းဆရာကြီးသည် လူ၏အဖြစ်ဖြင့် နတ်ပြည်သို့ ထူးထူးခြားခြား ရောက်ရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်။ ဆရာကြီးက စောင်းတီးပြသောအခါ နတ်သမီးများက က, ပြကြလေသတည်း။ ဇာ၊ ၄၊ ၂။ ၂၂၇၊ ၂၃၄။ ဗဟုသုတပကာသနီ နှာ – ၄၉၊ ၅၀။

## (၄၆) စုပေါင်း၍ ကောင်းမှုပြုသဖြင့် နတ်ပြည်ရောက်ရခြင်း

သော၀ယပ္ပတော "မဃမာဏဝေါ" တိ ပညာယိတ္ထ။ ပ။ အပရေန သမယေန တေပိ တေတ္တိံသဇနာ ဇာမိသတ္တေန သမာနစ္ဆန္ဒာ အဟေသုံ။ တေ ဇာမိသတ္တော ပဥ္စသု သီလေသု ပတိဋ္ဌာပေတွာ တတော ပဋ္ဌာယ တေဟိ သဒ္ဓိံ ပုညာနိ ကရောန္တော ဝိစရတိ။ တေပိ တေနေဝ သဒ္ဓိံ ပုညာနိ ကရောန္တာ ကာလသေဝ ဝုဋ္ဌာယ ဝါသိ ဖရသူမုသလဟတ္ထာ စတုမဟာပထာဒိသု မုသလေန ပါသာဏေ ဥဗ္ဗတ္တေတွာ ပဝဋ္ဋေန္တိ၊ ယာနာနံ အက္ခ ပဋိဃာတရုက္ခေ ဟရန္တိ၊ ဝိသမံ သမံ ကရောန္တိ၊ သေတုံ အတ္ထရန္တိ၊ ပေါက္ခရဏိယော ခဏန္တိ၊ သာလံ ကရောန္တိ၊ ဒါနာနိ ဒေန္တိ၊ သီလာနိ ရက္ခန္တိ၊ ဇဝံ ယေဘုယျေန သကလဂါမဝါသိနော ဇာမိသတ္တဿ ဩဝါဒေ ဌတွာ သီလာနိ ရက္ခိံသု။ ပ။ ဓိဝိတ ပရိယောသာနေ တာဝတိံသဘဝနေ သက္ကော ဒေဝရာဇာ ယုတွာ နိဗ္ဗတ္တိ၊ တေပိဿ သဟာယာ တတ္ထေဝ နိဗ္ဗတ္တိံသု။ ဇာ၊ ၄၊ ၁။ ၂၁၅၊ ၂၁၈။ ဗဟုသုတပကာသနီ နှာ – ၅၁။

## (၄၇) (က) သက်္ကန်းကြီးစသည် သုံးစွဲနည်း

၁။ သုရတ္တဒုပဋ္ဋံ နိဝတ္ထမေဝ၊
၂။ ဝိဇ္ဇုလတာသဒိသံ ကာယဗန္ဓနံ ဗဒ္ဓမေဝ၊
၃။ အလတ္တကပါဋလပဏ္ဏံ ဥတ္တရာသင်္ဂစီဝရံ ကေဝံသံ ကတမေဝ။
၄။ မေဃဝဏ္ဏံ ပံသုကူလစီဝရံ ဒက္ခိဏအံသကူဋ္ဌေ ဌပိတမေဝ။
၅။ ဘမရဝဏ္ဏော မတ္တိကာပတ္တော ဝါမအံသကူဋ္ဌေ လဂ္ဂိတောဝ အဟောသိ၊ သော အာကာသေ ဌတွာ ဓမ္မံ ဒေသေတွာ ဥပ္ပတိတွာ နန္ဒမူလက ပဗ္ဘာရေယေဝ ဩတရိ။
ဇာ၊ ၄၊ ၄။ ၁၁၆။ဗဟုသုတပကာသနီ နှာ – ၅၈။

## (ခ) သက်္ကန်းရုံနည်း, ဒုကုဋ်တင်နည်း နှစ်မျိုး

စဥ့်ကူးမင်းလက်ထက် သာသနာတော်နှစ် ၂၃၂၃–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၄၃– ခုနှစ်၊ တပေါင်းလတွင် သက်္ကန်းရုံနည်း၊ ဒုကုဋ်တင်နည်း နှစ်မျိုး ကွဲပြားနေခဲ့သည်။

သက်္ကန်းရုံနည်းက – ဆုံထားဆရာတော်, ဗားကရာဆရာတော်နှင့် ကတိုးဆရာတော်တို့ သုံးပါး။

ဒုကင့်တင်နွယ်က – ရတနာစံလွတ်ဆရာတော်, ပျိုးကန်ဆရာတော်နှင့် တောင်ဘီလူးဆရာတော်တို့ သုံးပါး။

ထို ဆရာတော်တို့သည် အချေအတင် ပြောဆိုဆွေးနွေးကြရာ၊ သင်္ကန်းရုံနွယ် ဆရာတော်တို့က အနိုင်ရသဖြင့် တစ်ပြည်လုံး ရဟန်းတော်တို့ သင်္ကန်းရုံကြရသည်။ (ကုန်းဘောင်ရာဇဝင်၊ ပ – အုပ်၊ ၅၁၇။)

မန်လည်ဆရာတော်အာ သာသနာပြုအပ်တော်မူပြီးလျှင် ရဟန်းတို့အားလုံး သင်္ကန်းရုံနွယ်တစ်ဂိုဏ်းတည်းသာ ဖြစ်စေသည်။

ကမ္ဗဋ္ဌာနံ့နာမ ဒုဝိခံ သဗ္ဗတ္ထကဉ္စ ပါရိဟာရိယဉ္စ။

တတ္ထ သဗ္ဗတ္ထကံနာမ မေတ္တာ စ မရဏနုဿတိ စ၊ တဉှိ သဗ္ဗတ္ထ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗန္တိ "သဗ္ဗတ္ထက" န္တိဝုစ္စတိ၊ မေတ္တာ နာမ အာဝါသာဒီသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ။ အာဝါသေသု ဟိ မေတ္တာဝိဟာရီ ဘိက္ခု သိဗြဟ္မစာရီနံ ပိယော ဟောတိ မနာပေါ၊ တေန ဖာသု အသံဃဋ္ဋော ဝိဟရတိ၊ ဒေဝတာသု မေတ္တာဝိဟာရီ ဒေဝတာဟိ ရက္ခိတ ဂေါပိတော သုခံ ဝိဟရတိ။ ရာဇရာဇမဟာမတ္တာဒီသု မေတ္တာဝိဟာရီ၊ တေဟိ မမာယိတော သုခံ ဝိဟရတိ။ ဂါမနိဂမာဒီသု မေတ္တာဝိဟာရီ သဗ္ဗတ္ထ ဘိက္ခာစရိယာဒီသု မနုဿေဟိ သက္ကတော ဂရုကတော သုခံ ဝိဟရတိ။ မရဏာနုဿတိ ဘာဝနာယ ဇီဝိတနိကန္တိံ ပဟာယ အပ္ပမတ္တော ဝိဟရတိ။

အပ၊ ဋ္ဌ၊ ၁။ ၁၆၀ – ၁။ ဗဟုဿုတပကာသနီ နှာ – ၁၃။

## (၄၈) ကောသလမင်းအိပ်မက် တစ်ဆယ့်ခြောက်ချက်

လေးဆစ်သဖြန် –

* ကောသလ၊ စောလှတဲ့ရာဇာ၊ ၁၆–ဖြာ အိပ်မက်ခန်း၊ ကျမ်းထွက်သေချာ၊ မိန့်ခွန်းဖြာ၊
လင်္ကာဖြန့်ဖြူး၊ သောတုနောင်လာတို့၊ မှတ်စိမ့်ငှာ ရည်ရွယ်တွေး၊ ရေးပြမိန့်ဦး –

၁။ ဥသဘ နွားလှတဲ့လေးကောင်၊ ဝေ့မယောင် ရှောင်ခါပြေးတယ်၊ ဝေးရပ်သီခေါင်၊ မိုးရိပ်ကယ်မှောင်၊
တိမ်တောင်တက်ချုန်း၊ လျှပ်စစ်ကယ်ရောင်ဝါနှင့် ရွာမလိုပုံဟန်ခင်းတယ်၊ ကင်းပျောက်လို့သုံး –

၂။ ချိန်မကျခင်က၊ ရက္ခတဲ့ပင်ငယ်၊ ဖူးငုံဟန်ပွင့်တန်မှီး၊ သီးကြွသွယ်သွယ်၊ မိန်းမငယ် သူငယ်ယောက်ျား၊ ။
ချစ်မေတ္တာပိုလျှံလို့၊ ရွယ်မတန်သန္ဓေမြတ်ကို၊ စွဲကပ်လို့ဖွား –

၃။ ယနေ့ဖွားသားလှတဲ့နွားငယ်၊ ထည်ကိုမိခင်စို့တယ်၊ ထူးလို့မှတ်ဖွယ်၊ ကျေးဇူးကြွယ် မွေးမယ် ဖ–ရင်း၊
ဝတ်စားမကုံထံလို့၊ သမီးထံ, သားထံ ချော့ရတယ်၊ ပြောင်းပျော့ဝတ်စင်း –

၄။ နွားငယ်ကို ဝန်ဆောင်ထိုးလို့၊ နွားကြီးကိုတဲ့ ပြင်ကရုံ၊ မရုန်းနိုင်ပစ်ခွာထားတယ်၊ သွားတဲ့ဖြစ်ဟန်၊ မှုမျိုးမှန်
ချောင်သိကြား၊ လူကြီးကို ပစ်ခွာ၍ လူငယ်မှာ နိုင်ငံရေးကို ပေးအပ်လို့ထား –

၅။ ကြုံပြန်ရ အဿတဲ့ရာဇာ၊ ခံတွင်းနှစ်တန်နှင့်၊ မယောန်ယူလို့စားတယ်၊ ခြားလို့မှတ်ရာ၊ ထိုးပဏ္ဏာနှစ်ဖြာယူစား၊
နှစ်ပါးစုံ မကုန်တန်မှ ၊ မမှန်ကန် ဖျန်ကာဖြတ်တယ်၊ ပြီးဖြတ်တရား –

၆။ သိင်္ဂီစင် ရွှေလင်ပန်းကိုတဲ့၊ ညစ်ညမ်းယုတ် မြေခွေးတန်(လ်)၊ စွန့်ကျင်ငယ်ရေ ပြန်ထားတယ်၊ ကြားရမြဲမှန်၊
မျိုးမမှန် မင်းထံမြှောက်စား၊ ဝတ်စားငယ်မကုန်လို့၊ မျိုးမှန်သူ ကညာရင်းကို၊ သွင်းရဖြစ်လား။

ဇာ၊ ဋ္ဌ၊ ၁။ ၃၅၄၊ ၃၆၃။

၇။ အင်းပျဉ်ပေါ် လူလွန်ကျစ်လို့၊ ခွေးညစ်က အောက်၌သာ၊ မသိရှာ လွန်အဖျားကို၊ စားကုန်သည့်တာ၊
လင်ကြီးမှာ ရှာဖွေစုရုံး၊ အိမ်နေသူ လင်ငယ်ထားလို့၊ စားဆန်ရေ ဟူအမျှကို၊ သုံး၍ပျက်ပြုန်း။

၈။ ရေပြည့်လျှံ အိုးခံကြီး၊ အချည်းနီး အိုးငယ်ရံ၊ ပြည့်ရာမှာ ထပ်လောင်းလို့၊ မရှိရေ အိုးငယ်ပေါင်းကို၊ စောင်း
မကြည့်ပြန်၊ မင်းကြီးထံ သုံးရာမှုများ၊ ဝတ်စားငယ် သုံးရာဘို့၊ ကိုယ့်ဥစ္စာ အိမ်ရာမှုကို၊ စောင်းမရှုအား –

၉။ ခပ်သိမ်းလူ ချိုးရေခပ်တယ်၊ ထူးမြတ်တဲ့ ကုန်မဟာ၊ အနားကြည် အလယ်နောက်တယ်၊ ဖြိုးမောက်လို့သာ၊

တိုင်းစွန်မှာ ရပ်ရွာစည်ကား၊ မင်းစိုးရာဇာတို့၊ နေပြည်မှာ ခွန်တော်ခွဲတွယ်၊ မွဲလို့ပျက်ပြား –

၁၀။ အိုးအတန် ဆန်လျှင်ခပ်ပါငဲ့၊ ပျော့မနပ်အတော်မှန်၊ ထမင်းသုံးတွေ၊ ကျက်ပုံကွဲတယ်၊ လွဲလျက်ရှိပြန်၊ မိုးမဟန် ရွာဟန်ကွက်ကြား၊ နှစ်ပြတ်ကယ် မအောင်ရေနှင့်၊ အောင်သုံးထွေ အမည်ကွဲတယ်၊ လွဲတဲ့စပါး –

၁၁။ တစ်သိန်းတန် စန္ဒကူး၊ နေ့ကြူးပုပ်ရက်တက်ရေ၊ အဖိုးငယ်မတန်ဘဲကို လဲထပ်ကြပေ၊ မြတ်ဗုဒ္ဓ စိန္တေ မိန့်ကြား၊ ဖိုးနဲ့ ဓမ္မမြတ်ကိုလ ပစ္စယာ လေးဖြာမြတ်ကယ်နှင့်၊ လဲထပ်လို့စား –

၁၂။ ဘုးတောင်းကွဲ ပေါ်မြဲတဲ့ဓမ္မတာ၊ ရေပြင်မှာ မတည်ဘဲ၊ ထဲနစ်သည်သာ၊ သီလဝါ ပညာရှိများ၊ ရဟန်းရှင်လူတို့၊ ကျေးဇူးမှ ဂုဏ်တိမ်မြုပ်တယ်၊ ကျိုးယုတ်တရား –

၁၃။ ကျောက်ဆိုင်ခဲ နစ်မြဲတဲ့ဓမ္မတာ၊ ရေပေါ်မှာ လေ့အလား၊ ခြားလို့ထင်လာ၊ ဒုဿီလာ ပညာမဲ့ငြား၊ ရဟန်း၊ ရှင်၊ လူ တို့ ကျေးဇူးမှ ထင်ပေါ်ညောင်းတယ်၊ ကြောင်းသင့်အလား –

၁၄။ ကိုယ်တစ်ဆုပ်ကယ်နှင့် ပိန်စုပ်ခွေ့ ဖားသူငယ်၊ မြွေကြီးကို ကိုက်ခါဝါး၊ စားခဲ့ပြန်တယ်၊ မိန်းမငယ် ဆိုးကျစ်ညစ်ညမ်း၊ မူမျိုးကိုသူရင်လို့၊ ကိုယ့်လင်ကို အနိုင်ကျင့်တယ်၊ ဘေးသင့်မခန်း။

၁၅။ ရွှေအလား ငှက်များတဲ့(ရာဇာ) ဟသာ၊ ကျီးနက်ကို ခြံရံခတယ်၊ ရေးကကြမ္မာ၊ မျိုးယုတ်မာ၊ ရာဇဖြစ်လား၊ အမျိုးငယ် မြတ်သူတို့၊ ရှေ့တူရှု ခဝတ်ညောင်းတယ်၊ ကြောင်းသင့်အလား –

၁၆။ ကျားသစ်ကိုတဲ့ ဆိတ်စားလို့နေကုန်ပြီ၊ ဆိတ်ကိုမြင် သစ်တွေပုန်းတယ်၊ ထုံးနှင့်မညီ၊ သူလဒ္ဓီ ဒုဿီတို့ နိပ်နင်း၊ သီလဝံ အရှင်မြတ်ကယ်တို့၊ ဒုဿီကို အမြင်ကပ်တယ်၊ တောရပ်သို့ချဉ်း – ။

ကောသလ စောလှတဲ့ရာဇာ၊ ၁၆–ဖြာ အိပ်မက်ကြီး၊ ပြီးနိဋ္ဌိတာ၊ မိန့်ခွန်းဖြာ လင်္ကာစုရုံး၊ သောတု နောင်လာတို့၊ ပညာဂုဏ် နှုတ်ငုံရအောင်၊ ရေးကျက်ကြအုံး။

ဇာ၊ ဋ္ဌ၊ ၁။ ၃၅၅၊ ၃၆၂။ ဗဟုဿုတပကာသနီ နှာ – ၅၁၊ ၅၂၊ ၅၃။

## (၄၉) ဗန္ဓုလစစ်သူကြီးနှင့် ကောသလမင်းအကြောင်း

မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ ဝေဠုနိဂုံး၌နေစဉ် မင်းမြောက်တန်ဆာငါးပါးတို့ကို ဒီဃကာရာယနထံ အပ်နှံ၍၊ ဂန္ဓကုဋီသို့ဝင်စဉ် ဒီဃကာရာယန စစ်သူကြီးသည် သူ့ဦးကြီး ဗန္ဓုလစစ်သူကြီးကို သားသုံးကျိပ်ခြောက်ယောက်နှင့်တကွ သတ်သောအခါမှစ၍၊ မကျေမနပ်ဖြစ်နေသဖြင့် မင်းမြောက်တန်ဆာငါးပါးကို ဝိဋ္ဋူဘအားပေးပြီး မင်းမြှောက်သည်။ ဝိဋ္ဋူဘသည် မင်းဖြစ်သောအခါမှစ၍၊ သာကီဝင်တို့ကို သတ်ပစ်လေသည်။

ဇာ၊ ဋ္ဌ၊ ၄။ ၁၅၁ – ၅။ ဗဟုဿုတပကာသနီ နှာ – ၅၅။

## (၅၀) (က)ကစ္စည်းကျမ်း ရေးသားပုံနှင့် အပဒါန် အဋ္ဌကထာကို အလေးအမြတ်ပြုသင့်ပုံ

* အတ္တနော ပုဗ္ဗပတ္ထနာဝသေန ကစ္စာယနပ္ပကရဏံ မဟာနိရုတ္တိပ္ပကရဏံ နေတ္တိပ္ပကရဏန္တိ ပကရဏတ္တယံ သံဃမဇ္ဈေ ဗျာကာသိ။ အထ သတ္ထုဒ္ဒေန ဘဂဝတာ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ ဘာဝကာနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော" တိ၊ ဧတဒဂ္ဂဋ္ဌာနေ ဌပိတော။ အပ၊ ဋ္ဌ၊ ၂။ ၂၁၃။

ပုရာ သီဟဠ ဘာသာယ၊ ပေါရာဏဋ္ဌကထာယစ။
ဌပိတံ တံ န သာဓေတိ၊ သာဓူနံ ဣစ္ဆိတိစ္ဆိတံ။
တသ္မာ တမုပနိဿာယ၊ ပေါရာဏဋ္ဌကထာနယံ။
ဝိဝဇ္ဇေတွာ ဝိရုဒ္ဓတ္ထံ၊ ဝိသေသတ္ထံ ပကာသယံ။
ဝိသေသဝဏ္ဏနံ သေဋ္ဌံ၊ ကရိဿာမ 'တ္ထဝဏ္ဏနန္တိ။

အပ၊ ဋ္ဌ၊ ၁၊ ဂန္ထာရမ္ဘ၊ ၂။

ရှင်းလင်းချက်

အရှင်ဗုဒ္ဓဃောသစသော အဋ္ဌကထာဆရာ၊ အရှင်ဓမ္မပါလ စသော ဆရာတို့သည် အဋ္ဌကထာ, ဋီကာများကို ရေးသားကြရာ၌ ရှေးအဋ္ဌကထာဟောင်းများကို အမှီပြု၍ ရေးသားကြသလို၊ ထို့အတူ အပ၊ ဋ္ဌ – ကျမ်းပြုဆရာတော်သည်လည်း ရှေးအဋ္ဌကထာဟောင်းကို အမှီပြု၍ ရေးသားစီရင်ခြင်းဖြစ်သည်။

ထို့ကြောင့်၊ အရှင်ဗုဒ္ဓဃောသရေး, အရှင်ဓမ္မပါလရေး အဋ္ဌကထာတို့ကို အလေးပြုအပ်သကဲ့သို့ အပ၊ ဋ္ဌ– ကိုလည်း အလေးပြုအပ် ပြုသင့်၊ ပြုထိုက်ပေသည်။ ဗဟုဿုတပကာသနီ နှာ – ၈၊ ၉။

## ( ခ ) ဥာသ်ဆရာ စသည်တို့ ကစ္စည်းကျမ်းကို ထောက်ခံပုံ

* ကစ္စာယနဉ္စ မုနိ ဝဏ္ဏိတဗုဒ္ဓိမဿ၊ ကစ္စာယနဿ၊ မုခမတ္တမဟံ ကရိဿံ။ ဉာသ၊ ဂန္ထာရမ္ဘ။ (၁)

ဤစကားဖြင့် ဉာသ်ဆရာသည် အပ၊ ဋ္ဌ၊ ၂။ ၂၁၃ – အဖွင့်ကို ထောက်ခံသည်။

ကစ္စာယနဉ္စာ စရိယံ နမိတွာ။ ရု။ ဂန္ထာရမ္ဘ။

တတ္ထ ကစ္စာယနဉ္စာတိ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ သာဝကာနံ ဧတဒဂ္ဂေ ဌပိတံ မဟာသာဝကံ နိရုတ္တိလက္ခဏာစရိယဘူတံ မဟာကစ္စာယနတ္ထေရဉ္စ။

ငင်းဂန္ထာရမ္ဘအဖွင့်၊ ရူ၊ ဋီ၊ ၃– နှာ။

ဤစကားဖြင့် ရူပသိဒ္ဓိဆရာသည်လည်း ဉာသဆရာကဲ့သို့ အပ၊ ဋ္ဌ၊ ၂။ ၂၁၃ – အဖွင့်ကို ထောက်ခံသည်။

* ကစ္စာယနဉ္စာစရိယံ နမိတွာ။ ရူ၊ ဂန္ထာရမ္ဘ။ ၁။

ကစ္စာယနဉ္စ တိ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ သာဝကာနံ ဧတဒဂ္ဂေ ဌပိတံ မဟာသာဝကံ နိရုတ္တိလက္ခဏာစရိယဘူတံ မဟာကစ္စာယနတ္ထေရဉ္စ နမိတွာ နမဿိတွာ။ ရူ၊ ဋီ၂။

ဤစကားဖြင့် ရူပသိဒ္ဓိဆရာ အရှင်ဗုဒ္ဓပိယဆရာတော်ကလည်း အပ၊ ဋ္ဌ၊ ၂။ ၂၁၃ – လာ စကားရပ်ကို ထောက်ခံသည်။

* ကတ္တာနာမ ဧတဒဂ္ဂေ ထပိတော မဟာကစ္စယနော၊ တမ္ပန ဝက္ခာမိတိပဒေန ဒဿေတိ။ နိဒ္ဒေသ။ ၂။

* ကစ္စာယနတ္ထေရေနပိ ဘဂဝတော အဓိပ္ပာယံ ဇာနိတွာ "အတ္ထောအက္ခရသညာတော" တိ ဝါကျံ ပုဗ္ဗေ ဌပေတွာ ဣဒံ ပကရဏံ ကတန္တိ။ နိဒ္ဒေသ။ ၄။

ဤ စကားဖြင့် နိဒ္ဒေသဆရာ အရှင်သဒ္ဓမ္မဇောတိပါလ ဆရာတော်ကလည်း အပ၊ ဋ္ဌ၊ ၂။ ၂၁၃ – လာ စကားကို ထောက်ခံသည်။

* ထပိတမေတဒဂ္ဂမှိ၊ သော အဂ္ဂေါတိအာဒိနာ၊ နတွာ တဉ္စ မဟာထေရံ။ ဝဏ္ဏနာ။ ဂန္ထာရမ္ဘ၊ ၁။

* တံ ဥတွာ မဟာကစ္စာယနော ဘဂဝန္တံ ယာစိတွာ ဟိမဝန္တံ ဂန္တွာ မနောသိလာတလေ ဒက္ခိဏာဒိသာဘာဂံ သီသံ ကတွာ ပုရတ္ထိမဒိသာဘိမုခေါ ဟုတွာ "အတ္ထော အက္ခရသညာတော" တျာဒိကံ ကစ္စာယနပ္ပကရဏံ ရစိတံ။ ဝဏ္ဏနာ။ ၇။

ဤစကားရပ်ဖြင့် ဝဏ္ဏနာကျမ်းပြု အရှင်မဟာဝိဇိတာဝီဆရာတော်ကလည်း အပ၊ ဋ္ဌ၊ ၂၊ ၂၁၃ – လာ အဋ္ဌကထာ စကားကို ထောက်ခံသည်။

– – – – – တသ္မာ တမုပနိဿာယ၊ ပေါရာဏဋ္ဌကထာနယံ၊ အပ၊ ဋ္ဌ၊ ၁။ ဂန္ထရမ္ဘ။ ၂ – အရ ရှေးအဋ္ဌကထာ ဟောင်းကို အမှီပြု၍ အပဒါန် အဋ္ဌကထာကို ရေးသားကြောင်း ထင်ရှားသည်။

အမှတ်(၁) အဋ္ဌကထာဆရာတော်သည် အခြား အရှင်ဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ ဆရာတို့ကဲ့သို့ ရှေးအဋ္ဌကထာဟောင်းကို အမှီပြု၍၊ အပဒါန် အဋ္ဌကထာကို ရေးသားစီရင်တော်မူသည်။

ထို့ကြောင့်၊ အရှင်ဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ ဆရာတို့ ရေးသားခဲ့သော အဋ္ဌကထာကဲ့သို့ အပဒါန် အဋ္ဌကထာကိုလည်း အလေးပြုသင့်သည်။ ဗဟုသုတပကာသနီ နှာ – ၉၊ ၁၀။

## ( ၈ ) ကျမ်းပြုဆရာတော်တို့ နေရပ်စသည်

အပဒါန် အဋ္ဌကထာဆရာ၏ နေရပ် စသည်ကို မတွေ့ရပေ။

အရှင်ကစ္စည်းသည် ရဟန္တာဖြစ်ပြီးနောက် အကျဉ်းဟောတော်မူသော တရားတော်ကို အကျယ်ချဲ့ ဟောသောအရာ၌ ဧတဒဂ်ရသောကြောင့် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်, ဥဏာဒ် – ကျမ်းများကို ဟောသည်။ နောက် နေတ္တိ ပါဠိတော်, မဟာနိရုတ္တိပါဠိတော်, စူဠနိရုတ္တိပါဠိတော် များကိုလည်း ဟောတော်မူသည်။ ပိဋကတ်သမိုင်း၊ ၁၃၅ – နှာ။

ရှာသကျမ်းပြု ဝဇိရဗုဒ္ဓိဆရာတော်ကား သီဟိုဠ်ကျွန်း၊ အနုရာဓမြို့တောင် မဟာဝိဟာရကျောင်းတိုက်၌ နေသော ဆရာတော်ဖြစ်သည်။ ၎င်းဆရာတော်သည် ဝိနည်းငါးကျမ်း၏ ဋီကာကိုလည်း စီရင်တော်မူသည်။ ယင်းဋီကာကို ဝဇိရဗုဒ္ဓဋီကာ ဟုခေါ်သည်။ ပိဋကတ်သမိုင်း ၂၃၅ – ၆ – နှာ။

ရူပသိဒ္ဓိကျမ်းပြု အရှင်ဗုဒ္ဓပိယ ဆရာတော်ကား သီဟိုဠ်ကျွန်း အနုရာဓမြို့တောင် မဟာဝိဟာရ ကျောင်းတိုက်နေ မူလဋီကာ, ဥပါသကာ၊ လက်ာရကျမ်းပြု ရှင်အာနန္ဒာတပည့် ရှင်မေဓင်္ကရ၊ ၎င်းမေဓင်္ကရ တပည့် ရှင်ဗုဒ္ဓပိယ ဖြစ်သည်။ ပိဋကတ်သမိုင်း ၁၃၈၊ နှာ။

သုတ္တနိဒ္ဒေသကျမ်းပြု ဆရာတော်ကား ပုသိမ်မြို့ စိရင်စု ဆပဒရွာဖွား ရှင်ဆပဒ၊ ၎င်းဆရာတော်သည် သီဟိုဠ်ကျွန်းသို့ကြွတော်မူသည်။ သီဟိုဠ်ကျွန်းမှ ပြန်လာပြီးသော်၊ ပုဂံပြည်တောရကျောင်းတွင် သီတင်းသုံးစဉ် စီရင်သော သဒ္ဓမ္မဇောတိပါလ ဆရာတော်ဖြစ်သည်။ ပိဋကတ်သမိုင်း ၁၃၈၊ နှာ။

ကစ္စယန ဝဏ္ဏနာကျမ်းပြုဆရာတော်ကား သက္ကရာဇ် ၉၁၂– ခုနှစ်၊ နန်းတက်သော ဟံသာဝတီမြို့တည် ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် ဝိဇယပူရမည်သော ပင်းယမြို့ အဘယဂိရိကျောင်းတိုက်နေ အရှင်မဟာဝိဇိတာဝီ ဆရာတော် ဖြစ်သည်။ ပိဋကတ်သမိုင်း ၁၃၉၊ နှာ။

ဤသို့ ကျမ်းပြုဆရာတော်များကို ရေးသားဖော်ပြခြင်းမှာ ၎င်းဆရာတော်တို့သည် သီလ, သမာဓိ, ပညာ နှင့် ပြည့်စုံတော်မူသော ဆရာတော်များဖြစ်၍ အလေးအမြတ်ပြုသင့်ကြောင်း၊ ၎င်းဆရာတော်တို့ စီရင်သော ကျမ်းဂန်များကိုလည်း အလေးဂရုပြုသင့်ကြောင်း သိရှိရန် ဖြစ်သည်။ ထို့ကြောင့် ကစ္စည်းကျမ်းကို ရှေးဆရာတော်တို့ အလွန်အလေးပြုကြသည်။

ဗိနဝစနာ၊ မာဂဓာ၊ ကာလမြင့်ရှည် တည်ပါစေ။ ဗဟုသုတပကာသနီ နှာ – ၁၀၊ ၁၁။

## (၅၁) (က) ဆရာစဉ်ဆက်

ရွှေဗျာခတ်နိုပ်၊ တံဆိပ်တော်ရ၊ သုံးလူ့ဘ၏၊ သုံးဝသာသနာ၊ တန်ခိုးဖြာသား၊ စန်, ဉ, ဂု, နန်၊ ဆင့်ရန်တစ်ထွေ၊ သု, ဇေ, သု, ပဏ်၊ ရစ်တန်ထေရ်မော်၊ ကျွန်းလုံးကျော်တို့၊ ရေ့သော်ဆရာ၊ နောက်မှာသိသာ၊ ဆင့်ဆင့်ပြလော့။ ဝံသစင်ကြယ်၊ ငါတို့နွယ်တည်း။ စံကျောင်းနိယံ၊ အဖြေ၊ ၃။ ၃၀၁။

**ရှင်းလင်းချက်**

| | | | | | |
|---|---|---|---|---|---|
| စန် | = | အရှင်စန္ဒမဥ္ဇူ။ | ဉ | = | အရှင်ဉာဏဝရ (ကျော်အောင်စံထားဆရာတော်)၊ |
| ဂု | = | အရှင်ဂုဏ (မင်းအို)၊ | နန် | = | အရှင်နန္ဒာဘိဇ (ပထမဖားကရာ)၊ |

သု = အရှင်သုရိယ (သဲအင်း)၊ ဥ = အရှင်ဥယျာဓမ္မ၊
သု = အရှင်သုဒဿန၊ ပဏ် = အရှင်ပဏ္ဍိတ (မိုင်းခိုင်ဆရာတော်)။

ဆရာသမားများ ပြောကြားချက်အရ –

ရွှေဗျာခတ်နိပ်၊ တံဆိပ်တော်ရ၊ သုံးလူ့ဘ၏၊ သုံးဝသာသနာ၊ တန်ခိုးဖြာသား၊ စန်, ည, ဂု, နန်၊ ဆင့်ရန် တစ်တန်၊ သု, ပဉ်, ဇာ, ပဏ်၊ ရစ်တန်ထေရ်မော်၊ ကျွန်းလုံးကျော်တို့။ ရှေ့သော်ဆရာ၊ နောက်မှသိသာ၊ ဆင့်ဆင့်ပြလော့၊ ပညာကြီးကျယ်၊ ငါတို့နွယ်တည်း။ ဗဟုဿုတပကာသနီ နှာ – ၂၄။

**ရှင်းလင်းချက်**

စန် = အရှင်စန္ဒမဥ္ဇူ၊ ည = အရှင်ညာဏဝရ (ကျော်အောင်စံထားဆရာတော်)၊
ဂု = အရှင်ဂုဏ (မင်းအို)၊ နန် = အရှင်နန္ဒာဘိဓဇ (ပထမဖားကရာ)၊
သု = အရှင်သုရိယ (သဲအင်း)၊ ပဉ် = အရှင်ပညာဇောတ (ဒုတိယဖားကရာ)၊
ဇာ = အရှင်ဇာဂရာဘိဝံသ (ပဋ္ဌမသင်္ဂါယနာတင် အကြီးအမှူး၊ ဘုရားကြီးတိုက် အာဒိကမ္မိက ဆရာတော်)၊
ပဏ် = အရှင်ပဏ္ဍိတ (ဆရာတော်လေး)၊

**တစ်နည်း**

အထက်ပါ လင်္ကာ – "သု, ပဉ်, ဇာ, ပဏ်" ၌ သု, ပဉ်၊ ပဏ်, ဇာ" ဟူ၍ –
သု = အရှင်သုရိယ (သဲအင်း)၊ ပဉ် = အရှင်ပညာဇောတ (ဒုတိယဖားကရာ)၊
ပဏ် = အရှင်ပဏ္ဍိတ (ဆရာတော်လေး)၊
ဇာ = အရှင်ဇာဂရာဘိဝံသ (ပဋ္ဌမသင်္ဂါယနာတင် အကြီးအမှူး၊ ဘုရားကြီးတိုက် အာဒိကမ္မိက ဆရာတော်)
* နောက်ကာလ မှတ်ယူရသော ဆရာစဉ်ဆက် ဖြစ်သည်။

ယဿ ဟိ ပဥ္စ ဓမ္မာ အတ္ထိ၊ န ပတ္တနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္တနာ အတ္ထိ၊ န ပဥ္စ ဓမ္မာ၊ တဿပိ အနိဗဒ္ဓါ။ ယေသံ ဥဘယံ အတ္ထိ။ တေသံ ဂတိ နိဗဒ္ဓါ၊ ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတွာ ဧကသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။ မ၊ ဋ္ဌ။ ၄။ ၁၀၄။ ဗဟုဿုတပကာသနီ နှာ – ၂၅။

ပေသလဿ ဘိက္ခုနော တတြုပ္ပါဒတော ဣဏပလိဗောဓမ္ပိ ဗဟုဿုတဿ သံဃဘာရနိတ္ထရကဿ ဘိက္ခုနော အနဋ္ဌာပမနိယ သေနာသနမ္ပိ သံဃကိစ္စံ ကရောန္တာနံ ကပ္ပိယကရဏာဒီနံ ဘတ္တဝေတနမ္ပိ အပလောကန ကမ္မေန ဒါတုံ ဝဋ္ဋတိ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၃။ ဝိ၊ သင်္ဂဟ။ ၄၀၃။

တံပန သလာကဂ္ဂယာဂဂ္ဂအန္တရသန္နိပါတေသုပိ ကာတုံ ဝဋ္ဋတိ။
ဥပေါသထဂ္ဂေ ပနဝဋ္ဋတိယေဝ။ တတ္ထ ဟိ – – – – – ဟောတိ။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၄။ ဝိ၊ သင်္ဂဟ။ ၄၀၄။

ယသ္မိံ မဟာယနာမသမယေ အရိယသာဝကော တထာဂတံ အနုဿရတိ၊ နေဝဿ တသ္မိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န မောဟ ပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ ဥဇုဂတ ပေဝဿ တသ္မိံ သမယေ တထာဂတံ အာရဗ္ဘ။ ဥဇုဂတစိတ္တော ခေါ ပန မဟာနာမ အရိယသာဝကော လဘတိ အတ္ထဝေဒံ၊ လဘတိ အတ္ထဝေဒံ၊ လဘတိ ဓမ္မဝေဒံ၊ လဘတိ၊ ဓမ္မူပသံဟိတံ ပါမောဇ္ဇံ၊ ပမုဒိတဿ ပီတိ ဇာယတိ၊

ပိတိမနကာယောပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒိယတိ၊ သုခိနော စိတ္တံ သမာဓိယတိ။ အယံ ဝုစ္စတိ မဟာနာမ အရိယသာဝကော ဝိသမဂတာယ ပဇာယ သမပ္ပတ္တော ဝိဟရတိ၊ သဗျာပဇ္ဈာယ ပဇာယ အဗျာပဇ္ဈော ဝိဟရတိ၊ ဓမ္မသောတံ သမာပန္နော ဗုဒ္ဓါနုဿတိံ ဘာဝေတိ။ အံ၊ ၂။ ၂၅၂။ အံ၊ ၃။ ၅၃၁။ ဗဟုဿုတပကာသနီ နှာ – ၂၅၊ ၂၆။

## ( ခ ) ရှေးဆရာတော်များ၏ လင်္ကာ

* တိမ်, နှင်း, မြူ, အုပ်၊ ငပုတ်ရာဟု၊ ဤလေးခုကြောင့်၊ ညစ်ညူးမပြောင်၊
လ, နေရောင်သို့၊ ဘုန်းခေါင်မြတ်စွာ၊ သာသနာလည်း၊ သူရာမေရယ၊
မေထုန နှင့်၊ ဇာတရူပ၊ ရာဇတစ်ဖြာ၊ မိစ္ဆာသက်မွေး၊
အကြောင်းလေးကြောင့်၊ မှိန်မှေးမသာ၊ ညစ်နွမ်းရာသည်၊
ပြောင်စွာမသစ်၊ မလင်းတည်း။ ဗဟုဿုတပကာသနီ နှာ – ၃၇။

* ယေ ဝုဒ္ဓ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ ဝ ပါသံသာ၊ သမ္ပရာယေစ သုဂ္ဂတိံ။ ဇာ၊ ၁။ ၉။ တိတ္တိရဇာတ်။

| | | |
|---|---|---|
| ဘိက္ခဝေ | = | ချဉ်းကပ်စားရဟန်းများတို့။ |
| ဓမ္မဿ | = | ကြီးသူလေးစား ကောင်းသောကျင့်ဝတ်တရား၌။ |
| ကောဝိဒါ | = | လိမ္မာတတ်သိကုန်သော။ |
| ယေနရာ | = | အကြင်သူတို့သည်။ |
| ဝုဒ္ဓံ | = | အသက်, သိက္ခာ, ဂုဏ်ဝါ ကြီးမြတ်သောသူကို။ |
| အပစာယန္တိ | = | မြတ်နိုးကော်ရော် ပူဇော်ကြကုန်၏။ |
| တေနရာ | = | ထို အသက်, သိက္ခာ, ဂုဏ်ဝါ ကြီးသူ ပူဇော်သူတို့သည်။ |
| ဒိဋ္ဌေဝ ဓမ္မေ | = | ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌သာလျှင်။ |
| ပါသံသာ | = | ချီးမွမ်းထိုက်သူတို့ မည်ကုန်၏။ |
| သမ္ပရာယေစ | = | တမလွန်ကျ နောက်ဘဝ၌လည်း။ |
| သုဂ္ဂတိံ | = | သုဂတိမှန် လူ့ရပ်နတ်ထံသို့။ |
| ယန္တိ | = | မသွေမဖောက် ဆိုက်ရောက်ကြကုန်သတည်း။ |

## ၂။ မေတ္တာပို့

### (၁) မေတ္တာပို့နည်း

ကမ္ဗုဋ္ဌာနိကေန ဟိ ဘိက္ခုနာ ပဌမံ တာဝ ပရိစ္ဆိန္ဒိတွာ သီမဋ္ဌက ဘိက္ခုသံဃေ မေတ္တာ ဘာဝေတဗ္ဗာ၊
တတော သီမဋ္ဌက ဒေဝတာသု၊ တတော ဂေါစရဂါမေ ဣဿရဇနေ။
တတော တတ္ထ မနုဿေ ဥပါဒါယ သဗ္ဗသတ္တေသု။ ဝိ၊ ဋ္ဌ၊ ၂။ ၂၁။ ဝိသုဒ္ဓိ၊ ၁။ ၉၄။

**မှတ်ရန် တရားလင်္ကာ**

သိမဋ္ဌက၊ မြတ်သံဃနှင့်၊ ဥပစာရ၊ သိမ်ဋ္ဌာနတွင်၊ တည်ကြဒေဝါ၊ ဆွမ်းခံရွာ၌၊ ရာဇာစိုးရ ယင်းဂါမတွင်၊ နေကြလူတွေ၊ သဗ္ဗေသတ္တာ၊ စဉ်တိုင်းသာလျှင်၊ သေချာပိုင်းခြား၊ မေတ္တာပွားဟု၊ မှတ်သားစိမ့်ငှာ၊ ဋ္ဌကထာတွင်၊ ကောင်းစွာစိတ်ဖြာ၊ ပြဆိုပါသည်၊ မေတ္တာပို့နည်း အစဉ်တည်း။

(ရပ်ရွာလူသား၊ ရွာနတ်များနှင့်၊ ပိုင်းခြားစိုးရ၊ ကျက်စားကြရာ၊ ရပ်ရွာစိုးရ၊ နေကြလူတွေ) ရပ်ရွာလူသား၊ ရွာနတ်များနှင့်၊ ပိုင်းခြားစိုးရ၊ ထိုမှတစ်သွယ်၊ ကိုးကွယ်ကြသား၊ သံဃာများနှင့်၊ ရပ်ရွာစိုးရ၊ နေကြလူတွေ၊ သဗ္ဗေသတ္တာ၊ စဉ်တိုင်းသာလျှင်၊ သေချာပိုင်းခြား၊ မေတ္တာပွားဟု၊ လူများတွက်သာ၊ ပြဆိုပါသည်၊ ကျမ်းလာနည်းမှီး၊ မေတ္တာပို့နည်း တည်း။

သုတ္တနိ၊ ၄၊ ၁။ ၄၈။ အပ၊ ၄၊ ၁။ ၁၆၀ – တို့၌ မေတ္တာပို့နည်းမှာ – အာဝါသေသု ဟိ မေတ္တာဝိဟာရီ ဘိက္ခုသြပြဟ္မစာရိန် ပိယော ဟောတိ၊ တေန ဖာသု အသံဃဋ္ဋော ဝိဟရတိ။ ဒေဝတာသု မေတ္တာဝိဟာရီ ဒေဝတာဟိ ရက္ခိတဂေါပိတော သုခံ ဝိဟရတိ။ ရာဇရာဇ မဟာမတ္တာဒိသု မေတ္တာဝိဟာရီ တေဟိ မမာယိတော သုခံ ဝိဟရတိ။ ဂါမနိဂမာဒိသု မေတ္တာဝိဟာရီ သဗ္ဗတ္ထ ဘိက္ခာစရိယာဒိသု မနုဿေဟိ သက္ကတဂရုကတော သုခံ ဝိဟရတိ။ (မရဏသတိ ဘာဝနာယ ဓိဝိတနိကန္တိ ပဟာယ အပ္ပမတ္တော ဝိဟရတိ)။ ဗဟုဿုတပကာသနီ နှာ – ၂၂။

## မှတ်ရန် တရားလက်ာ

ကျောင်းတိုက် သံဃာ၊ နတ်ဒေဝါနှင့် ရာဇာစိုးရ၊ အမစ္စပြင်၊ ဂါမနိဂမာ၊ မြို့ရပ်ရွာနေ၊ လူသားတွေနှင့်၊ သဗ္ဗေသတ္တာ၊ စဉ်တိုင်းသာလျှင်၊ သေချာပိုင်းခြား၊ မေတ္တာပွားဟု၊ မှတ်သားစိမ့်ငှာ၊ ဖွင့်ဆိုပါသည်၊ မေတ္တာပို့နည်း၊ တစ်မျိုးတည်း။

* မေတ္တာစိတ္တံ ဟိ ဒါနတော အတိရေကတရံ ပုညံ။ ဇာ၊ ၄၊ ၇၊ ၂၂၇။
* မဟာသတ္တဿ မေတ္တာနုဘာဝေန သမန္တာ တိယောဇနေ သဗ္ဗေ တိရစ္ဆာနာပိ အညမညံ မေတ္တာစိတ္တံ ပဋိလဘိံသု။ ဇာ၊ ၄၊ ၇။ ၂၉၂၊ စရိယာ၊ ၄။ ၉၁။
* သဗ္ဗတ္ထ "ကေနစိ" တိ ဝုတ္တေ "ဝဓိရဇ္ဇိုဒိဋ္ဌိကာကာရေနာ" တိ ဂဟေတဗ္ဗံ။ "မဟာဂဏ္ဍိပဒေ" တိဝါ "မၛ္ဈိမဂဏ္ဍိပဒေ" တိဝါ "စူဠဂဏ္ဍိပဒေ" တိ ဝါ ဝုတ္တေ "သီဟဠ ဂဏ္ဍိပဒေသု" တိ ဂဟေတဗ္ဗံ။ ကေဝလံ "ဂဏ္ဍိပဒေ" တိ ဝုတ္တေ "မာဂဓဘာသာယလိခိတေ ဂဏ္ဍိပဒေ" တိ ဂဟေတဗ္ဗံ၊ သာရတ္ထ၊ ၁။ ၈။ တသ္မာ ဣမ ဝုတ္တမ္ပိ ပမာဏမေဝါတိ ပါဠိသေသံ ကတွာ ဝိဓိရဇ္ဇိဒိဋ္ဌောရော ဝဒတိ။ သာရတ္ထ၊ ၁။ ၂၂။ ဣမံ အနိဋ္ဌပသင်္ဂံ ပဟရိတုကာမတ္တာယ ဝိဓိရဇ္ဇိဒိဋ္ဌောရဿ ဂဏ္ဍိပဒေ။
ဝဓိရ။ ၇၅။ ဗဟုဿုတပကာသနီ နှာ – ၂၃။

ကောဝ ဖုဒ္ဓေါ သာရကပ္ပေ၊ မဏ္ဍကပ္ပေ ဓိနာ ဒုဝေ။
တယော ဗုဒ္ဓါ ဝရကပ္ပေ၊ သာရမဏ္ဍေ စတုရော ဗုဒ္ဓါ။
ပဉ္စ ဗုဒ္ဓါ ဘဒ္ဒကပ္ပေ၊ တတော နတ္ထာဓိကာ ဓိနာ။ ဗဟုဿုတပကာသနီ နှာ – ၂၃။

## (၂) နယားဆရာတော်ကြီး၏ မေတ္တာပို့နည်း (တစ်နည်း)

(က) အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ၊ သေခြင်းတစ်ခြား၊ ကွဲပြားတစ်တန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ – ည၊ ဉာဏ်သက်ဝင်၍၊ ဆင်ခြင်ကြ။ သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားများမြောင်၊ အကျိုးဆောင်သည်၊ အိုအောင်အောက်မေ့၊ စီးဖြန်းကြ။

(ခ) သတ္တဝါများ – ရန်မရှိကြပါစေသား၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲမရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာရှိကုန်၏။

(ဂ) မိခင်, ဖခင်, ကျေးဇူးရှင်များ – ရန်မရှိကြပါစေသာ၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲ

မရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။

(ဃ) ဆရာသခင်, အရှင်မြတ်များ – ရန်မရှိကြပါစေသား၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲ မရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။

(င) ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမများ – ရန်မရှိကြပါစေသား၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲ မရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။

(စ) ဆွမ်း ဒါယကာ, ဒါယိကာမများ – ရန်မရှိကြပါစေသား၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲ မရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။

(ဆ) ကျောင်းဒါယကာ, ဒါယိကာမများ – ရန်မရှိကြပါစေသား၊ စိုးရိမ်ကြောင့်ကြ မရှိကြပါစေသား၊ ဆင်းရဲ မရှိကြပါစေသား၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေသား၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေသား၊ အကြင်, အကြင် ရအပ်ပြီးသော စည်းစိမ်ဥစ္စာမှ မကင်းကြပါစေသား၊ ကံသာလျှင် မိမိဥစ္စာရှိကုန်၏။

ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်နိုင်ပါစေသတည်း။

ဤကောင်းမှု၏ အဖို့ဘာဂကို သုံးဆယ်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား အမျှ, အမျှ, အမျှ ပေးဝေပါကုန်၏။ သာဓု, သာဓု, သာဓု။

* ဘုရားအလောင်းတော် စသော ပညာရှိသူတော်ကောင်းတို့သည် အကျပ်အတည်း တွေ့ကြုံရသောအခါ – သစ္စာတရား နှင့် မေတ္တာတရား၊ ဤတရားနှစ်ပါးတို့ကို ထိုက်သည့်အားလျော်စွာ သုံးစွဲသဖြင့် အကျပ်အတည်း အခက်အခဲ လွန်မြောက်ခဲ့ကြဖူးလေပြီ။

**မှတ်ချက်**

ဘဒ္ဒန္တ နန္ဒိယ ဓမ္မာ့အေး ပရိယတ္တိစာသင်ကျောင်းတိုက် (မိုးထိ)၊ မန္တလေးမြို့၏ ဓမ္မဒါနစာစောင်မှ ကူးယူဖော်ပြသည်။

## (၃) (က) မိဖုရားစောလုံအကြောင်း

မောင်းမငယ်တစ်ယောက်ကို စေခိုင်းသဖြင့် အများတကာရှေ့တွင် အဝတ်အစား ဦးဆံစိုအောင် ရေနှင့်ပက်သဖြင့်၊ နှင့်ကို စိတ်နာ၍ ငါကြဲသည်ဟု မိဖုရားစောလုံက ပြောသည်။ မင်းကြီးသည်လည်း ပန်းပဲတစ်ထောင်ခေါ်၍ သံကျုပ်စင်လုပ်စေပြီးသော် ကျုပ်တင်လေဟူ၍ မိန့်တော်မူ၏။ စောလုံလည်း သူသတ်တို့ကို ရွှေ, ငွေ များစွာပေး၍ ခုနစ်ရက် သံကျုပ်စင် လုပ်စေ၏။ မပြီးမချင်း သီတင်း သီလ ဆောက်တည်၍ အဘိဓမ္မာတရားတော်ကို နာသည်။ ခုနစ်ရက်တိုင် နေ့-ည၌ ပတ်လုံး ဣတိပိသော ဘဂဝါ, သွက္ခာတော သုပ္ပဋိပန္နော – အစရှိသော ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ကို အောက်မေ့လျက် ပုတီးစိပ်သည်။ ခုနစ်ရက်စေ့လျှင် သူသတ်တို့က လျောက်ပတ်သော စကားဖြင့်

"အရှင် မြောက်သားတော် အမျက်တော်ကြီးလှသည်၊ လာလော့" ဟု ခေါ်လေသည်။ စောလုံလည်း ရတနာသုံးပါးဂုဏ်ကို အောက်မေ့၍ ပုတီးစိပ်လျက် သံကျပ်ရဲရဲထက် တက်သည်။ မီးသုံးကြိမ် သေသော ဟူ၏။ သုံးကြိမ်စေ့ပြီးသော် ငါ သည် ခဏချင်းကျွမ်း၍ ပျောက်စေသော်။ ငါတောင်းသောဆု အတိုင်းလည်း ပြည့်သည် ဖြစ်စေသော် – ဟု ပတ္တနာပြု၍ သေလေ၏။ မှန်နန်းရာဇဝင် ၁။ ၃၄၇။ ဗဟုဿုတပကာသနီ နှာ – ၆၈။

မှတ်ချက်

မိဖုရားစောလုံကား အာဇာနည် အမျိုးကောင်း သမီး ဖြစ်သည်။ သေခါနီး စိုးရိမ်ပူဆွေး မနေကြဘဲ၊ မိဖုရား စောလုံကဲ့သို့ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှု ပြုသင့်ကြပေသည်။

## ( ခ ) စလေဦးပုည အသတ်ခံရကာနီး ဆိုသောစာပိုဒ်

* ဟုတ်ပလေ၊ နှုတ်ခြွေဟချင်ဘူး၊ ပုဗ္ဗေစ ထင်ရဲ့လေ၊
ကောသလငယ်တို့၊ လောကမှာ သရေလမ်းပါတဲ့၊ ရွှေနန်းစံ နရိမ်မှ၊
ခါချိန်တန် ပျက်စမြဲဟာမို့၊ စွဲမိသံဝေ။

* အကုသိုလ်ဃာတကတ်ကယ်က၊ ယခုလို လာလို့ဖြတ်တာကြောင့်၊
စရပ်သို့ ပြေးရချေ၊ ခွေးသေသို့ သေရငြား။

* သီလျက်ပင်၊ ဝိပါက်ကြမ္မာထင်ငှဲ၊ ရွှေနန်းရှင် မဝေခွဲနိုင်ဘူး၊ ပွဲတွေ့အမှား။

ဗဟုဿုတပကာသနီ နှာ – ၆၇။

## ( ဂ ) အနန္တသူရိယ အသတ်ခံရကာနီး ဆိုသောစာပိုဒ်

* သူတည်းတစ်ယောက်၊ ကောင်းဘို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

* ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊
မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တသက်လျာတည်း။

* ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာငါးကျည်၊
အတည်မမြဲ၊ ဘောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

* ရှိနိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲတုံ၏၊ ခိုက်ကြုံဝိပါတ်၊ သံသာစက်၌၊
ကြုံကြိုက်လ, တွန်မူ၊ တုံမယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊
အပြစ်မဲ့ရေး၊ ခွင့်လွှတ်ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ခန္ဓာတည်း။ ဗဟုဿုတပကာသနီ နှာ – ၆၈။

## ၃။ ဆုတောင်း

## (၁) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ ဆုတောင်းသည့်အတိုင်းရရှိနိုင်

ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော ဟောတိ၊ သီလေန သုတေန စာဂေန ပညာယ သမန္နာဂတော ဟောတိ၊ တဿ ဧဝံ ဟောတိ။ ပ။ ခတ္တိယမဟာသာလာနံ။ ပ။ တဿ တေ သင်္ခါရာ စ ဝိဟာရာ စ ဧဝံ ဘာဝိတာ ဧဝံ ဗဟုလီကတာ တတြုပပတ္တိယာ သံဝတ္တန္တိ။ ပ။ ဗြာဟ္မဏမဟာသာလာနံ။ ပ။ ဂဟပတိမဟာသာလာနံ စာတုမဟာရာဇိကာနံ ဒေဝါနံ တာဝတိံသဒေဝါ။ ပ။ ယာမာဒေဝါ တုသိတာဒေဝါ နိမ္မာနရတိဒေဝါ ပရနိမ္မိတဝသဝတ္တိ ဒေဝါ။ သဟဿော ဗြဟ္မာ ဒွိသဟဿော ဗြဟ္မာ။ ပ။ တိသဟဿော ဗြဟ္မာ။ စတုသဟဿော ဗြဟ္မာ ပဉ္စသဟဿော

**ဖြဟ္မာ။ ဒသသဟသော ဖြဟ္မာ။ သတသဟသော ဖြဟ္မာ။** အာဘာဒေဝါ။ ပ။ ပရိတ္တာဘာ ဒေဝါ။ ပ။ အပ္ပ မာဏာဘာ **ဒေဝါ။ အာဘဿရာ** ဒေဝါ။ပရိတ္တသုဘာ ဒေဝါ။ ပ။ အပ္ပမာဏသုဘာ ဒေဝါ။ သုဘကိဏှာ ဒေဝါ။ ဝေဟပ္ဖလာ **ဒေဝါ။ ပ။ အဝိဟာ** ဒေဝါ။ အတပ္ပါ ဒေဝါ၊ သုဒဿာ ဒေဝါ။ သုဒဿီ ဒေဝါ။ အကနိဋ္ဌာ ဒေဝါ၊ **အာကာသာနဉ္စာယတနုပဂါဒေဝါ** ဝိညာဏဉ္စာ ယတနုပဂါဒေဝါ အာကိဉ္စ ညာယတနုပဂါဒေဝါ။ ပ။ နေဝသညာနာသညာ **ယတနုပဂါဒေဝါ။** ပ။ တဿ ဇဝံ ဟောတိ "အဟောဝတာဟံ အာသဝါနံ ခယာ အနာသဝံ စေတ္တောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရေယျ"န္တိ၊ သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဘိက္ခဝေ ဘိက္ခု န ကတ္တစိ ဥပပဇ္ဇတီတိ။

မ၊ ၃။ ၁၄၀ – ၆။

**သဒ္ဓါယသမန္နာဂတောတိ သဒ္ဓါဒယော ပဉ္စ ဓမ္မာလောကိကာ ဝဋ္ဋန္တိ။ ဒဟတီတိ ဌပေတိ။ အဓိဋ္ဌာတီတိ** **ပတိဋ္ဌာပေတိ။** သင်္ခါရာ စ ဝိဟာရာစာတိ သဟ ပတ္ထနာယ သဒ္ဓါဒယော ပဉ္စဓမ္မာ။ တတြူပပတ္တိယာတိ တသ္မိံဌာနေ **နိဗ္ဗတ္တ နတ္ထာယ အယံ မဂ္ဂေါ အယံ ပဋိပဒါတိ သဟ ပတ္ထနာယ ပဉ္စဓမ္မာဝ။ ယဿ ဟိ ပဉ္စ ဓမ္မာ အတ္ထိ၊ န ပတ္ထနာ၊** **တဿ ဂတိ အနိဗဒ္ဓါ။** ယဿ ပတ္ထနာ အတ္ထိ၊ န ပဉ္စ ဓမ္မာ၊ တဿပိ အနိဗဒ္ဓါ။ **ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ** **နိဗဒ္ဓါ။** ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဇဝံ သတ္တာနံ ပဋိသန္ဓိဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတွာ ဧကသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။

မ၊ ဋ္ဌ၊ ၄။ ၁၀၄။

၁၆၅။ ၁၆၇။ ၁၆၈။ ၁၆၉ – စာပိုဒ် တို့၌လည်းကြည့်။

**အကျဉ်းချုပ်**

မ၊ ၃။ ၁၄၀ – ၆ (ဥပရိပဏ္ဏာသပါဠိ) နှင့် အဋ္ဌကထာ ဋီကာ တို့အရ – သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ တရားငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ကောင်းမှုပြုပြီး ဆုတောင်းလျှင် လောကီဆုများသာမက၊ လောကုတ္တရာ မဂ်, ဖိုလ်, နိဗ္ဗာန် ဆုများကိုပင် ရနိုင်သည်။

ထို့ကြောင့်၊ တရားငါးပါးနှင့် ပြည့်စုံစေ၍ ကောင်းမှုပြုပြီး အလိုရှိသောဆုကို တောင်းသင့်သည်။

ဗဟုဿုတပကာသနီ နှာ – ၅၆၊ ၅၇။



◀ ၁၃၄၇ ခုနှစ်၊ ပထမဝါဆိုလဆန်း (၂)ရက်၊ ပရိယတ္တိ သာသနာ့ဟိတအသင်း နှင့် ချမ်းသာကြီး ဆန်လှူအသင်း အားလှူဒါန်းပုံ



၁၃၄၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ ရန်ကုန်မြို့ မန္တလေးအသင်း ဂုဏ်ပြုပူဇော်ပွဲ မှတ်တမ်းဓာတ်ပုံ ▶

# ပေးစာ ပြန်စာများ နှင့် အထွေထွေ ကဏ္ဍ

## ( ၁ ) ဘုရားရှင်သာသနာ နှင့် သင်္ဂါယနာ




ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် –

၁။ သုံးလ၊ လေးရက်မြောက်၌ ပဌမသင်္ဂါယနာတင်သည်။
၂။ နှစ်တစ်ရာမြောက်၌ ဒုတိယသင်္ဂါယနာတင်သည်။
၃။ ၂၃၅–ခုနှစ်မြောက်၌ တတိယသင်္ဂါယနာတင်သည်။
၄။ နှစ် ၄၅၀–မြောက်၌ စတုတ္ထပေထက္ခရာ စတုတ္ထသင်္ဂါယနာတင်သည်။
၅။ ၂၄၁၅–ခုနှစ်မြောက်၌ ပဉ္စမသေလက္ခရာ ပဉ္စမသင်္ဂါယနာတင်သည်။
၆။ ၂၄၉၈–ခုနှစ်မြောက်တွင် စ၍ နှစ် ၂၅၀၀–ပြည့်မြောက်ပြီးသောအခါ၊ ဝိသောဓနဆဋ္ဌသင်္ဂါယနာတင်သည်။

သေနာသနေ ကိဉ္စိ ပဋိသေဓေတဗ္ဗံ နတ္ထိ၊ အညတြ ဝိရုဒ္ဓသေနာသနာ၊ ဝိရုဒ္ဓသေနာသန္နာမ အညေသံ သီမာယ ရာဇဝလ္လဘေဟိ ကတသေနာသနံ ဝုစ္စတိ။ ဝိ၊ ဋ္ဌ၊ ၁။ ၂၅၄။

တံ ကိရ မဇ္ဈေ သီဟဗျဂ္ဃ စမ္မပရိက္ခိတ္တမ္ပိ ကရောန္တိ။ အကပ္ပိယစမ္မံနာမေတ္ထ နတ္ထိ။

သေနာသနံ ဟိ သောဝဏ္ဏမယမ္ပိ ဝဋ္ဋတိ။

ဝိ၊ ဋ္ဌ၊ ၃။ ၃၉။ ကင်္ခါ၊ ၂၀၁၊ ဝိ၊ သင်္ဂဟ၊ ၈၉။

သင်္ကော်တိတိ သမ္ဗသသွတ္တာ နမ္ပိ ဣတော ပုဗ္ဗေ ဝိမုတ္တိပ္ပသင်္ဂေ သိယာ။ ယေ ပန ဒေဝမနုဿ နာဂသုပဏ္ဏာ ဒယော ပကတိယာဝ ကမ္မဿကတညာဏ ဒိယုတ္တာ ဟောန္တိ၊ တေယေဝပုဗ္ဗေ အနုပနိဿယာပိ ဘဂဝတော သဒ္ဓမ္မဿဝနာ ဒိနာ ပဋ္ဌမံ ဝိဝဋ္ဋူပနိဿယံ ပဿဒံ ဥပ္ပာဒေတုံ သက္ကောန္တိ၊ န ဣတရေဟိ ဂဟေတဗ္ဗံ။

ဝိမတိ၊ ၁။ ၅၇။ ဗဟုဿုတပကာသနီ နှာ– ၁၃။

## ( ၂ ) ဆဋ္ဌ သင်္ဂါယနာ အကြောင်း(၁)

သာသနာတော်နှစ် ၂၅၀၄–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၂–ခုနှစ်တွင် **"သတ္တတာနုလောမ"** ပြုပြင်ကြကြောင်း သိသဖြင့် မာဂသေဒ္ဒါကျမ်းများနှင့်အညီ ဝိနိစ္ဆယရေးပြီး ဆက်ကပ်သည်။ **ဆဋ္ဌသင်္ဂါယနာ အမေးဆရာတော်** – မဟာစည်၊ **အဖြေဆရာတော်** – ဦး ဝိစိတ္တသာရာဘိဝံသ တို့ ဖြစ်ကြသည်။

မိမိ (နယားဆရာတော်) ၏ ဝိနိစ္ဆယများကို အလေးမပြုကြသဖြင့်၊ မတတ်သာလို့ ခုံဖွဲ့ပေးဖို့ရန် – အကြောင်းပြ၍ လျှောက်ထားသဖြင့် မဟာစည်ဆရာတော်နှင့် ဦးဝိစိတ္တသာရာဘိဝံ နှစ်ပါးတည်း ခုံဖွဲ့ပေးသည်။ ထို ခုံအဖွဲ့ဝင် ဆရာတော်များ အလုပ်မလုပ်ကြသဖြင့်၊ အလုပ်, လုပ်ရန် စာရေးတင်ပြသောအခါ – ခုံအဖွဲ့ဝင် ဆရာတော်နှစ်ပါးအနက် ဦးဝိစိတ္တသာရာဘိဝံသ က – **"ခုံအဖွဲ့မှ မနိုင်ဝန် မထမ်းပါရစေနဲ့"** ဟု စာရေးပြီး နုတ်ထွက်ကြောင်း သိရသည်။ ထို့နောက် နှစ်ရက်, သုံးရက် ရှိသောအခါ မဟာစည်ဆရာတော်ကလည်း ခုံအဖွဲ့မှ နုတ်ထွက်ပြန်သည်။

ထိုအခါ၊ **"ခုံအဖွဲ့ ထပ်ဖွဲ့သင့်ကြောင်း"** အကြောင်းပြ စာရေးသဖြင့် အဆိုပါ ဆရာတော်နှစ်ပါးကိုပင် (ထပ်မံ) ခုံဖွဲ့ပေးပြန်သည်။ မိမိ (နယားဆရာတော်) ၏ မာဂသေဒ္ဒါကျမ်းများနှင့်အညီ ရေးသားထားချက်ကို မိမိ (နယားဆရာတော်) အား ဘာမျှမပြောဘဲ၊ နောက်ထပ် – လူကြားကောင်းအောင် **ဆရာတော် ကိုးပါးခန့် ခုံထပ်ဖွဲ့ကြောင်း** သိရသဖြင့် ၎င်း ခုံအဖွဲ့ထံ မိမိ (နယားဆရာတော်) ကို လျှောက်ထားခွင့်ပြုပါရန် စာရေးလျှောက်ထားရာ – ဦးဝိစိတ္တသာရာဘိဝံသ က လျှောက်ထားခွင့် မပေးနိုင်ဟု ပယ်ချသည်။ ဗဟုဿုတပကာသနီ စာမျက်နှာ – ၇၊ ၈။

## (၃) ဆဋ္ဌ သင်္ဂါယနာ အကြောင်း(၂)

၂၁–ခုနှစ်တွင် (တစ်ကြိမ်) နှင့် ၂၂–ခုနှစ်တွင် (တစ်ကြိမ်) ဝိနိစ္ဆယရေးသားပြီး၊ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်ဆရာတော်များထံ ဆက်ကပ်ရာ – ဂရုမစိုက်ကြသဖြင့် ၂၃–ခုနှစ်တွင် (တစ်ကြိမ်) ခုံဖွဲ့ပေးရန် ထပ်မံလျှောက်ထားသဖြင့် ခုံဖွဲ့ပေးပါသည်။ ခုံအဖွဲ့ဝင် ဆရာတော်များမှာ – (၁) **ဆဋ္ဌ အမေးဆရာတော်** – ဘဒ္ဒန္တ သောဘန (ဏ) နှင့် (၂) **ဆဋ္ဌ အဖြေဆရာတော်** – ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ တို့ ဖြစ်ကြပါသည်။

ခုံဖွဲ့ပေးသောရက်မှာ – ၂၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ (ခရစ်နှစ် ၁၅–၁၁–၁၉၆၁ ခုနှစ်) ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ ဦးဝိစိတ္တသာရာဘိဝံသ က – **"ဦးမေဓိယက စိစိစစ်စစ် လုပ်ထားတာ၊ တပည့်တော်တို့ စာမကြည့် ရသေးဘူး။ နယုန်လလောက်တော့ အလုပ်, လုပ်ကြတာပေါ့။ ဦးမေဓိယ မရှိလည်းပင့်တာပေါ့"** ဟု ပြောပြီး၊ ၂၄–ခုနှစ်၊ နယုန်လအထိ ရွှေ့ဆိုင်းလိုက်သည်။ ရွှေ့ဆိုင်းလိုက်ပြီး နယုန်လအကုန် ဝါဆိုလအထိ အလုပ်, မလုပ်ကြပါ။ ခုံအဖွဲ့ဝင် ဆရာတော်များ ဘာမျှ အလုပ်, မလုပ်ကြ၍၊ ခုံအဖွဲ့ဝင် ဆရာတော်များ အလုပ်, လုပ်ရန် လျှောက်ထားရာ– ဦးဝိစိတ္တသာရာဘိဝံသက **"မနိုင်ဝန်မထမ်းပါရစေနဲ့"** ဟုစာရေးပြီး ခုံအဖွဲ့မှ နုတ်ထွက်ကြောင်း သိရသည်။ သုံး, လေးရက် ရှိသောအခါ ဆရာတော် ဦးသောဘန (ဏ) ကလည်း ခုံအဖွဲ့မှ နုတ်ထွက်သည်။

ခုံအဖွဲ့ ပျက်သွားသဖြင့် ခုံထပ်ဖွဲ့ပေးရန် လျှောက်ထားသဖြင့် အဆိုပါ ဆရာတော်နှစ်ပါးကိုပင် ခုံထပ်ဖွဲ့ပေးသည်။ မိမိနှင့် ခုံအဖွဲ့ဝင်ဆရာတော်တို့ သုံး, လေး လကြာ ဆွေးနွေးကြရာ မပြီးပြတ်သဖြင့် နောက်ထပ် ခုံအဖွဲ့တစ်ခုကို ဖွဲ့စည်းပေးပြန်ပါသည်။ ဆုံးဖြတ်ရန် ပင့်လျှောက်မှုမရှိပါ။ ကျိန်းကျေ, ဝတ်ကုန် လူကြားကောင်း အောင် ဖွဲ့ပေးသော ခုံအဖွဲ့ဖြစ်ပါသည်။ ယင်းခုံအဖွဲ့အား လျှောက်ထားခွင့်ပြုရန် စာဖြင့် တင်ပြသော်လည်း ဦးဝိစိတ္တ သာရာဘိဝံသက – **"လျှောက်ထားခွင့် မပေးနိုင်"** ဟု ပယ်ချလိုက်ပါသည်။ ထို့နောက်၊ ဆဋ္ဌဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ် ဆရာတော် ဦးသုရိယာဘိဝံသ (အဘိဓေ) ထံ လျှောက်ထားရာ – ဆရာတော်အမိန့်အရ လျှောက်လွှာများကို ဆဋ္ဌဝန်ဆောင် ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်ရာ – ဆရာတော်က ဦးပဉ္ဇင်းတစ်ပါးအား အဖတ်ခိုင်းပြီး လက်မခံနိုင်စရာ မရှိပါဘူးဟု ပြောပြီးနောက်၊ ဆရာရေးထားသော ဝိနိစ္ဆယများကို တင်ပြဟု အမိန့်ရှိသဖြင့် ဝိနိစ္ဆယများကို တင်ပြနေတုန်း အကျိုးဆောင် ဆရာတော် (ဦးဝိသုဒ္ဓ) မစိုးရိမ်ဆရာတော်ထံ လာသဖြင့် ဆရာတော်က – **"ဦးမေဓိယကလည်း ပါဠိ, အဋ္ဌကထာ, ဋီကာ တို့ကို စင်ကြယ်စေချင်တာဘဲ၊ ဆရာတို့ကလည်း ပါဠိ, အဋ္ဌကထာ, ဋီကာ တို့ကို စင်ကြယ်စေချင် တာဘဲ၊ ဒို့ကလည်း ပါဠိ, အဋ္ဌကထာ, ဋီကာ တို့ကို စင်ကြယ်စေချင်တယ်၊ လူထုကလည်း ပါဠိ, အဋ္ဌ ကထာ, ဋီကာ တို့ကို စင်ကြယ်စေချင်တယ်"** ဒါကြောင့် ဦးမေဓိယ လျှောက်လွှာကို လက်ခံလိုက်ကြောင်း အမိန့် ရှိသဖြင့် အကျိုးဆောင် ဆရာတော် ဘာမျှမလျှောက်ထားတော့ဘဲ၊ ပြန်သွားကြောင်း ဥက္ကဋ္ဌဆရာတော်၏ အမိန့် ရှိချက်အရ သိရပါသည်။

ဥက္ကဋ္ဌ ဆရာတော်က မစိုးရိမ်တိုက်ဟောင်းမှ ဆရာတော်တစ်ပါးအား ကြည့်ရှုရန်စေခိုင်းရာ – အဆုံးအဖြတ်များ ကြည့်ရှုပြီးသည့်အချိန် ယင်းဆရာတော်က ဦးမေဓိယ ၏ အဆုံးအဖြတ်သည် – **"ဗျာကရုဏ်းကျမ်း, ပါဠိ အဘိဓာန် ကျမ်း, ပါဠိ, အဋ္ဌကထာ, ဋီကာ တို့နှင့်အညီ– ရေးသားထားသဖြင့် ကောင်းမွန်တိကျမှန်ကန်ကြောင်း ပယ်စရာ မရှိကြောင်း၊"** လျှောက်ထားပြီး တပည့်တော်တို့လည်း မှုကွဲတွေကို ကြည့်ရှုရသည့်အခါ အရေးမကြီးလောက်ပါဟု ထင်မြင်မိခဲ့ပါသည် ဘုရား။ ယခု– သူ့အဆုံးအဖြတ်ကြည့်ရသောအခါ အလွန်ပင်အရေးကြီးနေကြောင်း သိရှိလာရပါ သည်။သူ့ဝီရိယကိုလည်း ချီးမွမ်းမိပါသည်ဟု လျှောက်ထားကြောင်း ဆရာတော်ကြီး၏ ပြောကြားချက်အရ သိရ၏။ အဆုံးအဖြတ်ပြီးသောအခါ၊ ဆရာတော်ကြီးထံသွားရာ ဆရာတော်ကြီးက တစ်နေ့ကပင် အကျိုးဆောင် ဆရာတော် လာလို့– **"ပြင်သင့်ရာကို ပြင်ပါ"** ဟူသော အမိန့်နှင့်တကွ ဆရာ့ဝိနိစ္ဆယများကို အကျိုးဆောင် ဆရာတော်အား ပေးလိုက်ကြောင်း အမိန့်ရှိပါသည်။

## ( ၄ ) နိုင်ငံတော် သံဃမဟာနာယကအား လျှောက်ထားလွှာ

တရားတော်မြတ်ကို မြတ်စွာဘုရားက (အဘိ၊ ၄၊ ၂။ ပဋ္ဌာန်း၊ ၄၊ ၁ – တို့ အရ) မာဂဓ ဘာသာဖြင့်သာ ဟောတော်မူခဲ့သဖြင့် သာသနာတော်ကို လေးစားကြသည့် အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့ကလည်း **"အရိယဝေါဟာရ သဒ္ဒါတ မာဂဓဘာသာ"** အထက်ပါကျမ်းတို့အရ မာဂဓဘာသာဖြင့်သာ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။ သာသနာတော်ကို စောင့်ရှောက်လိုကြသည့် ရှေးပညာရှိများကလည်း သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက် လိုသည့်အတွက် မာဂဓသဒ္ဒါကျမ်းတို့ဖြင့် သာသနာတော် တည့်တံ့စေရန် ကျေးကန်ပေးတော် မူခဲ့ကြပါသည်။

ဤသို့၊ မြတ်စွာဘုရားက မာဂဓဘာသာဖြင့် ဟောတော်မူခဲ့၍ အရှင်မဟာကဿပ စသော ရဟန္တာများက မာဂဓဘာသာဖြင့် သင်္ဂါယနာတင်တော်မူခဲ့ကြရာ ရှေးပညာရှိများက သဒ္ဒါကျမ်းတို့ဖြင့် ကျေးကန်ပေးခဲ့ကြသော်လည်း ဆဋ္ဌသင်္ဂါယနာကား **"မာဂဓသက္ကတာနုလောမ"** ရောနှော၍ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည် ဘုရား။

ထို့ကြောင့်၊ ဆဋ္ဌသင်္ဂါယနာတင်စဉ် ၂၁–ခုနှစ်၌ တစ်ကြိမ်၊ ၂၂–ခုနှစ်၌ တစ်ကြိမ်၊ ပေါင်း နှစ်ကြိမ် အဆုံးအဖြတ် ရေး၍တင်ပြရာ ဂရုမစိုက်ကြသဖြင့် ဆဋ္ဌသင်္ဂါယနာ မပြီးမီ၊ ၂၃–ခုနှစ် တန်ဆောင်မုန်းလတွင် ခုံဖွဲ့ပေးရန် လျှောက်ထားသည့်အတွက် ခုံဖွဲ့ပေးကြပါသည်။ ၎င်း ခုံအဖွဲ့ဟာ ဘာမျှ အလုပ်မလုပ်နိုင် ပျက်စီးသွားပါသည်။ နောက်ထပ် ခုံအသစ် ဖွဲ့ပေးသော်လည်း ၎င်းခုံအဖွဲ့ဝင် ပုဂ္ဂိုလ်များဆုံးဖြတ်ရန် ပင့်လျှောက်ခြင်း မရှိပါ။ ကျိန်းကျေ၊ ဝတ်ကုန် လူကြားကောင်းအောင် ခုံထပ်ဖွဲ့ခြင်း ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာအဖွဲ့က အထက်ပါ သက္ကတာနုလောမကိစ္စ တရားသဖြင့် ပြီးစီးအောင် ဆောင်ရွက်မှု မရှိပါ။

သို့အတွက်၊ ထို **"သက္ကတာနုလောမ"** ကိစ္စ ပြီးစေရန် မြန်မာသက္ကရာဇ် ၁၃၄၁–ခုနှစ်၊ တပေါင်းလတွင် **"သက်န်းရုံနွယ်ဂိုဏ်း၊ ဒွါရကုန်ငြိတင်နွယ်ဂိုဏ်း ကိစ္စ"** တရားသဖြင့် ပြီးစီးစေရန် စေဥ္စကူးမင်းက အောက်ပါအတိုင်း စီမံပေးပါသည်။

သက်န်းရုံနွယ်ဂိုဏ်းမှ ခေါင်းဆောင် သုံးပါး၊ ဒွါရကုန်ငြိ တင်နွယ်ဂိုဏ်း မှ ခေါင်းဆောင်သုံးပါး သုဓမ္မာဇရပ်တွင် စည်းဝေး၍ ဆွေးနွေးရမည်။ ယင်းသို့ ဆွေးနွေးသောအခါ နိုင်သောဂိုဏ်း၏ အလိုကျ၊ ရဟန်းတော်များကျင့်သုံးရမည်ဟု စီမံသကဲ့သို့ သက္ကတာနုလောမ ကိစ္စ တရားသဖြင့်ပြီးစီးရန် တပည့်တော်နှင့် သက္ကတာနုလောမ ဝါဒီများ ဆွေးနွေး၍ အနိုင်ရသည့်အတိုင်း ဖြစ်စေသင့်ပါသည် ဘုရား။

ဘဒ္ဒန္တ မေဓိယာဘိဝံသ
(အဘိဓဇ မဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ)

မှတ်ချက် ။ ။ နိုင်ငံတော် သံဃမဟာနာယကအား လျှောက်ထားသကဲ့သို့၊
ထို့အတူ နိုင်ငံတော်အစိုးရထံလည်း အထက်ပါအတိုင်း
မေတ္တာရပ်ခံစာ ပေးပို့ခဲ့သည်။

ဗဟုဿုတပကာသနီ စာမျက်နှာ – ၆၃။

## ( ၅ ) ဆဋ္ဌ သင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ထံ ဆက်ကပ်လွှာ

ဆက်ကပ်ရန်
ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့
ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ရုံး
ဇမ္ဗူဒီပ ကျောင်းဆောင်
ကမ္ဘာအေး၊ ရန်ကုန်။

သာသနာတော်နှစ် ၂၅၀၅–ခုနှစ်၊
နေ့စွဲ – ၁၃၂၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊
၁၅–၁၁–၁၉၆၁ ခုနှစ်၊ ဗုဒ္ဓဟူးနေ့။

ပရိယတ္တိသာသနာတော် သန့်ရှင်းစင်ကြယ်ရေးကို ရေးရှုလျက် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

မြန်မာသက္ကရာဇ် ၁၃၂၁–ခုနှစ် နှင့် ၁၃၂၂–ခုနှစ်များက ဆရာတော်များထံ ဝိနိစ္ဆယ လျှောက်ထားလွှာကို ဆက်ကပ်ခဲ့ဖူးရာ –

(က) တစ်စုံတစ်ရာ ဘာမျှမသိရ၍ အထူးဝမ်းနည်းပါသည်ဘုရား။

( ခ ) စေတနာသည် ဝေဒနာအဖြစ်သို့များ ရောက်သွားလေသလား? ဟုလည်း သံသယဖြစ်မိပါသည်ဘုရား။

( ဂ ) ဆွေးနွေးမေးမြန်းသင့်သူ တပည့်ထင်ရှားရှိနေပါလျက် ဆွေးနွေးမေးမြန်းမှုကို မပြုသည့်အတွက် မှန်ကန်သော ဝိနိစ္ဆယများကို အယူအဆလွဲမှားမည့် အရေးကိုလည်း အလွန်စိုးရိမ်မကင်း ဖြစ်နေရပါသည် ဘုရား။

(ဃ) တစ်မျိုးတစ်စားတည်း ဖြစ်သင့်ရာ၌ အဗျာပဇ္ဇ, အဗျာပဇ္ဈ, အဗျာဗဇ္ဈ စသောအားဖြင့် ဆဋ္ဌမှ ပါဠိ အဋ္ဌကထာများ၌ အမျိုးမျိုး ကွဲပြားနေပါသည် ဘုရား။

လျှောက်ထားအပ်ပြီးသော အကြောင်းများကြောင့် –

၁။ အထက် – အောက် ယှဉ်တွဲ၍ ဖော်ပြလတ္တံ့သော ပုဒ်တို့တွင် မည်သည့်ပုဒ်များ မှတင်ထိုက်, မထိုက်ကို ဆုံးဖြတ်ပေးနိုင်သည့် ဝိနိစ္ဆယခုံအဖွဲ့ ဖွဲ့ပေးပါရန်။

၂။ တပည့်နှင့် တစ်ပါးသော သင့်လျော်သည့် ပုဂ္ဂိုလ်များပါဝင်သော ၎င်းပုဒ်များ၏ မှတင်ထိုက်, မထိုက်ကို ဆွေးနွေးနိုင်သည့် ဓမ္မသာကစ္ဆာအဖွဲ့ ဖွဲ့ပေးပါရန်။

၃။ (၂၇၊ ပ၊ ၃၀) အမှတ်ပြပုဒ်များကို ဆွေးနွေးရာ၌ မာဂဓ, သက္ကဋ နှစ်ဘာသာ ကျွမ်းကျင်သော ပုဂ္ဂိုလ်များ ဓမ္မသာကစ္ဆာအဖွဲ့၌ ပါဝင်စေပါရန်။

၄။ ဓမ္မသာကစ္ဆာအဖွဲ့၏ ဆွေးနွေးလျှောက်ထားချက်ကို စာဖြင့်ရေးသား မှတ်ယူပါရန်။

၅။ ဝိနိစ္ဆယခုံအဖွဲ့က စာဖြင့်ရေးသား၍ ဝိနိစ္ဆယချမှတ်ပေးပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

မိတ္တူကို –

၁ ။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ ပေးပို့ပါသည်။

မေဓိယ
နယားကျောင်း (ဘုန်းကြီး)
ဒက္ခိဏာရာမ ဘုရားကြီးတိုက်
မန္တလေးမြို့၊ မန္တလေးတိုင်း။

ဗဟုသုတပကာသနီ စာမျက်နှာ – ၇၁။

## ( ၆ ) ပရိယတ္တိသာသနာတော် သန့်ရှင်းစင်ကြယ်ရေးကို ရေးရှုလျက် မေတ္တာရပ်ခံလွှာ

သို့

နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့

ကမ္ဘာအေး၊ ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၀၅–ခုနှစ်၊

နေ့စွဲ – မြန်မာသက္ကရာဇ် ၁၃၂၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊

၁၅–၁၁–၁၉၆၁ ခုနှစ်၊ ဗုဒ္ဓဟူးနေ့။

ဆရာတော် ပရိယတ္တိသာသနာတော် သန့်ရှင်းစင်ကြယ်ရေးကို ရေးရှုလျက် မေတ္တာရပ်ခံအပ်ပါသည်။

အကြောင်းအရာ ။ ။ **ဆရာတော်၏ လျှောက်ထားတောင်းဆိုချက်ကို ကူညီပါရန်။**

ဆရာတော်၏ ဝန်ဆောင်သံဃအဖွဲ့သို့ လျှောက်ထားတောင်းဆိုချက်သည် –

(က) သာသနာရေး သက်သက်ဖြစ်ခြင်း၊

( ခ ) သာသနာတော် သန့်ရှင်းစင်ကြယ်ရန် ဆင္ဃသင်္ဂါယနာကို တင်ခြင်းဖြစ်ရာ ဆင္ဃသင်္ဂါယနာ၏ ရည်မှန်းချက်နှင့် ကိုက်ညီခြင်း၊

( ဂ ) ကိုယ်ရေး, ကိုယ်တာ မပတ်ခြင်း နှင့်

(ဃ) ယထာဓမ္မကျ၍ မှန်ကန်ခြင်း

ဖော်ပြအပ်ပြီးသည့် ဝန်ဆောင်သံဃအဖွဲ့သို့ လျှောက်ထား တောင်းဆိုချက်ကို ကူညီတောင်းဆိုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဝန်ဆောင်သံဃအဖွဲ့အား ဆက်ကပ်လွှာကိုပါ ပူးတွဲပေးပို့ပါသည်။

ပုံ

ဆရာတော် ဦးမေဓိယာဘိဝံသ

နယားကျောင်း၊

ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

မှတ်ချက် ။ ။ ထိုစဉ်အခါ၊ နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့က ကူညီတောင်းဆို ပေးခဲ့ဖူးပါသည်။

ဗဟုသုတပကာသနီ စာမျက်နှာ – ၇၂။

## (၇) ဓမ္မသာကစ္ဆာအဖွဲ့ ဝိနိစ္ဆယရုံအဖွဲ့များကို ဖွဲ့စည်းပေးပါရန်

ဆက်ကပ်ရန်
ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာအဖွဲ့
ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာအဖွဲ့ရုံး
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၀၇–ခုနှစ်၊
နေ့စွဲ – ၁၃၂၅–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်၊
၁၇–၅–၁၉၆၃ ခုနှစ်၊ သောကြာနေ့။

ရှိသေစွာ လျှောက်ထား တောင်းပန်အပ်ပါသည် ဘုရား။

အကြောင်းအရာ ။ ။ တစ်ဖန် ဓမ္မသာကစ္ဆာအဖွဲ့ ဝိနိစ္ဆယရုံအဖွဲ့များကို ဖွဲ့စည်းပေးပါရန်။

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ မဟာကဿပေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

(ပဌမ သံဂါယနာတင် မထေရ်တို့၏ဉတ်)

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ သဗ္ဗကာမိံ ဝိနယံ ပုစ္ဆေယျံ။

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ရေဝတေန ဝိနယံ ပုဋ္ဌော ဝိဿဇေယျံ။

(ဒုတိယ သံဂါယနာတင် မထေရ်တို့၏ဉတ်)

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသံ တိပိဋကဓရေ ဓမ္မဘဏ္ဍာဂါရိကံ ဝိနယံ ပုစ္ဆေယျံ။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ ဓဝနဗ္ဗေရေန သံဃနာယကမဟာထေရဿ ပဋိနိဓိဘူတေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

(ဆဋ္ဌသင်္ဂါယနာတင် မထေရ်တို့၏ဉတ်)

၎င်း ဉတ်တို့တွင် ဒုတိယသင်္ဂါယနာတင် မထေရ်တို့ဉတ်သည် ပဌမသင်္ဂါယနာတင် မထေရ်တို့ဉတ်သို့ လုံး၀ အစဉ်လိုက်ပါသည်။ ဆဋ္ဌသင်္ဂါယနာတင် မထေရတ်တို့ ဉတ်သည်ကား ပဌမသင်္ဂါယနာတင် မထေရ် စသည်တို့၏ ဉတ်သို့အစဉ်မလိုက်၊ ၎င်းနှင့် ဆန့်ကျင်ကား အဆန်းထွင်ထားသည်ကို တွေ့ရပါသည်။

ယင်းသို့ ဘုရားဟော ပါဠိစဉ်တက်ကဲ့သို့ အလေးပြုအပ်သော ပဋိသမ္ဘိဒါပတ္တ အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့၏ ဟုတ်မှန်သောဉတ်သို့သော်လည်း အစဉ်မလိုက်၊ ၎င်းနှင့် ဆန့်ကျင်ကာ အဆန်းထွင်၍ ဆဋ္ဌသင်္ဂါယနာ၏ဉတ်ကို ထားခြင်းသည် ရေးမာဂဓဘာသာ ဗျာကရုဏ်းဆရာ၊ ပါဠိအဘိဓာန်ဆရာကြီးတို့၏ ဟုတ်မှန်သော ဝါဒလမ်းစဉ်သို့မလိုက်၊ ၎င်းနှင့် ဆန့်ကျင်ကာ ပါဠိအဆန်းထွင်၍ ဆဋ္ဌသင်္ဂါယနာ ဝိသောဓက ပုဂ္ဂိုလ်တို့ ပါဠိသုတ်သင် ပြုပြင်ကြမည် ပုဗ္ဗနိမိတ် စင်စစ်ဖြစ်ပါသည် ဘုရား။

ယင်းသို့သော အကြောင်းများကြောင့် ဆဋ္ဌစာမူများ၌ –

၁။ မာဂဓဘာသာ ရေးဗျာကရုဏ်း ကျမ်းကြီးများနှင့် ဆန့်ကျင်ခြင်း၊

၂။ ပါဠိအဘိဓာန် ၎င်းသံဝဏ္ဏနာကျမ်းများနှင့် ဆန့်ကျင်ခြင်း၊
၃။ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ အချင်းချင်း ဆန့်ကျင်ခြင်း၊
၄။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အချင်းချင်း မဆန့်ကျင်သင့်ဘဲ ဆန့်ကျင်ခြင်း၊
၅။ မပေါ်ပေါက်စဖူး ပါဠိထူးများ ရှိနေခြင်း

ဤသို့သော အပြစ်များ အထင်အရှား ရှိနေခြင်း ဖြစ်ပါသည် ဘုရား။

လျှောက်ထား ဖော်ပြအပ်ပြီးသော အပြစ်များမှ ကင်းစင်နိုင်သမျှ ကင်းစင်ရန် ရည်ရွယ်၍၊ ဝိနိစ္ဆယခုံဖွဲ့ပေးပါရန် တောင်းဆိုခြင်း စသည်ဖြင့် အမျိုးမျိုး ကြိုးပမ်းခဲ့ရာ ဆရာတော်များ သိပြီး ဖြစ်ပါသည် ဘုရား။

ယင်းသို့ တပည့်၏ မြန်မာသက္ကရာဇ် ၁၃၂၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့က တောင်းဆိုမှုသည် ဆဋ္ဌသင်္ဂါယနာ၏ ရည်မှန်းချက်တို့နှင့် ကိုက်ညီသည့်အတွက် ဝန်ဆောင်သံဃအဖွဲ့က၊ ၎င်းလပြည့်ကျော် (၃)ရက်နေ့၌ ဝိနိစ္ဆယခုံအဖွဲ့ကို ဝိနိစ္ဆယချမှတ်ပြီး ဖွဲ့စည်းပေးခဲ့ပါသည် ဘုရား။

သို့သော်လည်း ၎င်းခုံအဖွဲ့ဝင် ပဓာနပုဂ္ဂိုလ်များ ဖြစ်ကြသည့် ရှင်သောဘဏ (မဟာစည်ဆရာတော်)၊ ရှင်ဝိစိတ္တသာရ (ဓမ္မဘဏ္ဍာဂါရိက ဆရာတော်) တို့ခုံအဖွဲ့မှ နုတ်ထွက်သွားကြပြီဖြစ်ကြောင်း ၁၃၂၄–ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက် နေ့၌ ဥက္ကဋ္ဌဆရာတော်၊ အကျိုးဆောင်ဆရာတော်တို့ ပြောကြားချက်အရ – အထူးကြေကွဲဝမ်းနည်းဖွယ်ရာ ကြားသိရပါသည် ဘုရား။

တပည့်တင်ပြအပ်သော အမှတ်စဉ် (၁) မှ (၅) အထိ အပြစ်များသည် စင်စစ် ဟုတ်မှန်ပါသည်။ ဆရာတော်များ အလိုရှိလျှင် အချိန်မရွေး ရှင်းလင်းလျှောက်ထားနိုင်ပါသည် ဘုရား။

ယင်းသို့ ဖော်ပြလျှောက်ထားအပ်ပြီးသော အပြစ်များ ဆဋ္ဌစာမူတို့၌ အထင်အရှား ရှိနေသောကြောင့် မြန်မာသက္ကရာဇ် ၁၃၂၃–ခုနှစ်၌ လျှောက်ထား တောင်းဆိုသည့်အတိုင်းတစ်ဖန် ဓမ္မသာကစ္ဆာအဖွဲ့ ဝိနိစ္ဆယခုံအဖွဲ့များကို ဖွဲ့စည်းပေးပါရန် ရိုသေစွာလျှောက်ထား တောင်းပန်အပ်ပါသည် ဘုရား။

၎င်း တောင်းဆိုချက်ကို မလိုက်လျောနိုင်ပါလျှင်၊ တော်လှန်ရေးအစိုးရ သာသနာရေးကို တိုင်ရန်နှင့် ဝန်ဆောင်သံဃာအဖွဲ့ကို သာသနာဖျက်ဆီးမှုဖြင့် တရားစွဲဆိုရန် ခွင့်ပြုတော်မူပါ ဘုရား။

မိတ္တူကို –

၁။ ဦးလှမောင် (စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်)
၂။ ဦးသန်းမောင် (နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ ဥက္ကဋ္ဌဟောင်း) တို့ထံ ပေးပို့ပါသည်။

ဗဟုသုတပကာသနီ စာမျက်နှာ – ၇၆၊ ၇၇၊ ၇၇။

မေဓိယ
နယားကျောင်း
ဒက္ခိဏာရာမ ဘုရားကြီးတိုက်
မန္တလေးမြို့၊ မန္တလေးတိုင်း။

## ( ၈ ) ဦးသိန်းမောင် (နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌဟောင်း)ထံပေးစာ

သို့

ဦးသိန်းမောင် (နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌဟောင်း)
အိမ်အမှတ်- ၂၈၊ ကနေဒီလမ်း၊
ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊
နေ့စွဲ - မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်၊
၁၇-၅-၁၉၆၃ ခုနှစ်၊ သောကြာနေ့။

သိစေအပ်ပါသည်။

အကြောင်းအရာ ။ ။ **ဝန်ဆောင်သံဃအဖွဲ့နှင့် ခုံအဖွဲ့တို့၏ ဖြစ်ရပ်မှန်ကို သိရန်။**

ဒါယကာကြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၌ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်စဉ် ၁၃၂၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့၌ ဆရာတော်မေတ္တာရပ်ခံသည့်အတိုင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ဝန်ဆောင်သံဃအဖွဲ့အား ကူညီတောင်းဆိုပေးခဲ့ဖူးကြောင်း သတင်းစကား ကြားသိရပါသည်။

ဝန်ဆောင်သံဃအဖွဲ့ကလည်း ဆရာတော်၏ တောင်းဆိုလျှောက်ထားချက်သည် ဆဋ္ဌသင်္ဂါယနာ၏ ရည်မှန်းချက်နှင့် ကိုက်ညီသည့်အပြင် သာသနာတော်သန့်စင်ရန် အကောင်းဆုံး နည်းလမ်းလည်းဖြစ်၍၊ လက်ခံကာ **ဝိနိစ္ဆယချမှတ်ပြီး ခုံအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။**

သို့သော်လည်း၊ ၎င်းခုံအဖွဲ့ဝင် ပဓာနဆရာတော်ကြီးများ ဖြစ်ကြသည့် မဟာစည်ဆရာတော် နှင့် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်တို့ **ခုံအဖွဲ့မှ နုတ်ထွက်သွားကြပြီ ဖြစ်ကြောင်း**၊ ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးဆောင်ဆရာတော်တို့ ပြောကြားချက်အရ သိရပါသည်။

သို့ဖြစ်ပါလျက်လည်း၊ ယနေ့အထိ ဝန်ဆောင်သံဃအဖွဲ့က ၎င်းကိစ္စနှင့်ပတ်သက်၍ **တစ်စုံတစ်ရာဆောင်ရွက်အရေးယူမှုကို** မသိရပါ။ ကူညီနိုင်လျှင် ကူညီစေချင်ပါသည်။

မိတ္တူကို -
၁။ ၂၃-ခုနှစ်၊ ဝန်ဆောင်သံဃအဖွဲ့အား လျှောက်လွှာ
၂။ ၂၃-ခုနှစ်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အား မေတ္တာရပ်ခံလွှာ
၃။ ၂၅-ခုနှစ်၊ ဝန်ဆောင်သံဃအဖွဲ့အား လျှောက်လွှာ

ဦးမေဓိယာဘိဝံသ
ဆရာတော် ဦးမေဓိယာဘိဝံသ
နယားကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်
မန္တလေးမြို့၊ မန္တလေးတိုင်း။

ဗဟုသုတပကာသနီ စာမျက်နှာ - ၇၃။

## ( ၉ ) ဦးလှမောင်( စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်)ထံပေးစာ

သို့

ဦးလှမောင် (စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်)
ကမ္ဘာအေး၊ ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊
နေ့စွဲ - မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်၊
၁၇-၅-၁၉၆၃ ခုနှစ်၊ သောကြာနေ့။

မေတ္တာရပ်ခံအပ်ပါသည်။

အကြောင်းအရာ ။ ။ **ဝန်ဆောင်သံဃအဖွဲ့အား တောင်းဆိုချက်ကို ကူညီတောင်းဆိုပေးပါရန်။**

မြန်မာသက္ကရာဇ် ၁၃၂၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့၌ ဝန်ဆောင်သံဃအဖွဲ့အား လျှောက်ထားတောင်းပန်သည့်အတိုင်း၊ ဝန်ဆောင်သံဃအဖွဲ့က မဟာစည်ဆရာတော်၊ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်တို့ ပါဝင်စေလျက် ဝိနိစ္ဆယခုံအဖွဲ့ကို ဝိနိစ္ဆယချမှတ်ပြီး ဖွဲ့စည်းပေးခဲ့ပါသည်။

သို့သော်လည်း၊ ၎င်း မဟာစည်ဆရာတော်၊ အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်တို့ ခုံအဖွဲ့မှ နုတ်ထွက်သွားကြပြီဖြစ်ကြောင်း၊ ၂၄-ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက် နေ့၌ ဥက္ကဋ္ဌ ဆရာတော်, အကျိုးဆောင် ဆရာတော် တို့ ပြောကြားချက်အရ သိရပါသည်။

သို့ဖြစ်ပါလျက်လည်း၊ ယနေ့အထိ ဝန်ဆောင်သံဃအဖွဲ့က ၎င်းကိစ္စနှင့်ပတ်သက်၍ **တစ်စုံတစ်ရာ ဆောင်ရွက်အရေးယူမှုကို မသိရပါ။**

ထို့ကြောင့် သာသနာတော်၌ ဖြစ်ပေါ်နေသည့် အန္တရာယ်ကို ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် ဝန်ဆောင်သံဃအဖွဲ့အား တောင်းဆိုချက်ကို **ကူညီတောင်းဆိုပေးပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

မိတ္တူများ -

၁။ ၂၃-ခုနှစ်၊ ဝန်ဆောင်သံဃအဖွဲ့အား လျှောက်လွှာ
၂။ ၂၃-ခုနှစ်၊ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့အား မေတ္တာရပ်ခံလွှာ
၃။ ၂၅-ခုနှစ်၊ ဝန်ဆောင်သံဃအဖွဲ့အား လျှောက်လွှာ

ဦးမေဓိယာဘိဝံသ
ဆရာတော် ဦးမေဓိယာဘိဝံသ
နယားကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်
မန္တလေးမြို့၊ မန္တလေးတိုင်း။

ဗဟုသုတပကာသနီ စာမျက်နှာ - ၇၃။

**ဘဒ္ဒန္တ မေဓိယာဘိဝံသ**

**(အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓဇမဟာရဋ္ဌဂုရု)**

နိုင်ငံတော် သံဃမဟာနာယက

နယားကျောင်း ၊ ဘုရားကြီးတိုက် ၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေး ။

ဖုန်း - ၀၂ - ၂၇၀၀၃

စာအမှတ် ----------  ခုနှစ် ၊ ၁၃၅ ခု ၊ -------------- လ ----- ရက် ။

## (၁၀) မစိုးရိမ်ဆရာတော်ကို ဥက္ကဋ္ဌပြု၍ စည်းဝေးသော ဝန်ဆောင်သံဃာအစည်းအဝေး၌ လျှောက်ထား တောင်းပန်လွှာ

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ ခရစ်နှစ် ၂၈-၆-၁၉၆၃ ခုနှစ်၊ သောကြာနေ့တွင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၌ မစိုးရိမ်ဆရာတော်ကို ဥက္ကဋ္ဌပြု၍ စည်းဝေးသော ဝန်ဆောင်သံဃာအစည်းအဝေး၌ လျှောက်ထားတောင်းပန်လွှာ -

(က) တပည့်တော် ဆက်ကပ်ထားသော ပုဒ်များကို မှုတင် ထိုက်, မထိုက် ဆုံဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်ကို ရွေးချယ်ပေးပါရန်၊

(ခ) ၎င်း ပုဂ္ဂိုလ်ထံ တပည့်လျှောက်ထားလိုသည့် အချက်အလက်ကို ပုဒ်စဉ်အတိုင်း လျှောက်ထားခွင့်ရစေ၍၊ သဘောကွဲလွဲရာ၌ ၎င်းပုဂ္ဂိုလ်က ပုဒ်စဉ်အတိုင်းစာရေး၍ ဝိနိစ္ဆယ ချမှတ်ပေးပါရန်၊

(ဂ) လက်ခံပြီး, လက်ခံဆဲ, လက်ခံလတ္တံ့ပုဒ်များကို တပည့်၏ မျက်မှောက်၌ အစီအစဉ်လုပ်၍၊ တပည့်နှင့် ဥက္ကဋ္ဌ ဆရာတော်, အကျိုးဆောင် ဆရာတော်တို့က မှုအဖြစ် သိမ်းဆည်းထားကြလျက် စာပြင်မှူးချုပ် လစ်သိုတာဝန်ခံ စာပြင်ဌာနများသို့ ဆဋ္ဌစာမူတို့၌ မချွတ်ထည့်သွင်းရမည့်ပုဒ်များ အဖြစ်ဖြင့် ပေးပို့ပေးပါရန်၊

(ဃ) အထက်ဖော်ပြပါ (က, ခ, ဂ) အချက်များကို တရားဝင်ဖြစ်အောင် ဝန်ဆောင်သံဃာအဖွဲ့က ဆောင်ရွက်ပေးပါရန် ရိုသေစွာလျှောက်ထား တောင်းပန်အပ်ပါသည် ဘုရား ။ ။

ပုံ
မေဓိယ
နယားကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## (၁၁) စုံစမ်းစစ်ဆေးရေးကော်မတီ အတွင်းရေးမှူးထံပေးစာ

သို့

အတွင်းရေးမှူး
စုံစမ်းစစ်ဆေးရေးကော်မတီ
ဗုဒ္ဓသာသနာ့အဖွဲ့ရုံး
ကမ္ဘာအေး၊ ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၀၇-ခုနှစ်၊
နေ့စွဲ - မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊
၄-၁၀-၁၉၆၃ ခုနှစ်၊ သောကြာနေ့။

မေတ္တာရပ်ခံအပ်ပါသည်။

အကြောင်းအရာ ။ ။ **ကူညီတောင်းဆိုပေးပါရန်။**

နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့သည် အစိုးရ၏ လက်အောက်ခံအဖွဲ့ဖြစ်ပါသည်။ ယဉ်ကျေးသောနိုင်ငံများ၌ အစိုးရတို့သည် ရာဇဝတ်ကောင်များကိုပင် ပြောဆိုခွင့်ပေးကြသည်သာမက၊ လိုအပ်လျှင် ရှေ့နေ, ရှေ့ရပ်များကိုပင် အစိုးရက ငွေးရမ်း၍ ပေးရသည့်အထိ လူ့အခွင့်အရေးကို ဦးစားပေးလျက် အုပ်ချုပ်ကြပါသည်။ စီရင်ဆုံးဖြတ်ရာ၌လည်း အရေးကြီးသော ကိစ္စရပ်များကို စာရေး၍ ဆုံးဖြတ်ခြင်းသည် ယနေ့အထိ ကမ္ဘာမှာ ကျင့်သုံးကြသည့် သဘာဝကျ မှန်ကန်သော ထုံးတမ်းစဉ်လာဖြစ်ပါသည်။ ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့အား ဆရာတော်၏ တောင်းဆိုချက်ကို ကူညီတောင်းဆိုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆရာတော် ဦးမေဓိယာဘိဝံသ
နယားကျောင်း
ဒက္ခိဏာရာမ ဘုရားကြီးတိုက်
မန္တလေးမြို့၊ မန္တလေးတိုင်း။

ဗဟုဿုတပကာသနီ စာမျက်နှာ - ၇၉။

## (၁၂) လျှောက်လွှာ, မေတ္တာရပ်ခံစာပေးပို့ခြင်း (အကျဉ်း) နှင့် မစိုးရိမ်ဆရာတော်ကြီးအား ကျေးဇူးတင်လွှာ

ဆဋ္ဌသင်္ဂါယနာစာမူတို့၌ အပြစ်များစွာတွေ့ရှိရသည့်အတွက် ဝိနိစ္ဆယခုံအဖွဲ့ ဖွဲ့ပေးပါရန် အောက်ပါ ပုဂ္ဂိုလ်များထံ မြန်မာသက္ကရာဇ် ၁၃၂၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက်၊ မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ မြန်မာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ သီကင်းကျွတ်လပြည့်ကျော် (၂)ရက်၊ ရက်စွဲတို့ဖြင့် လျှောက်လွှာနှင့် မေတ္တာရပ်ခံစာများကို ပေးပို့ခဲ့ပါသည်။

၁။ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်အဖွဲ့၊
၂။ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၊
၃။ ဦးသိန်းမောင် (နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ဥက္ကဋ္ဌဟောင်း)၊
၄။ ဦးလှမောင် (စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်)၊
၅။ စုံစမ်းစစ်ဆေးရေးကော်မတီ (အတွင်းရေးမှူး)၊
၆။ မစိုးရိမ်ဆရာတော် (ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌ)၊

ယင်းလျှောက်လွှာနှင့် မေတ္တာရပ်ခံစာတို့ကို အသီးသီး ပေးပို့ခဲ့သော်လည်း၊ အကြောင်းမထူးခြားလှ၍ သာသနာတော်အတွက် **"ပိဋကဝိသောဓနီ"** စသော ကျမ်းစာအုပ်များကို ရေးသားပါသည်။

မြန်မာသက္ကရာဇ် ၁၃၂၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် –

၁။ ဆဋ္ဌ အမေးဆရာတော် ဘဒ္ဒန္တ သောဘဏ (မဟာစည်) နှင့်
၂။ ဆဋ္ဌ အဖြေဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ တို့ကို

ခုံအဖွဲ့ဝင် ဆရာတော်များ အဖြစ်ဖြင့် ခုံဖွဲ့ပေးခဲ့ပါသည်။

ခုံအဖွဲ့ဝင်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက **"ဦးမေဓိယာက စိစိစစ်စစ်လုပ်ထားတာ တပည့်တော်တို့ စာမကြည့်ရသေးဘူး၊ နယုန်လလောက်ကြတော့ အလုပ်လုပ်ကြတာပေါ့၊ ဦးမေဓိယ မရှိလဲ ပင့်တာပေါ့"** ဟု ပြောပြီး၊ မြန်မာသက္ကရာဇ် ၁၃၂၄–ခုနှစ်၊ နယုန်လအထိ ရွှေ့ဆိုင်းလိုက်သည်။ ရွှေ့ဆိုင်းလိုက်ပြီး နယုန်လကုန်၊ ဝါဆိုလအထိ အလုပ်မလုပ်ကြသေးပါ။ ခုံအဖွဲ့ဝင် ဆရာတော်များ ဘာမျှအလုပ် မလုပ်ကြ၍ ခုံအဖွဲ့ဝင်ဆရာတော်များ အလုပ်လုပ်ကြရန် စာရေးလျှောက်ထားရာ – ဦးဝိစိတ္တသာရာဘိဝံသက **"မနိုင်ဝန်မထမ်းပါရစေနဲ့"** ဟု စာရေးပြီး ခုံအဖွဲ့မှ နုတ်ထွက်ကြောင်း သိရပါသည်။ သုံး, လေးရက် ရှိသောအခါ ဆရာတော် ဦးသောဘဏ (မဟာစည်)ကလည်း ခုံအဖွဲ့မှ နုတ်ထွက်သွားပါသည်။

ထိုသို့ ခုံအဖွဲ့ပျက်သွားသဖြင့် ခုံထပ်ဖွဲ့ပေးပါရန် လျှောက်ထားပြန်ရာ – **အဆိုပါဆရာတော် နှစ်ပါးကိုပင် ခုံထပ်ဖွဲ့ပေးပါသည်။** မိမိ (နယားဆရာတော်) နှင့် ခုံအဖွဲ့ဝင် ဆရာတော်တို့ သုံး, လေးလကြာ ဆွေးနွေးကြရာ မပြီးပြတ်သဖြင့် နောက်ထပ် ခုံအဖွဲ့တစ်ခုကို ဖွဲ့စည်းပေးပါသည်။ နောက်ထပ်ဖွဲ့သော ခုံအဖွဲ့ဝင် ဆရာတော်များ ဆုံးဖြတ်ရန် ပင့်လျှောက်မှု မရှိပါ။ ကျိန်းကျေ ဝတ်ကုန် လူကြားကောင်းအောင် ဖွဲ့ပေးသော ခုံအဖွဲ့သာ ဖြစ်ပါသည်။ ယင်းခုံအဖွဲ့အား လျှောက်ထားခွင့်ပြုရန် စာဖြင့် တင်ပြသော်လည်း ဦးဝိစိတ္တသာရာဘိဝံသက လျှောက်ထားခွင့် မပေးနိုင်ဟု ပယ်ချလိုက်ပါသည်။

ထို့နောက် ဆဋ္ဌဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် ဦးသူရိယာဘိဝံသ (အဘိဓဇ) ထံ လျှောက်ထားရာ မစိုးရိမ်ဆရာတော်၏ အမိန့်အရ လျှောက်လွှာများကို ဆဋ္ဌဝန်ဆောင် ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်ရာ မစိုးရိမ်ဆရာတော်က ဦးပဥ္စင်းတစ်ပါးအား အဖတ်ခိုင်းပြီး၊ လက်မခံနိုင်စရာ မရှိပါဘူးဟု ပြောပြီးနောက် ဆရာ ရေးထားသော ဝိနိစ္ဆယများကို တင်ပြရာ အမိန့်ရှိသဖြင့် ဝိနိစ္ဆယများကို တင်ပြနေတုန်း အကျိုးဆောင် ဆရာတော် ဦးဝိသုဒ္ဓ မစိုးရိမ်ဆရာတော်ထံ လာသဖြင့် **"ဆရာတော် ဦးမေဓိယာဘိဝံသကလည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့ကို စင်ကြယ်စေချင်တယ်၊ ဆရာတို့ကလည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့ကို စင်ကြယ်စေချင်တယ်။ ငါ့ကလည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့ကို စင်ကြယ်စေချင်တယ်။ လူထုကလည်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့ကို စင်ကြယ်စေချင်တယ်"**။ ဒါကြောင့် ဦးမေဓိယ လျှောက်လွှာကို လက်ခံလိုက်ကြောင်း အမိန့်ရှိသဖြင့် အကျိုးဆောင်ဆရာတော် ဘာမျှ မလျှောက်ထားတော့ဘဲ ပြန်သွားကြောင်း ဥက္ကဋ္ဌ (မစိုးရိမ်) ဆရာတော်က မိမိ (နယားဆရာတော်) အား ပြောပြ၍ သိရပါသည်။

"ဆင္ဒသင်္ဂါယနာ ဝန်ဆောင် ဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် ဦးသုရိယာဘိဝံသ (အဘိဓဇ) က မစိုးရိမ်တိုက်ဟောင်းမှ အာဂမနယူပဒေသကျောင်း ဆရာတော် ဦးဝိစိတ္တာဘိဝံသအား မိမိ (နယားဆရာတော်)၏ စာမူ ဝိနိစ္ဆယများကို ကြည့်ရှုစေခိုင်းရာ ဆရာတော် ဦးဝိစိတ္တာဘိဝံသက ဦးမေဓိယ၏ အဆုံးအဖြတ်သည် ဗျာကရဏ်းကျမ်း၊ ပါဠိ အဘိဓာန်ကျမ်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့နှင့်အညီ ရေးသားထားသဖြင့် ကောင်းမွန်တိကျမှန်ကန်ကြောင်း၊ ပယ်စရာ မရှိကြောင်း၊ တပည့်တော်တို့ မှုကွဲတွေကို ကြည့်ရှုရသော်လည်း အရေးမကြီးဟု ထင်မြင်မိပါသည်။ သူ့အဆုံးအဖြတ် ကြည့်ရမှ အရေးကြီးကြောင်းသိရပါသည်။ သူ့ဝီရိယကိုလည်း ချီးမွမ်းပါသည်ဟု လျှောက်ထားကြောင်း" ဆရာတော်ကြီး၏ ပြောပြချက်အရ သိရှိရပါသည်။

အဆုံးအဖြတ်ပြီးသောအခါ၊ မိမိ (နယားဆရာတော်) ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင် ဥက္ကဋ္ဌ မစိုးရိမ် ဆရာတော်ကြီး ထံသွားရာ ဆရာတော်ကြီးက – တစ်နေ့က အကျိုးတော်ဆောင် ဆရာတော် (ဦးဝိသုဒ္ဓ) လာလို့ **"ပြင်သင့်ရာကိုပြင်ပါ"** ဟူသော အမိန့်နှင့်တကွ ဆရာ့ ဝိနိစ္ဆယများကို အကျိုးတော်ဆောင် ဆရာတော်အား ပေးလိုက်ကြောင်း အမိန့်ရှိပါသည်။

ဆဋ္ဌဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ဆရာတော်ဘုရားကြီးအား သာသနာ့အကျိုးအတွက် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးသောကြောင့် အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

၊ ဗဟုသုတပကာသနီ စာမျက်နှာ – ၈၀၊ ၈၁။

## (၁၃) ရိုးရာမပစ် အမှန်ချစ်၍ စိစစ်ဆုံးဖြတ်သောကျမ်းဖြစ်ကြောင်း ဂန့်ဂေါမြို့နယ်၊ မြင်သားတောရကျောင်း ဆရာတော်၏ ထောက်ခံလျှောက်ထားလွှာ

ဆရာတော် ဦးမေဓိယာဘိဝံသ
နယားကျောင်း၊ ဘုရားကြီးတိုက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

သာသနာတော်နှစ် ၂၅၂၈–ခုနှစ်၊
နေ့စွဲ – မြန်မာသက္ကရာဇ် ၁၃၄၆–ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်၊
၂၈–၈–၁၉၈၄ ခုနှစ်၊ အင်္ဂါနေ့။

ရှိသေစွာ လျှောက်ထားပါသည်ဘုရား –

ညောင်ရမ်း ပါဠိတက္ကသိုလ်၊ မိုးကောင်းတိုက် ဦးပဥ္စင်း ဦးသုစိဏ္ဏ မှတစ်ဆင့် ချီးမြှင့်လှူဒါန်းတော်မူလိုက်သော ဆရာတော်ဘုရား၏ **"ပိဋကဝိသောဓနီ"** ကျမ်းစာအုပ်ကို ၂၉–၇–၈၄ နေ့က ရရှိ၍ လွန်စွာဝမ်းမြောက်ရပါသည်ဘုရား။ ပါဠိစာပေနယ်၌ သက္ကတအရိပ် တစ်စ, တစ်စ လွှမ်းမိုး အုပ်ဖုံးလာနေရာ၊ "ဉဏ" ကို "ဉာန" ဟု အချို့ပုဂ္ဂိုလ်များ ရေးလာသည့်အထိ ဖြစ်ပါသည်။ တပည့်တော်သည်ပင် "ပနဏ္ဏပစ္စေကသစ္စော" ဟူသော ပါဠိ၊ "ပနဒ္ဓိတ္တာတိပနဏ္ဏော" ဟူသော ရှုပသိဒ္ဓိတို့၌၊ ပ (ပြ) ဉပသဂ္ဂနောင်ဖြစ်၍၊ "ပဏ္ဏ" အမှန်ဟု သက္ကတဆန်သော ဆရာကြီးများ၏ အဆုံးအဖြတ်ကို နားယောင်လိုက်ပါ မိပါသေးသည်။ ပနဒ်သာမိ၊ ပနဒနံ – စသည် ဆရာတော်ထောက်ပြသော ပုဒ်တို့ကို ကြည့်ရှုသုံးသပ်မှသာ၊ ပါဠိဘာသာအလို "ပနဏ္ဏ" အမှန်ဖြစ်ကြောင်း သံသယမရှိ သိမြင်လာရပါတော့သည် ဘုရား။

သို့ဖြစ်၍ ဆရာတော်စီရင်သော ကျမ်းစာအုပ်သည် ပိဋက ကျမ်းဂန်တို့တွင် ရိုးရာအမှန် ပါဠိပုံစံ ပျက်ယွင်းခြင်းမှ ကယ်တင်စောင့်ရှောက်သောကျမ်း၊ ရိုးရာမပစ် အမှန်ချစ်၍ စိစစ်ဆုံးဖြတ်သောကျမ်းဖြစ်ကြောင်း တွေ့မြင်သိရှိရပါသောကြောင့် –

ပါဝါစနာ နရက္ခန္တိ၊ ယံ ပိဋကဝိသောဓနီ၊
အသုဒ္ဓသုဒ္ဓသောန္တိ၊ သာသန ဟိတာကာရိနီ။
ဤသို့ အားရရွှင်မြူး ဥဒါန်းကျူးရင့်မိပါသည်ဘုရား။

ဗဟုဿုတပကာသနီ စာမျက်နှာ - ၆၆။
ပိဋကဝိသောဓနီ စာမျက်နှာ - ၄၂၇။

**မှတ်ချက် –**

မြန်မာသက္ကရာဇ် ၁၃၄၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက်၊
ခရစ်နှစ် ၂၅–၁၀–၁၉၈၄ ခုနှစ်၊ ကြာသပတေး နေ့တွင်
လက်ခံရရှိသည်။

(ဒီပဓဇ)
မြင်သားတောရ၊ ပါဠိသိပ္ပံ
မြင်သားရွာ၊ ဂန့်ဂေါမြို့။

---

## ပုံနှိပ်မှတ်တမ်း

**ဓမ္မဒါန ဖြန့်ဝေသည်**

| | | |
|---|---|---|
| အကြိမ်၊ အရေအတွက် | – | ပထမအကြိမ်၊ ၁၀၀၀။ |
| သာသနာတော်နှစ် | – | ၂၅၅၂ ခုနှစ်၊ |
| ခုနှစ်၊ လ၊ ရက် (မြန်မာ) | – | ၁၃၇၀ ခုနှစ်၊ |
| ခုနှစ်၊ လ၊ ရက် (ခရစ်) | – | ၂၀၀၉ ခုနှစ်၊ |
| တန်ဖိုး | – | ၇,၀၀၀/– ကျပ်၊ |
| ကွန်ပျူတာစာစီ | – | ရန်လင်းနိုင် (FMI Co., Ltd.) |
| Digital Graphic Design | – | ကိုရဲ (မန္တလေးမြို့)၊ Eagle (Yangon) |
| အတွင်းစာသားဖလင် | – | Eagle (Yangon) |
| အတွင်းအပြင်အဆင် | – | ရန်လင်းနိုင် (FMI Co., Ltd.) |
| ဓာတ်ပုံမှတ်တမ်း | – | ရိုရိုဓာတ်ပုံ စတူဒီယိုနှင့်ဗီဒီယို၊ ၈၁–လမ်း၊ ၃၀× ၃၁–လမ်းကြား၊ မန္တလေးမြို့။ |
| စာအုပ်ချုပ် | – | ဦးညီညီ၊ ကြယ်တံခွန်၊ ၈၂–လမ်း၊ ၃၄–လမ်း၊ မန္တလေးမြို့။ |
| တာဝန်ခံစီစဉ်ပုံနှိပ်သူ | – | ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)၊<br>၁) အမှတ်–၁၀၀၊ အခန်း–၉၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉ ၈၅၅ ၀၈၁၉။<br>၂) အမှတ်–၅/၃၊ မြနန္ဒာလမ်း၊ ၂၆× ၂၇–လမ်းကြား၊ ၆၂× ၆၃ လမ်းကြား၊ အောင်တော်မူ၊ မန္တလေးမြို့၊ စာပို့သင်္ကေတ(၀၅၀၇၂)။ |
| အတွင်းစာသားပုံနှိပ် | – | နီလာအော့(ဖ်)ဆက်၊ ၈၀× ၈၁ လမ်းကြား၊ ၂၆× ၂၇ လမ်းကြား၊ မန္တလေးမြို့။ |
| မျက်နှာဖုံးပုံနှိပ် | – | ဝင်းစတားပုံနှိပ်တိုက်၊ ၃၅× ၃၆ လမ်းကြား၊ ၈၀–လမ်း၊ မန္တလေးမြို့။ |

## (၁၄) သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ လျှောက်ထားလွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန စာအမှတ်
သာသနာတော်နှစ် ၂၅၄၀–ပြည့်နှစ်၊
မြန်မာသက္ကရာဇ် ၁၃၅၈–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊
ရက်စွဲ – ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်၊ အင်္ဂါနေ့။

ဆက်ကပ်ပါရန်
ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နယားကျောင်း၊ ဘုရားကြီးတိုက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ရှိသေစွာလျှောက်ထားပါသည်ဘုရား –

ဆရာတော် ပေးပို့သည့်စာကို ကောင်းမွန်စွာ လက်ခံရရှိပါသည်။ ဆရာတော်ဘုရားနှင့် သက္ကတဆိုင်ရာများကို ပြိုင်ဆိုင် ဆွေးနွေးမည့်ပုဂ္ဂိုလ် မရှိပါသဖြင့် ဆရာတော်ဘုရား၏ ဆုံးဖြတ်ချက်အတိုင်း မာဂဓနေလောမ အရသာ တပည့်တော်များ ပြင်ဆင်ရိုက်နှိပ်မည် ဖြစ်ပါကြောင်း ရှိသေစွာ ပြန်ကြားလျှောက်ထားပါသည် ဘုရား။

(အုံမောင်)
ညွှန်ကြားရေးမှူးချုပ်

ဗဟုဿုတပကာသနီ စာမျက်နှာ – ၆၄။
ပိဋကဝိသောဓနီ စာမျက်နှာ – ၄၂၈။

---

## (၁၅) ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်စာ ရှင်းတမ်း

ခရစ်နှစ် ၁၉၉၆–ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက် နေ့စွဲပါ ညွှန်ကြားရေးမှူးချုပ် (ဦးအုံမောင်) စာတွင် –
**"ဆရာတော်ဘုရား၏ ဆုံးဖြတ်ချက်အတိုင်း မာဂဓနေလောမ အရသာ တပည့်တော်များ ပြင်ဆင် ရိုက်နှိပ်မည် ဖြစ်ပါကြောင်း"**

(က) တေရဟိ ဘန္တေ ဘိက္ခူ နာနာနာမာ နာနာဂေါတ္တာ နာနာဇစ္စာ နာနာကုလာ ပဗ္ဗဇိတာ၊
တေသကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ။ (ခုဒ္ဒကဝတ္ထု) ဝိ၊ ၄။ ၂၈၀။ (စူဠဝါပါဠိတော်)
န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ၊ အာပတ္တိ ဒုက္ကဋဿ။
အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုန္တိ။ ဝိ၊ ၄။ ၂၈၀။
ဆန္ဒသော အာရောပေမာတိ ဝေဒံ ဝိယ သက္ကတဘာသာယ ဝါစနာမဂ္ဂံ အာရောပေမ။ သကာယ နိရုတ္တိယာ တိဧတ္ထ သကာ နိရုတ္တိနာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော ဝေါဟာရော။ ဝိ၊ ဋ္ဌ၊ ၄။ ၅၆။

(ခ) တတြ ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ။

အဘိ၊ ဝိ၊ ၃၀၇။ အဘိ၊ ဋ္ဌ၊ ၂။ ၃၇၀ – ၁၊ ပဋိသံ၊ ဋ္ဌ၊ ၁။ ၄။

အထက်ပါ အဋ္ဌကထာတို့နှင့် သမ္မာသမ္ဗုဒ္ဓေါပိ တေ ပိဋကံ ဗုဒ္ဓဝစနံ တန္တိံ

အာရောပေန္တော မာဂဓဘာသာယဓေဝ အာရောပေသိ။ အဘိ၊ ဋ္ဌ၊ ၂။ ၃၇၂။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၅။

ဤပါဠိ အဋ္ဌကထာတို့အရ မြတ်စွာဘုရားသည် ပိဋကတ်သုံးပုံ ပါဠိတော်ကို **"မာဂဓဘာသာ"** ဖြင့်သာ ဟောတော်မူသည်။

သက္ကတဘာသာ စသည်ဖြင့် ဟောတော်မူသည် မဟုတ်ပေ။

မြတ်စွာဘုရား ဟောတော်မူသည့် မာဂဓဘာသာ အားလျော်စွာ ပြင်ဆင်ပုံနိုပ်ပါမည်ဟု ညွန်ကြားရေးမှူးချုပ် (ဦးအုံမောင်) က ဆိုလိုပါသည်။

ဖော်ပြထားသည့်အတိုင်း ဘုရားဟော ပါဠိတော်, ၎င်း အဖွင့်အဋ္ဌကထာ တိုက်ရိုက်ရှိနေပါလျက် –

**"သက္ကတ နလောမဝါဒ"** တစ်မျိုး တည်ထောင်ရဲသော ဆရာတော်တို့ကား ရဲရင့်ပေစွ၊ သတ္တိရှိပေစွ။

└─၊ ဗဟုဿုတပကာသနီ စာမျက်နှာ – ၆၅။

---

## (၁၆) သက္ကတာနလောမ မပြင်ရ

သက္ကတာနလောမဝါဒီ ဆရာတို့သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသည်တို့ကို သက္ကတာနလောမဖြစ်အောင် ပြင်ဆင်ပြီးနောက် သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း စသော ကျမ်းတို့၌ မာဂဓာနလောမပုဒ်ကို သက္ကတာနလောမ ဖြစ်အောင် ပြင်ကြသည်။

| | | |
|---|---|---|
| မာဂဓနလောမပုံစံ | – | **ဉာဏ၊ ဝဿံဝုတ္ထ၊ ပရာယဏ . . .** စသည်။ |
| သက္ကတာနလောမပုံစံ | – | **ဉာန၊ ဝဿံဝုဋ္ဌ၊ ပရာယဏ . . .** စသည် ပြုပြင်ကြပုံ။ |

သာသနာတော်၌ ဘယ်ခေတ်ကမှ ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသည်တို့၌ သက္ကတာနလောမဖြစ်အောင် ပြင်ဆင်မှု မရှိကြပေ၊ မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာခေတ်ကြမှ သက္ကတာနလောမဖြစ်အောင် ပြုပြင်ကြပေသည်။

ကမ္မဝါစာ၌ မာဂဓာနလောမပုဒ်ကို သက္ကတာနလောမပုဒ်အဖြစ် ရွတ်ဖတ်ကြလျှင် ထိုကံ မအောင်မြင် ပျက်စီးရလေသည်။

**ပဉ္စဟာကာရေဟိ အနုဿဝနတော ကမ္မာနိ ဝိပဇ္ဇန္တိ။** ဝိ၊ ၅။ ၁၈၃။

**ဿဝနံ ဟာပေတီတိ သဗ္ဗေန သဗ္ဗံ ကမ္မဝါစာယ အနုဿာဝနံ န ကရောတိ။ ပ။**

**အက္ခရံ ဝါ ဆဍ္ဍေတိ၊ ပဒံ ဝါ ဒုရုတ္တံ ကရောဟိ။ ဒုရုတ္တံ ကရောတီတိ ဓတ္ထ ပန အယံ ဝိနိစ္ဆယော။**

**ယော ဟိအညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊**

**အယံ ဒုရုတ္တံ ကရောတိ နာမ။** ဝိ၊ ဋ္ဌ၊ ၄။ ၂၄၆ – ၇။

ထို့ကြောင့်၊ ချို့ယွင်းဖောက်ပြန်စွာ ရေးသားထားသော ပုဒ်, ပါဌ်, အက္ခရာနှင့် ချို့ယွင်းဖောက်ပြန်စွာ သိအပ်သောအနက်သည် သာသနာတော် ပျက်စီးကြောင်း, ကွယ်ပကြောင်းဟု မြတ်စွာဘုရား အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောကြားတော်မူသည်။

└─၊ ဗဟုဿုတပကာသနီ စာမျက်နှာ – ၆။

## (၁၇) မိမိ (နယားဆရာတော်) က ဦးဝိစိတ္တသာရဘိဝံသအား မကျေနပ်သောအချက်များ

၁။ အလိုရှိသလို ဆုံးဖြတ်နိုင်သော ခုံအဖွဲ့မှ **"မနိုင်ဝန် မထမ်းပါရစေနဲ့"** ဟု စာရေးပြီး နုတ်ထွက်သည်။

၂။ **"မနိုင်ဝန် မထမ်းပါရစေနဲ့"** ဟု နုတ်ထွက်ပြီးနောက်၊ ခုံထပ်ဖွဲ့ရာတွင် ဦးဝိစိတ္တသာရာဘိဝံသ က ခုံအဖွဲ့ဝင် အဖြစ်ဖြင့် လက်ခံပြီး **ခုံအဖွဲ့တွင် ပါဝင်လုပ်ကိုင်သည်။**

သတိရှိရန်မှာ – သာသနာလင်္ကာရစာတမ်း (၁၄၄)၌ မဏိမဥ္ဇူကျမ်းကို ရေးသားစီရင်စဉ်၊ အမှားနှစ်ချက် ပြောပြနိုင်သော ဆရာတော်အား မဏိမဥ္ဇူဆရာတော်က – ကိုယ်တွင်သုံးသော ဒုကုဋ်ကို လှူဒါန်း၍ ထိုပုဂ္ဂိုလ် အလှူခံဝံ့အောင် **"ငါ့ရှင်ကို ငါလှူသည်မဟုတ်၊ ငါ့ရှင်ဂုဏ်ကိုသာ ငါ ပူဇော်သည်"** ဟု မိန့်တော်မူသည်။ ထို့နောက် ဘုရင်မင်းခေါင်အား ပြောကြားသဖြင့် ထို – အမှားပြောပြသော ရဟန်းတံဆိပ်တော် အလှူခံရသည်။

└── ဗဟုသုတပကာသနီ စာမျက်နှာ – ၈။

## (၁၈) အရှင်ဗုဒ္ဓဃောသအကြောင်း

အရှင်ဗုဒ္ဓဃောသအကြောင်း ရာဇဝင်၌ အလွန်ရှုပ်ထွေးသဖြင့် အကျယ်မရေးတော့ပေ။

အကျဉ်းမျှသာ ရေးသားပေအံ့ –

အရှင်ဗုဒ္ဓဃောသသည် သုဝဏ္ဏဘူမိ သထုံပြည်မှ ပိဋကတ်တော်ရေးကူးရန် သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူသည် ဟူ၍လည်းကောင်း၊ မဟာဗောဓိပင်အနီး ပုဏ္ဏားရွာမှ ပုဏ္ဏားမျိုးဖြစ်၍ မဇ္ဈိမဒေသမှ ပိဋကတ်တော်ရေးကူးရန် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည် ဟူ၍လည်းကောင်း၊ စကားနှစ်မျိုး ကွဲနေရာ မဇ္ဈိမဒေသမှ ပိဋကတ်တော်ရေးကူးရန် သီဟိုဠ်ကျွန်းသို့ ကြွသွားသည်ဟူသော နောက်စကား အမှန်ဖြစ်ဖွယ်ရှိသည်။

သာသနာတော်နှစ်–၉၀၀ ကျော်သည့်တိုင်အောင် ပိဋကတ်တော်ကို ရဟန်းတော်များ နှုတ်ဖြင့်သာ ဟောတော်မူကြသည်။ ဇမ္ဗူဒိပ်၌ ပိဋကတ်တော်ကို အက္ခရာဖြင့် မရေး မမှတ်ရသေး။ သာသနာတော်နှစ်–၂၃၆ ခုနှစ်သို့ ရောက်သေအခါ အရှင်မဟာမဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ဝဋ္ဋဂါမဏိမင်း စည်းစိမ် ခြောက်နှစ်တွင် ပရိယတ္တိ သာသနာတော်ကို ပေထက်အက္ခရာ တင်တော်မူသည်။

သီဟိုဠ်ကျွန်း မဟာဝိဟာရ ပဓာနဃရ၌ သံဃပါလထေရ်ထံ ထေရဝါဒနှင့်တကွ သီဟိုဠ်ဘာသာဖြင့်ထားသော အဋ္ဌကထာကို ကြားနာပြီးနောက် ရှေးဦးစွာ ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုသည်။ ဝိသုဒ္ဓိမဂ်ကျမ်းပြုပြီးနောက် အခြားအဋ္ဌကထာကို ပြုသည်။ ထို့နောက် ဓမ္မကထိက ပုဂ္ဂိုလ်တစ်ဦးသည် အဘိဓမ္မာပိဋကတ်ကို သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည်ကို မဟာနာမမင်းလက်ထက်တွင် အရှင်ဗုဒ္ဓဃောသ မာဂဓဘာသာ ပြန်ဆိုတော်မူခဲ့သည်။

└── အကျယ်ကို မှန်နန်းရာဇဝင်၊ စာပိုဒ်– ၁၂၂၊ စာမျက်နှာ – ၂၀၉ ကြည့်ပါ။

└── ဗဟုသုတပကာသနီ စာမျက်နှာ – ၆၇။

## (၁၉) (က) ပခန်းဆရာတော် မိန့်ဆိုချက် စာခက်စစ်ဆေးနည်း

* စာဆိုရှိလျှက် ၊ ဉာဏ်မသက် ၊ ခက်၏ဟူ၍မှတ်။
စာဆိုရှိလျှက် ၊ စာနေပျက် ၊ ခက်၏ဟူ၍မှတ်။
စာဆိုမညီ ၊ ဉာဏ်မမီ ၊ ခက်၏ဟူ၍မှတ်။

## ( ခ ) စာကြံနည်း၊ ယူဆနည်း

၁။ စာတတ်ချင်လျှင် စာထဲမှာ စာအတိုင်း သိအောင်ကြံ၊ စာအတိုင်းသိလျှင် တော်ရောပေါ့။

၂။ ဆရာနည်းကို စာနှင့်ညီမှ မှတ်ယူရမည်၊ စာနှင့်မညီလျှင် ဆရာနည်းကို စွန့်ပစ်ရမည်။

└── ဗဟုဿုတပကာသနီ နှာ − ၁။

## ( ဂ ) ဝိနိစ္ဆယ ချနည်း

အဆုံးအဖြတ်ရေးလိုလျှင် စပ်ဆိုင်သမျှစာပေကို စုဆောင်းရှာဖွေ၍ ရှေ့နောက်ကျမ်းချင်း မဆန့်ကျင်အောင် ညှိနှိုင်း၍၊ အနုအရင့် ထောက်ချင့်ပြီးလျှင် သာဓကအားကြီးရာကို လိုက်၍ ဆုံးဖြတ်ရမည်။

## ( ဃ ) စာတတ်လက္ခဏာ

ဆရာက အကျဉ်းပြောလျှင် အကျယ်ချဲ့၍ ယူဆနိုင်ခြင်း၊ အကျယ်ပြောလျှင် အကျဉ်းချုံး၍ မှတ်သားနိုင်ခြင်း၊ ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံလျှင် စာတတ်သည်ဟုမှတ်။

ပုခန်းဆရာတော်၏ မိန့်ဆိုယူဆချက်များ ပြီး၏။

## ( င ) စာတတ်သည်ကို စာတတ်မှန်း မသိသော မထေရ်

ရှင်အရိယဝံသကား ပင်းယစကားခုနစ်ကျောင်း ရဟန်းမြတ်တို့က ဆင်းသက်ခဲ့သော ပုဂံ ရှေ့သာသနာ၊ နောက်သာသနာ အနွယ်အဆက်ဝင်တည်း။ ထိုဆရာသည် ပင်းယစကား ခုနစ်ကျောင်းကပင် ပါဠိတော် စသည်ကို သင်ကြား၍၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ရွက်ခန့် အာဂုံဆောင်နိုင်ပါလျက် ကျမ်းဂန်တတ်သည်ဆိုသည့် သဘောကိုပင် မသိသေး၍ စစ်ကိုင်းအရပ်ဝယ် ကျမ်းဂန်တတ်သည့် ဆရာများအထံ နည်းနာခံမည်ဟု စစ်ကိုင်းသို့ ကူးလေသည်။

ရေငုံဆရာတော်ထံ စာဝါတောင်းမည်ဟု ဆည်းကပ်ရာ နှစ်ရက်တိုင်အောင် စကားပြောခွင့်မရ၊ သုံးရက်မြောက်သောနေ့၌ ရေငုံဆရာတော်ထံ စာဝါတောင်းမည်လာကြောင်း လျှောက်ထားရာ သင်ကြားလေ့ကျက်ဖူးသော ကျမ်းဂန်များကို မေးသောအခါ၊ မသင်ကြားမလေ့ကျက်ဖူးသော သင်ရိုးကျမ်းဂန်ပင် မရှိပြီ ဟု ပြောပြီး စာချရာ သုံးရက်သာစာသင်၍ မလာဘဲနေသဖြင့် ဆရာတော်ကမေးရာ စာတတ်သည်ကို သိသည့်အတွက် မလာကြောင်း လျှောက်ထားသည်။

└── သာသနာ လင်္ကာရ ၁၄၂။

└── ဗဟုဿုတပကာသနီ နှာ − ၂။

စာပေကိစ္စ ၊ မအားရလည်း၊
ဉာဏအလှူ ၊ အမြတ်ဟူ၍၊
ဖွေးဖြူစေတနာ ၊ ဖြန့်ဝေပါသည်၊
စိပ်ဖြာခွဲခြမ်း ၊ သိစေသောဝ်။



**(၂၀) သံဃိကကျောင်းများမှ အနွောသီမဌကရဟာန်းနှင့် ရက္ခိကဂေါပက ရဟာန်းတော်များကို ဖယ်ရှားပေးရန် နှင်ထုတ်ရာ၌ ဝိနည်းဒေသနာတော်နှင့်အညီ မှတ်စရပ်ချမှတ်ထားရန် တင်ပြခြင်းကိစ္စပါဘုရား။**

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သာသနာတော်နှစ် - ၂၅၂၉ ခုနှစ်၊
ကောဇာသက္ကရာဇ် - ၁၃၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇)ရက်၊
ခရစ်နှစ် - ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်၊ ဗုဒ္ဓဟူးနေ့။

ဇမ္ဗူဒီပကျောင်းဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ (၄၇)ပါး စုံညီ တတိယအစည်းအဝေးသို့ အထွေထွေကဏ္ဍမှ တင်ပြလွှာပါ ဘုရား -

အကြောင်းအရာ။ **။ သံဃိကကျောင်းများမှ အနွောသီမဌကရဟာန်း နှင့် ရက္ခိကဂေါပက ရဟာန်းတော်များကို ဖယ်ရှားပေးရန် နှင်ထုတ်ရာ၌ ဝိနည်းဒေသနာတော်နှင်အညီ မှတ်စရပ်ချမှတ်ထားရန် တင်ပြခြင်း ကိစ္စပါဘုရား -**

အဘိဓဇမဟာရဋ္ဌဂုရု ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ ဘုရား -

**"ဝိနယောနာမ သာသနဿ အာယု"** ဟူသည့် နှင့်အညီ ဝိနည်းတရားတော်နှင့် စပ်လျဉ်း၍ လျှောက်ထား ခွင့်ပြုပါရန် ရှိသေစွာ ပန်ကြားလျှောက်ထားအပ်ပါသည် ဘုရား။

၁။ တပည့်တော် မေဓိယသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့တင်သွင်းသည့် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏ ငါးနှစ်တာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို ဖတ်ရှုလေ့လာရာတွင် ယင်း အစီရင်ခံစာ အခန်း(၉)ရှိ အတည်ပြုပြီးသော ဝိနိစ္ဆယ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း ခေါင်းစီးပါ စာမျက်နှာ - ၁၁၉၊ စာပိုဒ်ငယ် (၁၀) ၌ -

* **"သံဃိကကျောင်းများ၌ ရောက်ရှိနေထိုင်ဆဲသံဃာအား ဖယ်ရှားစေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ယင်းကဲ့သို့ သံဃိကကျောင်းမျိုးကို ဗဟိသီမဌကဂိုဏ်းသံဃာအား ရက္ခိတဂေါပက အဖြစ် ထိန်းသိမ်း စောင့်ရှောက်မှုပြုစေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မှတ်စရပ်ချမှတ် ထားသင့်သည်"** ဟု -

ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၅)ပါး စုံညီ ကောဒသမအစည်းအဝေးသို့ တင်ပြဆွေးနွေးတော်မူခဲ့ကြကြောင်း ဟူသော စကားရပ်ကို တွေ့မြင်ဖတ်ရှုရပါသည် ဘုရား။

၂။ ယင်းမှတ်စရပ် ချမှတ်ရေးကိစ္စကို ဆက်လက်၍ဆောင်ရွက်ခြင်း မပြုရသေးကြောင်း သိရှိရပါသဖြင့် ယင်းမှ တ်စရပ် ချမှတ်ရေးကိစ္စကို အမြန်ဖြစ်မြောက်စေရန်အတွက် တပည့်တော်အား ဉာဏ်မှီသလောက် လေ့လာ တင်ပြခွင့် ပြုတော်မူပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

၃။ မတာသန္တက ဂရုဘဏ်ပစ္စည်းများသည် စာတုဒ္ဒိသ သံဃိကပင် ဖြစ်ကြောင်းကို ဝိနည်းမဟာဝါ ပါဠိတော် စာမျက်နှာ ၄၂၀-၁။ ၌ -

* **"ဘိက္ခုသ္သ ဘိက္ခုဝေ ကာလင်္ကတေ သံဃောသာမီ ပတ္တစီဝရေ၊ အပိစ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ၊ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရု ပရိက္ခာရံ၊ တံ အာဂ တာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိက"န္တိ"**

ဟူ၍ -

ဟောတော်မူထားသည်ကို ဆရာတော်များ သိရှိတော်မူကြပြီး ဖြစ်ပါသည် ဘုရား။

၄။ ယင်းသံဃိက ကျောင်းတိုက်များ၌ အနုဋ္ဌာပနီယ ဓုဝဝါသတင်မြှောက်နည်းကို -

(က) **"သံဃေန ဒိန္နောတိ ဉာနာတိ"** ပါစိတ်ပါဠိတော် (၆၃)

(ခ) **"သံဃော ပန ဗဟုဿုတဿ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ ဗဟုပကာရဿ ဘာရနိတ္ထာရကဿ ဖာသုကံ အာဝါသံ အနုဋ္ဌာပနီယံ ကတွာဒေတိ"။** (ဝိ၊ ဋ္ဌ၊ ၃။ ၄၀၄)

* **"သံဃော ပနဘဏ္ဍာဂါရိကဿဝါ ဓမ္မကထိကဝိနယဓရာဒီနံဝါ ဂဏဝါစကအာစရိယဿ ဝါ ဗဟူပကာရတံ ဂုဏဝိသိဋ္ဌတဉ္စ သလက္ခေန္တော ဓုဝဝါသတ္ထာယ ဝိဟာရံ သမ္မန္နိတွာဒေတိ၊ တဿွာ ယဿ သံဃေန ဒိန္နော၊ သောပိ အနုဋ္ဌာပနီယော"။** (ဝိ၊ ဋ္ဌ၊ ၃။ ၄၆။ ကခ်ါ။ ၂၀၄)

(ဂ) **"ဗဟူပကာရတံ ဂုဏဝိသိဋ္ဌတဉ္စ သလက္ခေန္တောတိ ဘဏ္ဍာဂါရိကဿ ဗဟူပကာရတံ ဓမ္မ ကထိကာဒီနံ ဂုဏဝိတိသိဋ္ဌတဉ္စ သလက္ခေန္တော"။** (သာရတ္ထ၊ ၃။ ၃၀)

(ဃ) **"ဗဟူပကာရတန္တိ ဘဏ္ဍာဂါရိကတ္တာဒိ ဗဟုဥပကာရဘာဝံ။ န ကေဝလံ ဣဒမေဝါတိ အာဟ ဂုဏဝိသိဋ္ဌတဉ္စာ တိအာဒိ။ တေန ဗဟူပကာရတ္တေပိ ဂုဏဝိသိဋ္ဌတ္တာဘာဝေ, ဂုဏဝိသိဋ္ဌတ္တေပိ ဗဟူပကာရတ္တာဘာဝေ ဒါတုံ န ဝဋ္ဋတီတိ ဒဿေတိ"။**

**"သမ္မန္နိတွာတိ အပလောကနကမ္မေန သမ္မန္နိတွာ"။** (ကခ်ါ ဋီကာသစ်။ ၃၆၈)

(င) **"ဗဟုဿုတဿသံဃတာရနိတ္ထာရကဿ ဘိက္ခုနော အနုဋ္ဌာပနီယသေ နာသမနုမ္ပိ (လ) အပ လောက နကမ္မေန ဒါတုံ ဝဋ္ဋတိ"။** (ဝိ၊ ဋ္ဌ၊ ၄။ ၂၅၃။ ဝိ၊ သင်္ဂဟ။ ၄၀၃)

(စ) **"အပလောတနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံအာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံကမ္မံ"။**

(ဝိ၊ ဋ္ဌ၊ ၄။ ၂၄၃။ ဝိ၊ သင်္ဂဟ။ ၃၉၄။ ကခ်ါ။ ၂၅၅)

စသည်ဖြင့် ပြဆိုထားပါသည် ဘုရား။

၅။ ယင်းပါဠိ အဋ္ဌကထာ စကားရပ်များ၏ အဓိပ္ပာယ် အကျဉ်းချုပ်မှာ -

သံဃိကကျောင်းတစ်ခုသို့ (အဋ္ဌာသီမဋ္ဌက) ဥပစာရသိမ်အတွင်းသို့ ရောက်ရှိနေထိုင်သော ရဟန်းသံဃာ မှန်သမျှသည် သာမညအားဖြင့် စောင့်ရှောက်ခွင့်ရှိကြသည် ချည်းဖြစ်သော်လည်း ဓုဝဝါသ အနုဋ္ဌာပနီယ သာမိက္ကသရ အဖြစ် အစိုးတရပိုင်ဆိုင်လိုပါက အဋ္ဌောသီမဋ္ဌကသံဃာတော်များက ဗဟုပကာရတာ (ဘာရ နိတ္ထာရကတာ) ဂုဏ် ဂုဏဝိသိဋ္ဌတာ (ဗာဟုသစ္စ) ဂုဏ်အင်္ဂါနှစ်ပါး (သို့မဟုတ်)

* ဂုဏ်အင်္ဂါတစ်ပါးနှင့် ပြည့်စုံသော ရဟန်းအားအပ လောကနကံဖြင့် ဓုဝဝါသအနုဋ္ဌာပနီယအဖြစ် ပေးအပ်မှ သာလျှင် သာမိက္ကသရအဖြစ် အစိုးတရ စီမံခန့်ခွဲပိုင်ခွင့် ရရှိပါသည်ဘုရား။ အကယ်၍ ရဟန်းတော် နှစ်ပါး, သုံးပါး ဂုဏ်အင်္ဂါ တူမျှနေခဲ့သော် သိက္ခာဝါကြီးသော ရဟန်းတော်အား ဓုဝဝါသ အနုဋ္ဌာပနီယအဖြစ်

ပေးအပ်ထိုက်ကြောင်း စူဠဝါ ပါဠိတော်(၃၁၁)အရ ဝိနယာလင်္ကာရ ဋီကာ (၃၊ ၈၂) ၌ ဖွင့်ပြပါသည်ဘုရား။

* ဥပစာရသိမ် (ကျောင်းတိုက်) အတွင်း ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ရဟန်းတော်မရှိပါက ယင်းဥပစာရသိမ် (ကျောင်း တိုက်) အတွင်းသို့ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ရဟန်းတော် ကြွရောက်လာခဲ့သော် ယင်းရဟန်းတော်အား စုဝေါ သအနုဋ္ဌာပနီယအဖြစ် ပေးအပ်ထိုက်ကြောင်း ဝိနည်းမဟာဝါ ပါဠိတော်(၁၆၀) ယင်းအဋ္ဌကထာ (၃၄၂) ဝိနယ သင်္ဂဟ (၂၀၉)တို့နှင့် အညီ ဝိနယာလင်္ကာရဋီကာ (၃၊ ၈၂ – ၃) ၌ ဖွင့်ပြပါသည်ဘုရား။

သံဃထေရ် = (ပဓာနနာယက = ပုဂ္ဂိုလ်) သည် သဃိကကျောင်းကို ပေးအပ်လို၊ အပ်နှင်းလိုသည်ရှိသော် မိမိ အစိုးရသည်အဖြစ်ဖြင့် မပေးအပ်၊ မအပ်နှင်းသင့်ပေ။ သံဃာတော်က အင်္ဂယုတ္တ ရဟန်းတော်အား ပေးအပ်လို၍ သံဃာ့ထေရ်က အင်္ဂဝိယုတ္တ ရဟန်းတော်အား ပေးအပ်လိုခဲ့သော် သံဃာတော်က အဂတိမလိုက်၊ ပုဂ္ဂိုလ် (သံဃာ့ ထေရ်) ကသာ အဂတိလိုက်သောကြောင့် သံဃာတော်၏အလိုအားဖြင့် အင်္ဂယုတ္တရဟန်းတော်အား စုဝေါသ အနုဋ္ဌာ ပနီယအဖြစ် ပေးအပ်ထိုက်ကြောင်း၊

သံဃာတော်က အင်္ဂဝိယုတ္တရဟန်းတော်အား ပေးအပ်လို၍ ပုဂ္ဂိုလ် (သံဃာ့ထေရ်) အင်္ဂယုတ္တရဟန်းတော်အား ပေးအပ်လိုခဲ့သော် ပုဂ္ဂိုလ်သည်လည်း သံဃာတော်၌ အကျုံးဝင် သည်သာဟု နှလုံးပြု၍ ဓမ္မကမ္မကာရက ပုဂ္ဂိုလ်၏သာ အလိုအားဖြင့် စုဝေါသအနုဋ္ဌာပနီယအဖြစ် ပေးအပ် ထိုက်ကြောင်း သံဃာတော်၏ အလိုအားဖြင့် မပေးအပ်ထိုက်ကြောင်း ပါရာဇိကဏ် အဋ္ဌကထာ (၃။ ၂၆၁) နှင့် အညီ ဝိနယာလင်္ကာရဋီကာ (၃။ ၈၆–၇) ၌ ဖွင့်ပြပါသည်ဘုရား။ ဥပစာရသိမ် (ကျောင်းတိုက်) အတွင်း အင်္ဂ ယုတ္တရဟန်းတော်မရှိခဲ့သော် ဗဟိသီမဋ္ဌက အင်္ဂယုတ္တရဟန်းတော်ကိုပင့်ပြီး စုဝေါသ အနုဋ္ဌာပနီယ အဖြစ် ပေးအပ်ထိုက်ကြောင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကြီးတို့၌ ဟောပြဖွင့်ဆိုချက် မတွေ့မိပါဘုရား။

သို့ရာတွင်၊ သံဃိကကျောင်းတိုက်၌ စုဝေါသ အနုဋ္ဌာပနီယ ဂုဏ်ထူးရသော ရဟန်းတော်မရှိ ကင်းဆိတ် နေခဲ့သော် သာသနာတော်၏ အကျိုးစီးပွားကို လိုလားတောင်းတသော ဆရာတော်က အန္တောသီမဋ္ဌကရဟန်းတို့ကို တရားစကား တိုက်တွန်းဟောကြားပြီး၊ ဗဟိသီမဋ္ဌကအင်္ဂယုတ္တ ရဟန်းတော်ကို ဥပစာရသိမ် (ကျောင်းတိုက်) အတွင်း သွင်း၍ အန္တောသီမဋ္ဌကသံဃာတော်၏ အလိုအားဖြင့် စုဝေါသအနုဋ္ဌာပနီယအဖြစ် ပေးအပ်ထိုက်ကြောင်း ဝိယာ လင်္ကာရ ဋီကာ (၃။ ၈၇–၈) ၌ ဖွင့်ပြပါသည်ဘုရား။ အထက်ပါ ဋီကာဆရာဖွင့်ပြချက်အတိုင်း အန္တောသီမဋ္ဌက ရဟန်းတော်များက မလိုက်နာခဲ့သော် မည်သည့်အာပတ်သင့်ကြောင်း ဋီကာဆရာဖွင့်ပြချက် မရှိပါဘုရား။

**သတိပြုပါရန်**

(က) ဆောင်းနွေကာလ၊ ဝါပဉ္စ အမှတ်မရှိသော ကျောင်းတွင် ဗာလအဗျတ္တရဟန်းတို့ နေထိုင်ကြလျှင် ရဟန်း တစ်ပါးကို နေ့ချင်းပြန် ပါတိမောက်သင်ရန် စေလွှတ်ရမည်၊ မရခဲ့သော် ပဏ္ဍိတဗျတ္တ ရဟန်းတို့ နေထိုင်ရာ ကျောင်းသို့ ဥပုသ်ပြုရန် လခွဲတိုင်း၊ လခွဲတိုင်း သွားရမည်။ မသွားသော ရဟန်းတို့အား ဒုက္ကဋ် အာပတ် သင့်သည်။

(ခ) မိုးကာလဖြစ်ပါမူ ပါတိမောက္ခုဒ္ဒေသကရဟန်းနှင့်ကင်း၍ ဝါမကပ်သင့်၊ ဝါကပ်သောရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်သည်။ ဝါကပ်သော ရဟန်းတို့တွင် ပါတိမောက္ခုဒ္ဒေသက ရဟန်းသည် အရပ်တစ်ပါး ဖဲသွားသော် လည်းကောင်း၊ လူထွက်သော်လည်းကောင်း၊ ပျံလွန်တော်မူသော် လည်းကောင်း အခြား ပါတိမောက္ခုဒ္ဒေသက ရဟန်းရှိသော်သာ ပစ္ဆိမဝါကပ်သင့်သည်၊ ပါတိမောက္ခုဒ္ဒေသက ရဟန်းမရှိခဲ့သော် ပဏ္ဍိတဗျတ္တရဟန်းတို့ နေထိုင်ရာ အခြားကျောင်းသို့သွားရမည်၊ မသွားသော ရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်သည်၊ ပစ္ဆိမဝါ၌ ပါတိမောက္ခုဒ္ဒေသကရဟန်းသည် အရပ်တစ်ပါး ဖဲသွားသော် လည်းကောင်း၊ လူထွက်သော် လည်းကောင်း၊ ပျံလွန်တော်မူသော် လည်းကောင်း နှစ်လပတ်လုံး နေခွင့်ရှိသည်။

(ဝိနည်း မဟာဝါပါဠိတော် ၁၆၀–၁။ ၎င်း အဋ္ဌကထာ။ ၃၄၂–၃ ဝိနယသင်္ဂဟ။ ၂၀၉)။

အထက်ပါ ဝိနည်း မဟာဝါပါဠိတော်ဖြင့် ဗာလအဗျတ္တရဟန်းတို့သည် ပဏ္ဍိတဗျတ္တရဟန်းတို့ နေထိုင်ရာ ကျောင်းသို့သွား၍ ဥပုသ်ပြုရမည် ဟူ၍လည်းကောင်း၊ ပါတိမောက္ခုဒ္ဒေသက ရဟန်းနှင့်ကင်း၍ ဝါမကပ်ရ ဟူ၍ လည်းကောင်း, ပါတိမောက္ခုဒ္ဒေသကရဟန်း မရှိခဲ့သော် ပဏ္ဍိတဗျတ္တရဟန်းတို့ နေထိုင်ရာ အခြားကျောင်းသို့ သွားရောက်ရမည်၊ နေမြဲကျောင်း၌ မနေရဟူ၍ လည်းကောင်း ပညတ်တော်မူပါသည်။ ဗဟိ သိမဌကအင်္ဂါယုတ္တ ရဟန်းတော်ကိုပင့်၍ (သို့မဟုတ်)

သွင်း၍ ဓုဝဝါသ အနုဋ္ဌာပနီယအဖြစ် ပေးအပ်ရမည်ဟု ပညတ်တော် မမူပါဘုရား။

**ရှင်းလင်းချက်**

- အထက်ပါ (၄) (က) အမှတ်တွင် သံဃေနဒိန္နော၌ **သံဃေန** ပါဒ်ဖြင့် သံဃိကကျောင်း, ကျောင်းတိုက်များ၌ သံဃာတော်ကသာ ဓုဝဝါသ အနုဋ္ဌာပနီယအဖြစ် ပေးပိုင်ခွင့်ရှိကြောင်း၊ ဂိုဏ်းကသော်လည်းကောင်း, ပုဂ္ဂိုလ်ကသော်လည်းကောင်း ပေးပိုင်ခွင့်မရှိကြောင်း ပြပါသည်။
- အထက်ပါ (၄) (ဃ) (င) အမှတ်ပြ အဋ္ဌကထာ ဋီကာ တို့တွင် **အပလောကနကမ္မေန** ပါဌ်ဖြင့် သံဃာတော်က လည်း အပလောကနကံဖြင့်သာ ဓုဝဝါသအနုဋ္ဌာပနီယအဖြစ် ပေးပိုင်ခွင့်ရှိကြောင်း၊ အခြားနည်းဖြင့် ပေးပိုင်ခွင့် မရှိကြောင်း ပြပါသည်။
- အထက်ပါ (၄) (က) အမှတ်တွင် သံဃေန ဒိန္နော-၌ **ဒိန္နော** ပါဌ်ဖြင့်လည်းကောင်း၊ (၄) (ခ) (ဂ) (ဃ) (င) အမှတ်ပြ အဋ္ဌကထာတို့၌ **ဗဟုဿုတဿ** - စသော ပါဌ်တို့ဖြင့်လည်းကောင်း, သံဃာတော်က လည်းကောင်း ဖော်ပြအပ်ပြီးသော ဂုဏ်အင်္ဂါနှစ်ပါး (သို့မဟုတ်) ဂုဏ်အင်္ဂါတစ်ပါးနှင့် ပြည့်စုံသော ရဟန်းတော်အားသာ ဓုဝဝါသအနုဋ္ဌာပနီယ အဖြစ်ပေးပိုင်ခွင့်ရှိကြောင်း၊ အခြားရဟန်းတော်အား ပေးပိုင်ခွင့်မရှိကြောင်း ပြပါသည် ဘုရား။ သမု သမု ဒါယအားဖြင့်ကား **သံဃေန ဒိန္နော** - ပါဌ် ဖြင့် သံဃာတော်က အပလောကနကံဖြင့် အင်္ဂါ ယုတ္တ ရဟန်းတော်အား ဓုဝဝါသအနုဋ္ဌာပနီယ အဖြစ် ပေးအပ်မှသာလျှင် အပေးမြောက်ကြောင်း, တရားဝင်ကြောင်း, ခိုင်မြဲကြောင်း, တည်မြဲကြောင်း ဝိနည်းတော်နှင့် ညီညွတ်ကြောင်း ပြပါသည်ဘုရား။
- ထိုကဲ့သို့သော သံဃိကကျောင်းများ၌ ဓုဝဝါသအနုဋ္ဌာပနီယအဖြစ် ရရှိထားသော ကျောင်းထိုင်ပုဂ္ဂိုလ်ကို ကျောင်းတိုက်မှနှင်ထုတ်ရန် မဆိုထားဘိ၊ အနေအထိုင်ကျဉ်းကြပ်စေရန် အနီးကပ်တိုးဝှေ့နေထိုင်ခွင့်ပင် မရှိကြောင်း အနုပခဇ္ဇသိက္ခာပုဒ်၌ ပြဆိုထားသည်ကို ဆရာတော်များ သိရှိတော်မူပြီး ဖြစ်ပါသည်ဘုရား။

၆။ သို့ဖြစ်ပါ၍ သံဃိကကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ် သီတင်းသုံးနေထိုင်လျက်ရှိသော အဆိုပါ ရဟန်း တော်သည် ယင်း ကျောင်းတိုက်အတွင်း၌ စိုးပိုင်သည်ဖြစ်၍ ယင်းပုဂ္ဂိုလ်ကို ဗဟိသိမဌက သံဃာတော် များက သော် လည်းကောင်း, လူပုဂ္ဂိုလ်များကသော် လည်းကောင်း ဝိနည်း တရားတော်အရ နှင်ထုတ်ခြင်း မပြုနိုင်ပါဘုရား၊ အကယ်၍ နှင်ထုတ်ခြင်းပြုပါက ဝိနည်းတရားတော်နှင့် မညီဟု ဆိုရမည်ဖြစ်ပါသည်ဘုရား။

၇။ ယင်းသံဃိကကျောင်းတိုက်အတွင်း ဖြစ်ပေါ်လာသော ဝေဖန်ကောင်းသော လဟုဘဏ် ပစ္စည်းလာဘ်လာဘ များကို ဝေဖန်သုံးစွဲရာ၌ ဥပစာရသိမ်အတွင်းရှိ ရဟန်းတော်အားလုံး ဝေဖန်ရမည်ဖြစ်ကြောင်းကို -
**"အန္တောဥပစာရေ ဋ္ဌိတဿ"** တိဘာဇနီယဘဏ္ဍံ ပါပုဏာတိ။ သစေ ပန၊
**"အနာဂတဿဒေထာ"** တိ မဟာသဒ္ဒံကရောန္တိ၊ ဒဏ္ဍကမ္မံ ဋ္ဌပေတဗ္ဗံ၊
**"အာဂန္တွာ ဂဏှန္တု"** တိ ဝတ္တဗ္ဗံ။ (ဝိ၊ ဋ၊ ၄။ ၁၀၁။ ဝိ၊ သင်္ဂဟ။ ၂၇၆။)

**"ဘာစနိယဘဏ္ဍံ ဟိ နာမေတံ သမ္မတ္တသေယံ ပါပုဏာတိ၊ တတ္ထ သမ္မတ္တဘာဝေါ ဥပစာရေန ပရိဒ္ဓိနိတဗ္ဗော။ အာသနသာလာယ စ အန္တောပရိက္ခေပေါ ဥပစာရော၊ တသ္မိံ ဌိတဿ ပါပုဏာတိ"**

(ဝိ၊ ဋ္ဌ၊ ၄။ ၉၁။ ဝိ၊ သင်္ဂဟ။ ၂၆၆။)

* **"အသုကဝိဟာရေ ဗဟုဥဒ္ဒေသဘဏ္ဍံ ဥပ္ပန္နန္တိ သုတွာ ယောဇနန္တရိကဝိဟာ ရတောပိဘိက္ခူ အာဂစ္ဆန္တိ၊ သမ္မတ္တသမ္မတ္တာနံ ဌိတဋ္ဌာနတော ပဋ္ဌာယဂါဟေတဗ္ဗံ။ အသမ္မတ္တာနမ္ပိ ဥပစာရသီမံ ပဝိဋ္ဌာနံ အန္တောဝါ သီကာ ဒီသုဂတာနမ္ပိ ဂါဟာပေတဗ္ဗမေဝ။ ဗဟိဥပစာရသီမာယ ဌိတာနံ ဂါဟေထာ တိ ဝဒန္တိ၊ န ဂါဟာပေတဗ္ဗံ"။**

(ဝိ၊ ဋ္ဌ၊ ၄။ ၈၈-၉။ ဝိ၊ သင်္ဂဟ။ ၂၆၄။)

* **"ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန၊ အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ (လ) တသ္မာ သစေ ဝိဟာရေသန္နိပတိတဘိက္ခူဟိ သဒ္ဓိံ ဧကဗဒ္ဓါဟုတွာ ယောဇန သတမ္ပိ ပူရေတွာ နိသီဒန္တိ၊ ယောဇနသတမ္ပိ ဥပစာရသီမာဝ ဟောတိ။ သဗ္ဗေသံ လာဘော ပါပု ဏာတိ"။**

(ဝိ၊ ဋ္ဌ၊ ၃။ ၄၁၇။ ကင်္ခါ၊ ၁၅၉။ ဝိ၊ သင်္ဂဟ။ ၂၄၉။)

၈။ သံဃိကမြေကို ရှင်းလင်းသုတ်သင်၍ သံဃိကကျောင်း (သို့မဟုတ်) ပုဂ္ဂလိကကျောင်း ဆောက်လုပ်နေထိုင်ပါက ယင်းသံဃိကမြေကို ထိုရဟန်းသည်သာ ရက္ခိတဂေါပိတ စိုးပိုင်ကြောင်းကို ဖော်ပြလတ္တံ့ပါ အဋ္ဌကထာ ဋီကာ စကားရပ်များအရ သိသာထင်ရှားပါသည်ဘုရား။

* **"ဒွေ ဘိက္ခူ သံဃိကဘူမိံ ဂဟေတွာ သောဓေတွာ သံဃိကံ သေနာသနံ ကရောန္တိ၊ ယေနသာဘူမိပဋ္ဌမံ ဂဟိတာ၊ သောသာမီ၊ ဥဘောပိပုဂ္ဂလိကံ ကရောန္တိ၊ သောယေဝသာမီ"။**

(ဝိ၊ ဋ္ဌ၊ ၄။ ၈၅။ ဝိ၊ သင်္ဂဟ။ ၂၈၄။)

* **"သောသာမီတိတဿာ ဘူမိယာ ဝိဟာရကရဏေ သောဝသာမီ။ တံ ပဋိဗာဟိတွာ ဣတရေန ကတဗ္ဗန္တိ အဓိပ္ပါယော"။**

(ဝိမတိ၊ ၂။ ၂၄၈။ ဝိနယာလင်္ကာရဋီကာ၊ ၃။ ၅၀။)

၉။ သံဃိကမျိုးစေ့ (စပါး၊ ၄က်ပျော စသည်) တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးသည်ဖြစ်စေ၊ ပုဂ္ဂလိကမျိုးစေ့ (စပါး၊ ၄က်ပျော စသည်) တို့ကို သံဃိကမြေ၌ စိုက်ပျိုးသည်ဖြစ်စေ၊ မြေရှင်အားဆယ်ဖို့တစ်ဖို့သာ ပေးရကြောင်း အောက်ပါပါဠိ အဋ္ဌကထာ ဋီကာ တို့အရ ထင်ရှားပါသည်ဘုရား။

* သံဃိကာနိ ဗီဇာနိ ပုဂ္ဂလိကာယဘူမိယာရောပိတာနိ ဘာဂံဒတွာ ပရိဘုဉ္ဇိတဗ္ဗာနိ၊ ပုဂ္ဂလိကာနိ ဗီဇာနိ သံဃိကာယ ဘူမိယာ ရောပိတာနိဘာဂံ ဒတွာ ပရိဘုဉ္ဇိတဗ္ဗာနီတိ။

(ဝိနည်းမဟာဝါ ပါဠိတော်။ ၃၄၈။ ဝိ၊ သင်္ဂဟ။ ၄၆၂။)

* ဘာဂံ ဒတွာတိ ဒသဘာဂံ ဒတွာ။ ဣဒံ ကိရ ဇမ္ဗုဒီပေ ပေါရာဏကစာရိတ္တံ။ တသ္မာ ဒသကောဋ္ဌာသေကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၈၄။ ဒသဘာဂံ ဒတွာတိ ဒသမဘာဂံ ဒတွာ။ တေနေဝါဟ ဒသကောဋ္ဌာသေ ကတွာ ဧကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗောတိ။

(သာရတ္ထ၊ ၃။ ၃၃၃။ ဝိနယလင်္ကာရဋီကာ၊ ၃။ ၃၉၈။)

၁၀။ သံဃိက ကျောင်းတွင် ထိုထိုအရပ်ကိုကာရံ၍ ပရိဝုဏ်ပြုလုပ်ပြီးလျှင် ရဟန်းတို့ စောင့်ရှောက်ထားသော သစ်ပင်နှင့် သံဃိကကျောင်းအလယ်၌ သစ်ခက်တို့ဖြင့် ခြံရံ၍ ရဟန်းတို့ စောင့်ရှောက်ထားသော သစ်ပင်တို့သည် စောင့်ရှောက်ထားသော ရဟန်းတို့၏ ပုဂ္ဂလိကအရာ၌ တည်ပါသည်၊ တစ်ပါးသော ရဟန်းတို့ သုံးဆောင်ခွင့်မရပါ။ သို့ရာတွင် စောင့်ရှောက်သော ရဟန်းတို့က မြေရှင်သံဃာတော်အား ဆယ်ဖို့တစ်ဖို့ ပေးသင့်ကြောင်း အောက်ပါ အဋ္ဌကထာ တို့အရ ထင်ရှားပါသည်ဘုရား။

* သစေ ပနေတ္ထ တံတံ ဩကာသံ ပရိက္ခိပိတွာ ပရိဝေဏာနိကတွာ ဧဂ္ဂန္တိ၊ တေသံ ဘိက္ခူနံ ပုဂ္ဂလိကဋ္ဌာနေတိဌ္ဌန္တိ၊ အညေ ပရိဘုဥ္ဇိတုံန လဘန္တိ။ တေဟိ ပန သံဃဿ ဒသဘာဂံ ဒတွာ ပရိဘုဥ္ဇိတုံ န လဘန္တိ။ တေဟိ ပန သံဃဿ ဒသဘာဂံ ဒတွာ ပရိဘုဥ္ဇိတဗ္ဗာနိ။ ယောပိ မဇ္ဈေဝိ ဟာရေ ရက္ခံသာခါဟိ ပရိဝါရေတွာ ရက္ခတိ၊ တဿာပိ ဧသေဝ နယော။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၅၅။ ဝိ၊ သင်္ဂဟ။ ၄၀၅။)

၁၁။ တစ်ဖန် – ရဟန်းတစ်ပါးသည် စောင့်ရှောက်သူ ကင်းမဲ့နေသော သံဃာပိုင်အဆောက်အဦ (ဒဗ္ဗသမ္ဘာရ) များကို ယူငင်ပြီး မိမိ ပုဂ္ဂလိကကျောင်း၌ ထည့်သွင်းအသုံးပြုနိုင်ပါသည်။ အစားပေးနိုင်ခဲ့သော် – တန်ဖိုး ပေးနိုင်ခဲ့သော် ထိုရဟန်းပိုင် ပုဂ္ဂလိက ကျောင်းပင်ဖြစ်သည်။ အစားမပေးနိုင်ခဲ့သော် – တန်ဖိုးမပေးနိုင်ခဲ့သော် ထိုကျောင်းသည် (သံဃိကပစ္စည်းနှင့် ရောနှောဆောက်လုပ်ထားသည့် အတွက်) သံဃိကကျောင်း အဖြစ်သို့ ရောက်ပါသည်။

ထိုသို့ သံဃိကကျောင်း ဖြစ်သွားသော်လည်း ယင်းသံဃိကကျောင်း၌ ထိုရဟန်းသည်ပင် ဓုဝဝါသအနုဋ္ဌာပနီယ ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဖော်ပြလတ္တံ့ပါ အဋ္ဌကထာ, ဋီကာ များ၏စကားအရ သိနိုင်ပါသည် ဘုရား။

* “ယော ပန သံဃိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော၊ ဒေဝေ ဝဿန္တေ တေမေတိ၊ အာတပေန သုက္ခတိ၊ တံ သဗ္ဗမ္ပိ အာဟရိတွာ အတ္တနော အာဝါသေ ကာတုံဝဋ္ဋတိ။ သံယော အာဟရာပေန္တော အညေန ဝါ ဒဗ္ဗသမ္ဘာရေန, မူလေန ဝါ သညာပေတဗ္ဗော။ န သက္ကာစေ ဟောတိသညာပေတုံ။ သံဃိကေန ဘန္တေကတံ သံဃိကပရိဘောဂေန ဝဠဉ္ဇထာ တိ ဝတ္တဗ္ဗံ။ သေနာသနဿ ပ န အယမေဝ ဘိက္ခုဣဿရော။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၄၂။)

* **“အယမေဝ ဘိက္ခု ဣဿရောတိ ကေဿ ဘိက္ခုနော ပါပုဏနဋ္ဌာနံ တတောယေဝ သေနာစနတော တဿ ဒါတဗ္ဗံ၊ န စ သောတတော ဥဋ္ဌာပေတဗ္ဗောတိ ဝုတ္တံ ဟောတိ”။**

(သာရတ္ထ၊ ၂။ ၁၆၇။ ဝိမတိ၊ ၁။ ၂၀၄။)

၁၂။ သံဃိကကျောင်းတွင် နေထိုင်လျှက်ရှိသော ရဟန်းသာမဏေများကို ဘဏ္ဍနကာရက ကလဟကာရက အကြောင်း မှတစ်ပါး အခြားအကြောင်းကြောင့် နှင်ထုတ်ခွင့် မရှိကြောင်းကို နိက္ကမနသိက္ခာပုဒ်တော်၌ ပညတ် တော်မူပြီး ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသည့်မည်သည့် ဂိုဏ်းဝင်ဖြစ်စေ၊ သံဃိက ကျောင်းများ၌ တန်းတူညီမျှ နေထိုင်သီတင်းသုံးခွင့် ရှိကြပါသည်။ ဘဏ္ဍနကာရက ကလဟကာရက အကြောင်းမရှိဘဲ သုဓမ္မာစသော ဂိုဏ်းဝင်ဆရာတော်များ အုပ်ချုပ်နေသည့် သံဃိကကျောင်း၊ ကျောင်းတိုက်မှ အခြား ဂိုဏ်းဝင်ဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် (ဝါ) အခြားဂိုဏ်းသို့ ကူးပြောင်းသွားခြင်း တည်း ဟူသော အကြောင်းကြောင့် သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထုတ်ခွင့် မရှိပါဘုရား။ သို့ရာတွင် ဂိုဏ်း တစ်ပါးက လက်ရှိစောင့်ရှောက်နေသည့် ကျောင်း၊ ကျောင်းတိုက် အာရာမ်မြေပေါ်သို့ အခြားဂိုဏ်းတစ်ပါးဝင် ပုဂ္ဂိုလ်သည် ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်၍ ကျောင်းဆောက်လုပ်ပါက တားမြစ်ခွင့်ရှိကြောင်း၊ တားမြစ်ပါလျက် ဆက်လက်၍ ကျူးကျော်ဆောက်လုပ်ပါက ယင်းအဆောက်အအုံကို ဖျက်ပုံ ထားနိုင် ကြောင်းကို ဖော်ပြလတ္တံ့ပါ အဋ္ဌကထာပါဠိအရ သိရပါသည် ဘုရား။

* သေနာသနေ ကိဥ္စိ ပဋိသောဓေတဗ္ဗံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသနာ၊ ဝိရုဒ္ဓသေနာသနံ နာမ အညေသံ သီမာယ ရာဇဝလဘေဟိ ကတသေနာသနံ ဝုစ္စတိ။ တသ္မာ ယေတာဒိသံ သောနာသနံ ကရောန္တိ၊ တေ ဝတ္တဗ္ဗာမာ အမှာကံ သီမာယ သေနာသနံ ကရောထာ တိ။ အနာဒိယိတွာ ကရောန္တိယေဝ၊ ပုနပ် ဝတ္တဗ္ဗာ မာခေ၀ံ အကတ္ထ၊ မာ အမှာကံ ဥပေါသထပဝါရဏာနံ အန္တရာယမကတ္ထ၊ မာသာမဂ္ဂီ ဘိန္ဒိတ္ထ၊ တုမှာကံ သေနာသနံ ကတမ္ပိ ကတဋ္ဌာနေ န ဌဿတိ တိ။ သစေ ဗလဏ္ဍာရေန ကရောန္တိယေဝ၊ ယဒါ တေသံ လဇ္ဇိပရိသာ ဥဿန္နာဟောတိ၊ သက္ကာ စ ဟောတိ လဒ္ဓုံ ဓမ္မိကော ဝိနိစ္ဆယော၊ တဒါ တေသံ ပေသေတဗ္ဗံ

တုမှာကံ အဝါသံပာရထာ တိ။ သစေ ယာဝတတိယံ ပေသိတေ ပာရန္တိ၊ သာဓု။ နော စေပာရန္တိ၊ ဌပေတွာ ဗောဓိဥ္စ အာဝသေသေသေနာသနာနိ ဘိန္ဒိတဗ္ဗာနိ၊ နောခေါ အပရိဘောဂံ ကရောန္တေဟိ၊ ပဋိပါဋိယာ ပ န ဆဒန ဂေါပါနသီ ဣဋ္ဌကာဒီနိ အပနေတွာ တေသံ ပေသေတဗ္ဗံ တုမှာကံ ဒဗ္ဗသမ္ဘာရေ ပာရထာ တိ။ သစေပာရန္တိ၊ သာဓု။ နော စေပာရန္တိ၊ အထ တေသု ဒဗ္ဗသမ္ဘာရေသု ဟိမဝဿဝါတာ တပါဒီဟိ ပူတိဘူတေသု ဝါစောရေဟိ ဝါပာဋ္ဌေသု အဋ္ဋကာ ဝါဒေသုသိမသာမိကာ ဘိက္ခူ အနုပဝဇ္ဇာ၊ န လဗ္ဘာ စောဒေတုံ တုမှေဟိ အမှာကံ ဒဗ္ဗသမ္ဘာရာ နာသိတာ တိ ဝါ တုမှာကံ ဂီဝါ တိ ဝါ။ ယံ ပန သိမသာမိကေဟိ ဘိက္ခူဟိ ကတံ၊ တံ သုကတမေဝ ဟောတီ တိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၅၄-၅။ ဝိ၊ သင်္ဂဟ။ ၇၊ ၈။)

၁၃။ ဘဏ္ဍနကာရက ကလဟကာရက ပုဂ္ဂိုလ်ဟူသည် မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်းကို စူဠဝါပါဠိတော် စာမျက်နှာ (၁)၌ –

* တေ န ခေါ ပန သမယေန ပဏ္ဍုကလောဟိတကာ ဘိက္ခူ အတ္တနာ ဘဏ္ဍနကာရကာ ကလဟကာရကာ၊ ဝိဝါဒကာရကာ ဘဿကာရကာ သံဃေ အဓိကရဏကာရကာ၊ ယေပိ စညေ ဘိက္ခူ ဘဏ္ဍနကာရကာ ကလဟကာရကာ ဝိဝါဒကာရကာ ဘဿကာရကာ၊ တေ ဥပသင်္ကမိတွာ ဧဝံ ဝဒန္တိ မာခေါ တုမှေ အာယသ္မ တောန္တော ဧသော အဇေသိ၊ ဗလဝါ ဗလဝံ ပဋိမန္တေထ၊ တုမှေ တေန ပဏ္ဍိတတရာစ ဗျတ္တတရာ စ ဗဟုဿုတတရာ စ အလမတ္တတရာ စ၊ မာသဿဘာယိတ္ထ၊ မယမ္ပိ တုမှာကံ ပက္ခာဘဝိဿာမာ တိ။ နေ တ အနုပ္ပန္နာနိ စေဝဘဏ္ဍနာနိ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာနိ စ ဘဏ္ဍနာနိ ဘိယျောဘာဝါယ ဝေပုလာယ သံဝတ္တန္တိ။

## ဆုံးဖြတ်ချက်

၁၄။ သို့ဖြစ်ပါ၍၊ သံဃိကကျောင်း ကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်လျှက်ရှိသော သံဃာတော်များအား နှင်ထုတ် ဖယ်ရှားရေးကိစ္စကို ကျောင်းတိုက်အုပ်ချုပ်ရေး စည်းမျဉ်း စည်းကမ်းအရ ဆောင်ရွက်ခြင်းမှတစ်ပါး၊ ဝိနည်းဓမ္မကံ ဥပဒေ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရာ၌ ဖော်ပြလတ္တံ့ပါမှုအတိုင်း ဆောင်ရွက်သင့်/မသင့် ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြရန် ဖြစ်ပါသည် ဘုရား။

(က) ဘဏ္ဍနာရက ကလဟကာရက အကြောင်းမရှိဘဲ ဂိုဏ်းမတူခြင်းဟူသော အကြောင်းမျှကြောင့် သံဃိကကျောင်းမှ ဖယ်ရှားနှင်ထုတ်ခြင်း မပြုရန်၊

(ခ) ဒိဋ္ဌ သုတ မုတ ပရိသင်္ကိတ ဟူသော အကြောင်းရင်းမရှိဘဲ သက်သက်မဖြစ်ပေါ်သေးသော အဓိကရဏ်းမှုခင်းများ ဖြစ်ပေါ်လာအောင်၊ ဖြစ်ပေါ်ပြီးသော အဓိကရဏ်းမှုခင်းများ တိုးပွားအောင် အကြိမ်များစွာ ပြုလုပ်နေသော ပုဂ္ဂိုလ်ကို ဘဏ္ဍနကာရလဟကာရက ပုဂ္ဂိုလ်အဖြစ် သတ်မှတ်အရေးယူ ဆောင်ရွက်ရန်၊

(ဂ) အန္တေဝါသိမဌကပုဂ္ဂိုလ်နှင့် ဗဟိသိမဌကပုဂ္ဂိုလ်တို့ ဝိဝါဒအနုဝါဒဖြစ်ပွားရာတွင် ဘဏ္ဍနကာရက ကလဟကာရက ပုဂ္ဂိုလ်ဟု သတ်မှတ်၍ နှင်ထုတ်ပယ်ရှားမှုမပြုရန်၊

(ဃ) အန္တေဝါသိမဌကသံဃာ ရှိနေပါလျှက် သံဃိကကျောင်းကို ဗဟိသိမဌက သံဃာအားလည်းကောင်း၊ ဂိုဏ်းအားလည်းကောင်း၊ လူပုဂ္ဂိုလ်အားလည်းကောင်း ထိန်းသိမ်း စောင့်ရှောက်ခွင့် မပြုရန်၊

(င) ဖော်ပြပါမှု လေးချက်နှင့် မကိုက်ညီသော ဆောင်ရွက်ချက်များကို အလှည့်ကျ အဖွဲ့ခွဲက လေ့လာစိစစ်သုံးသပ်၍ (၄၇)ပါး စုံညီ အစည်းအဝေးသို့ တင်ပြရန်။

ဦးမေဓိယာဘိဝံသ (ဦးမေဓိယ)
နိုင်ငံတော် သံဃာ့မဟာနာယက
နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်

## (၂၀) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက် တော်မူပါရန် လျှောက်ထားခြင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
(သာသနာရေးဦးစီးဌာန)
စာအမှတ် - ၅၃၂/၂၇/ သသန - ၅ (ည၁)
ရက်စွဲ - ၁၉၉၃-ခုနှစ်၊ ဇွန်လ (၁၈)ရက်၊ သောကြာနေ့။

ဆက်ကပ်ပါရန်

ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်
နယားကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊
မန္တလေး အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

အကြောင်းအရာ ။ ။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက်တော် မူပါရန် လျှောက်ထားခြင်း။**

ရည်ညွှန်းချက် ။ ။ **ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ၏ ၂၀-၅-၉၃ ရက်စွဲပါစာ။**

ရှိသေစွာ လျှောက်ထားပါသည်ဘုရား -

၁။ ဆရာတော်ဘုရား၏ ရည်ညွှန်းချက်ပါစာဖြင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့် ပြုပါရန် တင်ပြလာခြင်းကိစ္စကို ၁-၆-၉၃ နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် ပဋ္ဌမအစည်းအဝေးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ် ပါသည် ဘုရား -

**ဆုံးဖြတ်ချက်**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) က ကျန်းမာရေး မပြည့်စုံသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ နုတ်ထွက်ခွင့်ပြုပါရန် လျှောက်ထားစာ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ တတိယအကြိမ် သက်တမ်းကာလ ပြီးဆုံးသည်အထိ ဆက်လက် တာဝန် ထမ်းဆောင်ရေးအတွက် ဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ အား သာသနာရေးဦးစီးဌာနက လျှောက်ထား ရန်နှင့် ဆရာတော် အလှည့်ကျတာဝန်ကျသည့်အခါ ဆွမ်းကို ဆရာတော်အခန်း၌ပင် ဆက်ကပ်ပေးရန်အတွက် သာသနာရေးဦးစီးဌာနက တာဝန်ယူရန်။

၂။ သို့ဖြစ်ပါ၍ တတိယအကြိမ် သက်တမ်းကာလမှလည်း ကုန်ဆုံးရန် (၁)နှစ်ကျော်ခန့်သာ လိုပါတော့သဖြင့် တတိယအကြိမ် သက်တမ်းကာလပြီးဆုံးသည်အထိ ဆက်လက်၍ တာဝန်ထမ်းဆောင်တော်မူပါရန် ရှိသေ လေးမြတ်စွာ တောင်းပန် လျှောက်ထားအပ်ပါသည် ဘုရား။

၃။ ဆရာတော်ဘုရား တာဝန်ကျသည့်အခါတွင် ဆွမ်းကို ဆရာတော်၏ အခန်း၌ပင် ဆက်ကပ်မည် ဖြစ်ပါကြောင်း ကိုလည်း လျှောက်ထားပါသည် ဘုရား။

(အုံမောင်)
ညွှန်ကြားရေးမှူးချုပ်

## (၂၂) (က) ဝဇိရ (၅၀၀) နှင့် ဝိ၊ ဋ၊ ၂။ ၂၃၁။ တို့ကို မှီငြမ်းပြု၍ ပြုလုပ်အပ်သော စတုရက္ခိတ ဂေါပိတစာတမ်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

| | | |
|---|---|---|
| သာသနာတော်နှစ် | - | ၂၅၃၁ ခုနှစ်၊ |
| မြန်မာသက္ကရာဇ် | - | ၁၃၄၉-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉)ရက်၊ |
| ခရစ်နှစ် | - | ၂၁-၅-၈၇၊ ကြာသပတေးနေ့။ |

မန္တလေးမြို့၊ ဘုရားကြီးတိုက် အမရပူရကျောင်းဝယ် - ဘုရားကြီးတိုက် ပုသိမ်ကျောင်းဆရာတော် (ဦးသီလာစာရ)၊ ဓမ္မာဂါရကျောင်းဆရာတော် (ဦးနန္ဒဝံသ)၊ ဆင်မင်းကျောင်းဆရာတော် (ဦးသြဘာသ)၊ ငှင်းကျောင်း (ဦးပညောဘာသ)၊ မင်းမာအုဋ်ကျောင်းဆရာတော် (ဦးမဟိန္ဒ)၊ အမရပူရကျောင်းဆရာတော် (ဦးကဝိန္ဒ) စသော ဆရာတော်တို့ မျက်မှောက်၌ ဘုရားကြီးတိုက် နယားကျောင်းဆရာတော် (ဦးမေဓိယာဘိဝံသ) က မိမိရက္ခိတ ဂေါပိတအဖြစ် ရရှိအပ်သော -

၁။ နယားကျောင်း၊

၂။ ဆွမ်းစားကျောင်း၊

၃။ အုတ်ရေကန် နှစ်ကန် ဟူသော ပစ္စည်းလေးမျိုးကို ပုသိမ်ကျောင်းဆရာတော်အား ရက္ခိတ ဂေါပိတအဖြစ်ဖြင့် အပ်နှင်းလွှဲအပ်ပါ၏ဟု သုံးကြိမ် နှုတ်မြွက်၍ အပ်နှင်းလွှဲအပ်သည်။ ပုသိမ်ကျောင်းဆရာတော်က ခံယူလက်ခံပါ၏ဟု သုံးကြိမ် နှုတ်မြွက်၍ ခံယူလက်ခံသည်။

တစ်ဖန် ပုသိမ်ကျောင်းဆရာတော်က ဦးမေဓိယာဘိဝံသက အပ်နှင်းလွှဲအပ်သော အထက်ပါပစ္စည်းလေးမျိုးကို ဦးမေဓိယာဘိဝံသ နှင့် ယင်း၏တပည့်များဖြစ်ကြသော နယားကျောင်း၌ နေထိုင်ကြသော - ဦးသုနန္ဒ၊ ဦးနန္ဒာစရိယ, ဦးနန္ဒိယ တို့အား ကတိကဝတ်စာတမ်းနှင့်အညီ ကျင့်သုံးစောင့်ရှောက်နေထိုင်ရန်အလို့ငှာ အပ်နှင်းလွှဲအပ်ပါ၏ဟု သုံးကြိမ် နှုတ်မြွက်၍ အပ်နှင်းလွှဲအပ်သည်။ ဦးမေဓိယာဘိဝံသ နှင့် ဦးသုနန္ဒ၊ ဦးနန္ဒာစရိယ, ဦးနန္ဒိယ တို့က ပုသိမ်ကျောင်း ဆရာတော် အပ်နှင်းလွှဲအပ်သော အထက်ပါပစ္စည်း လေးမျိုးကို ခံယူလက်ခံကြပါ၏ဟု သုံးကြိမ် နှုတ်မြွက်၍ ခံယူ လက်ခံကြသည်။

| | | |
|---|---|---|
| ၁။ | **ပဌမ အပ်နှင်းသောပုဂ္ဂိုလ်** | **ပဌမ ခံယူသော ပုဂ္ဂိုလ်** |
| | ဦးမေဓိယာဘိဝံသ | ဦးသီလာစာရ |
| ၂။ | **ဒုတိယ အပ်နှင်းသောပုဂ္ဂိုလ်** | **ဒုတိယ ခံယူသော ပုဂ္ဂိုလ်များ** |
| | ဦးသီလာစာရ | ဦးမေဓိယာဘိဝံသ, ဦးသုနန္ဒ, ဦးနန္ဒာစရိယ, ဦးနန္ဒိယ |

**အသိသက်သေများ**

ဦးနန္ဒဝံသ
ဓမ္မာဂါရကျောင်း၊ ဘုရားကြီးတိုက်၊
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

ဦးမဟိန္ဒ
မင်းမာအုဌ်ကျောင်း၊ ဘုရားကြီးတိုက်၊
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

ဦးဩဘာသ
အတုလကာရီ ဆင်မင်းကျောင်း၊ ဘုရားကြီးတိုက်၊
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

ဦးပညောဘာသ
အတုလကာရီဆင်မင်းကျောင်း၊ ဘုရားကြီးတိုက်၊
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

ဦးကဝိန္ဒ
အမရပူရကျောင်း၊ ဘုရားကြီးတိုက်၊
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

---

**(၂၂) (ခ) ကတိကဝတ် စာတမ်း** ၁၃၄၉–ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်(၅)ရက်၊ (၁၈–၄–၈၇)။

၁။ ဤနယားကျောင်းကို ရက္ခိတဂေါပိတအဖြစ် ရှိကြသော မိမိတို့လေးပါးအနက် အစဉ်အတိုင်း သိက္ခာကြီးသော ပုဂ္ဂိုလ်က ဤနယားကျောင်းကို ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် စီမံအုပ်ချုပ်ရမည်။

၂။ ပရိယတ္တိဆေက ဂုဏ်, သိက္ခာကာမဂုဏ်, ဓမ္မဝါစကဂုဏ် တို့နှင့် ပြည့်စုံသော ဤကျောင်းမှ ပုဂ္ဂိုလ်ထူးပေါ်ပေါက်လာပါက ယင်းပုဂ္ဂိုလ်ကို ဆရာတော် (ဦးမေဓိယာဘိဝံသ)က ရက္ခိတ ဂေါပိတအဖြစ်ဖြင့် လွှဲအပ်လိုလျှင် သဘောတူ လက်ခံကြရမည်။

၃။ သို့ရာတွင်၊ ဆရာတော် (ဦးမေဓိယာဘိဝံသ) သည် ပဌမရက္ခိတ ဂေါပိတအဖြစ် ရှိကြသော ပုဂ္ဂိုလ်များအောက် သိက္ခာငယ်သော ပုဂ္ဂိုလ်ကိုသာ နောက်ထပ်ရက္ခိတ ဂေါပိတအဖြစ်ဖြင့် လွှဲအပ်ရမည်။

၄။ မလွှဲအပ်မီ၊ ဤကတိကဝတ်စာတမ်းကို ဖတ်ပြပြီးလျှင် ယင်းကတိကဝတ်စာတမ်းကို လိုက်နာနိုင်သည့် ပုဂ္ဂိုလ်ကိုသာ လွှဲအပ်ရမည်။

၅။ ရက္ခိတ ဂေါပိတအဖြစ် ရှိထားသော ပုဂ္ဂိုလ်သည် နယားကျောင်းကို ရက္ခိတဂေါပိတအဖြစ် လွှဲအပ်လိုသော အခါ အထက်ပါအပိုဒ်(၂)၌ ဖော်ပြထားသောဂုဏ် သုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို လွှဲအပ်ကြရမည်။

၆။ အနောက်ဘက် ပေ(၁၀၀)လမ်း၏အရှေ့ဘက်၊ အုဌ်တံတိုင်းမှ နယားကျောင်းအရှေ့ဘက်၊ အုဌ်တံတိုင်းနှင့် ဝဲယာဘက် အုဌ်တံတိုင်းအတွင်းရှိ အဆောက်အအုံများကို ပြုပြင်လိုပါက ရက္ခိတဂေါပိတအဖြစ် ရှိထားသော ပုဂ္ဂိုလ်တို့၏ သဘောတူညီချက်ကိုရယူပြီး သဘောတူညီချက်ရမှ ပြုပြင်ရမည်။

၇။ ရက္ခိတ ဂေါပိတ အဖြစ် ရှိသော ပုဂ္ဂိုလ်သည် အခြားကျောင်းကို ခံယူသော်လည်းကောင်း အန္တိမဝတ္ထုဖြင့် အစွပ်အစွဲ ခံရ၍ အသုဒ္ဓဆုံးဖြတ်ခြင်းခံရသော်လည်းကောင်း ရက္ခိတဂေါပိတအဖြစ် ငြိမ်းသည်ဟု မှတ်ယူရမည်။

မှတ်ချက် ။ ။ မိမိ (ဦးမေဓိယာဘိဝံသ)သည် ကတိကဝတ် စာတမ်းကို ရေးသားပြီး ဦးသုန္ဒရ, ဦးနန္ဒာစရိယ, ဦးနန္ဒိယ တပည့် သုံးပါးတို့အား ဖတ် ၍ သဘောတူညီချက်ကို ရယူသည် ။ ။

## ၁။ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ မဟာထေရ် နိုင်ငံတော်သံဃမဟာနာယက၊ ပါဠိပဒပိဋကကျမ်းညွှန်းနှင့် တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ၊ ဝိမတိဆွေဒနီကျမ်း၊ ရွှေရေးဆောင် နိယာမ်အဖြေသစ်ကျမ်းပြု၊ ပရိယတ္တိသာသနာ့ဟိတ ဓမ္မာစရိယ (မူလစာချ)၏ ထေရုပ္ပတ္တိအကျဉ်း

**သာသနာတော် ၂၄၅၂–၂၅၂၆၊ ကောဇာ ၁၂၆၉–၁၃၄၃၊ ခရစ် ၁၉၀၇–၁၉၈၁**

### နောက်ခံသမိုင်း

### * ရေမြည်းသင့်မှ ရမည်းသင်းသို့

ပုဂံခေတ်နောက်ပိုင်း ကောဇာသက္ကရာဇ် ၆၆၅– ခုနှစ်တွင် ရမည်းသင်းမြို့ကို ဆင်ဖြူမယ်မိဖုရား တည်ထောင်ခဲ့သည်ဟုအဆိုရှိသည်။ ထိုသို့ တည်ထောင်စဉ် ကျုံးတော်ကိုတူးဖော်ရာ စိမ့်ထွက်လာသော ရေများအား မြည်းစမ်းကြည့်သောအခါ၊ သင့်လျော်လျောက်ပတ်သော အရသာနှင့်ပြည့်စုံသည်။ ရေကိုမြည်းရာ၌ သင့်သည်၊ ရေမြည်းသင့်သည်ဟု ခေါ်ဝေါ် ပြောဆိုကြရာမှ ရေမြည်းသင့်ဟူသော အမည်တွင်သည်။ နောက်မှ ရမည်းသင်းဟုတွင်သည်။

ထို့ပြင်၊ ဆင်ဖြူမယ်သည် မြို့တည်မည့်နေရာ တောကြီးကိုရှင်းစေရာ နွားမည်းတစ်သင်း ကျက်စားနေကြောင်း ရုတ်တစ်ရက် တွေ့မြင့်ရသည့်ကို အကြောင်းပြု၍၊ နွားမည်းတစ်သင်းဟု တွင်လေသည်။ ထိုမှတစ်ဆင့်၊ ရမည်းသင်း တွင်ကြောင်းလည်း သမိုင်းဆရာတို့ ဆိုကြကုန်၏။

ရမည်းသင်းမြို့သည်၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မန္တလေးတိုင်းအတွင်း တည်ရှိသည်။ ရန်ကုန်–မန္တလေး မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်တွင် တည်ရှိလေသည်။ ရန်ကုန်မှ ရန်ကုန်–မန္တလေး မော်တော်ကားလမ်းအတိုင်း ၂၉၉–မိုင် ကွာလှမ်း၍၊ မီးရထားလမ်းအတိုင်း ၂၇၄–မိုင်ခန့် ကွာဝေးသည်။

### * လူဦးရေ နှင့် ထွက်ကုန်

ရမည်းသင်းမြို့သည်၊ ခရစ်နှစ် ၁၉၆၇–ခုနှစ်က ခန့်မှန်းချက်အရ လူဦးရေ ၁၄၅၁၈–ယောက်ရှိကြောင်း သိရသည်။ ဤစာရေးစဉ်အခါက သုံးသောင်းပတ်ဝန်းကျင်ခန့်ရှိမည်ဟု မှန်းဆရပါသည်။ **"ရေစစ်ကိုင်း၊ လှိုင်းပ ခန်းငယ်၊ လယ်တောင်တွင်း၊ စပါး ရမည်းသင်း"** ဟူသည့် ရှေးအဆိုနှင့်အညီ ရမည်းသင်းမြို့နယ် ထွက်ကုန်သည် စပါး အဓိကဖြစ်လေသည်။ သို့ရာတွင် ငရုတ်, ပဲ, ဝါ, ပြောင်း, နှမ်း, မန်ကျည်း စသည့် ထွက်ကုန်များလည်း ထွက်ရှိလေသည်။

### * သာသနာ့သင်္ကေတ စေတီ, ပုထိုး, ကျောင်းတိုက်များ

ရမည်းသင်းမြို့၊ ရမည်းသင်းနယ်သည် ဗုဒ္ဓဘာသာဝင် အများစု ကိုးကွယ်သူတို့၏ နေထိုင်ရာမြို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ဦးတိုက်ရာ, ဝတ်ပြုရာ, ကုသိုလ်ကောင်းမှုပြုရာ, ပုညတိတ္ထဖြစ်သည့် စေတီပုထိုး ကျောင်းတိုက်တို့ များစွာတည်ရှိလေရာ ရွှေမြင်ကင်တောင်တော်ရှိ စေတီပုထိုးများ၊ မင်းသမီးစေတီစသည်တို့မှာ ထင်ရှားသည့် စေတီပုထိုးများဖြစ်ကြ၏။ ဆင်ကျုံးကျောင်းတိုက်၊ သိမ်ကုန်းကျောင်းတိုက် စသည်တို့ကား ထင်ရှားသည့် ကျောင်းတိုက်ကြီးများ ဖြစ်ကြ၏။

## * သံဃာဦးရေ

ရမည်းသင်းမြို့နှင့် ရမည်းသင်းနယ်၌ ကောဇာသက္ကရာဇ် ၁၃၄၁-ခုနှစ်၊ စာရင်းအရ - ရဟန်းတော်ပေါင်း ၁၂၂-ပါး နှင့် သာမဏေ ၂၂၂-ပါး စုစုပေါင်း ၃၄၄-ပါး ရှိသည်ဟု သိရှိရပါသည်။

## * အုတ်ဖိုရွာကြီး

ရမည်းသင်းမြို့မြောက်လက်၊ ရမည်းသင်းမြို့မှ ခြောက်မိုင်ခန့်အကွာတွင် အိမ်ခြေ ၁၅၀-ခန့်ရှိ အုတ်ဖိုရွာကြီး တည်ရှိလေသည်။ ထိုရွာကြီးကား ကျောင်းကန်ဘုရား စေတီပုထိုးများဖြင့် သာယာတင့်တယ် နေချင့်စဖွယ်ကောင်းလှသည့် ရွာကြီးတစ်ရွာဖြစ်ပါသည်။

ဖော်ပြရာ အုတ်ဖိုရွာကြီး၌ သမားတော်ကြီး ဦးစံခိုင်သည် -

- လူမမာ၏ အသက်ရှည်, မရှည်ကို ခန့်မှန်းသိတတ်သော အရည်အချင်း၊
- မြင်တွေ့သူတိုင်း ချစ်ခင်ဖွယ်ကောင်းသည့် ခန္ဓာကိုယ်နှင့် ပြည့်စုံခြင်း၊
- ဖြူစင်သော သီလ, မေတ္တာ, ကရုဏာ ရှိခြင်း ဟူသော သမားတို့၏ ဂုဏ်နှင့် ကုံလုံပြည့်စုံသည့် နယ်တွင် ကျော်ကြား ထင်ရှားသော သမားတော်ကြီးတစ်ဦး ဖြစ်လေသည်။

## (၁) မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း (မန္ဒသကအရွယ်)

တိပိဋက ပါရဂါမီ မဟာသံဃနာယက အရှင်ဥက္ကံသာဘိဝံသထေရ် လောင်းလျာသည်၊ ဖော်ပြခဲ့ပါ အုတ်ဖိုရွာ၌ ကောဇာသက္ကရာဇ် ၁၂၆၉-ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်နေ့၊ ည သုံးချက်တီးကျော်၊ တနင်္ဂနွေအဝင် ဖွားမြင်တော် မူခဲ့ပေသည်။ ငယ်မည်မှာ - မောင်အောင်ချိန် ဖြစ်လေသည်။ သမားတော်ကြီး ဦးစံခိုင် + ဒေါ်အိမ်မင်း တို့၌ သားသမီး ခုနစ်ယောက် ထွန်းကားခဲ့လေသည်။

မွေးချင်းများမှာ -

| | | |
|---|---|---|
| ၁။ | ဦးစိန်ထွန်း | (ဦးစိန်ထွန်းသည် ရဟန်းဖြစ်၍၊ ရဟန်းခုနစ်ဝါအရတွင် ပရိသုဒ္ဓပြုသည်။) |
| ၂။ | **ဦးအောင်ချိန်** | (ယခု ထေရုပ္ပတ္တိ ကျမ်းစာရှင် - အမရပူရ ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ။) |
| ၃။ | ဦးမြသန်း | (နယားဆရာတော် - ဘဒ္ဒန္တ မေဓိယာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ။) |
| ၄။ | ဦးထွန်းယုံ | |
| ၅။ | ဒေါ်သိန်းရင် | |
| ၆။ | ဦးဒါန | |
| ၇။ | ဒေါ်အေးမိ | တို့ အသီးသီးဖြစ်ကြကုန်၏။ |

## (၂) ရှင်သာမဏေအဖြစ်သို့ရောက်ခြင်း (ခိဍ္ဍာသကအရွယ်)

အမရပူရ ဆရာတော်လောင်းလျာ သက်တော်ဆယ်နှစ်အရွယ်၊ ကောဇာသက္ကရာဇ် ၁၂၇၉-ခုနှစ်တွင် ဦးသာရောက် နှင့် မိကြီး ဒေါ်ရင်းတော် တို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍၊ သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်ခဲ့ကြသည်။ ဘဒ္ဒန္တ အာစိဏ္ဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့ရာ ဘွဲ့အမည်မှာ - ရှင်ဥက္ကံသ ဖြစ်တော်မူသည်။

မိဘနှစ်ပါးတို့သည် မိမိတို့၏ သားလှရင်သွေး သာမဏေကို ဖူးမြင်ခွင့်ရကြသဖြင့် လွန်စွာဝမ်းမြောက်ပီတိဖြစ်ကာ ရွှင်ပျကြရကုန်၏။

ထိုအချိန်က မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ကား တိုးတက်နေရာ သံဃာတော် ၁၃၀၀–ခန့်အထိ ရှိခဲ့ကြောင်း သိရှိရသည်။ မန္တလေးမြို့၊ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်က သံဃာတော် တစ်ထောင်ကျော်ရှိ ကျောင်းတိုက်ကြီး လေးတိုက်အနက် နံပါတ်တစ်စွဲသော ကျောင်းတိုက်ကြီးတစ်ခုဖြစ်ပေသည်။

ပုဗ္ဗေကတပုညစက်နှင့် ထက်ကြပ်မကွာ ပြည့်စုံပါသော သာမဏေ ရှင်ဥက္ကံသသည် သက်တော် ၁၃–နှစ်အရွယ်၊ ကောဇာသက္ကရာဇ် ၁၂၈၂–ခုနှစ်တွင် ဂဏဝါစက ဘဒ္ဒန္တ ဉာဏ (နောင်တွင် – ရတနာပုံကျောင်းဆရာတော်) နှင့် အတူလိုက်ပါလာရာ အထက်ဖော်ပြခဲ့ပါ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပုခန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရ ထံတော်မှောက်သို့ ရောက်ရှိခဲ့လေသည်။

## (က)ပညာသင်ကြားဆည်းပူးတော်မူခြင်း

ဘဒ္ဒန္တ ဉာဏထံတွင် ပိဋကတ်သုံးပုံ၏ အခြေခံဖြစ်သော သဒ္ဒါ၊ သင်္ဂြိုဟ်ပုဒ်စစ် သဒ္ဒါစစ် သံဝဏ္ဏနာ နည်းလေးဆယ် ဝိထိလက်ရိုး၊ မာတိကာ အစရှိသော နေ့ဝါ၊ ညဝါ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

ရံခါ ကြိုးကြား ပုခန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရ ထံတော်၌လည်း စာပေဗဟုသုတများကို ဆည်းပူးတော်မူခဲ့လေသည်။ ပုခန်းဆရာတော်ကြီးသည်၊ စာပေကျွမ်းကျင်မှုနှင့်စပ်၍ တစ်သာသနာလုံး အုပ်ဖိုးကျော်စော်တော်မူသည့် ဂဏဝါစက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ အရှင်ဥက္ကံသ သည် သက်တော် ၁၆–နှစ် အရွယ်မှစ၍၊ ထိုပုခန်းဆရာတော်ကြီးထံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့ကို လေ့လာသင်ယူခဲ့ရသည်။ တစ်ခါတစ်ရံ ညအချိန်တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့ကို ဖတ်၍ ဆိုလိုရင်းကို ဆရာတော်အား လျှောက်ထား ပန်ကြားရသည်။ ဆရာတော်ကြီး ဦးပုခန်းကလည်း ရှင်ဥက္ကံသအား အလိုလိုက် ဦးစားပေးတော်မူသည်။ ဆရာတော် ဦးပုခန်းထံတွင် အဋ္ဌကထာရိုး၊ ဋီကာရိုး၊ စုဒ်စောဒနာအာဘော် သံဝဏ္ဏနာ နိယာမ်တို့ကို ထောက်ပြ၍ သင်ယူတော်မူရလေသည်။

## (၃) ရဟန်းအဖြစ်သို့ရောက်ခြင်း (ဝဏ္ဏဒသကအရွယ်)

အမရပူရ ဆရာတော်လောင်းလျာ သက်တော်အရွယ် ၂၀–ပြည့်၍၊ ကောဇာသက္ကရာဇ် ၁၂၈၉–ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ စနေနေ့၊ နံနက် (၁၂)၊ ဖဝါး၊ စက်နာရီ (၇း၃၀)နာရီ အချိန်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုခန်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘဝ ဒုလဘကို ရရှိတော်မူခဲ့လေသည်။

အရှင်ဥက္ကံသ ရဟန်းခံစဉ်က၊ ပရိယတ္တိသာသနဟိတ မွှာစရိယ ဘွဲ့တံဆိပ်ရ ဂဏဝါစက စာချအကျော် ဖြစ်တော်မူသော – ဆရာတော် ဘဒ္ဒန္တ သာသနာ့မဟာထေရ်က အနုသာသက ပြုတော်မူ၍၊ ၎င်းဆရာတော်နှင့် ပရိယတ္တိသာသနာ့ဟိတ မွှာစရိယ ဘွဲ့တံဆိပ်တော်ရ ရွှေရေးဆောင် ဆရာတော် – ဘဒ္ဒန္တ အာဒိစ္စရံသီ (ဦးကြည်)၊ ညောင်ကန်ဆရာတော် – ဘဒ္ဒန္တ ဏ္ဍနာဝုဓ အစရှိသော မဟာထေရ်မြတ်ကြီးတို့သည် ကမ္မဝါစာရွတ်ဖတ်၍ ချီးမြှောက်တော်မူခဲ့ကြလေကုန်၏။

## (၄) စာပေပရိယတ္တိ ဆက်လက်ဆည်းပူးတော်မူခြင်း (ဗလဒသကအရွယ်)

ဆရာတော်လောင်းလျာသည်၊ နှစ်ပေါင်းများစွာ ဆရာတော်ဦးပုခန်းထံ၌ ဆရာအဆက်ဆက်ထံမှ သယ်ဆောင်လာခဲ့သော စာချနည်း၊ ဖြတ်ထုံး၊ ဝိနိစ္ဆယ၊ နည်းနယ တို့ကို ကျနစွာ ဆက်လက်သင်ယူတော်မူခွင့် ရရှိခဲ့လေသည်။ ရဟန်းတော် အရှင်ဥက္ကံသသည်၊ ဘဒ္ဒန္တ အာဒိစ္စရံသီမည်သော ဆရာတော် ဦးကြည်ထံ၌လည်း ဝါကျသွား၊ ဝါကျလာ အမျိုးမျိုး၊ အနုသန္ဓေ အထွေထွေ၊ ကျမ်းရိုးအသွယ်သွယ်၊ အဓိပ္ပာယ်အဖြာဖြာ၊ ဌပနာပဓ္ဓက ဌပနာဆက္က စသည့် နည်းနာနယတို့ကို အပြီးသတ် သင်ယူတော်မူခွင့် ရရှိခဲ့ပြန်လေသည်။

ထို့ပြင်၊ ညောင်ကန်တိုက်နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာဝုဓာဘိဝံသ အထံ၌လည်း ကျမ်းရိုးသွားနည်း၊ ပုဒ်စိတ်တွက်နည်း စသည်တို့ကို ပိုင်ပိုင်မိမိ, တတ်သိအောင် သင်ယူရရှိတော်မူခဲ့လေသည်။ စာချအကျော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာရဒ အထံ၌လည်း ကျမ်းဂန်များစွာတို့ နည်းမျိုးစုံဖြင့် သင်ယူတော်မူခဲ့လေသည်။ ထို့နောက်၊ သာသနာတော်၌ အလွန်ထင်ရှားလှသော ပြည်မြို့ - ဓောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇနိယာဘိဝံသ၊ ပခုက္ကူမြို့ - မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ပညာတို့ထံတွင်လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ တို့ကို သင်ယူပြီး၊ ရေစကြိုမြို့နယ် - လေးကုတ်ရွာ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တ ကေတုမာလာထံတွင်ပါဠိ, အဋ္ဌကထာ, ဋီကာ တို့၌ ဟိစပန စသည် နိပါတ်ထားနည်း တို့ကိုလည်း သင်ယူလေ့လာ တတ်မြောက်တော်မူခဲ့လေသည်။ ထိုတွင်၊ ဘဒ္ဒန္တ ကေတုမာလာကား - **"စာတတ်လက္ခဏာရှိလိုပါမူ မြန်မာအာရုံရှိစေ"** ဟူသည်နှင့်အညီ၊ ရတု, ရကန်, ချေင်း, မော်ကွန်းမှစ၍ မြန်မာစာပေကို အရအမိများသည့် ပုဂ္ဂိုလ်လည်းဖြစ်သည်။

- **"သဒ္ဒါအရ ဆန်းဂိုဏ်းကျကိုလည်းသိစေ"** ဟူသည်နှင့်အညီ - ကစ္စည်း, သဒ္ဒါကြီး, ရူပသာ, ရူပသိဒ္ဓိ, သဒ္ဒနီတိ စသည့် သဒ္ဒါနည်း နယနည်း လှပြီး ဝုတ္တောဒယဆန်းလာ စနစ်နှင့် တစ်ပြေးတည်း ဂါထာသီကုံး နည်းကိုလည်း ပိုင်နိုင်လေသည်။
- **"ညှသ်ကား ခြောက်ပါ နောက်သို့လာ ဋီကာတတ်သက် စကားထွက်ကိုလည်း သိစေ"** ဟူသည်နှင့်အညီ - **သမ္ဗန္ဓော စ ပဒဉ္စေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။**

  **စောဒနာ ပရိဟာရောစ၊ ဆဗ္ဗိဓာ ဂါထာဝဏ္ဏနာ။** ဟူသည့် ဂါထာလာအတိုင်း

  ၁။ သမ္ဗန္ဓသံဝဏ္ဏနာ၊
  ၂။ ပဒစိန္တာ သံဝဏ္ဏနာ၊
  ၃။ ပဒတ္ထ သံဝဏ္ဏနာ၊
  ၄။ ပဒဝိဂ္ဂဟ သံဝဏ္ဏနာ၊
  ၅။ စောဒနာ သံဝဏ္ဏနာ၊
  ၆။ ပရိဟာရ သံဝဏ္ဏနာ၊

  ဟူသော ညှသ်နည်း ခြောက်ပါး ဋီကာရိပ် စကားထွက်ကို လက်ထပ်မိမိ သိသည့် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်သည်။
- **"သရုပ်သဘော ဓာဝီထိလည်း မိစေ"** ဟူသည်နှင့်အညီ - အဘိဓမ္မာ နည်းနာနယ အခက်အလက် အငုတ်ဖြစ်သည့် သရုပ်သဘော ဓာဝီထိမှစ၍ ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက်ထုတ်နည်း ပဋ္ဌာန်းကိုလည်း နည်း ရတတ်သည့် ဆရာတော်မြတ်လည်း ဖြစ်သည်။
- **"သရုပ်သချ်ာ လင်္ကာနရ နေတ္တိမှာလည်း ရှိစေ"** ဟူသည်နှင့်အညီ - အလင်္ကာနည်း, နေတ္တိနည်း စသည်များကိုလည်း အားရကျေနပ်လောက်အောင် တတ်သိသည့် ဝိညူဂိုဏ်းဝင် ပညာရှင်လည်းဖြစ်သည်။
- **"ဂန္ထန္တ ရကျမ်းထိုမှလည်း မှတ်လေ"** ဟူသည်နှင့်အညီ အလင်္ကာနေ စာပေကျမ်းဂန်အမျိုးမျိုးကို လေ့လာ ကြည့်ရှုနေသူ ဖြစ်ရကား ဂန္ထန္တရဗဟုသုတ လောက်ကော်လုံ ပြည့်စုံသူလည်း ဖြစ်သည်။
- **"ဟိစ ပန နိပါတလည်း ကျစေ"** ဟူသည်နှင့်အညီ - ပါဠိတော်, အဋ္ဌကထာ, ဋီကာ တို့၌ ဟိစ ပန စသည်နိပါတ်ပုဒ်ထားရခြင်း၏ အကြောင်းကိုလည်း ကောင်းကောင်းကြီး တတ်သိသည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။
- **"မုချ ဖလူကာရဏူပ လွယ်ကူမကြာ ဥပစာလည်း ရစေ"** ဟူသည်နှင့်အညီ - မုချထွယူနည်း ဥပစာ ရထွယူနည်းကိုလည်း သဘောကျသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ကာရဏူပစာ, ဖလူပစာ, သဒိသူပစာ, ဌာနူပစာ, ဌာနျူပစာ, ဂုဏူပစာ, ဧကဒေသူပစာ, သမီပူပစာ, တဒ္ဓမ္မူပစာ, ဘေဒူပစာဟူသော ဆယ်ပါးပြသ ဥပစာရကို ဆရာနည်းကျ ရသူလည်း ဖြစ်ပေသည်။

- **"စုဒ်နှင့် အာဘော် ပုဒ်မျှော်ထောက်ထားရစေ"** ဟူသည်နှင့်အညီ စောဒနာ သောဓနာထုတ်နည်း တို့ကို လည်း နည်းနာနယ လက်ဆုပ်ရသည့်သူလည်းဖြစ်သည်။
- **"အဖြေမြင် အတင်သိ မိ၏ကျမ်းရိုးနေ"** ဟူသည့်နှင့်အညီ ကျမ်းရိုးကို မိထားသူလည်း ဖြစ်သည်။
- **"အနက်ခြောက်ပါး ကတ္တားငါးပြန် သုံးတန်ပါဠိ သဘောသိက မိ၏ကျမ်းရိုးနေ"** ဟူသည်နှင့် လျော်ညီစွာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ သဘောကို သိမိသူလည်းဖြစ်သည်။

သို့ဖြစ်၍ အရှင်ဥက္ကံသသည် လေကုတ်ရွာ၌ ရှစ်လခန့် သီတင်းသုံးတော်မူ၍ အရှင်ကေတုမာလာထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့၌ ဟိ စ ပန စသည် နိပါတ်ထားနည်းကို သင်ယူလေ့လာတော်မူခဲ့လေသည်။ ရှေးယခင်က မိုး လေဝသမှန် လူတွေ စီးပွားရေးကောင်းသဖြင့် အညာဒေသ တောမြို့ တောရွာများမှာ စာသင်တိုက်တွေနှင့် သာသနာ့ကျက်သရေကို အမျိုးမျိုး ဖွင့်ဆိုနိုင်ခဲ့ကြသည်။ ယခုမှ သည်လိုမဟုတ်တော့ချေ။

ပခုက္ကူအရှေ့ဘက် နှစ်မိုင်ခန့်အကွာ ကွမ်းရွာဟုခေါ်သော ရွာကြီးတည်ရှိသည်။ ထို ကွမ်းရွာ မင်းကျောင်း တိုက်ဆရာတော် အရှင်စက္ကိန္ဒကား ရေစကြိုဆရာတော်ကြီး အရှင်ဂန္ဓသာရ၏ တပည့်တစ်ဦးဖြစ်သည်။ နေတ္တိ အလွန်နိုင်သည်ဟု ကျော်စောသည်။ အရှင်ဥက္ကံသသည် ထိုဆရာတော်ဘုရားကြီးထံ၌လည်း နေတ္တိကျမ်းကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွဲဘက်၍ သင်ယူခဲ့သည်မှာ သုံးနှစ်ခန့် ကြာသည်ဟု သိရသည်။ နေတ္တိကျမ်း သင်ယူပြီးနောက်၊ ငါးနှစ်ခန့်ဆက်လက် သီတင်းသုံးတော်မူ၍ ရဟန်းသာမဏေ စာသင်သားတို့အား စာပေပို့ချတော် မူခဲ့လေသည်။

ထို့နောက်၊ အရှင်ဥက္ကံသသည် ဂျပန်ခေတ်တွင် မွေးရပ်မြေသို့ ပြန်ကြွတော်မူသည်။ သပိတ်တစ်လုံးနှင့် သင်္ကန်း သုံးထည်ဖြင့် နှစ်နှစ်ပတ်လုံး တောရကျောင်း၌ သီတင်းသုံးတော်မူ၍ ပဋိပတ်အလုပ်ကို တတ်စွမ်းသမျှ အားထုတ်တော် မူခဲ့လေပြီးလျှင် ပျော်ဘွယ်မြို့၊ အနောက်ဘက် ၃၂–မိုင်ခန့် ကွာသော မန်ကျည်းကုန်းရွာကျောင်း ဘာသန္တရကောဝိဒ အရှင်ကောဏ္ဍည ထံတော်၌ သက္ကတသီဟိုဠ်ဘာသာ ဗဟုသုတများကို ဆည်းပူးတော်မူခဲ့သည်။ ထိုစဉ် တစ်ဖက်က လည်း ဝိနည်း အဋ္ဌကထာ ဋီကာ တို့ကို ကူညီချပို့တော်မူခဲ့သည်။ အရှင်ကောဏ္ဍည သည် ပုခန်းဆရာတော်ဘုရားကြီး အရှင်ဝိစာရ၏ တပည့်တစ်ဦးဖြစ်သည်။

ဒုတိယကမ္ဘာစစ်မီး ငြိမ်းခဲ့ပြီးနောက်၊ မိခင်ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပုခန်းကျောင်းသို့ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူ၍ စာဝါအခန်းခန်းကို ပို့ချတော်မူခဲ့သည်။

## (၅) အသင်းကျောင်းလက်ခံရာ အမရပူရဆရာတော်ဟု ထင်ရှားလာ (ပညာဒသကအရွယ်)

ကောဇာသက္ကရာဇ် ၁၃၁၁–ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ ထံ ဒက္ခိဏာရာမဘုရားကြီးတိုက် အတွင်းထပ်နာယကဆရာတော်၊ သမ္မုတိဆရာတော်များက အသင်းကျောင်းကို ရက္ခိတဂေါပိတ အပ်နှံကြသဖြင့် ခံယူ ရရှိတော်မူသည်။ သီတင်းသုံး၍ စာပေပို့ချစဉ်၊ ကောဇာသက္ကရာဇ် ၁၃၁၂–ခုနှစ်တွင် အမရပူရမြို့မှ ကျောင်းအမကြီး ဒေါ်ကျင် မိသားစုတို့က ယင်းအသင်းကျောင်းကို ပြင်ဆင်ဆောက်လုပ်ပြီး အမရပူရကျောင်းဟု ကမ္ပည်းတပ်ကာ လှူဒါန်းခဲ့ပေသည်။ ထိုအချိန်မှစ၍ အမရပူရကျောင်း ဆရာတော်ဟု ထင်ရှားလာလေတော့သည်။

## (၆) ကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာ

ဆရာတော်ကား ကျမ်းစုံနိုင်သည်ချည်းဖြစ်၍ ဘေဒစိန္တာ ကစ္စာယနသာရ စသောကျမ်းများမှအစ ဝိနည်း အဋ္ဌကထာကြီး စသည့် စာဝါကြီးများကို စာလိုက်သံဃာတော်တို့အား ချပေးတော်မူခဲ့လေသည်။ ယင်းသို့၊ စာပေ ပို့ချတော်မူသဖြင့်၊ ကောဇာသက္ကရာဇ် ၁၃၁၁–ခုနှစ် မှစ၍ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ **"ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ (မူလစာချ)"** အဖြစ်ဖြင့် ကိုးကွယ်ခြင်းကိုလည်း ခံယူရရှိတော်မူခဲ့လေသည်။

ပါဠိတက္ကသိုလ်ခေတ်တစ်လျှောက်တွင် အကြီးဆုံးသော ဒက္ခိဏာရာမ ပါဠိတက္ကသိုလ်၏ ကထိကအဖြစ်ဖြင့်

စာချပို့မှု ပြုတော်မူခဲ့သည်သာမက၊ ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းရင်းပုစ္ဆာနှင့် ပါဠိဂုဏ်ထူးပုစ္ဆာများကို ထုတ်ဆင်၍ အစိုးရအား ချီးမြှင့်ပေးတော်မူရလေသည်။ အမရပူရ ဆရာတော်သည် ပရိယတ္တိ သာသနဟိတအသင်း စာမေးပွဲ၏ ကျော်ကြား သောပုစ္ဆက ဖြစ်တော်မူသည်။

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး ကျင်းပစဉ်ကလည်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သင်္ဂါယနာ သုံးတန်းလုံးတွင် ပါဝင်၍ မူလဝိသောဓကေ၊ ပဋိဝိသောဓကေ၊ ဩသာနသောဓကေ ဖြစ်၍ ပြင်ဆင်သုတ်သင်တော်မူခဲ့လေသည်။

ဆရာတော်သည် ယင်းသို့ စာပေပို့ချခြင်း၊ ကျမ်းစာများသုတ်သင်ခြင်း စသည့်ကြား၌ပင် အရပ်ရပ်မှ မေးလျှောက် အပ်သော ပုစ္ဆာများကို ယုတ္တိအာဂုံပြတော်မူလျက် ဝိမတိဋ္ဌေဒနီကထာများစွာတို့ကိုလည်း ဆုံးဖြတ်စီရင်တော် မူခဲ့လေသည်။

* ယင်းအဆုံးအဖြတ်အကျဉ်းမှာ ၂၆–ပါး ရှိသည်။ ယင်း ၂၆–ပါးကို ဝိမတိဋ္ဌေဒနီကျမ်း အမည်ဖြင့် တစ်အုပ်တည်း ပြုလုပ်ထားရား ကောဇာသက္ကရာဇ် ၁၃၃၉–ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ယင်းကျမ်းမှာ မဂ္ဂဇင်းဆိုဒ်ဖြင့် ၂၆၃–မျက်နှာ ရှိလေသည်။

* ဆရာတော်သည် သာသနာရေးဦးစီးဌာန၏ လျှောက်ထားချက်အရ ပါစိတျာဒိယောဇနာ ကျမ်းကြီးကိုလည်း ဦးစီးသုတ်သင် တည်းဖြတ်တော်မူခဲ့လေသည်။ ၎င်းပါစိတျာဒိယောဇနာကို သာသနာရေးဦးစီးဌာနက ကောဇာသက္ကရာဇ် ၁၃၃၄–ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

## (၇) ကမ္ဘာကျော်မည့် အဘိဓာန်ကျမ်း ရေးသားဦးဆောင် (ဟာနိဒသကအရွယ်)

ဆရာတော်သည် ပရိယတ္တိသာသနာတော် စည်ကားပြန့်ပွားရေးကို ဆန္ဒကဲပို အလိုရှိတော်မူသည်။ သို့ဖြစ်၍ ကောဇာသက္ကရာဇ် ၁၃၂၉–ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂)ရက်နေ့မှ အစပြုကာ ဦးလှမောင် (အုပ်ချုပ်ရေးအရာရှိချုပ်) စသူတို့နှင့် စည်းဝေးဆွေးနွေးခဲ့သည်။ အဖွဲ့ဝင် ၁၄–ပါး ပါဝင်သော ကျမ်းပြုအဖွဲ့ကို ဖွဲ့စည်းတော်မူ၍ အဝဂ်ပါဠိပဒ ကျမ်းညွှန်းနှင့် တိပိဋက ပါဠိမြန်မာအဘိဓာန် ကျမ်းကြီးကို ကြီးမားသော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဦးဆောင်ကာ ရေးသားပြုစုတော်မူခဲ့လေသည်။

ကောဇာသက္ကရာဇ် ၁၃၃၀–ပြည့်နှစ်၊ နယုန်လမှစ၍ အဘိဓာန်မရေးခင် "ပါဠိပဒပိဋကကျမ်းညွှန်းကျမ်းကြီး" များကို ရေးသားပြုစုတော်မူခဲ့ရာ၊ ကောဇာသက္ကရာဇ် ၁၃၃၄–ခုနှစ်တွင် "ယ" မှ "ဝိဥဈူဠေ့ဝိအာဒိ" အထိ ပုဒ်များ ပါဝင်သည့် "အ" ဝဂ် အပိုင်း(၁) ပါဠိပဒပိဋက ကျမ်းညွှန်းအဘိဓာန်ကြီး ပေါ်ထွက်ခဲ့လေသည်။

ဆက်လက်၍၊ ရေးသားပြုစုတော်မူခဲ့ကြရာ ကောဇာသက္ကရာဇ် ၁၃၃၅–ခုနှစ်တွင် "ဝိညတ္တ" မှ "သင်္ဂါဟက" အထိ ပုဒ်များပါဝင်သည့် အပိုင်း(၂) ပါဠိပဒ ကျမ်းညွှန်းအဘိဓာန်ကျမ်းကြီး ပေါ်ထွက်ခဲ့လေသည်။ မဆုတ်မနစ် ဆက်လက်၍ ပြုစုရေးသားတော်မူခဲ့ကြရာ – ကောဇာသက္ကရာဇ် ၁၃၄၀–ပြည့်နှစ်တွင် "သင်္ဂါဟက" မှ "သဥရမ္မဏ" အထိ ပုဒ်များပါဝင်သည့် "အ" ဝဂ် အပိုင်း(၃) ပါဠိပဒ ပိဋက ကျမ်းညွှန်း အဘိဓာန်ကြီး ပေါ်ထွက်ခဲ့ လေသည်။

၎င်းပြင်၊ ကျန်ရှိသောပုဒ်များကို ဆက်လက်၍ ပါဠိပဒပိဋကကျမ်းညွှန်း ရေးသားပြုစုတော်မူပြီး "အ" ဝဂ် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများကို ဆက်လက်ပြုစုတော်မူကြကုန်၏။ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဂဏဝါစက ဆရာတော်တို့ကား စာချမှုနှင့် အဘိဓာန်ကျမ်းများ ပြုစုမှုတို့၌ လိမ္မာကျွမ်းကျင်တော်မူကြကုန်၏။

**ဝါစနေ လေခနေစာပိ၊ ဠီသုဌာနေသု ကောဝိဒေါ။**
**ဒက္ခိဏာရာမေ ဝါစကာ၊ ဗုဒ္ဓသာသနမာမကာ။** (မန္တလေးသာသနာဝင် နာ– ၅၆၀။)

## (၈) မဟာနာယကအဖြစ် နှစ်ပါးပူးတွဲအုပ်ချုပ်တော်မူခြင်း(ပဉ္စာရဒသက–ဝဏ္ဏဒသကအရွယ်)

ဒသမမြောက် သံဃနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ (ဦးကြွယ်) ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်တွင်၊ ပေတောကျောင်းဆရာတော် ဘဒ္ဒန္တ တာရိန္ဒာသဘ မဟာထေရ်နှင့်အတူ အမရပူရကျောင်း

ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ မဟာထေရ်တို့နှစ်ပါး တိုက်တာကို အုပ်ချုပ်ကွပ်ကဲ၍ သာသနာပြုတော်မူကြသည်။ ဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသဘ သည် **နိုင်ငံတော်သံဃာနာယကအဖွဲ့ ဩဝါဒါစရိယ** ဖြစ်၍၊ ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ မှာ **နိုင်ငံတော်ဗဟိုဝန်ဆောင်ဆရာတော်** ဖြစ်တော်မူသည်။

**စေ ဟိ ထေရော သေဋ္ဌော ဒွေ၊ အာရာမံ ဒက္ခိဏာဝုယံ။**

**ပါလေတွာန သမ္ဗုဒ္ဓ – သာသနံ ဓောတေသုံ ဟိ ဝေါ။** (မန္တလေးသာသနာဝင် နှာ– ၂၃၀။)

ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ သည် သာရေး၊ နာရေး၊ ကိစ္စများကို အလွန်မလွဲသာမှ လိုက်တတ်သည်။ စာချ၊ စာကြည့် ပျက်မည်ကို အလွန်စိုးရွံ့တော်မူသည်။

ဆရာတော်သည် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ ဂဏဝါစကတာဝန်၊ သံဃသမ္မုတိရ နာယကဆရာတော် တာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့လေသည်။ ကောဇာသက္ကရာဇ် ၁၃၃၇–ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့တွင် ဒက္ခိဏာရာမဘုရားကြီးတိုက် သံဃာတော်များစွာတို့၏ **သံဃမဟာနာယက သံဃပိတုအရာ** တည်တော်မူ၍ သာသနာ့တာဝန်အရပ်ရပ်ကို ရှေ့တန်းမှ ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော် အရှင်ဥက္ကံသာဘိဝံသသည်၊ ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် နေ့မှစ၍ နယုန်လပြည့်နေ့အထိ ကျင်းပသော သံဃာတော်ပေါင်း ၁၂၂၆–ပါး တက်ရောက်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးနှင့် ပူဇော်ပွဲသို့၊ သံဃာ့ကိုယ်စားလှယ် တစ်ပါးအဖြစ်ဖြင့် တက်ရောက်တော်မူခဲ့သည်။ ၎င်းပြင် ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်နေ့တွင် ကျင်းပသည့် သံဃာ့အစည်းအဝေးကြီး၌ ဝိနည်းမမှုကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် ပတ်သက်၍ အခန်း(၂) အခြေခံမှု (၄)ချက်အနက်၊ တတိယ နှင့် စတုတ္ထ (၂)ချက်ကို ဆွေးနွေးထောက်ခံတော် မူခဲ့လေသည်။

## (၉) ထင်ပေါ်ကျော်ကြား မျိုးဆက်သစ်ပညာရှိတပည့်များ

ဆရာတော်သည် နှစ်ပေါင်း ၅၀–ခန့် ဋီကာကျော်၊ ရူပသိဒ္ဓိ၊ ကစ္စည်း၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ပါရာဇိကဏ်ပါဠိ အဋ္ဌကထာ၊ သီလက္ခန္ဓ ဝဂ္ဂပါဠိ အဋ္ဌကထာ၊ မဟာဝဂ်ဏ်ပါဠိ အဋ္ဌကထာ၊ ဝိနိစ္ဆယသင်တန်း၊ သိမ်သင်တန်း စသည်တို့ကို မပြတ်ချပို့တော်မူခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်၌ သာသနာ့ဝန်ထမ်း တပည့်များစွာတို့ သီတင်းသုံး၍ ပရိယတ္တိသာသနာတော် တည်းဟူသော ကန်ပေါင် ကန်သင်းကို ဖွဲ့တော်မူကြကုန်၏။

၎င်းတို့မှာ –

၁။ **ဆရာတော်သည် အမျှင်မေဓိယာဘိဝံသ** ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) ပိဋက ဝိသောဓနီ ကျမ်းပြု နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂။ **ဆရာတော် အရှင်နန္ဒဝံသာဘိဝံသ** ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဓမ္မာဂါရကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၃။ **ဆရာတော် အရှင်သုမန** အစိုးရဓမ္မာစရိယ သာသနဇောတိကာရုံကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၄။ **ဆရာတော် အရှင်သောဘဏ** ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) အစိုးရဓမ္မာစရိယ ဦးဇာဂရကြီး ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၅။ **ဆရာတော် အရှင်ဣန္ဒာစက္က** သာသနဓဇသီရိပဝရ ဓမ္မာစရိယ (ဘီအေ) အောင်ရတနာကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့။

၆။ **ဆရာတော် အရှင် ဩဘာသာဘိဝံသ** ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) အစိုးရဓမ္မာစရိယ ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၇ ။ ဆရာတော် အရှင် ပညောဘာသာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) အစိုးရဓမ္မာစရိယ ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၈ ။ ဆရာတော် အရှင် ပဏ္ဍိတာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) စေတိယင်္ဂဏ ပရိယတ္တိ ဂဏဝါစက အစိုးရဓမ္မာစရိယ ရတနာမဥ္ဇူကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၉ ။ ဆရာတော် အရှင် ကုသလာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) အစိုးရဓမ္မာစရိယ၊ ဂုဏဝတီ ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၁၀။ ဆရာတော် အရှင် ဩဘာသ အစိုးရဓမ္မာစရိယ၊ တမ္ပဝတီကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၁၁။ ဆရာတော် အရှင် သီလာနန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) သာသနဓဇသီရိ ပဝရ ဓမ္မာစရိယ အဘယာရာမတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။

၁၂။ ဆရာတော် အရှင် ဝိလာသာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) သာသနဓဇသီရိ ပဝရ ဓမ္မာစရိယ နိုင်ငံတော်သံဃမဟာနာယက သာသနဝိပုလစာသင်တိုက်၊ ညောင်ရွှေမြို့။

၁၃။ ဆရာတော် အရှင် ကုမာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) သာသနဓဇသီရိ ပဝရ ဓမ္မာစရိယ နိုင်ငံတော်သံဃမဟာနာယက မဟာဓမ္မိကာရာမတိုက်၊ မကွေးမြို့။

၁၄။ ဆရာတော် အရှင် ကုမာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) ဝင်္ဂသကာ သာသန ဓဇ သီရိပဝရ ဓမ္မာစရိယ သိရောမဏိ (ဘီ–အေ) ဖန်းမော်တိုက်၊ တောင်ပြင်၊ မန္တလေးမြို့။
(ယခု – ဤကျမ်းတည်းဖြတ်သူ)

၁၅။ ဆရာတော် အရှင် ဝိမလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ) အစိုးရဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် တိပိဋကဓရဩဝါဒါစရိယ ပုခန်းတိုက်၊ ရွှေဘိုမြို့။

၁၆။ အရှင် ကစ္စာယနလင်္ကာရ ပထမကျော် အဂ္ဂမဟာအကျော် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင်္ဂသကာ သာသနဓဇ သီရိပဝရဓမ္မာစရိယ။

၁၇။ ဆရာတော် အရှင် ကေလာသ သာသနဓဇသီရိပဝရ ဓမ္မာစရိယ (ဘီ–အေ) ဝိစ္စာဂုဏ်ထူး (သိရိလင်္ကာ) ပခုက္ကူသာသနာဝင်၊ မန္တလေးသာသနာဝင်၊ စစ်ကိုင်းသာသနာဝင်၊ ပခုက္ကူအဘိဓာန် နိဿယသစ် စသည် ကျမ်းပေါင်း (၁၀၀)ကျော်ပြု၊ မကွေးတိုင်း သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပခုက္ကူ မဟာဝိသုတာရာမ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ ဥက္ကဋ္ဌ သာသန ဇောတိပါလကျောင်း၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၁၈။ ဆရာတော် အရှင် ဩဘာသ အစိုးရဓမ္မာစရိယ ဓာတုတ္တမဥ္စရီကျမ်းပြု သာသန ဝိပုလရာမတိုက်သစ်၊ တောင်သာမြို့။

၁၉။ ဆရာတော် အရှင် ပညာဒီပ ဒီဃဘာဏကသ အစိုးရ ဓမ္မာစရိယ ဓမ္မာရုံတိုက်၊ တောင်သာမြို့။

၂၀။ ဆရာတော် အရှင် ဝိသုဒ္ဓ သာသနဓဇသီရိပဝရ ဓမ္မာစရိယ ပိဋကဒီဃဘာဏက ဂန့်ဂေါမြို့၊ မြို့နယ်သံဃ နာယကအဖွဲ့ အတွင်းရေးမှူး၊ မြို့မစာသင်တိုက်၊ ဂန့်ဂေါမြို့။

၂၁။ ဆရာတော် အရှင် မေဓာဝံသ အစိုးရဓမ္မာစရိယ ဒီဃဘာဏက ဝိနယပါဠိပါရဂူ နိကာယဇ္ဈောတက ဒီဃ ဘာဏက လပိဗွာကျောင်း၊ ဂန့်ဂေါမြို့နယ်။

၂၂။ ဆရာတော် အရှင် စိန္တိတ ဂဏဝါစက အစိုးရဓမ္မာစရိယ မဟာဝိဇယာရာမပါဠိတက္ကသိုလ်၊ ပခုက္ကူမြို့။

၂၃။ ဆရာတော် အရှင် မေဓိယအစိုးရဓမ္မာစရိယ နိုင်ငံတော်သံဃဗဟိုဝန်ဆောင်၊ တူးမောင်းတိုက်၊ အမရပူရမြို့။

၂၄။ ဆရာတော် အရှင် နန္ဒ အစိုးရဓမ္မာစရိယ ပါဠိပါရဂူ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၂၅။ ဆရာတော် အရှင် နာဂိန္ဒ အစိုးရဓမ္မာစရိယ ဝိနယပါဠိပါရဂူ ကထိနဝိနိစ္ဆယ အရှဏုဂ္ဂမနကာလ ဝိနိစ္ဆယ ကျမ်းပြု၊ သာသနဇောတိကာရုံကျောင်းတိုက်၊ ကျောက်ဖြူမြို့။

၂၆။ **ဆရာတော် အရှင် စက္ကိန္ဒ** အစိုးရဓမ္မာစရိယ သန်းလှိုင်အုတ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂၇။ **ဆရာတော် အရှင် သုန္ဒရ** အစိုးရဓမ္မာစရိယ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂၈။ **ဆရာတော် အရှင် စာဂရ** အစိုးရဓမ္မာစရိယ မင်းကျောင်းတိုက်၊ ကျောက်တန်းမြို့။

၂၉။ **ဆရာတော် အရှင် ဩဘာသ** အစိုးရဓမ္မာစရိယ အရှေ့ဂန့်ဂေါကျောင်းတိုက်၊ မော်လမြိုင်မြို့။

၃၀။ **ဆရာတော် အရှင် ကောဝိဒ** အစိုးရဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဥယျာဥ်ကျောင်း၊ မတ္တရာမြို့။

၃၁။ **ဆရာတော် အရှင် နန္ဒောဘာသ** အစိုးရဓမ္မာစရိယ ဥက္ကံတောရကျောင်းစာသင်တိုက်၊ မုံရွာမြို့။

၃၂။ **ဆရာတော် အရှင် ဥတ္တမဉာဏ** ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) အစိုးရဓမ္မာစရိယ ဝါဆိုကျောင်းတိုက်၊ ရေးဦးမြို့။

၃၃။ **ဆရာတော် အရှင် သီရိန္ဒ** အစိုးရဓမ္မာစရိယ မော်လမြိုင်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။

၃၄။ **ဆရာတော် အရှင် ဂုဏဝရ** အစိုးရဓမ္မာစရိယ ကင်းဗုဒ်ကုန်းကျောင်း၊ ကောလင်းမြို့။

၃၅။ **ဆရာတော် အရှင် ဇဋိလ** အစိုးရဓမ္မာစရိယ ဓမ္မသုခကျောင်း၊ အနောက်တိုက်တော်၊ အနောက်ပြင်၊ မန္တလေးမြို့။

၃၆။ **ဆရာတော် အရှင် တိက္ခ** အစိုးရဓမ္မာစရိယ သန္တိသုခကျောင်း၊ အနောက်တိုက်တော်၊ အနောက်ပြင်၊ မန္တလေးမြို့။

ဆရာတော်၏ ပညာရှိတပည့်တို့ကား အလွန်များပြားလှပါသဖြင့် စာရင်းကျန်ပုဂ္ဂိုလ်တို့အား အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

## (၁၀) ဆရာတော်ရေးသားပြုစုခဲ့သော ကျမ်းများမှာ –

၁ ။ သံမုဋ္ဌဆေဒနီကထာ၊
၂ ။ ကထိနဝိမတိစ္ဆေဒနီ၊
၃ ။ သီမာဝိမတိစ္ဆေဒနီ၊
၄ ။ ပရိဝါသဝိမတိစ္ဆေဒနီ၊
၅ ။ ဥပသမ္ပဒကမ္မဝိမတိစ္ဆေဒနီ၊
၆ ။ ကမ္မဝါစာဝိမတိစ္ဆေဒနီ၊
၇ ။ တာဝကာလိက ဝိမတိစ္ဆေဒနီ၊
၈ ။ ဥဿာဝနန္တိက ဝိမတိစ္ဆေဒနီ၊
၉ ။ ကေသိမနာနုပစာရဒီ ဝိမတိစ္ဆေဒနီ၊
၁၀။ ကေသိမနာနာဝိဟာရာဒီ ဝိမတိစ္ဆေဒနီ၊
၁၁။ ဝိဿသဂ္ဂါဟ ဝိမတိစ္ဆေဒနီ၊
၁၂။ စောဒနာဒိတိသန္တက ဝိမတိစ္ဆေဒနီ၊
၁၃။ ဘိက္ခုနိဒူသကသာမဏေရ ဝိမတိစ္ဆေဒနီ၊
၁၄။ နေဝသုဒ္ဓနာသုဒ္ဓါဒိ ဝိမတိစ္ဆေဒနီ၊
၁၅။ သိက္ခာပစ္စက္ခတတာဒိ ဝိမတိစ္ဆေဒနီ၊
၁၆။ နီလကဟာပဏာဒိ ဝိမတိစ္ဆေဒနီ၊
၁၇။ သုက်ဃာတကာဒိ ဝိမတိစ္ဆေဒနီ၊


မန္တလေးမြို့
ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပုဝန်းကျောင်း
အဘိဓဇမဟာရဋ္ဌဂုရု ဓမ္မာစရိယ ဆရာတော်ကလေး
ရေးသား ပြုစုအပ်သော
သံမုဋ္ဌဆေဒနီကထာ
ညောင်ရမ်း အများတော်ပုံ
ဝေဘန်ချက် စာတမ်း
ဗိဋကတ်တော်ပြန်ပွားရေးပုံနှိပ်တိုက်

၁၈။ ဥပနိက္ခိတ္တဘဏ္ဍာ ဝိမတိစ္ဆေဒနီ၊
၁၉။ ဒါယဇ္ဇာဒိ ဝိမတိစ္ဆေဒနီ၊
၂၀။ ရူပိယဒါယာဒ ဝိမတိစ္ဆေဒနီ၊
၂၁။ သံဃဘေဒကမ္မ ဝိမတိစ္ဆေဒနီ၊
၂၂။ သကအတ္တပ္ပဝတ္တိပဏ္ဍာ ဝိမတိစ္ဆေဒနီ၊
၂၃။ စိတ္တသညာဒိဇာနန ဝိမတိစ္ဆေဒနီ၊
၂၄။ မဇ္ဈေစေတိယသိမာဒိ ဝိမတိစ္ဆေဒနီ၊
၂၅။ မတာသန္တ ကဝိဟာရာဒိ ဝိမတိစ္ဆေဒနီ၊
၂၆။ မာနတ္တာဒိ ဝိမတိစ္ဆေဒနီ၊
၂၇။ ရွှေရေးဆောင်နိယံ အဖြေသစ်ကျမ်း
၂၈။ ပါဠိပါရဂူကျမ်း – စသည်တို့ ဖြစ်ကုန်၏။

## (၁၁) မမြဲတရား ထာဝရပွား

အမရပူရဆရာတော်ကြီးနှင့် နယားဆရာတော်ကြီးတို့၏ ဖခင် ဒါယကာကြီး ဦးစံခိုင်သည် အသက် ၈၃–နှစ် အရွယ် ကောဇာသက္ကရာဇ် ၁၃၀၁–ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ မွေးသမိခင် ဒေါ်အိမ်မင်းသည်လည်း အသက် ၈၄–နှစ်အရွယ် ကောဇာသက္ကရာဇ် ၁၃၂၃–ခုနှစ်တွင် ကွန်လွန်ခဲ့လေရာ၊ ဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသနှင့် ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသတို့သည် နောက်ဆုံးပူဇော်သည့်အနေဖြင့် ခမ်းနားစွာ သင်္ဂြိုဟ်ကြကုန်၏။ သင်္ခါရတရားတို့၏ မမြဲသော သဘောတရားကိုလည်း ဆင်ခြင်ရှုမှတ်ပွားများတော်မူကြကုန်၏။
(မိခင်, ဖခင်တို့၏ ဥတုဇရုပ်ကလာပ်ကို ဂူသွင်းထားခဲ့ကြပါသည်။)

သာသနာတော်နှစ် ၂၅၂၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃–ခုနှစ်၊ ခရစ်နှစ် ၁၉၈၁–ခုနှစ်တွင် အမရပူရဆရာတော်ကြီး ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ သည် သက်တော် ၇၅–နှစ်အရွယ်၊ သိက္ခာတော် ၅၅–ဝါ အရောက်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူခဲ့သည်။

သာသနာတော်နှစ် ၂၅၄၈–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇–ခုနှစ်၊ ခရစ်နှစ် ၂၀၀၅–ခုနှစ်တွင် နယားဆရာတော်ကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ သည် သက်တော် ၉၄–နှစ်အရွယ်၊ သိက္ခာတော် ၇၄–ဝါ အရောက်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူခဲ့သည်။

**ဝိစ္စာစရာ ယောရုံ မစိယမာနာ၊ အဒဿနံ ဩသဓေဟိ ဝဇန္တိ၊**
**န မစ္စုရာဇဿ ဝဇန္တိ ဒဿနံ။** (ဇာ၊ ၁။ ၃၅၆။ အင်္ယာဃရဇာတ်)

| | | |
|---|---|---|
| **ဝိစ္စာစရာ** | = | ဝိဇ္ဇာစရ မည်ရခေါ်ဆို ပုဂ္ဂိုလ်တို့သည်။ |
| **ယောရုံ** | = | ယောရလည်းမည် ဂန္ဓာရီအတတ် ဝိဇ္ဇာကို။ |
| **အစိယမာနာ** | = | ရွတ်ဖတ်နေစဉ် သင်ယူစုတ်မန်းကြကုန်ခြင်းကြောင့်။ |
| **မောစေန္တိ** | = | ရန်သူ့လက်မှ လွတ်ထွတ်နိုင်ကြကုန်၏။ |
| **ဩသဓေဟိ** | = | ဆေးဝါး မန္တရားတို့ဖြင့်။ |
| **အဒဿနံ** | = | ရန်သူယုတ်မာ မမြင်ရာအရပ်သို့။ |
| **ဝဇန္တိ** | = | ဧကန်မဖောက် သွားရောက်နိုင်ကြကုန်၏။ |
| **မစ္စုရာဇဿ** | = | မစ္စုမည်လျှင်း ရှင်သေမင်း၏။ |
| **အ ဒဿနံ** | = | မမြင်ရာအရပ်သို့။ |
| **နဝဇန္တိ** | = | ဧကန်မုချ မသွားရောက်နိုင်ကြကုန်သည်သာ။ |

## (၁၂) အမရပူရ ဆရာတော်ဘုရားကြီး၏ တစ်ဘဝစနွာ သာသနာမှတ်တမ်းအကျဉ်း

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာတော်ဝါ |
|---|---|---|---|---|---|
| * | ၂၅၂၆ - ခုနှစ် | ၁၃၄၃ - ခုနှစ် | ၁၉၈၁ - ခုနှစ် | ၇၅ - နှစ် | ၅၅ - ဝါ |
| ၁ ။ | ၂၅၂၅ - ခုနှစ် | ၁၃၄၂ - ခုနှစ် | ၁၉၈၀ - ခုနှစ် | ၇၄ - နှစ် | ၅၄ - ဝါ |
| ၂ ။ | ၂၅၂၃ - ခုနှစ် | ၁၃၄၀ - ခုနှစ် | ၁၉၇၈ - ခုနှစ် | ၇၂ - နှစ် | ၅၂ - ဝါ |
| ၃ ။ | ၂၅၂၂ - ခုနှစ် | ၁၃၃၉ - ခုနှစ် | ၁၉၇၇ - ခုနှစ် | ၇၁ - နှစ် | ၅၁ - ဝါ |
| ၄ ။ | ၂၅၂၀ - ခုနှစ် | ၁၃၃၇ - ခုနှစ် | ၁၉၇၅ - ခုနှစ် | ၆၉ - နှစ် | ၄၉ - ဝါ |
| ၅ ။ | ၂၅၁၈ - ခုနှစ် | ၁၃၃၅ - ခုနှစ် | ၁၉၇၃ - ခုနှစ် | ၆၇ - နှစ် | ၄၇ - ဝါ |
| ၆ ။ | ၂၅၁၇ - ခုနှစ် | ၁၃၃၄ - ခုနှစ် | ၁၉၇၂ - ခုနှစ် | ၆၆ - နှစ် | ၄၆ - ဝါ |
| ၇ ။ | ၂၅၁၇ - ခုနှစ် | ၁၃၃၄ - ခုနှစ် | ၁၉၇၂ - ခုနှစ် | ၆၆ - နှစ် | ၄၆ - ဝါ |
| ၈ ။ | ၂၅၁၃ - ခုနှစ် | ၁၃၃၀ - ခုနှစ် | ၁၉၆၈ - ခုနှစ် | ၆၂ - နှစ် | ၄၂ - ဝါ |
| ၉ ။ | ၂၅၁၂ - ခုနှစ် | ၁၃၂၉ - ခုနှစ် | ၁၉၆၇ - ခုနှစ် | ၆၁ - နှစ် | ၄၁ - ဝါ |
| ၁၀။ | ၂၄၉၅ - ခုနှစ် | ၁၃၁၂ - ခုနှစ် | ၁၉၅၀ - ခုနှစ် | ၄၄ - နှစ် | ၂၄ - ဝါ |
| ၁၁။ | ၂၄၉၄ - ခုနှစ် | ၁၃၁၁ - ခုနှစ် | ၁၉၄၉ - ခုနှစ် | ၄၃ - နှစ် | ၂၃ - ဝါ |
| ၁၂။ | ၂၄၉၄ - ခုနှစ် | ၁၃၁၁ - ခုနှစ် | ၁၉၄၉ - ခုနှစ် | ၄၃ - နှစ် | ၂၃ - ဝါ |
| ၁၃။ | ၂၄၉၄ - ခုနှစ် | ၁၃၁၁ - ခုနှစ် | ၁၉၄၉ - ခုနှစ် | ၄၃ - နှစ် | ၂၃ - ဝါ |
| ၁၄။ | ၂၄၇၂ - ခုနှစ် | ၁၂၈၉ - ခုနှစ် | ၁၉၂၇ - ခုနှစ် | ၂၀ - နှစ် | ၀၁ - ဝါ |
| ၁၅။ | ၂၄၆၅ - ခုနှစ် | ၁၂၈၂ - ခုနှစ် | ၁၉၂၀ - ခုနှစ် | ၁၃ - နှစ် | ရှင်သာမဏေ |
| ၁၆။ | ၂၄၆၂ - ခုနှစ် | ၁၂၇၉ - ခုနှစ် | ၁၉၁၇ - ခုနှစ် | ၁၀ - နှစ် | ရှင်သာမဏေ |
| ၁၇။ | ၂၄၅၂ - ခုနှစ် | ၁၂၆၉ - ခုနှစ် | ၁၉၀၇ - ခုနှစ် | မွေးဖွားသည် | လူဘဝ |

## (၁၃) အမရပူရ ဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယား

| စဉ် | သာသနာတော်နှစ် | ကောဇာသက္ကရာဇ် | ခရစ်နှစ် | သက်တော် | သိက္ခာတော်ဝါ |
|---|---|---|---|---|---|
| ၁ ။ | ၂၄၆၂ - ခုနှစ် | ၁၂၇၉ - ခုနှစ် | ၁၉၁၇ - ခုနှစ် | ၁၀ - နှစ် | ရှင်သာမဏေ |
| ၂ ။ | ၂၄၆၅ - ခုနှစ် | ၁၂၈၂ - ခုနှစ် | ၁၉၂၀ - ခုနှစ် | ၁၃ - နှစ် | ရှင်သာမဏေ |
| ၃ ။ | ၂၄၇၂ - ခုနှစ် | ၁၂၈၉ - ခုနှစ် | ၁၉၂၇ - ခုနှစ် | ၂၀ - နှစ် | (၁) ဝါမှ (၂၂)ဝါထိ |
| ၄ ။ | ၂၄၉၄ - ခုနှစ် | ၁၃၁၁ - ခုနှစ် | ၁၉၄၉ - ခုနှစ် | ၄၃ - နှစ် | (၂၃) ဝါ |
| ၅ ။ | ၂၄၉၅ - ခုနှစ် | ၁၃၁၂ - ခုနှစ် | ၁၉၅၀ - ခုနှစ် | ၄၄ - နှစ် | (၂၄) ဝါမှ |
| ၆ ။ | ၂၅၂၆ - ခုနှစ် | ၁၃၄၃ - ခုနှစ် | ၁၉၈၁- ခုနှစ် | ၇၅ - နှစ် | (၅၅) ဝါထိ |

(သာသနာတော်နှစ် ၂၄၅၂–၂၅၂၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၉–၁၃၄၃ ခုနှစ်၊ ခရစ်နှစ် ၁၉၀၇–၁၉၈၁ ခုနှစ်)

| ရောက်ရှိနေသည့်အရွယ် | ရရှိခဲ့သည် ဘွဲ့တံဆိပ်တော်များ |
|---|---|
| ဝက် ဒသကအရွယ် | ဘဝနတ်ကျောင်းပြောင်းရွှေ့သည်။ |
| ဝက် ဒသကအရွယ် | ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး၏ သံဃာ့ကိုယ်စားလှယ် ဖြစ်တော်မူသည်။ |
| ဝက် ဒသကအရွယ် | ပါဠိပဒ ပိဋက ကျမ်းညွှန်း အဘိဓာန်ကျမ်းကြီး အဝဂ် အပိုင်း (၃) ထွက်ရှိသည်။ |
| ဝက် ဒသကအရွယ် | ဝိမတိစ္ဆေဒနီကျမ်းကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ |
| ပဗ္ဘာရ ဒသကအရွယ် | သံဃမဟာနာယက, သံဃပိတု (ဒက္ခိဏာရာမဘုရားကြီးတိုက်)ဖြစ်တော်မူသည်။ |
| ပဗ္ဘာရ ဒသကအရွယ် | ပါဠိပဒ ပိဋက ကျမ်းညွှန်း အဘိဓာန်ကျမ်းကြီး အဝဂ် အပိုင်း (၂) ထွက်ရှိသည်။ |
| ပဗ္ဘာရ ဒသကအရွယ် | ပါဠိပဒ ပိဋက ကျမ်းညွှန်း အဘိဓာန်ကျမ်းကြီး အဝဂ် အပိုင်း (၁) ထွက်ရှိသည်။ |
| ပဗ္ဘာရ ဒသကအရွယ် | ပါစိတျာဒိယောဇနာကျမ်းကြီးကို သုတ်သင်တည်းဖြတ် ရိုက်နှိပ်သည်။ |
| ပဗ္ဘာရ ဒသကအရွယ် | ပါဠိပဒ ပိဋက ကျမ်းညွှန်း အဘိဓာန်ကျမ်းကြီး အဝဂ် စတင်ရေးသားခဲ့သည်။ |
| ပဗ္ဘာရ ဒသကအရွယ် | ပါဠိပဒ ပိဋက ကျမ်းညွှန်း နှင့် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းရေးရန် စီစဉ်သည်။ |
| ပညာ ဒသကအရွယ် | အမရပူရကျောင်းဆရာတော်ဟု ထင်ရှားလာသည်။ |
| ပညာ ဒသကအရွယ် | ပရိယတ္တိသာသနာ့ဟိတ ဓမ္မာစရိယ (မူလစာချ) ဆရာတော်ဖြစ်တော်မူသည်။ |
| ပညာ ဒသကအရွယ် | ပရိယတ္တိသာသနာ့ဟိတ ပုစ္ဆက ဖြစ်တော်မူသည်။ |
| ပညာ ဒသကအရွယ် | အသင်းကျောင်းဆရာတော်အဖြစ် အပ်နှံခြင်း ခံရတော်မူသည်။ |
| ခိဍ္ဍ ဒသကအရွယ် | မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုခန်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်သည်။ |
| ခိဍ္ဍ ဒသကအရွယ် | ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့သို့ ရောက်ရှိတော်မူသည်။ |
| မန္ဒ ဒသကအရွယ် | ဦးသာရောက် နှင့် ဒေါ်ရင်းတော် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်တော်မူသည်။ |
| မန္ဒ ဒသကအရွယ် | ဖွားမြင်သည်မှ ဆယ်နှစ်သားအရွယ်ထိ လူ့ဘဝအမည် မောင်အောင်ချိန် ဖြစ်သည်။ |

## ဝါဆို သီတင်းသုံးရာဒေသ

| |
|---|
| ထန်းတောကျောင်း၊ ရမည်းသင်းခရိုင်။ |
| ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| အသင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| အသင်းကျောင်း (တစ်ဖြစ်လဲ) အမရပူရကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| အမရပူရကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့တွင် ဘဝနတ်ကျောင်းပြောင်းရွှေ့သည်ထိ သီတင်းသုံးတော်မူခဲ့သည်။ |



▲ နယားဆရာတော် လောင်းလျာဘဝ သီတင်းသုံးတော်မူခဲ့သော အလယ်တိုက်ကြီး



သံမှ ငွေဆေဒနီကထာပါ-
တမ္ပဝတီ ▶ ကျောင်းတော်ကြီး



ကျော်မော် စတိုး ◀ မှ လှူဒါန်းသော နယားကျောင်းတိုက်ရှိ ရေတွင်း

# ၁။ ဒက္ခိဏာရာမ ဘုရားကြီးတိုက် သမိုင်းအကျဉ်း

## (၁) ဘုရားကြီးတိုက် အကြောင်း သိကောင်းစရာ

မဟာထေရ်သခင် အရှင်သူမြတ်ဘုရား အတုလဦးသျှောင် ငါးမာရ်အောင်မြတ်ဘုရား၏ ဓာတ်သားမွေသရီတို့၏ တည်ရှိရာ, ကိန်းဝပ်ရာ စေတီမြတ်ကြီးဖြင့် တန်ဆာဆင်အပ်သော၊ သွားလမ်းလာလမ်းနှင့် ပြည့်စုံသော၊ သူတော်ကောင်းတို့ စိတ်နှလုံးကို နှစ်သက်ရွှင်ပြုံးစေနိုင်သော ဒက္ခိဏာရာမဘုရားကြီးတိုက်ကို ဘုရားမြတ်စွာသာသနာ စည်ပင်ပြန့်ပွားရန် အလို့ငှာ အလှူခံတော်မူပါဘုရားဟု မြွက်ဆိုလျှောက်ထားပြီး ရေစက်ချ၍ လှူဒါန်းခဲ့လေသည်။ ကျောင်းတိုက်၏ နာမည်သည်လည်း သတိုးမဟာ သက်တော်ရှည်မင်းကြီး ဦးပွား၏ ကောင်းမှုတော်ဘုရား စေတီတော်ကြီးကို အစွဲပြု၍ **ဘုရားကြီးတိုက်** ဟု ခေါ်တွင်ခဲ့ကြလေသည်။

## (၂) ဒက္ခိဏဝိဟာရ (သို့) ဒက္ခိဏာရာမ ဟု တွင်ခြင်း

**တေသု သတ္တသု ယောဓေသု၊ ဥတ္တိယော နာမ ကာရယိ။**

**နဂရမှာ ဒက္ခိဏတော၊ ဝိဟာရံ ဒက္ခိဏဝှယံ။** (မဟာဝံသ။ ၃၃။ ၈၉)

သာသနာတော်နှစ် ၄၅၅–ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ဒုတိယအကြိမ်မြောက် ဝဋ္ဋဂါမဏိမင်းကြီး နန်းတက်ခဲ့လေသည်။ ထိုမင်းကြီး၌ သူရဲကောင်း ခုနစ်ယောက်ရှိခဲ့သည်။ ယင်းသူရဲကောင်းများအနက် ဥတ္တိယသူရဲကောင်း အမတ်သည် အနုရာဓမြို့၏ တောင်ဘက်၌ ကျောင်းတိုက်ကြီးဆောက်လုပ်၍ မင်းဆရာ မဟာတိဿ မထေရ်အား လှူဒါန်းခဲ့လေသည်။ အဆိုပါ ကျောင်းတိုက်သည် မြို့၏တောင်ဘက်၌ တည်ရကား **ဒက္ခိဏာရာမ ကျောင်း** ဟု အမည်တွင်ခဲ့လေသည်။

**ရတနာပုဏ္ဏပုရဿ၊ အာရာမော အာသိ ဝိပုလော။**

**တေနေဝ ဒက္ခိဏာရာမ – အာရာမော နာမတော အဟု။**

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၏ တောင်ဘက်၌တည်သော ဥတ္တိယအမတ်၏ကျောင်းတိုက်အမည် ဒက္ခိဏာရာမ ဝိဟာရ – ဒက္ခိဏာရာမ ကဲ့သို့၊ ဦးပွား၏ ကုသိုလ်တော် ဘုရားကြီးကျောင်းတိုက်သည်လည်း ရတနာပုံ မန္တလေးမြို့တော်၏ တောင်ပြင်၌ တည်ရှိနေသောကြောင့် ဒက္ခိဏဝိဟာရ ဒက္ခိဏာရာမကျောင်းတိုက် ဟု ခေါ်တွင်လာရပေသည်။

တစ်နည်းအားဖြင့်၊ ရတနာပုံမြို့တည်, နန်းတည် ဘုရင်မင်းတုန်းမင်းတရားကြီးလက်ထက်သို့ရောက်သောအခါ သီရိသုမင်္ဂလာစန္ဒာမဟေသီဟူ၍လည်းကောင်း၊ အတုလဒေဝီ ဟူ၍လည်းကောင်း ဘွဲ့တံဆိပ်ခပ်နှိပ်ချီးမြှောက်ခြင်းခံရသော တောင်ဆောင်တော်မိဖုရားခင်ဆုံသည် မင်းကြီးဟောင်းဦးပွား၏ အာရာမ်အတွင်း ကျောင်းဆောက်ရန် အကြောင်း အမိန့်တော် ခွင့်ပန်တောင်းခဲ့ရာ၊ အမိန့်တော်သာသဖြင့် ဝန်ထောက်တော်ဦးကောင်းကို ကြပ်မစေ၍ ပြာသာဒ်စနု ဘောဂ စမြင် တင့်တယ်စွာ ဆင်ယင်ဆောက်လုပ်ပြီးလျှင် အရှင်ဇာဂရာဘိဝံသ မထေရ်မြတ်အား လှူဒါန်းခဲ့လေသည်။ ရတနာပုံမြို့တော်၏ ဒက္ခိဏဒိသာ တောင်အရပ်မျက်နှာ၌ တည်ရှိနေရကား ကျောင်းတော်ကို **ဒက္ခိဏဝိဟာရ**၊ အာရာမ်ကို **ဒက္ခိဏာရာမ** ဟု ထိုအချိန်မှပင် စတင်ကာ သမိုင်းမော်ကွန်း ထွန်းလင်းစေခဲ့သည်။

သတိုးမင်းကြီး မဟာသက်တော်ရှည် အမတ်ကြီး ဆောက်လုပ်ဆက်သတော်မူသော ကုသိုလ်တော်ပွား ဘုရားကြီးတိုက် ကျောင်းတော်ကြီးကို၊ အမရပူရ ပုဂံရွှေနန်းရှင် မင်းတရားကြီးဘုရား ထွက်တော်မူကြီး ထွက်တော်မူ၍ ကျောင်းလွှတ်သဘင် ဆင်ယင်တော်မူသောအခါ၊ စာဆိုတော်ကြီး စလေဦးပုညရေးသော ဆုတောင်းပတ္တနာစာတမ်းကို သံယာတော်များနှင့် မင်းမှူးမတ် ပရိသတ်အလယ် ဖတ်ကြားစေရာ အဆုံးတွင် သာဓုခေါ်သံကြီး တစ်ခဲနက် ပေါ်ထွက်လာလေသည်။အကျယ်သိလိုပါက အရှင်ကေလာသ ရေး မန္တလေးသာသနာဝင်(ဒုတိယတွဲ) ကို ရှာဖွေဖတ်ရှုနိုင်ပါ၏။

## (၃) ဒက္ခိဏာရာမတိုက် သံဃ ကတိကဝတ် ဥပဒေသတော်

မန္တလေးမြို့၊ ဒက္ခိဏာရာမတိုက် သံဃသမ္မုတိရ ဆရာတော်ကြီးများသည် ကောဇာသက္ကရာဇ် ၁၂၉၃-ခုနှစ်၌ လည်းကောင်း၊ ကောဇာသက္ကရာဇ် ၁၃၂၃-ခုနှစ်၌ လည်းကောင်း သံဃသုဋ္ဌု သံဃဖာသု ဖြစ်စိမ့်သောငှာ အောက်ဖော်ပြပါ **သံဃ ကတိကဝတ် ဥပဒေသတော်** ကို ရေးဆွဲ ထုတ်ပြန်တော်မူခဲ့သည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး၍ အထွတ်အထိပ်သို့ရောက်တော်မူပြီးသော မြတ်စွာဘုရား၏ သာသနာသုံးပါး ကြီးပွားစည်ပင်စေခြင်းငှာလည်းကောင်း၊ သံဃသုဋ္ဌု သံဃဖာသု ဖြစ်စေခြင်းငှာလည်းကောင်း၊ အာစရိယပရံပရ ပဝေဏီမပျက် ဩဝါဒကို စောင့်ရှောက်စေခြင်းငှာလည်းကောင်း ရည်ရွယ်ရိုးရင်း နှလုံးသွင်းတော်မူကြ၍၊ ဒက္ခိဏာရာမဝါသီ မဟာထေရ်ကြီးတို့နှင့်တကွ သံဃာတော်အပေါင်းတို့သည် သာသနာတော်နှစ် ၂၄၇၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၉၃-ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် သံဃနာယကဆရာတော် အုတ်ကျောင်းပေါ်၌ အားလုံးဆန္ဒသဘောတူ ပြဋ္ဌာန်းဆုံးဖြတ်အပ်သော ကတိကဝတ် ဥပဒေသတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အရှေ့အလား မီးရထား နှင့် အစိုးရမြေအထိ၊ အနောက်အလား အုတ်တံတားမြေအထိ၊ မြောက်အလား အာနန္ဒာသိမ်နီ မြောက်တံတိုင်းအထိ၊ တောင်အလား ဦးပွားစေတီတော် တောင်တံတိုင်းအထိ၊ ဤ ဝါဆိုခေတ်အတွင်း၌ ကျောင်းထိုင်သံဃာတော်တို့ အများဆန္ဒတူ ရွေးကောက်တင်မြှောက်သော သံဃပါမောက္ခ သံဃနာယက ဆရာတော် တစ်ပါးရှိရမည်။

(ခ) သံဃာနာယကဆရာတော်သည် တိုက်ရေးကိစ္စမှအပ၊ သာသနာရေးကိစ္စနှင့်စပ်လျဉ်း၍ အခြားသောဂိုဏ်းဂဏတို့နှင့် ဆက်ဆံရေးကိစ္စ ရှိသော်လည်းကောင်း၊ အစိုးရ တို့နှင့် မလွှဲမရှောင်သာ၍ ဆက်ဆံရေးကိစ္စရှိသော်လည်းကောင်း၊ သင့်လျော်သော သမ္မုတိဆရာတော် ကျောင်းထိုင်ဆရာတော်တို့ ညှိနှိုင်းတိုင်ပင်၍ အလုံးစုံသော အဓိကရဏ်း အမှုကိစ္စတို့ကို ဝိနိစ္ဆယ ဆုံးမဩဝါဒ ချပေးလိုသောအခါ ယထာဓမ္မကျနသော ဝိနိစ္ဆယ ဆုံးမဩဝါဒအမိန့် ထုတ်ဆင့်နိုင်သော အခွင့်အာဏာရှိသည်။

(ဂ) ဒက္ခိဏာရာမတိုက် သံဃိကဖြစ်သော ပစ္စည်းများကို ဝေဖန်ရန် အကျိုးငှာလည်းကောင်း၊ ရှာပနကိစ္စ ပေါ်ပေါက်က စီမံရွက်ဆောင်ရန် အကျိုးငှာလည်းကောင်း၊ ကျောင်းထိုင် သံဃာတော်တို့က အပလောကနကံဖြင့် အများဆန္ဒတူ ဘာဇကပုဂ္ဂိုလ်ခုနစ်ပါးကို ရွေးကောက်တင်မြှောက်ထားရမည်။ သို့သော်၊ ဒါနရှင်၊ ကိစ္စရှင်တို့က မိမိတို့သဘောအတိုင်း လောကထုံးစံဖြစ်သော တိုက်တာရေးကို မထိခိုက်စေဘဲ ရွက်ဆောင် ပြုလုပ်လိုက ပြုလုပ်နိုင်သည်။

## * ကျောင်းထိုင်ဆရာတော်များ အရေးအခွင့်

(ဃ) တောမြို့ကျေးရွာကသော်လည်းကောင်း၊ တိုက်တစ်ပါးကသော်လည်းကောင်း လာရောက်နေထိုင်လိုသော စာသင်သားကို ဆရာ၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၊ တာဝန်ခံသူတို့က ကိုယ်တိုင်သော် လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း တာဝန်ခံယူ ထောက်ခံ၊ လျှောက်ထားချက်ပါမှသာ နေထိုင်ခွင့်ပြုရမည်။

(င) မိမိတို့ တိုက်တာအတွင်း တစ်ကျောင်းမှ တစ်ကျောင်းသို့လည်းကောင်း၊ တိုက်တာမှ ထွက်သွားဟန်ဆောင်၍ တစ်နှစ်မပြည့်မီအတွင်း အခြားကျောင်းသို့လည်းကောင်း၊ ဝင်ရောက်နေထိုင်လိုသော စာသင်သားကို မူလနေရင်းကျောင်း ကျောင်းထိုင်ဆရာတော်၏ ခွင့်ပြုချက်ပါမှသာ နေထိုင်ခွင့်ပြုရမည်။

(စ) မိမိတို့ကျောင်းရှိ စာသင်သားများ၏ ဘွဲ့အမည်၊ သိက္ခာဝါ၊ ဖွားရာဇာတိ၊ မြို့ရွာနယ်မြေ၊ ဆရာမိဘ (သို့မဟုတ်)

အုပ်ထိန်းသူပါသော စာရင်းအင်းများကို သေချာစွာရေးပြီးလျှင် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ထက် နောက်မကျစေဘဲ ဆိုင်ရာဆရာတော်ထံ မပျက်မကွက် တင်သွင်းရမည်။

(ဆ) အပိုဒ်ငယ် (ဃ) နှင့် (င) ပါ တာဝန်ခံသူ, ထောက်ခံချက်,ထောက်ထားချက်, ခွင့်ပြုချက် မပါသော စာသင်သားကို နေထိုင်ခွင့်ပြုသည့် ကျောင်းထိုင်ဆရာတော်သည် နာယက ဆရာတော်ချမှတ်သော ဝိနည်းကံအပြစ်ဒဏ်ကို ခံရမည့်ပြင် ခွင့်ပြုနေထိုင်စေသော စာသင်သားကိုလည်း ကျောင်းမှနှင်ထုတ်ရမည်။

(ဇ) စာသင်သားများလိုက်နာရန် အောက်ပါကတိကဝတ် ဥပဒေကို ကျူးလွန်ပေါက်ကြားသော စာသင်သားအား ဆိုင်ရာကျောင်းထိုင်ဆရာတော်က အပြစ်အားလျော်စွာ စီရင်ဆုံးဖြတ် ဆုံးမညြဝါဒပေးရမည့် အခွင့်အာဏာရှိသည်။ အကယ်၍၊ သိလျက် အပြစ်အားလျော်စွာ မစီရင်သော ကျောင်းထိုင်ဆရာတော်သည် နာယက ဆရာတော်ချမှတ်သော ဝိနည်းကံအပြစ်ဒဏ်ကို ခံရမည်။

## ❋ စာသင်သားများ အရေးအခွင့်

(ဈ) တစ်ကျောင်းတည်း၌ မိမိတို့အချင်းချင်းသော် လည်းကောင်း၊ တစ်ပါးသော ကျောင်းနေပုဂ္ဂိုလ်တို့နှင့် သော်လည်းကောင်း၊ တစ်ပါးသောတိုက်တာ အရပ်နေတို့နှင့်သော်လည်းကောင်း၊ ရှင်သိ, လူသိ ခိုက်ရန်ဒေါသဖြစ်ပွားခြင်း၊ လက်ရောက်ကျူးလွန်ခြင်း စသောအမှုအခင်း မဖြစ်စေရ။ ဖြစ်ခဲ့သော် မိမိတို့နေထိုင်ရာကျောင်းမှ ထွက်ခွာသွားရမည်။

(ည) မြတ်စွာဘုရား ကဲ့ရဲ့တော်မူအပ်သော လက်နက်စွဲကိုင်သွားလာခြင်း၊ လောင်းတမ်ကစားခြင်း၊ သုရာပါနသိက္ခာပုဒ် ကျူးလွန်ခြင်းတို့ကို အထူးကြဉ်ရှောင်ရမည်။ ကျူးလွန်ပေါက်ကြားသော ပုဂ္ဂိုလ်သည်လည်း မိမိတို့နေထိုင်ရာကျောင်းမှ ထွက်ခွာသွားရမည်။

(ဋ) ကပ္ပိယဘူမိမှ တစ်ပါးသောအရပ်၌ ဗုဒ္ဓပဋိကုဋ္ဌိတ ဖြစ်သော– ရုပ်ပွဲ, ဓာတ်ရှင်ပွဲ, ဘောလုံးပွဲ, ဇာတ်ပွဲ အစရှိသော ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ လူတို့၏ အဝတ်တန်ဆာကို ဆင်မြန်းသွားလာခြင်း၊ ဝိကာလဘောဇန သိက္ခာပုဒ် ကျူးလွန်ခြင်း တို့ကို အလျဉ်း မပြု, မလုပ်ရ။ ကျူးလွန်ပေါက်ကြားသော ပုဂ္ဂိုလ်သည် ဝိနည်းကံ အပြစ်ဒဏ်ခံရမည်။

(ဌ) သမဏသာရုပ္ပ မဖြစ်သော အကပ္ပိယ အနာမာသကို ကိုယ်တိုင်ကိုင်တွယ်၍ ဈေးဝယ်ခြမ်းခြင်း၊ သင်္ဘော, ရထား လက်မှတ်ယူခြင်း အစရှိသည်တို့ကို မပြု, မလုပ်ရ။ ကျူးလွန်ပေါက်ကြားသော ပုဂ္ဂိုလ်သည် ဝိနည်းကံ အပြစ်ဒဏ် ခံရမည်။

(ဍ) ပုထုဇဉ်တို့အလျောက် တစ်ဦးနှင့်တစ်ဦး ရန်ခိုက်ဒေါသ ဖြစ်သော်လည်းကောင်း၊ အန္တရာယ်ဖြစ်ရန် မကောင်းကြံစည်သည်ကို သိသော်လည်းကောင်း ဖျန်ဖြေကာကွယ်ခြင်းကို ပြုရမည့်ပြင်၊ ဆိုင်ရာကျောင်းထိုင် ဆရာတော်ကိုလည်း အမြန်လျှောက်ထားရမည်။ ဖုံးလွှမ်း ကွယ်ဝှက်ထားသော ပုဂ္ဂိုလ်သည်လည်း ဝိနည်းကံ အပြစ်ဒဏ်ခံရမည်။

(ဎ) ကျောင်းထိုင်ဆရာတော်တို့က အကြောင်းလုံလောက်စွာ မပြမူ၍ ကျောင်းမှထွက်ခွာသွားရန် ချမှတ်လျှင် မရှိမသေ, မထိမဲ့မြင် ခုခံအန်တုခြင်း မပြုဘဲ နာယကဆရာတော်ထံ အသနားခံလျှောက်လွှာ တင်သွင်းနိုင်သည်။ ဝိနည်းကံ အပြစ်ဒဏ်ဆိုသည်ကား အမှုကြီးငယ် အပြစ်ဒဏ်အားလျော်စွာ ရေဒဏ်, သဲဒဏ် တစ်ဆယ် မှ ငါးဆယ်ထိ ပေးနိုင်သည်။

ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ
ဒက္ခိဏာရာမတိုက် သံဃနာယက ဆရာတော်

မှတ်ချက်

၁။ သာသနာတော်နှစ် – ၂၄၇၅ ခုနှစ်၊ ကောဇာသက္ကရာဇ် – ၁၂၉၃ ခုနှစ်၊ ပြာသိုလဆန်း (၁၅)ရက်၊ လပြည့်နေ့၊ ခရစ်နှစ် – ၁၉၃၁ ခုနှစ် တွင် ပထမအကြိမ် အတည်ပြုခဲ့သည်။

၂။ သာသနာတော်နှစ် – ၂၅၄၄ ခုနှစ်၊ ကောဇာသက္ကရာဇ် – ၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက်၊ ခရစ်နှစ် – ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅)ရက်၊ ကြာသပတေးနေ့ တွင် ဒုတိယအကြိမ် ထပ်မံအတည်ပြုခဲ့သည်။

## (၄) အလယ်တိုက်ကြီး အပေါ်ထပ် ကျောင်းထိုင်ဘုန်းတော်ကြီးများ အစည်းအဝေးက အညီအညွတ် ပြဋ္ဌာန်း အတည်ပြုကြသည့် ကတိကဝတ်များ ကောဇာသက္ကရာဇ် ၁၃၂၃–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်။

(က) သံဃိကကျောင်းစသော ဂရုဘဏ်များအတွက် နာယကဆရာတော် အသိအမှတ်ပြုပြီးဖြစ်သော အစောင့်အရှောက် အာဝါသိက ကျောင်းထိုင်ပုဂ္ဂိုလ်ကိုသာ **"ရဟန်းသိက္ခာ တည်ရှိနေသမျှ"** တိုက်သံဃာက ဆက်လက် အသိအမှတ်ပြုထားရမည်။

(ခ) ထိုကျောင်းထိုင်ပုဂ္ဂိုလ် အသက်ရှိစဉ် တစ်စုံတစ်ယောက်အား အစောင့်အရှောက် လွှဲအပ်သည်ကို နာယကဆရာတော်က ဆက်လက်အသိအမှတ်ပြု ထားရမည်။

(ဂ) ထိုကျောင်းထိုင် ပုဂ္ဂိုလ်၏ လဟုဘဏ်ကို ဝိဿာသဂ္ဂါဟ အင်္ဂါနှင့်အညီယူ၍ ဂရုဘဏ်ကို အစောင့်အရှောက် တောင်းခံယူထားခဲ့လျှင် ထိုတောင်းခံယူထားသော ပုဂ္ဂိုလ်သည် ကိုယ်စားမထားဘဲ ကိုယ်တိုင်စောင့်ရှောက်နိုင်ပါလျှင် နာယကဆရာတော်က ဆက်လက်အသိအမှတ်ပြုထားရမည်။ အကယ်၍၊ ကိုယ်တိုင်မနေနိုင်လျှင် သံဃိကဂရုဘဏ်ကို တိုက်သံဃာက ပြန်လည်သိမ်းယူနိုင်သည်။

(ဃ) မည်သည့် အဓိကရုဏ်းမှုမျိုးမဆို တိုက်တွင်း၌သာ သံဃာကလွှဲအပ်သော နာယကဆရာတော်နှင့် သမ္မုတိဆရာတော်များ (သို့မဟုတ်) သံဃသမ္မုတိရ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သုံးပါးတို့၏ အဆုံးအဖြတ်ကိုသာ နာခံပြီးပြတ်ရမည်။

မှတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော ကတိကဝတ် ဥပဒေသတော်သည် ဒက္ခိဏာရာမတိုက် ဝါဆိုခေတ်အတွင်း၌ သီတင်းသုံးတော်မူကြသော အလုံးစုံသောပုဂ္ဂိုလ်တို့အပေါ်၌တည်သည်။

သာသနာတော်နှစ် – ၂၅၀၅ ခုနှစ်၊
ကောဇာသက္ကရာဇ် – ၁၃၂၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်နေ့၊
ခရစ်နှစ် – ၁၉၆၁ ခုနှစ်။

ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ
ဒက္ခိဏာရာမတိုက် သံဃနာယက ဆရာတော်



ကျေးဇူးတော်ရှင်
နယားဆရာတော်ဘုရားကြီး၏
သာဓုကီဠာန အန္တိမဈာပန ပူဇာသဘင်
အခမ်းအနား မှတ်တမ်းဓာတ်ပုံများ







▲ အမတ်ကြီး ဦးပွား
ဆုတောင်းပြည့် စေတီတော်





► အာနန္ဒာဘုရား
(နန္ဒမူလိုဏ်ဂူ)

အမတ်ကြီး ဦးပွား
ဆုတောင်းပြည့်
◄ စေတီတော်



ဂူဏဝတီကျောင်း
ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
◄ ဘဒ္ဒန္တ
ကုသလာစာရ
ဘိဝံသ

## (၅) ဒက္ခိဏာရာမတိုက် အနှစ်တစ်ရာပြည့်သဘင်ကြီး (ကောဇာသက္ကရာဇ် ၁၂၀၉–၁၃၀၉ ခုနှစ်)

သာသနာတော်နှစ် ၂၃၉၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၀၉–ခုနှစ်၊ ခရစ်နှစ် ၁၈၄၇–ခုနှစ် က အမရပူရရွှေနန်းရှင် ပုဂံမင်းတရားကြီးလက်ထက်တော် **"သတိုးမင်းကြီး သက်တော်ရှည် ဦးပွား"** သည် သံသရာဝဋ်မှ ကျွတ်လွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်တောင့်တတော်မူ၍၊ မဟာမြတ်မုနိ ဂန္ဓကုဋီတော်ကြီးမှ အရှေ့တော်ယွန်း မဝေးလွန်းလှ လမ်းမကြီး၏ အရှေ့ဘက် နှစ်သက်ဖွယ်ရာ မြေကြန်လက္ခဏာနှင့် ပြည့်စုံသော သာယာပြေပြစ်သည့် အရပ်ဝယ် သံတောင်ရှစ်ဆယ်ကျော်၊ ဉာဏ်တော်အမြင့် (၉၆)ပေ (၈)လက်မ ရှိသည့် ဆုတောင်းပြည့် စေတီတော် မြတ်ကြီးကို တိုက်ဦးဘုရား ရည်မှန်းထား၍၊ တံတိုင်း, မီးတား, ခြသေ့်များဖြင့် တည်ထားကိုးကွယ်ခဲ့ပါသည်။ မရှေးမနှောင်း တစ်ပြိုင်နက် မြောက်ဘက် မဟာရံတံတိုင်းနှင့်စပ်လျက် နှစ်သက်ဖွယ်ရာ မင်္ဂလာမြေအပြင်ဝယ် ခြောက်ပယ် ဧရိယာအကျယ်အဝန်းထား၍ မြင့်မား ထူးကဲနိုင်ခဲ့လှသော အုတ်တံတိုင်း ကာရံပြီးလျှင်၊ ပြာသာဒ် စနေဘောဂ နောက်ဆောင် စမြင်ပတ်လည် ကာရံပြီးလျှင် သီတိုင်လျောက်နယားထောက်၍၊ အုတ်ကျောက်စီခင်း လေ့ကားခြောက်စင်းနှင့် ထက်အောက်မကျန် တံခွန်မှန်ကင်း ဒရင်စွန်းပါ ရွှေလွှာမျက်ပါး အပြည့်ချထားပြီးသောအခါ၊ အရံကျောင်း ခြောက်ကျောင်းနှင့်တကွ မင်္ဂလာကျောင်းတော်ကြီးကို **"ပုဂံမင်းတရားကြီး"** အား ကုသိုလ်တော်ပွား ပဋ္ဌာတော်အဖြစ် ဆက်သတော်မူခဲ့လေသည်။

"ဘုရင်မင်းတရားကြီးကလည်း ကျောင်းတော်ပူဇော်ဆင်ယင်ကျင်းပရန် စီမံခန့်ခွဲစေ" ဟု အမိန့်တော်မြတ် ချမှတ်တော်မူပြီးလျှင်၊ သာသနာတော်နှစ် ၂၃၉၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၀၉–ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်၊ ခရစ်နှစ် ၁၈၄၇–ခုနှစ်၊ မင်္ဂလာအခါတွင် ထွက်တော်မူကြီး၊ ထွက်တော်မူ၍ တံဆိပ်တော် ရ–မရ၊ ပိဋကတ္တယ ကောဝိဒဂုဏ် ကုံလုံလောက်င ပြည့်ဝတော်မူကြကုန်သော ဆရာတော် သံဃာတော် (၅၈)ပါးတို့ကို –

(က) ခဲဖွယ်ဘောဇဉ် ချိုချဉ်ယမကာ အဖြဖြာတို့ ဆက်ကပ်လှူဒါန်းခြင်း၊

(ခ) သီးမျိုးစုံ ပဒေသာပင် (၅၈) ပင်၊

(ဂ) မှန်စီရွှေချ ညောင်စောင်းခုတင် (၅၈) ခု၊

(ဃ) ကြေးစင်ခေါင်းလောင်းတော် (၅၈) လုံး၊

(င) ရွှေချစာတိုက် (၅၈) လုံး၊

(စ) ပိဋကတ်တော်ကညစ်ရေး စာအင်္ဂါ (၄၀၀၀) ကျော်၊

(ဆ) ဆင်းရဲသား ဒုက္ခိတတို့အား ဝေငှပေးကမ်းရန် အင်္ကျီ, ပုဆိုး, ပုဝါ, ရင်လွှမ်းတဘက် စသည့် ပါဝင်သော ပဒေသာပင် (၅၈)ပင် နှင့်

(ဇ) ဇီဝိတဒါန အသက်ဘေးမှလွတ်ရန် ရာဇဝတ်သား ယောကျ်ား, မိန်းမ (၃၈)ယောက် စသည့် အဖုံဖုံ အလုံးစုံတို့ကို ဆရာတော်သံဃာတော်များ ရှေ့တော်မှောက်ဝယ် ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် အသီးသီးပိုင်းခြားရည်မှန်း၍၊ ရေစက်သွန်းချ ဆက်ကပ်လှူဒါန်း ပေးကမ်းဝေငှ စွန့်လွှတ် တော်မူပြီးနောက်၊ **"ဓာဂရာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု"** ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးအား အပ်နှင်းတင်ထား ကိုးကွယ်တော်မူပြီး ရွှေနန်းတော်သို့ ဝင်တော်မူသည်။

ပထမတိုက်တော်တည် ကျေးဇူးရှင်အရှင်ဓာဂရာဘိဓေ(အရှင်ဓာဂရာဘိဝံသ)ဆရာတော် ဘုရားကြီး မှစ၍ အဆက်ဆက်သော အာရာမာဓိပတိ သံဃနာယက ဂဏဝါစက စာချဆရာတော်တို့၏ အဇ္ဈာသယ ဝီရိယဖြင့် နေ့နေ့ညည ချပို့မှုကြောင့် ဒက္ခိဏာရာမကျောင်းတိုက်သည် လွန်စွာတိုးတက်ကြီးပွား စည်ကားခဲ့လေသည်။ယခု ထက်တိုင်လည်း လွန်စွာတိုးတက် ကြီးပွားနေဆဲပင်ဖြစ်သည်။ အနာဂတ်တွင်လည်း ဆက်လက် တိုးတက်ကြီးပွားမည်မှာ အမှန်ပင်ဖြစ်သည်။ ယခုအခါ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ထွက် ပညာရှင်တို့မှာလည်း မြန်မာတစ်ပြည်လုံး အနှံ့အပြား ရောက်ရှိ၍ သာသနာပြု နေကြကုန်၏။ သို့ဖြစ်၍၊ ဒက္ခိဏာရာမဘုရားကြီး တိုက်သည် အမှန်စင်စစ်ပင် မြန်မာ့သာသနာ, ကမ္ဘာ့ သာသနာ သမိုင်းတစ်လျှောက်တွင် ပထမတန်း အဆင့်မြင့် စာသင်တိုက်ကြီး တစ်ခုအဖြစ် ရပ်တည်လျက် ရှိနေပေ၏။

## (၆) နှစ်တစ်ရာပြည့်သဘင်ပွဲ ဆောင်ရွက်ရေး သံဃသမ္မုတိရ ဆရာတော် တစ်ဆယ့်နှစ်ပါး

ကောဇာသက္ကရာဇ် ၁၃၀၉–ခုနှစ်သို့ ရောက်သောအခါ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်သက်တစ်ရာ မင်္ဂလာ အခါတော်မြတ်ဖြစ်ပါသဖြင့် ရာပြည့်သဘင် ဆင်ယင်ကျင်းပရာ သံဃသမ္မုတိရ အနှစ်တစ်ရာပြည့်ပွဲ ဆောင်ရွက်ရေး ဆရာတော် (၁၂)ပါး တို့ကို ရွေးချယ်တင်မြှောက်တော်မူခဲ့ကြသည်။

ယင်းသံဃသမ္မုတိရ အနှစ်တစ်ရာပြည့်ပွဲ ဆောင်ရွက်ရေး ဆရာတော် (၁၂)ပါး တို့ကား –




၁ ။ ဖျာပုံကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ၊
၂ ။ အလယ်တိုက်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိက၊
၃ ။ မင်းမာအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိက၊
၄ ။ ပိဋကတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ တေဇဝန္တ၊
၅ ။ ပေတောကျောင်းဆရာတော် ဘဒ္ဒန္တ သီလဝံသ
၆ ။ တမ္ပဝတီကျောင်းဆရာတော် ဘဒ္ဒန္တ အရိယာဝံသ၊
၇ ။ ဦးဇာဂရကြီးတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရ၊
၈ ။ မဲဖလန်ကျောင်းဆရာတော် ဘဒ္ဒန္တ သောဘိတ၊
၉ ။ ဦးခအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တ နရိန္ဒ၊
၁၀။ ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒ၊
၁၁။ တိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဂုဏိန္ဒ၊
၁၂။ တာရာမင်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတ တို့ အသီးသီးဖြစ်ကြကုန်၏။

အထက်ပါ ဆရာတော် (၁၂)ပါး တို့သည် တိုက်တာအုပ်ချုပ်ရေးဆိုင်ရာ သံဃသမ္မုတိရ ဆရာတော် ဘုရားကြီး ငါးပါးတို့နှင့် တိုင်ပင်တော်မူကြ၍ ဒက္ခိဏာရာမ ရာပြည့်သဘင်ကြီးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ကြကုန်၏။

## (၇) ဩဝါဒစကား မြွက်ကြားတော်မူကြ

သာသနာတော်နှစ် ၂၄၉၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၀၉–ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်၊ နေ့တွင် ရပ်ဝေးမြို့နယ်မှ ကြွရောက်တော်မူလာကြသော တပည့်ကြီးငယ်သံဃာတော်အပေါင်း ငါးရာကျော်၊ မန္တလေးမြို့ လေးပြင် လေးရပ်မှ ကြွရောက်တော်မူလာကြသော သမဂ္ဂသံဃာတော် ငါးရာကျော်နှင့် တိုက်အတွင်းရှိ သံဃာတော် ကိုးရာကျော်၊ စုစုပေါင်းသံဃာတော် တစ်ထောင်ကိုးရာကျော်တို့အား ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်ရသာ တို့ကို ဆက်ကပ် လှူဒါန်း လုပ်ကျွေးပြီး၊ နေ့လည် (၁၂:၀၀)နာရီ အချိန်တွင် မဟာသံဃ သန္နိပါတ အစည်းအဝေးကြီးကို မင်္ဂလသုတ် ပရိတ်တော်၊ မေတ္တာသုတ် ပရိတ်တော် တို့ကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြ၍ အခမ်းအနားကို ဖွင့်လှစ်တော် မူကြသည်။

ထို့နောက်၊ အစီအစဉ်အရ – ဂဏာစရိယ၊ ဂဏပါမောက္ခ ပိဋကတ္တယဝိဦ ဖြစ်တော်မူကြသော ဆရာတော် ဘုရားကြီး အသီးသီးတို့က ဒက္ခိဏာရာမ ဝါသီပုဂ္ဂိုလ်မြတ်ကြီးတို့၏ပညတ္တိဗဟုလဂုဏ်၊ ပရိယတ္တိဗဟုလဂုဏ်၊ သဇ္ဈာယန ဗဟုလဂုဏ်တို့ကို သိမ်းကျုံးပေါင်းခြုံလျက် အဖုံဖုံအစုံစုံသော ဩဝါဒစကားကို မိန့်ကြားတော်မူခဲ့ကြသည်။

## (၈) ဓမ္မဂီတပိုဒ်စုံရတုများစွာဖြင့် ပူဇော်ကြ

ရတနတ္တယ မာမက သဒ္ဓါပသန္န ဖြစ်ကြသော ဒါယကာ, ဒါယိကာမ အပေါင်းတို့ကလည်း မိမိတို့၏ ဉာဏ် အမြင် ရှိသလောက် ချီးမြှောက်ပူဇော်လိုကြသဖြင့်၊ ဓမ္မဂီတဂုဏာ အဖုံဖုံ ပိုဒ်စုံရတု ရွတ်မှုသေချာ ဆေကာဂုဏ်မြောက် ဖတ်လျှောက် ပူဇော်ကြကုန်၏။

## (၉) မင်္ဂလာသြဘာစာတမ်း ဖတ်လျှောက်ခြင်း

၎င်းပြင်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာဝင် မင်္ဂလာသြဘာစာတမ်းကိုလည်း တင်သွင်းဆက်သ ဂါရဝမြောက် ဖတ်လျှောက်လေရာ အဆုံးတွင် သာဓုသံကြီး တစ်ခဲနက်ပေါ်ထွက်လာလေသည်။ ထို့နောက် သံဃထေရ်ကြီး တို့ကို ရှိခိုးပူဇော် ကန်တော့ကြပြီး ရာပြည့်ပွဲသဘင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြလေသည်။

## (၁၀) အထိမ်းအမှတ် သံဃဆေးပေးတိုက်

ယင်း နှစ်တစ်ရာပြည့် ပွဲသဘင် အထိမ်းအမှတ်အနေဖြင့် သံဃာတော်များအတွက် သံဃဒါန ဆေးပေးခန်း တိုက်ငယ်တစ်လုံးကို ဒက္ခိဏာရာမဘုရားကြီးတိုက် အတွင်းထပ် မြောက်ဘက်တံခါးအထွက် အနီးအရပ်တွင် တည်ထား ဆောက်လုပ်ခဲ့ကြကုန်၏။

## (၁၁) ဒက္ခိဏာရာမတိုက်သက်တစ်ရာ မင်္ဂလာသြဘာစာတမ်း

အမရပူရ ရတနာပုဥ္ဇ နဂရနှစ်လီ ဂေါစရဂါမ်မှိသော **"ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာဝင် ဆရာ စဉ်ဆက် တိုက်သက်တစ်ရာ မင်္ဂလာသြဘာစာတမ်း"** ကို ဖတ်ကြားကြပါသည်။ မန္တလေးသာသနာဝင် (ဒုတိယတွဲ) မှတ်ချက်

(က) ဒက္ခိဏာရာမ ဘုရားကြီးတိုက်ကို သာသနာတော်နှစ် ၂၃၉၁- ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၀၉- ခုနှစ်၊ ခရစ်နှစ် ၁၈၄၇-ခုနှစ် တွင် ကျောင်းတိုက် စတင်တည်ထောင်ခဲ့ပါသည်။ ဤ စာရေးနေသည့် သာသနာ တော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊ ခရစ်နှစ် ၂၀၀၇-ခုနှစ်ထိ နှစ်ပေါင်း (၁၆၀)ပြည့်နှစ် အတွင်း အာရာမာဓိပတိ သံဃဦးစီးနာယကအုပ်ချုပ်သူဆရာတော်ကြီးများ (၁၆)ဆက် တိုင် ရှိပြီဖြစ်ပါသည်။

(ခ) ဒသမမြောက် သံဃနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ (ဦးကြယ်) သက်တော် (၈၇)ခုနှစ်သည် သာသနာတော်နှစ် ၂၅၁၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ခရစ်နှစ် ၃-၁၂-၁၉၇၅ ခုနှစ်၊ ဗုဒ္ဓဟူးနေ့ည (၇း၀၀)နာရီအချိန်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့ တော်မူ ပြီးသည့်နောက်၊ ပေတောကျောင်းဆရာတော် ဘဒ္ဒန္တ စာရိန္ဒာဘိဝံသ မဟာထေရ်နှင့် အမရပူရ ကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ တို့ နှစ်ပါးက၊ တိုက်တာကို မဟာနာယကနှစ်ပါး ပူးတွဲအုပ်ချုပ်ကွပ်ကဲ၍ သာသနာ ပြုတော်မူခဲ့ကြသည်။ နှစ်ပါးစုံ ထိုင်ကြသော သက်တမ်းမှာ ကောဇာသက္ကရာဇ် ၁၃၅၄-ခုနှစ်ထိ (၁၇)နှစ်ခန့် ကြာမြင့်ခဲ့ပါသည်။

(ဂ) သာသနာတော်နှစ် ၂၅၃၆- ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၄- ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ ခရစ်နှစ် ၂၉-၁-၁၉၉၃ ခုနှစ်၊ သောကြာနေ့တွင် နယားကျောင်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမေဓိယာ ဘိဝံသသည် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၏ **"ပဓာန သံဃမဟာနာယက သံဃဦးသျှောင်"** ဆရာ တော်အဖြစ် အုပ်ချုပ်ကွပ်ကဲ၍ သာသနာပြုတော်မူခဲ့သည်မှာ ဘဝနတ်ကျောင်းပြောင်းရွှေ့ တော်မူသည့်အထိ ဖြစ်ပါသည်။ နယားဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၅၄၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇- ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၂)ရက်၊ ခရစ်နှစ် ၅-၅-၂၀၀၅ ခုနှစ်၊ ကြာသပတေးနေ့၊ နံနက် (၁း၃၅)နာရီ အချိန်၊ သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ အရတွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူခဲ့သည်။

ကျမ်းကိုး

(က) အောက်ဖော်ပြပါ အခြေပြဇယား (၁) မှ (၁၀) ထိကို၊ ရွှေဘုန်းရှိန်ဆရာတော် ဦးကြယ်၏ ကိုယ်တိုင်ရေး သုံးဘဝအတ္ထုပ္ပတ္တိ စာမျက်နှာ- ၆၇၊ ၆၈ မှ ကောက်နုတ်ဖော်ပြသည်။

(ခ) မန္တလေးသာသနာဝင် ဒုတိယတွဲ (စာမျက်နှာ- ၂၁ မှ ၂၃၀ အတွင်း) မှ ကောက်နုတ်ဖော်ပြသည်။

(၁၂) ဒက္ခိဏာရာမဘုရားကြီးတိုက် အာရာမာဓိပတိ သံဃဦးစီးနာယက အစဉ်အဆက် ဆရာတော်ကြီးများ

| စဉ် | ဆရာတော်ကြီးဘွဲ့တော် | ကျောင်းအမည် | သာသနာတော်နှစ် | မြန်မာသက္ကရာဇ် |
|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တ ဇာဂရာဘိဝံသ<br>(ရာဇဂုရု ဘွဲ့တံဆိပ်သုံးထပ်ရ) | အလယ်တိုက်ကျောင်း | ၂၃၉၁ - မှ<br>၂၄၁၈ - ထိ | ၁၂၀၉ - မှ<br>၁၂၃၆ - ထိ |
| ၂။ | ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ<br>(ရာဇဂုရု ဘွဲ့တံဆိပ်နှစ်ထပ်ရ) | အလယ်တိုက်ကျောင်း | ၂၄၁၈ - မှ<br>၂၄၂၈ - ထိ | ၁၂၃၆ - မှ<br>၁၂၄၆ - ထိ |
| ၃။ | ဘဒ္ဒန္တ သုန္ဒရာဘိဝံသ<br>(ကန္ဒီဆရာတော်) | အလယ်တိုက်ကျောင်း | ၂၄၂၈ - မှ<br>၂၄၃၂ - ထိ | ၁၂၄၆ - မှ<br>၁၂၅၀ - ထိ |
| ၄။ | ဘဒ္ဒန္တ အာစာရာဘိဝံသ<br>(ဘုရားကြီးဂိုဏ်း သံဃမဟာနာယက) | အလယ်တိုက်ကျောင်း | ၂၄၃၂ - မှ<br>၂၄၆၉ - ထိ | ၁၂၅၀ - မှ<br>၁၂၈၇ - ထိ |
| ၅။ | ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ | အလယ်တိုက်ကျောင်း | ၂၄၆၉ - မှ<br>၂၄၈၇ - ထိ | ၁၂၈၇ - မှ<br>၁၃၀၅ - ထိ |
| ၆။ | ဘဒ္ဒန္တ ဥက္ကံသမာလာ (ဦးငြိမ်း) | အလယ်တိုက်ကျောင်း | ၂၄၈၇ - မှ<br>၂၄၈၈ - ထိ | ၁၃၀၅ - မှ<br>၁၃၀၆ - ထိ |
| ၇။ | ဘဒ္ဒန္တ ခန္တီဓမ္မ<br>(ပင်းသာဆရာတော်) | ပင်းသာကျောင်း | ၂၄၈၈ - မှ<br>၂၄၉၁ - ထိ | ၁၃၀၆ - မှ<br>၁၃၀၉ - ထိ |
| ၈။ | ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ<br>(လယ်ပေါ်ဆရာတော်) | လယ်ပေါ်ကျောင်း | ၂၄၉၁ - မှ<br>၂၅၀၇ - ထိ | ၁၃၀၉ - မှ<br>၁၃၂၅ - ထိ |
| ၉။ | ဘဒ္ဒန္တ ဣန္ဒာသဘ<br>(ဟံသာဝတီဆရာတော်) | ဟံသာဝတီကျောင်း | ၂၅၀၇ - မှ<br>၂၅၁၆ - ထိ | ၁၃၂၅ - မှ<br>၁၃၃၄ - ထိ |
| ၁၀။ | ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ (ဦးကြယ်)<br>(ရွှေဘုန်းရှိန်ဆရာတော်) | ရွှေဘုန်းရှိန်ကျောင်း | ၂၅၁၇ - မှ<br>၂၅၁၉ - ထိ | ၁၃၃၅ - မှ<br>၁၃၃၇ - ထိ |
| ၁၁။(က) | ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ<br>(နိုင်ငံတော် သံဃမဟာနာယက) | အမရပူရကျောင်း | ၂၅၁၉ - မှ<br>၂၅၂၆ - ထိ | ၁၃၃၇ - မှ<br>၁၃၄၃ - ထိ |
| ၁၁။(ခ) | ဘဒ္ဒန္တ စာရိန္ဒာသဘ<br>(နိုင်ငံတော် ဩဝါဒါစရိယ) | ပေတောကျောင်း | ၂၅၂၀ - မှ<br>၂၅၂၆ - ထိ | ၁၃၃၈ - မှ<br>၁၃၄၄ - ထိ |
| ၁၂။(က) | ဘဒ္ဒန္တ မေဓိယာဘိဝံသ<br>(နယားဆရာတော်) | နယားကျောင်း | ၂၅၂၆ - မှ<br>၂၅၃၆ - ထိ | ၁၃၄၄ - မှ<br>၁၃၅၄ - ထိ |
| ၁၂။(ခ) | ဘဒ္ဒန္တ စန္ဒ (ဦးရန်ကုန်)<br>(နိုင်ငံတော် ဩဝါဒါစရိယ) | ရန်ကုန်ကျောင်း | ၂၅၂၆ - မှ<br>၂၅၂၉ - ထိ | ၁၃၄၄ - မှ<br>၁၃၄၇ - ထိ |
| ၁၃။(က) | ဘဒ္ဒန္တ မေဓိယာဘိဝံသ<br>(နယားဆရာတော်) | နယားကျောင်း | ၂၅၂၆ - မှ<br>၂၅၃၆ - ထိ | ၁၃၄၄ - မှ<br>၁၃၅၄ - ထိ |
| ၁၃။(ခ) | ဘဒ္ဒန္တ ကုသလ<br>(နိုင်ငံတော် ဩဝါဒါစရိယ) | ပတ္တမြားရတနာကျောင်း | ၂၅၃၀ - မှ<br>၂၅၃၅ - ထိ | ၁၃၄၈ - မှ<br>၁၃၅၃ - ထိ |
| ၁၄။(က) | ဘဒ္ဒန္တ မေဓိယာဘိဝံသ<br>(နယားဆရာတော်) | နယားကျောင်း | ၂၅၂၆ - မှ<br>၂၅၃၆ - ထိ | ၁၃၄၄ - မှ<br>၁၃၅၄ - ထိ |
| ၁၄။(ခ) | ဘဒ္ဒန္တ နာဂိန္ဒ | | ၂၅၃၅ - မှ<br>၂၅၃၆ - ထိ | ၁၃၅၃ - မှ<br>၁၃၅၄ - ထိ |
| ၁၅။<br>* | ဘဒ္ဒန္တ မေဓိယာဘိဝံသ(နယားဆရာတော်)<br>ဦးစက္ကိန္ဒလက်ထက် သံဃသမဂ္ဂီဖြစ်သည်။ | နယားကျောင်း | ၂၅၃၆ - မှ<br>၂၅၄၉ - ထိ | ၁၃၅၄ - မှ<br>၁၃၆၇ - ထိ |
| ၁၆။ | ဘဒ္ဒန္တ ကာရုဉ<br>(နိုင်ငံတော်ဩဝါဒါစရိယ) | လယ်ပေါ်ကျောင်း | ၂၅၄၉ - မှ<br>ဤစာရေးချိန်ထိ | ၁၃၆၇ - မှ<br>ဤစာရေးချိန်ထိ |

| ခရစ်နှစ် | နာယကသက်တမ်း | သက်တော် | သိက္ခာဝါတော် | မွေးဖွားသည် မှ ဘဝနတ်ကျောင်းပြောင်းရွှေ့သည်ထိ<br>မြန်မာသက္ကရာဇ် | ခရစ်နှစ် |
|---|---|---|---|---|---|
| ၁၈၄၇ - မှ<br>၁၈၇၄ - ထိ | ၂၇ | ၆၄ | ၄၄ | ၁၁၇၂ - မှ<br>၁၂၃၆ - ထိ | ၁၈၁၀ - မှ<br>၁၈၇၄ - ထိ |
| ၁၈၇၄ - မှ<br>၁၈၈၄ - ထိ | ၁၀ | ၅၈ | ၃၈ | ၁၁၈၈ - မှ<br>၁၂၄၆ - ထိ | ၁၈၂၆ - မှ<br>၁၈၈၄ - ထိ |
| ၁၈၈၄ - မှ<br>၁၈၈၈ - ထိ | ၀၄ | ၅၃ | ၃၃ | ၁၁၉၇ - မှ<br>၁၂၅၀ - ထိ | ၁၈၃၅ - မှ<br>၁၈၈၈ - ထိ |
| ၁၈၈၈ - မှ<br>၁၉၂၅ - ထိ | ၃၇ | ၈၂ | ၆၂ | ၁၂၀၅ - မှ<br>၁၂၈၇ - ထိ | ၁၈၄၃ - မှ<br>၁၉၂၅ - ထိ |
| ၁၉၂၅ - မှ<br>၁၉၄၃ - ထိ | ၁၈ | ၈၅ | ၆၅ | ၁၂၂၀ - မှ<br>၁၃၀၅ - ထိ | ၁၈၅၈ - မှ<br>၁၉၄၃ - ထိ |
| ၁၉၄၃ - မှ<br>၁၉၄၄ - ထိ | ၁ | ၇၆ | ၅၆ | ၁၂၃၀ - မှ<br>၁၃၀၆ - ထိ | ၁၈၆၈ - မှ<br>၁၉၄၄ - ထိ |
| ၁၉၄၄ - မှ<br>၁၉၄၇ - ထိ | ၀၃ | ၇၇ | ၅၇ | ၁၂၃၂ - မှ<br>၁၃၀၉ - ထိ | ၁၈၇၀ - မှ<br>၁၉၄၇ - ထိ |
| ၁၉၄၇ - မှ<br>၁၉၆၃ - ထိ | ၁၆ | ၈၅ | ၆၅ | ၁၂၃၉ - မှ<br>၁၃၂၄ - ထိ | ၁၈၇၇ - မှ<br>၁၉၆၂ - ထိ |
| ၁၉၆၃ - မှ<br>၁၉၇၂ - ထိ | ၀၉ | ၈၅ | ၆၅ | ၁၂၄၉ - မှ<br>၁၃၃၄ - ထိ | ၁၈၈၇ - မှ<br>၁၉၇၂ - ထိ |
| ၁၉၇၃ - မှ<br>၁၉၇၅ - ထိ | ၀၂ | ၈၇ | ၆၇ | ၁၂၅၁ - မှ<br>၁၃၃၇ - ထိ | ၁၈၈၉ - မှ<br>၁၉၇၅ - ထိ |
| ၁၉၇၅ - မှ<br>၁၉၈၁ - ထိ | ၀၇ | ၇၅ | ၅၅ | ၁၂၆၉ - မှ<br>၁၃၄၃ - ထိ | ၁၉၀၇ - မှ<br>၁၉၈၁ - ထိ |
| ၁၉၇၆ - မှ<br>၁၉၈၂ - ထိ | ၀၆ | | | - မှ<br>- ထိ | - မှ<br>- ထိ |
| ၁၉၈၂ - မှ<br>၁၉၉၂ - ထိ | ၁၀ | ၉၄ | ၇၄ | ၁၂၇၃ - မှ<br>၁၃၆၇ - ထိ | ၁၉၁၁ - မှ<br>၂၀၀၅ - ထိ |
| ၁၉၈၂ - မှ<br>၁၉၈၅ - ထိ | ၀၃ | ၆၀ | ၄၀ | ၁၂၀၉ - မှ<br>၁၂၆၉ - ထိ | ၁၈၄၇ - မှ<br>၁၉၀၇ - ထိ |
| ၁၉၈၂ - မှ<br>၁၉၉၂ - ထိ | ၁၀ | ၉၄ | ၇၄ | ၁၂၇၃ - မှ<br>၁၃၆၇ - ထိ | ၁၉၁၁ - မှ<br>၂၀၀၅ - ထိ |
| ၁၉၈၆ - မှ<br>၁၉၉၀ - ထိ | ၀၅ | | | ၁၃၀၁ - မှ<br>- ထိ | ၁၉၃၉ - မှ<br>- ထိ |
| ၁၉၈၂ - မှ<br>၁၉၉၂ - ထိ | ၁၀ | ၉၄ | ၇၄ | ၁၂၇၃ - မှ<br>၁၃၆၇ - ထိ | ၁၉၁၁ - မှ<br>၂၀၀၅ - ထိ |
| ၁၉၉၀ - မှ<br>၁၉၉၂ - ထိ | ၀၁ | ၇၁ | ၅၁ | ၁၂၂၇ - မှ<br>၁၂၉၈ - ထိ | ၁၈၆၅ - မှ<br>၁၉၃၆ - ထိ |
| ၁၉၉၂ - မှ<br>၂၀၀၅ - ထိ | ၁၃ | ၉၄ | ၇၄ | ၁၂၇၃ - မှ<br>၁၃၆၇ - ထိ | ၁၉၁၁ - မှ<br>၂၀၀၅ - ထိ |
| ၂၀၀၅ - မှ<br>ဤစာရေးချိန်ထိ | | | | - မှ<br>ဤစာရေးချိန်ထိ | - မှ<br>ဤစာရေးချိန်ထိ |

(၁၃) ဒက္ခိဏာရာမဘုရားကြီးတိုက်ရှိ ကျောင်းဆောင်အမည်များနှင့် အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ (သာသနာတော်နှစ် ၂၅၅၁–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၉–ခုနှစ်၊ ခရစ်နှစ်–၂၀၀၇ ခုနှစ်) (လှုရတနာဆရာတော်)

| စဉ် | ကျောင်းဆောင်အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ | ဝါဆိုသံဃာဦးရေ |
|---|---|---|---|
| ၁ ။ | စိတ္တသုခကျောင်း | ဘဒ္ဒန္တ ဇနိယ | ၀၂ – ပါး |
| ၂ ။ | လယ်ပေါ်ကျောင်း | ဘဒ္ဒန္တ ကာရုည (အာရာမာဓိပတိ) | ၁၄ – ပါး |
| ၃ ။ | နဂါးကျောင်း | ဘဒ္ဒန္တ ပဏ္ဍဝ | ၁၄ – ပါး |
| ၄ ။ | မင်းမာအုပ္ပကျောင်း | ဘဒ္ဒန္တ မဟိန္ဒ | ၂၆ – ပါး |
| ၅ ။ | ပေတောကျောင်း | ဘဒ္ဒန္တ ဉာဏ | ၂၄ – ပါး |
| ၆ ။ | ဒဂုံကျောင်း | ဘဒ္ဒန္တ ပဏ္ဍိတ | ၁၃ – ပါး |
| ၇ ။ | ဦးရန်ကုန်ကျောင်း | ဘဒ္ဒန္တ ဇဋိလ | ၂၀ – ပါး |
| ၈ ။ | ဟံသာဝတီကျောင်း | ဘဒ္ဒန္တ ဝေပုလ | ၃၀ – ပါး |
| ၉ ။ | ပွဲစားကြီးကျောင်း | ဘဒ္ဒန္တ ဂုဏဝ | ၀၆ – ပါး |
| ၁၀။ | ကဗျာနန်ကျောင်း | ဘဒ္ဒန္တ စက္ကိန္ဒ | ၁၄ – ပါး |
| ၁၁။ | ဦးဇာဂရကျောင်း | ဘဒ္ဒန္တ သောဘဏာဘိဝံသ | ၃၆ – ပါး |
| ၁၂။ | ဦးခအုပ္ပကျောင်း | ဘဒ္ဒန္တ ဇောတိန္ဒ | ၁၉ – ပါး |
| ၁၃။ | ရှမ်းပွဲအုပ္ပကျောင်း | ဘဒ္ဒန္တ ဣန္ဒာစရိယ | ၁၀ – ပါး |
| ၁၄။ | သန်းလှိုင်မင်္ဂလာအုပ္ပကျောင်း | ဘဒ္ဒန္တ စက္ကိန္ဒ | ၁၇ – ပါး |
| ၁၅။ | ပျော်ဘွယ်အုပ္ပကျောင်း | ဘဒ္ဒန္တ နန္ဒိယ | ၀၇ – ပါး |
| ၁၆။ | ဣစ္ဆာသယဝိဇ္ဇာကျောင်း | ဘဒ္ဒန္တ သုနန္ဒ | ၂၅ – ပါး |
| ၁၇။ | မိတ္ထီလာကျောင်း | ဘဒ္ဒန္တ ဥတ္တရ | ၀၉ – ပါး |
| ၁၈။ | ရန်ကင်းကျောင်း | ဘဒ္ဒန္တ အဂ္ဂဝံသ | ၀၉ – ပါး |
| ၁၉။ | သိမ်ကျောင်း | ဘဒ္ဒန္တ ဣန္ဒာစက္က | ၀၅ – ပါး |
| ၂၀။ | တမ္ပဝတီကျောင်း | ဘဒ္ဒန္တ သြဘာသ | ၂၄ – ပါး |
| ၂၁။ | မင်္ဂလာအုပ္ပကျောင်း | ဘဒ္ဒန္တ သူရိယ | ၀၇ – ပါး |
| ၂၂။ | မြင်းတန်းကျောင်း | ဘဒ္ဒန္တ ဓမ္မသာမိ | ၁၄ – ပါး |
| ၂၃။ | အမရပူရကျောင်း | ဘဒ္ဒန္တ ကဝိန္ဒ | ၂၇ – ပါး |
| ၂၄။ | အာဇာနည်ကျောင်း | ဘဒ္ဒန္တ နန္ဒဝံသ | ၁၆ – ပါး |
| ၂၅။ | အောင်ရတနာကျောင်း | ဘဒ္ဒန္တ ဣန္ဒစက္က | ၀၈ – ပါး |
| ၂၆။ | ဆင်မင်းကျောင်း | ဘဒ္ဒန္တ သြဘာသာဘိဝံသ | ၄၂ – ပါး |
| ၂၇။ | သဒ္ဓမ္မကာရီအုပ္ပကျောင်း | ဘဒ္ဒန္တ ဝါယမ | ၂၀ – ပါး |
| ၂၈။ | ပိဋကတ်ကျောင်း | ဘဒ္ဒန္တ ဇောတိက | ၁၀ – ပါး |
| ၂၉။ | သိရိမင်္ဂလာကျောင်း | ဘဒ္ဒန္တ ပညာသိရိ | ၁၀ – ပါး |
| ၃၀။ | ဂုဏဝတီတိုက်ကျောင်း | ဘဒ္ဒန္တ ကုသလာစာရာဘိဝံသ | ၄၃ – ပါး |
| ၃၁။ | အသုတ်ကျောင်း | ဘဒ္ဒန္တ ရေဝတ | ၂၅ – ပါး |
| ၃၂။ | ဓမ္မဂုဏ်ရည်ကျောင်း | ဘဒ္ဒန္တ ပညောဘာသာဘိဝံသ | ၀၉ – ပါး |
| ၃၃။ | အောင်မြေတိုက်ကျောင်း | ဘဒ္ဒန္တ ဝါယမ | ၀၄ – ပါး |
| ၃၄။ | ရတနာမဥ္ဇူကျောင်း | ဘဒ္ဒန္တ ဓမ္မာစာရ | ၀၂ – ပါး |

| စဉ် | ကျောင်းဆောင်အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ | ဝါဆိုသံဃာဦးရေ |
|---|---|---|---|
| ၃၅။ | နယားကျောင်း | ဘဒ္ဒန္တ နန္ဒာစရိယ | ၁၈ – ပါး |
| ၃၆။ | ဓမ္မာဂါရကျောင်း | ဘဒ္ဒန္တ ပဏ္ဍဝံသ | ၂၄ – ပါး |
| ၃၇။ | ပုသိမ်ကျောင်း | ဘဒ္ဒန္တ သဒ္ဓမ္မာနန္ဒ | ၃၃ – ပါး |
| ၃၈။ | ဒေါနခြံအုန့်ကျောင်း | ဘဒ္ဒန္တ ဝဏ္ဏိဿရ | ၁၇ – ပါး |
| ၃၉။ | သာသနာ့လင်္ကာရကျောင်း | ဘဒ္ဒန္တ နန္ဒဝံသ | ၀၈ – ပါး |
| ၄၀။ | အောင်မင်္ဂလာကျောင်း | ဘဒ္ဒန္တ ကုဏ္ဍလ | ၁၈ – ပါး |
| ၄၁။ | ဓမ္မသုခကျောင်း | ဘဒ္ဒန္တ ဓမ္မဉာဏ | ၀၇ – ပါး |
| ၄၂။ | ဦးကြွယ်ကျောင်း | ဘဒ္ဒန္တ ပဏ္ဍဝ | ၄၂ – ပါး |
| ၄၃။ | တာရာမင်းကျောင်း | ဘဒ္ဒန္တ ဣန္ဒက | ၂၀ – ပါး |
| ၄၄။ | အောင်နန်းရိပ်သာကျောင်း | ဘဒ္ဒန္တ သူရိယ | ၁၄ – ပါး |
| ၄၅။ | ပင်းတယကျောင်း | ဘဒ္ဒန္တ ဝိလာသ | ၀၇ – ပါး |
| ၄၆။ | ဦးဉာဏောဘာသကျောင်း | ဘဒ္ဒန္တ ကုသလ | ၅၈ – ပါး |
| ၄၇။ | မော်လမြိုင်ဒေါ်ပုကျောင်း | ဘဒ္ဒန္တ အာစာရ | ၀၄ – ပါး |
| ၄၈။ | တောင်ကန်ကလေးကျောင်း | ဘဒ္ဒန္တ မာဃိန္ဒ | ၁၅ – ပါး |
| ၄၉။ | ပင်းသာကျောင်း | ဘဒ္ဒန္တ ဇဝန | ၀၇ – ပါး |
| ၅၀။ | ကျောင်းသစ်ကျောင်း | ဘဒ္ဒန္တ သြဘာသ | ၀၇ – ပါး |
| ၅၁။ | ဝါဆိုကျောင်း | ဘဒ္ဒန္တ စန္ဒိမာ | ၁၄ – ပါး |
| ၅၂။ | ပတ္တမြားရတနာကျောင်း | ဘဒ္ဒန္တ မာနိတာစာရ | ၁၁ – ပါး |
| ၅၃။ | မိုးကုတ်ကျောင်း | ဘဒ္ဒန္တ ဝဏ္ဏိတ | ၃၆ – ပါး |
| ၅၄။ | လယ်ဝန်ကျောင်း | ဘဒ္ဒန္တ ပညာသိရီ | ၁၁ – ပါး |
| ၅၅။ | အင်းလေးကျောင်း | ဘဒ္ဒန္တ သုန္ဒရ | ၁၄ – ပါး |
| ၅၆။ | သာသနာ့ဇောတိကာရုံကျောင်း | ဘဒ္ဒန္တ ဝါသဝသိရီ | ၃၈ – ပါး |
| ၅၇။ | ဦးဆယ်ကျောင်း | ဘဒ္ဒန္တ ပညာဇောတ | ၀၅ – ပါး |
| ၅၈။ | စိန်ကျောင်း | ဘဒ္ဒန္တ အရိယဝံသ | ၀၈ – ပါး |
| ၅၉။ | ကန်သာယာကျောင်း | ဘဒ္ဒန္တ သုမန | ၀၆ – ပါး |
| ၆၀။ | ကျိုက်လတ်ကျောင်း | ဘဒ္ဒန္တ ဝိဇ္ဇောဒယ | ၁၈ – ပါး |
| ၆၁။ | တိုင်းချစ်ကျောင်း | ဘဒ္ဒန္တ ကောသိယဝံ့ဓ | ၀၆ – ပါး |
| ၆၂။ | မဲဖလန်ကျောင်း | ဘဒ္ဒန္တ ထေရိန္ဒ | ၂၀ – ပါး |
| ၆၃။ | ရွှေဘိုကျောင်း | ဘဒ္ဒန္တ ကောဝိဒ | ၀၈ – ပါး |
| ၆၄။ | တိုက်သစ်ကျောင်း | ဘဒ္ဒန္တ ဝေပုလသာရ | ၀၈ – ပါး |
| ၆၅။ | စစ်ကိုင်းကျောင်း | ဘဒ္ဒန္တ ပဏ္ဍိတ | ၀၈ – ပါး |
| ၆၆။ | ဖျာပုံကျောင်း | ဘဒ္ဒန္တ ပဏ္ဍိတ | ၀၆ – ပါး |
| ၆၇။ | ကြံခင်းကျောင်း | ဘဒ္ဒန္တ သိရိန္ဒ | ၁၁ – ပါး |
| ၆၈။ | ရတနာပုံကျောင်း | ဘဒ္ဒန္တ ဥတ္တမ | ၂၂ – ပါး |
| ၆၉။ | ဦးထွန်းချိုကျောင်း | ဘဒ္ဒန္တ သူရိယ | ၃၇ – ပါး |
| ၇၀။ | မှာဟိုင်းကျောင်း | ဘဒ္ဒန္တ ဇဝန | ၀၉ – ပါး |
| ၇၁။ | အလယ်တိုက်ကျောင်း | ဘဒ္ဒန္တ ခေမာစာရ | ၂၇၁ – ပါး |
| | | စုစုပေါင်း သံဃာဦးရေ | ၁၄၂၇ – ပါး |

(၁၄) ကျောင်းပေါင်းခြောက်ဆယ်ကျော်ရှိသည့် ဒက္ခိဏာရာမဘုရားကြီးတိုက်
(သာသနာတော်နှစ် ၂၅၂၅-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၃-ခုနှစ်၊ ခရစ်နှစ် ၁၉၈၁-ခုနှစ်)

| စဉ် | ကျောင်းဆောင်အမည်များ | စဉ် | ကျောင်းဆောင်အမည်များ |
|---|---|---|---|
| ၁။ | ပေတောအုတ်ကျောင်း | ၃၃။ | မိတ္ထိလာကျောင်း |
| ၂။ | ဦးရန်ကုန်ကျောင်း | ၃၄။ | ပင်းသာကျောင်း |
| ၃။ | မြင်းတန်းကျောင်း | ၃၅။ | ဟံသာဝတီကျောင်း |
| ၄။ | တိုက်သစ်ကျောင်း | ၃၆။ | ပိဋကတ်တိုက်ကျောင်း |
| ၅။ | ကျောင်းသစ်ကျောင်း | ၃၇။ | ကျိုက်လတ်ကျောင်း |
| ၆။ | ပတ္တမြားရတနာကျောင်း | ၃၈။ | ဦးသာသနကျောင်း |
| ၇။ | ဖျာပုံကျောင်း | ၃၉။ | ဆရာတော်ဦးကြွယ်ကျောင်း |
| ၈။ | ကဗျာနန်ကျောင်း | ၄၀။ | တာရာမင်းကျောင်း (တာရာကျောင်း) |
| ၉။ | လယ်ပေါ်ကျောင်း | ၄၁။ | အမရပူရကျောင်း |
| ၁၀။ | ပင်းတယကျောင်း | ၄၂။ | ပုသိမ်ကျောင်း (ပုသိန်ကျောင်း) |
| ၁၁။ | တိုင်းချစ်ကျောင်း | ၄၃။ | နယားကျောင်း (နရားကျောင်း) |
| ၁၂။ | အာဇာနည်ကျောင်း | ၄၄။ | ရတနာပုံကျောင်း |
| ၁၃။ | ဦးဆယ်ကျောင်း | ၄၅။ | မဟ္ဂါရကျောင်း |
| ၁၄။ | ဦးဉာဏောဘာသကျောင်း | ၄၆။ | ကန်ကလေးကျောင်း |
| ၁၅။ | နဂါးကျောင်း | ၄၇။ | မင်းမာကျောင်း |
| ၁၆။ | အောင်နန်းရိပ်သာကျောင်း | ၄၈။ | ဦးခအုတ်ကျောင်း |
| ၁၇။ | လယ်ဝန်ကျောင်း | ၄၉။ | ပျော်ဘွယ်အုတ်ကျောင်း |
| ၁၈။ | အသုတ်ကျောင်း | ၅၀။ | အတုလကာရီဆင်မင်းကျောင်း (ပုခန်းကျောင်း) |
| ၁၉။ | စိတ္တသုခကျောင်း | ၅၁။ | ဝါဆိုကျောင်း |
| ၂၀။ | ဒေါနုခြံအုတ်ကျောင်း | ၅၂။ | တမ္ပဝတီကျောင်း |
| ၂၁။ | စစ်ကိုင်းကျောင်း | ၅၃။ | အောင်ရတနာကျောင်း |
| ၂၂။ | အလယ်အုတ်တိုက်ကျောင်းတော်ကြီး | ၅၄။ | ရတနာမဥ္ဇူကျောင်း (ခတ်တန်း) |
| ၂၃။ | ပွဲစားကြီးကျောင်း | ၅၅။ | ဂုဏဝတီကျောင်း |
| ၂၄။ | သာသနာ့လင်္ကာရကျောင်း | ၅၆။ | ဓမ္မသုခကျောင်း |
| ၂၅။ | ရှမ်းပွဲအုတ်ကျောင်း | ၅၇။ | ဝဇီရမုဒ္ဒိကစိန်ကျောင်း |
| ၂၆။ | ရွှေဘိုကျောင်း | ၅၈။ | သာသနဇောတိကာရုံကျောင်း |
| ၂၇။ | ကြံခင်းကျောင်း | ၅၉။ | မင်္ဂလာအုတ်ကျောင်း |
| ၂၈။ | ဣစ္ဆာသယ ဝိဇ္ဇာကျောင်း | ၆၀။ | ရွာဟိုင်းကျောင်း |
| ၂၉။ | သိမ်ကျောင်း | ၆၁။ | ဒဂုံကျောင်း |
| ၃၀။ | မိုးကုတ်ကျောင်း | ၆၂။ | အင်းလေးကျောင်း |
| ၃၁။ | ကန်သာယာကျောင်း | ၆၃။ | သိရိမင်္ဂလာတိုက်ကျောင်း |
| ၃၂။ | ဦးထွန်းချိုကျောင်း | ၆၄။ | ဦးဇာဂရကြီးကျောင်း (ဦးဇာကြီးကျောင်း) |

ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ အလယ်တိုက်ကျောင်းတော်ကြီးအပါအဝင် ကျောင်းပေါင်း (၆၄)ကျောင်း ရှိသည်။ ယင်းကျောင်းပေါင်း (၆၄)ကျောင်းရှိသည်ဟုဆိုရာ၌ ကျောင်းများကို အုပ်ချုပ်သည့် ကျောင်းထိုင်ဆရာတော်တို့ကို သတ်မှတ်၍ (၆၄)ကျောင်းဟု ဆိုခြင်းဖြစ်သည်။ ကျောင်းအဆောက်အဦများမှာ (၁၀၀)ကျော် ပင်ရှိသည်။
မှတ်ချက် ။ ။ မန္တလေးသာသနာဝင် ဒုတိယတွဲ (စာမျက်နှာ ၅၆၂၊ ၅၆၃ - မှ ကောက်နုတ်ဖော်ပြသည်။)

(၁၅) ဒက္ခိဏာရာမဘုရားကြီးတိုက်ရှိ ကျောင်းဆောင်အမည်များနှင့် အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ
(သာသနာတော်နှစ် ၂၄၉၁–ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၀၉–ခုနှစ်၊ ခရစ်နှစ် ၁၉၄၇–ခုနှစ်)

| စဉ် | တိုက်မကျောင်းဆောင်အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ |
|---|---|---|
| ၁။ | အလယ်အုဋ္ဌ်ကျောင်းကြီး | ဘဒ္ဒန္တ ဇောတိက |
| ၂။ | ဦးဝိလာသကျောင်း | ဘဒ္ဒန္တ ဇောတိက |
| ၃။ | သိမ်ကျောင်း | ဘဒ္ဒန္တ ဝိစာရ |
| ၄။ | ရတနာမဥ္ဇူ(ခတ်တန်း)ကျောင်း | ဘဒ္ဒန္တ ဝိမလ |
| ၅။ | ဒေါနခြံအုဋ္ဌ်ကျောင်း | ဘဒ္ဒန္တ ဇောတိက |
| ၆။ | မင်းမာကျောင်း | ဘဒ္ဒန္တ ဇောတိက |
| ၇။ | အသင်းကျောင်း | ဘဒ္ဒန္တ ဇောတိက |
| ၈။ | ဦးဂန္ဓမာကျောင်း | ဘဒ္ဒန္တ ဇောတိက |
| ၉။ | ကြံခင်းကျောင်း | ဘဒ္ဒန္တ စန္ဒ |
| ၁၀။ | ရန်ကုန်ကျောင်း | ဘဒ္ဒန္တ စန္ဒ |
| ၁၁။ | ဒေါ်မိကျောင်း | ဘဒ္ဒန္တ စန္ဒ |
| ၁၂။ | ပိဋကတ်တိုက်ကျောင်း | ဘဒ္ဒန္တ စန္ဒ |
| ၁၃။ | တမ္ဘဝတီတိုက်ကျောင်း | ဘဒ္ဒန္တ အရိယ |
| ၁၄။ | လယ်ဝန်ကျောင်း | ဘဒ္ဒန္တ ဝိသုဒ္ဓ |
| ၁၅။ | ဘီးလင်းကျောင်း | ဘဒ္ဒန္တ ဝိသုဒ္ဓ |
| ၁၆။ | ဦးလတ်ကြီးကျောင်း | ဘဒ္ဒန္တ ဣန္ဒ |
| ၁၇။ | မိုးမခကျောင်း | ဘဒ္ဒန္တ ဂုဏာဝါ |
| ၁၈။ | လယ်ပေါ်ကျောင်း | ဘဒ္ဒန္တ ပဏ္ဍိတ |
| ၁၉။ | ဦးညွန့်တိုက်ကျောင်း | ဘဒ္ဒန္တ ဥတ္တရ |
| ၂၀။ | နယားကျောင်း | ဘဒ္ဒန္တ မေဓိယ |
| ၂၁။ | ဦးဇာကြီးကျောင်း | ဘဒ္ဒန္တ အာစာရ |
| ၂၂။ | မဏိသေလာအုဋ္ဌ်ကျောင်း | ဘဒ္ဒန္တ ဝါယမ |
| ၂၃။ | မြို့အုပ်ကြီးကျောင်း | ဘဒ္ဒန္တ ဇာဂရ |
| ၂၄။ | ကျောင်းသစ်ကျောင်း | ဘဒ္ဒန္တ ကုသလ |
| ၂၅။ | ဟံသာဝတီကျောင်း | ဘဒ္ဒန္တ ဣန္ဒာသဘ |
| ၂၆။ | ဦးသင်ကျောင်း | ဘဒ္ဒန္တ ဣန္ဒာသဘ |
| ၂၇။ | ပေတောကျောင်း | ဘဒ္ဒန္တ သီလဝံသ |
| ၂၈။ | တာရာကျောင်း | ဘဒ္ဒန္တ ပညာဇောတ |
| ၂၉။ | ပုခန်းကျောင်း | ဘဒ္ဒန္တ သုန္ဒရ |
| ၃၀။ | ပုသိန်ကျောင်း | ဘဒ္ဒန္တ သီလာစာရ |
| ၃၁။ | ရွှေဘိုကျောင်း | ဘဒ္ဒန္တ ကုသလ |
| ၃၂။ | ဦးနရိန္ဒတိုက်ကျောင်း | ဘဒ္ဒန္တ နရိန္ဒ |
| ၃၃။ | ဦးနရိန္ဒတိုက်ကျောင်း(ဟောင်း) | ဘဒ္ဒန္တ နရိန္ဒ |
| ၃၄။ | ပိဋကတ်တိုက်သစ် | ဘဒ္ဒန္တ နရိန္ဒ |

မှတ်ချက် ။ ။ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာ့ဝင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင် စာမျက်နှာ ၅၉၊ ၆၀၊ ၆၁ - မှ ကောက်နုတ်ဖော်ပြသည်။

| စဉ် | တိုက်မကျောင်းဆောင်အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ |
|---|---|---|
| ၃၅။ | ပိဋကတ်တိုက်ကျောင်းကြီး | ဘဒ္ဒန္တ တေဇဝန္တ |
| ၃၆။ | စစ်ကိုင်းကျောင်း | ဘဒ္ဒန္တ ရာဇိန္ဒ |
| * | အာနန္ဒာအတွင်း ကျောင်းဆောင်အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ |
| ၃၇။ | တိုက်သစ်ကျောင်း | ဘဒ္ဒန္တ ညေယျ |
| ၃၈။ | ဦးတိလောကကျောင်း | ဘဒ္ဒန္တ တိလောက |
| ၃၉။ | သာသနာ့လင်္ကာရကျောင်း | ဘဒ္ဒန္တ တိလောက |
| ၄၀။ | ဦးခ- အုဋ္ဌ်ကျောင်း | ဘဒ္ဒန္တ နရိန္ဒ |
| ၄၁။ | ဦးဉာဏကျောင်း | ဘဒ္ဒန္တ ကုဏ္ဍလ |
| ၄၂။ | ပျဉ်းမနားကျောင်း | ဘဒ္ဒန္တ ပညာဝံသ |
| ၄၃။ | စိန်ပန်းပင်ကျောင်း | ဘဒ္ဒန္တ ပညာဝံသ |
| ၄၄။ | ပျော်ဘွယ်အုဋ္ဌ်ကျောင်း | ဘဒ္ဒန္တ မာဃိန္ဒ |
| ၄၅။ | ကျိုက်လတ်ကျောင်း | ဘဒ္ဒန္တ ပဏ္ဍိတ |
| ၄၆။ | ရတနာပုံကျောင်း | ဘဒ္ဒန္တ ဉာဏ |
| ၄၇။ | ဝဇိရာကျောင်း | ဘဒ္ဒန္တ ဝဇိရဗုဒ္ဓိ |
| * | အပြင်ထပ်ကျောင်းဆောင် အမည်များ | အုပ်ချုပ်သူ ဆရာတော်ကြီးအမည်များ |
| ၄၈။ | ဖျာပုံကျောင်း | ဘဒ္ဒန္တ သောဘိတ |
| ၄၉။ | မိုးနံ့ကုန်းကျောင်း | ဘဒ္ဒန္တ ဉာဏ |
| ၅၀။ | ဦးပုံကျောင်း | ဘဒ္ဒန္တ ဇောတိပါလ |
| ၅၁။ | ပင်းသာကျောင်း | ဘဒ္ဒန္တ တိလောက |
| ၅၂။ | ဒေါ်မေတိုက်ကျောင်း | ဘဒ္ဒန္တ နာရဒ |
| ၅၃။ | ရွာဟိုင်းကျောင်း | ဘဒ္ဒန္တ နာရဒ |
| ၅၄။ | ယိုးဒယားကျောင်း | ဘဒ္ဒန္တ နာရဒ |
| ၅၅။ | ဘဲလင်းကျောင်း | ဘဒ္ဒန္တ နာရဒ |
| ၅၆။ | ဒေါ်ထူးကျောင်း | ဘဒ္ဒန္တ ဥက္ကံသ |
| ၅၇။ | ဦးကြွယ်ကျောင်း | ဘဒ္ဒန္တ ဥက္ကံသ |
| ၅၈။ | ကဗျာနန်ကျောင်း | ဘဒ္ဒန္တ နာဂိန္ဒ |
| ၅၉။ | ဦးပုကျောင်း | ဘဒ္ဒန္တ ခန္တီ |
| ၆၀။ | မြောက်- ကန်ကလေးကျောင်း | ဘဒ္ဒန္တ ပဒုမ |
| ၆၁။ | တောင်- ကန်ကလေးကျောင်း | ဘဒ္ဒန္တ ဥတ္တမ |
| ၆၂။ | မော်လမြိုင်ကျောင်း | ဘဒ္ဒန္တ ဥတ္တမ |
| ၆၃။ | ဦးလာကျောင်း | ဘဒ္ဒန္တ နေမိန္ဒ |
| ၆၄။ | ဝါဆိုကျောင်း | ဘဒ္ဒန္တ နန္ဒ |
| ၆၅။ | ကွမ်းခြံကျောင်း | ဘဒ္ဒန္တ ဇာဂရ |

## ကျမ်းမျိုးစုံ၏

တိပိဋက

ပါဠိမြန်မာအဘိဓာန်

အ-ဝဂ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၃ ကောဇာ ၁၃၅၁ ခရစ် ၁၉၈၉

---

မန္တလေးမြို့
ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပဓာနနာယက
နယားကျောင်း

ပရိယတ္တိ သာသနဟိတ (သကျသီဟ) ဓမ္မာစရိယ သီးခြားစာချ
ဆဋ္ဌသင်္ဂါယနာ ပဋိဂ္ဂါဟက, ဩသာနသောဓေယျက
ပါဠိပဒ - ပိဋကကျမ်းညွှန်းနှင့်
တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြု ဥက္ကဋ္ဌ

ပိဋကဝိသောဓနီကျမ်းပြု ဆရာတော်

### ဘဒ္ဒန္တမေဓိယာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ ၊ အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော်ဩဝါဒါစရိယ ရေးသားပြုစုအပ်သော

# ပိဋကဝိသောဓနီကျမ်း

---

မန္တလေးမြို့ တောင်ပြင်
ဒက္ခိဏာရာမဘုရားကြီးတိုက်
ပဓာနနာယက
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
နယားဆရာတော်

### ဘဒ္ဒန္တမေဓိယာဘိဝံသ

စီရင်ပို့ချအပ်သော

# သံဃာ့ကမ္မဝါစာ အခြေပြသစ်ကျမ်း

နယားဆရာတော်
နှင့်
တပည့်, ဒါယကာ, ဒါယိကာမများ
ဓမ္မဒါန

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၃၈ ကောဇာ-၁၃၅၆ ခရစ်-၁၉၉၄

## နိဒါန်းအသွယ်သွယ်

မန္တလေးမြို့
ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း
ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ
သီးခြားစာချ
ဆဋ္ဌသင်္ဂါယနာ ပဋိဂ္ဂါဟက, ဩသာနသောဓေယျက
ပါဠိပဒ-ပိဋကကျမ်းညွှန်းနှင့် တိပိဋက ပါဠိ မြန်မာ
အဘိဓာန်ကျမ်းပြု ဥက္ကဋ္ဌဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်ဩဝါဒါစရိယ

### ဦးမေဓိယာဘိဝံသ

စီရင်ဆုံးဖြတ် ရေးသားအပ်သော

# ဝိနိစ္ဆယကထာကျမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၁ ကောဇာ ၁၃၄၉ ခရစ် ၁၉၈၇

# ၁။ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ပြုစုသော တိပိဋက ပါဠိ မြန်မာအဘိဓာန်ကျမ်း အ-ဝဂ် အတွဲ (၁၇) နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၁) တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းများ

တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းများကို စတင်ရေးသားသောအခါက ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ၊ ဓမ္မဒီပကျောင်းဆောင်၌ သီတင်းသုံးနေထိုင်ကြသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရ နှင့် သကျသီဟ၊ အစိုးရဓမ္မာစရိယ အရှင်သီလာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တို့ ဦးစီးသည့် ဓမ္မဒီပ အဘိဓာန် ရေးသားပြုစုရေးအဖွဲ့က ရေးသားခဲ့ကြသည်။

အတွဲ-၁ ရိုက်နှိပ်ပြီးနောက် မကြာမီ ၎င်းနှုန်းအတိုင်း ဓမ္မဒီပ အဖွဲ့တစ်ဖွဲ့တည်းဖြင့်သာ အဘိဓာန် ရေးနေပါက နှစ်ပေါင်းရာချီကြာမြင့်မှ ပြီးပေလိမ့်မည်။ အမြန်ပြီးနိုင်ရေးအတွက် နည်းလမ်းရှာကြရာ မန္တလေးမြို့ - မစိုးရိမ်တိုက်၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ပခုက္ကူမြို့ - မဟာဝိသုတာရာမတိုက်ကြီးများကို တွေ့ရသည်၊ တိုက်တာနာယက ဆရာတော်ကြီးများနှင့် တိုင်ပင်ပြီး တိပိဋကပါဠိမြန်မာအဘိဓာန်ရေးသားမှုကို ခွဲဝေ တာဝန်ယူကြပါသည်၊ နောက်ပိုင်း၌ ဓမ္မဒီပအဘိဓာန် ရေးသားပြုစုရေးအဖွဲ့ကို ဦးပညိဿရာဘိဝံသနှင့် ဦးမာဃိန္ဒာဘိဝံသတို့က ဦးစီးပြီး ရေးသားခဲ့ရာ သရ အဘိဓာန်အတွဲ-၂၊ ၃၊ ၄၊ (အပိုင်း ၁-တို့) ပြီးစီးပါသည်။

မန္တလေးမြို့ - မစိုးရိမ်တိုက် ဆရာတော်များက (က-ခ-ဂ-ဃ-င) က-ဝဂ် အက္ခရာများကို ရေးသားရန် တာဝန်ယူကြသည်၊ ၎င်းပုဒ်များအတွက် အတွဲ- ၅၊ ၆ နှစ်အုပ်နှင့် အပြီးရေးသားကြသည်၊ ထို့နောက် ၎င်းအဖွဲ့ကပင် **"မ-မိတ္တပုဗ္ဗ" အထိ အတွဲ- ၁၅ နှင့် အတွဲ- ၁၆ ကို ရေးသားပြုစုကြသည်။**

မန္တလေးမြို့ - မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်များက (စ-ဆ-ဇ-ဈ-ည) စ-ဝဂ်နှင့် (ဋ-ဌ-ဍ-ဎ-ဏ) ဋ-ဝဂ် အက္ခရာများကို ရေးသားရန် တာဝန်ယူကြသည်။ ၎င်းပုဒ်များအတွက် အတွဲ ၇၊ ၈ နှစ်တွဲဖြင့် အပြီး ရေးသားကြသည်၊ ထို့နောက် ၎င်းအဖွဲ့ကပင် မ-အက္ခရာကိုရေးသားရာ **"ပ-ပဋိဗြူဟန"** အထိ ပုဒ်ပေါင်း ၇၀၁၂- ပါဝင်သည့် အတွဲ ၁၃-ကို ရေးသားပြုစုကြသည်။ ကျန်ပုဒ်များကို ဆက်လက် ရေးသားလျက်ရှိပါသည်။

ပခုက္ကူမြို့ - မဟာဝိသုတာရာမတိုက် ဆရာတော်များက (တ-ထ-ဒ-ဓ-န) တ-ဝဂ် အက္ခရာများကို ရေးသားရန် တာဝန်ယူကြသည်၊ ၎င်းပုဒ်များအတွက် အတွဲ- ၉၊ ၁၀၊ ၁၁၊ ၁၂၊ လေးအုပ်ဖြင့် အပြီး ရေးသားရန် လျာထားသည်၊ ယခုအထိ (၉၊ ၁၀၊ ၁၁) သုံးအုပ် ရိုက်နှိပ်ပြီးပြီ ဖြစ်ပါသည်။ အတွဲ-၁၂ ကို ပုံနှိပ်ရန် ကျန်ရှိပါသေးသည်။

**ကျန်သော "ယ-ရ-လ-ဝ-သ-ဟ-ဠ" အ-ဝဂ် အက္ခရာများအတွက် ပုဒ်ရေကား များပြားလှသည်၊ များပြားလှသော အဘိဓာန်ပုဒ်များအတွက် တာဝန်ယူ၍ ရေးသားပေးနိုင်မည့် တိုက်တာကို လိုက်လံရှာဖွေ ထောက်လှမ်းကြည့်ကြရာ မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ကို တွေ့မြင်ရလေသည်၊ ထို့ကြောင့်**

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်ကိုယ်တိုင် လာရောက်ပြီး မိမိတို့ကိုယ်တိုင် စာချ အကျော် ဖြစ်တော်မူကြသည့်အပြင် စာချတပည့် အမြွှအရံ ပရိသတ်တို့နှင့်လည်း ပြည့်ရံတော်မူကြသော ဘုရားကြီးတိုက် – အမရပူရကျောင်းဆရာတော်နှင့် နယားကျောင်းဆရာတော် နှစ်ပါးကို ဦးထိပ်ထားပြီး အဘိဓာန်ကျမ်းကြီး ရေးသားပြုစုပေးပါရန် တောင်းပန်လျှောက်ထားခဲ့လေသည်၊ ဤသို့ တောင်းပန်လျှောက် ထားချက်အရ အမရပူရ ဆရာတော်ဘုရားနှင့် နယားဆရာတော်ဘုရား နှောင်တော် ညီတော်နှစ်ပါးကို အမှူး ထား၍ အောက်ပါကျမ်းပြုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြပါသည်။

၁ ။ အမရပူရဆရာတော် ဦးဥက္ကံသာဘိဝံသ၊ သကျသီဟ မူလစာချ၊ အမရပူရကျောင်း သံဃနာယက ဆရာတော်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့။

၂ ။ **နယားဆရာတော် ဦးမေဓိယာဘိဝံသ၊ သကျသီဟ ဓမ္မာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နယားကျောင်း။**

၃ ။ ပုသိမ်ဆရာတော် ဦးသီလာစာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ သက္ကတဘာသာနှင့် ဝေဒန္တကောဝိဒ၊ ပုသိမ်ကျောင်း။

၄ ။ ဆရာတော် ဦးနန္ဒဝံသာဘိဝံသ၊ အစိုးရနှင့် သကျသီဟ မူလစာချ ဓမ္မာစရိယ၊ ဓမ္မာဂါရကျောင်း။

၅ ။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သကျသီဟဓမ္မာစရိယဝဏ္ဏသကာနှင့် အစိုးရသိရိပဝရဓမ္မာစရိယ ပါဠိသိရောမဏိ၊ ဘီ–အေ၊ ဗန်းမော်တိုက်။

၆ ။ ဆရာတော် ဦးဇနိန္ဒ၊ အစိုးရဓမ္မာစရိယ၊ ရွှေဘုန်းရှိန်ကျောင်း။

၇ ။ ဆရာတော် ဦးဩဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ ပုခန်းကျောင်း။

၈ ။ ဆရာတော် ဦးသိရိန္ဒ၊ အစိုးရဓမ္မာစရိယ၊ မင်းမာကျောင်း။

၉ ။ ဆရာတော် ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၀။ ဆရာတော် ဦးဩဘာသ၊ အစိုးရဓမ္မာစရိယ၊ တမ္ဗဝတီကျောင်း။

၁၁။ ဆရာတော် ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မာဂါရကျောင်း။

၁၂။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရ ဓမ္မာစရိယ၊ ပုခန်းကျောင်း။

၁၃။ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ သကျသီဟ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ ပုခန်းကျောင်း။

၁၄။ ဆရာတော် ဦးစန္ဒောဘာသာဘိဝံသ၊ သကျသီဟ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

ငင်း ၁၄–ပါး ပါဝင်သောအဖွဲ့အား ညွှန်မှူးချုပ် ဦးလှမောင်က လျှောက်ထားသည်မှာ ဆရာတော်များအဖွဲ့က ရေးရမည့်ပုဒ်များသည် အများဆုံးဖြစ်ပါသည်။ ၎င်းပုဒ်များကို အပြီးတိုင် အဘိဓာန်ကျမ်းပြုစုရန် နှစ်ပေါင်းများစွာ ကြာပါမည်။ အဘိဓာန်ကျမ်းပြုစုရန် ကျမ်းနံပါတ် အညွှန်းပြ လက်ဝါးခန့်မျှရှိသည့် ပါဠိပဒ ကပ်ပြားလေးများ ပျောက်ပျက်သွားနိုင်ပါသည်။ ၎င်းကပ်ပြားလေးများရရှိရန် နှစ်ရှည်လများ ငွေအင်အား လူအင်အားတို့ဖြင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများစွာတို့မှ ထုတ်နုတ်ကူးယူထားရပါသည်။ ၎င်းကပ်ပြားလေးများကို စနစ်တကျ စီစဉ်ရေးသားကာ စာအုပ်အဖြစ်ကို ရိုက်နှိပ်ရန် ဗုဒ္ဓသာသနကောင်စီ အစည်းအဝေးက ဆုံးဖြတ်ချက်ချပြီးဖြစ်ပါသည်။ သို့အတွက် "ဆရာတော်များအဖွဲ့က – –

ဥပနိသျှဒ်နှင့် ဘဂဝါဂီတ အညွှန်းကျမ်း (A Concor dance to the Principal, Upanishads & Bhagavadgita by col. G.A Jacob.) နှင့် ဝေဒကျမ်းညွှန်း (Vedic Concordance by Prof M. Bloomfield) စသည်တို့ကဲ့သို့ ပါဠိပဒ ပိဋကကျမ်းညွှန်းကို စတင်ရေးသားတော်မူကြပါဘုရား၊ နောက်မှ အဘိဓာန်ကျမ်းကို ရေးသား တော်မူကြပါဘုရား" ဟု လျှောက်ထားခဲ့လေသည်။ ထို့ကြောင့် ၁၃၃၀ ပြည့်နှစ်၊ နယုန်လပြည့်နေ့ (၁၀–၆–၆၈)မှစ၍ စတင်ရေးသားလာခဲ့ရာ –

၁၃၃၄–ခုနှစ်၌ ပါဠိပဒပိဋကကျမ်းညွန်း ပထမအုပ် ရိုက်ပြီးသည်။
၁၃၃၅–ခုနှစ်၌ ဒုတိယအုပ် ရိုက်ပြီးသည်။
၁၃၄၀–ပြည့်နှစ်၌ တတိယအုပ် ရိုက်ပြီးသည်။
၁၃၄၆–ခုနှစ်၌ စတုတ္ထအုပ် ရိုက်ပြီးသည်။

၁၃၃၀ (၁၉၆၈)ပြည့်နှစ်မှ ၁၃၄၆ (၁၉၈၄)ခုနှစ် အထိ ၁၆– နှစ်ကာလအတွင်း ပါဠိပဒ ပိဋကကျမ်းညွန်း ကျမ်းကြီး လေးအုပ်အပြီးတိုင်ခဲ့ပါသည်။ လက်ရေးမူကို ၆–နှစ်တာကာလဖြင့် အပြီးရေးသားနိုင်ခဲ့ပါသည်။ အကြောင်း အမျိုးမျိုးကြောင့် ၁၆–နှစ်တာကာလအထိ ပုံနှိပ်ပြီးရန် ကြန့်ကြာခဲ့ရခြင်း ဖြစ်ပေသည်။ အညွှန်းကျမ်းကြီး စတုတ္ထ အုပ်ပြီးချိန်၌ ကျွန်ုပ်တို့၏ အဖွဲ့ဥက္ကဋ္ဌ အမရပူရဆရာတော် ပျံလွန်တော်မူခဲ့သည်။ ဦးဇနိန္ဒ၊ ဦးစန္ဒောဘာသာ၊ ဦးပဏ္ဍိတ၊ ဦးတေဇဝန္တ လေးပါး မိမိတို့ဘာသာ လူဝတ်လဲခဲ့ကြသည်။ ဦးနန္ဒက ရေနံချောင်းမြို့ ရွှေတောင်တိုက်သို့ စာချအဖြစ် ပြောင်းရွှေ့သည်။ ဓမ္မဂါရကျောင်း ဦးနန္ဒိယသည် ကျောင်းထိုင်ရန် ပြောင်းရွှေ့သွားသည်။ သို့အတွက် ဦးစက္ကပါလ၊ ဦးပါမောက္ခ၊ ဦးကိတ္တိရေ၊ ဦးသဒ္ဓမ္မာနန္ဒ၊ ဦးဣန္ဒာစက္က၊ ဦးနန္ဒာစရိယ၊ ဦးနန္ဒိယ (နယား)၊ ဦးကုသလ၊ ဦးပညာဝံသ၊ ဦးသောဘဏ၊ ဦးကဋ္ဌန ၁၁–ပါးတို့ကို အားသစ် ထပ်လောင်းသည့်အနေဖြင့် အဖွဲ့ဝင်များအဖြစ် အခါအားလျော်စွာ ထည့်သွင်း၍ ခွဲကောင်းကောင်းဖြင့် နောက်မဆုတ်တမ်း ကြိုးပမ်းခဲ့ရခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် တစ်ပါးလျော့သွားလိုက် တစ်ပါးထပ်ဖြည့် လိုက်ဖြင့် အားဖြည့်ဆောင်ရွက်လာခဲ့ကြရာ – ယခု အဘိဓာန်ကျမ်း ရိုက်နှိပ်ပြီးချိန်၌ကား ဓာတ်ပုံပါ ဆရာတော် (၁၅)ပါးသာ ကျန်ရှိပါသည်၊ ကျန်ရှိသည့်အင်အားစုဖြင့် ဆက်လက် ရေးသားလာခဲ့ကြရာ ယခုအခါ လက်ရေး မူအနေဖြင့် သ– နှင့်ပတ်သက်သော ပုဒ်များရေးပြီးသလောက်ရှိနေ၍ သုံးအုပ် စာလောက်ပြီးပေပြီ၊ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်လုပ်ငန်းမှာ ယခုမှ ပဌမတစ်အုပ်သာ ထွက်ပေါ်လာနိုင်ပါသည်။

## (၂) သာသနာတော်အရေး ဒို့အရေး

နယားဆရာတော်ဘုရားအနေဖြင့်လည်း သက်တော် ဝါတော်အနစ်(၈၀)ကျော် နေပြီဖြစ်သဖြင့် သက်တော် ထင်ရှားရှိစဉ် အဘိဓာန်လုပ်ငန်းအပြီးတိုင် ရေးသားသွားလိုသဖြင့် လူငယ်လူရွယ်များထက်ပင် ကိုယ်တော်တိုင် ကြိုးစား ကြည့်ရှုရေးသား၍လည်းကောင်း၊ ရဟန်းငယ်များကိုလည်း ကြီးကြပ်နှိုးဆော်လျက် လည်းကောင်း အလွန်တစ်ရာမှ ကြိုးစားဆောင်ရွက်တော်မူပေသည်။ သာသနာတော် အရှည်တည်တံ့၍ ထွန်းကားပြန့်ပွားရေးအတွက် ပရိယတ္တိ သာသနာ တော်သာ ပဓာနလိုရင်းဖြစ်ပေသည်။ ပရိယတ္တိသာသနာတော် သန့်ရှင်းတည်တံ့ခိုင်ခံ့မှ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓ သာသနာများ ပေါ်ပေါက်နိုင်ပေသည်။ ပရိယတ္တိသာသနာတော် အရှည်တည်တံ့၍ သန့်သန့်ရှင်းရှင်း ခိုင်ခိုင်ခံ့ခံ့ ပြန့်ပွားရေးမှာ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးအပေါ် များစွာတည်ရှိနေပေသည်။ ဤသဘောကို ကောင်းစွာရှုမြင် ဆင်ခြင်မိသဖြင့်လည်း **နယားဆရာတော်ဘုရားသည် အဘိဓာန်ကျမ်းကြီး အလျင်အမြန်ပြီးမြောက်ရေးအတွက် နေ့ရောညပါ ကြိုးစားဆောင်ရွက်တော်မူခြင်း ဖြစ်ပေသည်။ ဆရာတော်ဘုရားအရွယ်ရှိ အခြား၊ အခြားသော ဆရာတော်များနှင့် နှိုင်းစာကြည့်ပါမူဆရာတော်ဘုရား အရွယ်နှင့်မလိုက်အောင် အံ့သြလောက်အောင်ပင် ကြိုးစား ဆောင်ရွက်နေသည်ကို ကြည်ညို၍ မဆုံးအောင် ဖူးမြင်ရပေသည်။** မြတ်စွာဘုရားသာသနာတော်၌ ဤကဲ့သို့သော သာသနာ့ဝန်ဆောင် သက်တော်ရှည် ဆရာတော်ကြီးများကို မျက်ဝါးထင်ထင် ဖူးမြင်ရသူတို့အဖို့ ဒသသနာနုတ္တရိယ အကြောင်းကောင်းမှု မင်္ဂလာများ တိုးပွားကြရပေသည်။ ဒါန၊ သီလ၊ ဘာဝနာ ပါရမီကုသိုလ်များ ဆည်းပူးနိုင်ကြပေသည်။ အရှင်မဟာမောဂ္ဂလာန် ရဟန္တာထေရ်ကြီးကဲ့သို့ (မ၊ ၂။ ၁၂၀) သာသနာ့တာဝန်များကို လျစ်လျူရှုမထားဘဲ လက်လှမ်းမီသမျှ ကြိုးစား ဆောင်ရွက်တော်မူပေသည်။ **ဆရာတော်ဘုရား၏ မေတ္တာ၊ ကရုဏာ၊ သီလ၊ သမာဓိ၊ ပညာဂုဏ် တော်များကြောင့်ပင် မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ နှစ်ပေါင်း**

**များစွာ သံဃာကွဲပြားနေသည့် သံဃဘေဒကိစ္စာဓိကရုဏ်းကြီးလဲ ငြိမ်းအေးသွားရပေသည်။ သာသနာတော်အတွက် ဝမ်းမြောက်ဖွယ် စိတ်ချမ်းမြေ့ဖွယ်ကိစ္စကြီးပေတကား။**

**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ’ နုဂ္ဂဟော။**
**သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ န ဓံသတိ။**
**သံဃံ သမဂ္ဂံ ကတွာန၊ ကပ္ပံ သဂ္ဂမှိ မောဒတိ။**

(ဣတိဝုတ္တက။ ၂၀၃။ ဝိ၊ ၄။ ၃၆၉ ။ အံ၊ ၃။ ၃၁၅-၆။)

ယခုလက်ရှိ အဘိဓာန်ကျမ်းပြုဆရာတော်များစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁ ။ **နယားဆရာတော် ဦးမေဓိယာဘိဝံသ၊ သကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ပဓာနသံဃနာယကဆရာတော်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်း၊ မန္တလေး။**

၂ ။ ပုသိမ်ဆရာတော် ဦးသီလာစာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ သက္ကတဝေဒန္တကောဝိဒ၊ ပုသိမ်ကျောင်း။

၃ ။ ဆရာတော် ဦးသောဘဏာဘိဝံသ၊ သကျသီဟမူလဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဦးဇာဂရကြီး ကျောင်း။

၄ ။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သကျသီဟဓမ္မာစရိယ၊ ဝင့်သကာ၊ အစိုးရ သီရိပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ၊ ဘီ-အေ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဗန်းမော်တိုက်။

၅ ။ ဆရာတော်ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နယားကျောင်း။

၆ ။ ဆရာတော် ဦးသီရိန္ဒာဘိဝံသ၊ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မင်းမာကျောင်း။

၇ ။ ဆရာတော်ဦးကဝိန္ဒ၊ အမရပူရကျောင်း။

၈ ။ ဆရာတော်ဦးသြဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အတုလကာရီ ဆင်မင်းကျောင်း။

၉ ။ ဆရာတော်ဦးစက္ကပါလ၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီ ဆင်မင်းကျောင်း။

၁၀။ ဆရာတော်ဦးကုသလာစာရာဘိဝံသ၊ သကျသီဟ မူလဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဂုဏဝတီတိုက်ကျောင်း။

၁၁။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အတုလကာရီ ဆင်မင်းကျောင်း။

၁၂။ ဆရာတော်ဦးနန္ဒာစရိယ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၃။ ဆရာတော်ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၄။ ဆရာတော်ဦးသဒ္ဓမ္မာနန္ဒ၊ အစိုးရဓမ္မာစရိယ၊ ပုသိမ်ကျောင်း။

၁၅။ ဆရာတော်ဦးကဥ္စန၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း။

## (၃) နိရုတ္တိနည်းဆယ်နည်း ထည့်သွင်းထားပုံ

ထို့ပြင် - **ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော၊ ဒွေစာပရေ ဝဏ္ဏဝိကာရနာသာ။**
**ဓာတူသ စတ္ထာတိသယေန ယောဂေါ၊ တဒုစ္စတေ ပဉ္စဝိဓံ နိရုတ္တံ။**

(ပါထိနိ။ ၆၊ ၃။ ၁၀၉။ ကာသိကာ။ ဝိ၊ ၄၊ ၁။ ၉၅။ ဝိသုဒ္ဓိ၊ ၁။ ၂၀၄။ မဟာနိ၊ ၄။ ၂၂၉။ ပဒရူပသိဒ္ဓိ။ ၆၈၀-သုတ္တ။ နီတိ၊ သုတ္တ။ ၁၃၄၃-သုတ္တစ)

ဟူသော ရေးအဋ္ဌကထာ ဋီကာကြီးများနှင့်တကွ ပါဏိနီ၊ ကာသိကာ စသော သဒ္ဒါကျမ်းလာ နိရုတ္တိနည်း ငါးနည်းကို အခြေခံပဓာနထားပြီး သက္ကတ-ပြာကရိုက် စသောညီအစ်ကို ဘာသန္တရတို့နှင့် ညှိလျက် ခေတ်သစ် ကမ္ဘာ့တက္ကသိုလ်ကြီးများ၌ အသုံး တွင်ကျယ်နေသော –

" Ten Philological Theory. " (ခေါ်) ဘာသာဗေဒနှင့်ဆိုင်သော အယူအဆ(၁၀)ချက် = နိရုတ္တိနည်း (၁၀)နည်းကိုလည်း သင့်လျော်ရာ၌ထည့်သွင်းပြထားပါသည်။ ၎င်း(၁၀)နည်းမှာ–

ဝိသဒိသံ[၁] သဒိသံ[၂] စ၊ ပက္ခိတ္တာ[၃] နုကရဏံ[၄] စ။

ပဋိကရံ[၅] ဝိပရိတံ[၆]၊ လောပေါ[၇] စ သမ္ဘာသာရဏံ[၈]။

ဒွိတ္တံ[၉] စ, ဓနိတတ္တံ[၁၀] စ၊ နိရုတ္တိ ဒသဓာ နယာ။

အကျယ်ကို ဤသို့သိအပ်၏ – – –

၁။ ရှေ့နောက်အက္ခရာချင်း မတူအောင်ပြုလုပ်ခြင်း = ဝိသဒိသ = Dissimilation
လာင်္ဂလ = နင်္ဂလ။ လလာတ = နလာဋ္ဌ။ မေနန္ဒ = မိလိန္ဒ စသည်။

၂။ ရှေ့နောက်အက္ခရာချင်း တူအောင်ပြုလုပ်ခြင်း = သဒိသ = Assimilation. အာလမ္ဗန = အာရမ္မဏ။
ပဋ္ဌရသ = ပဏ္ဏရသ = ပန္နရသ။ ပဒ် + န = ပန္န၊ ဗုဓ် + တ = ဗုဒ် + ဓ = ဗုဒ္ဓ

၃။ အက္ခရာထည့်ပေးခြင်း ပက္ခိတ = Epenthesis. ပဒ္မ = ပဒုမ။ ရတ္န = ရတန။ သွမ္န = သုပိန။

ကေသ = ကိလေသ။ ပဝတိ = ပလဝတိ။ ဇာတျာ = ဇာတိယာ။

၄။ အတုယူ၍ပြုခြင်း = အနုကရဏ = Analogy. ဒုဂ္ဂတိကို အတုပြု၍ သုဂ္ဂတိ။ နိဒ္ဒယ–ကို အတုပြု၍ နုဒ္ဒယ။ ပုထဂ္ဇန (ပုထဂ် + ဇန) = ပုထဇ္ဇန–ကို အတုပြု၍ ပုထုဇ္ဇန။ သစ္စ–ကို တု၍ ဗဟုသုတသ ဘာဝေါဗာဟုသုစ္စံ – မှ ဗာဟုသစ္စံ ပြောင်းခြင်းစသည်။

၅။ အစားပေးခြင်း ပဋိသရဏ = Compensation.

အက္ခရာတစ်လုံးလုံးကို ချေပစ်လိုက်လျှင် ၎င်းအတွက် ချေပစ်ထားကြောင်း အထိမ်းအမှတ် သိစေရန် အစား ပေးရသည်။ ကရိ + တဗ္ဗ = ကာတဗ္ဗ။ ကရ်တုံ + ကာတုံ။ လဘေယျံ + အဟံ = လဘေယျာဟံ။
ပဋ္ဌ + နံ = ပဋ္ဌာနံ = ပဋ္ဌန္နံ။

၆။ အက္ခရာရှေ့နောက်ပြန်ခြင်း = Metalhesis.

အဟန် = အဟ္န = အန္တ = အန = နေ့ရက်။ သာယ + အန = ညနေခင်း။ ပရိ + ဥပါသတိ = ပရိယုပါသတိ = ပယိရုပါသတိ။ သုသုံ + မာရ = သုသုံမာရ = သုံသုမာရ။

ဂတ် + နာ + တိ = ဂဟ် + ဏာ + တိ = ဂဟ္ဏာတိ = ဂဏှာတိဟူ = ဂဏှာတိ။ အသ် + မိ = အသ္မိ။
သ–ကို ဟ–ပြုလျှင် အဟ္မိ = အမှိ= အမှိ။ အသိ + မ = အမှ – နည်းတူပင်။

၇။ အက္ခရာချေခြင်း လောပ = Elision.

ဇာတိယာ = ဇာတျာ = ဇစ္စာ။ စတုဒ္ဒသ = စုဒ္ဒသ။ ဘဒန္တေ = ဘန္တေ။ ဒုရဝယျ = ဓောရဝယှ = ဓောရယှ။
ပဋိသင်္ခါယ + ယောနိသော = ပဋိသင်္ခါယောနိသော။ အနုပါဒါယ = အနုပါဒါ၊ အနုပါဒါ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

၈ ။ သရ နှင့် သရတစ်ဝက် ဗျည်းတို့၏ အချင်းချင်းပြောင်းလဲခြင်း သမ္ပသာရဏ = Contraction. သက္ကတ၌ ယ, ရ, လ, ဝ – တို့ကို သရတစ်ဝက်ဗျည်းဟုခေါ်သည်။ ဣ – မှ ယ – ဖြစ်သည်။ ရိ – မှ ရ – ဖြစ်သည်။ လ– မှ ထ – ဖြစ်သည်။ ဥ – မှ ဝ – ဖြစ်သည်။ ၎င်းတို့ကို အချင်းချင်း ပြောင်းလဲနိုင်သည်။

၎င်းပြင် ဧ–နှင့် ဩ–ကို သန္ဓျက္ခရ (သန္ဓိ + အက္ခရ) သန္ဓိ တွဲစပ်ထားသည့် သရဟုခေါ်သည်။ အ + ဣ = ဧ ဖြစ်၍ အ + ဥ = ဩ ဖြစ်သည်။ အယ = အဣ = ဧ၊ ဤ၌ ယ – ဗျည်းမှ ဣသရ ပြောင်းသည်ကို သမ္ပသာရဏ ပြုသည်ဟုခေါ်သည်။ အဝ=အဥ=ဩ၊ ဤ၌ ဝ–မှ ဥ–သရ ပြောင်းသည်ကို သမ္ပသာရဏ ပြုသည်ဟု ခေါ်သည်။ အဇ္ဈယန = အဇ္ဈေန၊ ဥဒယန = ဥဒေန၊ ဥဇ္ဈယိနီ = ဥဇ္ဇေနီ၊ ယဝန = ယောန၊ လဝဏ = လောဏ၊ အဝကာသ = ဩကာသ၊ အဝတရတိ = ဩတရတိ၊ ဝိ + အဝ + ဟာရ = ဗျဝဟာရ = ဝေါဟာရ၊ ဘဝန္တော = ဘောန္တော၊ ပါလယတိ = ပါလေတိ၊ စောရယတိ = စောရေတိ။

၉ ။ အက္ခရာဗျည်း နှစ်လုံး ပြုလုပ်ခြင်း ဒွိတ္တ = ဒွေဘာဝ = Reduplication.

ဇာတိ + သရ = ဇာတိဿရ။ ဥပ + ကိလေသ = ဥပက္ကိလေသ။ ပ + ကမတိ = ပက္ကမတိ၊ ဝိ + ပ + ယုတ္တ = ဝိပ္ပယုတ္တ စသည်။

၁၀။ ဓနိတအက္ခရာသို့ပြောင်းခြင်း ဓနိတတ္တ = Aspiration.

ပရသု = ဖရသု။ သုကုမာရ = သုခုမာရ။ ဂေါဒါဝရီ = ဂေါဓာဝရီ၊ သ–အက္ခရာ, ဟ – အက္ခရာတို့နှင့် ပေါင်းမိလျှင် သိထိလသည် ဓနိတသို့ ပြောင်းလဲတတ်သည်။ အသိ + တိ = အသ္တိ။ အတ္ထိ။ အသိ + တု = အသ္တု = အသ္ထု။ ဝသိ + တ = ဝသ္တ = ဝတ္ထ။ ဝသိ + တု = ဝသ္တု = ဝတ္ထု။ အသိ + တ = အသ္တ = အတ္ထ။ သသ် + တ = သသ္တ = သတ္ထ။ တဒိ + ဟိတ = တဓိတ = တဒ္ဓိတ။ ဒဟ + တ = ဒဟ + ဌ = ဎ + ဒဎ။ ဒုဟ် + တ = ဒုဟ် + ဓ = ဒုဓ = ဒုဒ္ဓ။ နဟ် + တ = နဟ် + ဓ = နဒ္ဓ စသည်။

ဤကဲ့သို့ ဘာသာဗေဒနည်းများကို လေ့လာခြင်းအားဖြင့် သဘာဝအသံများ ပြောင်းလဲလာပြီး ပုဒ်များ ဖြစ်ပေါ်လာပုံကို သဘာဝကျကျ သိလာပေမည်၊ သဘာဝကျကျသိသဖြင့် ဘယ်တော့မှ မမေ့နိုင်သည့် အသိပညာများ ရလာနိုင်သည်။ ဥပမာ– သာယနပုဒ်ဝယ် မောဂ္ဂလာန်၌ အဟ–ကို န(ဏ) ပြု၍ ရူပသိဒ္ဓိ၌ အန–ပြုသည်၊ ဘယ်ဟာက သဘာဝကျသလဲဟုမေးလျှင် ဘာသာဗေဒနည်းဒအရဖြေရလျှင် အဟ= အဟန်ပုဒ်ရင်းတည်း၊ အက္ခရာရှေ့ နောက်ပြန် သည့် = ဝိပရိတ = Metathesis. နည်းဖြင့် ရှေ့, နောက် ပြန်လျှင် အဟန် = အဟ္န = အန္ဟ = အန္ဟ ဖြစ်လာသည်။ ထို့ကြောင့် အန–ပြုဟုဆိုသော ရူပသိဒ္ဓိဆရာ၏ စကားသည် ဘာသာဗေဒနည်းအရ ပို၍သဘာဝကျသည်။ အဏ, ဏ အပြုများကိုလည်း သဘာဝမကျသော အစီအရင်များဟု သိသာပေမည်။ ထို့ပြင် သုဗ္ဗစ, သုမ္ဗိဇာနန, သုမ္ဗိနယ, သုဗ္ဗုဒ္ဓိ ပုဒ် စသည်တို့သည်လည်း ဒုဗ္ဗစ, ဒုမ္ဗိဇာနန, ဒုမ္ဗိနယ, ဒုဗ္ဗုဒ္ဓိပုဒ်များကို အတုပြုထားသည့် သဒ္ဒါတုများဟု သိလာပေမည်။ ဤကဲ့သို့ စာရှုသူများအားပဋိသမ္ဘိဒါဉာဏ် အထောက်အပံ့ ပါရမီ ကုသိုလ်ထူးဖြစ်ပွားစေနိုင်သဖြင့် ဘာသာဗေဒနည်း အချို့ကိုလည်း ဤကျမ်း၌ ကျိုးကြားကျိုးကြား ထည့်သွင်းဖော်ပြထားပါသည်။ အလေးထားရှုစားနိုင် ကြပါစေ။

## (၄) ဘာသန္တရပုဒ်များ ထည့်သွင်းပြထားခြင်း

အဘိဓာန်ရေးသားထားရာဝယ် ပုဒ်တစ်ပုဒ်ကို တည်ပုဒ် အဘိဓာန်စာရင်းဝင်ပုဒ်အနေဖြင့် ဝိဘတ်မပါဘဲ အများအားဖြင့် ရေးသားပါသည်။ ရံခါဝိဘတ်ပါသည့်ပုဒ်များကိုလည်း ရေးသားပါသည်။ ဥပမာ ရညံ, ရညာ, ရညေ, ရညော စသည်။ ၎င်းနောက် လက်သဲကွင်းဖြင့် နာမ်ပုဒ်ဖြစ်လျှင် လိင်, အလိင်တို့ကို ပြပါသည်။ ဥပမာ... ယညဝါဋ(ပု)။ ယသဝတီ(ထီ)။ ယာနက(န)၊ ယာန (ပု၊န)။ ယသရေ(တိ)။ ယသမတ္တ(ထီ၊န) ယာဝဒေဝ (ဗျ)။ ယာစတိ(ကြိ)။ ယာစာပေတိ(ကာ၊ကြိ)။ ယာစိတွာ(ကြိ၊ ငံ)။ ယာစာပေတွာ(ကာ၊ ကြိ၊ဝိ) စသည်ဖြင့် ရေးသားထားပါသည်။ ၎င်းလက်သဲကွင်း နောက်မှာမှ [ ] ဤကဲ့သို့ ဒေါင့်ကွင်းဖြင့် ၎င်းပုဒ်၏ ရုပ်ပြီးပုံ ဓာတ်+ပစ္စည်း, ပုဒ်+ ပစ္စည်း, ပုဒ်+ဝိဘတ် စသည်တို့ဖြင့် တွဲစပ်ထားပုံကို ရှင်းလင်းစွာ ပြထားပါသည်။ ခဲကပ်ရာ ဝိဂြိုဟ်များ အကိုးသာဓကများကိုလည်းပြထားပါသည်။ ၎င်းတို့နောက်မှ သက္ကတပုဒ်, ပြာကရိုက်ပုဒ်, အဒ္ဓမာဂဓီပုဒ်, သက္ကဋပိဋကပုဒ်များကို လိုအပ်ရာ၌ အများအားဖြင့် ပြထားပါသည်။ ၎င်းဘာသန္တရပုဒ်များနှင့် ယှဉ်တွဲပြီး ပါဠိပုဒ်ကို နှိုင်းယှဉ်ကြည့်ပါက ပိုမို၍ အမြင်ကျယ်လာပြီး အမှန်အမှားကို ပိုင်းခြားသိလာနိုင်ပါသည်။ အချို့ပါဠိစကားလုံးများမှာ မူရင်းအားဖြင့် သက္ကဋမှလာသော စကားလုံးများဖြစ်ကြသည်။ ၎င်းသက္ကတမှလာသော စကားလုံးများကို မူရင်း သက္ကတဘာသန္တရ ကျမ်းရင်းများဖြင့် အဓိပ္ပာယ်, ဓာတု, ပစ္စယစသည်ကို ဖြေရှင်းပြပါက ပို၍မှန်ကန်ပေမည်။ မိမိလိုရာ ဓာတ်ပစ္စည်းစသည်ကို ကြံပြီးဝိဂြိုလ် ဝစနတ္ထတွေပြနေသော်လည်း မှန်ကန်သော အဖြေထွက်လာမည် မဟုတ်ပေ။ ဥပမာ- ယညဝါဋနှင့် ယညာ-ဝါဋ ၂-ပုဒ် ယှဉ်ကြည့်ပါ။ သက္ကတကျမ်းများနှင့် ဝေဒကျမ်းတို့၌ ယညဝါဋ-ပုဒ်သာရှိသည်။ ယညသဒ္ဒါ ယဇ်ပူဇော်ခြင်း, အလှူပေးခြင်းကို ဟော၍ ဝါဋ-သဒ္ဒါ အိမ်, အရပ်ဌာနကို ဟောသည်။ ‘ယညဝါဋ=ယညသဝါဋော ဂေဟံ ယညဋ္ဌာနံ ယညဝါဋော’ ဟု ကပ္ပဒ္ဒုမ အဘိဓာန်ကျမ်းကြီးများ၌ ပုဒ်ခွဲ အဓိပ္ပာယ် ဖွင့်ပြခဲ့ကြသည်။ သီလက္ခန် ဋီကာသစ်ဆရာကား ယည+အာဝါဋ-ဟု ပုဒ်ခွဲ၍ ယဇ်ပူဇော်ရာ တွင်းဟုဘာသာပြန်သည်။ မူရင်းကျမ်းများနှင့် မညီချေ၊ ရှေးဆရာတော်ကြီးများကို ရိုသေလေးစားသောအားဖြင့် အဓိပ္ပာယ် မမှန်သော်လည်း မမှန်ဟူ၍လည်းကောင်း, အမှားဟူ၍ လည်းကောင်း မဖော်ပြမူ၍ “သက္ကတအဘိဓာန်, ဝေဒကျမ်းတို့၌ “ယညဝါဋ”သာရှိသည်ဟု” သာဖော်ပြပါသည်။ အခြား, အခြားကွဲပြားရာတို့၌လည်း နည်းတူမှတ်ပါ။ ထို့အတူ- ယညော ပစိတနှင့် ယညောစဝိတ-ပုဒ်နှစ်ပုဒ်တို့ကို ယှဉ်ကြည့်ပါ။ ဘယ်ပုဒ် မှန်သည် ဘယ်ပုဒ်မှားသည်ဟု သဘောပေါက်လာပါလိမ့်မည်။ ယမတဂ္ဂိနှင့် ယမဒဂ္ဂိ၊ ယာမဂဏ္ဍိကာနှင့် ယာမဃဏ္ဍိကာပုဒ်တို့ကိုလည်း နှစ်ပုဒ်စီယှဉ်စပ်ကြည့်ပါ၊ ဘယ်ပုဒ်အမှန်ဟုညဏ်၌ပေါ်လာပါလိမ့်မည်။

## (၅) ဗျဥ္ဇနန္တသာသန္တရများကို သတိပြုအပ်ခြင်း

ပါဠိဘာသာ၌ ဗျဥ္ဇနန္တပုဒ်ကို အများအားဖြင့် မထားပေ၊ သရန္တ=သရအဆုံးရှိသော ပုဒ်များကိုသာ ထားကြသည်၊ သက္ကတ၌ကား ဗျဥ္ဇနန္တပုဒ်များကိုလည်း အများအပြား တွေ့ရသည်၊ ၎င်းဗျဥ္ဇနန္တပုဒ်များကို သတိပြုလေ့လာအပ်ပေသည်၊ သို့မှသာ သန္ဓိခဏ်း, သမာသ်ခဏ်း, တဒ္ဓိတ်ခဏ်း စသည်တို့၌ ရုပ်ပြီးပုံကို သဘောကျနိုင်သည်၊ ဥပမာ -ဥ-ဒ-နိ-ယ ၄-ပုဒ်ကို ကြည့်စမ်းပါ၊ ပါဠိနှင့် သက္ကတ ယှဉ်ကြည့်လျှင် -

| ပါဠိ | သက္ကတ |
|---|---|
| ဥ | ဥဒ် |
| ဒ | ဒုရ်(ဒုပ်) |

နိက နိရ်(နိသ်)

ယ ယဒ်

သက္ကတပုဒ်များ၌ ဥဒ်၊ ဒုရ် စသည်ဖြင့် ဒ်၊ ရ်ဗျည်းများ ဆုံးနေသည်ကို သတိပြုပါ။ ၎င်းဆုံးနေသည့် ဗျည်းများအတွက် အောက်ပါအချက်များ စည်းကမ်းများ ဖြစ်လာကြသည်။

၁။ နောက်ပုဒ်၌ သရနှင့်စသည်ပုဒ်ဖြစ်လျှင် ၎င်းသရများ ပြန်ပေါ်လာကြသည်။ ဥ + အဂ္ဂေါ = ဥဒဂ္ဂေါ။ ဥ+အာဟဥ္ဉ = ဥဒါဟဥ္ဉ။ ဒု + အက္ခာတော = ဒုရက္ခာတော။ ဒု + အာဂတ = ဒုရာဂတ။ နိ + အန္တရံ = နိရန္တရံ။ နိ + အာလယော = နိရာလယော။ ယ + အတ္ထံ = ယဒတ္ထံ။ ယ + ဧဝ = ယဒေဝ စသည်။

၂။ နောက်ပုဒ်၌ တွဲစပ်ရာ ဗျဉ်းနှင့်စသော ပုဒ်များဖြစ်လျှင် ဒွေဘော်ဆောင် သင့်ပါက ဒွေဘော်ဆောင်ပါ။

၃။ ဒွေဘော်မဆောင်သင့်ပါက ၎င်းဗျည်းကိုနိဂ္ဂဟိတ်ပြုပါ။

၄။ နိဂဟိတ်မပြုပါလျှင် ချေပစ်၍ ရှေ့သရကို ဒီဃပြုပါ။

ဥပမာ – ဥ + ဂတံ = ဥဂ္ဂတံ။ ဥ + နတံ = ဥံနတံ + ဥန္နတံ။ သံ + ဥ + ဟနတိ = သံဥဟနတိ = သမုဟနတိ။ (သိမ် သမုဟနတိ)။

ဤသဒ္ဒစည်းကမ်း ၄–ချက်ကို သတိပြုထားပါလျှင် သန္ဓိပိုင်းစသည်တို့၌ အာဂုမ်ဘာကြောင့် ဒ်–လာရသည့်၊ ဘာကြောင့် ရ်–လာရသည်(ယဝမဒနတရလာ စာဂမာ) အစိအရင်များကို ဘယ်တော့မှ မမေ့နိုင်အောင် သဘောပေါက်သွားပါလိမ့်မည်။ ထို့အတူ (၂–၃–၄)စည်းကမ်းဖြစ်သည့် ဘာကြောင့် ဒွေဘော်ဆောင်ရသည်။ ဘာကြောင့် နိဂ္ဂဟိတ်ပေါ်လာသည်၊ ဘာကြောင့် သမုဟနတိ စသည်၌ ဒီဃဖြစ်သွားသည်တို့ကိုလည်း ဘယ်တော့မှ မမေ့နိုင်လောက်အောင် သဘောပေါက်သွားပါလိမ့်မည်၊ ပဋိသမ္ဘိဒါဉာဏ် တစ်စိတ်တစ်ဒေသ ရသွားပါလိမ့်မည်။

ဒု+ ကရံ = ဒုက္ကရံ။ ဒု + စရိတံ = ဒုစ္စရိတံ။ ဒု + မေဓော = ဒုံမေဓော = ဒုမ္မေဓော။ ဒု + ဘရ = ဒူဘရ။ ဒု + ဟရ = ဒူဟရ။ နိ + ကခေါ် = နိက္ကခေါ်။ နိ + ဒရော = နိဒ္ဒရော။ နိ + မလော = နိံမလော = နိမ္မလော။ နိ + ဟရတိ = နီဟရတိ။ ယ + ဂရုက = ယဂ္ဂရုက = ယံဂရုက။ ယ + ဒိသ = ယာဒိသ။

ဤသို့လျှင် သက္ကတပုဒ်တချို့ (ဗျဥ္ဇနန္တစသည်) သည် ပါဠိပုဒ်များ၏ ရုပ်ပြီးပုံကို တစ်ထောင့် တစ်နေရာမှာ ကျေးဇူးများသည့်အတွက် ၎င်းပုဒ်များကို [ ] ထောင့်ကွင်းအတွင်း၌ သွင်း၍ပြထားခြင်း ဖြစ်ပါသည်။

## (၆) ကမ္ဘာမှာမရှိ

ဤကဲ့သို့ ပါဠိစာပေနှင့်တကွ ပိဋကတ်စာပေများ၌ အလွန့်အလွန် ကျေးဇူးများလှသည့် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများရေးသားရန် ကမ္ဘာ့ပါဠိပညာရှင်များ အကြိမ်ကြိမ်ကြိုးစား ကြံစည်ခဲ့ကြသည်။ ကမ္ဘာဝယ် မည်သည့်နိုင်ငံကမျှ အောင်မြင်အောင် မလုပ်နိုင်ခဲ့ကြပေ၊ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကသာ ထူးထူးခြားခြား အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။ **"ကမ္ဘာ့အခြားနိုင်ငံ တွေမှာ ဘာကြောင့် မအောင်မြင်၍ မြန်မာနိုင်ငံက ဘာကြောင့်အောင်မြင်ရသလဲ"** မေးလျှင် ကမ္ဘာ့အခြားနိုင်ငံများ၌ ဓမ္မာစရိယဘွဲ့အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးကိုငှားလျှင် လခရိက္ခာအနေဖြင့် တစ်ထောင်ကျော် နှစ်ထောင် လစဉ်ပေးရမည်။ အလုပ်အကိုင်ကြီးဖြစ်၍ အဖွဲ့ဖွဲ့လုပ်ရပေမည် အနည်းဆုံး ပညာရှင် ၁၀၀–ခန့် ငှားရမည်။ လစဉ် တစ်သိန်းကျော်၊ နှစ်သိန်း အကုန်ခံ၍ နှစ်ပေါင်း ၂၀၊ ၃၀ လုပ်ရမည်။ အကယ်၍ ငွေတတ်နိုင်သော်လည်း ထိုနိုင်ငံများ၌ ပါဠိတော် အဋ္ဌကထာ ဋီကာ တတ်ကျွမ်းသည့် ပညာရှင်

အလုံအလောက်မရနိုင်ချေ။ ထိုသို့ဖြစ်သောကြောင့် ဘယ်နိုင်ငံမှ မလုပ်နိုင်ကြခြင်း ဖြစ်ပေသည်။ မြန်မာနိုင်ငံရှိ စာချအကျော် ဆရာတော်များကား ပညာအရည်အချင်းအနေအားဖြင့်လည်း ဓမ္မာစရိယဘွဲ့ နှစ်ခု၊ သုံးခု၊ လေးခု စသည်ရှိကြပေသည်။ လက်တွေ့အနေအားဖြင့်လည်း နေ့ဝါ၊ ညဝါ ချပို့နေကြ၍ စာပေနှင့် ရင်းနှီးလှပေသည်။

လခရိက္ခာအနေအားဖြင့်လည်း ဘာမျှအထူးမယူဘဲ အခမဲ့ကုသိုလ်ဖြစ် အချိန်ပြည့် လုပ်ကိုင်ပေးတော်မူကြပေသည်။ မန္တလေးမြို့မှ သုံးဖွဲ့၊ ပခုက္ကူမြို့မှ တစ်ဖွဲ့၊ ရန်ကုန်မြို့၊ ကမ္ဘာအေးမှ တစ်ဖွဲ့၊ ပေါင်း သံဃာတော် ၁၀၀-ကျော်မျှ လုပ်အားပေး ရေးသားတော်မူကြသည်။ ဤကဲ့သို့ ကမ္ဘာ့စံချိန်မီ ဆရာတော် သံဃာတော်များ၏ ကုသိုလ်ဖြစ် လုပ်အားပေးဆောင်ရွက် ရေးသားပြုစုတော်မူကြသည့်အတွက် ကမ္ဘာမှာ ဘယ်နိုင်ငံကမှ မရေးနိုင်သည့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများကို မြန်မာနိုင်ငံက ထူးထူးခြားခြား ရေးသားနိုင်ခြင်း ဖြစ်ပါသည်။

## (၇) မဟာဗျာကရဏ = ပါဏိနိ သဒ္ဒါကျမ်းကြီး

ဤကဲ့သို့ ရေးသားရာ၌ ပုဒ်မှန် အနက်မှန်အတွက် ကျေးဇူးများသော သက္ကတ၊ ပြာကရိုက်၊ အဒ္ဓမာဂဓီ၊ သက္ကတပိဋကပုဒ် စသည့် တွဲဖက်နှိုင်းယှဉ်လေ့လာရမည့် ဘာသန္တရတို့ပါ [ ] ထောင့်ကွင်းအတွင်း၌ သွင်း၍ ပြထားပါသည်၊ ပုဒ်တစ်ပုဒ်၊ တစ်ပုဒ်ကို တွဲဖက် ဘာသန္တရ စကားလုံးများနှင့် ယှဉ်တွဲပြီးလေ့လာမှ တကယ့်အမြင်မှန်ကို အမြန်ရနိုင်သည်။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏ အထောက်အပံ့ဖြစ်စေနိုင်သည့် အသိဉာဏ် တိုးပွားလာနိုင်သည်။ သို့အတွက် စာရှုသူများ ပဋိသမ္ဘိဒါဉာဏ်၏ အထောက်အပံ့ပါရမီ ရလိုသော်လည်းကောင်း၊ ယခုဘဝမှာပင် အမြင်ကျယ်ကျယ်နှင့် ပုဒ်တစ်ပုဒ်၏ သဒ္ဒါအနေမှန်၊ အနက်မှန်တို့ကို သိမြင်လိုသော်လည်းကောင်း [ ] ထောင့်ကွင်းအတွင်းရှိ ရှင်းလင်းချက်များကို ဂရုတစိုက်လေ့လာရန် ဖြစ်ပါသည်။ သဒ္ဒါကျမ်းအနေဖြင့် အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ၊ အရှင်ဗုဒ္ဓဒတ္တ စသည့် အဋ္ဌကထာ ဆရာကြီးများ၏ လက်ထက်၌ ကစ္စည်းသဒ္ဒါကြီး၊ မောဂ္ဂလာန်၊ သဒ္ဒနီတိ စသည့် သဒ္ဒါကျမ်းလေးများ မပေါ်ပေါက်သေး၊ ပါဏိနိသဒ္ဒါကျမ်းကြီးသာ မားမားမတ်မတ်ရှိ၍ အဋ္ဌကထာဆရာကြီးများ၊ ဋီကာဆရာကြီးများလည်း ၎င်းပါဏိနိသဒ္ဒါကျမ်းကြီးကိုပင် ကိုးကားရေးသားထားသည်ကို တွေ့ရပေသည်။

ဥပမာ-ဘဂဝါပုဒ်အဖွင့် မဟာနိဒ္ဒေသအဋ္ဌကထာ (၂၂၉)၌ **"ပိသောဒရာဒီနိ ယထောပဒိဋ္ဌ"** န္တိ ပိသောဒရာဒိပက္ခေပလက္ခဏံ ဂဟေတွာ . . . စသည်ဖြင့် ပါဏိနိ၊ ၆၊ ၃ ၁၀၉- သုတ်ကို ကိုးကားပြထားသည်ကို တွေ့ရပေသည်၊ ထို့အတူ ဝိ၊ ဋ္ဌ၊ ၁။ ၉၅။ ဝိသုဒ္ဓိ၊ ၁။ ၂၀၄-စသည်တို့၌လည်း ပိသောဒရာဒိဂိုဏ်းကို ပြထားပေသည်။

ပိသောဒရာဒိဂိုဏ်းကား ပါဏိနိကျမ်း၏ လက်သုံးသုတ်ကြီးပေတည်း၊ အဋ္ဌကထာဆရာကြီး အရှင်ဗုဒ္ဓဃောသကိုယ်တိုင် ၎င်း၏ကျမ်းပြီးနိဂုံးတိုင်း၌ မဟာဝေယျာကရဏဟု ချီးကျူးထားသည်၊ မဟာဗျာကရဏအရ ပါဏိနိသဒ္ဒါကျမ်းကြီးဟု ဝဇိရဗုဒ္ဓိဋီကာ ၅၈၃- ၌ ဖွင့်ပြထားပေသည်၊ သို့အတွက် အဋ္ဌကထာ ဆရာကြီးများနှင့် ဋီကာဆရာကြီးများ၏ အာဘော်ကို အပြည့်အဝ အံဝင်ခွင်ကျသိလိုပါလျှင် ၎င်းတို့ကြည့်ရှု လေ့လာထားသည့် ပါဏိနိသဒ္ဒါကျမ်းကြီးကို လေ့လာကြရပေမည်၊ သို့အတွက် စာရှုသူတို့ အဋ္ဌကထာဋီကာ ဆရာကြီးများ၏ အာဘော်ကို အပြည့်အစုံသိနိုင်ရန် ပါဏိနိသဒ္ဒါကျမ်းကို ကိုးကား၍ ခက်ခဲသော ပုဒ်များ၌ ဖြေရှင်းထားပါသည်။

(သာကဋ္ဌာယန၊ သာဂရ၊ သိဓု၊ သာမေတိ၊ သုစ္ဆန္န၊ သုစ္ဆဝိ စသည်ကြည့်)။

## (၈) မဟာကပ္ပဒ္ဒုမနှင့် ဝါစပ္ပတိအဘိဓာန်ကျမ်းကြီး

အဘိဓာန်ကျမ်းနှင့် ပတ်သက်၍ ရှေးကျပြီး အပြည့်အစုံဆုံးသော သက္ကတ အဘိဓာန်ကျမ်းကို ညွှန်းပြပါဆိုလျှင် မဟာကပ္ပဒ္ဒုမနှင့် ဝါစပ္ပတိ အဘိဓာန်ကျမ်းကြီး နှစ်စောင်ကို ညွှန်းပြကြပေလိမ့်မည်၊ ကမ္ဘာပေါ်ရှိ မြစ်ကြီး မြစ်ငယ်ဟူသမျှ မဟာသမုဒ္ဒရာ ပင်လယ်သို့ စီးဝင် ပေါင်းဆုံကြကုန်သကဲ့သို့ သက္ကတ နှင့် ပတ်သက်သော အဘိဓာန်, ထောမနိဓိ, အမရကောသ စသည့်အဘိဓာန်ကျမ်းငယ်ကလေးများသည် ဤအဘိဓာန်ကျမ်းကြီး နှစ်စောင်သို့သာလျှင် စီးဝင် ပေါင်းဆုံကြရလေသည်၊ သို့အတွက် အဘိဓာန်နှင့် ပတ်သက်၍ ၎င်းအဘိဓာန်ကျမ်းကြီး နှစ်ကျမ်းကိုသာ ယေဘုယျ ပြထားသည်ကို တွေ့ရပါလိမ့်မည်၊ ရံခါ အခြားသင့်တော်သည့် ကျမ်းများကိုလည်း ညွှန်ပြထားပါသည်။

(သာကဋ္ဌာယန၊ သာမတ္တိယ၊ သိဒ္ဓိ၊ သိပဒ သိပဒီ စသည်ကြည့်)။

## (၉) ဗုဒ္ဓဘာသာကပြား သက္ကတအဘိဓာန်

Buddhist Hybrid Sanskrit Dictionary = ဗုဒ္ဓသာသာကပြားသက္ကတအဘိဓာန်ကို ကျွန်ုပ်တို့သည် သက္ကတပိဋကအမည်ဖြင့် ညွှန်ပြထားပါသည်၊ ၎င်းကျမ်း၌ သက္ကတဘာသာဖြင့် သင်္ဂါယနာတင်ခဲ့သည့် မြောက်ပိုင်း ဗုဒ္ဓသာသာဝင်တို့၏ သက္ကတပိဋကမှ သက္ကတအဘိဓာန်၌ မပါရှိသည့် ဗုဒ္ဓဘာသာကပြား စကားလုံးများကို ရွေးနုတ်၍ အဘိဓာန်ကျမ်း ပြုစုထားသည့်အတွက် ဖြစ်ပါသည်။ ၎င်းကျမ်း၏ အကူအညီ ကိုလည်း များစွာရရှိပါသည်။ အများ အားဖြင့် သက္ကတအားသန်သူသည် သက္ကတဘက်ယိမ်းပြီး ပုဒ်ပါဠ် အက္ခရာများကို ထားလိုကြပေသည်၊ ပြာကရိုက်, အဒ္ဓမာဂဓိ စသည်၌ လေ့လာပွန်းတီးသူများကလည်း သူတို့လေ့လာသည့် ပြာကရိုက်, အဒ္ဓမာဂဓိစသည့် ကျမ်းဘက်သို့ ယိမ်းပြီး ပုဒ်ပါဠ်အက္ခရာများကို ထားလိုကြပေသည်။

၎င်းကပြားသက္ကတအဘိဓာန်၌ကား အရှိကို အရှိတိုင်း ထားသဖြင့် ကျွန်ုပ်တို့အဖို့ မူရင်းပါဠိပုဒ်ကို အမှန်အတိုင်း သိကြရပေသည်၊ အမှန်ကိုလိုလားသူများအဖို့ အားကိုးအားထား ပြုကြရပေသည်၊ ထို့ကြောင့် လက်ဝဲလက်ယာ ယိမ်းယိုင် မှုမရှိဘဲ အရှိကို အရှိအတိုင်း အမှန်အတိုင်း ညွှန်းပြသည့်ဤကျမ်း၌ ဤကပြား အဘိဓာန်ကို သာဓက တစ်ရပ်အနေဖြင့် ညွှန်ပြထားပါသည်။ (သာတိယာနိ, သာတိယတိ, သာမဏေရ, သုံသုမာရ, သုဒတ္တ စသည်ကိုကြည့်)။

## (၁၀) ဆာမောနီယာဝီလျံ၏ သက္ကတအင်္ဂလိပ် အဘိဓာန်ကျမ်းကြီး

ရှေးရှေးသော ကပ္ပဒ္ဒုမ, ဝါစပ္ပတိစသည့် အဘိဓာန်ကျမ်းကြီးများနှင့်တကွ နောက်နောက်ရေး အဘိဓာန် ကျမ်းငယ်များနှင့် သက္ကတစာပေများ စနစ်တကျ အက္ခရာဝလိစဉ်၍ ပြုစုထားသည့် ဆာမောနီယာဝီလျံ၏ သက္ကတ အင်္ဂလိပ်အဘိဓာန်ကျမ်းကြီးကား ကမ္ဘာကျော် အဘိဓာန်ကျမ်းကြီးပေတည်း၊ ကပ္ပဒ္ဒုမ, ဝါစပ္ပတိတို့ကဲ့သို့ ဝိဂြိုဟ်ဝစနတ္ထ အကိုးသာဓကတွေ မစုံလင်သော်လည်း ပုဒ်အရေအတွက်မှာ နှစ်ဆ သုံးဆမက ပို၍စုံလင်လှပေသည်။ သမာသ်ပုဒ်တွဲ အမျိုးမျိုးနှင့်တကွ ကြိယာပုဒ်တွေပါ စုံလင်သည်၊ သို့အတွက် ခဲကတ်ရဌာနအချို့၌ ၎င်းကျမ်းကို ကိုးကားညွှန်းပြ ထားသည်ကိုလည်း တွေ့ကြရပေမည်၊ ဝီလျံ-ဟု အတိုကောက်ညွှန်းပြထားပါသည်။

ဤနေရာ၌ စကားစပ်မိသဖြင့် ဆဋ္ဌသင်္ဂါယနာခေတ်က အဖြစ်အပျက်ကလေးတစ်ခုကို အမှတ်ရမိ ပေသည်၊ ဋ္ဌကာသင်္ဂါယနာတင်ရန် အရေးကြီးနေသဖြင့် ဩဿာနသောဓေယျက အဖွဲ့ကို နှစ်ဖွဲ့ ဖွဲ့ပြီး ပြင်နေကြသည်၊ ကမ္ဘာအေး ဓမ္မဒီပကျောင်းဆောင် အလယ်ထပ်၌တစ်ဖွဲ့, အောက်ထပ်၌တစ်ဖွဲ့ ပြင်နေကြ သည်၊ အလယ်ထပ်အဖွဲ့က သုတ်ပါထိက

ဋီကာ ၂၆၂– ကိုပြင်နေ၍ အောက်ထပ်အဖွဲ့က အင်္ဂုတ္တိုရ်ဋီကာ ၃။ ၂၃၆–နာ ကို ပြင်နေကြသည်။

မုဒုစိတ္တော ဟောတိ လဒ္ဓါ ဒါယကေ **"ဣမိနာ မယှံ သင်္ဂဟော ကတော"** တိ၊ ဒါတာပိ လဒ္ဓရိ။

ဤပါဠိကျဉ်း လဒ္ဓါ ဒါယကေနှင့် လဒ္ဓရိပုဒ် နှစ်ပုဒ်အတွက်ခက်နေကြသည်၊ လဒ္ဓရိ၌ လဒ္ဓမိုဟူ၍လည်း မှုကွဲရှိသည်၊ **"လဒ္ဓေါ+အမှီ"** ပုဒ်ဖြတ်ပြီး အနက်ဖော်ကြသည်။ လဒ္ဓါကိုလည်း လဘဓာတ်= တွာပစ္စည်းကြံရ **"လဒ္ဓါ လဘိတွာ= ရရှိ၍"** ဟု အနက်ဖော်နေကြသည်၊ အနက်ဖော်သော်လည်း ဝါကျတွင်အနေဖြင့် အဓိပ္ပာယ်မကောင်းဘဲ ဖြစ်နေကြသည်၊ တစ်နေ့တစ်ဖောင်နှုန်းပြီးအောင် ပြင်နေရသဖြင့် အထူးမစဉ်းစား နိုင်တော့ဘဲ မှုကွဲသာ ပြထား ရတော့သည်၊ ညနေ ၃–နာရီ ခေတ္တနားချိန်ဝယ် **ဦးကုမာရာဘိဝံသ (ယခု မန္တလေး ဖန်းမော် ဆရာတော်လေး)**အား ၎င်းဝါကျကို မေးမြန်းကြသည်။

သြသာဝ ၂–ဖွဲ့လုံး အခက်တွေ့နေသည့် ၎င်းဝါကျကို ဖန်းမော်ဆရာတော်လေးက အလွယ်တစ်ကူ ဖြေရှင်းပေးနိုင်ခဲ့သည်၊လဒ္ဓါသည် သတ္ထာကဲ့သို့ သတ္ထာဒိဂိုဏ်းဝင် လဒ္ဓုပုဒ်၊ လဘ + တုပစ္စည်းဖြင့်ပြီးသည်၊ လဒ္ဓါ = ရသောပုဂ္ဂိုလ်သည်၊ ဒါယကေ = ပေးသောပုဂ္ဂိုလ်အပေါ်၌ မုဒုစိတ္တော = နူးညံ့သောစိတ်ရှိသည်၊ ဟောတိ = ဖြစ်၏။ လဒ္ဓရိ– ပုဒ်သည်လည်း သတ္ထရိပုဒ်ကဲ့သို့ လဒ္ဓု + သ္မိံဖြင့်ပြီးသော သတ္တမျန္တပုဒ်တည်း၊ ဒါတာပိ စ = ပေးသော ပုဂ္ဂိုလ်ကလည်း၊ လဒ္ဓရိ = ရသောပုဂ္ဂိုလ်အပေါ်၌၊ မုဒုစိတ္တော = နူးညံ့သော စိတ်ရှိသည်၊ ဟောတိ = ဖြစ်၏။ ဤ ကဲ့သို့ အနက်သမ္ဗန်ပြလိုက်ရာ ၂–ဖွဲ့လုံး ကျေနပ်သဘောကျသွားကြသည်။ လက်ခံ အတည်ပြုကြသည်။ သို့ရာတွင် ၎င်းလဘဓာတ်+တုပစ္စည်းဖြင့် ပြီးသည့် လဒ္ဓုပုဒ်ကို ပါဠိအဘိဓာန်, သက္ကတ အဘိဓာန်ကြီးငယ်တို့၌ ရှာမတွေ့ဘဲ ဖြစ်နေသည်၊ နောက်ဆုံး ဆာမောနီယာဝီလျံ၏ သက္ကတအင်္ဂလိပ် အဘိဓာန်ကျမှ ရှာတွေ့လေသည်၊ ဤကဲ့သို့ ပုဒ်ပါဌ် စုံလင်သည့်အတွက် ၎င်းဝီလျံကျမ်းကိုလည်း သင့်လျော် ရာ၌ ထည့်သွင်းပြသထားပါသည်။

ဤကဲ့သို့ ဘက်စုံ, ရှုထောင့်မျိုးစုံမှ ကြည့်ရှု၍ ပါဠိသဒ္ဒါကျမ်းအမျိုးမျိုး သက္ကတသဒ္ဒါကျမ်း အမျိုးမျိုး, ပြာကရိုက်, အဒ္ဓမာဂဓီ, သက္ကတပိဋကသဒ္ဒါကျမ်း ဘာသာဗေဒနည်း ၁၀–နည်း, နိဿယအမျိုးမျိုး, ဘာသာ ဋီကာ, ယောဇနာ, ဂဏ္ဌိရှိရှိသမျှ လက်လှမ်းမီကျမ်းအားလုံးတို့ကို အဖွဲ့ဝင်ဆရာတော်များ အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှုရေးသား စစ်ဆေးတည်းဖြတ်ပြီး ရိုက်နှိပ်အပ်သော ကျမ်းဖြစ်ပါသည်။ ဤကျမ်းကြီး၌ ရေးသားထားပုံ အကျဉ်းချုပ်မှာ –

၁။ အဘိဓာန်တည်ပုဒ် ထုတ်ပါသည်၊ ၎င်းနောက်မှ –

၂။ လိင်၊ ပုလ္လိင်အတွက်(ထီ)၊ ပုလိင်အတွက် (ပု)၊ နပုံလိင်အတွက်(န)၊ ဒွိလိင်အတွက်(ထီ၊ပု)၊ (ထီ၊န) (ပု၊န)၊ တိလိင်အတွက် (တိ)ဟူ၍ ပြပါသည်။ အလိင်အတွက်(အဗျ)၊ ကြိယာပုဒ်အတွက်(ကြိ)၊ ကာရိုက်ကြိယာပုဒ်အတွက်(ကာ၊ကြိ)၊ စသည်ဖြင့် အကျဉ်း ပြပါသည်။

၃။ ၎င်းနောက် [ ] ထောင့်ကွင်းဖြင့် ၎င်းပုဒ်၏ ဓာတ် + ပစ္စည်း၊ ပုဒ် + ပစ္စည်းရုပ်ပြီးပုံနှင့် ဝိဂ္ဂဟ ဝစနတ္ထများကိုပြပါသည်။

၄။ ၎င်းနောက် ဘာသန္တရပုဒ်များ ပါဠိနှင့် ညီအစ်ကိုဘာသာများ ဖြစ်ကြသည့် သက္ကတပုဒ်၊ ပြာကရိုက်ပုဒ်၊ အဒ္ဓမာဂဓီပုဒ်, သက္ကတနှင့် ပါဠိကပြားစပ်ဖြစ်သည့် သက္ကတပိဋကပုဒ်များကို သင့်သလို ပြသထားပါသည်။

၅။ ၎င်းနောက် အနက်ရနိုင်သမျှ ပေးပါသည်။ မိမိတို့ရေးသားထားသည့် ဘာသာပြန်အနက်များ တိကျခိုင်လုံကြောင်းပြရန် အကိုးသာဓက ပါဠိ, အဋ္ဌကထာ, ဋီကာဝါကျများ ထုတ်ပြထားပါသည်။

၆။ ၎င်းနောက် သိမှတ်ဖွယ် အဓိပ္ပာယ်များ၊ ဝတ္ထုကြောင်း၊ အတ္ထုပ္ပတ္တိများကို ဖတ်ချင်စဖွယ် အကျဉ်းချုပ် ရေးသားထားပါသည်၊ ၎င်းရေးသားချက်များ နိုင်လုံကြောင်း အကိုးကျမ်းများကိုလည်း မှုရင်းကျမ်းကို ကြည့်ရှုလိုသူတို့အတွက် ညွှန်းပေးထားပါသည်။

## (၁၁) မဥ္ဇူသကနတ်ပန်းပင်ပမာ အဘိဓာန်ကျမ်းမဟာ

ဤသို့ပုဒ်တိုင်း၊ ပုဒ်တိုင်း တိကျခိုင်လုံသော အထောက်သာဓက အကိုးပြလျက် စာရှုသူတို့ ရှုမငြီး အောင် ကျစ်လစ်သေချာစွာ ရေးသားထားပါသဖြင့် ဤ **"တိပိဋကပါဠိ–မြန်မာအဘိဓာန်"** ကျမ်းသည် ဂန္ဓမာ ဒနတောင် နန္ဒမူလိုဏ်ဂူအနီးရှိ မဥ္ဇူသကနတ်ပန်းပင်ကြီးနှင့် တူလှပေသည်၊ တူပုံကို အနည်းငယ် ပြပါအံ့။ ဟိမဝန္တာဝယ် –

၁။ စူဠကာလ
၂။ မဟာကာဠ
၃။ နာဂပလိဝေဌန
၄။ စန္ဒဂဗ္ဘ
၅။ သူရိယဂဗ္ဘ
၆။ သူရိယပဿ
၇။ ဟိမဝန္တ ဟူ၍ တောင်စဉ်ခုနစ်ထပ်ရှိသည်။

(က) **ဂန္ဓမာတောင်** ။ ။ တောင်စဉ် (၇) ထပ်ကို လွန်မြောက်သောအခါ ဂန္ဓမာဒနမည်သော နံ့သာ တောင်ရှိသည်။ (ဂန္ဓေန မာဒယတီတိ ဂန္ဓမာဒနော– အမွှေးနံ့ဖြင့် မူးယစ် စေတတ်သည်၊ ထောမနိဓိ)

(ခ) **နန္ဒမူလိုဏ်** ။ ။ ထိုတောင်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ဖလသမာပတ် နိရောဓသမာပတ် ဝင်စားနေ ထိုင်ရာ နန္ဒမူလက မည်သည့် ချိုင့်ဝှမ်းတစ်ခုရှိသည်။

(ဂ) **ပန်းမျိုးစုံလင် နတ်ပန်းပင်** ။ ။ ၎င်းချိုင့်ဝှမ်းဝယ် ရွှေဝ ပတ္တမြားဂူ တံခါးဝအနီး၌ အမြင့်တစ်ယူဇနာအကျယ် တစ်ယူဇနာရှိသည့် မဥ္ဇူသကမည်သော နတ်ပန်းပင်ရှိသည်။ ၎င်း သစ်ပင် သည် လူ့ပြည် နတ်ပြည်ရှိ မွှေးကြိုင်သော (ဝိမာန၊ ဋ္ဌ။၁၅၉) ရေပန်း၊ ကြည်းပန်း အားလုံး တစ်ပင်တည်းမှာပင် ပွင့်သည်။

(ဃ) **ဥပုသ် တန်ဆောင်း** ။ ။ အထူးသဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ဥပုသ်ပြုရန် သမာပတ်ဝင်စားရန် ကြွလာသောအခါ ပိုမို၍ ပွင့်သည်၊ ၎င်းသစ်ပင်၏အထက်၌ အားလုံးရတနာဖြင့် ပြီးသည့် ဥပုသ်ပြုရန် တန်ဆောင်းဝန်းတစ်ခုရှိသည်။

## (၁၂) သာယာစေသည့် လေအမျိုးမျိုး

ထိုတန်ဆောင်းဝန်း၌ တံမြက်လှည်းသည့် လေက အမှိုက်များကို တိုက်လွှင့်ပစ်သည်၊ မြေညှိလေက ရတနာဖြင့်ပြီးသည့် သဲများကို ညီအောင် တိုက်ညှိပေးသည်၊ ရေဖျန်းလေက အနောတတ္တအိုင်မှ ဆောင်ယူ တိုက်ခတ်၍ ရေဖျန်းပေးသည်၊ အနံ့မွှေးလေက ဟိမဝန္တာတောင်မှ အလုံးစုံသော နံ့သာပင်တို့၏ အမွှေးနံ့များကို တိုက်ခတ် ယူဆောင်

ပေးသည်၊ ပန်းခူးလေက ပန်းပွင့်များကို ဆွတ်ခူးကြွေကျစေသည်၊ ပန်းခင်းလေ က ကြွေကျသော ပန်းပွင့်များ လုပအောင် တိုက်ခတ်ပေးသည်၊ နေရာထိုင်ခင်းများကိုလည်း အမြဲခင်းထား လေသည်။ ၎င်းနေရာ ထိုင်ခင်းများဝယ် အရှင်ပစ္စေက ဗုဒ္ဓါပွင့်သောနေ့၊ ဥပုသ်ပြုသောနေ့တို့၌ စည်းဝေး သီတင်းသုံးနေတော်မူကြလေသည်။ ဤကား ထူးခြားဆန်းကြယ်သည့် မဥ္ဇူသကနတ်ပန်းပင်၏ အကြောင်းပေတည်း။ ——၊ (သုတ္တနိ၊ ၄၊ ၁။ ၅၉)။

ယင်းမဥ္ဇူသကနတ်ပန်းပင်၌ လူ့ပြည်၊ နတ်ပြည်ရှိ ပန်းပွင့်မျိုးစုံနေအောင် ပွင့်သကဲ့သို့ ဤ"တိပိဋက ပါဠိ–အဘိဓာန်" စာတစ်အုပ်တည်း၌ သာသနာရေး၊ ပညာရေး၊ လူမှုရေး စသည့် သိမှတ်ဖွယ်ရာ အရေးအခင်းများ၊ ပုဒ်ပါဌ်အကွရာ ဓာတ်ပစ္စည်း ပြီးပုံများနှင့် လောကီ သက္ကတ ပါကတ အဒ္ဓမာဂဓီ တက်ကျမ်း၊ ဒဿနကျမ်း အဆိုအမိန့်စသည့် မှတ်သားချင်ဖွယ် အဓိပ္ပာယ်အနက်ဆုံးဖြတ်ချက် အဖုံဖုံတို့ဖြင့် စုံလင်စွာ ရေးသားပြုစုထားပေသည်။

ယင်းမဥ္ဇူသက နတ်ပန်းပင်နှင့်တူသည့် "တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီး" မှတ်သားစဖွယ် အဓိပ္ပာယ်အနက် ဆုံးဖြတ်ချက် အဖုံဖုံတည်းဟူသော –

* လုပတင့်တယ် ရှုချင်စဖွယ် အသွယ်သွယ်အဖုံဖုံ ပန်းမျိုးစုံတို့ကို ဉာဏ်အာရုံပြု မြေဖျော်မှုအဖြစ် ကြည့်ရှုနိုင်ကြပါပေသည်။
* လိုရာ လိုရာ ရွေးချယ်ကာဖြင့် ငုံအာပွင့်ဖူး အထူးထူးတို့ကို ဆွတ်ခူးယူငင် ပန်ဆင်နိုင်ကြပါပေသည်။
* အေးကြူထုံကြိုင် သင်းလှိုင်မွှေးပျံ့ ပန်းရနံ့ကိုလည်း အနံ့ခံယူ ရှိုက်ရှူ နမ်းရှုပ် နိုင်ကြပါပေသည်။
* သကာနှိုင်းဖွယ် ပျားနယ်ပမာ ရသာချိုအီ ပန်းဝတ်ရည်တို့ကိုလည်း ကြည်လင်ရွှင်ပြုံး သောက်သုံး နိုင်ကြပါပေသည်။
* ပရိယတ္တိနံ့သာ အနံ့အရသာများကို သောက်သုံးနိုင်ကြပါစေ၊ ပဋိပတ္တိအနံ့အရသာများကိုလည်း ဆက်လက် သောက်သုံးနိုင်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော ပဋိဝေဓနတ်ပန်းမဥ္ဇူကို ဆွတ်ချူ နမ်းရှုနိုင်ကြ ပါစေကုန်သတည်း။

## (၁၃) လူအဖွဲ့၏ အကူအညီကို ရယူခြင်း

ဤမျှ ခံ့ညားထည်ဝါလှသော **"တိပိဋက ပါဠိ–မြန်မာ အဘိဓာန်"** ကျမ်းစာအုပ်ကြီး ဖြစ်ပေါ်လာခြင်းမှာ ဆရာတော်များ ကြိုးစားဆောင်ရွက်သကဲ့သို့ပင် သာသနာရေးဦးစီးဌာန ပါဠိပညာရှင်များ ဖြစ်ကြသော –

ဦးအုံမောင် ညွှန်ကြားရေးမှူးချုပ်၊ ဦးသိန်းအောင် ဒုတိယ ညွှန်ကြားရေးမှူး၊ ဦးတင်လှိုင် စာပြင်မှူးချုပ် နှင့် ကျမ်းပြုဝန်ထမ်းများ၊ ပုံနှိပ်တိုက်ဝန်ထမ်းများ၏ ဝိုင်းဝန်းညီညာ အားထုတ်မှုတို့ကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့ ကမ္ဘာအံ့လောက်သည့် ကမ္ဘာ့ပညာရှင်ကြီးများပင် လေးစားလောက်သည့် အဘိဓာန်ကျမ်းကြီးများ နှစ်အနည်းငယ်အတွင်း ဖြစ်ပေါ်လာအောင် ရဟန်းပညာရှိ ဆရာတော်များ၊ လူပညာရှိပုဂ္ဂိုလ်များကို စုစည်း၍ ထုတ်ဖော် လိုက်သော ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ သာသနာရေး ဝန်ကြီးဌာန ၏ စွမ်းဆောင်ချက်သည် ကမ္ဘာ့ဂန္ထဝင်၌ မတုပနိုင်သော ကဏ္ဍသစ်ဖွင့်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

မှတ်ချက် ။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန တိပိဋကပါဠိ–မြန်မာ အဘိဓာန် အ–ဝဂ်၊ အတွဲ (၁၇)၊ အဘိဓာန်ဝင်ပုဒ်ပေါင်း (၆၃၈၅) ပါဝင်သည်။ သာသနာတော်နှစ် ၂၅၃၇–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆–ခုနှစ်၊ ခရစ်နှစ် ၁၉၉၄–ခုနှစ်၊ ဧပြီလတွင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ အုပ်ရေ (၂၀၀၀) ရိုက်နှိပ်သည်။ စာမျက်နှာ (က) မှ (ဏ) ထိ ကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

# ၂။ ပိဋကဝိသောဓနီကျမ်း နိဒါန်း

## (၁) သာသနာနောင်ရေး

**အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊**
**လဇ္ဇီ ရက္ခိဿတိ၊**
**လဇ္ဇီ ရက္ခိဿတိ။**

(ဝိ၊ ၄၊ ၁။ ၂၀၀။ ဝိသဂ်ဟာ။ ၃၂၃။)

**ပိဋကဝိသောဓနီကျမ်း**

**"နောင်သောအခါ မကောင်းမှုမှရှက်တတ်သည့် လဇ္ဇီပုဂ္ဂိုလ်သည် (ဘုရားသာသနာကို) စောင့်ရှောက်လိမ့်မည်။လဇ္ဇီပုဂ္ဂိုလ်သည် စောင့်ရှောက်လိမ့်မည်။ လဇ္ဇီပုဂ္ဂိုလ်သည် စောင့်ရှောက်လိမ့်မည်။"** . . . ဟု သုံးကြိမ်သုံးခါ ရေးမဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူခဲ့ကြသည့်အတိုင်း ခေတ်အဆက်ဆက်တို့၌ပင် လဇ္ဇီသူတော်ကောင်း ရဟန်းတော်များသည် ဘုရားသာသနာတော်ကို စောင့်ရှောက်တော်မူခဲ့ကြလေသည်။ နောင်လည်း စောင့်ရှောက်တော်မူကြပေလိမ့်ဦးမည်။ ယခုလည်း စောင့်ရှောက်တော်မူကြဆဲပင် ဖြစ်ပေသည်။

## (၂) သာသနာ သုံးရပ်

**"ဘုရားသာသနာတော်"** ဟူသော စကားနှင့်ပတ်သက်၍ ဘုရားသာသနာတော်သည် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ နှင့် ပဋိဝေဓသာသနာ ဟူ၍ သုံးမျိုးသုံးစားရှိလေသည်။ ထိုတွင် -

၁။ ဘုရားဟော စာပေကျမ်းဂန်တို့နှင့် ၎င်းတို့ကို သင်ကြားပို့ချခြင်းသည် **ပရိယတ္တိသာသနာ** မည်၏။

၂။ ရျာန်သမာဓိ, ဝိပဿနာတရားတို့နှင့် ၎င်းတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် **ပဋိပတ္တိသာသနာ** မည်၏။

၃။ မဂ်ဖိုလ်, နိဗ္ဗာန် တရားသည်ကား ထိုးထွင်း၍ သိတတ်သောကြောင့်လည်းကောင်း, ထိုးထွင်း၍ သိအပ်သောကြောင့်လည်းကောင်း **ပဋိဝေဓသာသနာ** မည်၏။

ယင်း သာသနာသုံးရပ်အနက် ပရိယတ္တိသာသနာတော်သည်သာလျှင် ဘုရားသာသနာတော် အဓွန့်ရှည်ကြာတည်တံ့ရေးအတွက် အရင်းမူလ ပဓာနဖြစ်လေသည်။ (အံ၊ ၄၊ ၁။ ၇၂။)

ယင်း ပရိယတ္တိစာပေကျမ်းဂန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည်ပင် သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်စားတော်ဆရာ (တရား) ဘုရားများဖြစ်ကြပေသည်။

## (၃) ခေတ်အဆက်ဆက် သာသနာ့ဝန်ဆောင် မထေရ်များ

**မုန်ပေ၏။ ဘုရားရှင်ကိုယ်တော်တိုင် ညီတော်အာနန္ဒာမထေရ်အား - "အာနန္ဒာ . . . ငါဘုရားသည် သင်တို့အတွက် သုတ္တန်တရားတော်နှင့် အဘိဓမ္မာတရားတော်တို့ကိုလည်းကောင်း၊ ဝိနည်းဥပဒေတော်ကိုလည်းကောင်း ဟောကြားပညတ်တော်မူအပ်ခဲ့ပြီ၊ ၎င်း၊ သုတ်, အဘိဓမ္မာ နှင့် ဝိနည်းဥပဒေတော်သည် ငါဘုရားပရိနိဗ္ဗာန်စံလွန်တော် မူသည့်အခါ သင်တို့၏ဆရာ ဘုရားဖြစ်ရစ်ပေလိမ့်မည်။"** ဟု မိန့်ကြားတော် မူခဲ့လေသည်။ (ဒီ၊ ၂။ ၁၂၆- ၇။)

## (က) သာသနာစောင့်ကြပုံ

ထို့ကြောင့်ပင် ရှေးရှေးသော အရှင်မဟာကဿပ အစရှိသည့် မဟာထေရ်မြတ်တို့သည် ပရိယတ္တိသာသနာတော်ကို ခြောက်ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ပွဲကြီးများကျင်းပကာ သန့်ရှင်းစင်ကြယ်အောင် စီစဉ်ဆောင်ရွက်တော်မူခဲ့ကြပေသည်။

**ပရိယတ္တိသာသနာတော် ပုဒ်, ပါဠိ အက္ခရာ မှန်ကန်ကျနစွာရှိပါမှ ဘုရားအလိုတော်ကျ အနက်အဓိပ္ပာယ်မှန်ကန်သည်။ အနက်အဓိပ္ပာယ်မှန်ကန်မှ အကျင့်မှန်ကန်သည်။ အကျင့်မှန်ကန်မှ မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရနိုင်သည်။** ⟶ (နျာသ၊ ၄– နှာ၁)။

အင်္ဂုတ္တိုရ် ပါဠိတော် (၁၉)၌လည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည် –

**"ရဟန်းတို့၊ အကြင်ရဟန်းတို့သည် တရားမဟုတ်သည်ကို တရားမဟုတ်ဟူ၍ ပြကုန်၏။ ရဟန်းတို့ . . . ထိုရဟန်းတို့သည် များစွာသော လူအပေါင်း၏ စီးပွားအလို့ငှာ, များစွာသောလူအပေါင်း၏ ချမ်းသာခြင်းအလို့ငှာ, နတ်လူတို့၏ အကျိုးစီးပွားချမ်းသာခြင်းအလို့ငှာ ကျင့်ကြသူတို့ဖြစ်ကုန်၏။ ရဟန်းတို့၊ ထိုရဟန်းတို့သည် များစွာသောကုသိုလ်ကောင်းမှုကို တိုးပွားစေကြကုန်၏။ ထိုရဟန်းတို့သည်ကား သူတော်ကောင်းတရားတည်းဟူသော ဤဘုရားသာသနာတော်ကို အရှည်တည်တံ့စေသူတို့မည်ကုန်၏။"**

ထို့ပြင်၊ စတုက္ကအင်္ဂုတ္တိုရ် (၄၆၆)၌လည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည် – **"ရဟန်းတို့ သူတော်ကောင်းတရား ရှည်မြင့်စွာတည်တံ့ရန်, မပျောက်ပျက်ရန်, မကွယ်ပရန် ဤတရားလေးမျိုးတို့သည် ဖြစ်ကုန်၏။ အဘယ်တရားလေးမျိုးတို့နည်းဟူမူ – ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် စနစ်တကျခံယူ (သင်ယူ) ထားအပ်သော ပါဠိတော်ကို စနစ်တကျတည်ဆောက်ထားအပ်သော ပုဒ်ဗျည်း ဝါကျတို့ဖြင့် သင်ယူကုန်၏။ ရဟန်းတို့ စနစ်တကျ တည်ဆောက်ထားအပ်သော ပုဒ်ဗျည်း ဝါကျ၏ အနက်အဓိပ္ပာယ်သည်လည်း သိလွယ်၏။ ရဟန်းတို့ ဤကား . . . သူတော်ကောင်းတရား ရှည်မြင့်စွာ တည်တံ့ရန်, မပျောက်ပျက်ရန်, မကွယ်ပရန် ပထမတရားတစ်မျိုးဖြစ်၏။"**

## (ခ) သာသနာပြုအာဇာနည်များ

ဤ ပါဠိတော်စကားရပ်များကို ကြည့်လျှင်လည်း ပုဒ်, ပါဠိ, အက္ခရာ, ဝါကျတို့ စနစ်တကျ မှန်မှန်ကန်ကန်ရှိဖို့ အလွန်အရေးကြီးကြောင်း ထင်ရှားပေသည်။ ပုဒ်, ပါဠိ, အက္ခရာ မှန်ကန်အောင် သင်ကြားပြသပေးသည့် ဆရာသမား, ရဟန်းတော်များသည်လည်း တကယ့်သာသနာပြု အာဇာနည် ပုဂ္ဂိုလ်တို့ဖြစ်ကြောင်း ထင်ရှားပေသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၊ ဘုရားကိုယ်စား ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို အကျယ်ဖွင့်ပြတော်မူရာဝယ် တေဒဂ် (= အမြတ်ဆုံး, အတော်ဆုံး) ပုဂ္ဂိုလ်ဟု မြောက်စားချီးပင့် ခံရသူမှာ အရှင်မဟာကစ္စည်းထေရ်ကျော်ဖြစ်ပေသည်။ (အံ ၁။ ၂၄။) ၎င်းသည် ပုဒ်, ပါဠိ, အက္ခရာ, သဒ္ဒါ အဆုံးအဖြတ်များကို တိကျမှန်ကန်စွာ ဖော်ပြသည့် ကစ္စည်းကျမ်း, မဟာနိရုတ္တိကျမ်းတို့နှင့် ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော နေတ္တိကျမ်းတို့ကိုလည်း တခမ်းတနား အဆန်းတကြယ် ဟောကြားတော်မူခဲ့ပေသည်။ ⟶ (အပ၊ ၄၊ ၂။ ၂၁၃။)

ထို့ပြင်၊ ပညာအရာ တေဒဂ်ဘွဲ့ထူးကို ရတော်မူသော အရှင်သာရိပုတ္တရာသည်ကား သုတ္တနိပါတ်ပါဠိတော်၏ အဖွင့်ဖြစ်သော မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသ နှစ်ကျမ်းနှင့် ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော ပဋိသမ္ဘိဒါမဂ် တစ်ကျမ်း၊ ပေါင်းသုံးကျမ်းတို့ကို အဆန်းတကြယ် ပုဒ်, ပါဠိ အသွယ်သွယ်တို့ဖြင့် ဖွင့်ပြတော်မူခဲ့လေသည်။ ဘုရားသာသနာတော် အဓွန့်ရှည်ကြာ တည်တံ့စေရန် ရဟန္တာအရှင်မြတ်ကြီးများ ကြောင့်ကြမဲ့မနေ ပြုစုရေးသား ဟောကြားတော်မူခဲ့ကြလေသည်။

## (၄) လိုအပ်နေသော အဆုံးအဖြတ် ကျမ်းတစ်စောင်

## (က) ပိဋကအတွက် ကြိုးပမ်းချက်

မြန်မာနိုင်ငံသာသနာဝင်တွင်လည်း ပုဂံခေတ် သဒ္ဒနီတိ ကျမ်းပြုဆရာကြီး အရှင်မဟာအဂ္ဂဝံသမှစ၍ ဆရာအစဉ်အဆက်တို့သည် မြတ်စွာဘုရားရှင်၏ သာသနာအရှည်တည်တံ့ရေး (သဒ္ဒမ္မ အနန္တရဓာန) မိန့်ခွန်းတော်, ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဆန္ဒ " **စိနဝစနယုတ္တံ ဟိ** " ဟူသော အရှင်မဟာကစ္စည်းမထေရ်၏ ပရိဘာသာကို ဦးထိပ်ရွက်ပန်ဆင်ကာ ခေတ်အဆက်ဆက် ကြိုးပမ်းတော်မူခဲ့ကြ၏။ သဒ္ဒါဗျာကရဏ်း အသိဉာဏ်ကြီးမားသော ဆရာများက သဒ္ဒါဗျာကရဏ်းကျမ်းများပြုစု၍ မြတ်စွာဘုရားရှင်၏ စကားတော်များ အရှည်တည်တံ့အောင် အားထုတ်တော်မူခဲ့ကြ၏။ (ဥပမာ– သဒ္ဒနီတိသုံးကျမ်း၊ နိရုတ္တိဒီပနီ၊ သဒ္ဒတ္ထဘေဒစိန္တာ စသည်။) အဖွင့်သံဝဏ္ဏနာ နိုင်နင်းသောပုဂ္ဂိုလ်များက ပါဠိဘာသာအဖွင့်ကျမ်းများဖြင့် သာသနာတော်ကို ပြုစု ချီးမြှောက်တော်မူခဲ့ကြ၏။ (ဥပမာ – မဏိသာရ မဥ္ဇူသာဋီကာ၊ ဝိနယာလင်္ကာရဋီကာ၊ နေတ္တိဋီကာ၊ သီလက္ခန် ဋီကာသစ် စသည်။) နိဿယ မြန်မာပြန် ကျမ်းကျင်သော ပုဂ္ဂိုလ်များကလည်း ပါဠိသဒ္ဒါ အမှာ အထား အဆုံးအဖြတ်များ ဝေဝေဆာဆာဖြင့် နိဿယ မြန်မာပြန်နှင့် ဂဏ္ဌိ, ဝိနိစ္ဆယကျမ်းများ စသည်တို့ကို ရေးသားပြုစု၍ ပိဋကပါဝစနများကို ကျားကန်ပေးခဲ့ကြပေသည်။ (ဥပမာ – သဒ္ဒနီတိ နိဿယ အင္ဂုတ္တိုရ် နိဿယ, ပါရာဇိကဏ်ဂဏ္ဌိ, တိပိဋက ဝိနိစ္ဆယ စသော ကျမ်းများ။)

ထို့ထက် တစ်ဆင့်တက်၍၊ အရေးကြီးရာ, ကြိုးရာ မှားယွင်းချွတ်ချော်လေ့ရှိသော ပုဒ်, ဝါကျများကိုချည်း ဦးတည်ရွေးကောက်၍ ဝိနိစ္ဆယဉာဏ် ရင့်သန်ကြစေရန် ရည်ရွယ်ရေးသားကြသည်လည်း ရှိပေသည်။ (ဥပမာ – ပင်းယခေတ် အရှင်အရိယဝံသ၏ ဇာတ်ဝိသောဓနကျမ်း, ကင်းပွန်းတောင် ဆရာတော်၏ ခလိတာခလိတဝိ စာရဏာ ကျမ်း, မောင်းထောင်ဆရာတော် (အရှင်ပညာသာမိ) ၏ အက္ခရဝိသောဓနီကျမ်း, ရေနံချောင်း စိန်ပန်းပင်ဆရာတော်ကြီး၏ အဆုံးအဖြတ်များကို စုပေါင်းရေးသားထားသော အရှင်ပညာဝံသာဘိဝံ၏ ပါဠိဝိသောဓနီကျမ်း . . . စသည်။)

## (ခ) ပိဋကဝိသောဓနီ ပေါ်လာရပုံ

ဤ ကျမ်းပြုဆရာတော်သည်လည်း ရှေးပညာရှိ သူတော်ကောင်းတို့၏ ထုံးကိုနှလုံးမူ၍ ဤပိဋက ဝိသောဓနီကျမ်းကို ရေးသားပြုစုခြင်းဖြစ်ရာ ပါဠိပညာရှင်တို့အတွက် နှစ်သက်ကျေနပ်မှု ရရှိကြလိမ့်မည်ဟု မျှော်လင့်ရပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ပါဠိ, သက္ကတ, ဗျာကရဏ်းကျမ်း, အဘိဓာန်ကျမ်းများ ကမ္ဘာအနှံ့ ရှေးယခင်ကထက် ရောယှက်ကျယ်ပြန့် ထွန်းကားလာသည်နှင့်အမျှ ပါဠိတော် သုတ်ဝတ္ထုကြီးတစ်ခုလုံးကို မထိုးဖောက်, မချောက်ချား နိုင်စေကာမူ ပါဠိဝေါဟာရ စကားလုံးများကိုမူကား ကြိုးကြား, ကြိုးကြား သွေးတိုးစမ်းနေသကဲ့သို့ရှိရာ မြတ်စွာဘုရားအလိုတော်နှင့် ကိုက်မှုကိုက်ညီပါရဲ့လား? ဟု သံသယဖြစ်စရာ အသွင်ပြောင်းနေသော ပါဠိစကားလုံးများကို နေရာများစွာ၌ တွေ့ရှိနေကြရပေသည်။

## (ဂ) စာမူကွဲများ ရှိနေခြင်း

သာမန်အားဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ တစ်ခုခုကို မူတင်၍ ကျန်စကားလုံးများကို မူကွဲများအဖြစ် ယာယီလက်ခံနေရသောအားဖြင့် ပူးတွဲဖော်ပြနေကြရပေသည်။

အံ့ဖွယ်ကောင်းသည်ကား ပါဠိ, အဋ္ဌကထာ, ဋီကာ တို့၌သာမက ယင်းတို့ကို ကိန်းသေ ဘောင်ခတ်ပေးထားသည့် မူရင်းသဒ္ဒါ ပင်မကျမ်း, နှုတ်ငုံဆောင် အဘိဓာန်ကျမ်းများအထိ ထိုးဖောက်လာသည်ကို တွေ့နေကြရ၏။ (ဥပမာ – ဝသတော ဥတ္တ–သုတ်, ယင်း၏ ဥဒါဟရဏ်နှင့် အဘိဓာန် ၁၁၃၃– ဂါထာစသည်။)

ကမ္ဘာပေါ်တွင် အကောင်းဆုံး ပိဋကစာတော်မူအဖြစ် လက်ခံနေကြသော ဆဋ္ဌသင်္ဂါယနာ စာမူများပင်လျှင်

ဤကျမ်းပြုဆရာတော်အပါအဝင် ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကေ ကာယကံရှင် ပါဠိပညာရှင်တို့ ကိုယ်တိုင်ပင် အကြွင်းမဲ့ ကျေနပ်မှု မရရှိခဲ့ကြပေ။ သည့်ထက်ကောင်းမွန် သန့်စင်သော စာမူဖြစ်ပေါ်လာနိုင်စေရန် စေတနာ အရည်အချင်းနှင့် လုံ့လ, ဝီရိယ ရှိခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် စိတ်တိုင်းကျ မစိစစ်နိုင်ခဲ့ကြပေ။

ပဓာနအကြောင်းများမှာ –

၁။ အချိန်မီ သင်္ဂါယနာတင် ရွတ်ဖတ်နိုင်စေရန် အမြန်တည်းဖြတ် ရိုက်နှိပ်ရခြင်း၊

၂။ ပါဠိဝိသောဓကေ တစ်ဖွဲ့နှင့် တစ်ဖွဲ့ လုံလောက်သော အပေးအယူ ညှိနှိုင်းခွင့် မပေးနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

## (ဃ) ဆရာတော်ကြီးများ၏ တိုက်တွန်းချက်

ထိုအကြောင်းများကြောင့်၊ သည့်ထက်ကောင်းစေနိုင်သော အခြေအနေရှိလျက်အချိန်မပေးနိုင်ခဲ့ကြသဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာများအားလုံး ပြည့်ပြည့်စုံစုံ ထွက်ပေါ်လာသောအခါ အထူးသဖြင့် နိဿယ, မြန်မာပြန်, အဘိဓာန်, ကျမ်းညွှန်းများ ရေးသားပြုစုကြသောအခါ အားမလိုအားမရ ပို၍ဖြစ်ကြရပေသည်။ ထို့ကြောင့်၊ ဤကျမ်းပြု ဆရာတော်သည် ထိုထိုများစွာသော ညှိနှိုင်းပြင်ဆင်စရာများအနက် အရေးကြီးရာ, ကြီးရာ ရွေးကောက်၍ ပါဠိအဆုံးအဖြတ်များကို အမြဲတစေ ရှာဖွေစေ့ငုလျက် ရေးပြုစီရင်တော်မူခဲ့ပေသည်။

ထိုသို့ ရေးသားနေကြောင်း အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး သိရှိတော်မူသဖြင့်၊ ရေးပြီးသမျှ အဆုံးအဖြတ်များကို ဥပုသ်သီတင်းနေ့တိုင်း ကျမ်းပြုဆရာတော်ကိုယ်တိုင် လာရောက်ဖတ်ပြရန် အမိန့်တော်ရှိသဖြင့်၊ အစအဆုံး (တောင်ပြင်မှ အနောက်ပြင် မစိုးရိမ်တိုက်သစ်သို့ သွားရောက်၍) ဖတ်ပြခဲ့ရပေသည်။

ဆရာတော်ဘုရားကြီးကလည်း စိတ်ပါဝင်စားတော်မူသဖြင့် ပို၍မို၍ ခိုင်မာတိကျမှုရှိစေရန် ရည်သန်လျက် **"ဆရာ့စာ ထားခဲ့ပါအုံး"** ဟု မိန့်တော်မူကာ၊ မစိုးရိမ်တိုက်ဟောင်းရှိ စာချပါရင်ဆရာတော် အချို့အား ဤအဆုံးအဖြတ်စာမူများကို ကြည့်စေ၍ အကဲဖြတ်စေတော်မူခဲ့၏။ ထိုစာမူများကို ဖတ်ရှုရသော အာဂမနယပဒေသ ဆရာတော် ဦးဝိစိတ္တာဘိဝံသအား ဆရာတော်ဘုရားကြီးက မေးစမ်းတော်မူရာ အာဂမဆရာတော်က – **"နယားဘုန်းကြီး ဝီရိယကတော့ အလွန်ချီးကျူးစရာပါဘုရား။ တပည့်တော်တို့တော့ ဒီလောက်ဒုက္ခမခံနိုင်ပါဘူး။ မှုကွဲနေတဲ့ နေရာတွေ၊ စာကြည့်တဲ့ပုဂ္ဂိုလ်တိုင်း တွေ့တွေ့နေကြရတာပါပဲ၊ တစ်ချို့ဟာ ဒီလောက်အရေးမကြီးဘူး ထင်ရပေမယ့် သူ့အဆုံးအဖြတ် ကြည့်ရမှ အရေးကြီးမှန်း သိရပါတော့တယ်"**။ စသည်ဖြင့် လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးက ပြန်လည်အမိန့်ရှိဖူးလေသည်။

ထို့မှသာမက မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်တကွ မန္တလေးမြို့၊ အဂ္ဂမဟာပဏ္ဍိတ စံကျောင်း ဆရာတော်ဘုရားကြီး, ပခုက္ကူမြို့၊ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီး, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်များကပါ ဤအဆုံးအဖြတ်များကို စာအုပ်အဖြစ် ရိုက်ဖြစ်အောင် ရိုက်နှိပ်ရန် အသီးသီးတိုက်တွန်း အားပေးတော်မူခဲ့ကြပါသည်။

# (၅) ကျမ်းစာရေးသားပြုစုပုံ

## (က) အခြေခံမူကြီး ခြောက်ချက်

ဤကျမ်းကို ရေးသားပြုစုရာ၌ အောက်ပါ အခြေခံထောက်တည်ရာ အချက်ကြီးခြောက်ချက်ကို မူထား၍ ရေးသားတော်မူသည်။



၁။ ပါဠိတော်၊
၂။ အဋ္ဌကထာ၊
၃။ ဋီကာ၊
၄။ မာဂဓဗျာကရဏ်းကျမ်း = သဒ္ဒါကျမ်း၊
၅။ ပါဠိအဘိဓာန်ကျမ်း၊
၆။ အာစရိယဝါဒ တို့ ဖြစ်ပေသည်။

ဤကျမ်း၌ မူလပဓာန အဆုံးအဖြတ် ပုဒ်ပေါင်းတစ်ရာကျော် ပါဝင်ပေသည်။ သို့ရာတွင် အဆုံးအဖြတ်ကြီးတစ်ခု, တစ်ခု အတွင်းတွင် ဆက်နွယ်နေသော အဆုံးအဖြတ်ငယ်များ တစ်ခု, နှစ်ခု မက ပါဝင်လျက်ရှိရာ အဆုံးအဖြတ် ပုဒ်ပေါင်းနှစ်ရာကျော်ခန့် ပါဝင်သည်ဟု ဆိုနိုင်ပေသည်။

## (ခ) တိုက်ဆိုင်ညှိနှိုင်းပုံ

ပုဒ်တစ်ခု, တစ်ခုကို ဆုံးဖြတ်ရာ၌လည်း စာသင်, စာချတို့ နယဂ္ဂါဟ ရရှိစေရန် ရည်ရွယ်၍လည်းကောင်း၊ ပိုမိုရှင်းလင်းစေလို၍လည်းကောင်း **"ပုနာရမ္ဘဂ္ဂဟဏံ နိစ္စဒီပနတ္ထံ"** ဟူသော ပရိဘာသာအရ **"မြဲရာသံပတ်"** ဆိုသကဲ့သို့ အထပ်ထပ် နှီးနှောပြဆိုထားရာ စာရှုသူတို့အဖို့ ပင်လုံးကျွတ်ဝေဆာသော ဝိနိစ္ဆယ တောရဂုံကြီးအတွင်း ချဉ်းနင်းဝင်ရောက် နေပြီဖြစ်သဖြင့် ပုနရုတ္တိဒေါသမထင် ရွှင်လန်းဝမ်းမြောက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

## (ဂ) အစဉ်အလာကို ထိန်းသိမ်း

ဤ၌ အထူးသိစေလိုသည်မှာ ကျမ်းပြုဆရာတော်သည် ဝိနိစ္ဆယအရာဝယ် အဋ္ဌကထာ, ဋီကာမှအစ မာဂဓ ဗျာကရဏ်းနှင့် နိဿယကျမ်းပြုဆရာတော်ကြီးများအထိ အာစရိယ ပါစရိယ ဖြစ်တော်မူကြသော ရှေးရှေးသာသနာစောင့် ဆရာတော်ကြီးများ၏ ဝိနိစ္ဆယစံထုံးကို ပဓာနလက်သုံးလက်ကသုံးတောင်ဝှေးပြု၍ နာနာပါဠ တောရဂုံ ချုံအရှုပ်အထွေးကို ရှင်းလင်းသုတ်သင်ပေးတော်မူကြောင်း မြင်သာလှပေသည်။

ရှေးရှေးသာသနာစောင့် ဆရာတော်ကြီးအဆက်ဆက်တို့၏ ပဓာန ဝိနစ္ဆယ စံထုံးကား အခြားမဟုတ်, အစဉ် အလာကို ထိန်းသိမ်းခြင်းပင်တည်း။ မှန်၏ – မည်သည့်လောကီသဒ္ဒါ ဗျာကရဏ်းကျမ်းတို့၏ အဆို, မည်သည့်ပုဂ္ဂိုလ် ကျော်တို့၏ အယူအဆနှင့် ကိုက်ညီသည်ဖြစ်စေ, မကိုက်ညီသည်ဖြစ်စေ အစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ပါဠ်ရှိ မူရင်း, မူဟောင်းကို မဖျက်ဆီးဘဲ **"ဓိနဝစနယတ္တ = ဘုရားရှင်အလိုတော်ကျ"** အောင် ရနိုင်သော အခြား နည်းဖြင့်သာ ဖွင့်ဆိုတော်လေ့ ရှိကြပေသည်။ (ဥပမာ – **"ဈာနံ ဝုဋ္ဌဟိတွာတိ ဈာနာဝုဋ္ဌဟိတွာ၊ အယမေဝ ဝါ ပါဠော"** စသည် ဖွင့်ပြပုံများနှင့် အထူးအားဖြင့် ဤကျမ်းနောက်ပိုင်း ကမ္မဝါအဆုံးအဖြတ်များကိုကြည့်ပါ။)

## (ဃ) ဘာသန္တရများနှင့်လည်း မလွတ်စေရ

သို့ရာတွင် လျှော်ထမ်းသမား ဥပမာကဲ့သို့ "ဟောင်းမှသာမှန်ရမည်" ဟုကား စွဲယူခြင်းမရှိ။ စိစစ်ဝေဖန် ခြင်းဖြင့်သာ လက်ခံတော်မူလေ့ရှိရာ ရံအခါ နောက်ဆုံးပေါ် အနောက်တိုင်း ပါဠိ–သက္ကတ–ပညာရှင်တို့၏ အတွေးအမြင် များကိုပင် လွှမ်း၍သွားသည်ကို တွေ့နိုင်ပေသည်။

ပုံစံထုတ်ပြရသော် – မဇ္ဈန္တိက, မဇ္ဈနိက အဆုံးအဖြတ်ကို ကြည့်ကြပါစို့၊ ဆရာတော်ကြီးများက **"ပုဗ္ဗာပရနှ သာယမဇ္ဈေဟာဟာသ နော (ဏော)"** ဟု မောဂ္ဂလာန်သုတ်ရှိသောကြောင့် မဇ္ဈ + အဟမဇ္ဈန + ဏ္ဏက = မဇ္ဈန္တိက – ဟုသာ ရုပ်ပြီးသင့်သည်။ မဇ္ဈန္တိက ပါဠ်မှားဟုဆုံးဖြတ်ကြသည်။ ပဌမသင်္ဂါယနာတင် ကျောက်စာတို့၌ **မဇ္ဈန္တိက ရှိနေသည်ကိုလည်း ဆရာတော်ကြီးများက မဇ္ဈန္တိက – ဟု ရေးထုရမည်ကို ကျောက်ဆစ်သမားက ဟ– ကို**

တ ရေးထုမိ၍ **"မဇ္ဈန္တိက"** ရှိနေခြင်းဖြစ်သည်ဟု ဖြေဆိုကြလေသည်။ ဤကဲ့သို့ပင် သဒ္ဒါအကျော် ဆရာတော်ကြီး တစ်ပါးကလည်း ၎င်း၏ကျမ်းစာအုပ်၌ ဆုံးဖြတ်ချက်ရေးခဲ့လေသည်။ ၎င်းဆရာတော်ကြီးများကား ပိဋကတ်နှင့်တကွသော သက္ကတကျမ်းဂန်အမျိုးမျိုးကို ထုံးလိုချေ ရေလိုနှောက်နိုင်သည့် ပုဂ္ဂိုလ်ကျော်များဖြစ်၍ ပြိုင်ဆိုင်ပြောဝံ့မည့်သူပင် မရှိခဲ့ပေ။

**"ပညာရှိသော်လည်း သတိဖြစ်ခဲသည်"** ဆိုသည့်အတိုင်း ပိဋကသုံးပုံသည် အလွန်တစ်ရာ သိမ်မွေ့နက်နဲ ကျယ်ပြောလှသဖြင့် မည်မျှပင် အသိဉာဏ်ပညာ ကြီးမားကြစေကာမူ ပဋိသမ္ဘိဒါပတ္တ မဟုတ်လျှင် ကေဝုစ်တထစ်ချ ဆုံးဖြတ်ကြတိုင်း နိသံသယ မှတ်ယူသင့်သည်ချည်းကား မဖြစ်ကောင်းပေ။

ဤကျမ်းပြုဆရာတော်ကား ပါဠိ၊ အဋ္ဌကထာ၊ သဒ္ဒါ ပုဒ်ပါဌ်တို့ကို နေ့ရှိသမျှ အထပ်ထပ်စေ့ငု ကြည့်ရှုလေ့လာ၍ ပရိယတ္တိမာမက ဝိနိစ္ဆယဉာဏ် ရင့်သန်သူဖြစ်ရကား မဇ္ဈန္တိက ပုဒ်အစား မဇ္ဈန္တိကပုဒ်သာ ဘုရားအလိုတော်ကျ ပုဒ်ဖြစ်ကြောင်း အထောက်အထားစုံလင်စွာဖြင့် ဆုံးဖြတ်သွားသည်ကို တွေ့ရမည်ဖြစ်ပေသည်။
(အကျယ်ကို ၎င်းပုဒ်အဆုံးအဖြတ်မှာ ကြည့်ပါ)။

ခေတ်သစ် ကမ္ဘာ့ပါဠိပညာရှင်များ အနေဖြင့်လည်း ၎င်းမဇ္ဈန္တိကပုဒ်သာ မူလဘုရားဟောခဲ့စဉ်က ရှိခဲ့သည့်ပုဒ်ဟု ဝန်ခံကြပေသည်။ အကြောင်းမှာ သက္ကတဘာသာကိုလေ့လာရာ၌ –

၁။ ဝေဒသက္ကတဘာသာ၊

၂။ အလယ်ခေတ် (ပါဏိနီခေတ်) သက္ကတဘာသာ၊

၃။ နှောင်းခေတ် (သက္ကတ ပိဋက) ကပြားသက္ကတဘာသာ ဟူ၍ သုံးမျိုးထားကာ လေ့လာကြသည်။

သို့လေ့လာလျှင် ဝေဒသက္ကတနှင့် အလယ်ခေတ် (ပါဏိနီခေတ်) သက္ကတဘာသာတို့၌ မဇ္ဈန္တိကပုဒ်ကို မတွေ့ရချေ။ သို့သော် နှောင်းခေတ် (သက္ကတ ပိဋက) ကပြားသက္ကတဘာသာတို့၌ကား မဇ္ဈန္တိကပုဒ်ကို (မဓျာန္တိက၊ မဓျန္တိက) ဟု တွေ့မြင်နိုင်ပေသည်။ မဇ္ဈန္တိကသာ မှန်သည်။ ရှေးဟောင်းဝါစပ္ပတိ၊ ကပ္ပဒ္ဒုမ စသော အဘိဓာန်ကျမ်းကြီး ကျမ်းနိုင်တို့၌ မဓျာန္တိကပုဒ် မရှိ၍ မဇ္ဈန္တိကပါဌ် မှားသည်ဟု ဆုံးဖြတ်ကြသည့် သက္ကတဝေဒီပညာရှင်များသည် နှောင်းခေတ် သက္ကတအဘိဓာန်ကျမ်းကြီးများ ပါဠိသက္ကတကပြား အဘိဓာန်ကျမ်းကြီးများနှင့် သက္ကတပိဋကတို့ကို မလေ့လာရသည့် အတွက်သာ ယင်းသို့ ဆုံးဖြတ်ကြခြင်းဖြစ်ပေသည်။ ၎င်း နှောင်းခေတ်အဘိဓာန်ကျမ်းကြီးများနှင့် ၎င်း၏ ရှိးရာ သက္ကတ ပိဋကတို့၌ မဇ္ဈန္တိက (မဓျာန္တိက၊ မဓျန္တိက) ပုဒ်ကို တွေ့မြင်နိုင်ပေသည်။

## (င) ဆင်တူယိုးမှား ပါဠိများ

အနည်းငယ် ချဲ့ပြရသော် ဒုတိယသင်္ဂါယနာတင်ပွဲကြီး၏နောက်ပိုင်း၌ ဗုဒ္ဓဘာသာရဟန်းတော်အချို့သည် ယခုခေတ် အိန္ဒိယပြည် အနောက်မြောက်ပိုင်းဆီသို့ ပျံ့နှံ့သွား၍ ထိုအရပ်ဒေသရှိဘုရင်နှင့် ဗုဒ္ဓဘာသာ ဒါယကာ၊ ဒါယိကာမ များ၏ ပစ္စယာနုဂ္ဂဟ အကူအညီဖြင့် ဘုရားဟောပိဋကတ်တော်များကို လူအများအထင်ကြီးသည့် သက္ကတဘာသာသို့ ပြန်ဆိုကြ၍ သင်္ဂါယနာတင်ထားကြလေသည်။

ယင်းသို့ ပိဋကတ်တော်ကို သက္ကတသို့ ပြန်ဆိုကြသောအခါ၊ အချို့စာလုံးတို့မှာ ဗုဒ္ဓပိဋကတ်၌သာရှိ၍ သက္ကတ ဘာသာ၌မရှိသော စာလုံးအများအပြား ရှိလေသည်။ ထိုအခါမျိုး၌ သက္ကတမကျ ပါဠိမကျ ကပြားစာလုံးများအနေဖြင့် ပါဠိနှင့် အနီးစပ်ဆုံး စကားလုံးကိုသော်လည်းကောင်း၊ ပါဠိအတိုင်းသော်လည်းကောင်း သုံးစွဲရေးသားထားကြလေသည်။ ဥပမာ – မော်တော်ကား၊ ဖောင်တိန်၊ ပါတီယူနစ်၊ ဘီစကွပ်၊ ကိတ် (မုန့်)၊ စသည့်အင်္ဂလိပ်စကားလုံးတို့ကို မြန်မာလူမျိုးတို့က မိမိဘာသာသို့ ယူငင်သုံးစွဲသကဲ့သို့ ဖြစ်လေသည်။ ဤမဇ္ဈန္တိကပုဒ်ကိုလည်း ပါဠိဘာသာမှ သက္ကတပြန်လျှင် (မဓျာဟ္န) မဇ္ဈနဟု ပြန်ရမည်ဖြစ်ပေသည်။ ယင်းသို့ပြန်လျှင် မူလဗုဒ္ဓ၏ အာဘော်ဆိုလိုရင်းတို့မှ လွဲချော်သွားနိုင်စရာရှိ၍ သက္ကတဘာသာ၌ မရှိသော စကားလုံးအသစ်တီထွင်ကာ မဓျန္တိက (မဇ္ဈန္တိက) ဟု ၎င်းတို့၏ သက္ကတပိဋကတ်တို့၌ ရေးသားထားခဲ့ကြလေသည်။ အကယ်၍သာ ဗုဒ္ဓပိဋကတ်တော်၌ **"မဇ္ဈန္တိက"** ရှိနေလျှင် စကားလုံးအသစ် တီထွင်နေဖွယ် မလိုတော့ပေ။

ထို့ပြင်၊ ဗုဒ္ဓခေတ်မှစ၍ အသောကခေတ် နောက်ပိုင်းအထိ အသုံးပြုခဲ့သော စကားလုံးတို့ကို စုစည်းပြသည့် အဒ္ဓမာဂဓိ အဘိဓာန်ကျမ်းကြီး၌လည်း ၎င်းမဇ္ဈန္တိကပုဒ်ကို **"မဇ္ဈံတိယ"** ဟူ၍ ပုဒ်တည်ကာ ဝစနတ္ထများ ပြုလုပ်၍ပင် ပြထားလေသည်။ ဤအကြောင်းများကြောင့် ဤကျမ်းပြုဆရာတော်ဘုရား၏ အဆုံးအဖြတ်များသည် သဒ္ဒါအကျော် အမော် ဆရာတော်ကြီး အတော်များများ၏ လက်ရှိအဆုံးအဖြတ်များကို ကျော်လွှားသွားပေသည်ဟုဆိုက မှားမည် မဟုတ်ပေ။ တကယ့်ကျမ်းကြီးကျမ်းခိုင်တို့နှင့် ညီညွတ်နိုးနှောမိ၍ ကမ္ဘာ့ပါဠိပညာရှင်များ လေးစားလောက်ပေသည်။

## (စ) တိုက်တွန်းရခြင်း အကြောင်းရင်း

**"အဗျာပဇ္ဈ"** စသည့် အဆုံးအဖြတ်များကိုလည်း နည်းတူပင် ဆိုင်ရာပုဒ်အဆုံးအဖြတ်များကို ကြည့်ရှုက စာရှုသူတို့ တအံ့တသြ တွေ့ကြရမည် ဖြစ်ပေသည်။

**"ဝဿံဝုတ္ထ, ဝဿံဝုဋ္ဌ"** ပုဒ်အဆုံးအဖြတ်များကိုကြည့်လျှင်လည်း ရင်သပ်ရှုမော အံ့သြဘနန်း အဆန်းတကြယ် တွေ့ရပေမည်။ အကျယ်ကို ၎င်းပုဒ် အဆုံးအဖြတ်၌ ရှုပါ။

စာရေးသူအနေအားဖြင့် ဘာသာဗေဒတက္ကနည်း ရှုထောင့်မှ အနည်းငယ် တင်ပြလိုပေသည်။ ၎င်း နှစ်ပုဒ်အနက် စာလုံးလေးလုံးစီပါဝင်ရာ တ္ထ နှင့် ဋ္ဌသာ ကွာခြားသည်။ တ္ထ သည် ဒန္တဇဖြစ်ရကား ၎င်း၏မူရင်းဓာတ်သည် ဒန္တဇ ဖြစ်ရပေမည်။ ဋ္ဌ မှာ မုဒ္ဓဇအက္ခရာဖြစ်ရကား ၎င်း၏မူရင်းဓာတ်သည် မုဒ္ဓဇ ဖြစ်ရပေသည်။ ထို့ကြောင့် ဝုတ္ထ အတွက် ဝသ– ဓာတ် တ– ပစ္စည်းဖြင့် ရုပ်စီရင်ရပေမည်။ ဝသ– ဓာတ်သည် နေခြင်း, ဝတ်ဆင်ခြင်း, တောက်ပခြင်း အနက်တို့ကို ဟော၍ ဝုပ် (ဝသ)ဓာတ်သည် မိုးရွာသွန်းခြင်း အနက်ကိုဟောသည်။ ဝဿံဝုတ္ထ = ဝါတွင်းကာလပတ်လုံး နေပြီးသောသူ (ရဟန်း) ဟူသောအနက်နှင့် ဝဿံဝုဋ္ဌ = ဝါတွင်းကာလပတ်လုံး မိုးရွာပြီးသောဟူ၍ သဒ္ဒတ္ထနှင့် အဓိပ္ပါယတ္ထ တို့ကို တိုက်ဆိုင်ကြည့်လျှင် "ဝဿံဝုတ္ထ" ပါဌ်သာလျှင် မှန်ကန်ကြောင်း "လယ်ပြင်တွင်ဆင်သွားသကဲ့သို့" အလွန်ပင်ထင်ရှားလှပေသည်။ သို့ရာတွင် သဒ္ဒါပါရဂူ ကျမ်းပြုဆရာတော်ကြီးတစ်ပါးက "ဝဿံဝုဋ္ဌ" သာပုဒ်မှန်ဟု အဆုံးအဖြတ်ရေးသားထားသဖြင့် နှောင်းခေတ်ပါဠိပညာရှင်အချို့ ထိုဝါဒကို လက်ခံနေကြရပေသည်။

အမှန်အားဖြင့်၊ သက္ကတ၌ ဝသ–ဓာတ်, တ–ပစ္စည်းဖြင့် ဝုဋ္ဌ– ဟူ၍ ရုပ်ပြီးမရှိ။ ဥပိတဥႃ ဝသိတ ဟူ၍ သာရှိသည်။ အလွန်မုဒ္ဓဇအက္ခရာ အရှိများသော ပြာကရိုက် အဘိဓာန် ကျမ်းကြီးများ၌ပင် ၎င်း ဝုတ္ထ– နှင့် ဝုဋ္ဌ– ကို ဓာတ်ရော အနက်ပါခွဲခြား၍ ပြထားသည်ကို တွေ့ရပေမည်။ ထို့ကြောင့် ဤဆရာတော်ဘုရား၏ အဆုံးအဖြတ်များသည် ပါဠိသဒ္ဒါကျမ်းများနှင့်သာ ကိုက်ညီသည်မဟုတ်၊ သက္ကတ, ပြာကရိုက်, အဒ္ဓမာဂဓိ အဘိဓာန်ကျမ်းကြီးများနှင့်လည်း ညီညွတ်နိုးနှော မိပေသည်။ ဤအကြောင်းများကြောင့်ပင် အဘိဓဇမဟာရဋ္ဌဂုရု စသော မဟာထေရ်ကြီးတို့က ဤကျမ်းကို ပုံနှိပ်ထုတ်ဝေရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ခြင်း ဖြစ်ပေသည်။

## (ဆ) ဗုဒ္ဓ၏ ဆုံးဖြတ်နည်း

ဤနေရာ၌ ကျွန်ုပ်တို့၏ သက်တော်ထင်ရှား ဘုရားရှင်၏ အဆုံးအဖြတ်ပေးနည်းကို သတိရမိပေသည်။

ချဲ့ဦးအံ့ – အခါတစ်ပါး မြတ်စွာဘုရားသည် ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူစဉ် ရဟန်းများစွာနှင့် အတူ ကေသမုတ္တမည်သော နိဂုမ်းရွာကြီးသို့ ဆိုက်ရောက်တော်မူလေသည်။ ၎င်းရွာသူရွာသားများက ဘုရားရှင်အား ဤသို့လျှောက်ထားကြလေသည်။ **"အရှင်ဘုရား အချို့သော ရဟန်းပုဏ္ဏားတို့သည် ကေသမုတ္တနိဂုမ်း ရွာကြီး သို့လာကြပါသည်။ ၎င်းတို့သည် မိမိအယူဝါဒကိုသာ ပြောဆိုပြသကြပါသည်။ သူတစ်ပါး အယူဝါဒကိုကား ထိနိုက်ရှုတ်ချ မထီလေးစား ပြုကြပါသည်။ ချေမှုန်းပစ်လွှင့်ကြပါသည် အရှင်ဘုရား။ တစ်ခြားသော ရဟန်း ပုဏ္ဏားအချို့တို့သည်လည်း ကေသမုတ္တနိဂုမ်း ရွာကြီးသို့ ရောက်လာကြပြန်ပါသည်။ ၎င်းတို့ကလည်း မိမိတို့ အယူဝါဒကိုသာ ပြောဆိုပြသကြပါသည်။ သူတစ်ပါး အယူဝါဒကိုလည်း ထိနိုက်ရှုတ်ချ မထီလေးစား ပြုကြ**

**ပြန်ပါသည်။ ချေမှုန်းပစ်လွှင့်ကြပါသည် အရှင်ဘုရား။ ဤ အရှင်ရဟန်း ပုဏ္ဏားတို့တွင် အဘယ်အရှင်သည် အမှန်ပြောဆို၍၊ အဘယ်အရှင်သည် အမှားကိုပြောဆိုပါသနည်းဟု တပည့်တော်တို့အား ယုံမှားသံသယ တွေးတောမှု ဖြစ်ပါသည်ဘုရား"** ဟု လျှောက်ထားကြလေသည်။

ထိုအခါ မြတ်စွာဘုရားက – **"ဧထ တုမှေ ကာလာမာ"** စသည်ဖြင့် လောဘ, ဒေါသ, မောဟ အကုသိုလ် တရားများ၏ အပြစ်ရှိပုံ၊ ဆင်းရဲကျိုးပေးပုံများနှင့် အလောဘ, အဒေါသ, အမောဟ ကုသိုလ်တရားတို့၏ အပြစ်ကင်းပုံ၊ ချမ်းသာအကျိုးပေးပုံများကို အလွယ်ဆုံးအရှင်းဆုံး ဟောပြတော်မူသည်။ ထို့နောက်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးတို့ကို ဟောကြားတော်မူသည်။ နောက်ဆုံးပိတ်အနေဖြင့် တမလွန်လောက နောက်ဘဝ ရှိ– မရှိ ဝါဒနှင့်ပတ်သက်၍ ဤကဲ့သို့ ဖြေဆိုဟောကြားတော်မူခဲ့လေသည်။

**၁။ "ကာလာမနွယ်ဖွား အိုမင်းသားတို့ ဘုရားတပည့်သည် (ဗြဟ္မစိုရ်တရားလေးပါးကို ပွားများ နေရကား) ဘေးရန်မရှိ, စိတ်ဆင်းရဲမှုမရှိ, စိတ်ညစ်မှုမရှိဘဲ ဖြူစင်သောစိတ် ရှိနေ၏။ ၎င်းဘုရားတပည့်အား ယခုဘဝ၌ပင် သက်သာမှုလေးမျိုးကို ရနိုင်၏။ အကယ်၍ တမလွန်လောက နောက် ဘဝရှိလျှင် ကုသိုလ်ကံ, အကုသိုလ်ကံ တို့၏ အကျိုး ဝိပါက်ရှိလျှင် မိမိက ကုသိုလ်တရား ပွားများနေရကား သေလျှင် နတ်ပြည်ရောက်ရပေမည်– ဟု ပထမ စိတ်သက်သာမှုကို ရနိုင်ပေသည်။**

**၂။ အကယ်၍၊ တမလွန်လောက နောင်ဘဝမရှိလျှင် ကုသိုလ်ကံ, အကုသိုလ်ကံ တို့၏ အကျိုးဝိပါက် မရှိလျှင် မိမိက ကုသိုလ်တရားပွားများနေရကား ယခု ဘဝ၌ပင် ဘေးရန်မရှိ, စိတ်ဆင်းရဲမှုမရှိ, စိတ်ညစ်မှုမရှိဘဲ ဆင်းရဲကင်းကွာ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်၏ဟု ဒုတိယစိတ် သက် သာမှုကို ရနိုင်ပေသည်။"**

— (အံ၊ ၁။ ၁၈၉–၉၃။ အံ၊ ၄၊ ၂။ ၁၈၁–၂။)

ဤ မြတ်စွာဘုရားရှင်၏ အဆုံးအဖြတ်ပေးနည်း နိဿယျည်းအတိုင်း ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းစာတို့၌ ဝါဒအမျိုးမျိုးကွဲနေသည့် ပုဒ်, ပါဌ် အက္ခရာတို့ကို ကျမ်းဂန် အကိုးအကား ခိုင်ခိုင်လုံလုံရှိသော အဆုံး အဖြတ်အတိုင်း လိုက်နာကျင့်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့အဖို့ ပစ္စုပ္ပန်, သံသရာ နှစ်မျိုးစလုံး၌ပင် အပြစ်ကင်း၍ ပညာရှင်များ ကဲ့ရဲ့မှုမှ လွန်မြောက်နိုင်ကြပေမည်။

## (စ) တစ်လုံးမှားလည်း အရေးကြီး

ဤနေရာ၌ **"အက္ခရာ တစ်လုံးတစ်လေ မှားယုံမျှဖြင့် မဂ်ဖိုလ်, နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် လွဲချော်မသွားနိုင်ဘူး။ အာဓာနဂ္ဂါဟီ = မိမိအယူအဆသာ အမှန်ဟု အပြင်းအထန် မစွဲယူသင့်ပါဘူး"** ဟု ဆိုငြားအံ့၊ ယင်းသို့ဆိုသော် ၎င်းစကားသည် အချို့အဝက်မှန်သော်လည်း အချို့နေရာမှာ အက္ခရာတစ်လုံးမှားယုံမျှဖြင့် အကျင့်ပဋိပတ် ယွင်းမှားပြီး ၎င်းပုဂ္ဂိုလ်အား အပါယ်ကျစေနိုင်သည်။ ပုံစံပြရသော်– (ဝိ၊ ၄၊ ၁။ ၃၃၆) ၌ **"ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော န ပါရာဇိကံ"** ဟု မှားယွင်းနေရာ၊ ၎င်းမူအတိုင်းလိုက်နာကျင့်သုံးပါလျှင် လိုက်နာကျင့်သုံးသူ ရဟန်းတော်အားလုံး ပါရာဇိက ကျ၍ အပါယ်ကျရောက်ရမည် ဧကန်ဖြစ်ပေသည်။ လူပုဂ္ဂိုလ်တို့ အနေဖြင့် လိုက်နာကျင့်သုံးလျှင်လည်း အဒိန္နာဒါန် အကုသိုလ်ကံကြီးထိုက်၍ ဧကန်မုချ အပါယ်ငရဲ ကျရောက်ကြရ ပေလိမ့်မည်။ ဤမျှ အရေးကြီးသော အဆုံးအဖြတ်များ ဤကျမ်း၌ပါဝင်လေသည်။

အမှန်ရှိရမည်မှာ **"နပါရာဇိကံ"** နေရာ၌ **"ပါရာဇိကံ"** ဟုသာ ရှိရပေမည်။ **န**– အက္ခရာတစ်လုံး ပိုသွားသည်အတွက် မည်မျှထိခိုက်နိုင်သည်ကို စာရှုသူတို့ သိနိုင်ပေသည်။ အကျယ်ကို ဤအဆုံးအဖြတ် (၅၄) တွင်ရှုပါ။

## (ဈ) အမှားပြင်၍ အကျိုးတွေ့

ထို့ကြောင့်၊ ဤအဆုံးအဖြတ်များသည် အပါယ်ဘေးကြီးသို့ ကျရောက်ရမည့် ပုဂ္ဂိုလ်အချို့ကိုလည်း အပါယ်ဘေးကြီးမှ ကယ်တင်နိုင်ပေလိမ့်မည်။ သီလက္ခန်ပါဠိတော် ၂၂၁– ၌လာသော လောဟိစ္စ ပုဏ္ဏားက ဘုရားရှင်အား လျှောက်ထားသကဲ့သို့ ဤကျမ်းပြုဆရာတော်ဘုရားအား ကျေးဇူးတင်ရှိကြပေလိမ့်မည်။ ရဲ့.ဦးအုံ – မိစ္ဆာဝါဒီ လောဟိစ္စ ပုဏ္ဏားအား ဘုရားရှင်က တရားဟောတော်မူရာ တရားတော်၏အဆုံး၌ ဤကဲ့သို့ ကျေးဇူးတင်စကား လျှောက်ထား၍ သရဏဂုံ ဆောက်တည်သွားလေသည်။

**"အရှင်ဂေါတမဘုရား အသူတစ်ရာ (= အတောင်ငါးရာ) နက်သည့် ချောက်ကမ်းပါးပြတ်ထဲသို့ ကျလုလုဖြစ်နေသော ယောကျ်ားကို ဆံပင်ဆွဲ၍ ထုတ်ဆောင်ကာ ဘေးကင်းရာ ကြည်းကုန်းပေါ်မှာ တင်ထားလိုက်သကဲ့သို့၊ ထို့အတူပင် ရှင်တော်ဂေါတမသည် အသူတစ်ရာနက်သည့် ချောက်ကမ်းပါးပြတ်နှင့်တူသော အပါယ်ဘုံသို့ ကျလုလုဖြစ်နေသည့် တပည့်တော်ကို နတ်ပြည်လမ်းခရီးနှင့်တူသော သမ္မာဒိဋ္ဌိ တည်းဟူသော ကြည်းကုန်းပေါ်မှာ တင်ပေးလိုက်ပြီးပါပြီ ဘုရား။"**

## (ည) မောင်းထောင်ဆရာတော်

ထို့အတူပင် သီလာသံဝရတော, သီလသံဝရတောပုဒ် အဆုံးအဖြတ်၌လည်း သီလာ, သီလဟု ရေးချ စာလုံး တစ်လုံး ချွတ်ချော်ရုံမျှဖြင့် အနက်အဓိပ္ပာယ်အယူအဆတွေ ကမောက်ကမ ချွတ်ချော်ကုန်နိုင်ပေသည်။ ဤနေရာ၌ ဋီကာ ဟောင်း နှင့် ဋီကာသစ်တို့ အယူအဆကွဲလွဲပြီး အဋ္ဌကထာနှင့် ပါဠိတော်ကို ပါဠ်အမျိုးမျိုးပြောင်း၍ ယူဆနေကြရာ ဆရာတော်ဘုရား၏ အဆုံးအဖြတ်များက အမှား– အမှန်ကို ခွဲခြားရှင်းလင်းပြသွားပေသည်။ အကျယ်ကို အဆုံးအဖြတ် (၁) မှာ ရှုပါ။

သီလက္ခန်ဋီကာသစ်ကို မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရား ပြုစုတော်မူသည်။ ၎င်းဆရာတော်ဘုရားကား ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ် တည်းဟူသော သကသမယ၌ ကေသရာဇာ ခြင်္သေ့မင်းကြီးကဲ့သို့ ဟိန်းဟောက် စမ္မာယ် ဝိသာရဒဂုဏ်ပေါင်း ကြွယ်သကဲ့သို့ ဆေးကျမ်း, ဗေဒင်ကျမ်း, လောကီဗျာကရဏ်း စသည့် ပရသမယ တည်းဟူသော တောအုပ်ကြီး၌လည်း ထိုခေတ်အခါက ပြိုင်ဘက်ကင်းလောက်အောင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်လှသည့် ဆရာတော်ဘုရားကြီးပေတည်း။ ယင်းဆရာတော် ဘုရားကြီး၏ ဉာဏ်စွမ်းကို အောက်ဖော်ပြပါ ဆရာတော်ဘုရားကြီးပြုစုသည့် ကျမ်းများကို ကြည့်ရှုခြင်းအားဖြင့် အကဲခတ်နိုင်လောက်ပေသည်။

| | | | |
|---|---|---|---|
| ၁ ။ | နေတ္တိမဟာဋီကာ (ပါဠိ)၊ | ၁၄။ | မြို့ဟာဇ် နိဿယ၊ |
| ၂ ။ | အရိယဝံသာလင်္ကာရ၊ | ၁၅။ | လဃုသံဂြဟ နိဿယ၊ |
| ၃ ။ | သီလက္ခန်ဋီကာသစ် (ပါဠိ)၊ | ၁၆။ | သုပိနာဓျာယ နိဿယ၊ |
| ၄ ။ | ပကိဏ္ဏကနိပါတ် ဇာတ်နိဿယ၊ | ၁၇။ | လက္ခဏာကျမ်းနိဿယ၊ |
| ၅ ။ | စတုသာမဏေရဝတ္ထု၊ | ၁၈။ | သူရိယသိဒ္ဓန္တ နိဿယ၊ |
| ၆ ။ | တိဂုမ္ဘထောမနာ၊ | ၁၉။ | ဘားသုတိ နိဿယ၊ |
| ၇ ။ | ရာဇာဓိရာဇ ဝိလာသိနီ၊ | ၂၀။ | ရာဇာဘိသေကကျမ်း နိဿယ၊ |
| ၈ ။ | သာရသ္သတ ဗျာကရဏ်းနိဿယ၊ | ၂၁။ | ဒြဗျဂုဏ် နိဿယ၊ |
| ၉ ။ | ဗာလာဝဗောနိဿယ၊ | ၂၂။ | သာရကော မုဒီနိဿယ၊ |
| ၁၀။ | အဘိဓာန်နိဿယ | ၂၃။ | သြသဓရတနာကရ နိဿယ၊ |
| ၁၁။ | ကေက္ခရကောသနိဿယ၊ | ၂၄။ | ဓာတုပြသံသနိဿယ၊ |
| ၁၂။ | နာနတ္ထခွနိနိဿယ၊ | ၂၅။ | ကာမရတနနိဿယ စသည့် ကျမ်းပေါင်းသုံးဆယ် |
| ၁၃။ | ရာဇမတ္တဏ်နိဿယ၊ | | ကျော်တို့ပေတည်း။ (သာသနာလင်္ကာရ၊ ၂၀၁–၃။) |

ဤသို့ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အယူအဆကို အဋ္ဌကထာ၊ ဋီကာပောင်းများနှင့်အညီ ဆုံးဖြတ်ချက်ချထားသည်မှာ ပါဠိပညာရပ်တို့အတွက် တစ်ခုပြီးတစ်ခု စိတ်ဝင်စားဖွယ် ဖြစ်ပါလိမ့်မည်။

## (၄) မဏိမဥ္ဇူ ထုံးကိုမူ

ကျမ်းပြုဆရာတော်၏ ဆန္ဒမှာလည်း ငါ့ဟာသာမှန်ရမည်ဟု သဘောမထား၊ စွမ်းအားရှိသမျှ လေ့လာတင်ပြထားခြင်းမျှသာ ဖြစ်၍ စာရှုသူ ပညာရှင်တို့၏ သဒ္ဒါပညာအလိုက် ကြိုက်သလို အသုံးပြုတော်မူကြရန်သာ ဖြစ်ပါသည်။ အကယ်၍၊ သတိမေ့လျော့ ချွတ်ချော်မှားယွင်းမှု ပါရှိပါလျှင်လည်း သာသနာလင်္ကာရစာတမ်း (၁၄၀) ပါ မဏိသာရမဥ္ဇူသာ ဆရာတော်ထုံးနှင့် ဆရာတော်ဦးဖုဒ်တို့၏ အမိန့်ရှိပုံကို နှလုံးသွင်းလျက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံတော်မူမည်သာ ဖြစ်ပါသည်။

မဏိသာရမဥ္ဇူသာကျမ်းကို စီရင်ပြီးသမျှ လပြည့်၊ လကွယ်၊ (၈)ရက် သီတင်းနေ့တိုင်း ပညာရှင်စေတီရင်ပြင်တွင် သံဃာအများနှင့် ဖတ်နာကြ၏။ ထိုရောအခါ ပုဂံမြို့က ဘုရားပုထိုး ရှိခိုးမည်လာသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ပရိသတ်အစွန်ကနေ၍ နာလျက် **"စ စ"** ဟူ၍ နှစ်ကြိမ်တိုင်အောင်ဆိုသည်ကို မှတ်သားရသည်။ တည်းနေသည့် အရပ်ကိုလည်း မေးစေသည်။ ကျောင်းသို့ရောက်၍ မှတ်ရာတွင် ကြည့်ရှုဆင်ခြင်သော် တစ်ချက်မှာ ဝါကျထပ်သည်။ တစ်ချက်မှာ **"ဏှမံ ဂန္တံ"** စွဲရမည်ကို **"ဏှဒံ ဂန္တံ"** ဟု အစွဲပျက်သည်ကိုမြင်လေ၍ **"စစ"** ဆိုသောပုဂ္ဂိုလ်ကို ပင့်ရလေသည်။ ရောက်လျှင် ဤသို့ **မိန့်ဆို**၏။ –

ငါ့ရှင်၊ **ဤကျမ်း**ကိုငါသည် သာမညမပြု၊ လူသံ၊ ငှက်သံစဲမှ ညအချိန်မှာ ပုရပိုက်ကို ဖွင့်၍ရေးသည်။ လူသံ၊ ငှက်သံ ကြားမှ နေ့အချိန်ဝယ် ပုရပိုက်အုပ်၍ နေသည်။ သို့စဥ် ကြိုးစားအားထုတ်ပါသည်ကို **"စစ"** ဆိုရပြန်ပေသည်။

ဤသို့မိန့်ဆိုလျှင် **"စစ"** ဆိုသော ပုဂ္ဂိုလ်ကလည်း ဤသို့လျှောက်၏။

**"အရှင်ဘုရား စီရင်ပြုစုသော ကျမ်းသည် ဆိုဖွယ်အများပင်မရှိပေ။ လူတစ်ယောက်သည် ကျောက်စစ်ကို ဆုပ်၍ တိုက်နံရံကို ပစ်သော် တစ်စေ့မကျန် တိုက်နံရံကိုချည်း မှန်လေသကဲ့သို့ မိန့်ဆိုသမျှစကားသည် အလိုရှိအပ်သော အနက်အဓိပ္ပာယ်သို့ချည်း ရောက်ပါလေသည်။ ဝါကျ တစ်ချက်ထပ်သည်၊ အစွဲတစ်ချက်ပျက်သည်ကိုသာ "စစ" ဆိုပေသည်"** – ဟု လျှောက်လျှင် အားရ နှစ်သက်တော်မူ၍ ကျမ်းပြုဆရာတော်က ကိုယ်တွင်သုံးသော ဒုကုဋ်သင်္ကန်းကို ပေးတော်မူ၍ **"ငါ့ရှင်ကို ငါပူဇော်သည်မဟုတ်၊ ငါ့ရှင် ဂုဏ်ကိုသာ ငါပူဇော်သည်"** – ဟု ထိုပုဂ္ဂိုလ် လက်ခံပုံအောင်လည်း မိန့်တော်မူသည်။ နောင်အခါတွင် ဘုရင်မင်းခေါင်အားပြောကြား၍ တံဆိပ်အလှူတော် ခံရသည်ဟု အစဉ်စကားရှိသည်။

## (၅) ဆရာတော် ဦးဖုဒ်

ဆရာတော် ဦးဖုဒ် ခုဒ္ဒသိက္ခာနိဿယ ရေးသောအခါ **"သတ္တု – မုန့်လုံး"** ဟု ရေးရမည့်အစား **"သတ္တု – မုန့်လုံး"** ဟု ရေးမှားမိလေသည်။ တပည့်ရဟန်းငယ်တစ်ပါးက နိဿယကိုကြည့်ရှုရာ အမှားကို တွေ့သဖြင့် ဆရာတော်ဖုဒ်ထံ ချဉ်းကပ်၍ ဆရာတော်ဘုရား ဆရာတော်၏ နိဿယ၌ **"သတ္တု – မုန့်လုံး"** ဟု ရေးရမည့်အစား **"သတ္တု – မုန့်လုံး"** ဟု မှားယွင်းနေပါသည်။ **"သတ္တုဒွေနှေ ဒိသော"** ဟု အဘိဓာန်၌ မိန့်ပါသည်ဟု အဘိဓာန်သာဓကနှင့် လျှောက်ထားလေရာ၊ ဆရာတော်က တပည့်ဦးပဥ္ဇင်းအား သင်္ကန်းဒွိစုံဖြင့် ဉာဏ်ပူဇော်၍ **"နောင်အမှားတွေ့လျှင်လည်း ပြောကြားပါဘိ"** ဟု ဖိတ်ကြားလိုက်သတတ်။

(ဆရာစဉ် မှတ်သားချက်မှ)

## (၆) အဖိုး အနဂ္ဃထိုက်တန်သော အဆုံးအဖြတ်များ

မဟာသုတသောမ မင်းမြတ်သည် တက္ကသိုလ်ပြန် ပုဏ္ဏားက တစ်ရာစီတန်သည်ဟုဆိုသော လေးဂါထာ တရားတို့ကို ကြားနာရ၍ **"ငှင်း ဂါထာများကား တစ်ရာစီ တန်သည်မဟုတ်၊ ဤတရားတော်များ၏ တန်ကြေးသည် ပတ်ဝန်းကျင် စကြဝဠာတံတိုင်း၊ အထက်အကနိဋ္ဌဗြဟ္မာဘုံအထိ ရတနာခုနစ်ပါး အပြည့်ထည့်၍ လှူဒါန်းသော်လည်း သင့်လျော်လျောက်ပတ်သည် မမည်သေး၊ အဖိုးအနဂ္ဃထိုက်တန်သည့် တရားဂါထာများ ဖြစ်ပေသည်"** – ဟု တရားတန်ဖိုးကို ဆုံးဖြတ်လိုက်လေသည်။

ထို့အတူပင်၊ ဆရာတော်ဘုရား၏ ဤ ပုဒ်, ပါဠိ, အက္ခရာ အဆုံးအဖြတ်တရားရတနာများသည်လည်း သုတေသီပုဂ္ဂိုလ်များအတွက် အလောင်းတော် မဟာသုတသောမမင်း တန်ကြေးဖြတ်သကဲ့သို့ တစ်ခု, တစ်ခုသော အဆုံးအဖြတ်ရတနာသည်ပင် တန်ကြေးဖြတ်၍ မရစကောင်းသော အဆုံးအဖြတ်များ ဖြစ်ပါပေသည်။

* ဤတန်ကြေး အနဂ္ဃ အဖိုး အတိုင်းမသိထိုက်သည့် ကောင်းမြတ်လှသော ပုဒ်အဆုံးအဖြတ် တရားရတနာများကို အဖန်ဖန်အထပ်ထပ် ကြည့်ရှုနိုင်ကြပါစေသတည်း။
* ဤကား အမှား၊ ဤကား အမှန် ဟူ၍ ခွဲခြားသိနိုင်သည့် ဝိနိစ္ဆယဉာဏ် ရင့်သန်ကြပါစေသတည်း။
* သန့်ရှင်းစင်ကြယ်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းစာများ အရှည်တည်တံ့ကြပါစေသတည်း။
* သန့်ရှင်းစင်ကြယ်သည့် ပါဠိတော် စသော ကျမ်းစာအတိုင်း ဖြူစင်ဖြောင့်မတ်သော အကျင့်မြတ်ဖြင့် နိဗ္ဗာန်ဓာတ်နန်း စံမြန်းတော်မူနိုင်ကြပါစေသတည်း။

**မှတ်ချက်** ။ ။ ပိဋကဝိသောဓနီကျမ်းပါ စာမျက်နှာ (က) မှ (ဒ) အထိ ကောက်နုတ်ဖော်ပြပါသည်။

သာသနာတော်နှစ် – ၂၅၅၀ ပြည့်နှစ်၊
ကောဇာသက္ကရာဇ် – ၁၃၆၈–ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်၊
ခရစ်နှစ် – ၂၅–၂–၂၀၀၇ ခုနှစ်၊ တနင်္ဂနွေနေ့၊ နေ့လည် (၃း၀၀)နာရီ။



ဤကျမ်းစာ တည်းဖြတ်သူ

ပိဋကဝိသောဓနီကျမ်းပြု
နယားဆရာတော်ဘုရားကြီး၏ တပည့် –
ဇန်းမော်ဆရာတော်ကြီး
ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, B.A၊
ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊
သကျသီဟာဝံ့သကာ၊ သီရိပဝရဓမ္မာစရိယ ပါဠိသိရောမဏိ၊
ဒုတိယပါမောက္ခချုပ် – သင်ကြား၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊
ရန်ကုန်မြို့၊ အောက်မြန်မာပြည်၊
ဖုန်း– ၀၁– ၆၅၁၅၄၆၊ ၀၂– ၂၇၀၀၄၊
၀၂– ၂၇၀၄၂၊ ၀၉ ၂၀၃ ၃၃၀၄။

## ၃။ ဝိနိစ္ဆယကထာကျမ်း နိဒါန်း




ကစ္စည်း ဆရာတော်သည် ကစ္စည်းကျမ်း ဂန္ထာရမ္ဘ၌ **"သဗ္ဗညုဿဌသ ဝစနတ္ထ ဝရံ၊ သုဗုဒ္ဓံ၊ ဝတ္ထာမိ သုတ္တဟိတမေတ္ထ သုသန္ဓိ ကပ္ပံ"** ဟူသော ဂါထာဝက်ဖြင့် လည်းကောင်း၊ နာမ်ကျမ်းအစ **"ဇိနဝစနယုတ္တံဟိ"** သုတ်ဖြင့်လည်းကောင်း သက္ကတာနုလောမ စသည်ကို ကာကွယ်စောင့်ရှောက်ရန် မိန့်တော်မူခဲ့ပေသည်။ ကစ္စည်းသန္ဓိ (၅၁) သုတ် ပုံစံဝယ် **"ပရာ ယနံ"**ဟု ထုတ်ပြခြင်းဖြင့် မုဒ္ဒဇနှင့် **"ပရာယဏံ"** ကား သက္က တာနုလောမဟု သိစေသည်။ ဉာသ် ဆရာကလည်း ဒန္တဇနနှင့်သာ စီရင်တော်မူသည်။

ကစ္စည်း (၃၄၅)သုတ် ပုံစံဝယ်

**"မောဂ္ဂလာ ယနော၊ မောဂ္ဂလာနော"**

ဟု ပုံစံ ထုတ်ပြ သည်။ ယင်းပုံစံများအရ **"မောဂ္ဂလာ ယနော"** စသည်ကား မာဂဓ၊ မောဂ္ဂလာယနော စသည်ကား သက္ကတာ နုလောမဟု သိစေသည်။ ထို့ကြောင့် ဓာန်၊ ဋီ– ဆရာသည် (၄၃၅) ဂါထာ အဖွင့်တွင် **"မောဂ္ဂ လိဗြဟ္မဏိယာ အပစ္စံမောဂ္ဂလာနော၊ ဏာနော"**ဟု မာဂဓဘာသာ အားလျော်စွာ စီရင်လေပြီ။

သို့စီရင်ခြင်းသည် **"မောဂ္ဂလိဗြဟ္မဏိယာ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ"** (အံ၊ ဋ္ဌ၊ ၁။ ၁၂၁။) ကောလိတဂါမေ မောဂ္ဂလိယာဗြာဟ္မဏိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိ။ (အပ၊ ဋ္ဌ။ ၁။ ၂၃၂)– စသော အဋ္ဌကထာတို့အား လျော်သည်။ ထို့ပြင် သက္ကတပိဋကတွင်လည်း ပါဠိ၌ **"မောဂ္ဂလာန"** ဟု ညွှန်ပြသည်။ ထို့ကြောင့် သင်္ဂါယနာ သုံးကြိမ်တင်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တို့၌ **"မောဂ္ဂလာန"** ဟု သံယုတ်မဲ့ပါဠိရှိသည်။ ထို့ကြောင့် လ–သံယုတ်မဲ့ **"မောဂ္ဂလာန"** ပုဒ်သာ မာဂဓဘာသာဖြစ်ကြောင်း ထင်ရှားသည်။

မောဂ္ဂလာန်ကျမ်းတွင် (၄၊ ၂) ၌ကား **"မောဂ္ဂလာန"** ဟု သက္ကတာနုလောမ စီရင်သည်။ ထိုဆရာ့စကားသည် **"မောဂ္ဂလိဗြဟ္မဏိယာ ကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ"** (အံ၊ ဋ္ဌ။ ၁။ ၁၂၁။ အပ၊ ဋ္ဌ။ ၁။ ၂၃၂။) (– ဓမ္မ၊ ဋ္ဌ။ ၁။ ၅၆။ ထေရ၊ ဋ္ဌ။ ၂။ ၃၇၃။ သာရတ္ထ၊ ၃။ ၂၂၄။ ဝိမတိ၊ ၂။ ၁၀၀)– စသော အဋ္ဌကထာတို့သို့ မသက်ဝင် ဆန့်ကျင်ရကား သာရအားဖြင့် မမှတ်သင့်။

**အစိန္တေယျာနုဘာဝဿ ဟိ သမ္မာသမ္ဗုဒ္ဓဿ ပါဠိနယော**
**အစိန္တေယျောယေဝ ဟောတိ၊ ဂမ္ဘီရော ဒုက္ခော ဂါဠှော၊**
**န ယေနကေနစိ လက္ခဏေန သာဓေတဗ္ဗော၊ ယထာ တန္တိ**
**ဝိရစိတေဟေဝ လက္ခဏေဟိ သာဓေတဗ္ဗော။**

— (နီတိ၊ ဓာတု။ ၇၉။)

## (၁) မြန်မာပြန်

မကြံစည်အပ် မကြံစည်နိုင်တဲ့ မြတ်စွာဘုရား၏ ပါဠိ = (ပရိယတ္တိဓမ္မ) နည်းသည် မကြံစည်အပ် မကြံစည်သင့်သည်သာတည်း၊ မြတ်စွာဘုရား၏ ပါဠိ = (ပရိယတ္တိဓမ္မ) နည်းသည် ဓက်ခဲ နက်နဲသည်၊ ဘုန်းကံပါရမီ မရှိသူတို့ သက်ဝင်နိုင်ခဲသည်။ ဟုတ်ဟုတ်ငြားငြားသောသုတ်ဖြင့် မပြီးစေသင့်၊ မပြုပြင်သင့်၊ (သက္ကတသဒ္ဒါကျမ်း, သက္ကတ အဘိဓာန်ကျမ်းတို့၌ လာသော သုတ်ဝါကျဖြင့် မပြီးစေသင့်၊ မပြုပြင်သင့်၊ ပါဠိ–တော်နှင့် ဆန့်ကျင်သည့် မာဂဓသဒ္ဒါ ကျမ်းတို့၌လာသော သုတ်ဖြင့်လည်း မပြီးစေသင့်၊ မပြုပြင်သင့်) ပါဠိ = (ပရိယတ္တိဓမ္မ) နည်းအားလျော်စွာ စီရင်သော သုတ်တို့ဖြင့်သာ ပြီးစေရမည်၊ ပြုပြင်ရမည်။

၁။ မယမေဝေကာ ယထာဘုစ္စမြဟ္မဝေါဟာရ အရိယဝေါဟာရသင်္ခါတာ မာဂဓဘာသာ န ပရိဝတ္တတိ။

└─┤ (အဘိ၊ ဋ္ဌ၊ ၂။ ၃၇၂။ ပဋိသံ၊ ဋ္ဌ၊ ၁၊ ၅။)

**ရှင်းလင်းချက်** – ဗြဟ္မဝေါဟာရဖြင့် ပုထုဇဉ်တို့တွင် အထက်တန်းအကျဆုံးဖြစ်သော ဗြဟ္မာတို့ မာဂဓဘာသာဖြင့်သာ ပြောဆိုကြကြောင်း သုံးစွဲကြကြောင်းပြသည်၊ အရိယဝေါယာရဖြင့် ဘုရားပစ္စေကဗုဒ္ဓါအရိယာသာဝကတို့ မာဂဓ ဘာသာဖြင့်သာ ပြောဆိုသုံးစွဲကြကြောင်းပြသည်။

၂။ သမ္မာသမ္ဗုဒ္ဓေါပိ တေပိဋကံ ဗုဒ္ဓဝစနံ တန္တိံ အာရောပေန္တော မာဂဓဘာသာယဓဝ အာရောပေသိ။

└─┤ (အဘိ၊ ဋ္ဌ၊ ၂။ ၃၇၂။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၅။)

**ရှင်းလင်းချက်** – သဗ္ဗညုမြတ်စွာဘုရား ပိဋကသုံးပုံ ဘုရားစကားတော်ကို ပါဠိတော်အစဉ် တင်သောအခါ မာဂဓ ဘာသာဖြင့်သာ တင်တော်မူသည်။ အခြားသက္ကတဘာသာစသည်ဖြင့် တင်တော်မူသည်မဟုတ်ပေ။

၃။ အရိယာသာဝကော နော ပဋိသမ္ဘိဒါပ္ပတ္တောနာမ နတ္ထိ။

└─┤ (အဘိ၊ ဋ္ဌ၊ ၂။ ၃၇၂။ ပဋိသံ၊ ဋ္ဌ၊ ၁။ ၆။)

သေက္ခာနံ ပန သေက္ခဖလဝိမောက္ခန္တိကာ, အသေက္ခာနံ အသေက္ခဖလ ဝိမောက္ခန္တိကာ စ ပဋိသမ္ဘိဒါပတ္တိ ဟောတိ။ တထာဂတာနံ ဟိ ဒသဗလာနိ ဝိယ အရိယာနံ အရိယဖလေဟေဝ ပဋိသမ္ဘိဒါ ဣဇ္ဈန္တီတိ။

└─┤ (ပဋိသံ၊ ဋ္ဌ၊ ၁။ ၇။ ဝိသုဒ္ဓိ၊ ၂။ ၇၂–၃။)

## (၂) အကျဉ်းချုပ်မြန်မာပြန်

အရိယာသာဝကတို့အား ဖိုလ်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက်သာလျှင် အထူးအားမထုတ်ရဘဲ ဖိုလ်စိတ်၏ အစွမ်းသတ္တိ အာနုဘော်ဖြင့် ပဋိသမ္ဘိဒါဉာဏ်ကို ရတော်မူကြသည်။

၄။ **သာ မာဂဓီ (မာဂဓာ) မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ၊**

**ဗြဟ္မာနော စ, သုတာလာပါ၊ သမ္ဗုဒ္ဓါ စာပိ ဘာသရေ။**

└─┤ (ရူ။ ၄၁။ သိသုဒ္ဓိ။ သျှ၊ ၃။ ၂၃၂။)

**ယာယ ဘာသာယ** = အကြင်ဘာသာ စကားကို (ဝါ) ဖြင့်။
**အာဒိကပ္ပိကာ** = ကမ္ဘာဦး၌ဖြစ်ကုန်သော။
**နရာ စ** = လူတို့သည်လည်းကောင်း။
**ဗြဟ္မာနော စ** = ဗြဟ္မာတို့သည်လည်းကောင်း။

| | | |
|---|---|---|
| **အသုတာလာပ** | = | သုတစ်ပါးစကားကို မကြားဖူးသော သူငယ်တို့သည်လည်းကောင်း။ |
| **သမ္ဗုဒ္ဓါဓာပိ** | = | ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက တို့သည်လည်းကောင်း။ |
| **ဘာသရေ** | = | ရွတ်ဆိုကြကုန်၏ (ဝါ) ပြောဆို သုံးစွဲကြကုန်၏။ |
| **မာဂဓီ (မာဂဓာ)** | = | မဂဓတိုင်း၌ ဖြစ်သော (ဝါ) မဂဓတိုင်းသူတို့ သုံးစွဲပြောဆိုသော။ |
| **သာဘာသာ** | = | ထိုဘာသာစကားသည်။ |
| **မူလဘာသာ** | = | အမြစ်မူလဘာသာမည်၏။ |

(ဝိသုဒ္ဓိ၊ ဒု၊ ၃။ ၂၃၂။ ပြည်ဆရာတော်အနက်)။

အထက်ပါအဋ္ဌကထာတို့၌ **"မာဂဓဘာသာ နှ ပရိဝတ္တတိ"** အရ -

**ရှင်းလင်းချက်** - တစ်စုံတစ်ခုသောအရပ်၌လည်းကောင်း၊ တစ်ရံတစ်ခါသောကာလ၌လည်းကောင်း၊ တစ်စိတ်တစ်ဒေသဖြစ်သော ဒေသ၌လည်းကောင်း၊ မာဂဓဘာသာ ပျက်စီးငြားသော်လည်း ခပ်သိမ်းသောအရပ်၌လည်းကောင်း၊ ခပ်သိမ်းသောကာလ၌လည်းကောင်း၊ ခပ်သိမ်းသောဒေသ၌လည်းကောင်း အလုံးစုံအားဖြင့် ပျက်စီးသည်မဟုတ်ပေ။ ကမ္ဘာပျက်သော်လည်း အထက်ထက် ဗြဟ္မာ့ပြည်တို့၌ မာဂဓဘာသာ တည်သေးသည်သာလျှင်တည်း။ ထို့ကြောင့် မာဂဓဘာသာကို မူလဘာသာ သဘာဝနိရုတ္တိ - ဟု ဖွင့်ဆိုကြခြင်းဖြစ်သည်။

ပိဋကဝိသောဓနီကျမ်း ဝိနိစ္ဆယအမှတ် (၁) မှ (၁၂၂) အထိ ဝိနိစ္ဆယများကို အကျဉ်းနှစ်သက်သော ပုဂ္ဂိုလ်များအတွက် အကျဉ်းချုပ်ရေးသား၍ **"ဝိနိစ္ဆယကထာ"** ဟု အမည်ပေးထားခြင်းဖြစ်သည်။

အရှင်မဟာကဿပ အစရှိသော ရဟန္တာငါးရာတို့ သင်္ဂါယနာတင်ရာ အရိယာဝေါဟာရဖြစ်သည့် မာဂဓဘာသာဖြင့်သာ သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ထို့အတူ အရှင်မဟာယသ အမှူးရှိသော ရဟန္တာခုနစ်ရာ၊ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာတစ်ထောင် တို့သည်လည်း သင်္ဂါယနာ တင်တော်မူကြရာ အရိယာဝေါဟာရဖြစ်သည့် **မာဂဓဘာသာဖြင့်သာ သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ သက္ကတဘာသာ သက္ကတနှလောမ ဘာသာ စသည်တို့ဖြင့် သင်္ဂါယနာ တင်တော်မမူကြပေ။**

ထို့ကြောင့်၊ နယားဆရာတော်သည် သက္ကတနှလောမဘာသာဖြင့် သင်္ဂါယနာ တင်တော်မူကြမည့်အရေး တွေးတောသိမြင်သဖြင့် သက္ကတနှလောမဘေးမှ ကာကွယ်ရန် **"ပဋိကဝိသောဓနီ"** ကျမ်းကို ရေးသားတော်မူခြင်း ဖြစ်သည်။

ကျမ်းပြု အဘိဓဇမဟာရဋ္ဌဂုရု နယားဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်များ -

(၁) ဘဒ္ဒန္တ သုန္ဒရ
(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)
အ-ဝဂ်၊ ပါဠိပဒ- ပိဋကကျမ်းညွှန်းနှင့် တိပိဋက ပါဠိ- မြန်မာ အဘိဓာန်ကျမ်းပြု။

(၂) ဘဒ္ဒန္တ နန္ဒာစရိယ
(အစိုးရဓမ္မာစရိယ)
အ-ဝဂ်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြု။

(၃) ဘဒ္ဒန္တ နန္ဒိယ
(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)
အ-ဝဂ်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြု။

**မှတ်ချက်** ။ ။ ဝိနိစ္ဆယကထာကျမ်း စာမျက်နှာ (က) မှ (င) အထိ ကောက်နုတ်ဖော်ပြခြင်း ဖြစ်သည်။

## ၄။ သံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်း – နိဒါန်း

အဘိဓဇမဟာရဋ္ဌဂုရု နယားဆရာတော်သည် မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပါဠိတက္ကသိုလ်၌ အုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးချက်အရ – ပါဠိတက္ကသိုလ် ကထိကအဖြစ်ဖြင့် ပြဋ္ဌာန်းချက်ကျမ်းစာ အဋ္ဌကထာကြီးများကို စည်းကမ်းတကျ နယပဒေသပြကာ ပို့ချပေးခဲ့ရပါသည်။ ထိုသို့ ပို့ချရာတွင် အာဘော်သံဝဏ္ဏနာအခန်းသည် အဋ္ဌကထာ, ဋီကာ သင်ယူရာ၌ အလွန်အရေးပါ၍ ခဲကပ်သော သင်ခန်းစာတစ်ရပ်လည်းဖြစ်သည်။ အဋ္ဌကထာ, ဋီကာ ဆရာတို့၏ သံဝဏ္ဏနာကို တိတိကျကျ အာဘော်ဖော်နိုင်မှသာ မြတ်စွာဘုရား၏ ပိဋကတ်တော်လာ ဒေသနာများကို ယထာဘူတ ကျနမှန်ကန်စွာ သိမြင်နိုင်မည် ဖြစ်ပါသည်။

ပိဋကတ်တော်လာ ဒေသနာများကို မှန်စွာသိဖို့ရန်မှာ အလွန့်အလွန် အရေးပါ၍ ခဲကပ်လှစွာသော အာဘော် သံဝဏ္ဏနာ သင်ခန်းစာတွင် အသုံးပြု နေရသော နည်းစနစ်ပြ မူလသံဝဏ္ဏနာ နိယာမ်သည် အကျဉ်းမျှသာ ဖြစ်နေ၍ လုံးဝပြည့်စုံ လုံလောက်မှု မရှိသေးပါ။ သို့ဖြစ်၍ နယားဆရာတော်သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းများ စွာကိုလက်တွေ့ပို့ချပေးရင်း တွေ့ရှိ ခဲ့ရသော သံဝဏ္ဏနာသာဓက များစွာ ကို ဥဒါဟရုဏ် ထုတ်လျက်လိုအပ်သေး သော နိယာမ် များကို ဖြည့်စွက်ရေးသား ထားခဲ့ပါသည်။

ဆရာတော်သည် သာသနာ တော်နှစ် ၂၅၁၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၂–ခုနှစ်၊ ခရစ်နှစ် ၁၉၇၀– ပြည့်နှစ် တွင် ပို့ချစ်နနယ် စာသင်ယော် တို့ အကျိုးငှာ အဋ္ဌကထာ, ဋီကာ သင်ယူ ရာ၌ အလွန်အရေးပါ၍ ခဲကပ်လှစွာ သောသံဝဏ္ဏနာခန်းကို အထူးသင်တန်းဖွင့် လျက် မူလ သံဝဏ္ဏနာနိယာမ်ဟောင်းနှင့် တွဲဖက်၍ ဖြည့်စွက်ချက် သံဝဏ္ဏနာ နိယာမ် သစ်များစွာကို အဋ္ဌကထာ, ဋီကာ လာပုံစံဥဒါဟရုဏ် စုံစုံလင်လင် ဖြင့် နယပဒေသပြကာ ပို့ချပေးခဲ့ပါသည်။

နယပဒေသပြ သင်တန်းပို့ချရာ၌ မူလသံဝဏ္ဏနာနိယာမ်ဟောင်းအပြင်၊ ဖြည့်စွက်ချက် သံဝဏ္ဏနာနိယာမ်သစ် အပုဒ်ပေါင်းခြောက်ဆယ်ကျော်ကို တိကျသော အဋ္ဌကထာ, ဋီကာ, သံဝဏ္ဏနာ သာဓကဖြင့် နည်းပြပို့ချပေးခဲ့၍၊ အဋ္ဌ ကထာ, ဋီကာ ကျမ်းဂန်မှာ သံဝဏ္ဏနာနှင့်စပ်၍ သိစရာမှန်သမျှ မကျန်ရအောင် ပြည့်ဝစုံလင်ပြီဟု မှတ်ထင်မိပါသည်။

ယခုအခါ၊ ယနေ့အခြေအနေမျိုးမှာ ပါဠိတော်, အဋ္ဌကထာ, ဋီကာ ထေရဝါဒကျမ်းစာများကို လေ့လာ သင်ယူနေကြရသော စာသင်ပျို့န အခြေပြုတို့အတွက် မှန်ကန်တိကျ ပြည့်ဝစုံလင်သော အာဘော်သံဝဏ္ဏနာ သင်ခန်းစာသည် အလွန်လိုအပ်လျက်ရှိသော ဖြည့်စွက်ပေးရန် အချက်ကြီးပင်ဖြစ်သည်။ သို့ဖြစ်၍၊ နယားဆရာတော်သည် မိမိသင်တန်းပို့ချပေးခဲ့သော သံဝဏ္ဏနာနိယာမ်အဖြေများကို ထပ်မံဖြည့်စွက် ပြင်ဆင်တည်းဖြတ်လျက် ကျမ်းစာ တစ်စောင်အဖြစ်ဖြင့် ပညာပါရမီကုသိုလ် ဖြည့်ကျင့်လို၍ ဓမ္မဒါနပြုလုပ်ရန် အလွန်ပင် စိတ်သန်နေခဲ့ပါသည်။


မန္တလေးမြို့ တောင်မြို့
ဒက္ခိဏာရာမဘုရားကြီးတိုက်
ပဓာနနာယက
ပါဠိတက္ကသိုလ်သာသနဟိတဓမ္မာစရိယ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
နယားဆရာတော်
ဘဒ္ဒန္တမေဓိယာဘိဝံသ
စီရင်ပို့ချအပ်သော
သံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်း
နယားဆရာတော်
နှင့်
တပည့်, ဒါယကာ, ဒါယိကာမများ
ဓမ္မဒါန
ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။
သာသနာနှစ် ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄

ထို့ကြောင့်၊ နယားဆရာတော်က ထက်သန်လှသော မိမိ၏ အလိုဆန္ဒကို အကောင်အထည်ဖော်ဆောင်လျက် ပါရမီဖြည့်ဖက် တပည့်, ဒကာ, ဒကာမ တို့နှင့် အတူတကွ ဓမ္မဒါနပြုကာ ဤသံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်းကို ပုံနှိပ်ထုတ်ဝေ လိုက်ရခြင်း ဖြစ်ပါပေသတည်း။

**မှတ်ချက်** ။ ။ နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ စီရင်ပို့ချအပ်သော သံဝဏ္ဏနာနိယာမ် အဖြေသစ်ကျမ်း၊ သာသနာတော်နှစ် ၂၅၃၈– ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၅၆– ခုနှစ်၊ ခရစ်နှစ် ၁၉၉၄–ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ အုပ်ရေ (၂၅၀၀) ရိုက်နှိပ်သည်။ စာမျက်နှာ (ဂ) နှင့် (ဃ) မှ ကောက်နုတ် ဖော်ပြထားခြင်းဖြစ်သည်။

ဦးစိုးတင် (သ.စ.အ ဓမ္မာစရိယ)
သာသနာရေး

## နှ လုံး သည်း ပွတ် ထဲ မှ ကျေး ဇူး တင် လွှာ က မ္ပည်း စာ

ဤ **"နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ–မြတ်ကျမ်းစာ"** သာသနာဝင် သမိုင်းမှတ်တမ်း စာအုပ်ကို စ–လယ်–ဆုံး စနစ်တကျ စိတ်ပါဝင်စားစွာ သုတ်သင်တည်းဖြတ်ပေးသော – ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, B.A (ဒုတိယပါမောက္ခချုပ်–သင်ကြား၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့၊ အောက်မြန်မာပြည်)၊ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သကျသီဟ ဝင္ဂသကာ၊ သိရိပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ၊ ဦးစီးပဓာန နာယက ဆရာတော် ဗန်းမော်ကျောင်းတိုက် မန္တလေးမြို့အား ဦးစွာပထမ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

နယားဆရာတော်ကြီး၏ အကြောင်းအရာများနှင့် ပတ်သက်၍ ရေးသားချီးမြှင့်ပေးခဲ့ကြသော –

(၁) အဘိဓမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့၊ အောက်မြန်မာပြည်၏ ဩဝါဒါစရိယ)။

(၂) အဘိဓမဟာရဋ္ဌဂုရု၊ သဒ္ဓနောဒယဆရာတော်ကြီး ဘဒ္ဒန္တ သဒ္ဓနာဘိဝံသ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း။

(၃) အဂ္ဂမဟာပဏ္ဍိတ၊ ပေါက်မြိုင်ဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ (အလယ်တိုက်ကျောင်း၊ ပေါက်မြိုင်ကျောင်းတိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်)။

(၄) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု သကျသီဟနှင့် အစိုးရဓမ္မာစရိယ ပါဠိပါရဂူ ၊ မဟာနာယက မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ပညာသိရိဘိဝံသ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

(၅) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးတိုင်း – ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် ဆရာတော်ကြီး ဘဒ္ဒန္တ ကေသဝ (ဓမ္မာစရိယ၊ B.A)၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

(၆) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု၊ တိပိဋကရေ ဩဝါဒါစရိယ၊ ပညာရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ)၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

(၇) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏဝတီကျောင်းဆရာတော် ဘဒ္ဒန္တ ကုသလစာရာဘိဝံသ (သာသနာ့ဓဇ ဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ၊ ဂဏဝါစကစာချ)၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

(၈) အုတ်ကန်တောရဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ၊ အုတ်ကန်တောရစာသင်တိုက်၊ မြဝတီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

(၉) မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏဝါစက၊ တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းပြု ဖမ္မူအေး ဆရာတော် ဘဒ္ဒန္တ နန္ဒိယ (ဓမ္မာစရိယ) ဖမ္မူအေး ပရိယတ္တိစာသင်ကျောင်း၊ အဘယာရာမ မိုးထိတိုက်၊ မန္တလေးတောင်ခြေ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

(၁၀) လုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ ဝင္ဂသကာ၊ ပါဠိ–ပါရဂူ၊ သ.စ.အ ဓမ္မာစရိယ) ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(၁၁) ရန်ကင်းတောင်ဆရာတော် ဘဒ္ဒန္တဇောတိက (ဓမ္မာစရိယ၊ M.A)၊ ရန်ကင်းတောင်ကျောင်း၊ မန္တလေးမြို့။

(၁၂) တကောင်းဆရာတော် ဘဒ္ဒန္တပဝရ၊ ပဇ္ဇောတာရာမတကောင်းကျောင်းတိုက်၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

(၁၃) ဘဒ္ဒန္တ အဂ္ဂည (ဒက္ခိဏာရာမိက ဂဏဝါစက)၊ ဂုဏဝတီကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေးမြို့။

ကျေးဇူးရှင် နယားဆရာတော်ကြီး၏ မှတ်တမ်းဓာတ်ပုံများ၊ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခဲ့ကြသော ဝိုင်းဝန်းကူညီ စောင့်ရှောက်ပံ့ပိုးပေးခဲ့ကြသည့် ဆရာတော်အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်များ အားလုံးတို့၏ ပိုသသော မေတ္တာတော်တို့ကို ပြည့်ဝစွာခံယူလျက် ဂုဏ်ကျေးဇူးတော်အပေါင်းတို့ကို ရှိသေလေးမြတ်စွာ လက်ဆယ်ဖြာဦးထိပ်မှာတင်ကာ ရှိခိုးကန်တော့ပါ၏၊ အလွန်ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။

ကျေးဇူးရှင် အဖိုး- ဦးဖိုးသာ နှင့် အဖွား- ဒေါ်ငွေအောင်၊ မ, တည်ငွေ ကျပ် (၂)သိန်း ထည့်ဝင်သော မိဘများဖြစ်ကြသည့် ဦးထွန်းအောင် (မျက်ခမ်းစပ်ရောဂါကုလက်ထောက်) + ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်မွေး (ငြိမ်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်) နှင့် တကွ သင်ဆရာ, မြင်ဆရာ, ကြားဆရာ, အာရုံပေးဆရာ, အစဉ်စောင့်ရှောက်လျက်ရှိနေကြသော ဆရာသမားအပေါင်းတို့အား လည်းကောင်း ဦးထိပ်မှာပန်ဆင်လျက်၊ စာအုပ် အောင်မြင်စွာ ထွက်ပေါ်လာစေရေးအတွက် စေတနာ, သဒ္ဓါ, မေတ္တာ တို့ဖြင့် ဝိုင်းဝန်းကူညီ ခွင့်ပြုပေးခဲ့ကြသော စာရေးသူ၏အစ်ကို ဦးအောင်ကြီး (B.Ag)၊ ညီ- ဦးမြင့်အောင် (B.E, Mech M.O.T 1st Class Part (A) 2nd Engineer, R.C.L-Singapore)၊ (လှိုင်သာယာမြို့နယ် – ကစင် သာသနာ၊ ပုသိမ်မြို့နယ် – ကမ်းနီ သာသနာ၊ ညောင်တုန်းမြို့နယ် – ဥတို သာသနာ၊ ငပုတောမြို့နယ် – မြတ်မော်တင်စွန်း ဆံတော်ရှင် သာသနာ၊ ပဲခူးတိုင်း, ဘုရားကြီးကျေးရွာအနီး – ဘောနတ်ကြီးသာသနာ စသည့် သာသနာ့နယ်မြေများ အကျိုးဆောင်ဖော်ထုတ်ခဲ့သူ)၊ ညီမများဖြစ်ကြသော – ဦးဝင်းမြင့်နိုင် (B.A (Hons) M.A (Thesis) English, Little Paris English Classes)၊ + ဒေါ်အောင်မြင့်နွယ် (B.Sc Chem;) နှင့် ဒေါ်တင်စန်းအောင် (B.Sc Bot;) တို့အား လည်းကောင်း၊

စာအုပ်ရေးသားဖြစ်အောင် စီစဉ်ပူဇော် ထုတ်ဝေဖြစ်အောင် နှိုးဆော်တိုက်တွန်းခြင်းနှင့် မ, တည်ငွေ ကျပ်သုံးသိန်း ထည့်ဝင်၍ လိုအပ်ရာရာကို ကူညီပေးခဲ့သော မန္တလေးမြို့၊ မျက်ပါးရပ်နေ – ဦးသူတော် + ဒေါ်ခင်စိန် သား–ကိုသက်နိုင် (ခ) ကိုပေါက် + မမီမီဝင်း (ရွှေစင်အကယ်ဒမီရွှေဆိုင်း နှင့် ရွှေသန့်စင် မိသားစု) တို့အားလည်းကောင်း၊ လက်ရေးစာမူကြမ်းကို စနစ်တကျ သေသပ်လှပစွာ ကွန်ပျူတာစာစီပေးသော – ကိုရန်လင်းနိုင်(FMI Co., Ltd.) အားလည်းကောင်း၊ စာအုပ်ကို ဓမ္မဒါန, ဓမ္မပူဇာ, ဓမ္မရတနာ အဖြစ် မ, တည်ငွေ ထည့်ဝင်၍၊ လှူဒါန်းဖြန့်ဝေပေးကြသော ပုဂ္ဂိုလ်များနှင့်တကွ စိတ်ဝင်တစား လေ့လာဖတ်ရှု အားပေးကြကုန်သော သူတော်စင် ဓမ္မမိတ်ဆွေ စာဖတ်ပရိသတ်အပေါင်းတို့အားလည်းကောင်း၊

အခြားကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း နှလုံးသည်းပွတ်ထဲမှ လေးလေးနက်နက် ဖွင့်ဟဖြွက်ဆို ရေးသားတင်ပြ ကမ္ပည်းမှတ်တမ်း တင်အပ်ပါသည်။

စာရေးသူသည် စိတ်ကောင်း, စေတနာကောင်းဖြင့်– **"သုံးပုံပိဋကတ်၊ ပုဒ် ပါဠိ အက္ခရာ၊ သဒ္ဒါ အတ္ထ၊ ဝါကျသွားလာ၊ ပုဗ္ဗာပရ၊ ဒေါသမရှိ၊ ကင်းလွတ်ဘိအောင်။ နိုင်းညှိသေချာ၊ စီစစ်ပါ၍"** ၊ ကျမ်းဂန်များအရ ရေးသား ချက်များ နှစ်သက်ပြီးက မှတ်သားကြလျက်၊ မနှစ်သက်မှု၊ မယူစွန့်ကာ၊ မေတ္တာ, ကရုဏာ နှစ်ဖြာရှေ့ထား အမှားပါလျှင် သမ္မာဉာဏ်သက်ဝင်၍ ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် နှင့်

ဤ နယားဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာတွင် ချို့ယွင်း အားနည်းချက်တစ်စုံတစ်ရာကို တွေ့ရှိရပါက ဆရာတော်ဘုရားကြီးနှင့် လုံးဝမသက်ဆိုင်ဘဲ၊ စုဆောင်းစုစည်း စီစဉ်ပူဇော်သူ၏ တာဝန်သာလုံးဝဖြစ်ပါကြောင်း၊ မေတ္တာ, စေတနာ, သဒ္ဓါ ဖြင့် လမ်းညွှန်ပြသနိုင်ပါစေကြောင်း အနူးအညွတ် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။



အမရပူရဆရာတော် အရှင်ဥက္ကံသာဘိဝံသ
နှင့်
နယားဆရာတော် အရှင်မေဓိယာဘိဝံသ



ဆရာတော်ကြီးနှစ်ပါးတို့၏ဖခင်ကြီး
အသက်(၇၃)နှစ်တွင် ကွယ်လွန်သည့် ဦးစံခိုင်



ဆရာတော်ကြီးနှစ်ပါးတို့၏မိခင်ကြီး
အသက်(၇၄)နှစ်တွင်ကွယ်လွန်သည့်ဒေါ်အိမ်မင်း

## မှီ ငြမ်း ကိုး ကား သော စာ အုပ် စာ တမ်း များ



၁။ မန္တလေးသာသနာဝင် (ဒုတိယတွဲ)

* အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက B.A Hons.ဝိဇ္ဇာဂုဏ်ထူး (သိရီလင်္ကာ) ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်၊ နေလင်း ပိဋကတ်ပုံနှိပ်တိုက်၊ အမှတ်-၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၈၂- ခုနှစ၊ ပထမအကြိမ်၊ အုပ်ရေ- ၃၀၀၀။

၂။ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်း နှစ်တစ်ရာပြည့် အမှတ်တရစာစောင်
ကောဇာသက္ကရာဇ် (၁၂၆၀- ၁၃၆၀) ပြည့်နှစ်

၃။ ပိဋက ဝိသောဓနီကျမ်း

* ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ကျမ်းပြု ဥက္ကဋ္ဌ) ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်၊ သုခဝတီပုံနှိပ်တိုက်၊ မန္တလေးမြို့။
ခရစ်နှစ် ၁၉၉၉- ခုနှစ်၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ- ၁၀၀၀။

၄။ ဗဟုသုတပကာသနီ

* ဘဒ္ဒန္တ မေဓိယာဘိဝံသ (နယားဆရာတော်) ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၂၀၀၂- ခုနှစ်၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ- ၅၀၀။

၅။ သံဝဏ္ဏနာ နိယာမ်အဖြေသစ်ကျမ်း

* ဘဒ္ဒန္တ မေဓိယာဘိဝံသ(နယားဆရာတော်) ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၄- ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ- ၂၅၀၀။

၆။ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာဝင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

* အရှင်ဇနိတာ ဘိဝံသ လှခင်အင်ဆန်း စာပုံနှိပ်တိုက်၊ ဓာတ်နန်းရပ်၊ မန္တလေးမြို့။
သာသနာတော်နှစ် ၂၅၉၁- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၀၉- ခုနှစ်၊ တပေါင်းလ။

၇။ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် အ-ဝဂ်၊ အတွဲ၁၇ (ယ-ရောဟိသ)(အဘိဓာန်ဝင်ပုဒ်ပေါင်း ၆၃၈၅ ပါဝင်သည်။) ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၄- ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ- ၂၀၀၀။

၈။ သံမုဋ္ဌ ဋ္ဌဒနီကထာ - ညောင်ရမ်းအမှားတော်ပုံ ဝေပန်ချက်စာတမ်း

* ဘဒ္ဒန္တ ဥက္ကံသာ ဘိဝံသ ဓမ္မာစရိယ ဆရာတော်ကလေး (ပုခန်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်) ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်၊ မန္တလေးမြို့။
သာသနာတော်နှစ် ၂၄၉၄- ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၁၂- ခုနှစ်၊ ကဆုန်လ။

၉ ။ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း
မြန်မာစာအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဥက္ကာကျော်ပုံနှိပ်တိုက်၊ အမှတ်-၅၆/က၊ အင်းလျားလမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၉-ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀။

၁၀။ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သပန်းပင် ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင် သာသနာ့ရိပ်သာ ကျောင်းတိုက်၊ ဦးစီးပဓာနမဟာနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ကျေးဇူးတော်ရှင် သက်တော်ရှည် ပထမဆီးဖြူပင် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ သူရိယမဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း

* ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ)၊
နီလာအောဖ့်ဆက်၊ ၈၀× ၈၁ လမ်းကြား၊ ၂၆× ၂၇ လမ်းကြား၊ မန္တလေးမြို့။
ခရစ်နှစ် ၂၀၀၆–ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ–၁၀၀၀။

၁၁။ နှစ်တစ်ရာ ပြက္ခဒိန်

* ဦးမင်းနိုင်
စိန်သန်းအောင်ပုံနှိပ်တိုက်၊ အမှတ်–၁၆၊ မြောင်းကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၂၀၀၂–ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ–၁၀၀၀။

၁၂။ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ၊ အမှတ်စဉ် (၃)

* တည်တောဆရာတော်၊ ထီးချိုင့်မြို့၊ (နိုင်ငံတော်ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ)
ရဲတံခွန်အောဖ့်ဆက်၊ အမှတ်–၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၃–ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ– ၃၅၀၀။

၁၃။ စတုရာရက္ခဘာဝနာ

* အရှင်နာရဒါဘိဝံသ (လှရတနာ) ပဋ္ဌမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ ဝင်္ဂသကာ၊ ပါဠိပါရဂူ၊ သ.စ.အ မွှာစရိယ။ သိန်းသန်းဦး ပုံနှိပ်တိုက်၊ ၃၄–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ခရစ်နှစ် ၂၀၀၂–ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ– ၅၀၀။

၁၄။ အများသုံး မြန်မာ – အင်္ဂလိပ် – ပါဠိ အဘိဓာန်
The Universal Burmese - English - Pali (First Edition)

* ဦးဟုတ်စိန်၊ ဘီအေ (ဂုဏ်ထူး)၊ ဘီအယ်လ်၊ ပဒတ္ထမဉ္ဇူသာ ပါဠိ–မြန်မာ အဘိဓာန်ပြု ဒေးလီဂေဇက် စာပုံနှိပ်တိုက်၊ အမှတ်–၁၈၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၈၁–ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ– ၃၀၀၀။

၁၅။ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း

* ဘဒ္ဒန္တ မေဓိယာဘိဝံသ (နယားဆရာတော်) သုခဝတီပုံနှိပ်တိုက်၊ ၈၄–လမ်း၊ မန္တလေးမြို့၊
ခရစ်နှစ် ၁၉၉၇– ခုနှစ်။

၁၆။ မုံရွာမြို့၊ အုတ်ကန်တောရ စာသင်တိုက် ကျေးဇူးတော်ရှင် ပဓာန နာယက ဆရာတော်ဘုရားကြီး (ဦးနန္ဒာဘာသ) ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

* ဘဒ္ဒန္တ ဇောတိက (မွှာစရိယ – M.A )၊ ရန်ကင်းတောင်ဆရာတော်၊ မန္တလေးမြို့။
မြန်မာ – အင်္ဂလိပ် ကွန်ပျူတာစာမူမှတ်တမ်း (၂၀၀၇– ခုနှစ်)။

၁၇။ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ပါဝင်ဆောင်ရွက်တော်မူကြသော သင်္ဂီတိကာရက ဆရာတော်များစာရင်း (ကောဇာသက္ကရာဇ် ၁၃၁၆–၁၃၁၈ ခုနှစ်၊ သာသနာသက္ကရာဇ် ၂၄၉၈–၂၅၀၀ ပြည့်နှစ်)

* နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်၊ ရေကျော်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

၁၈။ ဗန်းမော်ဆရာတော်နှင့် ပုစန်းဆရာတော် အရှင်သူမြတ်တို့ ပြေကြားဆုံးဖြတ်အပ်သော ဝိနိစ္ဆယကထာ (၁) နာနာပစ္စတ္တာကရဏီ (၂) သီမဘောဒဝိဘာဝနီ (၃) ဝိဝါဒဆေဒနီ
* သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၉၁-ခုနှစ်၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ- ၁၀၀၀။

၁၉။ ရွှေဘုန်းရှိန်ဆရာတော် ဦးကြယ်၏ သုံးဘဝ အတ္ထုပ္ပတ္တိ သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဝိနယဓရ (ဓမ္မိကာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့)
* ဆရာတော်ကိုယ်တိုင် ရေးသားတော်မူသည်။
ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ခရစ်နှစ် ၁၉၇၃-ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀။

၂၀။ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက ဆက်ကပ် လျှုဒါန်းခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ . . . နှင့် စာချ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်သည့် အခမ်းအနားအစီအစဉ်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မြတ်တို့၏ ထေရုပ္ပတ္တိများ

## ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ

၁ ။ စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ (တတိယအကြိမ်)။
၂ ။ သာမညတောင်ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ ပြုစုသော **"သက်လွတ်မေတ္တာ အဆိုအမိန့်များ"** (တတိယအကြိမ်)။
၃ ။ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒ၏ **"ဥပုသ် သီလတရားတော်များ"** (ဒုတိယအကြိမ်)။
၄ ။ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ စုဆောင်းရာဖွေတင်ပြသော **"စတုရာရက္ခရှုပွားနည်းကျမ်း"**။
၅ ။ မဟာပရိတ္တာရုံ စလေကျောင်းတိုက်၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကောသလ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း။
၆ ။ **"အမြင်မှန် သစ္စာဉာဏ် အမြန်ရောက်ဖို့၊ အခုလက်တွေ့ စကြစို့"** (ပဉ္စမအကြိမ်)။
၇ ။ ဂဠုန်တောင်၊ ကုလုံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက **"ဘဒ္ဒန္တ တေဇနိယ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း"**။
၈ ။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ **"ဘဒ္ဒန္တ ပညာသိရီဘိဝံသ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း"**။
၉ ။ **ကုလုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ**။
၁၀။ **သက်တော်ရှည် ကုလုံဆရာတော်**။
၁၁။ **ကမ်းနီဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေ ပြန်လည်ဖော်ထုတ်အောင်မြင်ခြင်း မှတ်တမ်း**။
၁၂။ ရန်ကုန်တိုင်း၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ ကစင်ကျောင်းတိုက် ဦးစီးပဓာနနာယက တတိယ ကစင်ဆရာတော် ကြီး **"ဘဒ္ဒန္တ သုမန မဟာထေရ်၏ ထေရုပ္ပတ္တိ၊ သြဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း"**။

၁၃။ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စု၊ ဆီးဖြူပင်ကျေးရွာ၊ ဆီးဖြူပင်သာသနာ့ ရိပ်သာကျောင်းတိုက်၊ ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပထမဆီးဖြူပင် ဆရာတော်ကြီး **"ဘဒ္ဒန္တ သုရိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း"**။

၁၄။ **မဟာမုနိ ဣန္ဒာသယ ဆုတောင်းပြည့် ပန်းပေါင်းဘုရား**။

၁၅။ **ဣန္ဒိတံ မဟာလာဘံမုနိ ရုပ်ရှင်တော်မြတ်**။

၁၆။ **တုန်ုင်းမဲ့ ဗုဒ္ဓခြေတော်ရာ**။

၁၇။ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဦးသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၏ မဟာနာယက၊ နယားကျောင်းတိုက် ဦးစီးပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ **"နယားဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ်မြတ်၏ "တစ်ဘဝသာသနာ မြတ်ကျမ်းစာ"**။

၁၈။ မေတ္တာနှောင်ကြိုးသွယ် (ရေးသူ- မြတ်သက်ထား (ခ) ကြီးကြီးသက်၊ မန္တလေးမြို့)။

* ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စီစဉ်ပူဇော်သည်။

## ဆက် လက် ထုတ် ဝေ မည့် စာ အုပ် များ

၁၉။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မဟာသိရိ မင်္ဂလာ အုတ်ဖိုကျောင်းတိုက် ဦးစီးပဓာနနာယက အထုပ်တစ်ရာ ဆရာတော်ကြီး **"ဘဒ္ဒန္တ ဝါသဝ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒ ကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း"**။

**မှတ်ချက်** ။ ။ ဆရာမကြီး ဒေါ်ငွေးငွေး(ခ)ဒေါ်တင်မြငွေ (တွဲဖက် ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ အခန်းအမှတ် ၂၀၅၊ စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး၊ သရဖီဆောင်၊ အဆောင်မှူး၊ ရန်ကုန်မြို့။) က စုစည်းတင်ပြ ထုတ်ဝေ လှူဒါန်းသည်။

* ဦးအောင်မြင့်ထွန်း(စိုက်ပျိုးရေးပညာ)က စုဆောင်း စီစဉ်ပူဇော်သည်။

၂၀။ **စဉ်လာဆင်နွှဲ ကဆုန်ညောင်ရေသွန်းပွဲ**

* ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စုစည်းတင်ပြရေးသား စီစဉ်ပူဇော်သည်။

၂၁။ **ကျော်ကြားထင်ရှား နီးဘုရားများနှင့် ဧရာဝတီတိုင်းအတွင်း ဖော်ထုတ်ခဲ့သော သာသနာ့နယ်မြေများ**

* ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စုစည်းတင်ပြရေးသား စီစဉ်ပူဇော်သည်။

## ထုတ် ဝေ ပြီး ခ မ္ဘ တေး သီ ချင်း ကက် ဆက် ခွေ နှင့် ဗွီ ဒီ ယို တိတ် ခွေ

၁။ **စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ၊ ဓမ္မပူဇာတေးစီးရီး၊**

* ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) တာဝန်ခံ စီစဉ်ပူဇော်သည်။

၂။ **လောကချမ်းသာ အဘယလာဘမုနိ ဓမ္မပူဇာတေးစီးရီး၊**

(လက်တန်း သီကုံးပူဇော်သူ ဒေါ်ဇာနည်အောင်)။

* ဦးမြင့်အောင် (B.E , Mech.)တာဝန်ခံ စီစဉ်ပူဇော်သည်။

## နယားဆရာတော်ကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ်၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ မ, တည် အလှူရှင်များ စာရင်း

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | အလှူငွေ(ကျပ်) |
|---|---|---|
| ၁။ | ကျေးဇူးရှင် သက်တော်ရှည် ပထမဆီးဖြူပင်ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုရိယမဟာထေရ်မြတ် (ရာသက်ပန်ဘေးမဲ့သားလွှတ်) ၏ သက်တော် ၉၉-နှစ် ဝိဓာတမွေးနေ့အလှူတော်၊ တောင်ငူမြို့။ | ၁၀၀,၀၀၀ |
| ၂။ | ကျေးဇူးရှင် သက်တော်ရှည် နယားဆရာတော်ဘုရားကြီး၏ သာစုကိဋ္ဌာန အန္တိမရှာပန ပူဇော်သဘင်ပွဲမှ မ, တည် ထည့်ဝင်လှူဒါန်းငွေ။ | ၅၀၀,၀၀၀ |
| ၃။ | လှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊အဋ္ဌကထာပြန်အကျော်၊ ဝဋံသကာ၊ ပါဠိပါရဂူ၊ သ.စ.အ ဓမ္မာစရိယ)လှုရတနာကျောင်း၊ ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၅၄၉၈၈၄၊ ၀၉ ၅၀၄ ၄၉၃၀။ | ၁၀၀,၀၀၀ |
| ၄။ | ဦးလှမောင် + ဒေါ်ခင်နှင်းဝေ သာသနာ့ထောက်ပံ့ သားသမီး မြေးမြစ် တစ်စု၊ ရန်ကုန်မြို့။ | ၁,၀၀၀,၀၀၀ |
| ၅။ | အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ – ဦးသူတော် + ဒေါ်ခင်စိန် သား– ကိုသက်နိုင် (ခ) ကိုပေါက် + မမီမီဝင်း ရွှေစင်အကယ်ဒမီ ရွှေသန့်စင် မိသားစု၊ မန္တလေးမြို့။ | ၃၀၀,၀၀၀ |
| ၆။ | ဦးထွန်းအောင် (မျက်ခမ်းစပ်ရောဂါကုလက်ထောက်) + ဒေါ်တင်တင်အေး (ခ)ဒေါ်စန်းစန်းမြင့်ရွှေ (ငြိမ်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်)၊ သား – မောင်အောင်ကြီး (B.Ag)၊ မောင်အောင်မြင့်ထွန်း၊ (တာဝန်ခံစုစည်းတင်ပြသူ)၊ မောင်မြင့်အောင် (ဘေးမဲ့သားလွှတ် သာသနာ့နယ်မြေများ အကျိုးဆောင်ဖော်ထုတ်သူ)၊ သမီး– ကိုဝင်းမြင့်နိုင် (Little Paris English Classes) + မအောင်မြင့်နွယ် (B.Sc Chem:)၊ မတင်စန်းအောင် (B.Sc Bot:)၊ အမှတ်–၁၀၀၊ အခန်း–၉၊ ပ-ထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့၊ဖုန်း ၀၉ ၈၅၅ ၀၈၁၉။ | ၂၀၀,၀၀၀ |
| ၇။ | အဂ္ဂမဟာသီဟ သုဓမ္မ မဏိဇောတဓရ, သိရီသုဓမ္မ မဏိဇောတဓရ – ဦးသန်းနိုင် + အဂ္ဂမဟာ သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ သမ္မတသက်န်းတိုက် နှင့် နိဗ္ဗာန်ကုန်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁– ၅၄၅၃၉၅။ | ၅၀,၀၀၀ |
| ၈။ | ဦးလှသိမ်းမောင် + ဒေါ်နန်းတင်အေး (ခ) မရှမ်းမ သား– စိုင်းစည်သူထွန်း + မနိုင်မာဦး၊ စိုင်းငြိမ်းအောင်၊ စိုင်းကောင်းမွန် သာသနာ့ထောက်ပံ့မိသားစု၊ ဖုန်း ၀၉ ၅၂၄ ၀၁၃၃။ | ၅၀,၀၀၀ |
| ၉။ | ဦးဝင်းမြင့်(ကျောက်မျက်) + ဒေါ်ခင်ဝင်း(ဥပဒေဘွဲ့) တရားရုံးချုပ်ရှေ့နေ၊ ရွှေဝမှုကြိုမိသားစု၊ အမှတ်–၆၇၊ ပါရမီလမ်း၊ ၆၃× ၃၄–လမ်း၊ ၃၃× ၃၄–လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉ ၂၀၀ ၃၂၃၈။ | ၅၀,၀၀၀ |
| ၁၀။ | အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ ဒေါ်ထားသူနှင့် မိသားစု ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၁၂ ၉၃၆၀။ | ၅၀,၀၀၀ |
| ၁၁။ | ဦးသောင်းမြင့် + ဒေါ်မြင့်ကြည်တို့အား အမှူးထား၍ ကိုသိန်းထွန်းဇော် (အတွင်းရေးမှူး၊ ဆရာကန်တော့ပွဲကော်မတီ၊ အမှတ်–၁၆၊ အထက၊ ကျောင်းသားဟောင်းများ)မန္တလေးမြို့။ | ၅၀,၀၀၀ |
| ၁၂။ | ကျော်သီဟန် (ခ) မောင်ဘဏ်ထော ၁၂/၂၈၊၄–လမ်း၊ ရွှေရိုးရပ်၊ ပျဉ်းမနား၊ နေပြည်တော်၊ ဖုန်း– ၀၆၇ ၂၁၁၅၈၊ ၀၆၇ ၂၂၃၈၈။ | ၃၀,၀၀၀ |

| | | |
|---|---|---|
| ၁၃။ | ဦးမောင်မောင်စီ + ဒေါ်စန်းစန်းဦး ခိန်ဖြိုးပဲမှုန့်မိသားစု မန္တလေးမြို့။ ဖုန်း- ၀၉ ၂၀၀ ၃၇၃၉။ | ၃၀,၀၀၀ |
| ၁၄။ | ဦးအောင်မင်း (ဒုတိယ အင်ဂျင်နီယာချုပ်၊ စက်မှု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) + ဒေါ်ခင်သန်းမြင့် မိသားစု၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ ၅၆၄၀၅၇၊ ၀၉ ၅၁၅ ၉၆၆၀။ | ၃၀,၀၀၀ |
| ၁၅။ | ဦးဝင်းမာ (ယန္တရား-တောင်) + ဒေါ်ခင်ညိုဆွေ သား- မောင်ဇင်မင်းထက်၊ မောင်ဖြိုးပိုင်စိုး၊ မိသားစု၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၅၁၅ ၇၄၀၂။ | ၂၅,၀၀၀ |
| ၁၆။ | ဦးတိုးရီ + ဒေါ်နုနု (နိဗ္ဗာန်ကုန်)၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၂၀၃၅၈။ | ၂၀,၀၀၀ |
| ၁၇။ | ဦးသန်းဦး+ဒေါ်ငွေငွေနိုင်၊ သမီး မဇင်ဇင်ဦး မိသားစု၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၆ ၈၉၁၁။ | ၂၀,၀၀၀ |
| ၁၈။ | ဦးဝင်းမောင် (ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့ခိုက်ပျိုးရေးလုပ်ငန်း) ဒေါ်အုံးမြိုင် (ကထိက) မိသားစု ကျိုက်ဝိုင်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၆၅၁၅၆၂။ | ၁၅,၀၀၀ |
| ၁၉။ | ဦးအောင်စိုးလင်း (S.S.A.E လမ်းအထူးအဖွဲ့-၄) +ဒေါ်နှင်းနှင်းလွင် မိသားစု၊ ရန်ကုန်မြို့၊ | ၁၀,၀၀၀ |
| ၂၀။ | ဒေါ်ကြည်ဝင်းမေ(ခ) ဒေါ်ညိုညို သား မောင်မြင့်ဆွေ၊ မန္တလေးမြို့။ | ၁၀,၀၀၀ |
| ၂၁။ | ဦးကျော်ဝင်း + ဒေါ်ဆယ် - ရတနာဝင်း သာသနာပြုမိသားစု၊ မန္တလေးမြို့။ | ၁၀,၀၀၀ |
| ၂၂။ | ဆရာကြီးဦးမောင်မောင်အောင် + ဆရာမကြီးဒေါ်စောကြင်အုံး (FMI City) ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၂၃။ | ဦးအေးချို + ဒေါ်မြင့်မြင့် မိသားစု၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၉၀ ၃၂၃၅၆။ | ၁၀,၀၀၀ |
| ၂၄။ | ဦးမြင့်သူ + ဒေါ်ဝင့်သန္တာဦး သမီး- မယဉ်မေထူး၊ သား- မောင်ထက်ခန့်ဇင် ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၂၅။ | ဦးမြအောင် + ဒေါ်ဒေါင်းဒေါင်း ပစ်တိုင်းထောင်ကျူရှင် မန္တလေးမြို့။ | ၅,၀၀၀ |
| ၂၆။ | ဦးစိန်ဝင်း + ဒေါ်တင်နွယ်ဦး (ဗိုလ်စိန်မှုန် မုန့်ဟင်းခါး)၊ ၃၆× ၈၄ လမ်း၊ မန္တလေးမြို့။ | ၅,၀၀၀ |
| ၂၇။ | ဦးထွန်းခင် + ဒေါ်လှလှအေး မိသားစု ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၉၉ ၇၀၄၇၈။ | ၅,၀၀၀ |
| ၂၈။ | ဦးသာအောင် သား-ဆရာဉာဏ် (ဉာဏ်သစ်စီ၀)၊ မန္တလေးမြို့။ | ၅,၀၀၀ |
| ၂၉။ | ဆရာမ ဒေါ်မြတ်သူဇာ (ငြိမ်း) အ.ထ.က (၁၆) ၊ မန္တလေးမြို့။ | ၅,၀၀၀ |
| ၃၀။ | မန္တလေးမြို့၊ အ.ထ.က (၁၆)ကျောင်းသား, ကျောင်းသူဟောင်းများ။ | ၅,၀၀၀ |
| ၃၁။ | မန္တလေးမြို့၊ အ.လ.က (၄) ကျောင်းသား, ကျောင်းသူဟောင်းများ။ | ၅,၀၀၀ |
| ၃၂။ | တောင်ငူမြို့၊ အ.ထ.က (၁)ကျောင်းသား, ကျောင်းသူဟောင်းများ။ | ၅,၀၀၀ |
| ၃၃။ | တောင်ငူမြို့၊ အ.ထ.က (၆)ကျောင်းသား, ကျောင်းသူဟောင်းများ။ | ၅,၀၀၀ |
| ၃၄။ | ဒေါ်လှမြိုင် တူမ- ဆရာမ ဒေါ်လှလှ အ.ထ.က (၁၆) မန္တလေးမြို့။ | ၅,၀၀၀ |
| ၃၅။ | ဦးခင်မောင်ဖုန်း + ဒေါ်သီတာ (မင်္ဂလာစတိုး)၊ မင်္ဂလာဈေးအရှေ့ပေါက်၊ မန္တလေးမြို့။ | ၅,၀၀၀ |
| ၃၆။ | ဦးကိုကိုဝင်း အားရည်စူး၍၊ ဒေါ်တာတာစန်း မိသားစု၊ မန္တလေးမြို့။ | ၅,၀၀၀ |
| ၃၇။ | ဦးကိုကိုအေး + ဒေါ်အမာတင် သမီး မစောမွန်အေး မန္တလေးမြို့၊ ဖုန်း-၀၂ ၇၂၈၇၀။ | ၅,၀၀၀ |
| ၃၈။ | ဦးစံသိန်း (မြန်မာ့ကြံလုပ်ငန်း) + ဒေါ်သန်းသန်းနု ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၅၈၀၉၉၅။ | ၅,၀၀၀ |
| ၃၉။ | ဦးထွန်းထွန်း (ယန္တရား၊ တောင်) +ဆရာမ ဒေါ်ခင်စုစု မိသားစု၊ ရန်ကုန်မြို့။ | ၃,၀၀၀ |
| ၄၀။ | ဦးမြထွန်း + ဒေါ်တင်အေး (တောင်ကြီးမြို့) နှင့် အကိုကြီး ဗိုလ်ချုပ်တင်ထွန်း (စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး) အား ဦးထိပ်ထား၍၊ ဆရာမကြီး ဒေါ်ငွေငွေ (ခ) ဒေါ်တင်မြငွေ (တွဲဖက်ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်)၊ ရန်ကုန်မြို့။ | ၃,၀၀၀ |
| ၄၁။ | ဦးဝင်းစိုး + ဒေါ်ရီရီမြင့် သား- ကျော်ကျော်ထွန်း၊ ရဲရင့်ထွန်း မိသားစု၊ မန္တလေးမြို့။ | ၃,၀၀၀ |
| ၄၂။ | မိဘများအား ဦးထိပ်ထား၍ ဆရာမဒေါ်မိမိရွှေ သမိုင်းဌာန၊ မန္တလေးမြို့။ | ၃,၀၀၀ |

| | | |
|---|---|---|
| ၄၃။ | ဦးကြည်ဝင်း + ဒေါ်ရီရီအေး သားသမီး မြေးတစ်စု၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ |
| ၄၄။ | ဦးကျုံကင်ရှော့ + ဒေါ်အောင်ပိုးလျှံ သားသမီး မြေးတစ်စု၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ |
| ၄၅။ | ဒေါ်ရင်ကြည် မိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၄၆။ | ဒေါ်ငြိမ်းမြ မိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၄၇။ | ဒေါ်ရွှေ မိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၄၈။ | ဒေါ်ကြည်ကြည်ခင် မိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၄၉။ | ဦးလွန်းစိန် + ဒေါ်လီလီမြင့် မိသားစု၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၅၀။ | ဦးထွန်းဖေ + ဒေါ်ညွန့်ညွန့် (နိုင်မိသားစု)၊ ရန်ကုန်မြို့။ | ၁၀,၀၀၀ |
| ၅၁။ | ဒေါ်ကြည်ကြည်သန်း မိသားစု၊ ရန်ကုန်မြို့။ | ၅,၀၀၀ |
| ၅၂။ | ဦးကျော်မင်း + ဒေါ်မူမူထွေး သားသမီး မြေးတစ်စု၊ ရန်ကုန်မြို့။ | ၅,၀၀၀ |
| ၅၃။ | ဦးကံ + ဒေါ်စန်းမြင့် သမီး-မဆွေဆွေ ပညာရေးတက္ကသိုလ်၊ မန္တလေးမြို့။ | ၅,၀၀၀ |

# နယားဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် သက်တော်ရှည် ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်မြတ်

## တစ်ဘဝသာသနာ ၏ မြတ်ကျမ်းစာ



ကျွန်ုပ်သည် - ကုန်းနေသတ္တဝါတို့၏အသား၊ ရေနေသတ္တဝါတို့၏အသား၊ ကောင်းကင်နေ သတ္တဝါတို့၏အသား၊ တွင်းအောင်းနေသတ္တဝါတို့၏အသားများကို မစားသုံးပါ။ ဤသစ္စာစကားမှန်ကန်ပါကဖြစ်လေရာဘဝ တိုင်း၌-မြေကြီးထု နှင့် တူသော၊ သမုဒ္ဒရာရေလှိုင်းနှင့်တူသော များပြားလှသည့်ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်ပညာ၊ ဝီရိယတို့နှင့်ပြည့်စုံ၍ မဂ်ဉာဏ်.ဖိုလ်ဉာဏ် ၊ နိဗ္ဗာန်ကို လျင်လျင်မြန်မြန် ရ.ရပါလို၏။

ရန်ကုန်မြို့၌ အဖ ဦးထွန်းအောင်(မျက်ခမ်းစပ်ရောဂါကုလက်ထောက်)၊အမိ ဒေါ်တင်တင်အေး (ခ)ဒေါ်စန်းစန်းမြင့်ငွေ (ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်-ငြိမ်း) တို့မှ ၁၉၆၄ ခုနှစ် ၊ မေလ(၅)ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ မွေးချင်းငါးဦးအနက် ဒုတိယမြောက်သားရတနာတစ်ဦး ဖြစ်သည်။ ညီ အစ်ကို မောင်နှမများမှာ အစ်ကို ဦးအောင်ကြီး(B.Ag) ၊ ညီ ဦးမြင့်မြတ်အောင် (B.E, Mech,M.O.T 2nd Class Part(A), 2nd Engineer,R.C.L, Singapore) ၊ ညီမများဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (Little Paris Speaking Classes) + ဒေါ်အောင်မြင့်နွယ်(B.Sc,Chem:) နှင့် ဒေါ်တင်စန်းအောင်(ခ)ဒေါ်အေးအေးမိုး (B.Sc,Bot:) တို့ အသီးသီး ဖြစ်ကြသည်။

ငယ်စဉ်က မန္တလေးမြို့ ၊ အမှတ်(၁၆)အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် အခြေခံပညာအဆင့်မြင့်တန်းကို လည်းကောင်း၊ ၁၉၈၂ ခုနှစ် နှင့် ၁၉၈၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ)၌ သိပ္ပံဇီဝဘာသာတွဲဖြင့် ဒေသကောလိပ်ကို လည်းကောင်း အောင်မြင်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၈၇ ခုနှစ်တွင် သင်ယူရသည့်ဘာသာကိုးဘာသာရှိသည့်အနက် ရှစ်ဘာသာဂုဏ်ထူးဖြင့် ပထမအဆင့် ထူးချွန်စွာ အထူးအောင်မြင် ရရှိခဲ့ပေသည်။

ဘွဲ့ရပြီး ရန်ကုန်မြို့ မြန်မာ-ဂျာမန် သီးနှံပိုးမွှားရောဂါ ကာကွယ်ရေးစီမံကိန်း တမာသုတေသနဌာန၌ သုတေသနလက်ထောက်အဖြစ် ၁၉၈၈ ခု ၊ နှစ်ကုန်ပိုင်းထိ လည်းကောင်း ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်တော်ကလေး ပန်းဥယျာဉ်၏ ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် စခန်းတာဝန်ခံအဖြစ် ၁၉၉၁ ခုနှစ်ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် မှ ၁၉၉၄ ခုနှစ် ထိ ပြည်ပနိုင်ငံများသို့ သွားရောက်၍ သာသနာ့အကျိုးဆောင်ရွက်ရင်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။ မြန်မာပြည်သို့ ပြန်ရောက်သော် Green Group Co-op Ltd တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ယနေ့အထိ တာဝန်ယူထားဆဲဖြစ်ပါသည်။ အမည်ရင်းမှာ ဦးအောင်မြင့်ထွန်းပင်ဖြစ်သည်။ မိဘနှစ်ပါးမှာအမြဲတမ်းသားသတ်လွတ်ဘေးမဲ့စားသူဖြစ်၍ ပဋိသန္ဓေဘဝတည်းကပင် သားသတ်လွတ် သန္ဓေဖြစ်နေပေသည်။ မည်သို့ပင်ဖြစ်စေကာမူ မွေးစကပင် ယခုထိ သားသတ်လွတ်စာဖြင့်သာ တင်းတိမ်ရောင့်ရဲသူဖြစ်သည်။

ဤစာအုပ်သည် စာရေးသူ၏ စစ်မှန်သော စေတနာ၊မေတ္တာ၊သဒ္ဓါဖြင့် ပြုစုရေးသားထားခြင်းဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓ သာသနာ့ အကျိုးပြု စာပေများကိုသာ ပြုစုရေးသားလေ့ ရှိပါသည်။ ယခုအမှတ်(၁၀၀)၊အခန်း(၉)၊ပထမထပ်၊နန္ဒဝန်လမ်း၊ဗဟန်း၊ရန်ကုန်မြို့၊စာပို့သင်္ကေတ(၁၁၂၀၁)

၀၉ ၈၅၅-၀၈၁၉ တွင် နေထိုင်လျက် ရှိပါသည်။

